# ဝိနယ[illegible]ကျမ်း

([illegible])

၄၀၅၉

၁၀ရိယ
အရှင် ကောသရမထေရ် ၏

# ဝိနယ
# ဉာဏ်ရောင်ကျမ်း

ဝိနယဘာသာ
ငယ်, လတ်, ကြီး, ကျော် အတွက်
အထူးတာဝန်ယူသည်
(ဂဏ္ဌိကျမ်းစာ)

ပညာရောင်ခြည်

(မူပိုင်)
မခင်ပု—မခင်နု

---

ဇမ္ဗူသာသယ ပိဋကတ် ပုံနှိပ်တိုက်၊
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့၊

# အချီး-ပလ္လင်

ဤဝိနယညာဏ်ရောင် ကျမ်းကစောင်ကား အဘိဓမ္မာညာဏ်ရောင်, သဒ္ဒါညာဏ်ရောင်ကျမ်းများကဲ့သို့ ပဋ္ဌမပြန် ဝါသနာရှင်တို့အတွက် ဝေဝေ ဆာဆာနှင့် ဆင်ပြင်၍ ရေရေရာရာပင် ပေါ်လာပြန်ပါပြီ၊ ဝိနယဘာသာအတွက် ခက်စု ခက်ရပ်များကို တသတ်စီ တသတ်စီ ကူညီ ရှင်းလင်းပေးပေမည့် ကျမ်းတစောင် ဖြစ်၍လည်းပဋ္ဌမပြန် စာသင်သားများ အတို့ မချိုသော ဆုလာဘ်ဖြင့်သူ့ရပ် ရွာရှင်ပျော်၍ ထင်ပေါ်စေပါလိမ့်မည်။

ဝိနယ ညာဏ်ရောင်ကျမ်းကား ကဒ်ါ အဋ္ဌကထာကို နောက်ခံထား၍ ပေါ်လာလေရာ ရှိနှင့်ပြီး ဝိနည်းမေးဖြေ ကျမ်းစာများ၏ အဆင့်အတန်းကိုမှီပါ့မလားဟု ပဋ္ဌမပြန် ဝါသနာရှင်တို့စိတ်တွင် ယုံမှားရှိကောင်း ရှိပါလိမ့်မည်။ ကျွန်ုပ် ယူဆသည်မှာ- ဝိနယ ညာဏ်ရောင်ကျမ်းသည် ရှိနှင့်ပြီး ဝိနည်းမေးဖြေ ကျမ်းစာများနှင့် အဓိပ္ပါယ် အယူအဆအားဖြင့် တူညီသည်ဖြစ်စေ သို့မဟုတ် ယုတ် လျော့သည်ဖြစ်စေ အပြစ်မဆိုထိုက်ပါ၊အရေးအကြီးဆုံး မှာ ပဋ္ဌမပြန်ပုစ္ဆာ၏ အရည်အချင်းကို မှီအောင် ထုတ် နိုင်ကာ ခန့်မှန်းပုစ္ဆာ မြောက်များစွာ ပါဝင်စေမှုပင်ဖြစ် ၏။ ပဋ္ဌမပြန်မေးခွန်းထုတ်ဌာနမှ ထုတ်လိုက်သောပုစ္ဆာ သည် အများအားဖြင့် ဤဝိနယညာဏ်ရောင်ကျမ်း၏ ခန့်

မှန်းပုစ္ဆာများနှင့် သဘော အခြေအနေ တူညီပါလျှင် စာမေးပွဲဝင် ပါသနာရှင်တို့အတွက် ဤကျမ်းကို ကြည့်ရှုရကျိုး နပ်လောက်ပေပြီဟု ယူဆပါသည်။

စာပြုဆရာတို့မှာ ပါသနာတမျိုးစီရှိကြ၏၊ ဆိုလိုသော အဓိပ္ပါယ် တူညီပေမင့် စာနု စာယဉ် ကြိုက်နှစ်သက်သူတို့ကား စာနုစာယဉ်ဖြင့် ဖွဲ့ဆို၏။ စကားလုံးပြောင်ပြောင်နှင့် ကဗျာဆန်ဆန် ကြိုက်နှစ်သက် သူတို့ကား-စကားလုံး ပြောင်ပြောင်နှင့် ကဗျာဆန်ဆန် ဖွဲ့ဆို၏။ စာရှုသူတို့မှာလည်း ဝါသနာတမျိုးစီရှိကြ၏၊ စာနုစာယဉ် ကြိုက်ပုဂ္ဂိုလ်တို့ကား- အနုအယဉ် စာပေကို, စကားလုံး ပြောင်ပြောင်နှင့် ကဗျာဆန်ကြိုက်သူတို့ကား- စကားလုံး ပြောင်ပြောင်နှင့် ကဗျာဆန်သော စာပေကို, ကြည့်ရှုလေ့လာကြသည်။ အာတုသ္မ နမှုနာတင်ကြသည်။ သို့အတွက် ဤဝိနယညာဏ်ရောင်ကျမ်းသည် စာရှုသူတို့၏ ဝါသနာအလျောက်ကြေနပ်လောက်သော ကျမ်းကောင်း တစောင်ပင် ဖြစ်ပေ၏။

**ထူးခြားချက်**

ဤဝိနယညာဏ်ရောင်ကျမ်းမှာ အခြား မေးဖြေကျမ်းစာများနှင့်မတူသော ထူးခြားချက်များပါရှိ၏၊ အမေးအဖြေပြုလုပ်ရာတွင် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် မရှင်းလင်း နိုင်ခဲ့သည့် အရာများကို နောက်ဆက်တွဲအသွာဖြင့် သာသာပိုပို ရှင်းလင်းထားပေသည်၊ ဆရာ

တော်ကြီး အသီးသီးတို့၏ ဝိနည်းဖြတ်ထုံးများကိုလည်း ဆောင်ပုဒ် လက်ာကလေးများဖြင့် သီးခြား ထည့်သွင်း လိုက်ပေသေးသည်၊

**အနှစ်အသား-အများပါသည်**

ဤဝိနယညာဏ်ရောင် ကျမ်းတခုလုံးကို သေချာ ချ ကြည့်လိုက်ပါလျှင် အမေးအဖြေ ကျမ်းဖြစ်၍ စာပြန်ပွဲ အရှင်ဘို့မှာ ဝိနည်းဘာသာအတွက် အထောက်အပံ့ ကောင်းကောင်းရခြင်း၊ ရှေးဆရာတော်ကြီး အသီးသီး တို့၏ ဝိနည်းဖြတ်ထုံးများ ပါဝင်နေသဖြင့် ဝိနိစ္ဆယ ကျမ်းဘစောင်ကဲ့သို့ ဖြစ်ခြင်း၊ ခက်ဆစ် ခက်ဖု အစုစု တို့ကို တခုမကြွင်း ရှင်းလင်းထား၍ ဆသိဉာဏ်ဖြစ်ပေါ် လွယ်စေခြင်းဟူသော အနှစ်အသားအများ ပါဝင်လျက် ရှိပေသည်။

ကျမ်းပြုဆရာတို့မည်သည်မှာ မိမိတို့ ရေးသားသော ကျမ်းစာနှင့် ဆက်စပ်သမျှ အရာအားလုံးကို ပေါ်ပြဲရမြဲ ဓမ္မဘာဖြစ်ရာ စာရှုသူ ကိုက ကြိုက်ရာကိုရွေးနှုတ်၍ မှတ် သား သုံးစွဲရန်ပင် ဖြစ်ပေသည်။ ထမင်းစားပွဲတခုတွင် ဟင်းလျာ များစွာပါရှိလာရာ မိမိတို့ကြိုက်နှစ်သက်ရာ ဟင်းလျာကို သုံးဆောင်ရန်ပင် ဖြစ်သကဲ့သို့ ပေတည်း။

အမေးအဖြေ ကျမ်းတို့ကား— ယခုခေတ်မှ သီးခြား ပေါ်လာသည့် ကျမ်းစာများ မဟုတ်ကြ၊ ဗုဒ္ဓရှင်တော်၏

လက်ထက်တော်ကပင် နတ်သားများက မေးလျှောက်၍ ဗုဒ္ဓကိုယ်တော်တိုင် ဖြေဆိုသောအရာ, သာဝကများက မေးလျှောက်၍ ဖြေဆိုသောအရာ, သာဝကအချင်းချင်း ဖြေရှင်းသောအရာဟု များစွာရှိလေသည်။

၎င်းပြင် ဗုဒ္ဓနှစ် ၅၀၀-လောက်မှာ ဖွါးမြင် ပေါ်ပေါက်လာသော သာကလမြို့မှာ ကျောင်းတော်ဆောက်လုပ် လှူဒါန်းသည့် မိလိန္ဒ မင်းကြီးနှင့် အိန္ဒိယပြည်အတွင်း ဟိမဝန္တာ တောင်အနီး ကဇင်္ဂလ မည်သော ပုဏ္ဏားရွာတွင်(ဤရွာသည် ယခုအခါ ကသ္မီရနယ်အတွင်းမှာ ရှိသင့်သည်၊ အချို့က မဇ္ဈိမအပိုင်းအခြား နိမိတ်ဖြစ်သော ကဇင်္ဂလနိဂုံးပင်ဖြစ်သည်ဟု ဆိုကြ၏။သုတေသနပြုကြပါလေ) မွေးဖွါးသော အရှင်နာဂသေနထေရ်တို့၏ ကမ္ဘာကျော် မိလိန္ဒပဉှာ အမေးအဖြေ ကျမ်းကြီးလည်း ရှိပေသေးသည်။

ဤကဲ့သို့သော အမေးအဖြေ ကျမ်းများကို နောက်နှောင်းပညာရှင်တို့က သုတေသီ ပုဂ္ဂိုလ်တို့၏ ပြဿနာများကို တိုက်ရိုက်လာသည့်နေရာမှာ တိုက်ရိုက်ယူ ဖြေရှင်း၍ တိုက်ရိုက်မလာရာမှာ အတုယူဖြေရှင်းနိုင်ခဲ့လေသည်။ နောက်ပိုင်း သာသနာဝင် ပုဂ္ဂိုလ်တို့အား အထူးကျေးဇူးများသော ကျမ်းများပင် ဖြစ်ပေသည်။

မေးရာ ဖြေရာမှာ အချက်ထိ၍ အကွက်မိဘို့ အရေးကြီးရကား မေးကွက် ဖြေကွက်ကို အမြဲတစေလေ့လာ

သုံးသပ်နေသူမှသာလျှင် မေးကွက် ဖြေကွက်ကို ပိုင်နိုင်လေသည်။ စာချအကျော် ဆရာတော်ကြီးတဆူပင်ဖြစ်စေ လေ့လာသုံးသပ်မှု မရှိပါက သွက်လက် လျင်မြန်အဖြေမှန်ကျအောင် ဖြေကြားနိုင်မည် မဟုတ်ပါ၊ ထို့အတွက် ဤဝိနယညာဏ်ရောင်ကျမ်းသည် စာပေရှင်တို့အား ဝိနယဓရခေါ် ဝိနည်းမိုရ် ဆရာတော်ကြီးတဆူ ဖြစ်အောင် မစွမ်းဆောင်စေနိုင်ကာမူ ဝိနည်းဘာသာမေးခွန်းလွှာကို ကောင်းစွာဖြေရှင်း၍ ငယ်, လတ်, ကြီး ကျော်အောင် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်သည့်တိုင်အောင် ဆောင်ရွက်နိုင်သောကျမ်းတစောင်ဖြစ်သည်ကိုကားငြင်းနိုင်ကြမည် မဟုတ်ရကား စာမေးပွဲဝင်အရှင်တိုင်း လက်စွဲပြုသင့်သော ကျမ်းစာတစောင် ဖြစ်ကြောင်း ကောင်းမွန်စွာ ပေါ်ပြအပ်ပါသတည်း။

(ဓမ္မာစရိယ) ဦးထွန်းသိန်း

ရဋ္ဌာသယ၊

# ကျွန်ုပ်အမြင်မှာ

**ယခုခေတ်အနေ** ခေတ်သည် ရှေ့သို့သာပြေးလျက်ရှိပါ၏၊ ခေတ်၏ရှေ့ပြေးမှုသို့ လိုက်နိုင်အောင် လိုက်ကြသူတို့မှာသာ ခေတ်တွင်ပေါ်လွင်၍ ဂုဏ်ကြီးရှင်များဟု အများ၏ အသိအမှတ်ပြုခြင်းကို ခံကြရပေသည်၊ ခေတ်ရှေ့သို့ ပြေးနေသည်ကို မှီအောင် လိုက်ရန် အားမသန်ဘဲ နောက်သို့ပြန်လှည့်ရန်သာ အားခဲနေကြသော သူတို့မှာမူ ဤခေတ်-ဤအခါတွင် ပေါ်လွင်ရန် ဝေးစွ,ဤဘဝကာ တလျှောက်မှာတော့ မဖြစ်စလောက်သောသူအဖြစ်ဖြင့်သာ ဘဝမှာအဆုံးသတ်၍ ပြည်ဖုံးကားချပ်ကြီးကိုပိတ်ခါ တကဏ္ဍ ရပ်လိုက်ရမည်မှာ ယခုခေတ်ရဲ့အနေပင်ဖြစ်ပါတော့သည်။

**ခေတ်ရဲ့ရှေ့ပြေးမှု** ကမ္ဘာတွင် ခေတ်ရဲ့အနေအထားသည် ရှေးကနှင့်မတူတော့ပါချေ၊စီးပွါးရေး ပညာရေး, လူမှု ဆက်ဆံရေးကအစ, အရာရာမှာ ပြုပြင်ပြောင်းလဲမှုဖြင့်သာ အနိုင်ယူလျက်ရှိနေကြပါ၏၊ ပြုပြင်ပြောင်းလဲခြင်းဖြင့်လည်း ကမ္ဘာတွင် သရဖူဆောင်း၍ ထိပ်ခေါင်တင် နိုင်ငံကြီးများ အဖြစ်ကိုသာ ခံယူလျက်ရှိကြပါချေသည်၊ ထို့ကြောင့်လျှင် ပြုပြင်မှုသို့မဟုတ် - ခေတ်ရဲ့ ရှေ့ပြေးမှုကိုပင် မမုန်းနိုင်ကြဘဲ ပန်းနှင်းဆီအလား အရေးထားလျက်ရှိကြသည်ကို ခေတ်

ကို လေ့လာသူတိုင်း သတိမူပြီးသားဖြစ်ပါချေတော့မည်၊ အတိုးတက်ဆုံးဖြစ်သော လေယာဉ်ပျံခေတ်မှ , ယနေ့ အနုမြူခေတ်,ဂြိုဟ်တုခေတ်စသည်များသည် ခေတ်၏ရှေ့ ပြေးနေရာမှ တိုးတက်လာမှု,များစွာပင်မဟုတ်ပါလား။

များ လိုမလိုက်က အကြိုက် မရ

ဤသို့ပင်လျှင် ကမ္ဘာတခုလုံးတွင် ပြုပြင်ပြောင်းလဲမှုကိုအသားပေး၍ တိုးတက် မှုကို အရယူနိုင်သော လင်းရောင်ခြည်သည် မြန်မာပြည်အပါအဝင် တိုင်းပြည် ငယ်များတိုင်းသို့ ရိုက်ခပ်လာရာမှ လွတ်လပ်ရေးအောင် ပန်းကိုးဆွတ်လှမ်းနိုင်ခဲ့ကြချေပေသည်။ ပညာရေး, စီး ပွါးရေမှစ၍ပြုပြင်ရန်ရှိသမျှကိုလည်း ပြုပြင်လျက်ဓေးက နှင့် မတူဘဲ တမူထူးခြားစေကာ ခေတ်ရှေ့ သို့ သာ ပြေးလျက်ရှိကြလေပါတော့သည်၊ကျွန်ုပ်တို့မြန်မာပြည်၏ ခေတ်ရှေ့ရောက်ရာမှ တိုးတက်လာသော အစိတ်အပိုင်း သည် အံ့မခန်းမဟုတ်ပါလား?ပညာရေးအရပင် ရန်ကုန် တက္ကသိုလ်, မန္တလေးတက္ကသိုလ်ဟူသော မဟာဒိုင်ပညာ ရေး ဗိမာန်ကြီး ၂-ခုတို့ဖြင့် ဝင့်ြွနိုင်ခဲ့ပါ၏၊ မကွေး , ပုသိမ်, ကျောက်ဖြူ ဟူသော ဥပစာကောလိပ်-တံဆိပ် များကိုလည်း ခပ်နှိပ်နိုင်ခဲ့သေးပါ၏၊ ခေတ်နောက်သို့ ပြန်ဆွဲနေသော ချိန်အခါတွင် ဤသည့် ဖြစ်စရာများသည် အိပ်မက်မှာပင် မတွေးထင်ကောင်းသလောက် ဖြစ်ချေ ပါမည်၊ သာသနာရေးတွင်မူကား-ပါဠိတက္ကသိုလ် ထူ

ထောင်ပေးနိုင်ခြင်း, ဓမ္မာစရိယအက်ဥပဒေ , ဝိနိစ္ဆယ ဌာနအက်ဥပဒေစသည့်အလီလီတို့မှာလည်း ခေတ်ရှေ့သို့ ရောက်အောင် အပြေးသန်ရာမှ အဖြွက်မျှသော အာနိသံသတ်ိုသာ ဖြစ်ချေပါသည်၊ ခေတ်နောက်သို့သာ ဆွဲ၍ အများထဲဝင် မပါဝင်ဘဲ နေချေပါက-**မျှားဆို မလိုက် သမြင် အကြိုက်ခံရ** ဖြစ်ရမည်မှာ ထင်ရှားလှပါတော့ပြီ။

**အပြုံးဆေးကောင်းများ ပမာ**

ချည်းနင်း ဝင်ရောက်လာသော **ခေတ်ရှေ့ အရောက် ပြေးမှု**သည် သာသနာ့ မြေပြင်တွင် တစ, တစ ပြန့်နှံ့လာခဲ့ပါတော့၏၊ ပါဠိတက္ကသိုလ် ဟူသော ဂုဏ်ရောင်နှင့်လိုက်အောင် စာမေးပွဲ မြေဘောင်တွင် အခေါင်ပန်းကို ဆင်မြန်းသောပုဂ္ဂိုလ်တို့မှာလည်း ရှေးခေတ်ထက် ပိုမိုများပြားလာပါတော့၏။

ထိုသို့ဖြစ်ရခြင်းမှာ- နောက်ဆွဲနေသော စာပေပို့ချမှု, ကျမ်းဂန်ရေးသားမှု, ရှေ့ခေတ် အနေအထားအားလုံးကို သာသနာတွင်းမှ ခေတ်ရဟန်းတော်များ အတတ်နိုင်ဆုံး ပြုပြင်လာသောကြောင့်ပင်ဖြစ်ပေတော့သည်၊ ရှေ့ခေတ် စာပေပို့ချမှု အဆင့်သည် ယနေ့အခြေတွင် မြော်မြင် သလောက် အကျိုး မရောက်တော့သည်ကို သိသလို, စာပေရေးသားမှုမှာလည်း ဤသို့ပင် နားလည်လာကြပါလေပြီ၊ ထို့ကြောင့်ပင်- သာသနာအတွင်းမှာ သာသနာ့ စာပေများကို ခေတ်နှင့်လျော်သော ခေတ်၏ရှေ့ ပြေးနေ

သောစာပေများအဖြစ် ထုတ်ဝေကြသည်မှာ ပလူပျံသလို ထိုထိုဘာသာရပ်များအတွက်ဖြစ်ပါချေသည်၊ ထွက်ထွက်လာသမျှ ခေတ်နဲ့လျော်သောစာပေတို့မှာလည်း ခေတ်ကို အရေးထားသည့် ခေတ်စာသဘင်ဝင် ရဟန်း,ရှင်များ အတို့မမုန်းနိုင်တဲ့ အပြုံးဆေးများပမာရပ်တည်နေနိုင်ကြလေပါပြီ။

ဤအရှင်မြတ် တပါး

ခေတ်နှင့် လျော်အောင် စာသင် သားတို့၏ နှလုံးအိမ် ကို ပြုံးလွှင် စေသည့် ကျမ်းပြု အရှင်များထဲမှာ ဤ-ကျွန်ုပ်၏ ဆွေဘပါးလည်း ပါဝင်ပေ၏၊ သူကား-သဒ္ဒါ, သင်္ဂြိုဟ် ကျမ်းစာများကို ဉာဏ်ရောင် ဟူသော သညာပေးကာ အမွှမ်းတင် ရေးသားခဲ့သော အရှင်ကေသရမောဠိ ပင် ဖြစ်ပါ၏၊ သူ့ရဲ့လက်ရာ ကျမ်းစာများမှာတော့ ခေတ်ကို အသားပေးရေးထားသဖြင့် ခေတ်နှင့် အလွန်လျော်နေရာ ခေတ်စာမေးပွဲအနေအထားနှင့်လည်း တသားထည်း ကျလှသဖြင့် ယနေ့တိုင် စာမေးပွဲဂနိုင်ကြီးကိုတော့ မော့ကာကြော့ကာဖြင့် ဖြေရှင်းလျက် ဝင့်နေချေပါပြီ၊ သူ့ရဲ့လက်ရာများ ဆင့်ကာ ဆင့်ကာပေါ်ထွက်လာရေးကိုသာ တတမ်းတဘတွေး, တမှန်းဆဆငေးလျက် မျှော်တွေး၍ ငေးနေကြသည်မှာလည်း ခေတ်နဲ့မဝေးဘဲ ခေတ် စာမေးပွဲကို အရေးပေးနေတဲ့ အရှင်မြတ်တိုင်း၏ နှလုံးသားမှ တောင့်တခြင်းများပင် ဖြစ်ပါလိမ့်မည်။

(ည) ကျွန်ုပ် အမြင်

ကျွန်ုပ်မြင်သမျှမှာ ပေါ်လာအရေးကို မျှော်ကာသာ ပေးနေကြသည့်စာသင်ဆွေ အရှင်မြတ်များ၏ လိုအင်ဆန္ဒကိုကား ကျွန်ုပ်၏ဆွေအရှင်တပါးကတော့ မပယ်အားသာခဲ့ပါ၊ လျစ်လျူရှု မမှုစရာ ဟူ၍လည်း သဘောမထားနိုင်ခဲ့ပါချေပြီ၊ ရေးပြီးသမျှ ကျမ်းစာထက် ကလောင်ကမြက်မြက် ဉာဏ်စွမ်းတွေ ရှိသမျှကို အသုံးပြုလျက် ဝိနယဘာသာအတွက် ဝိနယဉာဏ်ဆောင် ဟူသော ဂုဏ်ပြောင်သည့် လက်ရာကောင်း ကျမ်းတစောင်ကို ပြည်မြန်ဘောင်တွင် တင်ဆောင်လိုက်ရှာပေပြီ၊ သူ့ရဲ့-ဤသည့် ကျမ်းစာကိုကား ကျွန်ုပ်သည် အခွင့်အားလျော်စွာ အစမှအဆုံးတိုင် ပြုလည်း ပြုမြင်, ရှုလည်း ရှုမြင်ခဲ့ရပါ၏၊ ပြုခဲ့ရ,ရှုခဲ့ရသမျှမှာ ဤသည့် ဉာဏ်ရောင်ဆွေအရှင်သည် သာသနာ့ဝင်တွင် စာတင်လောက်စရာ ကျမ်းကောင်း တစောင်ကို ခေတ်နဲ့ လျော်အောင် ရေးစွမ်းဆောင်နိုင်ဘိသည်ဟု ရည်ရော်ဝမ်းမြောက်လျက် ကျမ်းပြုဆွေ ဉာဏ်စွမ်းအား ဂုဏ်တင်ခယ ,မိခြင်းပင် ဖြစ်ပါသတည်း။

အရှင် ခေမာပိယ ဘိဝံသ(မဟာစရိယ)

လျှပ်စစ်ကဒ်ါကျမ်းပြု

၁၂-၉-၅၉။

# ပဏာမ

သိက္ခာပေတိစ အာဏာယ၊
ဒေသနာယ ဝိမောစိတုံ။
သံသာရမှာ နရေ ပါပေ၊
ဥယျောဇေတိ ဝိသောဓိတုံ၊

ယော၊ အကြင် မြတ်စွာဘုရားသည်။ အာဏာယ ဒေသနာယ၊ အများသတ္တဝါ မပြတ်ညှာလျက် ဝင့်လွှာ ကင်းစိမ့် အပြင်းလှိမ့်သည့် အမိန့်ရွှေဗျာ ဒေသနာတော်ဖြင့်။ သံသာရမှာ၊ ခန္ဓာငါးရပ် ခြားမပြတ်သည့် ပွါးဂါတ်ရှည်ကြာ သံသရာမှ၊ ဝိမောစိတုံ၊ မဂ္ဂင်ဖေါင်ကြီး ငြိမ့်ငြိမ့်စီး၍ အပြီးလွှတ်မြောက် ပါစေခြင်းငှါ။ နရေ၊ သာသနာဝန် အားသွန်ထမ်းပျော် ရဟန်းတော်တို့ကို။ သိက္ခာပေတိစ၊ လဇ္ဇီသူချွန် မူတံခွန်သို့ ဖြူမွန်ဆင့်ပြေအောင် ကျင့်လည်း ကျင့်စေတော်မူပါပေ၏။ ပါပေစ၊ အကြောင်းပြုဆိုး မကောင်းမှုမျိုးတို့ကိုလည်း။ ဝိသောဓိတုံ၊ မြစ်ရင်းငုတ်စင် အပြုတ်ထွင်၍ သုတ်သင်ရှင်းလင်းစေခြင်းငှါ။ ဥယျောဇေတိစ၊ ကြောင်းကျိုး ညှိပြတိကျ ပိုဒ်ညွှန်း၍ တိုက်တွန်းလည်း တိုက်တွန်းတော်မူပါပေ၏။

တဿန္နမော သဿံသာသ,
ကာတုန သုတဝဍုန်။
သောတူနံ ဝိနယေ ညာဏ,
ပဘက်ရံ ကရောမဟံ။

အဟံ၊ အကျွန်ုပ်သည်။ သဿံသာသ၊ သုပ္ပဒိပန္နစသည်
ဂုဏ်ပေါ် သံသာတော် မြတ်နှင့် တကွ ဖြစ်သော။
တဿ၊ ထိုမြတ်စွာဘုရားအား။ နမောကာတုန၊ ကြည်
ဖြောင့်စေတနာ ဝေဝေဖြာလျက် သဒ္ဓါရည်ဖူးရှိခိုးဦး၍။
သောတူနံ၊ စာသဘင် အောင်ပန်း ခေါင်တန်းကကို
ဆင်မြန်းလိုသောစာသင်သားတို့အား။ သုတဝဍုနံ၊ သုတ
မင်္ဂလာ ပွါးရာပွါးကြောင်းဖြစ်သော။ ညာဏပဘက်ရံ၊
ဝိနယညာဏ်ရောင် မြန်ဘောင်ထွန်းလစ် ဤကျမ်းသစ်ကို။
ကရောမိ၊ ဝိနည်းဘာသာ ခန့်မှန်းလွှာဖြင့် ဖော်ညွှာပွင့်ဝေ
ပြုပေအံ့သတည်း။

# ဝိနယ ဉာဏ်ရောင်ကျမ်း

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## နိဒါနုဒ္ဒေသ

အဘယ့်ကြောင့် ပါတိမောက် မည်ပါသနည်း ဖြေဆို၍ ယင်းပါတိမောက်အပြားကိုလည်း ရေးခဲ့ပါ။

သီလစောင့်သောသူကို အပါယ်စသော ဆင်းရဲတို့မှ၎င်း မိမိကိုယ်စွပ်စွဲခြင်း အစရှိကုန်သော ဘေးတို့မှ၎င်း လွတ်စေတတ်သောကြောင့် ပါတိမောက်ဟုခေါ်ပါသည် ယင်းပါတိမောက်သည် အာဏာပါတိမောက်, ဩဝါဒပါတိမောက်ဟူ၍ နှစ်မျိုးရှိပါသည်။

သီလံ ယော နံ ပါတိရက္ခတိ တံ မောက္ခေတိ
မောစယတိ အာပါယိကာဒီဟိ ဒုက္ခေဟိ အတ္တာ
နုဝါဒါဒီဟိ ဝါ ဘယေဟီတိ ပါတိမောက္ခံ။

ဋီကာသယ ၂၄၄-၁

သော၊ အကြင်သူသည်။ နံ၊ ထိုသီလကို။ ပါတိ-ရက္ခတိ၊ စောင့်ရှောက်တတ်၏။ တံ၊ ထိုသီလကိုစောင့်ရှောက်တတ်သောသူကို၊ အာပါယိကာဒီဟိ၊ အပါယ်အစရှိသည်တို့၌ ဖြစ်ကုန်သော။ ဒုက္ခေဟိစ၊ တို့မှလည်း။ အတ္တာနုဝါဒါဒီဟိ၊ မိမိကိုယ်ကို စွပ်စွဲခြင်းအစရှိကုန်သော။ ဘယေဟိစ၊ တို့မှလည်း။ မောက္ခေတိ-မောစယတိ၊ လွတ်စေတတ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ပါတိမောက္ခံ၊ မည်၏။

**အာဏာပါတိမောက်ကို သရုပ အားဖြင့်၎င်း ဂန္ထအားဖြင့်၎င်း ပြားပုံကို ရေးခဲ့ပါ။**

သရုပအားဖြင့် သီလပါတိမောက် ဂန္ထပါတိမောက် အားဖြင့် နှစ်ပါးရှိပါသည်။ ဂန္ထအားဖြင့် ဘိက္ခုပါတိမောက် ဘိက္ခုနီပါတိမောက်အားဖြင့် နှစ်ပါးရှိပါသည်။

တတ္ထ ယံ ဝုတ္တံ သီလပါတိမောက္ခသံဝရ ယုတ္တောတိ-ဂန္ထပါတိမောက္ခသံဝရ။တံပနေတံ ဂန္ထပါတိမောက္ခံ ဘိက္ခုပါတိမောက္ခံ ဘိက္ခုနီပါတိမောက္ခံ။

တတ္ထ၊ ထိုနှစ်မျိုးတို့တွင်။ အယံဝုတ္တံ၊ ဤဆိုလတံ့သော အဋ္ဌကထာသည်။ သီလပါတိမောက္ခသံဝရ၊ အားလည်း။ ယုတ္တော၊ ၏။ ဂန္ထပါတိမောက္ခသံဝရ၊ လည်း။ ယုတ္တော၊ ၏။ တံပနေတံ-တံပန ဧတံ ဂန္ထပါတိမောက္ခံ။ သည်။ ဘိက္ခုပါတိမောက္ခံ၊ ၎င်း။ ဘိက္ခုနီပါတိမောက္ခံ၊ ၎င်း။ ဣတိ ဥဘိန္နာပဘေဒေန၊ ဤသို့သောအပြားဖြင့်၊ ဒုဝိဓံ၊ ၏။

**ဘိက္ခုပါတိမောက် ဘိက္ခုနီပါတိမောက် နှစ်ခုတို့၏ခြားနားပုံကိုရေးခဲ့ပါ။**

**သုဏာတု မေ ဘန္တေ သံဃော** အစရှိသော ငါးပါးသော ဥဒ္ဒေသတို့ဖြင့် ပိုင်းခြားမှတ်သားအပ်သော ပါတိမောက်သည် ဘိက္ခုပါတိမောက်မည်၏။

သုဏာတုမေအယျေသံဃော အစရှိသော လေးပါးသောဥဒ္ဒေသတို့ဖြင့် ပိုင်းခြားမှတ်သားအပ်သော ပါတိမောက်သည် ဘိက္ခုနီပါတိမောက်မည်၏။

တတ္ထ သုဏာတု မေ ဘန္တေ သံဃောတိအာဒိကံ ပဉ္စဟိ ဥဒ္ဒေသပရိစ္ဆေဒေဟိ ဝဝတ္ထိတံ ဘိက္ခုပါတိမောက္ခံ၊ သုဏာတု မေ အယျေ သံဃောတိ အာဒိကံ စတူဟိ ဥဒ္ဒေသပရိစ္ဆေဒေဟိ ဝဝတ္ထိတံ ဘိက္ခုနီပါတိမောက္ခံ။

တတ္ထ၊ ထိုနှစ်ပါးတို့တွင်၊ သုဏာတုမေ ဘန္တေသံဃောတိအာဒိကံ၊ အစရှိသော။ ပဉ္စဟိ ဥဒ္ဒေသပရိစ္ဆေဒေဟိ၊ ငါးပါးကုန်သော ဥဒ္ဒေသ အပိုင်းအခြားတို့ဖြင့်။ ဝဝတ္ထိတံ၊ ပိုင်းခြားမှတ်သားအပ်သော။ ပါတိမောက္ခံ၊ သည်။ ဘိက္ခုပါတိမောက္ခံ၊ မည်၏။ သုဏာ တု မေ အယျေ သံဃောတိအာဒိကံ၊ အစရှိသော။စတူဟိဥဒ္ဒေသပရိစ္ဆေဒေဟိ၊ တို့ဖြင့်။ ဝဝတ္ထိတံ၊ သော။ ပါတိမောက္ခံ၊ သည်။ ဘိက္ခုနီပါတိမောက္ခံ၊ မည်၏။

---

● ဘိက္ခုပါတိမောက် ဘိက္ခုနီ ပါတိမောက်တို့၌ ရထိုက်သော ဥဒ္ဒေသ များကို ဖေါ်ပြ၍ ဘိက္ခုနီပါတိ မောက္ခ၌ အဘယ့်ကြောင့် **အနိယတုဒ္ဒေသ** မရှိရခြင်း အကြောင်းကိုလည်း ဖြေရေးခဲ့ပါ။

ဘိက္ခုပါတိမောက်၌ နိဒါနုဒ္ဒေသ, ပါရာဇိကုဒ္ဒေသ, သံဃာဒိသေသုဒ္ဒေသ, အနိယတုဒ္ဒေသ, ဝိတ္ထာရုဒ္ဒေသ အားဖြင့် ငါးဥဒ္ဒေသ ရထိုက်ပါသည်။

ဘိက္ခုနီပါတိမောက်၌ အနိယတုဒ္ဒေသမှ ကျန်လေး ဥဒ္ဒေသကို ရထိုက်ပါသည်၊ ဘိက္ခုနီမတို့အား အနိယတ သိက္ခာပုဒ် ပညတ်ခြင်းမရှိသောကြောင့် ဘိက္ခုနီ၌ အနိယတုဒ္ဒေသမရှိပါ၊

> ဘိက္ခုပါတိမောက္ခေ ပဉ္စုဒ္ဒေသာနာမ နိဒါနုဒ္ဒေသော ပါရာဇိကုဒ္ဒေသော သံဃာဒိသေသုဒ္ဒေသော အနိယတုဒ္ဒေသော ဝိတ္ထာရုဒ္ဒေသောတိ၊ ဘိက္ခုနိပါတိမောက္ခေပန အနိယတုဒ္ဒေသော ပရိဟာယတိ။

ဘိက္ခုပါတိမောက္ခေ၊ ၌။ ပဉ္စ၊ ကုန်သော။ ဥဒ္ဒေသာနာမ၊ ဥဒ္ဒေသ် တို့မည်သည်ကား။ နိဒါနုဒ္ဒေသော၊ ၎င်း။ လ။ ဝိတ္ထာရုဒ္ဒေသော၊ ၎င်း။ ဣတိ-ဣမေ၊ ဤသည်တို့တည်း။ ဘိက္ခုနိပါတိမောက္ခေပန၊ ကား။ အနိယတုဒ္ဒေသော၊ သည်။ ပရိဟာယတိ၊ ယုတ်လျော့၏။

---

● မည်ကဲ့သို့သော အကြောင်းထူးရှိမှ သုတသဒ္ဒါဖြင့် သိမ်းနိုင်ပါသနည်း ဖြေဆို၍ နိဒါန်းကိုပြ၍ မပြီးသေးဘဲ သုတသဒ္ဒါဖြင့် သိမ်းနိုင် မသိမ်းနိုင် ကိုလည်း ရေးခဲ့ပါ။

အန္တရာယ်ဆယ်ပါးတို့တွင် တပါးပါး ပေါ်ပေါက်လာပါမှ သုတသဒ္ဒါဖြင့်သိမ်းနိုင်ပါသည် နိဒါန်းကိုပြမပြီးသေးဘဲ သုတသဒ္ဒါဖြင့်မသိမ်းနိုင်ပါ....အနည်းဆုံး နိဒါနုဒ္ဒေသကိုပြပြီးမှ သိမ်းနိုင်ခွင့်ရှိပါသည်။

> ယသ္မိံ ဝိပ္ပကတေ အန္တရာယော ဥပ္ပဇ္ဇတိ တေန သဒ္ဓိံ အဝသေသံ သုတေန သာဝေတဗ္ဗံ၊ နိဒါနုဒ္ဒေသေပန အနိဋ္ဌိတေ သုတေန သာဝေတဗ္ဗံ နာမ နတ္ထိ။

ယသ္မိံ၊ အကြင်ဥဒ္ဒေသသည်။ ဝိပ္ပကတေ၊ မပြီးမီ။ အန္တရာယော၊ သည်။ ဥပ္ပဇ္ဇတိ၊ အံ့။ တေန၊ ထိုမပြီးသေးသောဥဒ္ဒေသဖြင့်။ သာဝေတဗ္ဗံ၊ ကြားအပ်၏။ နိဒါနုဒ္ဒေသေ၊ သည်။ အနိဋ္ဌိတေ၊ မပြီးသည်ရှိသော်။ သုတေန၊ ဖြင့်၊ သာဝေတဗ္ဗံနာမ၊ ကြားအပ်သောမည်သည်။ နတ္ထိ၊ မရှိ။

**ဆောင်း။** အန္တရာယ်ဆယ်ပါးကား—မီး, မင်း, ခိုးသူ၊
မိုးရေ, လူ၊ ဘီလူးသားရဲ, မြွေ၊
အသက်ပြဟ္မ၊ စရိယ၊ ဒသအန္တရေ။

---

သံဃဥပုသ်ပြုရာ၌ ထေရ နဝ မဇ္ဈိမတို့တွင် အဘယ်ရဟန်းသည် ပါတိမောက်ပြနိုင်စွမ်းရှိပါသနည်း။

မထေရ်ကြီးက ပြစွမ်းနိုင်လျှင် မထေရ်ကြီးကိုယ်တိုင် ပြသင့်ပါသည်-မစွမ်းနိုင်က ဗျတ္တ, ပဋိဗလ, ဂုဏ်နှင့် ပြည့်စုံသောသီတင်းငယ်တပါးပါးလည်းပြသင့်ပါသည်။

အနုဇာနာမိ ဘိက္ခဝေ ယော တတ္ထ ဘိက္ခု ဗျတ္တော, ပဋိဗလော, တဿာဓေယျံ ပါတိ မောက္ခန္တိ ဝစနတော။

အနုဇာနာမိ . . .သ၊ ဝစနတော၊ ဟောတော်မူသောကြောင့်၊ နဝကတရော ပါ၊ အငယ်သည်မူလည်း။ ပါတိမောက္ခံ၊ ကို။ ဥဒ္ဒိသေယျ၊ ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တတ္ထ၊ ထိုပရိသတ်၌။ ယောဘိက္ခု၊ သည်။ ဗျတ္တော၊ ပါတိမောက်၌လိမ္မာ၏။ ပဋိဗလော၊ ဆိုစွမ်းနိုင်၏။ ပါတိမောက္ခံ၊ ကို။ တဿာဓေယျံ၊ ထိုဟောင်းအားသာစပ်၏ဟူ၍။ အနုဇာနာမိ၊ ၏။

---

● ဥပုတ်ပါဠိ၌ သံဃောဟူသောပုဒ်အရ သံဃာ၏ ဘေဒကိုထုတ်ပြ၍ ဦးညွှယူသင့်သော အဓိပ္ပေတသံဃာ ကိုလည်း ညွှန်ပြပါ။

ဒက္ခိဏေယျသံဃာ, သမုတိသံဃာဟူ၍ နှစ်မျိုးရှိပါသည်။ ဦးညွှယူသင့်သော အဓိပ္ပေတ သံဃာကား သမုတိသံဃာဖြစ်ပါသည်။

မှတ်ချက်။ ။အရိယာ ရှစ်ယောက်ကို ဒက္ခိဏေယျ သံဃာဟု ဆိုသည် ပုထုဇဉ် အရိယာအပေါင်း သာမန်ကို သမုတ်သံဃာဟု ဆိုသည်။

ဒက္ခိဏေယျသံဃော- သမုတိ သံဃော စာတိ ဒုဝိဓော ဟောတိ တတ္ထ ဒက္ခိဏေယျသံဃောတိ အဋ္ဌအရိယပုဂ္ဂလ သမူဟော ဝုစ္စတိ သမုတိ

သံဃောတိ အဝိသေသေန ဘိက္ခုသမူဟော၊
သော ဇာဝအဝိပ္ပဝေတော။

ဒက္ခိဏေယျသံဃော စ၊ ဝ၊ သမ္မုတိသံဃော စ၊ ဝ၊ ဇာတိသို့။ ဒုဝိဓော၊ ၏။ တတ္ထ၊ ထိုတွင်။ ဒက္ခိဏေယျသံဃောတိ၊ ဟူသည်။ အဋ္ဌအရိယပုဂ္ဂလသမူဟော၊ အရိယာ ရှစ်ယောက်တို့၏ အပေါင်းကို။ ဝုစ္စတိ၊ ၏။ သမ္မုတိသံဃောတိ၊ ဟူသည်။ အဝိသေသေန- သာမန် အားဖြင့်။ ဘိက္ခုသမူဟော၊ ရဟန်းအပေါင်းကို။ ဝုစ္စတိ၊ ၏၊ သော၊ ထိုသမ္မုတိသံဃာကို။ ဇာဝ၊ ကျွံပါတိမောက်အရာဌ။ အဝိပ္ပဝေတော၊ အလိုရှိအပ်၏။

---

● သံဃာကံ၏ အစွမ်းဖြင့် ခြားသင့်သော သံဃာဘေဒကို ထုတ်ဆို၍ ယင်းသံဃာအလိုက် ပြုနိုင်ခွင့် ရှိသော သံဃာကံများကိုလည်း ရေးခဲ့ပါ။

သံဃာကံ၏ အစွမ်းဖြင့် စတုဝဂ္ဂသံဃာ, ပဉ္စဝဂ္ဂ သံဃာ, ဒသဝဂ္ဂသံဃာ, ဝီသတိဝဂ္ဂသံဃာ,အတိရေက ဝီသတိဝဂ္ဂသံဃာဟူ၍ ငါးမျိုးရှိပါသည်။

ထိုတွင် စတုဝဂ္ဂသံဃာသည် ဥပသမ္ပဒကံ ပဝါရဏာကံ အဗ္ဘာနကံမှတပါး ကျန်သံဃာကံကို ပြုနိုင်၏။ ပဉ္စဝဂ္ဂသံဃာသည် မဇ္ဈိမတိုင်း၌ ခွင့်ပြုသော ဥပသမ္ပဒ ကံ အဗ္ဘာနကံမှတပါး ကျန်သံဃာကံ အားလုံးကိုပြုနိုင်ပါ သည်။ ဒသဝဂ္ဂသံဃာသည် အဗ္ဘာနကံမှတပါး ကျန် အားလုံးကို ပြုနိုင်ပါသည်၊ ဝီသတိ ဝဂ္ဂသံဃာသည်- သံဃာကံအားလုံးကို ပြုနိုင်ပါသည် အတိရေက ဝီသတိ

ဝဂ္ဂသံဃာသည်လည်း သံဃကံအားလုံးကို ပြုနိုင်ပါသည်။ ပါဠိမှာရှည်လျား၍မပြပြီ။

---

ပါတိမောက္ခံ ဥဒ္ဒိသေယျ ဟူသောပါဠိအရ ဘုရားရှင်တို့သာ ပြသင့်သော ပါတိမောက် သာဝကတို့သာ ပြသင့်သော ပါတိမောက်အမည်တို့ကို ပြဆိုပြီးလျှင် အာပတ်ကို ထင်စွာမပြုခြင်းကြောင့် ရှိသော အပြစ်နှင့် ရှိသောအကျိုးတို့ကိုလည်း အကိုးနှင့်တကွဖော်ပြပါ။

ဩဝါဒပါတိမောက်မှာ ဘုရားရှင်တို့သာ ပြသင့်ပါသည်။ အာဏာပါတိမောက်မှာ သာဝကတို့သာ ပြသင့်ပါသည်။ အာပတ်ကိုထင်စွာ မပြုခြင်းကြောင့် ရှိသော အပြစ်ကား ဒုက္ကဋ်အာပတ်ဖြစ်ပါသည်။

ထင်စွာပြုခြင်းကြောင့်ရှိသောအကျိုးကား ဈာန်မဂ်ဖိုလ်ကို ရဘို့ရာ လွယ်ကူသောအကျိုးရှိပါသည်။
သာဓကကား-တသ္မာ။လ။ဖါသုဟောတိဖြစ်ပါသည်။

> တံ ဗုဒ္ဓါဝ ဥဒ္ဒိသန္တိ၊ နသာဝကာ၊ တံ သာဝကာဝ ဥဒ္ဒိသန္တိ၊ နဗုဒ္ဓါ။

တံ၊ ထိုဩဝါဒပါတိမောက်ကို။ ဗုဒ္ဓါဝ၊ ဘုရားရှင်တို့သည်သာလျှင်။ ဥဒ္ဒိသန္တိ၊ ပြတော်မူကုန်၏။ သာဝကာ၊ တပည့်သားတို့သည်။ နဥဒ္ဒိသန္တိ၊ ကုန်။ တံ၊ ထိုအာဏာပါတိမောက်ကို။ သာဝကာဝ၊ တို့သည်သာလျှင်။ ဥဒ္ဒိသန္တိ၊ ကုန်၏။ ဗုဒ္ဓါ၊ တို့သည်။ နဥဒ္ဒိသန္တိ၊ ကုန်။

ဥပုသ်ကိုးမျိုးကို နေ့၏အစွမ်းဖြင့်၎င်း ကာရကပုဂ္ဂိုလ်၏ အစွမ်းဖြင့်၎င်း ကတ္တဗ္ဗာကာရ၏ အစွမ်းဖြင့်၎င်း ခွဲခြား၍ ရေတွက်ပြပါ။

နေ့၏အစွမ်းဖြင့် စာတုဒ္ဒသီ, ပန္နရသီ, သာမဂ္ဂီ ဟူ၍ သုံးမျိုး၊ ကာရကပုဂ္ဂိုလ်၏အစွမ်းဖြင့် သံဃ-ဂဏ-ပုဂ္ဂလ သုံးမျိုး၊ ကတ္တဗ္ဗာကာရ၏ အစွမ်းဖြင့် သုတ္တုဒ္ဒေသ ပါရိသုဒ္ဓိ အဓိဋ္ဌာန်ဟူ၍ သုံးမျိုးအားဖြင့် ကိုးပါးရှိပါသည်။

ဒိဝသဝသေန ဟိ တယော ဥပေါသထာ စာတုဒ္ဒသိကော ပန္နရသိကော သာမဂ္ဂိဥပေါသထောတိ ဧဝံ တယော ဥပေါသထာ ဝုတ္တာ၊ သံဃေ ဥပေါသထော ဂဏေ ဥပေါသထော ပုဂ္ဂလေ ဥပေါသထော ဟိ ဧဝံ ကာရကဝသေန တယော ဥပေါသထာ ဝုတ္တာ၊ သုတ္တုဒ္ဒေသော ပါရိသုဒ္ဓိ ဥပေါသထော အဓိဋ္ဌာနဥပေါသထောတိ ဧဝံ ကတ္တဗ္ဗာကာရဝသေန တယော ဥပေါသထာ ဝုတ္တာ။

ဟိ၊ အကျယ်ဆိုဦးအံ့။ ဒိဝသဝသေန၊ နေ့၏အစွမ်းဖြင့်။ တယော၊ ကုန်သော။ ဥပေါသထာ၊ တို့ကို။ ဝုတ္တာ၊ ကုန်၏။ စာတုဒ္ဒသိကော၊ ၎င်း။ ပန္နရသိကော၊ ၎င်း။ သာမဂ္ဂိဥပေါသထော၊ သာမဂ္ဂီဥပုသ်၎င်း။ ဣတိဧဝံ၊ သို့။ တယော၊ ကုန်သော။ ဥပေါသထာ၊ တို့ကို။ ဝုတ္တာ၊ ကုန်၏။ သံဃေဥပေါသထောတိ၊ သံဃာသည် ပြုအပ်သောဥပုသ်ဟူ၍ ၎င်း။ ဂဏေဥပေါသထော၊ ၎င်း၊ ပုဂ္ဂလေဥပေါသထော၊ ၎င်း။ ဧဝံ၊ သို့၊ ကာရကဝသေန၊ ဖြင့်။ တယော၊ ကုန်သော။ ယေတေဥပေါသထာ။ တို့ကို။ ဝုတ္တာ၊ ကုန်၏။ သုတ္တုဒ္ဒေသော၊ ၎င်း။ ပါရိသုဒ္ဓိ

ဥပေါသထော၊ ၎င်း အဓိဋ္ဌာနဥပေါသထော၊ ၎င်း။ ဣတိဧဝံ၊ သို့။ ကတ္တဗ္ဗာကာရဝသေန၊ ဖြင့်။ တယော၊ ကုန်သော။ ဥပေါသထာ၊ တို့ကို။ ဝုတ္တာ။ ကုန်၏။

---

အဖွဲ့၊ ပေါသထော ပန္နရသောဖြင့် ပယ်သင့်သောဥပုသ် ယူသင့်သော ဥပုသ်တို့ကို ခွဲခြား ပြခဲ့ပါ။

ပန္နရသောဖြင့် ပန္နရသီဥပုသ်ကိုယူ၍ ကျန်ဥပုသ်များကို ပယ်ပါသည်။

ပန္နရသောတိ ဣမိနာ အညံ ဥပေါသထ ဒိဝသံ ပဋိက္ခိပတိ။

ပန္နရသောတိဣမိနာ၊ ဖြင့်။ အညံ၊တပါးသော။ ဥပေါသထဒိဝသံ၊ ဥပုသ်နေ့ကို။ပဋိက္ခိပတိ၊ ပယ်၏။

---

တနှစ်အတွက် ပကတိ စာရိတ္တဥပုသ်ပေါင်း မည်မျှ ရှိကြောင်းကို အပေါင်းသင်္ချာမျှ ထုတ်ပြ၍ ထိုတွင် စာတုဒ္ဒသီဥပုသ် ပန္နရသီဥပုသ်များကိုလည်း ခွဲခြားပြပါ။

တနှစ်အတွက် ပကတိစာရိတ္တဥပုသ်ပေါင်း နှစ်ဆဲ့လေး ဥပုသ်ရှိပါသည်။ ထိုတွင် စာတုဒ္ဒသီဥပုသ် ခြောက်ဥပုသ် ဖြစ်၍ ပန္နရသီဥပုသ် တဆဲ့ရှစ်ဥပုသ် ရှိပါသည်။

ဆစာတုဒ္ဒသိကာ အဝသေသာ အဋ္ဌာရသ ပန္နရသိကာတိ ဧဝံ ဧကသံဝစ္ဆရေ စတုဝီသတိ ဥပေါသထာ။

ဆ၊ ခြောက်ဥပုသ်တို့သည်။ စာတုဒ္ဒသိကာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ အဓဝသေသာ၊ ကြွင်းကုန်သော။ အဋ္ဌာရသ၊ တဆဲ့ရှစ်ဥပုသ်တို့သည်။ ဟောန္တိ၊ ကုန်၏။ ဇုတိဝေ၊ သို့။ ကောသံပဿရေ၊ တနှစ်၌။ စာတုဒ္ဒသိတိဥပေါသထာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

---

● တနှစ်အတွင်း ဖြစ်နိုင်သော ပကတိစာရိတ္တ ပဝါရဏာ နေ့များကို ပေါ်ပြ၍ ယင်းနေ့များကိုလည်း သက်ဆိုင်ရာ ရဟန်းတို့နှင့် ညွှန်းခဲ့ပါ။

ပကတိစာရိတ္တ ပဝါရဏာ နေ့များကား သီတင်းကျွတ် လပြည့်နေ့ သီတင်းကျွတ်လကွယ်နေ့ တန်ဆောင်မုန်း လပြည့်နေ့ ဟူ၍ သုံးရက် ရှိပါသည်။ ယင်းနေ့သုံးပါးနှင့် သက်ဆိုင်သော ရဟန်းများမှာ ပုရိမဝါကျွတ်ပြီး ရဟန်းများသာဖြစ်ပါသည်။ ပစ္ဆိမဝါကျွတ်သော ရဟန်းများမှာ တန်ဆောင်မုန်းလပြည့်နေ့တနေ့နှင့်သာ ဆိုင်ပါသည်။

> ပုဗ္ဗကတ္တိကမာသဿ ကာဠပက္ခ စာတုဒ္ဒသောဝါ
> ပစ္ဆိမကတ္တိကပုဏ္ဏမာဝါ ပစ္ဆိမဝဿာ ပုဂ္ဂါနဉ္စ
> ပစ္ဆိမကတ္တိက ပုဏ္ဏမာဒဝေါတိ ဣမေတာယော
> ပဝါရဏာ ဒွိသာဝိ ဟောန္တိ။

ပုဗ္ဗကတ္တိကမာသဿ၊ သီတင်းကျွတ်လ၏။ ကာဠပက္ခ စာတုဒ္ဒသောဝါ၊ လဆုတ်ပက္ခစာတုဒ္ဒသီသည်၎င်း။ ပစ္ဆိမကတ္တိကပုဏ္ဏမာဝါ၊ တန်ဆောင်းမုန်းလပြည့်သည်၎င်း။ ပဝါရဏာဒိဝသာ၊ ပဝါရဏာနေ့တို့သည်။ ဟောန္တိ၊ ကုန်၏။ ပစ္ဆိမဝဿုပဂ္ဂါနဉ္စ၊ ပစ္ဆိမဝါကျွတ်ကုန်

သော ရဟန်းတို့အားလည်း။ ပဌမကတ္တိကပုဏ္ဏမာဧဝ၊ တန်ဆောင်မုန်း လပြည့်သည်သာလျှင်၊ ပဝါရဏာဒိဝသော၊ ပဝါရဏာနေ့သည်။ ဟောတိ၊ ၏။ ဋ္ဌကိ-ဋ္ဌမေတယော၊ ဤသုံးရက်တို့သည်။ ပဝါရဏာဒိဝသာပိ၊ ပဝါရဏာနေ့တို့သည်လည်း။ ဟောန္တိ၊ ကုန်၏။

---

● သာမဂ္ဂီဥပုသ် သာမဂ္ဂီပဝါရဏာဟူသည် မည်ကဲ့သို့သော ဥပုသ်မျိုးကို ခေါ်ပါသနည်း။

အကွဲကွဲအပြားပြားဖြစ်နေသော ရဟန်းများ ညီညွတ်သောနေ့၌ ပြုအပ်သောဥပုသ်ကို သာမဂ္ဂီဥပုသ်ဟု ခေါ်ပါသည်။ ထိုနေ့၌ ပြုအပ်သော ပဝါရဏာကို သာမဂ္ဂီပဝါရဏာဟု ခေါ်ပါသည်။

သံဃော တဿ ဝတ္ထုဿ ဝူပသမာယ
သံဃသာ သာမဂ္ဂီံ ကရောတိ တဒါ။

သံဃော၊ သည်။ တဿဝတ္ထုဿ၊ ထိုအဓိကရုဏ်းကို။ ဝူပသမာယ၊ ငြိမ်းစေခြင်းငှာ။ သံဃသာမဂ္ဂီံ၊ သံဃာ၏ညီညွတ်ခြင်းကို။ ကရောတိ၊ ၏။ တဒါ၊ ထိုအခါ၌။ ဥပေါသထဒိဝသော နာမ၊ မည်သည်။ ဟောတိ၊ ၏။

---

● သာမဂ္ဂီဥပုသ် ပြုနိုင်သောနေ့၊ သာမဂ္ဂီပဝါရဏာပြုနိုင်သောနေ့များကို ဖော်ပြခဲ့ပါ။

တနှစ်အတွင်း လပြည့်တဆဲ့နှစ်ရက် လကွယ် တဆဲ့နှစ်ရက် ပေါင်းနှစ်ဆဲ့လေးရက်မှ တပါးသော နေ့ရက်တို့မှာ သာမဂ္ဂီဥပုသ်ပြုနိုင်ပါသည်။

သီတင်းကျွတ် လပြည့်ကျော် ၁ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်အထိ နှစ်ဆဲ့ကိုးရက်သည် သာမဂ္ဂီ ပဝါရဏာ ပြုနိုင်ပါသည်။

> ထပေတွာ စာတုဒ္ဒသေ ပန္နရသေ အညောပိ ယောကောစိ ဒိဝသော သာမဂ္ဂီ ဥပေါသထ ဒိဝသော နာမ ဟောတိ၊ ပုရိမဝဿံဝုတ္ထာနံ ပန ကတ္တိကမာသဗ္ဘန္တရေ အယမေဝ သာမဂ္ဂီပဝါ ရဏာ ဒိဝသောနာမ။

စာတုဒ္ဒသပန္နရသေ၊ စာတုဒ္ဒသီ ပန္နရသီဥပုသ်တို့ကို။ ထပေတွာ၊ ချ၍။ အညောပိ၊ ဖြစ်သော။ ယောကောစိဒိဝသော၊ အမှတ်မဲ့သောနေ့သည်။ သာမဂ္ဂီဥပေါသထဒိဝသောနာမ၊ မည်သည်။ ဟောတိ၊ ၏။ ပုရိမဝဿံဝုတ္ထာနံပန၊ ပုရိမဝါကျွတ်ကုန်သောရဟန်းတို့အားကား။ ကတ္တိကမာသဗ္ဘန္တရေ၊ သီတင်းကျွတ် လဆုတ်- တန်ဆောင်မုန်း လဆုတ်၏ အတွင်း၌။ အယမေဝ၊ ဤနှစ်ဆဲ့ကိုးရက်အတွင်းသည်သာလျှင်။ သာမဂ္ဂီပဝါရဏာဒိဝသောနာမ၊ သာမဂ္ဂီပဝါရဏာ ပြုနိုင်သောနေ့မည်သည်။ ဟောတိ၊ ၏။

---

သုဏာတုမေ။လ။ ဥဒ္ဒိသေယျ ဟူသော ဥတ် ပါဠိ၌ စာတုဒ္ဒသီ ဥပုသ်, သာမဂ္ဂီ ဥပုသ် ဖြစ်ခဲ့သော် ပြောင်းလဲဆိုရမည့်ပါဠိများကိုထုတ်ပြခဲ့ပါ။

စာတုဒ္ဒသီဖြစ်လျှင် အဇ္ဇုပေါသထော စာတုဒ္ဒသော ဟူ၍၎င်း။ သာမဂ္ဂီဖြစ်လျှင် အဇ္ဇုပေါသထော သာမဂ္ဂီဟု ပြောင်းလဲ၍ဆိုရပါမည်။

ကရောန္တေန ပန သစေ စာတုဒ္ဒသိကော
ဟောတိ အဇ္ဇုပေါသထော စာတုဒ္ဒသောတိ
ဝတ္တဗ္ဗံ၊ သစေသာမဂ္ဂီ ဥပေါသထော ဟောတိ
အဇ္ဇုပေါသထော သာမဂ္ဂီတိ ဝတ္တဗ္ဗံ။

ကရောန္တေနပန၊ပြုသောရဟန်းသည်ကား။ စာတုဒ္ဒသိကော၊သည်။ သစေဟောတိ၊အံ့၊အဇ္ဇုပေါသထော-စာတုဒ္ဒသောတိ၊ဟူ၍။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ သာမဂ္ဂီဥပေါသထော၊သည်။ သစေဟောတိ၊ အံ့၊ အဇ္ဇုပေါသထောသာမဂ္ဂီတိ၊ဟူ၍။ ဝတ္တဗ္ဗံ၊၏။

---

● ဥပေါသထော ယာဝတိကာစဉ် ဥပေါသထ အရကို ကောက်ပြ၍ ပတ္တကလ္လအင်္ဂါ လေးပါးကိုသည်း ရေးခဲ့ပါ။

ဥပေါသထောအရ စာတုဒ္ဒသီ,ပန္နရသီ,သာမဂ္ဂီဥပုသ် နေ့တို့တွင် တနေ့နေ့ဖြစ်ပါသည်။ (ဥပုသ် ကိုးမျိုးလုံး နှင့် မသက်ဆိုင်သည်ကို သတိပြုပါ) ပတ္တကလ္လ အင်္ဂါ များကား စာတုဒ္ဒသီ, ပန္နရသီ, သာမဂ္ဂီ ဥပုသ်တို့တွင် တနေ့နေ့ဖြစ်ခြင်း ကံအားလျော်ပတ်သော ရဟန်းတို့၏ ဟတ္ထပါသ်ကိုမစွန့်မူ၍ တသိမ်တည်း၌ တည်ရှိကြခြင်း, သဘာဂအာပတ်မှ ကင်းစင်ခြင်း ဝဇ္ဇနီယပုဂ္ဂိုလ် တို့၏ ဟတ္ထပါသ်အတွင်းမှာ မရှိခြင်းအားဖြင့် လေးပါး ရှိပါသည်။

ဥပေါသထောတိ တီသု ဥပေါသထ ဒိဝသေသု
အညတရ ဥပေါသထဒိဝသော။

ဥပေါသထောတိ၊ ဟူသည်ကား။ တီသုဥပေါသထ ဒိဝသေသု၊ သုံးပါးသောဥပုသ်တို့တွင်။အညတရဥပေါသထဒိဝသေ၊ အမှတ်မရှိ တစုံတခုသောဥပုသ်နေ့တည်း။

---

● ပုဗ္ဗကရဏနှင့် ပုဗ္ဗကိစ္စတို့၏အထူးကိုရေးခဲ့ပါ။

သံဃာမစည်းဝေးမီ ရှေးအဘို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကရဏဟု ခေါ်ပါသည်။

ပါတိမောက်မပြမီ ရှေးအဘို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စဟု ခေါ်ပါသည်။

ဤကားအထူးတည်း။

---

● ဗဒ္ဓသိမ်, အဗဒ္ဓသိမ်တို့၏ သဘောသွားကို ရေးခဲ့ပါ။

ကမ္မဝါစာဖြင့် ဖွဲ့ဆိုအပ်သော သိမ်မျိုးသည် ဗဒ္ဓသိမ် မည်၏၊ ကမ္မဝါစာဖြင့် မဖွဲ့ဆိုအပ်သော သိမ်မျိုးသည် အဗဒ္ဓသိမ်မည်၏။

---

● သိမ်ပျက်တဆဲ့တလုံးကို အသီးသီးဖော်ပြခဲ့ပါ။

အလွန်ငယ်သောသိမ်, အလွန်ကြီးသောသိမ်, နိမိတ်ကျိုးသော သိမ်, အရိပ်ကို နိမိတ်ပြုလုပ်သောသိမ်, နိမိတ်မရှိသော သိမ်,သိမ်အပြင်မှနေ၍ သမုတ်အပ်သောသိမ်, မြစ်၌ သမုတ်အပ်သောသိမ်, သမုဒ္ဒရာ၌ သမုတ်အပ်သောသိမ်, ဇာတဿရအိုင်၌ သမုတ် အပ်သောသိမ်,

သိမ်ဟောင်းနှင့် စပ်၍ သမုတ်အပ်သော သိမ်, သိမ်ဟောင်းကိုခြုံ၍ သမုတ်အပ်သော သိမ်များ ဖြစ်ကြပါသည်။ (ပါဠိရှည်လျား၍)။

ဆောင်။ ငယ်,ကြီး,နိမိတ်၊ကျိုး,အရိပ်၊ဗဟိဒ္ဒမြစ်, သမုဒ္ဒ၊ အိုင်သမုတ်လတ်၊ သိမ်ဟောင်းထပ်၊ ခြုံအပ် သိမ်ပျက်ထုတ်။

---

● အငယ်ဆုံးသိမ်နှင့် အကြီးဆုံးသိမ်တို့၏ ပမာဏကို ပြခဲ့ပါ။

အငယ်ဆုံး သိမ်၏ ပမာဏမှာ ရဟန်းနှစ်ဆဲ့တပါး နေလောက်ရပါမည်။ အကြီးဆုံးသိမ်မှာ သုံးယူဇနာမျှ ရှိရပါမည်။

ယတ္ထ အတိခုဒ္ဒကာနာမ ဧကေ ဝီသတိဘိက္ခူ။
နိသီဒိတုံ န သက္ကောန္တိ၊ အတိမဟတီနာမ အန္တ
မသော ယာ ကေသဂ္ဂမတ္တေနာပိ တိယောဇနံ
အတိက္ကမိတွာ သမ္မတာ။

အတိခုဒ္ဒကာနာမ၊ အလွန်ငယ်သောသိမ် မည်သည်ကား။ ယတ္ထ၊ အကြင်သိမ်၌။ဧကေဝီသတိဘိက္ခူ၊တို့သည်။ နိသီဒိတုံ၊ ငှာ။န သက္ကောန္တိ၊ မဆန့်ကုန်။သာ၊ထိုသိမ်သည်။ အတိခုဒ္ဒကာနာမ၊မည်၏။အတိမဟတီနာမ၊ ကား။ အန္တမသော၊ ယုတ်သောအားဖြင့်။ ယာ၊အကြင်သိမ်ကို။ ကေသဂ္ဂမတ္တေနာပိ၊ တဆံဖျားမျှဖြင့်သော်လည်း။ တိယောဇနံ၊ သုံးယူဇနာကို။ အတိက္ကမိတွာ၊ ၍။ သမ္မတာ၊ ၏။ သာ၊ ထိုသိမ်သည်။ အတိမဟတီနာမ၊ မည်၏။

ဗုဒ္ဓသိမ်၌ တိဝိဓသမ္ဗုတ္တိ၏ သရုပ်ကို ထုတ်ဆိုခဲ့ပါ။

တိဝိဓသမ္ဗုတ္တိသရုပ်ကား-နိမိတ္တသမ္ဗုတ္တိ,ပရိသသမ္ဗုတ္တိ ကမ္မဝါစာသမ္ဗုတ္တိတို့ဖြစ်ပါသည်။

> တိဝိဓသမ္ဗုတ္တိယုတ္တာတိ နိမိတ္တသမ္ဗုတ္တိယာ ပရိသသမ္ဗုတ္တိယာ ကမ္မဝါစာ သမ္ဗုတ္တိယာ စ ယုတ္တာ။

တိဝိဓသမ္ဗုတ္တိယုတ္တာတိ၊ဟူသည်ကား။ နိမိတ္တသမ္ဗုတ္တိယာစ၊နိမိတ်၏ ပြည့်စုံခြင်းနှင့်၎င်း။ ပရိသသမ္ဗုတ္တိယာစ၊ ၎င်း။ ကမ္မဝါစာသမ္ဗုတ္တိယာစ။ နှင့်၎င်း။ ယုတ္တာ၊ယှဉ်၏။

---

သိမ်နိမိတ် အမျိုးအစားကို ဖော်ပြခဲ့ပါ။

ပဗ္ဗတနိမိတ်၊ ပါသာဏနိမိတ်၊ ဝနနိမိတ်၊ ရုက္ခနိမိတ်၊ မဂ္ဂနိမိတ်၊ ဝမ္မိကနိမိတ်၊ နဒီနိမိတ်၊ ဥဒက နိမိတ် ဟူ၍ ရှစ်ပါးရှိပါသည်။

> ပဗ္ဗတနိမိတ္တံ ပါသာဏနိမိတ္တံ ဝနနိမိတ္တံ ရုက္ခနိမိတ္တံ မဂ္ဂနိမိတ္တံ ဝမ္မိကနိမိတ္တံ နဒီနိမိတ္တံ ဥဒက နိမိတ္တန္တိ ဧဝံ ဝုတ္တေသု အဋ္ဌသု နိမိတ္တေသု။

ပဗ္ဗတနိမိတ္တံ၊၎င်း။လ။ဥဒကနိမိတ္တံ၊ ၎င်း။ ဣတိဧဝံ၊ ဤသို့။ အဋ္ဌသု နိမိတ္တေသု၊တို့တွင်။

---

ဗဒ္ဓသိမ် အဗဒ္ဓသိမ်တို့၏ အပြားကို ထုတ်ပြ၍ အဗဒ္ဓသိမ်အပြား၏ အဓိပ္ပါယ်ကိုရေးခဲ့ပါ။

ဗဒ္ဓသိမ်သည် ခဏ္ဍသိမ် သမာနသံဝါသက သိမ် အဝိပ္ပဝါသသိမ်အားဖြင့် သုံးမျိုးပြားပါသည်။ အဗဒ္ဓသိမ်သည် ဂါမသိမ် သတ္တဗ္ဘန္တရသိမ် ဥဒကုက္ခေပ သိမ်ဟူ၍ သုံးမျိုးပြားပါသည်။

တရွာသော ဂါမခေတ်သည် ဂါမသိမ်မည်၏။ ရွာမဟုတ်သော တော၌ ထက်ဝန်းကျင်မှ ခုနစ် အဗ္ဘန္တရသည် သတ္တဗ္ဘန္တရသိမ် မည်၏။ မြစ် သမုဒ္ဒရာ ဇာတဿရအိုင်တို့၌ ထာမမဇ္ဈိမ ယောကျ်ား၏ တအားလွှဲပစ်အပ်သော ရေ, သဲတို့၏ ကျရာအရပ်သည် ဥဒကုက္ခေပသိမ်မည်၏။

ခဏ္ဍသီမာ သမာနသံဝါသကသီမာ အဝိပ္ပဝါသ သီမာတိ တဿာယေဝ ပဘေဒေါ အဗဒ္ဓ သီမာပန ဂါမသီမာ သတ္တဗ္ဘန္တရသီမာ ဥဒ ကုက္ခေပ သီမာတိ တိဝိဓာ။

ခဏ္ဍသီမာ၊ ၎င်း။ သမာနသံဝါသကသီမာ၊ ၎င်း။ အဝိပ္ပဝါသသီမာ၊ ၎င်း။ တဿာယေဝ၊ ထိုဗဒ္ဓသိမ်၏သာလျှင်။ ပဘေဒေါ၊ အပြားတည်း။ အဗဒ္ဓသီမာပန၊ ကား။ ဂါမသီမာ၊ ၎င်း။ သတ္တဗ္ဘန္တရသီမာ၊ ၎င်း။ ဥဒကုက္ခေပသီမာ၊ ၎င်း၊ ဣတိ၊ သို့။ တိဝိဓာ၊ သည်။ ဟောတိ၊ ၏။

---

ပကတတ် ရဟန်းဟူသည် အဘယ်ကဲ့သို့သော ရဟန်းမျိုးကို ဆိုပါသနည်း။

ပင်ကိုယ်အားဖြင့် သီလရှိသော ရဟန်းကောင်းကို ပကတတ် ရဟန်းဟု ခေါ်ဆိုပါသည်။

● သဘာဂါပတ္တိယောဇနာဖွင့်ပြ သဘာဂအာပတ် အမျိုးအစားကို ရေး၍၊ ၎င်းတို့ အချင်းချင်း မည်ကဲ့သို့ခြားနားချက်ရှိသည် ဤနေရာ၌ မည်သည့်သဘာဂအာပတ်ကို ယူရမည်ကိုလည်းညွှန်းခဲ့ပါ။

ဝတ္ထုသဘာဂအာပတ် အာပတ္တိသဘာဂအာပတ် ဟူ၍ နှစ်မျိုးရှိပါသည်၊ ထိုတွင် အာပတ်သင့်ကြောင်းဝတ္ထုအားဖြင့် တူသော အတူရှိသော အာပတ်မျိုးကို ဝတ္ထုသဘာဂအာပတ်ဟုခေါ်သည်။

အာပတ်ချင်းသာ တူ၍ သင့်ကြောင်း ဝတ္ထုအားဖြင့် မတူသောအာပတ်မျိုးကို အာပတ္တိသဘာဂအာပတ်ဟူ၍ ခေါ်ပါသည်၊ ဤ၌ ဝတ္ထုသဘာဂအာပတ်ကိုသာ အလိုရှိပါသည်။

> ယံ သဗ္ဗော သံဃော ဝိကာလ ဘောဇနာဒိနာ
> သဘာဂ ဝတ္ထုနာ လဟုကာပတ္တိံ အာပဇ္ဇတိ၊
> ဝေရူပါ ဝတ္ထုသဘာဂါ သဘာဂါ တိ ဝုစ္စတိ၊
> ဝိကာလ ဘောဇနပစ္စယာ အာပန္နံပန အာပတ္တိ
> သဘာဂံ၊ အနတိရိတ္တဘောဇနပစ္စယာ။

သဗ္ဗော၊ သော။ သံဃော၊ သည်။ ဝိကာလဘောဇနာဒိနာ၊ နေလွဲညစာစားခြင်းစသော။ သဘာဂဝတ္ထုနာ၊ သဘောတူသောဝတ္ထုကြောင့်။ ယံလဟုကာပတ္တိံ၊ အကြင်လဟုကအာပတ်သို့။ အာပဇ္ဇတိ၊ ၏။ ဝေရူပါ၊ သော။ ဝတ္ထုသဘာဂါ၊ ဝတ္ထုသဘောတူသောအာပတ်ကို။ သဘာဂါတိ၊ သဘာဂအာပတ်ဟူ၍။ ဝုစ္စတိ၊ ၏။ ဝိကာလ

ဘောဇနပစ္စယာ၊ နေ့လွဲညစာစားခြင်းကြောင့်။ အာပန္နံ၊ သင့်သော။ အာပတ္တိသဘာဂံပန၊ အာပတ်သဘောတူကိုကား။ အနတိရိတ္တဘောဇနပစ္စယာ၊ အတိရိတ်ဝိနည်းကံမပြုသောဘောဇဉ်ကိုစားခြင်းကြောင့်။

---

● သဘာဂအာပတ် မရှိခြင်းကို အဘယ့်ကြောင့် ပတ္တကလ္လဟု ခေါ်ဆိုနိုင်ပါသနည်း၊

သဘာဂအာပတ် ရှိနေလျှင် ပတ္တကလ္လမဖြစ်နိုင်သောကြောင့် သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ ဟုဆိုရပါသည်။

> သဘာဂါ ပတ္တိယာ သတိ သံဃသ ပတ္တကလ္လံ နာမ န ဟောတိ၊ တေန ဝုတ္တံ သဘာဂါပတ္တိ ယော စ န ဝိဇ္ဇန္တီတိ။

သဘာဂါပတ္တိယာ၊ သည်။ သတိ၊ သော်။ သံဃသ္မိံ၊ အား။ ပတ္တကလ္လံနာမ၊ လျောက်ပတ်သော ကာလရှိသောမည်သည်။ နဟောတိ၊ မဖြစ်။ တေန၊ ကြောင့်။ သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တီတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

---

● ဝတ္ထုသဘာဂ ရှိသော ရဟန်းချင်း ဒေသနာကြားခြင်းကို ပြုလုပ်ခဲ့သော် ရရှိသော အပြစ်ကို အသီးသီးပြခဲ့ပါ။

အချင်းချင်းဒေသနာကြားပါက အသီးသီး ဒုက္ကဋ်အာပတ်သင့်ပါသည်။ (အာပတ်မှကား အထမြောက်သည်ဟု မှတ်လေ)။

အညံပန အာပတ္တိံ ဒေသနာပစ္စယာ ဒေသကောစ
ပဋိဂ္ဂဟဏပစ္စယာ ပဋိဂ္ဂါဟကောစာတိ ဥဘော
ပိ ဒုက္ကဋံ အာပဇ္ဇန္တိ။

အာပတ္တိံ၊ ဝတ္ထုသဘောတူသောအာပတ်ကို။ ဒေသနာပစ္စယာ၊ ကြားခြင်းကြောင့်။ ဒေသကောစ၊ ကြားတတ်သောရဟန်းသည်၎င်း။ ပဋိဂ္ဂဟဏပစ္စယာ၊ ခံယူခြင်းကြောင့်။ ပဋိဂ္ဂါဟကောစ၊ ခံတတ်သော ရဟန်းသည်၎င်း။ ဣတိဣမေဥဘောပိ၊ ဤနှစ်ယောက်သော ရဟန်းတို့သည်လည်း။ အညံ၊ သော။ ဒုက္ကဋံ၊ သို့။ အာပဇ္ဇန္တိ။ ကုန်၏။

---

◉ ဥပုသ်ပြုချိန်တွင် အားလုံးသော သံဃာများ ဝတ္ထုသဘာဂအာပတ်သင့် ရောက်နေလျှင် ပြုလုပ်ရမည့် နည်းကို ညွှန်းခဲ့ပါ။

အားလုံးသင့်ရောက်နေပါက အနီးရှိ ကျောင်းတကျောင်းသို့ ရဟန်းတပါးကို အာပတ်ကုစားရန် နေ့ချင်း ပြန်လွှတ်ရပါမည်၊ ပြန်လာသောထိုရဟန်းထံမှ အားလုံးသော သံဃာများဒေသနာ ကြားနိုင်ပါသည်။ ထိုနည်းအတိုင်း မဖြစ်နိုင်ပါက သုဏာတု မေ ဘန္တေ သံဃော အယံ သဗ္ဗောသံဃော သဘာဂံအာပတ္တိံ အာပန္နော ယဒါ အညံ ဘိက္ခုံ သုဒ္ဓံ အနာပတ္တိကံ ပဿိဿတိ တဒါ သံဃော တဿ သန္တိကေ တံအာပတ္တိံ ပဋိကရိဿတီတိဟု ကင်္ခါလာသည့်အတိုင်း နိဗ္ဗေမတိကဉတ်ကို ရွတ်၍ ဥပုသ်ပြုရပါမည်။

အကယ်၍- ယုံမှားသံသယ ရှိနေခဲ့ပါလျှင် သုဏာ တုမေ။လေ။ သဘာဂါယ အာပတ္တိယာ ဝေမတိကော ယဒါ နိဗ္ဗေမတိကော ဘဝိဿတိ တဒါ တံ အာပတ္တိံ ပဋိကရိဿတိဟုပြောင်းလဲဆို၍ ဥပုသ်ပြုရပါမည်။

[ကင်္ခါပါဠိမှာ ရှည်လျားသဖြင့် မပြတော့ပြီ]

---

ဝဇ္ဇနီယပုဂ္ဂိုလ် နှစ်ဆဲ့တယောက်ကို ရေတွက်ပြပြီးလျှင် ၎င်းပုဂ္ဂိုလ်တို့အား မကြဉ်ဘဲ ဥပုသ်ပြုခဲ့သော် သင့်ရောက်နိုင်သော အပြစ်တို့ကိုလည်းရေးခဲ့ပါ။

**လင်္ကာအဆိုင်းဆီပါ။** လူ, နို့,သိက္ခ၊သာနှစ်ဝ၊ သိက္ခ
အန္တိမာ၊ မစွန့်,မကျ,၊ မချုတ်ပြား၊ သရုပ်ကြား၊
သုံးပါဥက္ခိတ္တာ။ ပဏ်, ထေ, ပက်,ဆန်၊ပဉ္စာနန်၊
ဒွိသုံးဥဘောပါ။ကောဗိသ၊ဝဇ္ဇိယ၊ ထုတ်ပြပါဠိမှာ။

ထိုတွင် ဥက္ခိတ္တက ပုဂ္ဂိုလ်အတွက် ပါစိတ်အာပတ် ကျန် တဆဲ့ရှစ်ယောက်အတွက် ဒုက္ကဋ် အာပတ်သင့်ရောက်ကြပါသည်။

ဧတေသု ဟိ တိဝိဓေ ဥက္ခိတ္တကေ သတိ ဥပေါ
သထံ ကရောန္တော သံဃော ပါစိတ္တိယံ အာပဇ္ဇ
တိ သေသေသု ဒုက္ကဋံ။

ဧတေသု၊ ထိုနှစ်ဆဲ့တယောက်တို့တွင်။ တိဝိဓေ၊ သော။ ဥက္ခိတ္တကေ။ ဥက္ခိတ္တကရဟန်းသည်။ သတိ၊ သော်။ ဥပေါသထံ၊ ကို။ ကရောန္တော၊ သော။ သံဃော၊ သည်။ ပါစိတ္တိယံ၊ သို့။ ဟိယသ္မာ၊ ကြောင့်။ အာပဇ္ဇတိ၊ ၏။ သေသေသု၊ တို့၌။ ဒုက္ကဋံ၊ ၏။

ဝဇ္ဇနီယပုဂ္ဂိုလ် နှစ်ဆဲ့တစ်ယောက်၌ တိရစ္ဆာန်အရကို ကောက်ပြ၍ ထိုတွင် တိဏ္ဍိယကို မဆိုသဖြင့် မကြည်ဘဲ ဥပုသ်ပြုနိုင် မပြုနိုင် အကြောင်းနှင့် တကွ ဖြေဆိုပါ။

တိရစ္ဆာန် အရမှာ လူယောင်ဖန်ဆင်းတတ်သော နဂါးဂဠုန်စသော တိရစ္ဆာန်မျိုးကို ယူရပါမည်၊ တိတ္ထိယကိုမဆိုသော်လည်း ဂဟဏ္ဍဖြင့် တိတ္ထိယကို ရေတွက်ရမည်ဖြစ်သောကြောင့် မကြည်ဘဲ ဥပုသ်မပြုကောင်းပါ။

ဧတ္တစ တိရစ္ဆာနဂတောတိ ယသ္သ ဥပသမ္ပဒါ ပဋိက္ခိတ္တာ။ တိတ္ထိယာ ဂဟဏ္ဍေနေဝ သင်္ဂဟိတာ ဧတေပိ ပါ ဝဇ္ဇနီယာနာမ။

ဧတ္တစ၊ ဤဝဇ္ဇနီယပုဂ္ဂလကထာ၌လည်း။ တိရစ္ဆာန ဂတောတိ၊ ဟူသည်။ ယဿ၊ အကြင်သူအား။ ဥပသမ္ပဒါ၊ ပဉ္စင်းအဖြစ်ကို။ ပဋိက္ခိတ္တာ၊ ပယ်အပ်၏။ သော၊ ထိုသူသည်။ တိရစ္ဆာနဂတောတိ၊ မည်၏။ တိတ္ထိယာ၊ တို့ကို။ ဂဟဏ္ဍေနေဝ၊ ဂဟဏ္ဍသဒ္ဒါဖြင့်သာလျှင်။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။ ဟိယသ္မာ၊ ကြောင့်။ ဧတေပိ၊ ဤသို့ကိုလည်း။ ဝဇ္ဇနီယာ၊ ကြဉ်အပ်ကုန်၏။

---

သံဃော ဥပေါသထံကရေယျဖြင့် ပယ်သင့်သော ဥပုသ် ယူသင့်သော ဥပုသ် ပါတိမောက္ခုဒ္ဒိသေယျဖြင့် ပယ်သင့်သောဥပုသ် ယူသင့်သော ဥပုသ်တို့ကို အသီးသီးဖော်ပြခဲ့ပါ။

သံဃော ဥပေါသထံကရေယျဖြင့် ပယ်သင့်သော ဥပုသ်ကား ဂဏဥပုသ် ပုဂ္ဂလဥပုသ်ဖြစ်၍ယူသင့်သော ဥပုသ်မှာ သံဃဥပုသ်ဖြစ်ပါသည်။ ပါတိမောက္ခံဥဒ္ဒိသေယျဖြင့်ပယ်သင့်သောဥပုသ်ကားပါရိသုဒ္ဓိဥပုသ် အဓိဋ္ဌာန ဥပုသ်ဖြစ်၍ ယူသင့်သောဥပုသ်မှာ သုတ္တုဒ္ဒေသဥပုသ် ဖြစ်ပါသည်။

> တေသု ဣတရေ ဒွေ ပဋိက္ခိပိတွာ သံဃေဥပေါ
> သထမေဝ ဒီပေတိ တေသု ဣတရေ ဒွေ ပဋိက္ခိ
> ပိတွာ သုတ္တုဒ္ဒေသမေဝ ဒီပေတိ။

တေသု၊ ထိုသုံးပါးသောဥပုသ်တို့တွင်။ ဣတရေ၊ သံဃဥပုသ်မှတပါးကုန်သော။ ဒွေ၊ နှစ်ပါးကုန်သော ဥပုသ်တို့ကို။ ပဋိက္ခိပိတွာ၊ ပယ်၍။ သံဃေဥပေါသထမေဝ၊ သံဃဥပုသ်ကိုသာလျှင်။ ဒီပေတိ၊ ပြ၏။ တေသု၊ တို့တွင်။ ဣတရေ၊ သုတ္တုဒ္ဒေသမှ တပါးကုန်သော။ ဒွေ၊ နှစ်ပါးကုန်သောဥပုသ်တို့ကို၊ ပဋိက္ခိပိတွာ၊ ၍။ သုတ္တုဒ္ဒေသမေဝ၊ သာလျှင်၊ ဒီပေတိ၊ ပြ၏။

---

● ပါရိသုဒ္ဓိ ဥပုသ်၏အပြားကို စေ့စုံစွာဖော်ပြခဲ့ပါ။

ပါရိသုဒ္ဓိသည် အာရောစန၏အစွမ်းဖြင့် အညာရောစနပါရိသုဒ္ဓိဥပုသ် အညမညာရောစန ပါရိသုဒ္ဓိဥပုသ် ဟူ၍နှစ်မျိုးရှိပါသည်။ ထိုမှ တဖန် အညာရောစနပါရိသုဒ္ဓိ ဥပုသ်သည်လည်း ပဝါရိတာနံ သန္တိကေကာရဏာ အပဝါရိတာနံ သန္တိကေကာရဏာအားဖြင့် နှစ်မျိုးကွဲပြား

သည်။ တဖန် အညမညာရောစန ပါရိသုဒ္ဓိဥပုသ်သည်လည်း ဉတ္တိံ ထပေတွာ ကရဏာ ဉတ္တိံ အထပေတွာကရဏာအားဖြင့် နှစ်မျိုးနှစ်စား ကွဲပြားလာပြန်ပါသေးသည်။

အညေသဉ္စ သင်္ဃကေ အညမညဉ္စာရောစန
ဝသေန ဒုဝိဓော၊ တတ္ထ ယွာယံ အညေသံ သင်္ဃ
ကေကာရိယတိ သောပိပဝါရိတာနဉ္စ အပဝါရိတာ
နဉ္စသင်္ဃကေ ကရဏာဝသေန ဒုဝိဓော။

အညေသံ၊ သူတပါးတို့၏။ သင်္ဃကေစ၊ အထံ၌၎င်း။ အညမညဉ္စ၊ အချင်းချင်း၎င်း။ အာရောစနဝသေန၊ ကြားသည်၏အစွမ်းဖြင့်။ ဒုဝိဓော၊ ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ အညေသံ၊ တပါးသောသူတို့၏။ သင်္ဃကေ၊ ၌။ ယွာယံ-သောအယံပါရိသုဒ္ဓိဥပေါသထော၊ ကို။ ကရိယတိ၊ ၏။ သောပိ၊ လည်း။ ပဝါရိတာနဉ္စ၊ ပဝါရဏာပြုအပ်ကုန်သောသူတို့၏၎င်း။ အပဝါရိတာနဉ္စ၊ ၎င်း။ သင်္ဃကေ၊ ၌။ ကရဏာဝသေန၊ ဖြင့်။ ဒုဝိဓော၊ ၏။

---

● ဥပုသ်ပြုသောနေ့တွင် တသိမ်ထည်း၌ ရဟန်း တပါး, နှစ်ပါး, သုံးပါးရှိကပြုလုပ်ရမည့် အစီအစဉ်ကို ဖော်ပြခဲ့ပါ။

ရဟန်းတပါးရှိက အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသော အဓိဋ္ဌာမိ ဟုအဓိဋ္ဌာန်ဥပုသ်ကိုပြုရပါမည်။ နှစ်ပါးရှိက ဉတ်မထားဘဲ ထေရ်စဉ်အလိုက် ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေထ ဟု ပါရိသုဒ္ဓိ ဥပုသ်ကို ပြုရပါမည်။

အမှာ။ ထိုသို့ဥပုသ်ပြုရာ၌ သုံးကြိမ်ဆိုရပါမည် ဆိုသောအခါ ပန္နရသီဖြစ်က စာတုဒ္ဒသော နေရာတွင် ပန္နရသောဟုပြင်၍ ပါဠိရှိသမျှ ဥပုသ်၌ မိမိထက်ကြီးက အာဝုသောတွင် ဘန္တေ, ဓာရေဟိတွင် ဓာရေထဟု ပြင်ရွတ်ပါ။

---

● သုတ္တုဒ္ဒေသဥပုသ်ကို တိလက္ခဏာသမ္ပန္န ဖြစ်ရမည်ဟုဆိုရာ ၎င်းသရုပ်ကို ထုတ်ဆို၍ ကိံ သံဃဿ ပုဗ္ဗကိစ္စ၌ သံဃဿအရ ပုဗ္ဗကိစ္စအရတို့ကိုလည်း အသီးသီးဖော်ပြခဲ့ပါ။

တိလက္ခဏာသမ္ပန္နသရုပ်ကား စာတုဒ္ဒသီ ပန္နရသီနေ့တို့တွင် တနေ့နေ့ဖြစ်ခြင်း, သုတ္တုဒ္ဒေသသံဃဥပုသ်ပြုရန်အတွက် သံဃာလုံလောက်ခြင်း, ပါတိမောက်ကို သရုပ်အားဖြင့် ထုတ်ဆိုခြင်းတို့ ဖြစ်ပါသည်။ ကိံ သံဃဿပုဗ္ဗကိစ္စ၌ သံဃဿအရကား-ဥပုသ်ပြုသော သံဃာကိုယူရပါမည်၊ ပုဗ္ဗကိစ္စအရကား ပုဗ္ဗကရဏလေးပါး ပုဗ္ဗကိစ္စငါးပါး ပေါင်း ကိုးပါးကို ယူရပါမည်။

> ဒိဝသဝသေန ပန္နရသိကော ကာရကဝသေန
> သံဃုပေါသထော ကတ္တဗ္ဗာကာရဝသေန
> သုတ္တုဒ္ဒေသောတိ ဧဝံ တိလက္ခဏာ သမ္ပန္နော
> ဥပေါသထော။

ဒိဝသဝသေန၊ နေ့၏အစွမ်းဖြင့်။ ပန္နရသိကော၊ ပန္နရသီနေ့ဖြစ်ခြင်း။ ကာရကဝသေန၊ ပြုတတ်သောပုဂ္ဂိုလ်၏အစွမ်းဖြင့်။ သံဃုပေါသထော၊ သံဃဥပုသ်ဖြစ်ခြင်း။ ကတ္တဗ္ဗာကာရဝသေန၊ ဖြင့်။ သုတ္တုဒ္ဒေသော၊

သုတ္တံ့ဒွေသဖြစ်ခြင်း။ ဇာတိဝေံ၊ သို့။ တိလက္ခဏာသမ္ဗန္ဓော၊ သော၊ ဥပေါ
သထော၊ ကို။

---

ဆန္ဒပေးပုံ ပါရိသုဒ္ဓိပေးပုံပါဠိကို ရေး၍ ယင်း
ပေးရခြင်းတို့၏ အကျိုးကိုလည်း ရေးခဲ့ပါ။

ဆန္ဒပေးပုံကား-ဆန္ဒံ ဒမ္မိ ဆန္ဒံ မေ ဟရ ဆန္ဒံ မေ
အာရောစေဟိ-ဟူ၍ဂုဏ်း ထိုပါဠိ၏ အနက် အဓိပ္ပါယ်ဖြင့်
ဂုဏ်း ကိုယ်နှုတ်နှစ်ပါးတွင် တပါးပါးဖြင့်ပေးနိုင်ပါသည်။
ပါရိသုဒ္ဓိပေးပုံကား-ပါရိသုဒ္ဓိံ ဒမ္မိ ပါရိသုဒ္ဓိံ မေ ဟရ-
ပါရိသုဒ္ဓိံ မေ အာရောစေဟိ အထက်ဆန္ဒပေးပုံအတိုင်း
ပေးနိုင်ပါသည်။

ဆန္ဒပေးရကျိုးကား-သံဃာအားသာ ဥပုသ်ပြုခြင်း စ
သော သံဃာကံအားလုံးကို ပြီးစေပါသည်။

ပါရိသုဒ္ဓိပေးရကျိုးကား-သံဃာနှင့် မိမိမှာ ဥပုသ်ပြု
ခြင်းကိစ္စ ပြီးစေပါသည်။

ဆန္ဒံ ဒမ္မိ ဆန္ဒံမေ ဟရ ဆန္ဒံ မေ အာရောစေဟီတိ
အယံအတ္ထော ကာယေနဝါ ဝါစာယဝါ ဥဘယေ
နဝါ ဝိညာပေတဗ္ဗော၊ပါရိသုဒ္ဓိံ ဒမ္မိ ပါရိသုဒ္ဓိံမေ
ဟရ ပါရိသုဒ္ဓိံမေအာရောစေဟီတိအယံ အတ္တော
ကာယေနဝါ ဝါစာယဝါ ဥဘယေနဝါ ဝိညာပေ
တဗ္ဗော။ဆန္ဒဒါနံ သံဃဿေဝ ဥပေါသထ ကရ
ဏာဒ္ဓ သေသကိစ္စဒ္ဓ သမ္ပာဒေတိ တဿ ပါရိသုဒ္ဓိ

ဒါနံ သံဃဿပိ အတ္တနောပိ ဥပေါသထ ကရဏံ သမ္ပာဒေတိ နုဿာသေသံ။

ဆန္ဒံ၊ ကို။ အဟံ၊ သည်။ ဒမ္မိ၊ ပေးပါ၏။ မေ၊ ၏။ ဆန္ဒံ၊ ကို။ ဟရ၊ ဆောင်လော့၊ မေ၊ ၏၊ ဆန္ဒံ၊ ကို။ အာရောစေဟိ၊ ကြားလော့။ ဇာတိအဃံအစ္ဆော၊ ဤအနက်ကို၊ ကာယေနဝါ၊ ဝါစာယဝါ။ ၎င်း။ ဥဘယေနဝါ၊ နှစ်ပါးစုံဖြင့်၎င်း။ ဝိညာပေတဗ္ဗော၊ သိစေအပ်၏။ ပါရိသုဒ္ဓိံ၊ ကို၊ အဟံ၊ သည်။ ဒမ္မိ၊ ၏။ မေ၊ ၏။ ပါရိသုဒ္ဓိံ၊ ကို။ ဟရ၊ လော့။ မေ၊ ၏၊ ပါရိသုဒ္ဓိံ၊ ကို၊ အာရောစေဟိ၊ လော့။ ဇာတိအဃံအစ္ဆော၊ ကို။ ကာယေနဝါ၊ လ။ ဗ္ဗော၊ ၏။ ဆန္ဒဒါနံ၊ သည်။ သံဃဿဝ၊ ၏သာလျှင် ဥပေါသထကရဏာဋ္ဌ၊ ဥပုသ်ပြုခြင်းကို၎င်း။ သေသကိစ္စဋ္ဌ၊ ကြွင်းသောကိစ္စကို၎င်း။ သမ္ပာဒေတိ၊ ပြည့်စုံစေ၏။ တတ္ထ။ ထိုနှစ်ပါးတို့တွင်၊ ပါရိသုဒ္ဓိဒါနံ၊ သည်။ သံဃဿပိ၊ ၏၎င်း။ အတ္တနောပိ၊ ၏၎င်း။ ဥပေါသထကရဏံ၊ ကို။ သမ္ပာဒေတိ၊ ၏။

---

● ဆန္ဒပေးရမည့်ပုဂ္ဂိုလ်မျိုး ပါရိသုဒ္ဓိပေးရမည့် ပုဂ္ဂိုလ်မျိုးကို ခွဲခြားပြခဲ့ပါ။

ဥပုသ်ပြုဘို့ရန် စည်းဝေးသည်ရှိသော် ဥပုသ်မပြုလိုဘဲ ထိုသိမ်သို့များ စည်းဝေးရာသို့ မသွားနိုင်သော ရဟန်း မသွားလိုသောရဟန်းမျိုးသည် ဆန္ဒပေးရမည့် ရဟန်းမျိုးဖြစ်ပါသည်။

သိမ်တွင်းမှာ ဥပုသ်ပြုကြရာတွင် ထို ဥပုသ်ပြုရာသို့ မလိုက်နိုင် မသွားနိုင်သော အကတူပေါသထ ဂိလာန ကိစ္စပသုတ ရဟန်းမျိုးသည် ပါရိသုဒ္ဓိပေးရမည့် ရဟန်းမျိုးဖြစ်ပါသည်။

ဥပေါသထကရဏတ္ထံ သန္နိပတိတေ သံဃေ ဗဟိ ဥပေါသထံ ကတွာ အာဂတေန သန္နိပတိတဋ္ဌာနံ ဂန္တွာ ကာယ သာမဂ္ဂိံ အဒေန္တေန ဆန္ဒော ဒါတဗ္ဗော၊ အကတူပေါသထေန ပန ဂိလာနေနဝါ ကိစ္စပသုတေနဝါ ပါရိသုဒ္ဓိ ဒါ တဗ္ဗာ။

ဥပေါသထကရဏတ္ထံ၊ ဥပုသ်ပြုဘို့ရန်။ သံဃေ၊သည်။သန္နိပတိတေ၊ စည်းဝေးသည်ရှိသော်။ ဗဟိ၊ ၌။ ဥပေါသထံ၊ ကို။ ကတွာ၊ ၍။ အာဂတေန၊ လာသောရဟန်းသည်။ သန္နိပတိတဋ္ဌာနံ၊ စည်းဝေးရာအရပ်သို့။ ဂန္တွာ၊ ၍။ ကာယသာမဂ္ဂိံ၊ ကို၊ အဒေန္တေန၊ မပေးသည်ရှိသော်။ ဆန္ဒောပိ၊ ကိုလည်း။ ဒါတဗ္ဗော။ ၏။ အကတူပေါသထေန၊ ဥပုသ်မပြုသေးသော။ ဂိလာနေနဝါ၊ မကျန်းမာသောရဟန်းသည်ရင်း။ ကိစ္စပသုတေနဝါ၊ အမှုကိစ္စများပြားသော ရဟန်းသည်ရင်း။ ပါရိသုဒ္ဓိ၊ ကို။ ဒါတဗ္ဗာ၊ ၏။

---

ရဟန်း တပါး တည်းက များစွာ ကုန်သော ရဟန်းတို့၏ ဆန္ဒပါရိသုဒ္ဓိကို ဆောင်ယူနိုင်ခွင့်ရှိမရှိဖြေဆိုပြီးလျှင် သူတပါး၏ ဆန္ဒပါရိသုဒ္ဓိကို ဆောင်ယူလာသော ရဟန်းက ကိုယ်တိုင် သံဃာ ဘောင်သို့ မသွားဘဲ တဆင့်ပေးလိုက်ပါက ဖြစ်နိုင်ပါသလော။

ရဟန်း တပါး တည်းက များစွာကုန်သောရဟန်းတို့၏ ဆန္ဒပါရိသုဒ္ဓိကို. ဆောင်ယူနိုင်ခွင့် ရှိပါသည်။ တဆင့်ဆောင်ယူခြင်းသည် မဖြစ်နိုင်ပါ။အကြောင်းကား

သံကွင်းကဲ့သို့ ပဌမသံကွင်းသည် ဒုတိယ သံကွင်းနှင့်သာ ဆက်စပ်၍ တတိယသံကွင်းနှင့် မဆက်သည့်ပမာ ဖြစ်သောကြောင့်တည်း။

> ပုဗ္ဗေ ပုဏ္ဏံ ပန သုဒ္ဓိကဆန္ဒဝါ ဣမံဝါ ဆန္ဒပါရိသုဒ္ဓိံ ဧကေန ဗဟူနမ္ပိ အာဟရိတုံ ဝဋ္ဋတိ၊ ဗိဠာလသင်္ခလိကာ ဆန္ဒပါရိသုဒ္ဓိနာမ ဟောတိ သာ နာဂစ္ဆတိ။

ဧကေန၊ တပါးသော ရဟန်းသည်။ ဗဟူနမ္ပိ၊ များစွာသောရဟန်းတို့၏လည်း။ ပုဗ္ဗေ၊ ၌။ ဝုတ္တံ၊ သော။ သုဒ္ဓိကဆန္ဒံဝါ၊သက်သက်သော ဆန္ဒကိုလည်း။ဣမံဆန္ဒပါရိသုဒ္ဓိံ ဝါ၊လည်း၊ အာဟရိတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။ ဗိဠာလသင်္ခလိကာ ဆန္ဒပါရိသုဒ္ဓိနာမ၊ ကြောင်နှောင် သံကွင်းလျှင် ဥပမာရှိသော ဆန္ဒပါရိသုဒ္ဓိမည်သည်။ ဟောတိ၊၏။ သာ၊ထိုဆန္ဒပါရိသုဒ္ဓိသည်။ နအာဂစ္ဆတိ၊ မရောက်။

---

ဆန္ဒပါရိသုဒ္ဓိကို ဆောင်ယူလာသော ရဟန်းသည် သိမ်အား မပြောကြားဘဲ နေပါက မည်သည့် အပြစ်ရှိပါသနည်း ဖြေဆို၍၊ ထိုဆန္ဒပါရိသုဒ္ဓိဆောင်ယူလာသော ရဟန်းသည် သိမ်အားလျှောက်ထားမှသာ ရောက်သည်ဟု မှတ်ရမည်လော။

သိမ်အား မပြောကြားဘဲနေပါက ဒုက္ကဋ် အာပတ် သင့်ပါသည်။ ထိုဆန္ဒပါရိသုဒ္ဓိကို ဆောင်ယူလာသော ရဟန်းသည် သိမ်၏ နှစ်တောင့်ထွာ ဟတ္ထပါသ်

အတွင်းသို့ ချဉ်းကပ်မိလျှင် ရောက်ပါတော့သည်။ (ဒုက္ကဋ်မှ လွတ်ရန် ပြောကြားရသည်)။

> သစေ ပန သဉ္စိစ္စ နာရောစေတိ ဒုက္ကဋံ အာပဇ္ဇတိ၊ ဆန္ဒပါရိသုဒ္ဓိပန တသ္မိံ ဟတ္ထပါသံ ဥပဂတ မတ္တေယေဝ အာဂတာ ဟောတိ။

သဉ္စိစ္စ၊ မပြောကြားလိုသောစေတနာရှိလျက်။ သစေပန နာရောစေတိ၊ အကယ်၍မပြောကြားအံ့။ ဒုက္ကဋံ၊ သို့။ အာပဇ္ဇတိ၊ ၏။ ဆန္ဒပါရိသုဒ္ဓိပန၊ သည်ကား။ တသ္မိံ၊ ထိုဆောင်ယူလာသောရဟန်းသည်။ ဟတ္ထပါသံ၊ သို့။ ဥပဂတမတ္တေယေဝ၊ ကပ်ခါမျှလျှင်။ အာဂတာ၊ ဆောင်ယူလာသည်။ ဟောတိ၊ ၏။

---

ဘိက္ခုနီတို့က တောင်းပန်အပ်သော ဩဝါဒကို အယုတ်ဆုံး ဘယ်လိုရဟန်းမျိုးအထိ လက်ခံနိုင်ခွင့် ရှိပါသနည်း။ လက်မခံပါက ရရှိသောအပြစ်ကို ပြခဲ့ပါ။

အယုတ်ဆုံးအားဖြင့်ဗာလ,ဂိလာန,ဂမိကရဟန်းတို့ကို ထား၍ တော၌နေသော အာရညိကက ရဟန်းပင်ဖြစ်စေကာမူ လက်ခံရပါမည်။ လက်မခံပါက ဒုက္ကဋ်အာပတ် သင့်ပါသည်။

> ထပေတွာ ဗာလ,ဂိလာန,ဂမိယေ အညော သစေပိ အာရညိကော ဟောတိ၊ အပဋိဂ္ဂဟေတုံ နလဗ္ဘတိ။

ဗာလ,ဂိလာနဂမိယေ၊ တို့ကို။ ထပေတွာ၊ ၍။ အညော၊ သော။ အာရညိကော၊ အရညကင်စုတင်ဆောက်တည်သောရဟန်းသည်လည်း။ သစေဟောတိ၊ အံ့၊ အပဋိဂ္ဂဟေတုံ၊ ၄ါ။ နလဘတိ၊ မရ။

---

● အာပတ်သင့်ကြောင်း ခြောက်ပါးကို အဓိပ္ပါယ် နှင့်တကွ ဖော်ပြခဲ့ပါ။

အရှက်မရှိခြင်း- အလဇ္ဇိတာ၊ ပညတ်ကို မသိခြင်း အညာဏတာ၊ ဝိနယကုက္ကုစ္စ နှိပ်စက်ခြင်း ကုက္ကုစ္စပကတတာ၊ မအပ်သည်၌ အပ်သည်ဟုထင်မှတ်ခြင်း အကပ္ပိယေ-ကပ္ပိယသညိတာ၊ အပ်သည်၌ မအပ်သည်ဟု ထင်မှတ်ခြင်း- ကပ္ပိယေ အကပ္ပိယသညိတာ၊ သတိမေ့လျော့ခြင်း သတိသမ္မောသာ တို့ဖြစ်ပါသည်။

> အာပတ္တိံ ဟိ အာပဇ္ဇန္တော အလဇ္ဇိတာ အညာဏတာ ကုက္ကုစ္စပကတတာ အကပ္ပိယေ ကပ္ပိယသညိတာ ကပ္ပိယေ အကပ္ပိယ သညိတာ သတိသမ္မောသာတိ ဣမေဟိ ဆဟာကာရေဟိ အာပဇ္ဇတိ။

ဟိ၊ ချဲ့ဦးအံ့၊ အာပတ္တိံ၊ သို့။ အာပဇ္ဇန္တော၊ သော်။ အလဇ္ဇိတာ၊ အရှက်မရှိသည်၏ အဖြစ်ကြောင့်ရင်း။ အညာဏတာ၊ ရင်း။လ။ သတိသမ္မောသာ၊ သတိလွတ်ခြင်းကြောင့်ရင်း။ ဣတိ ဣမေဟိ ဆဟာ ကာရေဟိ၊ ဤခြောက်ပါးသောအကြောင်းတို့ဖြင့်။ အာပဇ္ဇတိ၊ ၏။

အာပတ်သင့်ကြောင်း ခြောက်ပါးတွင် ကုက္ကုစ္စ ပကတတာဟုရှိရာ ကုက္ကုစ္စ ဖြစ်ရုံမျှဖြင့် အဘယ်သို့လျှင် အာပတ်သင့်နိုင်ပါသနည်း။

ရဟန်းသည် အပ်မှန်း မအပ်မှန်း ယုံမှား သံသယ ဖြစ်နေလျှင် ဝိနယဓရပုဂ္ဂိုလ်အား မေးမြန်းရမည် ဖြစ်ပါလျက် မမေးမြန်းဘဲ ဇွတ်လုပ်မိသောကြောင့် အာပတ်သင့်သည်ကိုရည်၍ အာပတ်သင့်ကြောင်းဟုဆိုပါသည်။

ကပ္ပိယာကပ္ပိယံ နိဿာယ ကုက္ကုစ္စေ ဥပ္ပန္နေ
ဝိနယဓရံ ပုစ္ဆိတွာ ကပ္ပိယဉ္စေ ကတ္တဗ္ဗံ အကပ္ပိ
ယဉ္စေ န ကတ္တဗ္ဗံ အယံ ပန ဝဉ္စေတွာ မဒ္ဒိတွာ
ဝီတိက္ကမတိယေဝ၊ ဣတိ ကုက္ကုစ္စပကတတာယ
အာပဇ္ဇတိ။

ကပ္ပိယာကပ္ပိယံ၊အပ်သည်မအပ်သည်ကို၊ နိဿာယ၊မှီ၍၊ ကုက္ကုစ္စေ၊ အလိုလိုသည်။ ဥပ္ပန္နေ၊ သော်။ ဝိနယဓရံ၊ ဝိနည်းဓိုရ် ပုဂ္ဂိုလ်ကို။ ပုစ္ဆိတွာ၊မေး၍။ ကပ္ပိယံ၊သည်။သစေဟောတိ၊အံ့။ ကတ္တဗ္ဗံ၊၏၊ အကပ္ပိယံ၊ မအပ်သည်။သစေဟောတိ၊ အံ့။ နကတ္တဗ္ဗံ၊ အပ်၊ အယံ ပန ပုဂ္ဂလော၊ သည်။ ဝဉ္စေတိကိ၊အပ်၏ဟု၊ မဒ္ဒိတွာ၊ နှင်းနယ်၍၊ ဝီတိက္ကမတိယေဝ၊ လွန်ကျူးသည်သာလျှင်တည်း၊ ဣတိ၊ သို့။ ကုက္ကုစ္စပကတတာယ၊ ကြောင့်။ အာပဇ္ဇတိ၊ ၏။

---

ယဿ သိယာ အာပတ္တိ၌ အာပတ္တိ သရုပ်ကို ထုတ်ဆိုပြီးလျှင် ထေရ နဝ မဇ္ဈိမတို့၏ ဝါအပိုင်းအခြား ကိုလည်း ရေးခဲ့ပါ။

ဇူဆိုသယ ၂၄၄-၃

ပါ-သံ-ထုလ်-ဗိတ်၊ ဒုက္ကဋ်-သိက်၊ ရေကြိတ်ခုနစ်ပါး-ဆိုသည့်အတိုင်း ခုနစ်ပါး ဖြစ်ပါသည်။

ငါးဝါအောက်ကို နဝဟု ခေါ်ပါသည်။ ခြောက်ဝါမှ ဆယ်ဝါအတွင်းကို မဇ္ဈိမဟု ခေါ်ပါသည်။ တဆယ့် အထက် တဆယ့်ကိုးဝါအတွင်းကိုထေရဟုခေါ်ပါသည်။ ထို့ထက်ကြီးလျှင် မဟာထေရ်ဟုခေါ် ၏။

---

သော အာဝိကရေယျ၌ အဘယ်သို့ပြုမှုကို အာဝိကရေယျဟု ဆိုပါသနည်း ဖြေဆို၍ ရဟန်းတို့အား မအပ်သော အသားကြီးဆယ်မျိုးကိုလည်း ရေးခဲ့ပါ။

အာပတ်ကို ပြောကြားခြင်း ဖွင့်ဟပြောဆိုခြင်းတို့ကို အာဝိကရေယျဟုဆိုပါသည်။ မအပ်သော အသားတို့ကို အောက်ပါအတိုင်းသိပါ—

ဆောင်။ လူခွေး မြင်းဆင်၊ သစ်ကျားခြင်၊ ဝံလျှင်အောင်း မြွေမျိုး၊ ရိုးရေသားသွေး၊ အမွေးတို့ပါ၊ မသုံးရာ၊ ဆယ်ဖြာအသားမျိုး။

---

ဝေဒရူပါယ ပရိသာယဟူသောပါဠိ၌ မပါဝင်သော ပရိသတ်ကို သိသာရုံမျှညွှန်ပြ၍ အန္တရာယ်ကောဝဋ္ဋော ဘဂဝတာ ဟူသောပါဠိအရ အဘယ်ဘရား ကို အန္တရာယ်ဟုဆိုသည်ကိုလည်း ရေးခဲ့ပါ။

ဧဝရူပါယ ပရိသာယ၌ မပါဝင်သော ပရိသတ်ကား ဝဇ္ဇနီယပုဂ္ဂိုလ်နှစ်ဆဲ့တယောက်ဖြစ်ပါသည်။

ဤနေရာ၌ ဒုက္ကဋ်အာပတ်ကို ဈာန် မဂ်ဖိုလ်၏ အန္တ ရာယ်ဖြစ်သော တရားဟုဆိုပါသည်။

---

သမ္ပဇာနမုသာဝါဒသာ ဟောတိ၌ သမ္ပဇာန မုသာဝါဒကြောင့် ပါစိတ်အာပတ် ဖြစ်သင့်ပါလျက် အဘယ့်ကြောင့် ဒုက္ကဋ်အာပတ်ဖြစ်ရပါသနည်းသမုဋ္ဌာန် နှင့်တကွ ညွှန်းခဲ့ပါ။

သမ္ပဇာန မုသာဝါဒေ ကိံ ဟောတိ ဒုက္ကဋံဟောတိ ဟူသော ဘုရားရှင်၏ စကားတော်ကြောင့်သာ ဒုက္ကဋ် အာပတ်ဖြစ်ရပါသည်။ သမုဋ္ဌာန်ကား ဝစီဒွါရ အကြိယ သမုဋ္ဌာန်ဖြစ်ပါသည်။

> သမ္ပဇာန မုသာဝါဒေ ကိံ ဟောတိ ဒုက္ကဋံ ဟောတီတိ ဣမိနာပန ဘဂဝတော ဝစနေန ဝစီဒွါရေ အကြိယ သမုဋ္ဌာနာပတ္တိ ဟောတီတိ ဝေဒိတဗ္ဗာ။

သမ္ပဇာနမုသာဝါဒေ၊ သိလျက်ချွတ်ယွင်းသော စကားကိုဆို ခြင်းသည်။ ကိံ၊ အဘယ်အာပတ်သည်။ ဟောတိ၊ နည်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဣတိဣမိနာပနဝစနေန၊ ကြောင့်။ ဝစီဒွါရေ၊ ၌။ အကြိယ သမုဋ္ဌာနာပတ္တိ၊ ဆိုအပ်သည်ကို မပြုခြင်းကြောင့်ဖြစ်သော အာပတ်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ ၏။

အာပတ်ကို ထင်ရှားမပြုခြင်းကြောင့် ရှိသော အပြစ်နှင့် ထင်ရှားပြုခြင်းကြောင့် ရှိသောအကျိုးတို့ကို အကိုးနှင့်တကွထုတ်ပြခဲ့ပါ။

အာပတ်ကို ထင်ရှားမပြုခြင်းကြောင့်ရှိသော အပြစ်ကား ဒုက္ကဋ်အာပတ်ဖြစ်ပါသည်၊ အကိုးသာကေကား သမ္ပဇာနမုသာဝါဒေါ။လ။ ဝုတ္တော ဘဂဝတာတိတည်း။

ထင်ရှားပြုခြင်းကြောင့် ရှိသောအကျိုးကား ဈာန် မဂ် ဖိုလ်တို့ကိုရဘို့ရာ လွယ်သော အကျိုးရှိပါသည်။ အကိုးကား တသ္မာ။လ။ ဖါသု ဟောတိတည်း။

---

## ပါရာဇိကဏ္ဍဝဏ္ဏနာ

ယောပန ဘိက္ခုဖြင့် ဘိက္ခုအပြားကို စုံလင်စွာ ထုတ်ပေါ်၍ ဤ၌ အလိုရှိအပ်သော ဘိက္ခုကိုလည်း ညွှန်းခဲ့ပါ။

ဧဟိဘိက္ခု ရဟန်း သရဏဂမန ရဟန်း ဩဝါဒ ပဋိဂ္ဂဟဏရဟန်း ပဉှာဗျာကရဏ ရဟန်း အဋ္ဌဂရုဓမ္မ ရဟန်း ဒူတေနရဟန်း အဋ္ဌဝါစိကရဟန်း ဉတ္တိစတုတ္ထ ရဟန်းဟူ၍ ရှစ်မျိုးရှိပါသည်။

ဤ၌ ဉတ္တိစတုတ္ထရဟန်းကိုသာ အလိုရှိအပ်ပါသည်။

**ဆောင်။** ဧဟိ၊ သရဏ၊ ဩဝါဒ၊ ပဉှ၊ ဂရုဓံ။
ဒူတေ အဋ္ဌ၊ ဝါစိက၊ မှတ်ဉတ္တိစတုတ္ထံ။

ဧဟိ ဘိက္ခု ဥပသမ္ပဒါ သရဏ ဂမနူပသမ္ပဒါ ဩဝါဒပ္ပဋိဂ္ဂဟဏူပ သမ္ပဒါ ပဉှာ ဗျာကရဏူပ သမ္ပဒါ အဋ္ဌဂရုဓမ္မ ပဋိဂ္ဂဟဏူပသမ္ပဒါ အဋ္ဌဝါစိ ကူပ သမ္ပဒါ ဉတ္တိ စတုတ္ထကမ္မူပ သမ္ပဒါတိ ဣမာသု အဋ္ဌသု ဥပသမ္ပဒါသု ဉတ္တိစတုတ္ထေန ဥပသမ္ပဒါ အကုပ္ပေန ဌာနာရဟေန ဥပသမ္ပန္နော။

ဧဟိဘိက္ခုဥပသမ္ပဒါ၊ ၎င်း။လ။ ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ၊ ၎င်း။ ဣတိဣမေသုအဋ္ဌသုဥပသမ္ပဒါသု၊ တို့တွင်။ အကုပ္ပေန၊ မပျက်သော။ ဌာနာရဟေန၊ သာသနာတော်အားထိုက်သော။ ဥပသမ္ပန္နော၊ မြတ်သောအဖြစ်သို့ရောက်သောရဟန်းတည်း။

---

❁ သိက္ခာသာဇီဝ သမာပန္နော်၌ သိက္ခာသမာပန္န နှင့် သာဇီဝသမာပန္နတို့၏ ခြားနားပုံကို ရှင်းပြပြီးလျှင် ယော ပန ဘိက္ခု။လ။ အနာဝိကတွာ ဟူသော ပုဒ်များသည် မည်သည့် သိက္ခာပုဒ်များတိုင်အောင် လိုက်ပါသနည်း။

အဓိသီလသိက္ခာကို ဖြည့်ကျင့်ခြင်းသို့ ရောက်ရှိနေသူကို သိက္ခာသမာပန္နဟု ခေါ်၏။ သိက္ခာပုဒ်တော်ကို မလွန်ကျူးခြင်းသို့ ရောက်ရှိနေသူကို သာဇီဝသမာပန္နဟု ခေါ်၏။ ယော ပန ဘိက္ခု ဘိက္ခူနံ စသော ပုဒ်များကား ရဘနဝဂ်အဆုံး သုဂတစီဝရ သိက္ခာပုဒ် တိုင်အောင် လိုက်နိုင်သည်ဟု ကင်္ခါဋီကာဟောင်းဆိုပါသည်။

မှတ်ချက်။ ပါဋိဒေသနီ သေခိယ သိက္ခာပုဒ်တို့၏ ဆိုင်ရာအပြစ်များ လည်း သိက္ခာမချဘဲပြုလျှင် အာပတ် သင့်သောကြောင့် ထိုပါဋိဒေသနီ သေခိယ သိက္ခာပုဒ်များတိုင်အောင် လိုက် သင့်သည်ဟု ဆိုဖြတ်ကြ၏။

သမာပန္နောတိ သိက္ခဉ္စ ပရိပူရေန္တော သာဇီဝဉ္စ အဝီတိက္ကမန္တော ဟုတွာ တဒုဘယံ ဥပဂတောတိ အတ္ထော။

သမာပန္နောတိ၊ ဟူသည်ကား။ သိက္ခဉ္စ၊ အဓိသီလသိက္ခာကိုလည်း။ ပရိပူရေန္တော၊ ဖြည့်ကျင့်သည်။ သာဇီဝဉ္စ၊ သိက္ခာပုဒ်တော်တည်းဟူသော သာဇီဝကိုလည်း။ အဝီတိက္ကမန္တော၊ မလွန်ကျူးသည်။ ဟုတွာ၊ ၍။ တဒုဘယံ၊ သို့။ ဥပဂတော၊ ရောက်၏။ ဣတိ အယံ၊ သည်ကား။ အတ္ထော၊ တည်း။

---

ရဟန်းရှင်မျိုးလုံးပင် လောကဝဇ္ဇ, ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့ကို လွန်ကျူးနိုင်ပါသလော သတ်မှတ်ချက် ရှိက ဖော်ပြပါ။

လောကဝဇ္ဇသိက္ခာပုဒ်ကို ဉတ္တိစတုတ္ထရဟန်းတမျိုးသာ လွန်ကျူးနိုင်ပါသည်။ ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့ကိုကား ရဟန်းအားလုံးနှင့်ပင် သက်ဆိုင်၍ လွန်ကျူးနိုင် ကြပါသည်။

ပဏ္ဏတ္တိဝဇ္ဇေသု ပန အညေပိ သင်္ဂဟံ ဂစ္ဆန္တိ။

ပဏ္ဏတ္တိဝဇ္ဇေသု ပန၊ တို့၌ကား။ အညေပိ၊ ဉတ္တိစတုတ္ထရဟန်းမှ တပါးသော ရဟန်းတို့သည်လည်း။ သင်္ဂဟံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။

● သိက္ခာတင်ပဉ္စက် သိက္ခာချ ဆင့်ဂ်ါ ဟူသည့် အတိုင်း သိက္ခာချခြင်း၏အင်္ဂါခြောက်ပါးကို ရေးပြီးလျှင် ထိုသိက္ခာ ပစ္စက္ခာန အမှုကို ပြုလိုသော ရဟန်းသည် အဘယ်ပယောဂဖြင့် ပြုသင့်ပါသနည်း။

သိက္ခာချခြင်း၏အင်္ဂါကား– "စိတ်, ခေတ်, ကာလ, ပယောဂ, ဇာနပုဂ္ဂလာ"ဟူသည့် လင်္ကာအတိုင်း ဖြစ်ပါသည်။ ထိုသိက္ခာပစ္စက္ခာနအမှုကို ပြုလိုသောရဟန်းသည် ဝစီပယောဂဖြင့်သာ ပြုသင့်ပါသည်။ အခြား စာရေးသားခြင်း စသည်ဖြင့် သိက္ခာမကျနိုင်ပါ။

> စိတ္တ ခေတ္တ ကာလ ပယောဂ ပုဂ္ဂလ ဝိဇာနန
> ဝသေန သိက္ခာယ ပစ္စက္ခာနံ ဉတွာ တဒဘာ
> ဝေန အပစ္စက္ခာနံ ဝေဒိတဗ္ဗံ။

စိတ္တ,ခေတ္တ,ကာလ,ပယောဂပုဂ္ဂလဝိဇာနနဝသေန၊ဖြင့်။သိက္ခာယ၊၏။ ပစ္စက္ခာနံ၊ချခြင်းကို။ဉတွာ၊ ၍။တဒဘာဝေန၊ ထိုစိတ်စသည်တို့မရှိသဖြင့်။ အပစ္စက္ခာနံ၊ကို။ ဝေဒိတဗ္ဗံ၊ ၏။

---

● ဥပသမ္ပဒကံ အောင်မြင်ရန် အတွက် လိုအပ်သော အကြောင်းအင်္ဂါတို့ကို ကာါလာသည့် အတိုင်း ရေးခဲ့ပါ။

ဝတ္ထု၏ပြည့်စုံခြင်း ဉတ်၏ပြည့်စုံခြင်း ကမ္မဝါစာ၏ ပြည့်စုံခြင်း သိမ်၏ပြည့်စုံခြင်း ပရိသတ်၏ ပြည့်စုံခြင်း

တည်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံမှ ဥပသမ္ပဒကံ အောင်မြင်ပါမည်။

ဆောင်း။ ဝတ်, ဉတ်, သိမ်, ကံ၊ ပရိသံ၊ ငါးတန်ဥပသမ္ပဒါ။

> တဿ ပန ကမ္မဿ ဝတ္ထု ဉတ္တိ အနုဿာဝန သီမာ ပရိသာသမ္ပတ္တိ ဝသေန အကုပ္ပတာ ဝေဒိတဗ္ဗာ။

တဿ ပန ကမ္မဿ၊ ၏။ ဝတ္ထု ဉတ္တိ အနုဿာဝန သီမာ ပရိသာသမ္ပတ္တိ ဝသေန၊ တို့၏အစွမ်းဖြင့်။ အကုပ္ပတာ၊ မပျက်သည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။

---

ဝတ္ထု ဟူသည် မည်သည့် အရာကို ဆိုလိုကြောင်းကိုပြဆို၍ ထိုဝတ္ထု အတွက် ဥပသမ္ပဒကံ၏ အကုပ္ပ ကုပ္ပဖြစ်ပုံကို ရေးခဲ့ပါ။

ဝတ္ထု ဟူသည် ပဉ္စင်းလောင်းကို ဆိုလိုပါသည်။ ပဉ္စင်းလောင်းသည် ပါရာဇိက လေးပါးတို့တွင် တပါးပါးကို မလွန်ကျူးသော ပုဂ္ဂိုလ်, အဘဗ္ဗပုဂ္ဂိုလ် တဆဲ့တယောက်တွင် မပါဝင်သော အသက်နှစ်ဆယ် ပြည့်သည့် ပုဂ္ဂိုလ်မျိုးဖြစ်ပါက ဥပသမ္ပဒကံအတွက် မပျက်စီးသော အကုပ္ပဖြစ်ပါတော့သည်။ ပဉ္စင်းလောင်းသည် ပါရာဇိက လေးပါးတို့တွင် တပါးပါးကို ကျူးလွန်မိသည့်ပုဂ္ဂိုလ်, အဘဗ္ဗပုဂ္ဂိုလ်, အသက်နှစ်ဆယ်မပြည့်

သောပုဂ္ဂိုလ်ဖြစ်က ဥပသမ္ပဒကံအတွက် ပျက်စီးသော ကုပ္ပဖြစ်ပါတော့သည်။

> ဝတ္ထုတိ ဥပသမ္ပဒါပေက္ခော ပုဂ္ဂလော သော ထပေတွာ ဦနဝီသတိဝဿံ အန္တိမဝတ္ထုံ အဇ္ဈာပန္နပုဗ္ဗံ ပဏ္ဍကာဒယော စ ဧကာဒသ အဘဗ္ဗ ပုဂ္ဂလေ ဝေဒိတဗ္ဗော။

ဝတ္ထုတိ၊ ဟူသည်ကား။ ဥပသမ္ပဒါပေက္ခော၊ ပဉ္စင်းအဖြစ်ကိုငဲ့သော။ ပုဂ္ဂလော၊ တည်း။ သော၊ ကို။ ဦနဝီသတိဝဿံ၊ အနှစ်နှစ်ဆယ် မပြည့်သော ပုဂ္ဂိုလ်ကိုရင်း။ အန္တိမဝတ္ထုံ၊ ပါရာဇိက လေးပါးတို့တွင် တပါးပါးသို့။ အဇ္ဈာပန္နပုဗ္ဗံ၊ ရောက်ဘူးပြီးသောပုဂ္ဂိုလ်ကိုရင်း၊ ထပေတွာ၊ ချန်၍။ ဝေဒိတဗ္ဗော၊ ၏။

---

ဉတ္တိအနုသာဝန သိမာ ပရိသ တို့အတွက် အကုပ္ပကုပ္ပဖြစ်ပုံကို သိသာရုံမျှရေးခဲ့ပါ။

ဉတ္တိဒေါသ အပြစ်တို့မှ လွတ်၍ ဉတ်နှင့် ပြည့်စုံသော ဥပသမ္ပဒကံ၏အစွမ်းဖြင့် မပျက်စီးသော ကံသည် အကုပ္ပကံမည်၏။ ဉတ္တိဒေါသတို့မှ မလွတ်သော ဉတ်ရှိသော ဥပသမ္ပဒကံသည် ဉတ်၏ အစွမ်းဖြင့် ပျက်စီးသော ကုပ္ပကံမည်၏။ ဤကား ဉတ္တိ အလွတ်တည်း။ အနုသာဝနဒေါသငါးမျိုးမှ လွတ်သော ကမ္မဝါစာနှင့် ပြည့်စုံသော ဥပသမ္ပဒကံသည် အနုသာဝန၏ အစွမ်းဖြင့် မပျက်စီးသော အကုပ္ပကံ ဖြစ်၏။ အနုသာဝန ဒေါသ

ငါးမျိုးမှ မလွတ်သော ကမ္မဝါစာရှိသော ဥပသမ္ပဒကံသည် ပျက်စီးသောကုပ္ပကံ ဖြစ်၏။ ဤကား အနုဿာဝနအတွက်တည်း။ ဝိနည်းအရ သမုတ်၍ အောင်မြင်ကာ သိမ်၌ပြုအပ်သော ကံသည် မပျက်စီးသော အကုပ္ပကံ ဖြစ်၏။ ဝိပ္ပတ္တိသိမ်မျိုး၌ ပြုအပ်သောသိမ်သည် ပျက်စီးသော ကုပ္ပကံဖြစ်၏။ ဤကား သိမာ အတွက် တည်း။ ပရိသဒေါသသုံးပါးမှ လွတ်သော ပရိသတ်သည် ပြုအပ်သော ဥပသမ္ပဒကံသည် ပရိသတ် အတွက် မပျက်စီးသော အကုပ္ပကံ ဖြစ်၏။ ထိုဒေါသမှ မလွတ်သော ပရိသတ်သည် ပြုအပ်သော ဥပသမ္ပဒကံသည် ပျက်စီးသောကုပ္ပကံဖြစ်၏။

ဉတ္တိ ဉာမေဟိဒေါသေဟိ ဝိမုတ္တာယ ဉတ္တိယာ သမ္ပန္နံ ဉတ္တိသမ္ပတ္တိဝသေန အကုပ္ပံ ဟောတိ။ ဉတ္တိဉာမေဟိ ဒေါသေဟိ ဝိမုတ္တာယ အနုဿာဝနာယ သမ္ပန္နံ အနုဿာဝန သမ္ပတ္တိဝသေန အကုပ္ပံ ဟောတိ ပုဗ္ဗေ ဝုတ္တံ ဝိပ္ပတ္တိသီမာလက္ခဏံ သမတိက္ကန္တာယ ပန သီမာယ ကတံ သီမာသမ္ပတ္တိဝသေန အကုပ္ပံ ဟောတိ။ တေဟိ ဝိမုတ္တာယ ပရိသာယ ကတံ ပရိသာသမ္ပတ္တိဝသေန အကုပ္ပံ ဟောတိ။

ဉတ္တိဉာမေဟိဒေါသေဟိ၊ ကိုးမှ။ ဝိမုတ္တာယ၊ လွတ်သော၊ ဉတ္တိယာ၊ နှင့်။ သမ္ပန္နံ၊ သည်။ ဉတ္တိသမ္ပတ္တိဝသေန၊ ဖြင့်။ အကုပ္ပံ၊ မပျက်သည်၊

ဟောတိ၊ ၏။ ဥဘိမေဟိဒေါသေဟိ၊ တို့မှ၊ ဝိမုတ္တာယ၊ သော၊ အနုဿာဝနာယ၊ နှင့်။ သမ္ပန္နံ၊ သည်။ အနုဿာဝနသမ္ပတ္တိဝသေန၊ ကမ္မဝါစာပြည့်စုံသည်၏အစွမ်းဖြင့်။ အကုပ္ပံ၊ သည်၊ ဟောတိ၊ ၏။ ပုဗ္ဗေ၊ ၌။ ဝုတ္တံ၊ သော။ ဝိပတ္တိသီမာလက္ခဏံ၊ ကို။ သမတိက္ကန္တာယ၊ လွန်သော။ သီမာယ၊ ၌။ ကတံ၊ ပြုအပ်သော ဥပသမ္ပဒကံသည်။ သီမာသမ္ပတ္တိဝသေန၊ ဖြင့်။ အကုပ္ပံ၊ သည်။ ဟောတိ၊ ၏။ တေဟိ၊ ထိုအပြစ်တို့မှ။ ဝိမုတ္တာယ၊ သော။ ပရိသာယ၊ ဖြင့်။ ကတံ၊ ပြုအပ်သောကံသည်။ ပရိသာသမ္ပတ္တိဝသေန၊ ဖြင့်။ အကုပ္ပံ၊ သည်၊ ဟောတိ၊ ၏။

---

ဉတ္တိဒေါသငါးမျိုး အနုဿာဝန ဒေါသငါးမျိုး ပရိသဒေါသ သုံးမျိုးတို့၏သရုပ်ကို ထုတ်ဖော် ရေးခဲ့ပါ။

ဉတ္တိဒေါသငါးမျိုးကား-ဝတ္ထုအပရာမသန သံဃအပရာမသန ပုဂ္ဂလအပရာမသန ဉတ္တိအပရာမသန ပစ္ဆာဉတ္တိထပနအားဖြင့် ငါးပါးတည်း။

အနုဿာဝန ဒေါသငါးမျိုးကား- ဝတ္ထုအပရာမသန သံဃအပရာမသန ပုဂ္ဂလအပရာမသန သာဝနာယ ဟာပန အကာလေသာဝန အားဖြင့်ငါးပါးတည်း။

ပရိသဒေါသသုံးပါးကား- ကမ္မပတ္တနာဂမန ဆန္ဒနာရဟ သမ္မုခီဘူတ ပဋိက္ကောသနအားဖြင့် သုံးပါးတည်း။

**ဆောင်။** ဝတ္ထု၊ သံဃ၊ ပုဂ္ဂလ၊ ဉတ္တိ၊ ထပနာ၊
ဝတ္ထု၊ သံဃ၊ ပုဂ္ဂလ၊ သာဝနကာလေပါ၊
ကမ္မ ပတ္တ၊ ဆန္ဒန ၊ ဘူတ ပဋိက္ကောသာ။

ဝဏ္ဏ သီလ ပုဂ္ဂလ ဥက္ကံသနံ အပရာမသနာနိ
ပဉ္စ ဥက္ကံသပနဉ္စာတိ ဣမေ တာဝပဉ္စ ဥက္ကံသ
ဒေါသာ။ ဝဏ္ဏ သီလ ပုဂ္ဂလာနံ အပရာမသ
နာနိ သာဝနာယ ဟာပနံ အကာလေ သာဝနန္တိ
ဣမေ ပဉ္စအနုဿာဝနဒေါသာ ဧသံ အနာဂ
မနံ ဆန္ဒာရဟာနံ ဆန္ဒဿ အနာဟရဏံ သမ္မုခီ
ဘူတာနံ ပဋိက္ကောသနန္တိ ဣမေ ပန တယော
ပရိသဒေါသာ။

ဝဏ္ဏသီလပုဂ္ဂလဥက္ကံသနံ၊ ဟူ၍။ အပရာမသနာနိ၊ မသုံးသပ်ခြင်း တို့ရင်း၊ ပဉ္စ၊ ငါး ဥက္ကံသပနဉ္စ၊ ဥတ်ထားခြင်းရင်း။ ဣတိဣမေပဉ္စ၊ တို့သည်။ ဥက္ကံသဒေါသာ၊ တို့သည်။ တာဝ၊ စွာ။ ဟောန္တိ၊ ကုန်၏။ ဝဏ္ဏသီလပုဂ္ဂလာနံ၊ တို့ကို၊ အပရာမသနာနိ၊ တို့ရင်း၊ သာဝနာယ၊ ကမ္မဝါစာကို။ ဟာပနံ၊ ယုတ်စေခြင်းရင်း။ အကာလေ၊ အခါမဟုတ်သည်၌။ သာဝနံ၊ ကမ္မဝါရွတ်ခြင်းရင်း။ ဣတိဣမေပဉ္စ၊ တို့သည်။ အနုဿာဝနဒေါသာနာမ၊ ကုန်၏။ ဧသံ၊ ထိုဆန္ဒထိုက်ကုန်သော ရဟန်းတို့၏။ ဆန္ဒဿ၊ ကို။ အနာဟရဏဉ္စ၊ မဆောင်ခြင်းရင်း။ သမ္မုခီဘူတာနံ၊ မျက်မှောက်ဖြစ်ကုန်သော ရဟန်းတို့ကို။ ပဋိက္ကောသနဉ္စ၊ တားမြစ်ခြင်းရင်း။ ဣတိဣမေ တယော၊ တို့သည်။ ပရိသဒေါသာ၊ တို့တည်း။

---

ဒုဗ္ဗလျ် အနာဝိကာလတ္ထာ၌ သိက္ခာကျသော ဒုဗ္ဗလျာဝိကမ္မ သိက္ခာမကျသော ဒုဗ္ဗလျာဝိကမ္မ နှစ်မျိုးရှိရာ ဤ၌လိုအပ်သော ဒုဗ္ဗလျာဝိကမ္မကိုညွှန်းခဲ့ပါ။

သိက္ခာကျသော ဒုဗ္ဗလျာဝိကမ္မကို အလိုရှိအပ်ပါသည်။

ပဌမပါရာဇိက သိက္ခာပုဒ်၌ မူလပညတ် အနုပညတ်ခွဲခြားပြ၍ တိရစ္ဆာနဂတာယပိ၌ လိုအပ်သော တိရစ္ဆာန်ကိုလည်း ဖေါ်ပြခဲ့ပါ။

မေထုနံ ဓမ္မံ ပဋိသေဝေယျကား မူလပညတ်တည်း သိက္ခံ အပစ္စက္ခာယ အန္တမသော တိရစ္ဆာနဂတာယပိ တို့ကား အနုပညတ်ဖြစ်ပါသည်။ တိရစ္ဆာနအရကား ပဋိသန္ဓေအားဖြင့် တိရစ္ဆာန်ဇာတ်မျိုးဖြစ်သော ပါရာဇိကလောက်သည့် တိရစ္ဆာန်မကို ယူရပါမည်။

> တိရစ္ဆာနဂတာယ ပီတိ ပဋိသန္ဓိဝသေန တိရစ္ဆာနေသု ဂတာယပိ အယမေတ္ထ အနုပညတ္တိ။

တိရစ္ဆာနဂတာယပီတိ၊ ကား။ ပဋိသန္ဓိဝသေန၊ ဖြင့်၊ တိရစ္ဆာနေသု၊ တို့၌၊ ဂတာယပိ၊ ဖြစ်သော မိန်းမတို့၌လည်း၊ အယံ၊ ဤ တိရစ္ဆာနဂတာယဟူသောပညတ်သည်။ အနုပညတ္တိ၊ တည်း။

---

အသံဝါသော၌ သံဝါသအပြားကိုရေး၍ မေထုနသောနအမှုကို မပြုထိုက်သော တိံသမဂ္ဂ သရုပ်ကို ဖေါ်ထုတ်ခဲ့ပါ။

သံဝါသအပြားကား–ဧကကမ္မ ဧကုဒ္ဒေသ သမသိက္ခတာဖြစ်ပါသည်။ တိံသမဂ္ဂ သရုပ်ကား-သူမ, နတ်မ, တိရစ္ဆာန်မ, လူဥဘတောဗျည်း နတ်ဥဘတောဗျည်း ဤ ခြောက်ယောက်တို့၌ မဂ်သုံးပါးပြီရှိသောကြောင့် တဆဲ့

ရှစ်မဂ် လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန် ယောကျ်ား, လူပဏ္ဍုက်, နတ်ပဏ္ဍုက်, တိရစ္ဆာန် ပဏ္ဍုက် ဤခြောက်ယောက်တို့၌ မဂ်နှစ်မျိုးစီ ရှိသော ကြောင့် တဆဲ့နှစ်မဂ်ရှိ၏ ပေါင်း သုံးဆယ်တည်း။

ဧကကမ္မာ ဒိကော ဝ တိဝိဓော ဝိဓိ သံဝါသော နာမ
မနုဿာ မနုဿ တိရစ္ဆာန ဂတ ဝသေန ပိ
တိသော ဇုတ္တိယော တာသံ ဝစ္စမဂ္ဂ, ပဿာဝ
မဂ္ဂ မုခမဂ္ဂဝသေန တယော တယော ကတွာ နဝ
မဂ္ဂါ တာသာ ဥဘတောဗျဉ္ဇနကာနံ ပုရိသာနံ ပန
ဝစ္စမဂ္ဂ မုခမဂ္ဂဝသေန ဒွေဒွေ ကတွာ ဆ မဂ္ဂါ
တထာ ပဏ္ဍကာနန္တိ ဧဝံ တိံသ မဂ္ဂါ။

ဧကကမ္မာဒိကော၊ ဧကကမ္မစသော။ တိဝိဓော၊ သုံးပါးအပြားရှိသော၊ ဝိဓိ၊ အစီအရင်သည်၊ သံဝါသော နာမ၊ မည်၏။ဟိ၊ ချဲ့ဦးအံ့။ မနုဿာမနုဿတိရစ္ဆာနဂတာဝသေန၊ အစွမ်းဖြင့်။ ကိသော၊ ကုန် သော။ ဇုတ္တိယော၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ တာသံ၊ ထိုခိန်းမ တို့၏၊ ဝစ္စမဂ္ဂပဿာဝမဂ္ဂ မုခမဂ္ဂဝသေန၊ အစွမ်းဖြင့်။ တယော တယော၊ သုံးပါးသုံးပါးတို့ကို၊ ကတွာ၊၍။ နဝမဂ္ဂါ၊ ၄င်း။ တထာ၊ တူ။ ဥဘတောဗျဉ္ဇနကာနံ၊ အား။ နဝမဂ္ဂါ၊ တို့ရှင်း။ ပုရိသာနံပန၊ တို့အားကား။ ဝစ္စမဂ္ဂ မုခမဂ္ဂဝသေန၊ ဖြင့်။ ဒွေဒွေ၊ တို့ကို။ ကတွာ၊၍။ ဆမဂ္ဂါ၊ တို့ရှင်း။ ပဏ္ဍကာနံ၊ တို့အား။ တထာ၊ တူ။ ဆမဂ္ဂါ၊ တို့ရှင်း။ ဧဝံ၊ သို့။ တိံသမဂ္ဂါ၊ သုံးဆယ်သောမဂ်တို့သည်။ ဟောန္တိ၊ ကုန်၏။

● သိက္ခာပုဒ်တော် ပညတ်ရာတိုင်းကြီး (၇)တိုင်းကို ရေတွက်ပြပြီးလျှင် ပညတ်ကိုးမျိုးကိုလည်းရေးခဲ့ပါ၊

တိုင်းကြီး (၇) တိုင်းကား ဝေသာလီ, ရာဇဂြိုဟ်, သာဝတ္ထိ, အာဠဝိ, ကောသမ္ဗီ, သက္က, ဘဂ္ဂတို့ဖြစ်ပါသည်။

ပညတ်ကိုးမျိုးကား မူလပညတ်, အနုပညတ်,အနုပ္ပန္နပညတ်, သဗ္ဗတ္ထပညတ်, ပဒေသပညတ်, သာဓာရဏပညတ်, အသာဓာရဏပညတ် ဧကတောပညတ်, ဥဘတောပညတ်တို့ဖြစ်ပါသည်။

ဆောင်။ ဝေ,ရာ,သာ,ဠဝိ၊ ကောသမ္ဗီ၊ အညီသက္က,တိုင်း
ဘဂ္ဂ။မူလအနု၊ ပန္နှ၊ နှစ်ခုသဗ္ဗတ္ထ၊ ပဒေသ။
သာဓာဓာရဏ၊ ဧကတောငြ၊ မှတ်ကြ ဥဘ
တောပည။

ဝေသာလီ ရာဇဂဟေ သာဝတ္ထိ အာဠဝိ ကောသမ္ဗိ သက္ကဘဂ္ဂါနံ ဝသေနသတ္တဝိဓံ ပညတ္တိဋ္ဌာနံ၊ ပညတ္တိ အနုပညတ္တိ အနုပ္ပန္နပညတ္တိ သဗ္ဗတ္ထ ပညတ္တိ ပဒေသပညတ္တိ သာဓာရဏ ပညတ္တိ အသာဓာရဏပညတ္တိ ဧကတောပညတ္တိ ဥဘတောပညတ္တိ ဝသေန နဝဝိဓာ ပညတ္တိ။

ဝေသာလီ၊ဝေသာလီပြည်။လ။ ဘဂ္ဂါနံ၊ ဘဂ္ဂတိုင်းတို့၏။ ဝသေန၊ အစွမ်းဖြင့်။ သတ္တဝိဓံ၊ ခုနစ်ပါး။ ပညတ္တိဋ္ဌာနံ၊ ပညတ်ရာအရပ်တည်း။

ပဉ္စတ္တိ၊ မူလပညတ်။ လ၊ ဥဘတော ပညတ္တိသနေ၊ ဖြင့် နဝဝိဓာ၊ သော ပဉ္စတ္တိ၊ တည်း

---

မူလပညတ် အနုပညတ် အနုပ္ပန္နပညတ်တို့၏ သဘောကိုရေးပြီးလျှင် အနုပ္ပန္နပညတ်သည် အဘယ် ကဲ့ရဲ့၏အစွမ်းဖြင့် လာပါသနည်း။

ရှေးဦးစွာ ပညတ်အပ်သော ပညတ်ကို မူလပညတ် ဟုခေါ်ပါသည်။

အကြောင်း အားလျော်စွာ နောက်ထပ် ပညတ်အပ် သောပညတ်ကို အနုပညတ်ဟုခေါ်ပါသည်။

သိက္ခာပုဒ်တော်ကို မလွန်ကျူးမီ ကြိုတင်၍ ပညတ် အပ်သောပညတ်ကိုအနုပ္ပန္နပညတ်ဟုခေါ်ပါသည်၊အနုပ္ပန္န ပညတ်သည် ဂရုဓမ္မရှစ်ပါးကို ခံယူခြင်း၏ အစွမ်းဖြင့် ဘိက္ခုနီတို့အားလာ၍ပါသည်။

> သာ အဋ္ဌဂရုဓမ္မ ပဋိဂ္ဂဟဏာဝသေန ဘိက္ခုနီနံ
> ယေဝ အာဂတာ။

သာ၊ ထိုအနုပ္ပန္နပညတ်သည်။ အဋ္ဌဂရုဓမ္မ ပဋိဂ္ဂဟဏာဝသေန၊ ရှစ် ပါးသောဂရုဓမ်ကို ခံယူသည်၏အစွမ်းဖြင့်။ ဘိက္ခုနီနံယေဝ၊ တို့အား သာလျှင်၊ အာဂတာ၊ လာ၏။

---

ပဒေသပညတ်သရုပ်ကို ထုတ်ဆိုပြီးလျှင် ဤ ပါတိမောက်၌လာသောပဒေသပညတ်ကိုလည်းရေးခဲ့ပါ။

ဝိနည်းမိုရ်လျှင် ငါးယောက်ရှိ၍ ပဥ္စင်းခံနိုင်ခြင်း အထပ်ထပ်များစွာရှိသော ဘိနပ်ကိုစီးနိုင်ခြင်း အလိုရှိတိုင်း ရေကိုချိုးသုံးနိုင်ခြင်း သားရေအခင်းဖြင့် အိပ်နိုင်ခြင်း အားဖြင့် လေးမျိုးရှိပါသည်။ ပါတိမောက်၌လာသော ပဒေသပညတ်ကား ယောပနဘိက္ခု ဩဲရေနှုမာသ်ဖြင့် ပြအပ်သောသိက္ခာပုဒ်ဘည်း၊ ကြွင်းသောသိက္ခာပုဒ်တို့ကို သဗ္ဗတ္ထပညတ်ချည်းမှတ်၊ (ဤပဒေသ ပညတ်သိက္ခာပုဒ် သည် မဇ္ဈိမဒေသ၌သာ အာပတ်သင့်သည် ဤမြန်မာ နိုင်ငံ၌ခွင့်ပြု၏ဟုမှတ်။)

> ဝိနယဓရ ပဉ္စမေန ဂဏေန ဥပသမ္ပဒါ ဂဏင်္ဂဏုပါဟနာ ဓုဝန္ဟာနံ စမ္မတ္ထရဏန္တိ ဧဝေါသံ ဝသေန စတုဗ္ဗိဓာ ပညတ္တိနာမ မဇ္ဈိမပဒေသေ ယေ၀ ဟိ ဧတေဟိ အာပတ္တိဟောတိ ဝေသုပိ ဓုဝန္ဟာနံ ပဋိက္ခေပ မတ္တမေ၀ ပါတိမောက္ခေ အာဂတံ။

ဝိနယဓရ ပဉ္စမေန၊ ဝိနည်းဓိုရ်လျှင် ငါးယောက်မြောက်သော ဂဏေန၊ဖြင့်။ ဥပသမ္ပဒါ၊ ပဥ္စင်းခံနိုင်ခြင်း။ ဂဏင်္ဂဏုပါဟနာ၊ အထပ် ထပ်သောဘိနပ်ကိုစီးနိုင်ခြင်း။ ဓုဝန္ဟာနံ၊ အမြဲရေချိုးနိုင်ခြင်း။ စမ္မတ္ထရ ဏံ၊သားရေခင်းနိုင်ခြင်း။ ဣတိ၊ ဤသို့။ ဧဝေါသံ၊ ထိုသိက္ခာပုဒ်တို့၏။ ဝသေန၊ ဖြင့်။ စတုဗ္ဗိဓာ၊ လေးပါးအပြားရှိသော ပညတ်သည် ပဒေသပညတ္တိနာမ၊ မည်၏။ ဟိ၊ သင့်စွ။ မဇ္ဈိမပဒေသေယေ၀၊ ၌သာ လျှင်။ ဧတေဟိ၊ ထိုသိက္ခာပုဒ်တို့ဖြင့်။ အာပတ္တိ၊ အာပတ်သင့်သည်။

ဟောတိ၊ ဓါ။ တေသုပိ၊ ထိုသိက္ခာပုဒ်တို့တွင်လည်း။ ဓုဝနှာနံ၊ အမြဲ ရေချိုးခြင်းကို၊ ပဋိက္ခေပမတ္တံ၊ ပယ်ကာမျှသည်။ ပါတိမောက္ခေ၊ ဩ။ အာဂတံ၊ ဓါ။

---

● ဝိပတ္တိဘေဒကို ထုတ်ပြခဲ့ပါ။

သီလဝိပတ္တိ၊ အာစာရဝိပတ္တိ၊ ဒိဋ္ဌိဝိပတ္တိ၊ အာဇီဝဝိပတ္တိ ဟု လေးမျိုးရှိပါသည်။

သီလ အာစာရ ဒိဋ္ဌိ အာဇီဝ ဝိပတ္တိနံ အညတရံ။

သီလ အာစာရ ဒိဋ္ဌိ အာဇီဝ ဝိပတ္တီနံ၊ တို့တွင်။ အညတရံ၊ တပါးပါးတည်း။

---

● အာပတ္တိသမုဋ္ဌာန် ခြောက်ပါးကို ရေတွက်ပြပြီး လျှင်ယင်းတို့ကို ဧကင်္ဂက ဒွင်္ဂက တိဝင်္ဂကအားဖြင့် ၎င်း သစိတ္တက အစိတ္တကအားဖြင့်၎င်း ခွဲခြားပြခဲ့ပါ။

အာပတ္တိသမုဋ္ဌာန် ခြောက်ပါးကား-ကာယ၊ ဝါစာ၊ ကာယဝါစာ၊ ကာယစိတ္တ၊ ဝါစာစိတ္တ၊ ကာယဝါစာစိတ္တတို့ဖြစ်ပါသည်။ ယင်းတို့တွင် ကာယဝါစာသည် ဧကင်္ဂကတည်း။ ကာယဝါစာ ကာယစိတ္တ ဝါစာစိတ္တတို့သည် ဒွင်္ဂကတည်း၊ ကာယဝါစာစိတ္တသည် တိဝင်္ဂကတည်း။ ကာယ၊ ဝါစာ၊ ကာယဝါစာသည် အစိတ္တကတည်း။ ကာယစိတ္တ၊ ဝါစာစိတ္တ၊ ကာယဝါစာစိတ္တသည် သစိတ္တကတို့တည်း။

ကာယော ဝါစာ ကာယဝါစာ ကာယင်္ဂဉ္စ ဝါစ
ဝင်္ဂံ ကာယဝါစင်္ဂဉ္စ ဣမာနိ ဧကင်္ဂိက
ဒွင်္ဂိက တိဝင်္ဂိကာနိ တတ္ထ ပုရိမာနိ တီဏိ အစိတ္တ
ကာနိ ပစ္ဆိမာနိ သစိတ္တကာနိ။

ကာယော၊ ၎င်း။ လ။ ဣတိ၊ သို့။ ဧကင်္ဂိက-ဒွင်္ဂိက တိဝင်္ဂိကာနိ၊ ကုန်သော။ ဣမာနိ၊ ဤခြောက်ပါးတို့သည်၊ သမုဋ္ဌာနာနိ၊ မည်ကုန်၏။ တတ္ထ၊ ထိုတွင်။ ပုရိမာနိ၊ ကုန်သော။ တီဏိ၊ သုံးပါးကုန်သောသမုဋ္ဌာန်တို့သည်။ အစိတ္တကာနိ၊ တို့တည်း။ ပစ္ဆိမာနိ၊ နောက်၌ဖြစ်ကုန်သောသုံးပါးတို့သည်၊ သစိတ္တကာနိ၊ တို့တည်း။

---

ဧကသမုဋ္ဌာန် စသည်တို့၏ အာပတ္တိသရုပ်ကို ထုတ်ဆိုခဲ့ပါ။

ဧကသမုဋ္ဌာန် (၃) ပါး။ ဒွိသမုဋ္ဌာန် (၅) ပါး။ တိသမုဋ္ဌာန် (၂) ပါး။ စတုသမုဋ္ဌာန် (၂) ပါး။ ဆသမုဋ္ဌာန် (၁) ပါး။ပေါင်း တဆဲ့သုံးပါးတည်း။

မှတ်ချက်။ ဧကသမုဋ္ဌာန်သုံးပါးမှာ စတုတ္ထ, ပဉ္စမ,ဆဋ္ဌမ သမုဋ္ဌာန်တို့တွင် တခုခု၊ ဒွိသမုဋ္ဌာန်သုံးပါးမှာ ပထမစတုတ္ထ, ဒုတိယပဉ္စမ,တတိယဆဋ္ဌ,စတုတ္ထဆဋ္ဌတို့တွင် တခုခု၊တိသမုဋ္ဌာန်နှစ်ပါးကား—ပထမဒုတိယ တတိယ, စတုတ္ထပဉ္စမ ဆဋ္ဌ, တို့တွင် တခုခု၊စတုသမုဋ္ဌာန်နှစ်ခုကား....ပထမ တတိယ စတုတ္ထ ဆဋ္ဌ, ဒုတိယ တတိယ ပဉ္စမ ဆဋ္ဌ တို့တွင် တခုခု တည်း။

တိဓာ ဧက သမုဋ္ဌာနာ၊
ပဉ္စဓာဒွိ သမုဋ္ဌိတာ။

ဒွိတိစတုရောဠာနာ၊
ကေဓာ ဆသမုဋ္ဌိတာ။

ကေသမုဋ္ဌာနာ၊ ကေသမုဋ္ဌာန်ရှိသောအာပတ်သည်။ တိဓာ၊ သုံးပါးအပြားရှိ၏။ ဒွိသမုဋ္ဌိတာ၊ သည်။ ပဌမော၊ ၏။ တိစတုရောသမုဋ္ဌာနာ၊ သည်။ ဒွိဓာ၊ ၏။ ဆသမုဋ္ဌိတာ၊ သည်။ ကေဓာ၊ တပါးသော အဘို့ရှိ၏။

---

● ကြိယာ၏အစွမ်းဖြင့် ပြားသင့်သော အာပတ္တိဘေဒကို ထုတ်ဆိုခဲ့ပါ။

ကြိယသမုဋ္ဌာနအာပတ်, အကြိယသမုဋ္ဌာန အာပတ်, ကြိယာကြိယ သမုဋ္ဌာနအာပတ်, သိယာကြိယ သိယာအကြိယသမုဋ္ဌာန, သိယာကြိယ သိယာ ကြိယာ ကြိယ သမုဋ္ဌာနအာပတ်ဟူ၍ ငါးမျိုးရှိပါသည်။

**မှတ်ချက်။** မပြုအပ်သည်ကို ပြုခြင်းကြောင့်ဖြစ်သော ပထဝီခဏနအစရှိသော အာပတ်သည် ကြိယသမုဋ္ဌာနမည်၏။ ပြုအပ်သည်ကို မပြုခြင်းကြောင့်ဖြစ်သော ပထမကထိန အာပတ်စသည်တို့သည် **အကြိယ သမုဋ္ဌာန**မည်၏။ မပြုအပ်သည်ကိုပြု ပြုအပ်သည်ကို မပြုခြင်းကြောင့် သင့်သော အာပတ်, အမျိုးမတော်သူရဟန်းမိန်းမ၏ လက်မှသင်္ကန်းကို ခံယူသဖြင့် သင့်သောအာပတ်သည် **ကြိယာကြိယသမုဋ္ဌာန**မည်၏။ ရံခါ မပြုအပ်သည်ကို ပြုခြင်းကြောင့်ဖြစ်၍ ရံခါ ပြုအပ်သည်ကို မပြုခြင်းကြောင့်ဖြစ်သော ရူပိယပဋိဂ္ဂဟဏအာပတ်မျိုးသည် **သိယာကြိယ သိယာအကြိယသမုဋ္ဌာန**မည်၏။ ရံခါမပြုအပ်သည်ကို ပြုခြင်းကြောင့်ဖြစ်၍-ရံခါ

မပြုအပ်သည်ကိုပြု၊ ပြုအပ်သည်ကိုမပြုခြင်းကြောင့်ဖြစ်သော ကုဋိကာရ အာပတ်သည် သိယာကြိယ သိယာကြိယာကြိယသမုဋ္ဌာန်မည်၏။

---

သညာ၏အစွမ်းဖြင့် ပြားသင့်သော အာပတ္တိဘေဒကို ထုတ်ပြ၍ ယင်းတို့၏ အဓိပ္ပါယ်ကို လည်း ရေးခဲ့ပါ။

သညာ၏အစွမ်းဖြင့် ပြားသင့်သော အာပတ်ကား သညာဝိမောက္ခ နောသညာဝိမောက္ခဟူ၍ နှစ်ပါးရှိပါသည်။ ထိုတွင် လွန်ကျူးလိုသော အမှတ်သညာ မရှိက လွတ်နိုင်သောအာပတ်သည် သညာဝိမောက္ခမည်၏။ လွန်ကျူးလိုသော အမှတ်သညာမရှိသော်လည်း မလွတ်နိုင်သောအာပတ်မျိုးသည် နောသညာဝိမောက္ခမည်၏။

သညာဝသေန ဒုဝိဓာဟောန္တိ သညာဝိမောက္ခာ နောသညာ ဝိမောက္ခာတိ၊ တတ္ထ ယတော ဝိတိက္ကမသညာယ အဘာဝေန မုစ္စတိ အယံ သညာဝိမောက္ခာ၊ ဣတရာ နောသညာဝိမောက္ခာ။

သညာဝသေန၊ ဖြင့်။ သညာဝိမောက္ခာ၊ ၎င်း။ နောသညာဝိမောက္ခာ၊ ၎င်း။ ဣတိ၊ သို့။ ဒုဝိဓာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တတ္ထ၊ ထိုတွင်။ ယတော၊ အကြင်အာပတ်မှ။ ဝီတိက္ကမသညာယ၊ လွန်ကျူးလိုသောသညာ၏၊ အဘာဝေန၊ မရှိခြင်းကြောင့်။ မုစ္စတိ၊ လွတ်၏။ အယံ၊ သည်။ သညာဝိမောက္ခာ၊ သည်။ ဟောတိ၊ ၏။ ဣတရာ၊ လွန်ကျူးလိုသော စေတနာမရှိသော်လည်း မလွတ်သော အာပတ်သည်။ နောသညာဝိမောက္ခာ၊ မည်၏။

❁ စိတ္တ၏အစွမ်းဖြင့် ပြားသင့်သော အာပတ္တိဘေဒကို အဓိပ္ပါယ်နှင့်တကွ ဖြေပြခဲ့ပါ။

သစိတ္တက-အစိတ္တက ဟူ၍နှစ်မျိုးရှိပါသည်၊ စိတ်ရှိ၍ ပြုခြင်းကြောင့် သင့်သောအာပတ်သည် သစိတ္တကမည်၏။ စိတ်ရှိသည်ဖြစ်စေ စိတ်မရှိသည်ဖြစ်စေ ပြုခြင်းကြောင့် သင့်သောအာပတ်သည် အစိတ္တကမည်၏။

> စိတ္တဝသေန ဒုဝိဓာဟောန္တိ သစိတ္တကာ အစိတ္တကာစာတိ တတ္ထ ယာ သစိတ္တကသမုဋ္ဌာနဝသေနေဝ သမုဋ္ဌာတိ အယံသစိတ္တကာ၊ ယာ အစိတ္တကေနဝါ သစိတ္တကေနဝါ သမုဋ္ဌာတိ အယံအစိတ္တကာ။

စိတ္တဝသေန၊ ဖြင့်။ သစိတ္တကာ၊ ၎င်း။ အစိတ္တကာ၊ ၎င်း။ ဇာတိ၊ သို့။ ဒုဝိဓာ၊ ကွဲသည်။ ဟောန္တိ၊ ကုန်၏။ တတ္ထ၊ တွင်။ ယာ၊ အကြင်အာပတ်သည်။ သစိတ္တကသမုဋ္ဌာနဝသေနေဝ၊ ကြောင့်သာလျှင်။ သမုဋ္ဌာတိ၊ ၏။ အယံ သည်။ သစိတ္တကာ၊ မည်၏။ ယာ၊ သည်။ အစိတ္တကေနဝါ၊ ကြောင့်၎င်း။ သစိတ္တကေနဝါ၊ ကြောင့်၎င်း။ သမုဋ္ဌာတိ၊ ၏။ အယံ၊ သည်။ အစိတ္တကာ၊ ၏။

---

❁ ဝဇ္ဇ၏အစွမ်းဖြင့် ပြားသင့်သော အာပတ္တိဘေဒကို အဓိပ္ပါယ်နှင့်တကွဖြေဆိုခဲ့ပါ။

လောကဝဇ္ဇ ပဏ္ဏတ္တိဝဇ္ဇဟူ၍နှစ်မျိုးရှိပါသည်၊ ထိုတွင် ပါရာဇိကစသည်တို့ကဲ့သို့ အကုသိုလ်စိတ်ဖြင့် လွန်ကျူးမှသင့်သော အာပတ်မျိုးသည် လောကဝဇ္ဇမည်၏။ ပထဝိ

ခယေန သဟာသေယျာသည်တို့ကဲ့သို့ ဘုရားရှင်ပညတ်ခြင်းကြောင့်သာ သင့်သော အာပတ်မျိုးသည် ပဏ္ဏတ္တိဝဇ္ဇမည်၏။

ဥဘယဝသေန ဒုဝိဓာ ဟောန္တိ လောကပဏ္ဏတ္တိ
ဝဇ္ဇာဝသာတိ၊ တတ္ထ ယဿာ သစိတ္တကပက္ခေ စိတ္တံ
အကုသလမေဝ ဟောတိ အယံ လောကဝဇ္ဇာ၊
သေသာ ပဏ္ဏတ္တိဝဇ္ဇာ။

ဝဇ္ဇာဝသေန၊ ဖြင့်။ လောကဝဇ္ဇာဝ၊ ရှင်း။ ပဏ္ဏတ္တိဝဇ္ဇာဝ၊ ရှင်း။ ဣတိ၊ သို့။ ဒုဝိဓာ၊ ကုန်သည်၊ ဟောန္တိ၊ ကုန်၏။ တတ္ထ၊ ထိုတွင်။ ယဿ၊ အကြင်အာပတ်အား။ သစိတ္တကပက္ခေ၊ ၌။ စိတ္တံ၊ သည်။ အကုသလမေဝသည်သာလျှင်။ ဟောတိ၊ ၏။ အယံ၊ သည်။ လောကဝဇ္ဇာ၊ မည်၏။ သေသာ၊ ကြွင်းသောအာပတ်တို့သည်။ ပဏ္ဏတ္တိဝဇ္ဇာ၊ မည်ကုန်၏။

---

ကမ္မ၏ အစွမ်းဖြင့် ပြားသင့်သောအာပတ်ဘေဒကို အဓိပ္ပါယ်နှင့်တကွ ဖြေဆိုခဲ့ပါ။

ကာယဒွါရ၌ ရောက်သိုက်သော အာပတ်မျိုးသည် ကာယကမ္မမည်၏။ ဝစီဒွါရ၌ ရောက်သိုက်သော အာပတ်မျိုးသည် ဝစီကမ္မမည်၏။ ဒွါရနှစ်မျိုးလုံး၌ သင့်ရောက်သော အာပတ်သည် ကာယကမ္မ ဝစီကမ္မမည်၏။

ကာယကမ္မ ဝစီကမ္မ တဒုဘယဝသေန တိဝိဓာ
ဟောန္တိ၊ တတ္ထ ကာယဒွါရေ အာပဇ္ဇိတဗ္ဗာ
ကာယကမ္မန္တိ ဝုစ္စတိ၊ ဝစီဒွါရေ အာပဇ္ဇိတဗ္ဗာ

ဝစီကမ္မန္တိ ဗုဒ္ဓတိ၊ ဥဘယတ္ထ အာပဇ္ဇိတဗ္ဗာ ကာယကမ္မ ဝစီကမ္မဒွါတိ။

ကာယကမ္မ ဝစီကမ္မ တဒုဘယဝသေန၊ ကာယကံ- ဝစီကံ တို့နှစ်ပါးစုံ၏အစွမ်းဖြင့်။ တိဝိဓာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တတ္ထ၊ ထိုတွင်။ ကာယဒွါရေ၊ ၌။ အာပဇ္ဇိတဗ္ဗာ၊ ရောက်အပ်သော အာပတ်ကို။ ကာယကမ္မန္တိ၊ ဟူ၍။ ဗုစ္စတိ၊ ၏။ ဝစီဒွါရေ၊ ၌။ အာပဇ္ဇိတဗ္ဗာ၊ ကို။ ဝစီကမ္မန္တိ၊ ဟူ၍။ ဗုစ္စတိ၊ ၏။ ဥဘယတ္ထ၊ ၌။ အာပဇ္ဇိတဗ္ဗာ၊ ကို။ ကာယကမ္မဒွါ၊ ဟူ၍ငင်း။ ဝစီကမ္မဒွါ၊ ဟူ၍ငင်း။ ဗုစ္စတိ၊ ၏။

---

ကာယဒွါရ၌ ဖြစ်သောအာပတ် ဝစီဒွါရ၌ ဖြစ်သော အာပတ်ဟုရှိသကဲ့သို့ မနောဒွါရ၌ဖြစ်သော အာပတ်ရှိသင့်မရှိသင့် အကြောင်းပြဖြေဆိုပါ။

မနောဒွါရေ အာပတ္တိနာမ နတ္ထိဟု ကင်္ခါဆိုသော ကြောင့် မနောဒွါရ၌ သင့်သော အာပတ်မရှိသင့်ပါ။

မနောဒွါရေ အာပတ္တိနာမ နတ္ထိ။

မနောဒွါရေ မနောဒွါရ၌။ အာပတ္တိနာမ၊ သင့်သော အာပတ် မည်သည်။ နတ္ထိ၊ မရှိ။

---

ကေစိတ္တံ ဒွိစိတ္တံ တိစိတ္တံ ဧကဝေဒနာ ဒွိဝေဒနာ တိဝေဒနာတို့၌ သင်္ချာ၏ သခင်္ချာကို ထုတ်ပြခဲ့ပါ။

ဧကစိတ္တ အကုသိုလ်စိတ်၊ ဒွိစိတ္တကုသိုလ်စိတ် အဗျာ ကတစိတ်၊ တိစိတ္တကုသိုလ် အကုသိုလ်အဗျာကတစိတ်၊ ဧကဝေဒနာ ဒုက္ခဝေဒနာ၊ ဒွိဝေဒနာ သုခဝေဒနာ,

ဥပေက္ခာဝေဒနာ၊ တိဝေဒနာ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာတို့ဖြစ်ပါသည်။

---

အနုပညတ် အမျိုးအစားကို အဓိပ္ပါယ်နှင့်တကွပေါ်ပြ၍ ဤပထမပါရာဇိကဌ် အလိုရှိအပ်သော အနုပညတ်ကိုလည်း ညွှန်းခဲ့ပါ။

အနုပညတ် အမျိုးအစားကား အာပတ်အသစ် ထပ်မံသင့်အောင်ပြုတတ်သော အနုပညတ်သည် အာပတ္တိကရအနုပညတ်မည်၏။ (အညဝါဒက သိက္ခာပုဒ်မျိုး) အာပတ်မသင့်အောင် ပြုတတ်သော အနုပညတ်သည် အနာပတ္တိကရအနုပညတ်မည်၏။ (အညတြ သုပိနန္တာ သိက္ခာပုဒ်မျိုး) မူလအာပတ်ကို မြဲအောင် ပြုတတ်သော အာပတ်မျိုးသည် အာပတ္တိ ဥပတ္ထမ္ဘကရ အနုပညတ်မည်၏။ (အဒိန္နာဒါနသိက္ခာပုဒ်မျိုး) ဤ၌ အာပတ္တိ ဥပတ္ထမ္ဘကရ အနုပညတ်ကိုသာ အလိုရှိပါသည်။

အနုပညတ္တိစ နာမေသာအာပတ္တိကရာစ ဟောတိ
အညဝါဒက သိက္ခာပဒါဒီသုဝိယ အနာပတ္တိစ
အညတြ သုပိနန္တာတိအာဒိကာသုဝိယ အာပတ္တိ
ဥပတ္ထမ္ဘကရာ စ အဒိန္နာဒါနာဒီသုဝိယ ဣဓ ပန
ဥပတ္ထမ္ဘကရာတိ ဝေဒိတဗ္ဗာ။

ဧသာစ အနုပညတ္တိနာမ၊သည်။ အာပတ္တိကရာစ၊ အာပတ်သင့်ခြင်းကိုပြုတတ်သည်လည်း၊ဟောတိ၊ ၏။ အညဝါဒကသိက္ခာပဒါဒီသု

ဝိယ၊ ကုဋ္ဌကဲ့သို့တည်း။ အနာပတ္တိကရာစ၊ အာပတ် မသင့်အောင် ပြုအပ်သည်လည်း။ ဟောတိ၊ ၏။ အညတြသုပိနန္တာတိ အာဒိကာဝိယ၊ တည်း။ အာပတ္တိဥပတ္ထမ္ဘကရာစ၊ မူလပညတ်ကိုမြဲအောင် ပြုတတ်သည် လည်း။ ဟောတိ၊ ၏။ အဒိန္နာဒါနာဒိသုဝိယ၊ တည်း။ ဣမာပန၊ ဤသိက္ခာ ပုဒ်သည်ကား။ ဥပတ္ထမ္ဘကရာတို့၊ မြဲမြံခြင်းကိုပြုတတ်၏၊ ဟူ၍။ ဝေဒိတဗ္ဗာ၊ ၏။

---

မဟာသရီရဝယ် မေထုန် သေဝနအမှုကို ပြုက သင့်ရောက်သော အာပတ်စုံကို ကထာလာသည့်အတိုင်း ဖော်ပြခဲ့ပါ။

ငှက်များ တဝက်စားသည့်မှစ၍ အလွန် မပုပ်သေးသော မဟာသရီရ၌ သေဝနအမှုကို ပြုက ထုလ္လစ္စည်း အာပတ်သင့်ပါသည်။ အလွန်ပုပ်က ဒုက္ကဋ်အာပတ်သင့် ပါသည်။ ဟင်းလင်းပွင့်သော ခံတွင်း၌ အာခေါက်နှင့် နံဘေးလေးဘက်ကို မထိစေဘဲ အင်္ဂါဇာတ်ကို သွင်းက ဒုက္ကဋ်အာပတ်သင့်ပါသည်။ အပြင်ဘက်သို့ ထွက်သော လျှာနှင့်သွားတို့ကို လုလ္လပြုက ထုလ္လစ္စည်းအာပတ် သင့် ပါသည်။ နှုတ်ခမ်းအပြင်သို့ကျသော သွားတစ်ကို လုလ္လ ပြုက ဒုက္ကဋ်အာပတ်သင့်ပါသည်။

မဟာသရီရေ နိမိတ္တေ ဥပကစ္ဆကာယိတတော
ပဋ္ဌာယ ယာဝ နကုထိတံ ဟောတိ တာဝ
ထုလ္လစ္စယံ၊ ကုထိတေ ဒုက္ကဋံ၊ တထာ ဝိဝဋကတေ
မုခေ အင်္ဂုလိပဝိဋ္ဌံ အင်္ဂဇာတံ ပဝေသန္တဿ
ဒုက္ကဋံ၊ ဩဋ္ဌတော ဗဟိ နိက္ခန္တဇိဝှါယ ဝါ ဒန္တေ

သုဝါ ထုလ္လစ္စယံ၊ နိမိတ္တတော ဗဟိ ပတိတမံသ ပေသိယံ ဒုက္ကဋံ။

မတသရီရနိမိတ္တေ၊ သူသေကောင်၏နိမိတ်၌။ ဥပကုက္ခာယိတတော၊ မြွေခွေးတို့သကာင်ကိုစားသည်မှ။ ပဋ္ဌာယ၊ စ၍။ ယာဝ၊ လောက်။ ကုထိတံ၊ ကျိုက်ကျိုက်ဆူသည်။ နဟောတိ၊ မဖြစ်သေး။ တာဝ၊ လောက် ထုလ္လစ္စယံ၊ သည်၊ ဟောတိ၊ ၏။ ကုထိတေ၊ သည်။ သတိ၊ သော်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဝိဝဋကတေ၊ ဟင်းလင်းပွင့်သော။ မုခေ၊ ခံတွင်း၌။ အစ္ဆုပ္ပန္တံ၊ မထိစေမူ၍။ အင်္ဂဇာတံ၊ ကို။ ပဝေသန္တဿ၊ သွင်းသောရဟန်း အား။ တထာ၊ တူ။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဩဋ္ဌတော၊ နှုတ်ခမ်းမှ။ ဗဟိ၊ သို့။ နိက္ခန္တဇိဝှါယပိ၊ ထွက်သောလျှာ၌လည်း။ ဒန္တေသု ဝါ၊ သွားတို့ ၌လည်း။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏။ နိမိတ္တတော၊ မှ။ ဗဟိ၊ သို့။ ပတိတ မံသပေသိယံ၊ ကျသောအသားဆိုင်၌။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

---

(မေး) မေထုနရာဂဖြင့် မိမိတို့ဂါမကိုယ်ကို ကိုင်တွယ် သုံးသပ်ရာ၌ မည်သည့်အာပတ်သင့်သည်ကို ဖြေဆိုခဲ့ပါ။

မေထုနရာဂဖြင့် ကိုင်တွယ်သုံးသပ်လျှင်ဒုက္ကဋ်အာပတ် သင့်ပါသည်။

မေထုနရာဂေန ကာယသံသဂ္ဂေ ဒုက္ကဋံ။

မေထုနရာဂေန၊ မေထုနရာဂဖြင့်။ ကာယသံသဂ္ဂေ၊ ကိုယ်လက် နှီးနှောခြင်းကြောင့်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

---

(မေး) ပဌမပါရာဇိက၏ နိဒါန်း၊ ပုဂ္ဂိုလ်၊ ဝတ္ထုတို့ကို ညွှန်းခဲ့ပါ။

ပထမပါရာဇိကာ၌ နိဒါန်းကား ဝေသာလီ ပြည်တည်း။ ပုဂ္ဂိုလ်ကား ရှင်သုဒိန္နထေရ်တည်း။ ဝတ္ထုကား မေထုန်ဝီတိက္ကမတည်း။

ဝေသာလိယံ သုဒိန္နံ အာရဗ္ဘ မေထုန ဝီတိက္ကမနေ ဝတ္ထုသ္မိံ ပညတ္တံ။

ဝေသာလိယံ၊ ဝေသာလီပြည်၌။ သုဒိန္နံ၊ သုဒိန္နထေရ်ကို။ အာရဗ္ဘ၊ စွဲ၍။ မေထုနဝီတိက္ကမနေ၊ မေထုန်လွန်ကျူးခြင်းတည်းဟူသော ဝတ္ထုသ္မိံ၊ ဝတ္ထုကြောင့်။ ပညတ္တံ၊ ပညတ်အပ်၏။

---

ပထမပါရာဇိကာ၌ လွတ်နိုင်ခွင့်ရှိသော ပုဂ္ဂိုလ်တို့ကို ဖော်ပြခဲ့ပါ။

သူတပါး ပြုကျင့်သည်ကို မသိသောရဟန်း၊ မသာယာသော ရဟန်း၊ ဗဒ္ဓသည်းခြေ ပေါက်၍ ရူးသွပ်သောရဟန်း၊ စိတ်ပျံ့လွင့်သောရဟန်း၊ ဝေဒနာနှိပ်စက်ခံရသောရဟန်း၊ သိက္ခာပုဒ်ကို ဦးစွာ လွန်ကျူးသော ရဟန်းတို့အား ဤပထမပါရာဇိကမှ လွတ်နိုင်ပါသည်။

အဇာနန္တဿ အသာဒိယန္တဿ ဥမ္မတ္တကဿ ခိတ္တစိတ္တဿ ဝေဒနာဋ္ဋဿ အာဒိကမ္မိကဿ အနာပတ္တိ။

အဇာနန္တဿ၊ မသိသော ရဟန်းအားလည်းကောင်း၊ အသာဒိယန္တဿ၊ မသာယာသော ရဟန်းအားလည်းကောင်း၊ ဥမ္မတ္တကဿ၊ ရူးသော ရဟန်းအားလည်းကောင်း။ ခိတ္တစိတ္တဿ၊ ပျံ့လွင့်သော စိတ်ရှိသော ရဟန်းအားလည်းကောင်း။ ဝေဒနာဋ္ဋဿ၊ ဝေဒနာနှိပ်စက်ခံရသော ရဟန်းအားလည်းကောင်း၊ အာဒိကမ္မိကဿ၊ ဦးစွာ ပထမ လွန်ကျူးသော ရဟန်းအားလည်းကောင်း။ အနာပတ္တိ၊ အာပတ်မသင့်။

⬤ ပဌမပါရာဇိကာ၏ အင်္ဂါစုကို ဖော်ပြခဲ့ပါ။

ပဌမပါရာဇိကာ၏ အင်္ဂါများကား မှီဝဲလိုသောစိတ်ရှိခြင်း၊ မဂ်တခု၌ တခုကိုသွင်းခြင်းအားဖြင့် နှစ်ပါးဖြစ်ပါသည်။

> တဿာ ဒွေ အင်္ဂါနိ သေဝနစိတ္တဉ္စ မဂ္ဂေန မဂ္ဂပဋိပါဒနဉ္စာတိ။

တဿ၊ ထိုပဌမပါရာဇိကာအာပတ်၏။ အင်္ဂါနိ၊ တို့သည်။ သေဝနစိတ္တဉ္စ၊ မှီဝဲလိုသောစိတ်ရှိခြင်း။ မဂ္ဂေန၊ မဂ်တခု၌ (သတ္တမျက္ခန္ဓတက်သော သက်ထားသည်) မဂ်တခုကိုထည့်ခြင်း၊ ဣတိ၊ သို့။ ဒွေ၊ နှစ်ပါးတည်း။

ပဌမပါရာဇိကာ ပြီး၏။

---

## ဒုတိယပါရာဇိကာ

⬤ ဒုတိယပါရာဇိကာ၌ ဂါမာဝါ, အရညာဝါဟု ဟောတော်မူရာ၌ ဂါမ, ဂါမူပစာရ အရည, ဃရ, ဃရူပစာရအရပ်တို့ကို အသီးသီးပိုင်းခြားခဲ့ပါ။

ထိုရွာ၌ စည်းရိုးစသော အကာအရံရှိလျှင် ထိုအကာအရံအတွင်းသည် ဂါမ မည်၏။ အကာအရံ မရှိလျှင် အဆုံးစွန်သောအိမ်၏ ဥပစာမှနေ၍ ပစ်အပ်သော ခဲ၏ ကျရာအရပ်အတွင်းသည် ဂါမ မည်၏။ ဤကား ဂါမ၏ အပိုင်းအခြားတည်း။ အကာအရံရှိလျှင် ထိုရွာစည်းရိုး၏ အလယ်တည့်တည့်မှ ခဲတလုံးကို တအားပစ်သည့်အခါ ကျရာအရပ်အတွင်းသည် ဂါမူပစာရမည်၏။ အကာအရံ

မရှိလျှင် ဂါမသိုက်သောအရပ်မှ တဆင့် ပစ်အပ်သော ခဲ၏ကျရာအရပ်အတွင်းသည် ဂါမူပစာရမည်၏။ ဂါမ, ဂါမူပစာရတွင် မပါဝင်သောအရပ်သည် အရညမည်၏။ တံစက်မြိတ်မှ ရေကျရာအရပ်သည် ဃရ မည်၏။ ထိုအိမ်၏ အဝင်းကိုရင်း၊ အကာအရံ မရှိလျှင် အိမ်တအိမ်၌နေ၍ အိမ်သူသက်ထားဇနီးမယားက သွန်လိုက်သော ရေ-ဗန်းစသည်တို့ ကျရာအရပ်ကိုရင်းဃရူပစာရ ဟု ခေါ်ပါသည်။

---

မှတ်ချက်။ ဂါမဖြင့် ရွာသာမက နိဂမနဂရတို့ကိုလည်း ယူရမည်။ ထို့ပြင် မြို့ရိုးမရှိ၊ ဈေးသာရှိ၊ နိဂမအမည်ပေး။ မြို့ရိုးဈေးနှာ ရှိလေရာ၊ မြို့သာအမည်ပေး။ မြို့ရိုးဈေးမှာ မရှိပါ၊ ဂါမာ အမည်ပေးဟု လင်္ကာအတိုင်းနိဂမ နဂရ ဂါမတို့ကို ခွဲခြား သိတတ်ပါစေ။

---

ဘုရားရှင်သည် ဂါမာဝါ အရညာပါဟု ဟောတော်မူသောကြောင့် အခြားဃရ ဃရူပစာရ ဂါမူပစာရတို့မှ ခိုးယူလျှင် လွတ်နိုင်မလွတ်နိုင် ဖြေဆိုခဲ့ပါ။

ဒေသနာသီသအားဖြင့် ဂါမာဝါ အရညာဝါဟု ဆိုသောကြောင့် ထိုဃရ- ဃရူပစာရ ဂါမူပစာရ တို့မှ ယူလျှင်လည်း မလွတ်နိုင်ပါ။

ဒေသနာမတ္တမေဝ စေတံ ဂါမာဝါ အရညာ ဝါတိ။

ဂါမာဝါ အရညာဝါတိ ဧတံ၊ ဟူသော စကားသည်။ ဒေသနာ မတ္တမေဝ စ၊ ဒေသနာမျှသာတည်း။

---

ဤဒုတိယ ပါရာဇိကဌ် ရာဇာနော'အရ အဘယ် မင်းကို ရည်ရွယ်၍ ဆိုပါသနည်း။

ရာဇာနောအရ ဗိမ္ဗိသာရမင်းကို ရည်ရွယ်၍ ဆိုပါသည်။

ရာဇာနောတိ ဣဒံ ဗိမ္ဗိသာရံယေဝ သန္ဓာယ ဝုတ္တံ။

ရာဇာနောတိဣဒံ၊ဟူသော၅စကားသည်။ ဗိမ္ဗိသာရံယေဝ၊ ဗိမ္ဗိသာရ လျှင်။သန္ဓာယ၊ရည်ရွယ်၍၊ ဝုတ္တံ၊ဆိုအပ်၏။

---

အဒိန္နာဒါနမာနောဌ် တန်ဘိုးအလိုက်အာပတ် ကွဲပုံကို စေ့စုံစွာ ဖော်ပြခဲ့ပါ။

တပဲ တပဲအောက်ယူလျှင် ဒုက္ကဋ်၊ တပဲအထက် ငါးပဲ အောက်ယူလျှင် ထုလ္လစ္စည်း၊ ငါးပဲထက် ကျော်လျှင် ပါရာဇိက အာပတ်သင့်ပါသည်။

အာဒိယန္တဿ မာသကေဝါ ဦနမာသကေဝါ ဒုက္ကဋံ အတိရေကမာသကေဝါ ဦနပဉ္စမာသ ကေဝါ ထုလ္လစ္စယံ ပဉ္စမာသကေဝါ အတိရေက ပဉ္စမာသကေဝါ ပါရာဇိကံ။

မာသကေဝါ၊ တပဲသောဥစ္စာကိုရင်း။ဦနမာသကေဝါ၊တပဲအောက် ယုတ်သောဥစ္စာကိုရင်း။အာဒိယန္တဿ၊ယူသောရဟန်းအား။ ဒုက္ကဋံ၊

သည်၊ ဟောတိ၊ ၏။ အတိရေကမာသကေဝါ၊ တလသက် လွန်သော ဥဿာ၌ရှင်း။ ဦနပဥ္စမာသကေဝါ၊ ငါးလအောက်ယုတ်သောဥဿာ၌ရှင်း။ ထုလ္လစ္စယံ၊ သည်၊ ဟောတိ၊ ၏။ ပဥ္စမာသကေဝါ၊ ငါးလသောဥဿာ၌ရှင်း၊ အတိရေကပဥ္စမာသကေဝါ၊ ငါးလသက်လွန်သော ဥဿာ၌ရှင်း။ ပါရာဇိကံ၊ သည်၊ ဟောတိ၊ ၏။

---

၏ ထေန, ထေယျ, ထေယျသင်္ခါတတို့၏ အရကို အသင်းသိးကောက်ပြ၍ ခိုးခြင်းကြီးနှစ်ဆဲ့ငါးပါးကိုလည်း သိသာချုံ၍ ရေတွက်ပြပါ။

ထေန အရကား ခိုးသူဖြစ်ပါသည်။ ခိုးယူကြောင်း ဖြစ်သော စိတ်ကား ထေယျ-ထေယျသင်္ခါတအရ ဖြစ်ပါသည်။ ခိုးခြင်းကြီး နှစ်ဆဲ့ငါးပါးကား နာနာဘဏ္ဍပဉ္စက ဧကဘဏ္ဍပဉ္စက, သာဟတ္ထိကပဉ္စက, ပုဗ္ဗပယောဂပဉ္စက ထေယျာဝဟာရပဉ္စကတို့ ဖြစ်ပါသည်။

ထေနောတိစောရော ထေနသ ဘာဝေါ ထေယျံ၊
အဝဟရဏ စိတ္တဿေတံနာမံ၊ ပဉ္စပဉ္စကာနံ နာမ
နာနာဘဏ္ဍပဉ္စကံ ဧကဘဏ္ဍပဉ္စကံ သာဟတ္ထိက
ပဉ္စကံ ပုဗ္ဗပယောဂပဉ္စကံ ထေယျာဝဟာရ ပဉ္စ
ကန္တိ။

ထေနောတိ၊ ဟူသည်ကား။ စောရော၊ ခိုးသူတည်း။ ထေနဿ၊ ခိုးတတ်သောသူ၏။ ဘာဝေါ၊ အဖြစ်တည်း။ ထေယျံ၊ ခိုးတတ်သော သူ၏အဖြစ်ဟူ၍ ထေယျံဟူသောအမည်သည်။ အဝဟရဏစိတ္တဿ၊ ခိုးလိုသောစိတ်၏၊ နာမံ၊ အမည်တည်း။ ပဉ္စပဉ္စကာနိနာမ၊ ငါးပါး-ငါးပါးသော ပဉ္စကတို့မည်သည်၊ နာနာဘဏ္ဍပဉ္စကံ၊ ရှင်း။ လ။ ထေယျာဝဟာရပဉ္စကံ၊ ရှင်း ဇာတိဇရမေ၍သည်တို့တည်း။

နာနာဘဏ္ဍပဉ္စက သရုပ်ကို ဖော်ပြပြီးလျှင် ယင်း နာနာဘဏ္ဍပဉ္စက နှင့် ဧကဘဏ္ဍပဉ္စကတို့အား သဝိညာဏက-အဝိညာဏက ခွဲခြားပြခဲ့ပါ။

အာဒိယန, ဟရဏ, အဝဟရဏ, ဣရိယာပထ ဝိကောပန, ဌာနာစဝနတို့သည် နာနာဘဏ္ဍ ပဉ္စက ဖြစ်ပါသည်။ ယင်း နာနာဘဏ္ဍပဉ္စကသည် သဝိညာဏက, အဝိညာဏက ဘဏ္ဍာ နှစ်မျိုးလုံးနှင့် သက်ဆိုင်ပါသည်။ ဧကဘဏ္ဍပဉ္စကကား သဝိညာဏက ဘဏ္ဍာ တခုနှင့်သာ သက်ဆိုင်ပါသည်။

အာဒိယေယျ ဟရေယျ အဝဟရေယျ ဣရိယာ
ပထံ ဝိကောပေယျ ဌာနာစာဝေယျာတိ ဣမေသံ
ပဒါနံ ဝသေန လဒ္ဓေါ်၊ တတ္ထ နာနာဘဏ္ဍ
ပဉ္စကံ သဝိညာဏကာဝိညာဏကဝသေန ဒဋ္ဌဗ္ဗံ။

အာဒိယေယျ ဟရေယျ အဝဟရေယျ ဣရိယာပထံ ဝိကောပေယျ ဌာနာစာဝေယျာတိ ဣမေသံပဒါနံ၊ တို့၏။ ဝသေန၊ အစွမ်းဖြင့်။ လဒ္ဓေါ်၊ ရအပ်ကုန်၏။ တတ္ထ၊ ထိုနှစ်ပါးသော နာနာဘဏ္ဍပဉ္စက ဧကဘဏ္ဍပဉ္စကတို့တွင်။ နာနာဘဏ္ဍပဉ္စကံ၊ ကို။ သဝိညာဏကာဝိညာဏကဝသေန၊ ဖြင့်။ ဒဋ္ဌဗ္ဗံ၊ ၏။ ဣတရံ၊ တပါးသော ဧကဘဏ္ဍပဉ္စကကို၊ သဝိညာဏကဝသေနေဝ၊ ဖြင့်လျှင်။ ဒဋ္ဌဗ္ဗံ၊ ၏။

ဧကဘဏ္ဍပဉ္စက, သာဟတ္ထိကပဉ္စက, ပုဗ္ဗပယောဂပဉ္စက, ထေယျာဝဟာရပဉ္စကတို့၏ သရုပ်ကို သေချာစွာ ထုတ်ဆိုခဲ့ပါ။

ကောသလ္လပဉ္စက၏သရုပ်ကား– အာဒိယန ဟရဏ အဝဟရဏ ဣရိယာပထဝိကောပန ဌာနာစာဝနတို့ ဖြစ်ပါသည်။

သာဟတ္ထိကပဉ္စက၏သရုပ်ကား–သာဟတ္ထိက အာဏတ္တိက နိဿဂ္ဂိယ အတ္ထသာဓက ဓုရနိက္ခေပတို့ ဖြစ်ပါသည်။

ပုဗ္ဗပယောဂ ပဉ္စကသရုပ်ကား–ပုဗ္ဗပယောဂ သဟပယောဂ သံဝိဓာဝဟာရ သင်္ကေတကမ္မ နိမိတ္တကမ္မတို့ ဖြစ်ပါသည်။

ထေယျာဝဟာရပဉ္စကသရုပ်ကား- ထေယျာဝဟာရ ပသယှာဝဟာရ ပရိကပ္ပါဝဟာရ ပဋိစ္ဆန္နာဝဟာရ ကုသာဝဟာရတို့ဖြစ်ပါသည်။

> ကတမံ သာဟတ္ထိက ပဉ္စကံ၊ သာဟတ္ထိကော အာဏတ္တိကော နိဿဂ္ဂိယော အတ္ထသာဓကော ဓုရနိက္ခေပေါတိ၊ ကတမံ ပုဗ္ဗပယောဂပဉ္စကံ ပုဗ္ဗပယောဂေါ သဟပယောဂေါ သံဝိဓာဝဟာရော သင်္ကေတကမ္မံနိမိတ္တကမ္မန္တိ။ကတမံထေယျာဝဟာရ ပဉ္စကံထေယျာဝဟာရော ပသယှာဝဟာရော ပရိကပ္ပါဝဟာရော ပဋိစ္ဆန္နာဝဟာရော ကုသာဝဟာရောတိ။

သာဟတ္ထိကပဉ္စကံ၊သည်။ ကတမံ၊နည်း။ သာဟတ္ထိကော၊၎င်း။လ။ ဣတိဣမေ၊ တို့တည်း။ ပုဗ္ဗပယောဂပဉ္စကံ၊သည်။ ကတမံ၊နည်း။လ။ ကုသာဝဟာရော၊၎င်း။ ဣတိဣမေ၊ဤသည်တို့တည်း။

သူတပါး၏ အရာမ်ကို မိမိအရာမ်ဖြစ်ရန် တရားစွဲဆိုသောရဟန်းအား သင့်နိုင်သော အာပတ်စုကို ဖေါ်ပြခဲ့ပါ။

တရားစွဲဆိုလျှင် ဒုက္ကဋ်အာပတ်၊ ပိုင်ရှင်ဖြစ်သူက ရမှ ရပါတော့မလားဟု ယုံမှားဖြစ်ခဲ့လျှင်ထုလ္လစ္စည်းအာပတ်၊ ပိုင်ရှင်က မရတော့ပါဘူး ဟု ဆုံးဖြတ်ချက် ချခဲ့လျှင် ပါရာဇိက အာပတ်သင့်ပါသည်။

> အာရာမံ အဘိယုဉ္ဇတိ အာပတ္တိ ဒုက္ကဋဿ၊ သာမိကဿ ဝိမတိံ ဥပ္ပါဒေတိ အာပတ္တိ ထုလ္လစ္စယဿ၊ သာမိကော န မယှံ ဘဝိဿတီတိ ဓုရံ နိက္ခိပတိ အာပတ္တိ ပါရာဇိကဿ။

အာရာမံ၊ အရာမ်ကို။ အဘိယုဉ္ဇတိ၊ တရားစွဲစွဲ၏။ ဒုက္ကဋဿ၊ သော။ အာပတ္တိ၊ သည်။ အဿဘာဝေယျ၊ ၏။ သာမိကဿ၊ ၏။ ဝိမတိံ၊ ယုံမှားခြင်းကို။ ဥပ္ပါဒေတိ၊ ဖြင်စေအံ့။ ထုလ္လစ္စယဿ၊ အာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏၊ သာမိကော၊ သည်။ မယှံ၊ ၏။ သန္တကော၊ ဥစ္စာသည်။ နဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ သို့။ ဓုရံ၊ ဝန်ကို။ နိက္ခိပတိ၊ ချအံ့။ အာပတ္တိပါရာဇိကဿ။

---

ဟရဏ ခိုးခြင်းမျိုး၌ သက်ဆိုင် ပါဝင်နိုင်သော အာပတ်တို့ကို ထုတ်ပြခဲ့ပါ။

သူတပါး၏ဥစ္စာကို ယူလိုသောသဘောဖြင့် ဦးခေါင်းပေါ်သို့တင်၍ သုံးသပ်အံ့ဒုက္ကဋ်၊ လှုပ်ရှားစေအံ့ ထုလ္လစ္စည်း။ ပခုံးပေါ်သို့တင်အံ့ ပါရာဇိက အာပတ် သင့်ပါသည်။

အညဿ ဘဏ္ဍံ ဟရန္တော သီသေ ဘာရံ ထေယျ
စိတ္တော အာမသတိ ဒုက္ကဋံ၊ ဖန္ဒာပေတိ ထုလ္လစ္စယံ၊
ခန္ဓံ ဩရောပေတိ ပါရာဇိကံ။

အညဿ၊ သူတပါး၏။ ဘဏ္ဍံ၊ ကို။ ဟရန္တော၊ ဆောင်သော ရဟန်းသည်။ သီသေ၊ ဦးခေါင်း၌။ ဌိတံ၊ သော။ ဘာရံ၊ ဝန်ကို။ ထေယျစိတ္တော၊ ခိုးလိုသောစိတ်ရှိသည်ဖြစ်၍၊ အာမသတိ၊ သုံးသပ်အံ့။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဖန္ဒာပေတိ၊ တုန်လှုပ်စေအံ့။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏။ ခန္ဓံ၊ ပခုံးသို့၊ ဩရောပေတိ၊ ချအံ့။ ပါရာဇိကံ၊ သည်။ ဟောတိ၊ ၏။

---

● သူတပါးပစ္စည်းကို ယူရာ၌ ဌာနာ စဝနအား လျော်စွာ ဖြစ်သင့်သော အာပတ်စုကို ဖော်ပြခဲ့ပါ။

ခိုးလိုသည့် သဘောဖြင့် ပစ္စည်းကို ကိုင်တွယ် သုံးသပ်လျှင် ဒုက္ကဋ်၊ လှုပ်ရှားစေလျှင် ထုလ္လစ္စည်း၊ တည်ရာဌာနမှ ရွေ့လျောစေပါက ပါရာဇိက အာပတ် သင့်ပါသည်။

ထေယျစိတ္တော အာမသတိ ဒုက္ကဋံ၊ ဖန္ဒာပေတိ
ထုလ္လစ္စယံ၊ ဌာနာ စာဝေတိ ပါရာဇိကံ။

ထေယျစိတ္တော၊ ခိုးယူလိုသောစိတ်ရှိသည်ဖြစ်၍။ အာမသတိ၊ သုံးသပ်အံ့။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဖန္ဒာပေတိ၊ အံ့။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏။ ဌာနာ၊ တည်ရာမှ။ စာဝေတိ၊ ရွေ့စေငြားအံ့။ ပါရာဇိကံ၊ သည်။ ဟောတိ၊ ၏။

နိဿဂ္ဂိယ ခိုးခြင်းနှင့် အဏ္ဏသာဝကေ ခိုးခြင်းတို့၏ အဓိပ္ပါယ်ကို ပေါ်လွင်စွာ ရေးခဲ့ပါ။

အခိုးရတို့ ဒခွန် ကောက်ရာ ဌာနနှင့် ခိုးရာအရပ်၏ အတွင်းမှ နေ၍ အပြင်သို့ တစုံတခုသော ဥစ္စာပစ္စည်းကို ပစ်၍ခြင်းဖြင့် ခိုးယူခြင်းမျိုးကို နိဿဂ္ဂိယ ခိုးခြင်းမျိုးဟုဆိုပါသည်။ ဤအမည်ရှိသော သူ၏ ဘဏ္ဍာကို ယူနိုင်ကချောင်သလို ကြည့်ပြီး ယူခဲ့ပါလော့ ဟုဆိုသည့်အတိုင်း ခိုးယူမှုကို အဏ္ဏသာဝကေဟု ခေါ်ပါသည်။

နိဿဂ္ဂိယောနာမ သုင်္ကဃာတက ပရိကပ္ပိတော
ကာသာနံ အန္တော ဌတွာ ဗဟိပါတနံ၊ အဏ္ဏသာ
ဝကောနာမ အသုကဿ ဘဏ္ဍံ ယဒါ သက္ကော
တိ တဒါတံ အဝဟရာတိ အညံ အာဏာပေတိ။

နိဿဂ္ဂိယောနာမ၊ မည်သည်။ သုင်္ကဃာတကပရိကပ္ပိတော ကာသာနံ၊ ကင်းထားရာ အရပ် ကြံစည်ရာအရပ်တို့၏။ အန္တော၊ ၌။ ဌတွာ၊ ၍။ ဗဟိပါတနံ၊ အပြင်အပသို့ ချပိုက်ခြင်းတည်း။ အဏ္ဏသာဝကောနာမ၊ မည်သည်။ အသုကဿ၊ ဤမည်သောသူ၏၊ ဘဏ္ဍံ၊ ကို။ ယဒါ၊ ၌၊ သက္ကောတိ၊ နိုင်၏။ တဒါ၊ ၌၊ တံ၊ ထိုဘဏ္ဍာကို။ အဝဟရ၊ လော့။ ဣတိ၊ သို့။ အညံ၊ ကို။ အာဏာပေတိ၊ စေခိုင်း၏။

---

သူတပါး၏ ဥစ္စာကို စေခိုင်း၍ ခိုးရာ၌ ခိုင်းသူ ရဟန်းမှာ မည်သည့် အချိန်ကစ၍ အာပတ်သင့်သည်ကို ဖြေဆို၍၊ သူတပါး၏ ဆိတ်အိုးထဲ၌ ဘိနပ် စသည်တို့ကို

ချသော ရဟန်းအားလည်း သင့်ရောက်သော အာပတ်
ကို ဆိုပြပါ။

နိုးသော ရဟန်းသည် လွတ်ကင်းစွာဖြင့် နိုင်းစေ
သောရဟန်း၏ ပြောကြားသည့်အတိုင်း အထမြောက်
အောင်မြင် သွားပါက နိုင်းစဉ်ကပင် ပါရာဇိကသို့
ရောက်ပါသည်။ ဆိုအပ်သည့် တမတ် ထိုက်တန်လျှင်
ဘဏ္ဍာကို ချသောရဟန်းသည် လက်မှလွတ်ကာမျှဖြင့်ပင်
ပါရာဇိကာသို့ ရောက်ပါသည်။

တတ္ထ သစေ ပရော အနန္တရာယိကော ဟုတွာ
တံ အာဟရတိ အာဏာပကဿ အာဏတ္တိက္ခ
ဏေယေဝ ပါရာဇိကံ၊ ပရဿဝါ ပန တေလ
ကုမ္ဘိယာ ပါဒဂ္ဃနက တေလံ အဝသ္သံ ဝိဝနကာနိ
ဥပါဟနာဒီနိ ပက္ခိပတိ ဟတ္ထတော မုတ္တမတ္တေ
ယေဝ ပါရာဇိကံ။

တတ္ထ၊ ထိုသို့စေနိုင်းရာ၌။ ပရော၊စေအပ်သောသူသည်၊ အနန္တရာ
ယိကော၊ အန္တရာယ် မရှိသည်။ ဟုတွာ၊ ၍။ တံ၊ ထိုဘဏ္ဍာကို။
သစေအာဟရတိ၊ ဒွဲ၏။ အာဏာပကဿ၊ နိုင်းစေတတ်သော ရဟန်း
အား။ အာဏတ္တိက္ခဏေယေဝ၊ စေနိုင်းသောခဏ၌ပင်လျှင်။ ပါရာ
ဇိကာ၊ သည်။ ဟောတိ၊ ၏။ ပရဿဝါ ပန၊ သူတပါး၏ မှုလည်း။
တေလကုမ္ဘိယာ၊ ဆီအိုး၌။ ပါဒဂ္ဃနက၊ တမတ်ထိုက်သော။ တေလံ၊
ဆီကို။ အဝသ္သံ၊ မချွတ်။ ဝိဝနကာနိ၊ သောက်တတ် ကုန်သော။
ဥပါဟနာဒီနိ၊ ဘိနပ်စသည်တို့ကို။ ပက္ခိပတိ၊ ချအံ့။ ဟတ္ထတော၊
မှ။ မုတ္တမတ္တေယေဝ၊လွတ်ကာမျှ၌လျှင်။ပါရာဇိကံ၊ သည်။ဟောတိ၊၏။

● မမှန်ကန်သော တင်း တောင်း ချိန်ခွင် ပိုက်ဆံ တို့ဖြင့် လူလယ်လုပ်ကာ လှည့်ပတ်ဖြားယောင်း၍ ခိုးယူခြင်းမှာ မည်သည့်ခိုးခြင်းမျိုး ဖြစ်ပါသနည်း။

ခိုးခြင်း နှစ်ဆဲ့ငါးပါးတို့တွင်ထေယျာဝဟာရခိုးခြင်းမျိုးဖြစ်ပါသည်။

---

● ဒုတိယ ပါရာဇိက၏ နိဒါန်းပုဂ္ဂိုလ် ဝတ္ထုတို့ကို ညွှန်း၍ အနုပညတ်ကိုလည်း ထုတ်ဆိုခဲ့ပါ။

နိဒါန်း-ရာဇဂြိုဟ်ပြည်၊ ပုဂ္ဂိုလ်-ဓနိယထေရ်၊ ဝတ္ထု-ဗိမ္ဗိသာရ မင်းကြီး၏ သစ်တော်ကို ခိုးယူမှု၊ အနုပညတ်ကား ဂါမာဝါ အရညာဝါ ဖြစ်ပါသည်။

ရာဇဂဟေ ဓနိယတ္ထေရံ အာရဗ္ဘ ရညော ဒါရုနိ
အဒိန္နံ အာဒိယန ဝတ္ထုသ္မိံ ပညတ္တံ၊ ဂါမာဝါ
အရညာဝါတိ အယမေတ္ထ အနုပညတ္တိ။

ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ဓနိယတ္ထေရံ၊ ကို။ အာရဗ္ဘ၊ ၍။ ရညော၊ ၏။ ဒါရုနိ၊ သစ်တို့ကို။ အဒိန္နံ၊ အရှင်မပေးဘဲ။ အာဒိယန ဝတ္ထုသ္မိံ၊ ခိုးယူသောဝတ္ထုကြောင့်။ ပညတ္တံ၊ မူ၏။ ဂါမာဝါ အရညာ ဝါတိအယံ၊ ဟူသော၍ပညတ်သည်။ ဧတ္ထ၊ ၌ဒုတိယပါရာဇိကာ၌။ အနုပညတ္တိ၊ တည်း။

---

● ဒုတိယ ပါရာဇိက၏ အကြောင်း အင်္ဂါ တို့ကို ပေါ်ပြ၍၊ ထိုသိက္ခာပုဒ်မှ လွတ်နိုင်ခွင့်ရှိသော ပုဂ္ဂိုလ် တို့ကိုလည်း ပေါ်ပြခဲ့ပါ။

အကြောင်းအင်္ဂါများကား–လူ့စာတ်ရှိသော တပါးသူ၏ သိမ်းဆည်းထားသောဥစ္စာဖြစ်ခြင်း၊ သူတပါး သိမ်းဆည်းထားသည်ဟု အမှတ်ရှိခြင်း၊ ပါရာဇိကလောက်သော ဥစ္စာဖြစ်ခြင်း၊ ခိုးယူလိုသော စိတ်ရှိခြင်း၊ ခိုးခြင်းနှင့်ဆယ့်ငါးပါးတွင် တပါးပါးဖြင့်ခိုးယူခြင်း တို့ဖြစ်ပါသည်။

ဒုတိယ ပါရာဇိကာမှလွတ်နိုင်သောပုဂ္ဂိုလ်များကား မိမိဥစ္စာဟုထင်မှတ်၍ ယူသောပုဂ္ဂိုလ်၊ ချစ်ကျွမ်းဝင်၍ ယူသောပုဂ္ဂိုလ်၊ တခဏမျှယူသောပုဂ္ဂိုလ်၊ ပြိတ္တာများ သိမ်းဆည်းထားသော ဥစ္စာကိုယူသောပုဂ္ဂိုလ်၊ တိရစ္ဆာန်များသိမ်းဆည်းထားသော ဥစ္စာကိုယူသောပုဂ္ဂိုလ်၊ ပံ့သုကူဟုမှတ်ပြီးယူသောပုဂ္ဂိုလ်၊ ရူးသောရဟန်း စသည်တို့အား ဒုတိယပါရာဇိကမှ လွတ်နိုင်ကြပါသည်။

> သကသညိဿ ဝိဿာသဂ္ဂါဟေ တာဝကာလိ
> ကေ ပေတပရိဂ္ဂဟေ တိရစ္ဆာနဂတပရိဂ္ဂဟေ
> ပံသုကူလသညိဿ ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။
> အညဿ မနုဿသန္တကဿ ဝသေန ပရ ပရိဂ္ဂ
> ဟိတံ ပရပရိဂ္ဂဟိတသညိတာ ဂရုပရိက္ခာရော
> ထေယျစိတ္တံ ဝုတ္တပကာရာနံ အဝဟာရာနံ ဝသေန
> အဝဟရဏဉ္စာတိ ဣမာနိ ပဉ္စ အင်္ဂါနိ။

သကသညိဿ၊ မိမိဥစ္စာဟုအမှတ်ရှိသောရဟန်းအားရင်း။ ဝိဿာသဂ္ဂါဟေ၊ ချစ်ကျွမ်းဝင်၍ယူခြင်း၌ရင်း။ တာဝကာလိကေ၊ တခဏမျှယူခြင်း၌ရင်း။ ပေတပရိဂ္ဂဟေ၊ ပြိတ္တာသိမ်းဆည်းသောဥစ္စာ၌

အကြောင်းအင်္ဂါများကား–လူ့ဇာတ်ရှိသော တပါးသူ၏ သိမ်းဆည်းထားသောဥစ္စာဖြစ်ခြင်း၊ သူတပါး သိမ်းဆည်းထားသည်ဟု အမှတ်ရှိခြင်း၊ ပါရာဇိကလောက်သော ဥစ္စာဖြစ်ခြင်း၊ ခိုးယူလိုသော စိတ်ရှိခြင်း၊ ခိုးခြင်းနှင့်ဆယ့်ငါးပါးတွင် တပါးပါးဖြင့်ခိုးယူခြင်း ငါးဖြစ်ပါသည်။

ဒုတိယ ပါရာဇိကသို့ လွတ်နိုင်သောပုဂ္ဂိုလ်များကား မိမိဥစ္စာဟုထင်မှတ်၍ ယူသောပုဂ္ဂိုလ်၊ ချစ်ကျွမ်းဝင်၍ယူသောပုဂ္ဂိုလ်၊ တခဏမျှယူသောပုဂ္ဂိုလ်၊ ပြိတ္တာများသိမ်းဆည်းထားသော ဥစ္စာကိုယူသောပုဂ္ဂိုလ်၊ တိရစ္ဆာန်များသိမ်းဆည်းထားသော ဥစ္စာကိုယူသောပုဂ္ဂိုလ်၊ ပံ့သုကူဟုမှတ်ပြီးယူသောပုဂ္ဂိုလ်၊ ရူးသောရဟန်း စသည်တို့အား ဒုတိယပါရာဇိကမှ လွတ်နိုင်ကြပါသည်။

သကသညိဿ ဝိဿာသဂ္ဂါဟေ တာဝကာလိ
ကေ ပေတပရိဂ္ဂဟေ တိရစ္ဆာနဂတပရိဂ္ဂဟေ
ပံသုကူလသညိဿ ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။
အဒိန္နံ မနုဿဇာတိကဿ ဝသေန ပရပရိဂ္ဂ
ဟိတံ ပရပရိဂ္ဂဟိတသညိတာ ဂရုပရိက္ခာရော
ထေယျစိတ္တံ ဝုတ္တပကာရာနံ အဝဟာရာနံ ဝသေန
အဝဟာရောတိ ဣမာနေတ္ထ ပဉ္စ အင်္ဂါနိ။

သကသညိဿ၊ မိမိဥစ္စာဟုအမှတ်ရှိသောရဟန်းအားရင်း။ ဝိဿာသဂ္ဂါဟေစ၊ ချစ်ကျွမ်းဝင်၍ယူခြင်း၌ရင်း။ တာဝကာလိကေစ၊ တခဏမျှယူခြင်း၌ရင်း။ ပေတပရိဂ္ဂဟေစ၊ ပြိတ္တာသိမ်းဆည်းသောဥစ္စာ၌

မနုဿဝိဂ္ဂဟန္တိ၊ ဟူသည်ကား။ ကလလတော၊ ကလလရေကြည်မှ။ ပဋ္ဌာယ၊ ၍။ ဇီဝမာနမနုဿဇာတိကသရီရံ၊ အသက်ရှိသောလူဇာတ်၏ကိုယ်ကို။

---

❁ ပါဏ ပါဏာတိပါတ ပါဏာတိပါတီ တို့၏ အရကို အသီးသီးကောက်ပြခဲ့ပါ။

ပါဏ အရကား-ပညတ်အားဖြင့် သတ္တဝါ- ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေတည်း၊ ပါဏာတိပါတ အရကား- ဇီဝိတိန္ဒြေကို ဖျက်ဆီးတတ်သော ပယောဂကို ဖြစ်စေတတ်သောစေတနာတည်း။ ပါဏာတိပါတီ အရကား- ဆိုအပ်ပြီးသော စေတနာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တည်း။

> ပါဏောတိ ဝေါဟာရတော သတ္တော ပရမတ္ထတော ဇီဝိတိန္ဒြိယံ၊ ပါဏာတိပါတောတိ ယာယ စေတနာယ ဇီဝိတိန္ဒြိယုပစ္ဆေဒက ပယောဂံ သမုဋ္ဌာပေတိ သာစေတနာ၊ ပါဏာတိပါတီတိ ဝုတ္တ စေတနာယ သမင်္ဂီပုဂ္ဂလော။

ပါဏောတိ၊ ဟူသည်၊ ဝေါဟာရတော၊ ပညတ်အားဖြင့်။ သတ္တော၊ တည်း၊ ပရမတ္ထတော၊ ဖြင့်၊ ဇီဝိတိန္ဒြိယံ၊ တည်း။ ပါဏာတိပါတောတိ၊ ဟူသည်၊ ယာယစေတနာယ၊ သည်၊ ဇီဝိတိန္ဒြိယုပစ္ဆေဒက ပယောဂံ၊ ဇီဝိတိန္ဒြေကိုဖြတ်စေတတ်သောလုံ့လကို၊ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ သာစေတနာ၊ သည်။ ပါဏာတိပါတော၊ မည်၏။ ပါဏာတိပါတီတိ၊ ဟူသည်။ ဝုတ္တစေတနာယ၊ ဆိုအပ်ပြီးသော စေတနာနှင့်။ သမင်္ဂီပုဂ္ဂလော၊ ပြည့်စုံသောပုဂ္ဂိုလ်တည်း။

တတိယပါရာဇိကဌ် ထောဝရပယောဂပြပါဌ်ကို ပေါ်ပြ၍ ပရိယေသေယျဌ် ရှာမှီးရုံမျှဖြင့် အပြစ်ရှိနိုင်ပါသလော....ဖြေဆိုခဲ့ပါ။

သတ္တဟာရကံဝါ ဿပရိယေသေယျကား–ထာဝရပယောဂပြပါဌ်ဖြစ်ပါသည်။ ပရိယေသေယျအရ- ရှာမှီးရုံမျှဖြင့် အပြစ်မရှိပါ၊ မိမိကိုယ်ကို သတ်သေချင်သူ၏ အနီးဌ် အလွယ်တကူရအောင် ချထားခြင်းမျိုးကို ဆိုပါသည်။

ဧတေန ထာဝရ ပယောဂံ ဒဿေတိ၊
ဧတေန၊ဖြင့်။ ထာဝရပယောဂံ၊ကို။ ဒဿေတိ၊ပြ၏။

---

ပါဏာတိ ပါတ ပယောဂ ခြောက်ပါးကို အဓိပ္ပါယ်နှင့်တကွ ရေးခဲ့ပါ။

မိမိကိုယ်တိုင် ကာယ ကာယပဋိဗဒ္ဓာဏ္ဏ တို့ဖြင့် ရိုက်နှက် သတ်ဖြတ်ခြင်း သာဟတ္ထိက၊ သူတပါးကို စေခိုင်း၍သတ်စေခြင်း အာဏတ္တိက၊ မြားလှံစသည်တို့ကို လွှတ်၍ သတ်ခြင်း နိဿဂ္ဂိယ၊ သူတပါး သေစေရန် တွင်းတူး၍ ထားခြင်း ထာဝရ၊ အတတ်ပညာ၏ အစွမ်းဖြင့် သတ်ခြင်း ဝိဇ္ဇာမယကိုဖြစ်ကြပါသည်။

**ဆောင်**။ သာဟတ္ထိက၊ အာဏတ္တ၊ နိဿဂ္ဂိယပါ၊
ထာဝရမျိုး၊တဆင့်တိုး၊ နှစ်ချိုး ဝိဇ္ဇာကုဋ္ဌ်ပါ။

ပါဏာတိပါတဿ ဆ ပယောဂါ သာဟတ္ထိ
ကော နိဿဂ္ဂိယော အာဏတ္တိကော ထာဝရော
ဝိဇ္ဇာမယော ဣဒ္ဓိမယောတိ။

ပါဏာတိပါတဿ၊ ၏။ ဆပယောဂါ၊ ကိုသည်။ သာဟတ္ထိကော၊ ငှင်း၊ လ။ ဣဒ္ဓိမယော၊ ငှ။ ဣတိဣမေ၊ ဤသည်ကိုသည် ဟောန္တိ၊ ကုန်၏

---

အာဏတ္တိနိယာမကခြောက်ပါးကို ဖော်ပြခဲ့ပါ။

အာဏတ္တိနိယာမကခြောက်ပါးကား-ဝတ္ထု, ကာလ, ဩကာသ, အာဝုဓ, ဣရိယာပထ, ကြိယာဝိသေသတို့ ဖြစ်ပါသည်။

ဆောင်။ ဝတ္ထု, ကာလ၊ ဩကာသ၊ အာဝုဓ ဣရိယာ၊
ဝိသေသမှာ၊ တဆင့်လာ၊ ဆအာဏတ္တိကပါ။
ဝတ္ထုကာလောစ ဩကာသော၊
အာဝုဓံ ဣရိယာပထော။

ဝတ္ထုစ၊ သတ်အပ်သော ပုဂ္ဂိုလ်ငှင်း။ ကာလောစ၊ အခါငှင်း။ ဩကာသောစ၊ အရပ်ငှင်း။ အာဝုဓဥ္စ၊ လက်နက်ငှင်း။ ဣရိယာပထောစ၊ ဣရိယာပုထ်ငှင်း။ ကြိယာဝိသေသောစ၊ ကြိယာထူးငှင်း။ ဣတိဣမေဆ၊ တို့သည်။ အာဏတ္တိနိယာမကာ၊ အာဏတ္တိကို မြဲစေတတ်ကုန်၏။

---

တတိယ ပါရာဇိကာ၌ အာဏတ္တိ ပယောဂ ဖြစ်ပါ၌ သံဝိဓာနကာရ ဖြစ်ပါ၌တို့ကို အသီးသီး ဖော်ပြပြီးလျှင် ဣတ်ဝတ္တမနော ဝတ္တသက်ပြေပါတို့၌ ဝိဗ္ဗသဒ္ဒါတို့၏ အသွေးကိုလည်းရေးခဲ့ပါ။

အာဏတ္တိ ပယောဂ ပြုပါဌ်ကား - မရဏာယဝါ သမာဒပေယျ ဖြစ်ပါသည်။ သံဝဏ္ဏနာကာရ ပြုပါဌ်ကား ကိံတုယှိမိနာ ပါပကေန ဒုဇ္ဇီဝိတေန မတံ တေ ဇီဝိတာ သေယျော-ဖြစ်ပါသည်။ဣတိစိတ္တမနော၌ စိတ္တ သဒ္ဒါသည် စိတ်ကို ဟောပါသည်။ စိတ္တသင်္ကပ္ပေါ၌ စိတ္တ သဒ္ဒါသည် ဆန်းကြယ်သော အနက်ကို ဟောပါသည်။

> ဧတေန အာဏတ္တိ ပယောဂံ ဒဿေတိ ကိံ တုယှိ မိနာတိအာဒိ သံဝဏ္ဏနာကာရ နိဒဿနံ၊ ဣတိ စ မနောတိ စိတ္တဿ အတ္ထဒီပနံ ဝုတ္တံ စိတ္တ သင်္ကပ္ပေါတိ ဝိစိတ္တ သင်္ကပ္ပေါ။

ဧတေန၊ ထိုမရဏာယဝါ သမာဒပေယျ - ဟူသော ပါဌ်ဖြင့်။ အာဏတ္တိပယောဂံ၊ကို။ဒဿေတိ၊၏။ ကိံတုယှိ-မိနာတိ အာဒိ၊ကိံတုယှိမိနာဟူသောဤသဒ္ဒါသည်။ သံဝဏ္ဏနာကာရ နိဒဿနံ၊ချီးမွမ်းသော အခြင်းအရာကို ပြသော သဒ္ဒါတည်း။ ဣတိစ၊ဤဣတိစိတ္တမနောဟူသော ပုဒ်၌။ မနောတိ ဣတိဝစနံ၊မနောဟူသော ဤသဒ္ဒါကို။ စိတ္တဿ၊ စိတ္တသဒ္ဒါ၏။ အတ္ထဒီပနံ၊ အနက်ကို ပြခြင်းအကျိုးငှါ။ ဝုတ္တံ၊၏။ စိတ္တသင်္ကပ္ပေါတိ၊ ဟူသည်ကား၊ ဝိစိတ္တသင်္ကပ္ပေါ၊ဆန်းကြယ်သော သညာစေတနာရှိသည် ဖြစ်၍။

မည်သူမဆို ကျလျှင် သေပေစေဟူသော ရည်မှန်း ချက်ဖြင့် တူးထားသော တွင်းထဲသို့ သတ္တဝါ ကျရောက်သေခဲ့သော် ဖြစ်သင့်သော အာပတ်မျိုးကို ထုတ်ဆိုခဲ့ပါ။

တွင်းတူးလျှင် ဒုက္ကဋ်၊ သတ္တဝါ တဦးဦးကျသေလျှင် ဒုက္ကဋ်၊ ဘိလူး ပြိတ္တာလူယောင် ဆောင်တတ်သည့် နဂါး ဂဠုန်စသော သတ္တဝါမျိုးကျ၍ ဒုက္ခဖြစ်ခဲ့သော် ဒုက္ကဋ်၊ လူသားစင်စစ်ကျ၍ ဒုက္ခဖြစ်ခဲ့သော် ထုလ္လစ္စည်း၊ ဘိလူး စသော သတ္တဝါများကျ၍ သေခဲ့သော် ထုလ္လစ္စည်း၊ တိရစ္ဆာန်ကျ၍ သေခဲ့သော် ပါစိတ်၊ လူသားစင်စစ်ကျ၍ သေခဲ့သော် ပါရာဇိက အာပတ်သင့်ပါသည်။

> မရဏတ္ထာယ ဩပါတ ခဏနာဒိသု ဒုက္ကဋံ၊ အနောဒိဿ ခဏေ ဩပါတေ ယဿ ကဿစိ ပတနေပိ ဒုက္ကဋံ၊ ယက္ခပေတ တိရစ္ဆာန ဂတာ မနုဿ ဝိဂ္ဂဟာနံ တိရစ္ဆာန ဂတဿစ ဒုက္ခုပ္ပတ္တိယံ ဒုက္ကဋမေဝ၊ မနုဿ ဇာတိကဿ ဒုက္ခုပ္ပတ္တိယံ ထုလ္လစ္စယံ၊ တထာ ယက္ခာဒီနံ မရဏေ၊ တိရစ္ဆာနဂတ မရဏေ ပန ပါစိတ္တိယံ၊ မနုဿ မရဏေ ပါရာဇိကန္တိ။

မရဏတ္ထာယ၊ သေစေခြင်းငှါ၊ ဩပါတခဏနာဒိသု၊ တွင်းတူးခြင်း စသည်တို့၌။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ အနောဒိဿ၊ မရည်မှန်းမူ၍။ ခဏေ၊ တူးအပ်သော။ ဩပါတေ၊ တွင်း၌။ ယဿကဿစိ၊ တစုံ တယောက်သောသူသည်။ ပတနေပိ၊ ကျခြင်းကြောင့်လည်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ယက္ခပေတတိရစ္ဆာနဂတမနုဿဝိဂ္ဂဟာနဉ္စ၊ ဘိလူး ပြိတ္တာလူနှင့်တူသော တိရစ္ဆာန်တို့၏၎င်း။ တိရစ္ဆာနဂတဿစ၊ ၎င်း။ ဒုက္ခုပ္ပတ္တိယံ၊ ဆင်းရဲကို ဖြစ်စေခြင်းကြောင့်။ ဒုက္ကဋမေဝ၊ သည်လျှင်။ ဟောတိ၊ ၏။ မနုဿဇာတိကဿ၊ လူဇာတ်၏။ ဒုက္ခုပ္ပတ္တိယံ၊ ကြောင့်။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏။ ယက္ခာဒီနံ၊ ဘိလူး စသည်တို့၏။

မရဏာ၊သေခြင်းကြောင့်။ တထာ၊ တူ။ တုလျတ္ထဝယ်၊သည့် ဟောတိ၊၏။ တိရစ္ဆာနဂတမရဏာပန၊ တိရစ္ဆာန် သေခြင်းကြောင့်ကား။ ပါစိတ္တိယံ၊သည်။ ဟောတိ၊၏။ မနုဿမရဏာ၊လူသေခြင်းကြောင့်။ ပါရာဇိကံ၊ သည်။ ဟောတိ၊၏။

---

ဤတတိယ ပါရာဇိကသည် ဒုတိယ ပါရာဇိကကဲ့သို့ ပရိယာယ်ဖြင့် ပြုလုပ်စေခြင်း တဆင့် စေခိုင်းခြင်းအမှုကို ပြုစေသဖြင့် အာပတ်မှ လွတ်နိုင် မလွတ်နိုင် အကြောင်းပြ ဖြေဆိုခဲ့ပါ။

ဤတတိယ ပါရာဇိကသည် သံဝဏ္ဏေယျုတ္တိ ဟု ဟောတော်မူသောကြောင့် ပရိယာယအာဏတ္တိက အမှုတို့ကို ပြုသော်လည်း အာပတ်မှ မလွတ်နိုင်ပါ။

> ယထာ အဒိန္နာဒါနေ အာဒီနဝယုတ္တိ ဝုတ္တတ္တာ ပရိယာယ ကထာယ မုစ္စတိ၊ နယိဓ ဧဝံ သံဝဏ္ဏေယျုတ္တိ ဝစနတော ပန ဣဓ ပရိယာယကထာယပိ န မုစ္စတိ။

အဒိန္နာဒါနေ၊ အဒိန္နာဒါနဲ သိက္ခာပုဒ်၌။ အာဒီနဝယုတ္တိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ဟောတော်မူသောကြောင့်။ ပရိယာယကထာယ၊ ပရိယာယ်စကားဖြင့်။ မုစ္စတိယထာ၊ ကဲ့သို့။ ဧဝံတထာ၊ တူ။ ဣဓ၊ ဤမနုဿဝိဂ္ဂဟ ပါရာဇိကဌ်။ သံဝဏ္ဏေယျုတ္တိ၊ ဟူ၍။ ဝစနတော ပန၊ ကား။ ဣဓ၊ ဤတတိယ ပါရာဇိကဌ်။ နမုစ္စတိ၊ မလွတ်။

● တတိယ ပါရာဇိကာ၏ နိဒါန်း ပုဂ္ဂိုလ်ဝတ္ထု အနုပညတ်တို့ကို ဖော်ပြ၍ အင်္ဂါများကိုလည်းရေးခဲ့ပါ။

နိဒါန်း—ဝေသာလီပြည်၊ ပုဂ္ဂိုလ်—သမ္ဗဟုလာဘိက္ခုတို့၊ ဝတ္ထု-အချင်းချင်းသတ်မှု၊ အနုပညတ်— မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျတို့ ဖြစ်ပါသည်။

အကြောင်း အင်္ဂါများကား လူဖြစ်ခြင်း လူဟုအမှတ်ရှိခြင်း သတ်လိုသော စိတ်ရှိခြင်း သတ်ခြင်း သေခြင်း ငါးပါးတို့ဖြစ်ပါသည်။

ဝေသာလိယံ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အည
မညံ ဇီဝိတာ ဝေါရောပနဝတ္ထုသ္မိံ ပညတ္တံ၊ မရဏ
ဝဏ္ဏံ ဝါတိ အယမေတ္ထ အနုပညတ္တိ၊ မနုဿဇာ
တိကပါဏော ပါဏသညိတာ ဝဓကစိတ္တံ ဥပက္က
မော တေန မရဏန္တိ ဣမာနေတ္ထ ပဉ္စ အင်္ဂါနိ။

ဝေသာလိယံ၊ ၌။ သမ္ဗဟုလေ၊ များစွာကုန်သော။ ဘိက္ခူ၊ တို့ကို။ အာရဗ္ဘ၊ ၍ အညမညံ၊ ချင်း။ ဇီဝိတာ၊ မှ။ ဝေါရောပနဝတ္ထုသ္မိံ၊ ချခြင်းဝတ္ထုကြောင့်။ ပညတ္တံ၊ ၏။ မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျာတိ အယံ ပညတ္တိ၊ သည်။ ဧတ္ထ၊ ဤသိက္ခာပုဒ်၌၊ အနုပညတ္တိ၊ တည်း။ မနုဿဇာတိကပါဏော၊ လူ့ဇာတ်ဖြစ်သော သတ္တဝါလည်းဖြစ်စေ။ ပါဏသညိတာ၊ သတ္တဝါဟု အမှတ်ရှိသည်လည်းဖြစ်စေ။ ဝဓကစိတ္တံ၊ သတ်လိုသော စိတ်လည်းရှိစေ။ ဥပက္ကမော၊ လုလ္လ ပြုသည်လည်းဖြစ်စေ။ တေန၊ ထိုလုလ္လကြောင့်။ မရဏံ၊ သေသည်လည်းဖြစ်စေ။ ဣတိဣမာနိ ပဉ္စ၊ ဤငါးပါးတို့သည်။ ဧတ္ထ၊ ဤသိက္ခာပုဒ်၌။ အင်္ဂါနိ၊ တို့တည်း။

## စတုတ္ထပါရာဇိက

စတုတ္ထပါရာဇိကံ၌ ဥတ္တရိမနုဿ ဥတ္တရိမနုဿ ဓမ္မတို့ကို ခွဲခြားပြီးလျှင် အတ္တုပနာယိကံ အရ မိမိ၌ ဥတ္တရိမနုဿဓမ္မ ဆောင်ယူပုံကိုလည်း ရှင်းခဲ့ပါ။

ဈာန်ရပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်တို့ကို ဥတ္တရိမနုဿ ဟု ခေါ်ပါသည်။ ထိုပုဂ္ဂိုလ်တို့၏ ဈာန်, မဂ်ဖိုလ်တရားကို ဥတ္တရိမနုဿဓမ္မဟု ခေါ်ပါသည်။ အတ္တုပနာယိက အရ ဆောင်ယူပုံမှာ မိမိမှာ ဈာန်မဂ်ဖိုလ် တရားများရှိသည့် အနေမျိုးဖြစ်အောင် မိမိသန္တာန်၌ ဆောင်ယူ ပြောဆိုခြင်းမျိုးဖြစ်ပါသည်။

---

သမုဒ္ဒါ စရေယျအရ နှုတ်ဖြင့်ပြောကြားမှသာ အပြစ်ရှိသည်၊ ကိုယ်လက် ဟန်အမူအယာဖြင့် ပြသော် အပြစ်မရှိဟု မှတ်ရမည်လော၊ သုဏန္တပုဂ္ဂိုလ်မှာ မည်သည့်ပုဂ္ဂိုလ်ဖြစ်မှ အပြစ်ရှိသည်ကိုလည်း ရေးခဲ့ပါ။

သမုဒ္ဒါစရေယျအရ ပြောကြားခြင်းဟူသည် ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း, ကိုယ်နှုတ် နှစ်ပါးစုံဖြင့်ရင်းပြောကြားလျှင် အပြစ်ရှိသောကြောင့် အာပတ်သင့်ပါသည်။ သုဏန္တပုဂ္ဂိုလ်မှာ နားလည်လောက်သူ လူသားစင်စစ် အမှန်ဖြစ်ပါမှ ဤသိက္ခာပုဒ်အရ အပြစ်ရှိပါသည်။

ကာယေနဝါ ဝါစာယဝါ တဒု ဘယေနဝါ
ဝိညုဿ မနုဿဇာတိကဿ အာရောစေယျ။

ဇုဏ္ဍာသယ ၂၄၄-၆

ကာလေယနဝေါ၊ ဖြင့်ရင်း၊ ဝါစာယဝေါ၊ ဖြင့်ရင်း။ တဒုဘယေနဝေါ၊ နှစ်ပါးစုံဖြင့်ရင်း။ ဝိညူသာ၊ သိကြားလိမ္မာသော။ မနုဿဇာတိကဿ၊ လူဇာတ်ဖြစ်သောသူအား။ အာရောစေယျ၊ ပြောအံ့။

---

သမုဒ္ဒါ စရဏာ ကာရပြ ပါဠ်ကို ဖော်ပြ၍ တတောအာပရေန သမယေနဖြင့် မည်သည့် ကာလကို ညွှန်ပြသည်ကိုလည်း ရေးခဲ့ပါ။

သမုဒ္ဒါစရဏာကာရပြပါဠ်ကား ဉာတ်ဇာနာမိ ဉာတိပဿာမိဖြစ်ပါသည်။ တတောအာပရေနသမယေန စကားဖြင့် အာပတ်ကိုထုတ်ဖော် ဝန်ခံရာကာလကို ပြပါသည်။

> ဉာတ်ဇာနာမိ ဉာတိပဿာမိတိ သမုဒ္ဒါစရဏာကာရ ဒဿနမေတံ၊ ဉာတိ အာပတ္တိ ပဋိဇာနန ကာလဒဿနမေတံ။

ဉာဘိဇာနာမိ ဉာတိပဿာမိတိစေတံ၊ ဤသဒ္ဒါသည်။ သမုဒ္ဒါစရဏာကာရ ဒဿနံ၊ ပြောဟောသော အခြင်း အရာကို ပြသောသဒ္ဒါတည်း။ ဉာတိ-ဧတံ၊ တတောအပရေန သမယေနဟူသော ဤသဒ္ဒါသည်။ အာပတ္တိပဋိဇာနန ကာလဒဿနံ၊ အာပတ်ကိုဝန်ခံသော ကာလကို ပြသောသဒ္ဒါတည်း။

---

အာပန္နောဝိသုဒ္ဓါပေက္ခော၌ အာပန္နောအရ မည်သည့်အချိန်ကပင် အာပတ် သင့်နေပါသနည်း ပြေဆို၍ အဘယ်သို့သော အဖြစ်မျိုးကို ဝိသုဒ္ဓိဟု ခေါ်သည်ကိုလည်း ရေးခဲ့ပါ။

အာပန္နောအရ လိမ်၍ပြောသည့်အချိန်ကပင် စ၍ အာပတ် သင့်ပါသည်။ ဝိသုဒ္ဓိဟူသည် လူ၏ အဖြစ် သာမဏေ၏အဖြစ်ကို ခေါ်ပါသည်။

အာပန္နောတိ အာရောစိတက္ခဏေယေဝ ပါရာဇိကံ၊ အာပန္နော ဝိသုဒ္ဓါပေက္ခောတိ အတ္တနော ဂိဟိဘာဝါဒိကံ ဝိသုဒ္ဓိံ။

အာပန္နောတိ၊ ဟူသည်ကား။ အာရောစိတက္ခဏေယေဝ၊ ပြော ကြားသောခဏ၌ပင်လျှင်။ ပါရာဇိကံ၊ သို့။ အာပန္နော၊ ရောက်သော ရဟန်းသည်။ ဝိသုဒ္ဓါပေက္ခောတိ၊ ဟူသည်။ ဂိဟိဘာဝါဒိကံ၊ လူအ ဖြစ်စသော။ ဝိသုဒ္ဓိံ၊ စင်ကြယ်ခြင်းကို။

---

● တုဏှီဘူတ မုသာ ဝိလဝိတ္ထိန္ဒ္ဒြ တုဏှီ နှင့် မုသာအထူး ကို ဖော်ပြ၍ အညတြအဓိမာနာ၌ အဓိမာန၏ အဓိပ္ပါယ် နှင့် ယင်းအဓိမာန၏ဖြစ်နိုင်သော ပုဂ္ဂိုလ်ကိုလည်း ညွှန်း ခဲ့ပါ။

အနက်မရှိခြင်းကို တုဏှီဟုခေါ်ပါသည်။ စကားလုံး မှားယွင်းခြင်းကို မုသာဟု ခေါ်ပါသည်။ အဓိမာန၏ အဓိပ္ပါယ်ကား-မရသေး မရောက်သေးသော တရားကို ရနေပြီ ရောက်နေပြီဟု ထင်မှတ်နေမှုကို ဆိုလိုပါသည်။ ယင်း အဓိမာနကား- တရားအားထုတ်သော ယောဂီ ပုဂ္ဂိုလ်မျိုး၌သာ ဖြစ်တတ်ပါသည်။

> တုဏှီမုသာဝါဒလဗ္ဘိနိ အပယံ ဝစနတ္ထဝိရဟိတော
> တုဏှီ ဝဍ္ဎနာ ဝိပ္ပါယတော မုသာ ဝိလဗ္ဘိ
> အဘာဏိ ဒုက္ခံ ပုစ္ဆံ ဟောတိ။

တုဏှိံမုသာဝိလဗ္ဘိနိ၊ ဟူသည်။ အပယံ၊ သည်။ ဝစနတ္ထဝိရဟိတော၊ သဒ္ဒါ၏အနက်မှကင်းခြင်းကြောင့်။ တုဏှီ၊ အချိုးနိုးသော။ ဝဍ္ဎနာ မိပ္ပါယတော၊ လှည့်ပတ်လိုသောကြောင့်။ မုသာ၊ ပုက်စကားကို ဝိလဗ္ဘိ၊ ပြောဟောမိ၏။ အဘာဏိ၊ ဆိုမိ၏။ ဇာတိအယံ အဓိပ္ပါယော၊ ကို။ ပုစ္ဆံ-ပုစ္ဆော၊ ဆိုလိုသည် ဟောတိ၊ ၏။

---

ဤရဟန်းသည် ဈာန်ရနေပြီ အရိယာပုဂ္ဂိုလ် ပါဘဲဟု ပြောဆိုရာ၌ နားထောင်သူ လူပုဂ္ဂိုလ်က နားလည်မှုရှိသော မည်သည့်အပြစ် နားလည်မှု မရှိသော မည်သည့် အပြစ်ရှိသည်တို့ကို ကဒ်ါလာသည့်အတိုင်း ရေးခဲ့ပါ။

နားထောင်သူလူပုဂ္ဂိုလ်က နားလည်မှုရှိသော် ပါရာဇိက, နားလည်မှုမရှိသော် ထုလ္လစ္စည်းအာပတ် သင့်ပါသည်။

> အယံ ဈာနလာဘီဘိက္ခု အရိယောတိ ပါ ယေန
> ကေနစိ အာကာရေန ဝါမတ္တံ ဇာနာတိ ပါရာ
> ဇိကံ၊ သစေ နဇာနာတိ ထုလ္လစ္စယံ။

အယံ၊ ဤရဟန်းသည်။ ဈာနလာဘီ၊ ဈာန်ရသောရဟန်းတည်း၊ ဇာတိဝါ၊ ဤသို့ရင်း။ အရိယော၊ အရိယာ၊ တည်း။ ဣတိ၊ ' ' ၌။ ယေန

ကေနစိအာကာရေန၊ တစုံတခုသောအကြောင်းဖြင့်။ တမဏ္ဍံ၊ ထို
အနက်ကို။ သစေဇာနာတိ၊အံ့။ ပါရာဇိကံ၊ သည်။ ဟောတိ၊၏။သစေ
နဇာနာတိ၊ အံ့။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

---

အသင် ဒါယကာ၏ ကျောင်း၌ သိတင်းသုံး
နေထိုင်သော ရဟန်းတော်သည် ပစ္စယများကို ရနေ
တာဘဲ, ရဟန္တာဖြစ်နေတာဘဲ စသည်ပြောဟောမှုမျိုး
ဖြင့် သင့်နိုင်သော အာပတ်ဒုက္ကဋ ထုတ်ပေါ်ပြီးလျှင်
ယင်းကဲ့သို့ ပြောဆိုမှုမျိုးကို မည်သို့ခေါ်သည်ကိုလည်း
ရေးခဲ့ပါ။

ယင်းကဲ့သို့ ပြောဆိုမှုမျိုးကို နားထောင်သူလူပုဂ္ဂိုလ်က
သိရှိနားလည်လျှင် ထုလ္လစ္စည်း, နားမလည်လျှင် ဒုက္ကဋ်
သင့်ကြပါသည်၊ အသင်ဒါယကာ၏ကျောင်း၌ သိတင်း
သုံးနေထိုင်သော ရဟန်းတော်သည်ပစ္စယရနေတာဘဲ
စသည်ဖြင့် ပြောဆိုမှုမျိုးကို အညာပဒေသ ပြောဆိုမှု
မျိုးဟု ခေါ်ပါသည်။

> ယောတေဝိဟာရေ ဝသတိ သော ဘိက္ခု ပစ္စယံ
> ဗျာနံ သမာပဇ္ဇိတိ အာဒိနာ နယေန အညာပဒေ
> သေန အာရောစေန္တဿ ပဋိနာတိ ထုလ္လစ္စယံ၊
> သစေနဇာနာတိ ဒုက္ကဋံ။

တေ၊ သင်ဒါယကာ၏။ ဝိဟာရေ၊ ကျောင်း၌။ ဝသတိ၊ ၏။
သောဘိက္ခု၊ သည်။ ပစ္စယံ၊ ဗျာနံ၊ ကို။ သမာပဇ္ဇိ၊ ဝင်စား၏၊ ဣတိ
အာဒိနာနယေန၊ ဖြင့်။ အညာပဒေသေန၊ သူတပါးကို ညွှန်းသဖြင့်။

အာရောစေန္တဿ၊ ပြောကြားသောရဟန်းအား။ သစေဇာနာတိ၊အံ့။ ထုလ္လစ္စယံ၊ သည်၊ ဟောတိ၊၏။ သစေပနနဇာနာတိ၊ အံ့။ ဒုက္ကဋံ၊ သည်။ ဟောတိ၊၏။

---

ဤစတုတ္ထပါရာဇိကာ၌ အနုပညတ်ကိုထုတ်ပြ၍ ယင်းအနုပညတ်သည် မည်သည့် အနုပညတ်ဖြစ်ကြောင်း ကိုလည်း ရေးခဲ့ပါ။

အနုပညတ်ကား အညတြအဓိမာနာ ဖြစ်ပါသည်။ ယင်းအနုပညတ်သည် အနာပတ္တိကရ အနုပညတ်ဖြစ်ပါသည်။

---

စတုတ္ထပါရာဇိကအာပတ်၏နိဒါန်းပုဂ္ဂိုလ်ဝတ္ထု တို့ကိုဖော်ပြပြီးလျှင် ယင်းစတုတ္ထပါရာဇိက၏ အကြောင်း အင်္ဂါစုကိုလည်း ရေးခဲ့ပါ။

နိဒါန်း-ဝေသာလီပြည်၊ ပုဂ္ဂိုလ်-ဝဂ္ဂုမုဒါတီရိယ ဘိက္ခူ၊ ဝတ္ထု-ဥတ္တရိမနုဿ ဓမ္မကို လူတို့အား ပြောကြားမှုတို့ ဖြစ်ပါသည်။အကြောင်းအင်္ဂါများကား ဥတ္တရိမနုဿဓမ္မ မိမိ၌မရှိခြင်း၊ ယုတ်မာသော အလိုဖြင့် ပြောကြားခြင်း၊ သူတပါးကို ရည်ညွှန်းမှုမရှိခြင်း၊ နားထောင်သူသည် လူသားစင်စစ်ဖြစ်ခြင်း၊ ပြောပြီးသည်နှင့် တပြိုင်နက်သိခြင်းအားဖြင့် ငါးပါးဖြစ်ပါသည်။

ဝေသာလိယံ ဝဂ္ဂုမုဒါတီရိယေ ဘိက္ခူ အာရဗ္ဘ
တေသံ ဥတ္တရိမနုဿ ဓမ္မာ ရောစန ဝတ္ထုသ္မိံ
ပညတ္တံ၊ ဥတ္တရိမနုဿ ဓမ္မဿ အတ္တနိ အသန္တ
တာ ပါစိတ္တတာယ တဿာ ရောစနံ အနညာပဒေ
သော ယဿအာရောစေတိ တဿ မနုဿဇာတိ
ကတာ တံခဏဝိဇာနနန္တိ ဤမာနေတ္ထ ပဥ္စအင်္ဂါနိ။

ဝေသာလိယံ၊ ဝေသာလီပြည်၌။ ဝဂ္ဂုမုဒါတီရိယေ၊ ဝဂ္ဂုမုဒါမြစ်နား၌။ ဘိက္ခူ၊ တို့ကို၊ အာရဗ္ဘ၊ ၍။ တေသံဘိက္ခူနံ၊ တို့၏။ ဥတ္တရိမနုဿဓမ္မာရောစနဝတ္ထုသ္မိံ၊ ဥတ္တရိမနုဿဓမ္မကို ပြောကြားခြင်း ဟူသော ဝတ္ထုကြောင့်။ ပညတ္တံ၊ ၏၊ ဥတ္တရိမနုဿဓမ္မဿ၊ ၏။ အတ္တနိ၊ ၌။ အသန္တတာ၊ ထင်ရှားမရှိသည်လည်းဖြစ်စေ။ ပါဝိဇ္ဇတာယ၊ ယုတ်မာသော အလိုဖြင့်။ တဿ၊ ထိုဥတ္တရိမနုဿဓမ္မကို၊ အာရောစနံ၊ ကြားသည်လည်းဖြစ်စေ။ အနညာပဒေသော၊ သူတပါးကိုမညွှန်းသည်လည်းဖြစ်စေ။ ယဿ၊ အား။ အာရောစေတိ၊ ၏။ တဿ၊ ၏။ မနုဿဇာတိကတာ၊ လူဇာတ်လည်းဖြစ်စေ၊ တံခဏဝိဇာနနံ၊ ထိုခဏ၌ သိသည်လည်းဖြစ်စေ။ ဣတိဣမာနိပဥ္စ၊ တို့သည်။ ဧတ္ထ၊ ဤသိက္ခာပုဒ်၌။ အင်္ဂါနိ၊ တို့တည်း။

---

ပါရာဇိကနှစ်ဆဲ့လေးပါး၏သရုပ်ကို ရေတွက်ပြပြီးလျှင် ထိုတွင် အနုလောမ အမည်ရသော ပါရာဇိကကိုလည်း ညွှန်းခဲ့ပါ။

ရဟန်းတို့၏ပါရာဇိကလေးပါး ရဟန်းမိန်းမတို့၏ အသာဓာရဏ ပါရာဇိက လေးပါး၊အဘဗ္ဗပုဂ္ဂိုလ် တဆဲ့ဘ

ယောက်၊ လူသွက်သော ဘိက္ခုနီ၏ပါရာဇိက၊ အင်္ဂါစာတ် ရှည်သော လမ္ဗိပုဂ္ဂိုလ်၊ နူးညံ့ပျော့ပျောင်းသောကျောက်ကုန်းရှိသည့် မုဒုပိဋ္ဌိကပုဂ္ဂိုလ်၊ သူတပါး၏ အင်္ဂါစာတ်ပေါ်သို့ ရွှေရှုဆိုင်သောပုဂ္ဂိုလ်၊ သူတပါး၏အင်္ဂါစာတ်ကို စုတ်သောပုဂ္ဂိုလ် အားဖြင့် နှစ်ဆဲ့လေးပါး ဖြစ်ပါသည်။ ထိုတွင် နောက်ဆုံးဖြစ်သော- လမ္ဗီ မုဒု၊ ရွှေရှုသူမှာ၊ ဇာတ်အင်္ဂါ၊ စုတ်ရာ နှုပါရ ဆိုသည်အတိုင်း ဤလေးပါးသည် အနုလောမပါရာဇိကတည်း။

> ဘိက္ခုနံ့ စတ္တာရော ဘိက္ခုနီနံ့ အသာဓာရဏာနိ စတ္တာရိတိ အဋ္ဌ၊ တာနိ ဧကာဒသန္နံ ပဏ္ဍကာဒီနံ အဘဗ္ဗဘာဝသင်္ခါတေဟိ ဧကာဒသဟိ ပါရာဇိကေဟိ သဒ္ဓိံ ဧကူနဝီသတိ ဂိဟိဘာဝံ ပစ္စယမာနာယ ဘိက္ခုနိယာ ဝိဗ္ဘန္တာဝ ပါရာဇိကေနသဒ္ဓိံ ဝီသတိ၊ အဝသေသာနိ လမ္ဗိမုဒုပိဋ္ဌိကော ပရဿ အင်္ဂဇာတံ မုခေန ဂဏှာတိ ပရဿ အင်္ဂဇာတေ အဘိနိသီဒတီတိ ဣမေသံ စတုန္နံ ဝေသနစတ္တာရိအနုလောမပါရာဇိကာနီတိ ဝေဒိတဗ္ဗာနိ။

ဘိက္ခုနံ့၊ တို့၏ စတ္တာရိ၊ ၄ပါး။ ဘိက္ခုနီနံ့၊ တို့၏။ အသာဓာရဏာနိ၊ ရဟန်းယောကျ်ားတို့နှင့်မဆက်ဆံကုန်သော။ စတ္တာရိ၊ ၄ပါး။ ဣတိ ဣမေ အဋ္ဌ၊ တို့တည်း။ တာနိ၊ ထိုရှစ်ပါးကိုသည်။ ဧကာဒသန္နံ၊ ကုန်သော ပဏ္ဍကာဒီနံ၊ တို့၏။ အဘဗ္ဗဘာဝသင်္ခါတေဟိ၊ ရဟန်းအဖြစ်ကို မထိုက်ဟုဆိုအပ်ကုန်သော။ ဧကာဒသဟိပါရာဇိကေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ တကွ။ ဂိဟိဘာဝံ၊ လူ့အဖြစ်ကို။ ပစ္စယမာနာယ၊ တောင့်

တသော။ ဘိက္ခုနိယာ၊ ၏။ ဘိက္ခုနိယာဝိဘင်္ဂ၌ဘာဝပါရာဇိကေန၊ လူထွက်သည်၏ အဖြစ်ဟု ဆိုအပ်သောပါရာဇိကနှင့်၊ သဒ္ဓိံ၊ တက္က။ ဝီသတိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ အပရာနိ၊ ကုန်သော။ လမ္ဗီ၊ ရှည်သောအင်္ဂါဇာတ်ရှိသောပုဂ္ဂိုလ်ရင်း၊ မုဒုပိဋ္ဌိကော၊ နူးညံ့သော ကျောက်ကုန်းရှိသောရဟန်းရင်း၊ ပရေသ၊ သူတပါး၏။ အင်္ဂဇာတံ၊ ကို။ မုခေန၊ ခံတွင်းဖြင့်။ ဂဏှာတိ၊ ယူသောရဟန်းရင်း။ ပရေသ၊ ၏။ အင်္ဂဇာတေ၊ ၌။ အဘိနိသီဒတိ၊ ထိုင်သောရဟန်းရင်း၊ ဧတိ၊ သို့။ ဧရမေသံစတုန္နံ၊ တို့၏။ ဝသေန၊ ဖြင့်။ စတ္တာရိ၊ လေးပါးကုန်သော ပါရာဇိကတို့ကို၊ အနုလောမပါရာဇိကာနိတိ၊ ဟူ၍။ ဒေန္တိ၊ ကုန်၏။

ပါရာဇိကပြီး၏။

---

## နေဒါကိဆက်ဘွဲ့

ပါတိမောက္ခ။ ပါတိ မောက္ခေတိ မောစယတီတိ ပါတိမောက္ခံ-ဟု-ပြု။ ဥပေါသထ။ ဥပဝသန္တိ ဧတ္ထာတိ ဥပေါသထော။ ယာဝတတိယကာ။ ယာဝတာ ဝေဘာသန္တိ ယာဝတိကာ....ဟတ္ထပါသ။ ဟတ္ထသပါသော ဟတ္ထ ပါသော။ ဝေယျာသံဝါသက။ ခိုးသောအားဖြင့်ပေါင်း သင်းနေထိုင်သူကိုခေါ်သည်၊ ယင်း ထေယျသံဝါသက သည် ရဟန်းအသွင်ကို ခိုးယူပေါင်းသင်းသော လိင် ထေနက၊ ရဟန်းဝါကိုရေတွက်ခြင်း ရဟန်းတို့နှင့်ပေါင်း သင်းဆက်ဆံ ခြင်းကို ခိုးယူသည့် သံဝါသထေနက၊ လိင်ထေနက သံဝါသထေနက နှစ်မျိုးလုံးကို ခိုးယူသော ဥဘယထေနကဟု သုံးမျိုးရှိပြန်၏။

**သံဝါသထေနကမဟုတ်သူ**—လိင် ထေနက ပုဂ္ဂိုလ်သည် သိက္ခာမည့်မှုရပြီဟု ရဟန်းဝါကိုလည်းမရေတွက် ရှိခိုးခြင်းကိုလည်း မသာယာ- ကံကြီး ကံငယ်တွင်လည်း မပါဝင်ခဲ့သော ထိုပုဂ္ဂိုလ်ကို သံဝါသထေနကဟု မခေါ်နိုင်ပေ။ **လိင်ထေနကမဟုတ်သူ**—မင်းဘေး, ခိုးသူဘေး, ဂျပန်ခေတ်က ချွေးတပ်ဆွဲခြင်းစသော ဘေးအန္တရာယ်တို့ကြောင့် မိမိဘာသာ သင်္ကန်းဝတ်၍ ရဟန်းယောင်ဆောင်သူသည် ရဟန်းဝါရေတွက်ခြင်းစသော သံဝါသကိုမပြုလျှင် လိင်ထေနက မဟုတ်ပေ။

**သမဂ္ဂ**-သမံဂစ္ဆတေတိ သမဂ္ဂေါ၊ ယင်းသာမဂ္ဂီသည် ကာယသာမဂ္ဂီ စိတ္တသာမဂ္ဂီ ဟု နှစ်မျိုး ရှိပြန်သည်၊ ထိုတွင် တဦးနှင့်တဦး နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ တည်နေလျှင် ကာယသာမဂ္ဂီမှတ်။ ပြုအပ်သော ကံကို မတားမြစ်ဘဲ စိတ်အားဖြင့် သဘောတူခြင်းသည် စိတ္တသာမဂ္ဂီဟု မှတ်။

**ဥပုသ်**....ဥပုသ် ပြုလုပ်ရမည့်ကိုရင်း။ ထိုဥပုသ်ပြုမှု၏ အချိန်တန်ကြောင်းကိုရင်း။ သံဃာအားသိစေခြင်း ပြောကြားခြင်းကို ခေါ်သည်။

**အလဇ္ဇီ၏ လက္ခဏာ၊** မအပ်မှန်း သိလျက် အာပတ် သင့်အောင်ပြုခြင်း။ မသိ၍ သင့်သောအာပတ်ကိုဒေသနာ မကြားခြင်း။ အဂတိတရား လိုက်စား ခြင်းသည် အလဇ္ဇီ၏ လက္ခဏာတည်း။

သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ၊
အာပတ္တိံ ပရိဂူဟတိ။
အဂတိဂမနဉ္စ ဂစ္ဆတိ၊
ဧဒိသော ဝုစ္စတိ အလဇ္ဇိပုဂ္ဂလော။

သဉ္စိစ္စ၊ လွန်ကြူးလိုသော စေတနာရှိသည် ဖြစ်၍။ အာပတ္တိံ၊ သို့။ အာပဇ္ဇတိ၊ ၏။ အာပတ္တိံ၊ ကို။ ပရိဂူဟတိ၊ လျှို့ဝှက်၏။ အဂတိဂမနဉ္စ၊ မလားအပ်သည်သို့ လားခြင်းသို့လည်း။ ဂစ္ဆတိ၊ လား၏။ ဧဒိသော၊ ဤသို့သဘောရှိသောပုဂ္ဂိုလ်ကို။ အလဇ္ဇိပုဂ္ဂလောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

**နိဒါန်း၌ ဝိညာဉ် ပဥ္စကဖြင့် ပိုင်းခြားခြင်း။** သုဏာတုမေ။ လ။ ပါတိမောက္ခံ ဥဒ္ဒိသေယျတိုင်အောင် **ဥဒ္ဒိ ထပန**…ဥဒ္ဒိတ်ထားခြင်း။ ကိံ သီလာသ ပုစ္ဆိတဗ္ဗံသည့် **ပုစ္ဆိတဗ္ဗပုစ္ဆန**-ပုစ္ဆိတဗ္ဗကို မေးခြင်း။ (နိဿယတွင် ပါရိသုဒ္ဓိံ။ လ။ ဥဒ္ဒိသိဿာမိ တိုင်အောင် အဆို ရှိသည်၊ သိုသော် ပုစ္ဆိတဗ္ဗကို မေးသည့် စကား မဟုတ်ပေ) တံ သဗ္ဗေဝ သန္တာ။ လ။ မနသိကရောမ တိုင်အောင်သည် **နိဒါနုဒ္ဒေသ သဝန**-နိဒါန်းကို ကြားနာခြင်း၌ စိမံတိုက်တွန်းခြင်း။ အာယသ္မန္တော အာရောစေမ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိနှင့် ယဿသိယာ အာပတ္တိ။ လ၊ အနုသာဝိတံ ဟောတိ လာ အနက်များသည် **ဝိသုဒ္ဓါရောစနဝိဓိ**-အာပတ်မှ စင်ကြယ်ကြောင်းကိုပြခြင်း။ (နိဿယ၌ ပါရိသုဒ္ဓိံ။ လ။ ဥဒ္ဒိသိဿာမိကို ဝိသုဒ္ဓါရောစနဝိဓိ၌ သွင်း၏)။ ယောပနဘိက္ခုမှ-ဖါသုဟောတိ တိုင်အောင်သည် **အနုသာ**

ရောစနုပေဋ္ဋိဒိဇိ– အာပတ်ရှိလျက် မပြောခြင်းကြောင့် အာပတ်သင့်ပုံကို ပြသည့် ဉာဏ်ရှိ ဝိဘင်္ဂပဋ္ဌကဖြင့် ပိုင်း ခြားပုံကို နားလည်နိုင်ကြလေ။

ဒုဋ္ဌုလ္လ...ဒုဋ္ဌုလသော ဘာဝေါ ဒုဋ္ဌုလ္လံ၊ မေထုန် - မိထု နာနံ ဒေသံ မိထုနော၊ မိပ္ပယောကျ်ားနှစ်ဦးသားတို့ အချင်း ချင်း ရာဂထကြွမှုကို မေထုန်ဟု ခေါ်သည်။

ပဏ္ဍုက်အပြား....သူတပါး၏ ပန်းကို စုပ်ပြီး မိမိ၏ သုတ်ကို လွှတ်စေခြင်းဖြင့် ရာဂငြိမ်းသူကို အာသိတ္တ ပဏ္ဍုက်ဟု ခေါ်သည်။ သူတပါး၏ မေထုန် မှီဲသည်ကို ကြည့်၍ မိမိသုတ်ကို ထုတ်ကာ ရာဂငြိမ်းသူကို ဥဿူယ ပဏ္ဍုက်ဟု ခေါ်သည်။ လဆုတ်ပက္ခ၌ ရာဂထကြွ၍ လဆန်းပက္ခဝယ် ရာဂငြိမ်းသူကို ပက္ခပဏ္ဍုက်ဟုခေါ် သည်။ ဝှေးစေ့မရှိသော သူကို ဩပက္ကမိက ပဏ္ဍုက်ဟု ခေါ်သည်၊ ယောကျ်ားမဟုတ် မိန်းမ မဟုတ် သူကို နပုံ သကဟုခေါ်သည်။

ပါရာဇိက–ပရာဇိယတေတိ ပါရာဇိကော၊ တနည်း။ ပရာဇယံ အာပန္နော ပါရာဇိကောပြု။ သံဃါဒိသေသ-သဟ ဝသန္တိ ဒိဿာပတ် သံဃါဒိသော။

ထေယျ...ထေနဿ ဘာဝေါ ထေယျံ။ သံဝါသ ရာဇီ! ဟာရတီတိ ဟာရကံ၊ တနည်း ဟရိတဗ္ဗန္တိ ဟာရကံ သတ္တာနံ ဝါ ဟာရကဿာတိ သတ္တဟာရကံ ပြု။ အသေ

**မရိယဉာဏဒဿန**နံ-ဉာဏံ ဝေ ဒဿနံ ဉာဏဒဿနံ၊ အရိယံ ဉာဏဒဿနံ အရိယဉာဏဒဿနံ၊ အလံ-ပရိယတ္တံ အရိယဉာဏဒဿနံ ဧတ္ထာတိ အလမရိယဉာဏဒဿနံ။

**အဘဗ္ဗပုဂ္ဂိုလ်**ရဟန်း ပြုဘို့ရန် မထိုက်သော ပုဂ္ဂိုလ်ဟုဆိုလိုသည်၊ ယင်းပုဂ္ဂိုလ် များကား-ပဏ္ဍုက်, ထေယျသံဝါသက, တိတ္ထိယပက္ကန္တက, တိရစ္ဆာန်, အမိကိုသတ်သောသူ, အဘကို သတ်သောသူ, ရဟန္တာကိုသတ်သောသူ, မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုသူ, သံဃာကို သင်းခွဲသူ ငါးယောက် (ပဉ္စာနန္တရိယကံ ငါးယောက်ဟုမှတ်) ဘိက္ခုနီဒူသက, ဥဘတောဗျဉ္စနက, ပေါင်းတဆဲ့ တယောက်တည်း။

ပါရာဇိက နောက်ဆက်တွဲ ပြီး၏။

## သံဃာဒိသေသုဒ္ဒေသ

## သုက္ကဝိဿဋ္ဌိ

ယာသုက္ကဝိဿဋ္ဌိ၌ အပြင်သို့ထွက်မှသာ သုတ်လွှတ်သည်ဟု မှတ်ရမည်လော ဖြေဆိုခဲ့ပါ။

အပြင်သို့ ထွက်မှသာ သုက်လွှတ်သည်ဟု မဆိုပါ၊ မူလတည်ရာ ဇ-ဌာနမှ ရွေ့လျောပါက သုက္ကဝိဿဋ္ဌိဟု ဆိုရပါမည်။

ယဿာကဿစိ သုက္ကဿ ဌာနာစာဝနာတိ အတ္ထော။

ယဿ ကဿစိ၊ အမှတ် မရှိသော။ သုက္ကဿ၊ ကို။ ဌာနာ၊ တည်ရာမှ။ စာဝနာ၊ ရွေ့လျောစေခြင်း။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ တည်း။

---

သံဃာဒိသေသောဟူသော ပုဒ်ဝယ် **အာဒိအရ သေသအရ** အရတို့ကို ပေါ်ပြ၍ ဤ၌ အလိုရှိအပ်သော ရုဠှီ တဒ္ဓ သံဃတို့ကိုလည်း ညွှန်းခဲ့ပါ။

အာဒိအရပရိဝါသ်ပေးရာ ကာလဖြစ်ပါသည်၊ သေသ အရကား မာနတ်ပေးရာ ကာလ ဖြစ်ပါသည် ဤ၌ အလိုရှိအပ်သော ရုဠှီ တဒ္ဓသံဃာများကား ပရိဝါသ်ပေးရာ မာနတ်ပေးရာဝယ်၌ သံဃာလေးပါးတည်း၊ အဗ္ဘာနကံ ပြုရာ၌ သံဃာနှစ်ဆယ်တည်း။

အာဒိမှိစေဝ ပရိဝါသ ဒါနတ္ထာယ အာဒိတော
သေသော မဇ္ဈေ မာနတ္တ ဒါနတ္ထာယ မူလာယ ပဋိ
ကဿနေနဝါ သဟ မာနတ္တ ဒါနတ္ထာယ အဝသာ
နေ အဗ္ဘာနတ္ထာယ စ သံဃော ဣစ္ဆိတဗ္ဗော။

အာဒိမှိစေဝ၊ အစ၌လည်း။ ပရိဝါသဒါနတ္ထာယစ၊ ပရိဝါသ်ပေးခြင်းငှါ၎င်း။ အာဒိတော၊ ပရိဝါသ်ပေးသည်မှ။ သေသော၊ သော။ မဇ္ဈေစ၊ ၌၎င်း။ မာနတ္တဒါနတ္ထာယစ၊ မာနတ်ပေးခြင်းငှါ၎င်း။ မူလာယ၊ အရင်းသို့။ ပဋိကဿနေနဝါ၊ ငင်ခြင်းနှင့်မူလည်း။ သဟ၊ တကွ။ မာနတ္တဒါနတ္ထာယစ၊ ငှါ၎င်း။ အဝသာနေစ၊ အဆုံး၌လည်း။ အဗ္ဘာနတ္ထာယစ၊ အဗ္ဘာန်သွင်းခြင်းငှါ၎င်း။ သံဃော၊ ကို။ ဣစ္ဆိတဗ္ဗော၏။

---

## ကာယသံ သဂ္ဂ

ဤသိက္ခာပုဒ်၌ မာတုဂါမေနဝယ် လိုအပ်သော မာတုဂါမကို ပြဆိုပြီးလျှင် ဩတိဏ္ဏ အရကိုလည်း ကောက်ပြခဲ့ပါ။

မာတုဂါမအရ ယနေ့ မွေးဖွါးသော အသက်ရှင် လျက်ရှိသော မာတုဂါမကို ဆိုလိုပါသည်။ ဩတိဏ္ဏ အရကား မာတုဂါမကို ကိုင်တွယ်သုံးသပ်သော ကာယ သံသဂ္ဂရာဂတည်း။

မာတုဂါမေန သဒ္ဓိံ တဒဟုဇာတာယပိ ဇီဝ
မာနကာ မနုဿိတ္ထိယာ သဒ္ဓိံ။

မာတုဂါမေနသဒ္ဓိံ ဟူသည်။ ဘိက္ခုစာတာယပိ၊ ထိုနေ့၌ သွား
သည်လည်းဖြစ်သော။ ဗိဝမာနကာမနုဿိတ္ထိယာ၊ အသက်ရှင်သော
လူမိန်းမနှင့်။ သဒ္ဓိံ၊ တကွ။

---

မာတုဂါမေန သဒ္ဓိံ ကာယ သံသဂ္ဂံ သမာ
ပဇ္ဇေယျဟု ဆိုသောကြောင့် သေပြီးဖြစ်သောအလောင်း
ကောင်ကို ကာယသံသဂ္ဂရာဂဖြင့် ကိုင်လျှင် အပြစ်ရှိနိုင်
မရှိနိုင် ဖြေဆိုခဲ့ပါ။

ကာယသံသဂ္ဂရာဂဖြင့် အလောင်းကောင်ကိုကိုင်လျှင်
သံဃာဒိသိသ်အာပတ် မသင့်ပါ။ ထိုသော် အလောင်း
ကောင် မပုပ်သေးလျှင် ထုလ္လစ္စည်း၊ အလောင်းကောင်
ပုပ်လျှင် ဒုက္ကဋ်တည်း။

မှတ်ချက်။ မာတုဂါမ၏သုံးစွဲရန် ထားသော ပစ္စည်းများကို ကာယ
သံသဂ္ဂရာဂဖြင့် ကိုင်တွယ်လျှင် ဒုက္ကဋ်သင့်၏။

---

ဤကာယသံသဂ္ဂသိက္ခာပုဒ်၌ ဟတ္ထအရ၊ ဝေဏိ
အရ၊ အင်္ဂအရတို့ကို ပိုင်းခြားပြခဲ့ပါ။

တတောင်ဆစ်မှ လက်ဖျားထိအောင်သည် ဟတ္ထ
မည်၏။ ယခုအခါ၌ ဆံကျစ်ခြင်း, ပွတ်မြီးထုံးခြင်း, ဆံပင်
ထုံးခြင်း စသည့်ကား ဝေဏိမည်၏။ ထိုဟတ္ထ, ဝေဏိတို့မှ
ကြွင်းသောကိုယ်အင်္ဂါသည် အင်္ဂမည်၏။

တဏ္ဍုလဟဏ္ဍောနာမ ကပ္ပုရေတော ပဥ္စာယ ယာဝ
အဂ္ဂနခါ၊ ဝေဏီနာမ ဝိနဒ္ဓိတွာ ဝါ အဝိနဒ္ဓိတွာ ဝါ
သုဒ္ဓ ကေသေဟိ ဝါ နီလာဒိ ဝဏ္ဏ သုတ္တကုသုမ
ကဟာပဏ မာလာ သုဝဏ္ဏ စီရက မုတ္တာဝဋ္ဋိ
အာဒိသု အညတရ မိဿေဟိ ဝါ ကတကေသ
ကလာပဿေတံ အဓိဝစနံ။

တဏ္ဍုံ၊ ထိုစကားရပ်၌။ ဟဏ္ဍောနာမ၊ မည်သည်။ ကပ္ပုရတော၊ တတောင်ဆစ်မှ။ ပဥ္စာယ၊ စ၍။ ယာဝအဂ္ဂနခါ၊ လက်သည်းဖျား ဘိုင်အောင်။ ဝေဗိတမ္ဗော၊ ၏။ ဝေဏီနာမ၊ မည်သည်။ ဝိနဒ္ဓိတွာဝါ၊ ထုံး၍ ၎င်း။ အဝိနဒ္ဓိတွာဝါ၊ မထုံးမူ၍ ၎င်း။ သုဒ္ဓကေသေဟိဝါ၊ သက်သက်သော ဆံတို့ဖြင့် ၎င်း။ နီလာဒိဝဏ္ဏ သုတ္တကုသုမကဟာပဏမာလာ သုဝဏ္ဏ စီရကမုတ္တာဝဋ္ဋိ အာဒိသု၊ အညိုစသော အဆင်းရှိသော ချည်ပန်းကုံး, အသပြာပန်းကုံး, ရွှေဆံကျင်, ပုလဲသွယ် စသည်တို့တွင်။ အညတရ မိဿေဟိဝါ၊ တပါးပါးရောသည်တို့ဖြင့် ၎င်း။ ကတကေသကလာပဿ၊ ပြုအပ်သောဆံထုံး၏။ ဧတံ၊ ထိုဝေဏီဟူသော အမည်သည်။ အဓိဝစနံ၊ အမည်တည်း။

ဝေဏီအရ မထုံးဘဲထားသော ဆံပင်များနှင့် အမွေးကို မဆိုသဖြင့် ၎င်းတို့ကိုကိုင်လျှင် အပြစ်မရှိ ဟု မှတ်ရမည်လော အကြောင်းပြဖြေဆိုပါ။

မထုံးဘဲထားသော ဆံပင်များနှင့် အမွေးများကို ဝေဏီ၌ သွင်းယူရမည်ဟု ကင်္ခါ ဆိုသောကြောင့် အပြစ် ရှိပါသည်။

ဥဋ္ဌာသယ ၂၄၄-၇

ဥက္ကောဋိဂ္ဂဟဏေန စေဿ ကောသာဒိ ဂဟိတာ
ယော သဗ္ဗံ လောမဟံ။

ဗေ္ဘ၊ဤဟတ္ထဂ္ဂါဟံပါ စသော ပုဒ်တို့တွင်။ ဥက္ကောဋိဂ္ဂဟဏေန၊ ဖြင့်။ လောမဟံ။ လူနှင်။သဗ္ဗံ၊တကွ။ ကောသာဒိ၊ဆံဘိုက်ကိုလည်း။ ဂဟိတာ ယော၊ယူအပ်ကုန်သည်သာလျှင်တည်း။

---

လက်တဘက်ဖြင့် မာတုဂါမကို ကိုင်၍ ကျန်လက်တဘက်ဖြင့် မာတုဂါမ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကို တနေ့လုံး သုံးသပ်သောရဟန်းနှင့်၊ လက်တဘက်ဖြင့် မကိုင်ဘဲ ဦးခေါင်းမှခြေဖျားထိ လက်ကိုတဆက်ထည်း သုံးသပ်သော ရဟန်းတို့အား သံဃာဒိသေသ် အာပတ်ပေါင်း မည်မျှသင့်သနည်း။

သံဃာဒိသေသ် အာပတ်တချက်စီသာ သင့်ကြပါသည်။

ဧကေန ပန ဟတ္ထေန ဂဟေတွာ ဒုတိယေန
ဟတ္ထေန ဒိဝသံပိ တဏ္ဍု တဏ္ဍု ဖုသန္တဿ
ဧကာဝ အာပတ္တိ၊ အဂ္ဂဟေတွာ ဖုသန္တော ပန
သစေ သီသတော ယာဝပါဒါ တာဝ ကာယ
တော ဟတ္ထံ အမောစေန္တော ယေဝ ဖုသတိ
ဧကာဝ အာပတ္တိ။

ဧကေနပနဟတ္ထေန၊ တဘက်သောလက်ဖြင့်။ ဂဟေတွာ၊ ကိုင်၍။ ဒုတိယေနဟတ္ထေန၊ ကျန်ဒုတိယလက်ဖြင့်။ ဒိဝသံပိ၊ တနေ့ပတ်လုံးလည်း။ တဏ္ဍုတဏ္ဍု၊ထိုထိုသို့သောအင်္ဂါကြီးငယ်၌။ ဖုသန္တဿ၊တွေ့ထိ

သုံးသပ်သော ရဟန်းအား၊ ကောဝအာပတ္တိ၊ သည်။ ဟောတိ၊ ၏။ အင်္ဂဟေတွာ၊ မှု၍။ ဖုသန္တေသာပန၊ အားကား။ သီသတော၊ ဦးခေါင်းမှ။ ယာဝ၊ လောက်။ ပါဒါ၊ တို့သည်။ အတ္တီသ ၃၆၊ ကုန်၏။ တာဝ၊ လောက်။ ကာယတော၊ မှ။ ဟတ္ထံ၊ ကို။ အမောစေန္တောယေဝ၊ မလွတ်စေမူ၍ သာလျှင်။ သစေဖုသတိ၊ အံ့။ ကောဝ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။

---

မိန်းမတယောက်၏လက်ငါးချောင်းကိုတပေါင်းတည်း ဆွဲကိုင်သော ရဟန်းနှင့် မိန်းမ ငါးယောက်၏ လက်ငါးချောင်းကို တပေါင်းတည်းဆွဲကိုင်သောရဟန်းတို့အား အာပတ်ကိုမည်မျှသင့်သည်ဟု ခွဲခြားပြဆိုပါ။

မိန်းမတယောက်၏ လက်ငါးချောင်းတပေါင်းတည်း ဆွဲကိုင်သော ရဟန်းအား သံဃာဒိသိသ် အာပတ်တချက်သာ သင့်ပါသည်။ မိန်းမငါးယောက်၏ လက်ငါးချောင်းကို ဆွဲကိုင်သော ရဟန်းအား သံဃာဒိသိသ် အာပတ်ငါးချက်သင့်ပါသည်။

> ပဉ္စန္နံ အင်္ဂုလီနံ ကေဘော ဂဟဏေပိ ဧကာယေဝ၊
> သစေပန နာနိတ္ထီနံ ပဉ္စင်္ဂုလိယော ကေဘော
> ဂဏှာတိ ပဉ္စအာပတ္တိယော။

ပဉ္စန္နံ အင်္ဂုလီနံ၊ လက်ငါးချောင်းတို့ကို။ ကေဘော၊ တပေါင်းတည်း။ ဂဟဏေပိ၊ ကိုင်ခြင်း၌လည်း။ ဧကာယေဝအာပတ္တိ၊ သည်။ ဟောတိ၊ ၏။ သစေပန၊ ကား။ နာနိတ္ထီနံ၊ အသီးသီးသော မိန်းမတို့၏၊ ပဉ္စင်္ဂုလိယော၊ တို့ကို။ ကေဘော၊ တည်း။ ဂဏှာတိ၊ အံ့။ ပဉ္စ၊ ငါးပါးကုန်သော။ အာပတ္တိယော၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

---

မိန်းမယောကျ်ား မခွဲခြားနိုင်ဘဲ ယုံမှားသံသယဖြင့် သုံးသပ်ကိုင်သော ရဟန်း။ ပဏ္ဍုက် ယောကျ်ား တိရစ္ဆာန် အမှတ်သညာဖြင့် သုံးသပ်ကိုင်သောရဟန်း။ မိန်းမ၏ ပုဝါစသည်ဖြင့် မိမိကာယဖြင့်ရင်း။ ရဟန်း၏ကိုယ်နှင့်စပ်သောဝတ္ထုဖြင့် မိန်းမ၏ကာယပဋိဗဒ္ဓဖြင့် ထိသော ရဟန်းတို့အား မည်သည့်အာပတ် သင့်ကြပါသနည်း။

ယုံမှားသံသယရှိသော ရဟန်း ပဏ္ဍုက်ယောကျ်ား တိရစ္ဆာန် အမှတ်ဖြင့် သုံးသပ်ကိုင်သော ရဟန်းတို့အား ထုလ္လစ္စည်းအာပတ် သင့်ပါသည်။ မိန်းမ၏ပုဝါစသည်ဖြင့် မိမိကာယဖြင့်ရင်း၊ ရဟန်းတို့၏ ကိုယ်နှင့် စပ်သောဝတ္ထုဖြင့် မိန်းမ၏ ကာယပဋိဗဒ္ဓကို ထိစေသော ရဟန်းတို့အား ထုလ္လစ္စည်းသင့်ပါသည်။

> ဣတ္ထိယာ ဝေမတိကဿ ပဏ္ဍကပုရိသတိရစ္ဆာန ဂတသညိဿစ ထုလ္လစ္စယံ၊ တထာ ကာယေန ကာယပဋိဗဒ္ဓေန။

ဣတ္ထိယာ၊ ၌။ ဝေမတိကဿစ၊ အားရင်း။ ပဏ္ဍက ပုရိသတိရစ္ဆာန ဂတသညိဿစ၊ အားရင်း။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏။ တထာ၊ ဟူ။ ကာယေန၊ ရဟန်း၏ကိုယ်ဖြင့်။ ကာယပဋိဗဒ္ဓံ၊ မိန်းမ၏ကိုယ်နှင့်စပ်သော ဝတ္ထုကို။ ကာယပဋိဗဒ္ဓေန၊ ရဟန်း ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်။ ကာယံ၊ မိန်းမ၏ကိုယ်ကို။ ဖုသန္တဿ၊ ထိသောရဟန်း အားရင်း။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏။

(က) ဘိလူးမ နတ်သမီး ပဏ္ဍုက်တို့နှင့် ကာယသံသဂ္ဂပြုသောရဟန်း (ခ) လူမိန်းမ၏ ကာယပဋိဗဒ္ဓဖြင့် မိမိ၏ ကာယပဋိဗဒ္ဓတို့ ထိသောရဟန်း (ဂ) ယောကျ်ား၏ကိုယ်ကို တို့သောရဟန်း (ဃ)မိန်းမကထိသော်လည်း ကိုယ်ဖြင့် လှုပ်ရှားမှုမပြုဘဲ ခံစားသောရဟန်း (င) မိန်းမတို့၏ဘေးမှ လွတ်ရန် စိတ်မရှိဘဲ ထိကိုင်မိသောရဟန်း တို့အား သင့်နိုင်သော အာပတ်ကိုပြခဲ့ပါ။

(က) ဖြင့် ထုလ္လစ္စည်း အာပတ်သင့်ပါသည်။ (ခ) (ဂ) ဖြင့် ဒုက္ကဋ်အာပတ်သင့်ပါသည်။ (ဃ) (င) တို့ဖြင့် အာပတ်မသင့်ပါ။

အမနုဿိတ္ထိ ပဏ္ဍကေဟိ စ သဒ္ဓိံ ကာယ
သံသဂ္ဂေပိ မနုဿိတ္ထိယာ ပန ကာယပဋိဗဒ္ဓေန
ကာယပဋိဗဒ္ဓါဒိသု ပုရိသကာယ ဖုသနာ ဒိသု စ
ဒုက္ကဋံ၊ ဣတ္ထိယာ ဖုသိယမာနဿ သေဝနာ
ဓိပ္ပါယဿာပိ ကာယေန အဝါယမိတွာ ဖဿံ ပဋိ
ဇာနန္တဿ မောက္ခာဓိပ္ပါယေန ဣတ္ထိံ ဖုသန္တဿ။

အမနုဿိတ္ထိပဏ္ဍကေဟိ၊ ဘီလူးမနတ်သမီး ပဏ္ဍုက်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ကာယသံသဂ္ဂေပိ၊ ကြောင့်ရင်း။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏။ မနုဿိတ္ထိယာ ပန၊ ကား၊ ကာယပဋိဗဒ္ဓေန၊ ဖြင့်။ ကာယပဋိဗဒ္ဓါဒိသု စ၊ တို့၌ရင်း။ ဒုက္ကဋံ၊ သည်၊ ဟောတိ၊ ၏၊ ဣတ္ထိယာ၊ သည်။ ဖုသိယမာနဿ၊ သော်၊ သေဝနာဓိပ္ပါယဿာပိ၊ သော်လည်း။ ကာယေန၊ ဖြင့်။ အဝါယမိတွာ၊ ၍၊ ဖဿံ၊ ကို။ ပဋိဇာနန္တဿ၊ အားရင်း။ (အနာပတ္တိ၊ အာပတ်မသင့်။)

## ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်

ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၌ ဩတိဏ္ဏ အချက်ကို ကောက်ပြပြီးလျှင် မာတုဂါမအရ လိုအပ်သော မာတုဂါမကိုလည်း ထုတ်ဖော်ပြအံ့ပါ။

ဩတိဏ္ဏအရကား ဒုဋ္ဌုလ္လဝါစဿာဒရာဂ ဖြစ်ပါသည်။ ဤ၌ လိုအပ်သော မာတုဂါမမျိုးကား ဒုဋ္ဌုလ္လဝါစာဟူသည် မဟုတ်သည်ကို နားလည်သော မိန်းမမျိုး ဖြစ်ပါသည်။

ဩတိဏ္ဏတာစ ဝိပရိဏတစိတ္တတာစ ဒုဋ္ဌုလ္လ
ဝါစဿာဒရာဂဝသေနဝေဒိတဗ္ဗာ၊ မာတုဂါမန္တိ
ဒုဋ္ဌုလ္လာ ဒုဋ္ဌုလ္လံ သံလက္ခဏာသမတ္ထံ မနုဿိတ္ထိံ။

ဩတိဏ္ဏတာစ၊ ရာဂသည် သက်ဝင်အပ်သော အဖြစ်ကိုရင်း။ ဝိပရိဏတစိတ္တတာစ၊ ဖောက်ပြန်သော စိတ်ရှိသော အဖြစ်ကိုရင်း။ ဒုဋ္ဌုလ္လဝါစဿာဒရာဂဝသေန၊ ရုန့်ရင်းသောစကား၌ သာယာသော ရာဂ၏အစွမ်းဖြင့်၊ ဝေဒိတဗ္ဗာ၊ ၏။ မာတုဂါမန္တိ၊ ဟူသည်။ ဒုဋ္ဌုလ္လာ ဒုဋ္ဌုလ္လံ၊ ရုန့်ရင်းသည် မရုန့်ရင်းသည်ကို။ သံလက္ခဏာသမတ္ထံ၊ မှတ်ခြင်းငှါစွမ်းနိုင်သော။ မနုဿိတ္ထိံ၊ လူမိန်းမကို။

---

ဒုဋ္ဌုလ္လဝါစာဟူသည် မည်ကဲ့သို့သော စကားပါနည်း ဖြေဆိုချက်၊ ဩဝါဒကထာများ၏ အဘယ်သို့သော အခွင့်ဖြင့် ပြောကြားခြင်းကို ဆိုပါသနည်း။

ဒုဋ္ဌုလ္လဝါစာဟူသည် ငွေမင် ပသာဝမဂ်၌ မေထုန်နှင့်ယှဉ်သောစကား ဖြစ်ပါသည်။ ဩဘာသဿယူ အရ

ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ မေထုန်ကိုတောင်းခြင်း၊ အပွင့်အမင်း တောင်းခြင်း၊ မေထုန်နှင့်စပ်ပြီး မေးခြင်း၊အဖန်တလဲလဲ မေးခြင်း၊ မိဘပုံကိုပြောကြားခြင်း၊ နည်းလမ်းပေးခြင်း၊ ဆဲရေးခြင်း အစွမ်းဖြင့် ပြောကြားမှုကို ဩဘာသန ဟု ဆိုပါသည်၊

ဒုဋ္ဌုလ္လာဟိ ဝါစာဟီတိ ဝစ္စမဂ္ဂ ပဿာဝမဂ္ဂ မေထုနဓမ္မပ္ပဋိသံယုတ္တာဟိ ဝါစာဟိ၊ ဩဘာသေယျာတိ အဘာသေယျ ဝဏ္ဏာ ဝဏ္ဏံ ယာစန အာယာစန ပုစ္ဆန ပဋိပုစ္ဆန အာစိက္ခဏာနုသာသန အက္ကောသနဝသေန နာနာပ္ပကာရံ အသဒ္ဓမ္မဝစနံ ဝဒေယျ။

ဒုဋ္ဌုလ္လာဟိဝါစာဟီတိ၊ ဟူသည်။ ဝစ္စမဂ္ဂပဿာဝမဂ္ဂေ၊ နှင့်။ မေထုနဓမ္မပ္ပဋိသံယုတ္တာဟိ၊ မေထုန်အကျင့်နှင့်ယှဉ်ကုန်သော။ ဝါစာဟိ၊ တို့ဖြင့်။ ဩဘာသေယျာတိ၊ ဟူသည်။ ဝဏ္ဏာဝဏ္ဏံ အာယာစနပုစ္ဆနံ။ ပ။ အက္ကောသနဝသေန၊ ဖြင့်။ နာနပ္ပကာရံ၊ အထူးထူး အပြားပြား ရှိသော။ အသဒ္ဓမ္မဝစနံ၊ မသူတော်တို့၏ စကားကို။ ဝဒေယျ၊ ဆိုငြားအံ့။

---

❀ အောက်ပါစကားဖြင့် ဆဲရေးသောရဟန်းအား မည်သည့်အာပတ် သင့်ပါသနည်း။

(က) ဟဲ့ အစွေ့ရှော (ခ) ဟဲ့ ဖင်နှင့် အင်္ဂါဇာတ် တဆက်ထည်းနေသော မိန်းမ (ဂ)ဟဲ့ ဥဘတောဗျည်းမ။

> သိခရဏီသိ သံဘိန္နာသိ ဥဘတော ဗျဉ္ဇနကာသိတိ ဣမေသု အညတရေန အက္ကောသဝစနေနဝါ မာတုဂါမံ ဩဘာသန္တဿ သံဃာဒိသေသော နာမ အာပတ္တိနိကာယော ဟောတိ။

သိခရဏီ၊ ပြင်သို့ထွက်သော အသားစွန်းရှိသည်။ အသိ၊ ဖြစ်၏။ သမ္ဘိန္နာ၊ စပ်သော ဝစ္စမဂ် ပဿာဝမဂ်ရှိသည်။ အသိ၊ ၏။ ဥဘတောဗျဉ္ဇနကာ၊ ဥဘတောဗျည်းသည်။ အသိ၊ ၏။ ဣတိဣမေသု၊ တို့တွင်။ အညတရေန၊ သော အက္ကောသဝစနေနဝါ၊ ဆဲရေးသောစကားဖြင့်ရင်း။ ဩဘာသန္တဿ၊ အား။ သံဃာဒိသေသောနာမ၊ သော။ အာပတ္တိနိကာယော၊ သည်။ ဟောတိ၊ ၏။

---

● မိန်းမများစွာကို တခွန်းထည်းသော ဒုဋ္ဌုလ္လဝါစာ စကားဖြင့် ပြောဆိုသောရဟန်း၊ မိန်းမတယောက်ထည်းကိုဒုဋ္ဌုလ္လဝါစာပေါင်း များစွာပြောသောရဟန်းတို့အား မည်သည့်အပြစ် ရှိကြပါသနည်း။

မိန်းမများစွာကို တခွန်းထည်း ပြောသော ရဟန်းအား မိန်းမ အရေအတွက်နှင့် အမျှ သံဃာဒိသိသ် အာပတ်သင့်ပါသည်။ မိန်းမတယောက်ထည်းကို ဒုဋ္ဌုလ္လဝါစာ များစွာပြောသောရဟန်းအား စကားခွန်း အရေအတွက်နှင့်အမျှ သံဃာဒိသိသ် အာပတ်သင့်ပါသည်။

> သမ္ဗဟုလာစ ဣတ္ထိယော ဧကဝါစာယ ဩဘာသန္တဿ ဝါစာဂဏနာယစေဝ ဣတ္ထိဂဏနာယစ အာပတ္တိယော။

သမ္ဗဟုလာစ ဣတ္ထိယော၊ များစွာကုန်သော မိန်းတို့ကိုသော်လည်း။ ဧကဝါစာယ၊ တခွန်းသောစကားဖြင့်။ ဩဘာသန္တဿ ဝါ၊ ရင်း။ ဝါစာဂဏနာယစေဝ၊ စကား၏ အရေအတွက်ဖြင့်ရင်း။ ဣတ္ထိဂဏနာယစ၊ ဖြင့်ရင်း။ အာပတ္တိယော၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

---

ညှပ်ရိုးအောက် ပုဆစ်ဒူးဝန်း၏ အထက်နှင့် ကာယပဋိဗဒ္ဓဝတ္ထုတို့ကို ရည်ရွယ်ပြောဆိုသော ရဟန်းအား မည်သည့် အာပတ်သင့်သည်ကို လူမိန်းမပဏ္ဍုက်အား လျော်စွာ ခွဲခြားဖြေဆိုခဲ့ပါ။

လူမိန်းမအတွက်ညှပ်ရိုးအောက် ပုဆစ်ဒူးဝန်းအထက်နှင့်ကာယပဋိဗဒ္ဓကို ရည်ရွယ် ပြောဆိုပါက ထုလ္လစ္စည်းအာပတ်သင့်ပါသည်။ ပဏ္ဍုက်၌ ညှပ်ရိုးအထက် ပုဆစ်ဒူးဝန်းအောက်နှင့် ကာယပဋိဗဒ္ဓကို ရည်ရွယ်၍ ပြောဆိုလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။

> အဓက္ခကံ ဥဗ္ဘဇာဏုမဏ္ဍလံ အာဒိဿ ဝဏ္ဏာဝဏ္ဏဘာသနေ ထုလ္လစ္စယံ၊ ဥဗ္ဘက္ခကံ အဓောဇာဏုမဏ္ဍလံ ကာယပဋိဗဒ္ဓဉ္စ အာဒိဿ ဝဏ္ဏာဝဏ္ဏဘာသနေ သမ္ဗဟုလ ဒုက္ကဋံ။

အဓက္ခကဉ္စ၊ ညှပ်ရိုးအောက်ကိုရင်း။ ဥဗ္ဘဇာဏုမဏ္ဍလဉ္စ၊ ပုဆစ်ဒူးဝန်းအထက်ကိုရင်း။ ကာယပဋိဗဒ္ဓဉ္စ၊ ကိုယ်နှင့်စပ်သော ဝတ္ထုကိုရင်း။ အာဒိဿ၊ ၍။ ဝဏ္ဏာဝဏ္ဏဘာသနေ၊ ချီးမွမ်းခြင်းစသည်ကိုဆိုခြင်းကြောင့်။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏။ ဥဗ္ဘက္ခကဉ္စ၊ ညှပ်ရိုး အထက်ကိုရင်း။ အဓောဇာဏုမဏ္ဍလဉ္စ၊ ပုဆစ်ဒူးဝန်းအောက်ကိုရင်း။ ကာယပဋိ

ဗုဒ္ဓ၊ ရှင်း။ အာဒိသ၊ စွ၊ ဝဏ္ဏာဒိဘာဏေန၊ ကြောင့်။ သမ္ဗုဒ္ဓ၊ တို့၌၊ နုက္ခ၊ သည်၊ ဟောတိ၊ ၏။

---

## အဠ္ဌကာဝမ သင်္ကန္တပဒ

ဤသတ္တသုမ္ပဒ်၌ မာတုဂါမအရေကို ကောက်ပြီးလျှင် ဩဘိဏ္ဍအရေကိုလည်း ရေးခဲ့ပါ။

ဤသတ္တသုမ္ပဒ်၌ လိုအပ်သော မာတုဂါမ အရေကား- နှုတ်သာပါစါ ဟုတ်သည် မဟုတ်သည်ကို နားလည်သော မိန်းမျိုးကို ယူရပါမည်။ ဩဘိဏ္ဍအရေကား- အဍ္ဍကာမပါရိစရိယတည်း။

ဩဘိဏ္ဍတာစ ဝိပရိဏတစိတ္တတာစ အဍ္ဍကာမ
ပါရိစရိယဝဏ္ဏေန ဝေဒိတဗ္ဗာ။

ဩဘိဏ္ဍတာစ၊ ရှင်း၊ ဝိပရိဏတ စိတ္တတာစ၊ ရှင်း၊ အဍ္ဍကာမ ပါရိစရိယဝဏ္ဏေန၊ ဖြင့်၊ ဝေဒိတဗ္ဗာ၊ ၏။

---

အဍ္ဍကာမ ပါရိစရိယာယ ဟူ၍ ဘာသေယျ၌ ဝဏ္ဏဘာသနကာရပြ ပါဠိကိုထုတ်ဆို၍၊ မေထုန်နှင့် စပ်သော စကားဟူသည် အဘယ်သို့သော စကားနည်း။

အဘယ်သို့ဆိုပါနည်း။ ပါဠိ၌ ဆိုသည့် ဝဏ္ဏဘာသနကာရပြဆိုမှုဖြစ်ပါသည်။ မေထုန်နှင့်စပ်သော စကားဟူသည် သင်သည် ငါ့အား မေထုန် လှူထိုက်ပါသည် စသည်ဖြင့် ပြောဆိုသောစကားမျိုးတည်း။

တေဒဂ္ဂန္တိ အာဒိ တဿာ အတ္တကာမ ပါရိစရိ
ယာယ ဝဏ္ဏဘာသနာကာရနိဒ္ဒဿနံ။ အရဟာသိ
တွံ မယှံ မေထုနံ ဓမ္မံ ဒါတုံ အာဒိနာ မေထုန
ပ္ပဋိသံယုတ္တေနေဝ ဝစနေန ယော ဘာသေယျ။

တေဒဂ္ဂန္တိအာဒိ၊ စသောစကားသည်။ တဿာ အတ္တကာမပါရိစရိယာယ၊ ၏။ ဝဏ္ဏဘာသနာကာရနိဒ္ဒဿနံ၊ ကျေးဇူးကိုဆိုသော အခြင်းအရာကို ပြသောစကားတည်း၊ တွံ၊ သည်။ မယှံ၊ ငါ့အား။ မေထုနံ ဓမ္မံ၊ ကို။ ဒါတုံ၊ ငှါ။ အရဟာသိ၊ ၏။ ဣတိအာဒိနာ၊ သော။ မေထုနပ္ပဋိသံယုတ္တေနေဝ၊ မေထုန်နှင့် ယှဉ်သည်သာလျှင်ဖြစ်သော။ ဝစနေန၊ ဖြင့်။ ယော ဘိက္ခု၊ သည်။ ဘာသေယျ၊ အံ့။

---

● ကာယသံသဂ္ဂသိက္ခာပုဒ် ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ် အတ္တကာမသိက္ခာပုဒ်တို့၌ ပါသော ဩတိဏ္ဏတို့၏ ထူးခြားပုံကိုဖော်ပြပြီးလျှင်၊ ယင်းသိက္ခာပုဒ်တို့၌ပါသော မာတုဂါမတို့၏အထူးကိုလည်းရေးခဲ့ပါ။

ကာယသံသဂ္ဂလာ ဩတိဏ္ဏကား- ကာယသံသဂ္ဂရာဂ တည်း။ ဒုဋ္ဌုလ္လဝါစာလာ ဩတိဏ္ဏကား- ဒုဋ္ဌုလ္လဝါစဿာဒရာဂတည်း။ အတ္တကာမလာ ဩတိဏ္ဏကား- အတ္တကာမပါရိစရိယရာဂတည်း။

ကာယသံသဂ္ဂလာ မာတုဂါမကား ထိုနေ့ဖွားသော မိန်းမငယ် စ၍ အသက်ရှင်သူ အားလုံးကို ယူရပါမည်။ ဒုဋ္ဌုလ္လဝါစာလာ မာတုဂါမနှင့် အတ္တကာမလာ မာတု

ဂါမတို့၏ အရကား– ရှန့်ရင်းသောစကား- ဟုတ်သည် မဟုတ်သည်ကို နားလည်သည့်မိန်းမကိုယူရပါမည်။

---

## သဉ္စရိတ္တ

● ဇာတ္တိယာဝါပုရိသမတိံ ပုရိသသော ဝါဇာတ္တိမတိံ ဟူသောပုဒ်ကို ဇာယတ္တနေဝါ ဇာရတ္တနေဝါ ဟူသော ပုဒ်နှင့် ဖြစ်သင့်သလို တွဲစပ်၍ အဓိပ္ပါယ် ကိုလည်း ရေးခဲ့ပါ။

(က) ဇာတ္တိယာဝါပုရိသမတိံ ဇာယတ္တနေဝါ (ခ)ပုရိ သသဝါ ဇာတ္တိမတိံ ဇာရတ္တနေဝါဟု တွဲစပ်ရပါမည်၊ ထိုတွင် (က) ဖြင့် အရှင်ဘုရား မည်သည့် မိန်းမကို ပြောပေးစမ်းပါဟု အောင်သွယ်ခိုင်း၍ ထိုယောကျ်ား၏ အလိုကိုမိန်းမအားသွားပြောရာ၌ထိုမိန်းမအား မယားဖြစ် စေလို၍ပြောခြင်းဟု အဓိပ္ပါယ်ရ၏၊ (ခ)ဖြင့်အရှင်ဘုရား မည်သည့်ယောကျ်ားကို ပြောပေးစမ်းပါဟု စေခိုင်းရာ၌ ထိုယောကျ်ားကို မိန်းမ၏လင်ဖြစ်စေလို၍ ပြောခြင်းဟု အဓိပ္ပါယ်ရ၏။

---

## ကုဋိကာရ

● ဤသိက္ခာပုဒ်၌ ကုဋိ၏အမျိုးအစားကို ဖော်ပြ၍ အဓိပ္ပါယ်နှင့်တကွ ရေးခဲ့ပါ။

ကုဋိသည် ဥလ္လိတ္တကုဋိ၊ အဝလိတ္တကုဋိ၊ ဥလ္လိတ္တာဝလိတ္တကုဋိဟု သုံးမျိုးရှိပါသည်။ ထိုတွင် အင်္ဂတေမြေညက်တို့ဖြင့် အတွင်းဘက်၌သာ လိမ်းကျံအပ်သောကုဋိသည် ဥလ္လိတ္တကုဋိမည်၏။ အင်္ဂတေ မြေညက်တို့ဖြင့် အပြင်ဘက်၌သာလိမ်းကျံအပ်သောကုဋိသည် အဝလိတ္တကုဋိမည်၏။ အင်္ဂတေ မြေညက်တို့ဖြင့် အတွင်းအပြင် နှစ်ဘက်စလုံး၌လိမ်းကျံအပ်သောကုဋိသည် ဥလ္လိတ္တာဝလိတ္တကုဋိမည်၏။

တတ္ထ ဥလ္လိတ္တာနာမ ထပေတွာ ထမ္ဘ တုလာ ပိဏ္ဍ သံဃာတ ဝါတပါန ဓူမစ္ဆိဒ္ဒါဒိ ဘေဒံ အလေပေါကာသံ အဝသေသေ လေပေါကာသေ ကုဋ္ဋေဟိ သဒ္ဓိံ ဃဋေတွာ ဆဒနဿ အန္တော သုဓာယ ဝါ မတ္တိကာယ ဝါ လိတ္တာ၊ အဝလိတ္တာ နာမ တထေဝ ဝုတ္တနယေနေဝ ဆဒနဿ ဗဟိ လိတ္တာ၊ ဥလ္လိတ္တာဝလိတ္တာနာမ တထေဝ ဆဒနဿ အန္တော စ ဗဟိ စ လိတ္တာ။

တတ္ထ၊ ဥလ္လိတ္တာစသည်တို့တွင်။ ဥလ္လိတ္တာနာမ၊ မည်သည်။ ထမ္ဘတုလာပိဏ္ဍသံဃာတဝါတပါန ဓူမစ္ဆိဒ္ဒါဒိဘေဒံ၊ တိုင်, ထုပ်လျှောက် တခါးရွက်,လေသာတခါးပေါက်, အခိုးပေါက်စသည်အပြားရှိသော။ အလေပေါကာသံ၊ မလိမ်းကျံကောင်းသောအရပ်ကို၊ ထပေတွာ၊ ၍။ အဝသေသေ၊ ကြွင်းသော။ လေပေါကာသေ၊ လိမ်းကျံကောင်းသောအရပ်တို့ကို။ ကုဋ္ဋေဟိ၊ နံရံတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဃဋေတွာ၊ ၍။ ဆဒနဿ၊ ၏။ အန္တော၊ ၌။ သုဓာယ ဝါ၊ အင်္ဂတေဖြင့်၎င်း။ မတ္တိကာယ ဝါ၊

မြေညက်ဖြင့်ရင်း။ လိတ္တာ၊ လိမ်းကျံအပ်သောကုဋိတည်း။ အဝလိတ္တာ နာမ၊မည်သည်၊ တထေ၊ လျှင်။ ဝုတ္တနယေန၊ ဖြင့်။ ဆာဒနသာ၊၏။ ဗဟိ၊ အပဿ၊ လိတ္တာ၊ သော၊ ကုဋိ၊ တည်း။ ဥလ္လိတ္တာဝလိတ္တာနာမ၊ မည်သည်။ ထထေ၊ လျှင်၊ ဆာဒနသာ၊၏။ အဗ္ဘန္တရ၊ ဝှဲရင်း။ဗဟိဝ၊ ဖြင့်ရင်း။ လိတ္တာ၊သော၊ ကုဋိ၊တည်း။

---

သပရိက္ကမနံအရ မည်ကဲ့သို့လှည့်လည်ရမည်ကို သချာစွာဖော်ပြခဲ့ပါ။

လှည်းဘီးတခုကို တံစက်မိတ် ရေကျရာ အရပ်၌ ထား၍ အခြားလှည်းဘီးတခုကို အပြင်ဘက်မှထား၍ လှည့်လည်ခြင်းကို သပရိက္ကမနံဟု ဆိုပါသည်၊

> ကော် စက္က နိဗ္ဗာဒကပတနေ ကော် ဗဟိ ကတွာ အာဝိဉ္ဆိတုံ သက္ကုဏေယျ တာဝ သပရိက္ကမနန္တိ။

ကော်စက္ကံ၊ လှည်းဘီးတဘက်ကို၊ နိဗ္ဗောဒကပတနေ၊ တံစက်ရေကျရာအရပ်၌၊ ကော်စက္ကံ၊ကို။ ဗဟိ၊ ၌။ ကတွာ၊ ထား၍။ အာဝိဉ္ဆိတုံ၊ လှည့်လည်ခြင်းငှါ။ သက္ကုဏေယျတာဝ၊ တတ်နိုင်သည်၏ အဖြစ်ကြောင့်။ သပရိက္ကမနန္တိ၊ ဟူ၍။

---

## ဝိဟာရကာရ

ဤဝိဟာရကာရသည်ကုဋိကာရထက် မဟာလ္လက ဖြစ်သည်ဟု ဆိုရာ မည်ကဲ့သို့ မဟာလ္လကဖြစ်သည်ကို ရှင်းခဲ့ပါ။

ဤပိဟာရကာရသည် ကျောင်းဒါယကာရှိခြင်း၊ကုဋိကာရထက် ပမာဏကြီးခြင်းမျိုးကို မဟလ္လကဟုခေါ်ပါသည်။

သသာမိက ဘာဝေန သညာစိက ကုဋိတော
မဟန္တဘာဝေါ ဧတဿ အတ္ထီတိ မဟလ္လကော၊
ယသ္မာ ဝတ္ထုံ ဒေသာပေတွာ ပမာဏာတိက္က
မေနာပိ ကာတုံ ဝဋ္ဋတိ။

သသာမိကဘာဝေန၊ အရှင်ရှိသည်၏အဖြစ်ကြောင့်။ သညာစိတကုဋိတော၊ ထက်။ မဟန္တဘာဝေါ၊ သည်။ ဧတဿ၊ ထိုကျောင်းအား။ အတ္ထိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ မဟလ္လကော၊ မည်၏။ ဝါ၊ တနည်းသော်ကား။ ယသ္မာ၊ ကြောင့်။ ဝတ္ထုံ၊ ကျောင်းရာကို။ ဒေသာပေတွာ၊ ကြားစေ၍။ ပမာဏာတိက္ကမေနာပိ၊ ပမာဏထက် လွန်သဖြင့်သော်လည်း။ ကာတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။ တသ္မာ၊ ကြောင့်။ ပမာဏမဟန္တတာယပိ၊ ပမာဏကြီးသည်၏ အဖြစ်ကြောင့်လည်း။ မဟလ္လကော၊ မည်၏။

---

## ဒုဋ္ဌဒေါသ

အမူလကေန ပါရာဇိကေန၌ ပါရာဇိကအရမည်သည့်ပါရာဇိကကိုယူရမည်ဟု သေချာစွာဖော်ပြခဲ့ပါ။

ပါရာဇိကေနအရ ပါရာဇိက နှစ်ဆဲ့လေးပါးတို့တွင် ဘိက္ခုနီနှင့်ဆိုင်သော ငါးပါးကိုနုတ်၍ကျန်တဆဲ့ကိုးပါး ယူရပါမည်။

ပါရာဇိကေနာတိ ဘိက္ခုနော အနုရူပေသု ကြေန
ဝိသာဒိယာ ပါရာဇိကေသု အညတရေန။

ပါရာဇိကေနာတိ၊ ဟူသည်။ ဘိက္ခုနော၊ အား၊ အနုရူပေသု၊ လျောက်ပတ်ကုန်သော။ ကြေနဝိသတိယာပါရာဇိကေသု၊ တဆဲ့ကိုး ပါးသော ပါရာဇိကတို့တွင်။ အညတရေန၊ တပါးပါးဖြင့်။

---

● ဒုဋ္ဌဒေါသသိက္ခာပုဒ်၌- ဒုဋ္ဌနှင့် ဒေါသတို့၏ သဘောသွားကိုရေးခဲ့ပါ။

ဒေါသငင်နေသူမှာ ပကတိ ပင်ကိုယ်စိတ်ပျောက်၍ စိတ်နှလုံးကောင်းမရှိတော့ဘဲ ဒေါသ၏အဖျက်ခံးကိုခံရ သဖြင့် စိတ်ပျက်စိတ်ဆိုးနေသည်ကို ဒုဋ္ဌဟုခေါ်သည်။ ထိုဒေါသရှိနေလျှင် မိမိတွင်မက သူတပါး ကိုလည်းနှိပ် စက်ဖျက်ဆီးတတ်သည်ကို ဒေါသဟုဆိုပါသည်။

ဥပ္ပန္နေ ဟိ ဒေါသေ ပုဂ္ဂလော တေန ဒေါသေန ဒုဿိတော ဟောတိ၊ ပကတိဘာဝံ ဇဟာပိတော၊ တသ္မာ ဒုဋ္ဌောတိ ဝုစ္စတိ၊ ပရဉ္စ ဒူသေတိ ဝိနာ သေတိ၊ တသ္မာ ဒေါသောတိ ဝုစ္စတိ။

ဟိ၊ ချဲ့ဦးအံ့။ ဒေါသေ၊ သည်။ ဥပ္ပန္နေ၊ သော်။ ပုဂ္ဂလော၊ ကို။ တေန ဒေါသေန၊ သည်။ ဒုဿိတော၊ ဖျက်ဆီးအပ်သည်။ ဟောတိ၏။ ပကတိ ဘာဝံ၊ ပကတေ့သောအဖြစ်ကို၊ ဇဟာပိတော၊ စွန့်စေအပ်၏။ တသ္မာ၊ ကြောင့်။ ဒုဋ္ဌောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ပရဉ္စ၊ သူတပါးကိုလည်း။ ဒူသေတိ- ဝိနာသေတိ၊ ဖျက်ဆီးတတ်၏။ တသ္မာ ကြောင့်။ ဒေါသော တိ၊ ဟူ၍၊ ဝုစ္စတိ၊ ၏။

အမူလကေန ပါရာဇိကေန ၌ မူလ-အမူလ အရတို့ကို ကောက်ပြခဲ့ပါ။

မူလအရကား-ဒိဋ္ဌ,သုတ,ပရိသင်္ကိတတို့ဖြစ်ပါသည်။ အမူလအရကား-အဒိဋ္ဌ,အသုတ, အပရိသင်္ကိတတို့ ဖြစ်ပါသည်။

> အမူလကေနာတိ ယံ စောဒကေန စုဒိတကမှိ
> ပုဂ္ဂလေ အဒိဋ္ဌံ အသုတံ အပရိသင်္ကိတံ။

အမူလကေနာတိ၊ ဟူသည်။ယံ၊ အကြင်ပါရာဇိကကို။စောဒကေန၊ သည်။ စုဒိတကမှိ၊ စုဒိတကဖြစ်သော။ ပုဂ္ဂလေ၌။ အဒိဋ္ဌ၊ မမြင်အပ်။ အသုတံ၊ မကြားအပ်။ အပရိသင်္ကိတံ၊ မရွံရှာအင်။

---

ပါရာဇိကကျပြီးသောရဟန်းကို ဒုဋ္ဌဒေါသဖြင့် စွပ်စွဲလျှင် ဤ ဒုဋ္ဌဒေါသ သိက္ခာပုဒ်အရ အပြစ်ရှိ မရှိ၊ ပေါ် ပြ၍ တခြားကွယ်ရာမှနေ၍ စွပ်စွဲလျှင် အပြစ်ရှိနိုင် ပါသလော။

ပါရာဇိက ကျနေသေးသူ ရဟန်းဟု ဝန်ခံနေသေး လျှင် ရဟန်း အရေအတွက်တွင် ပါဝင်နေသူ ဖြစ်သော ကြောင့် ဤသိက္ခာပုဒ်အရ အပြစ်ရှိပါသည်။ တခြား ကွယ်ရာမှနေ၍ စွပ်စွဲလျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။

---

အနုဒ္ဓံသေယျ၌ စွပ်စွဲခြင်း၏ သရုပ်ကို ထုတ်ဆို ခဲ့ပါ။

ဗွပ်ခွဲခြင်း၏သရုပ်ကား ဝဏ္ဏသန္ဒဿနာ၊ အာပတ္တိသန္ဒဿနာ၊ သံဝါသပ္ပဋိက္ခေပ၊ သာမိစိပ္ပဋိက္ခေပ ဟူ၍ လေးပါးတည်း။

တတ္ထ ဝဏ္ဏ သန္ဒဿနာ အာပတ္တိ သန္ဒဿနာ
သံဝါ သပ္ပဋိက္ခေပေါ သာမိစိပ္ပဋိက္ခေ ပေါတိ
သင်္ခေပတော စတဿော စောဒနာ။

တတ္ထ၊ ထိုစကားရပ်၌။ ဝဏ္ဏသန္ဒဿနာ၊ ဝဏ္ဏကိုပြခြင်း။ အာပတ္တိသန္ဒဿနာ၊ အာပတ်ကိုပြခြင်း။ သံဝါသပ္ပဋိက္ခေပေါ၊ အပေါင်းအဖေါ်ကိုပယ်ခြင်း၊ သာမိစိပ္ပဋိက္ခေပေါ၊ အရိုအသေပြုခြင်းကိုပယ်ခြင်း။ ဣတိဧဝံ၊ သို့။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ စတဿော၊ ကုန်သော၊ စောဒနာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

---

● စောဒနာရာ၌ စောဒနာဓိပ္ပါယ၏ သရုပ်ကို ထုတ်ဆိုပြီးလျှင် ဤ၌ လိုအပ်သော အဓိပ္ပါယ်ကိုလည်း ညွှန်းခဲ့ပါ။

စောဒနာဓိပ္ပါယသရုပ်ကား- စဝနာဓိပ္ပါယ, အက္ကောသာဓိပ္ပါယ, ကမ္မာဓိပ္ပါယ, ဝုဋ္ဌာနာဓိပ္ပါယ, ဥပေါသထဌပနာဓိပ္ပါယ, ပဝါရဏာ ဌပနာဓိပ္ပါယ, အနုဝိဇ္ဇနာဓိပ္ပါယ, ဓမ္မကထာဓိပ္ပါယ တို့ဖြစ်ပါသည်။ ဤ၌ လိုအပ်သော အဓိပ္ပါယကား-စဝနာဓိပ္ပါယဖြစ်ပါသည်။

ဧတေန ဧကံ စဝနာဓိပ္ပါယံ ဂဟေတွာ အဝ
သေသာ အက္ကောသာ ဓိပ္ပါယော၊ ကမ္မာ ဓိပ္ပါ
ယော ဝုဋ္ဌာနာဓိပ္ပါယော ဥပေါသထ ဌပနာ

ဓိပ္ပါယော ပဝါရဏာ ထပနာဓိပ္ပါယော အနုဝိဇ္ဇ
နာဓိပ္ပါယော ဓမ္မကထာ ဓိပ္ပါယောတိ သတ္တ
အဓိပ္ပါယာ ပဋိက္ခိတ္တာ ဟောန္တိ။

ဧတေန၊ ထိုဣမမှာ ဗြဟ္မစရိယာစာဝေယျံဟူသော ပါဠ်ဖြင့်။ ဧကံ၊ သော။ စဝနာဓိပ္ပါယံ၊ ရွေ့လျောစေခြင်းဟူသောအလိုကို။ ဂဟေတွာ၊ ၍။ အဝသေသာ၊ ကုန်သော။ အက္ကောသာဓိပ္ပါယော၊ ဆဲရေးလိုခြင်းရင်း။ ကမ္မာဓိပ္ပါယော၊ တဇ္ဇနီယကံစသော ခုနစ်ပါးသောကံကိုပြုလိုခြင်းရင်း။ ဝုဋ္ဌာနာဓိပ္ပါယော၊ အာပတ်မှ ထစေခြင်းရင်း။ ဥပေါသထ ထပနာဓိပ္ပါယော၊ ဥပုသ်ကို တားလိုခြင်းရင်း။ ပဝါရဏာထပနာဓိပ္ပါယော၊ ပဝါရဏာကို တားလိုခြင်းရင်း။ အနုဝိဇ္ဇနာဓိပ္ပါယော၊ မေးစိစစ်လိုခြင်းရင်း။ ဓမ္မကထာဓိပ္ပါယော၊ တရားဟောလိုခြင်းရင်း။ ဣတိဣမေ သတ္တ အဓိပ္ပါယာ၊ တို့ကို။ ပဋိက္ခိတ္တာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။

---

အမူလကဉ္စေဝ တံ အဓိကရဏံ ဟောတိ ၌ အဓိကရဏဘေဒကိုထုတ်ပြ၍ ဤ၌ လိုအပ်သော အဓိကရဏကိုလည်း ညွှန်းခဲ့ပါ။

အဓိကရဏဘေဒကား- ဝိဝါဒါဓိကရုဏ်း၊ အနုဝါဒါဓိကရုဏ်း၊ အာပတ္တာဓိကရုဏ်း၊ ကိစ္စာဓိကရုဏ်းဟု လေးမျိုးရှိပါသည်။ ယင်းတွင် ပါရာဇိကဟူသော အာပတ္တာဓိကရုဏ်းကို အလိုရှိပါသည်။

ဣဓပန ပါရာဇိက သင်္ခါတံ အာပတ္တာဓိကရဏ
မေဝ အဓိပ္ပေတံ။

ဣဓပန၊ ဤအရာ၌ကား။ ပါရာဇိကသင်္ခါတံ၊ ပါရာဇိကဟု ဆိုအပ်သော။ အာပတ္တာဓိကရဏမေဝ၊ အာပတ္တာဓိကရုဏ်းကိုသာလျှင်။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။

## အညဘာဂိယ

ဤသိက္ခာပုဒ်၌ အညဘာဂ၊ အညဘာဂိယတို့၏ အရတို့ကို ကောက်ပြ၍ဤသိက္ခာပုဒ်ပါအဓိကရဏအရကိုလည်း ထုတ်ဖော် ပြပါ။

တိရစ္ဆာန်ဇာတ် ဆိတ်ဖို၏ အဖြစ်သည် အညဘာဂ တည်း။ ဆိတ်သတ္တဝါကား- အညဘာဂိယမည်၏။ အဓိကရဏအရကား- ဇာတိ လေသ စသည်တို့၏ တည်ရာ ဖြစ်ပါသည်။

---

## သံဃဘေဒက

သမဂ္ဂသံဃာ၏အဓိပ္ပါယ်ကို ရေး၍သံဃာကွဲပြားခြင်းကို ဖြစ်စေတတ်သော အကြောင်းတရားတဆဲ့ရှစ်ပါးကို သိသာရုံမျှ ရေးခဲ့ပါ။

ကိုယ်အားဖြင့်၎င်း စိတ်အားဖြင့်၎င်း မကွဲမကွာ ညီညွတ်သော သံဃာကို သမဂ္ဂသံဃာဟု ခေါ်ပါသည်။

သံဃာကွဲပြားခြင်းကို ဖြစ်စေတတ်သော အကြောင်းတရား (၁၈)ပါးကား- ဓမ္မ, အဓမ္မ, ဝိနယ, အဝိနယ, ဘာသိတ, အဘာသိတ, အာစိဏ္ဏ, အနာစိဏ္ဏ, ပညတ္တ, အပညတ္တ, အာပတ္တိ, အနာပတ္တိ, လဟုက, ဂရုက, သာဝသေသာ ပတ္တိ, အနာဝသေသာပတ္တိ, ဒုဋ္ဌုလ္လ, အဒုဋ္ဌုလ္လတို့ ဖြစ်ပါသည်။

**ဆောင်။** ဓမ္မဝိနယ၊ ဘာသိက၊ ဝိဏ္ဏုပညတ္တာ။
အာပတ်လဟုက၊ ဝသေသ၊ မှတ်ကြဒုဋ္ဌုလ္လာ။

သမဂ္ဂဿ သံဃဿာတိ သဟိတဿ ဘိက္ခု
သံဃဿ စိတ္တေနစ သရီရေနစ အဝိယုတ္တဿာ
တိ အတ္ထော။

သမဂ္ဂဿ သံဃဿာတိ၊ ဟူသည်ကား။ သဟိတဿ၊ တကွဖြစ်သော။ ဘိက္ခုသံဃဿ၊ ၏၊ စိတ္တေနစ၊ နှင့်ရင်း။ သရီရေနစ၊ နှင့်ရင်း။ အဝိယုတ္တဿ၊ မကင်းသော။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။

---

ပဌမဒုဋ္ဌဒေါသ ပါ အဓိကရဏ, ဒုတိယ ဒုဋ္ဌဒေါသပါ အဓိကရဏ ဤသံဃဘေဒကပါ အဓိကရဏ တို့၏အထူးကို ရေးခဲ့ပါ။

ပဌမဒုဋ္ဌဒေါသ ပါ အဓိကရဏကား- အာပတ္တာဓိကရဏ် ဖြစ်ပါသည်။ ဒုတိယဒုဋ္ဌဒေါသပါ အဓိကရဏကား- ဇာတိလေသ စသည်တို့၏ တည်ရာဖြစ်ပါသည်။ ဤသံဃဘေဒကပါ အဓိကရဏကား- သံဃာ ကွဲပြားခြင်းကို ဖြစ်စေတတ်သော အကြောင်းတည်း။

ဣဓပန ပါရာဇိက သင်္ခါတံ အာပတ္တာဓိကရဏ
မေဝ အဓိပ္ပေတံ၊ အဓိကရဏန္တိ အာဓာရော
ဝေဒိတဗ္ဗော ဘေဒနဿ သံဃဿ အဋ္ဌာယ
သံဝတ္တနိကံ ကာရဏံ။

ဣဓပန၊ ဤပဌမဒုဋ္ဌဒေါသ သိက္ခာပုဒ်၌ကား။ ပါရာဇိကသင်္ခါတံ၊ သော၊ အာပတ္တာဓိကရဏမေဝ၊ ကိုသာလျှင်။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။

အဓိကရဏန္တိ၊ ဟူသည်။ အာဓာရော၊ တည်ရာကို။ ဝေဒိတဗ္ဗော၊၏။ ဘေဒနဿ သံဃဿ၊ သံဃာ ကွဲပြားခြင်း၏။ အဓိဋ္ဌာယ၊ ငှါ။ သံဝတ္တနိကံ၊ ဖြစ်စေတတ်သော။ ကာရဏံ၊ အကြောင်းကို။

---

## သံဃဘေဒက

သံဃဘေဒက ရဟန်းအား ရဟန်းကောင်းတို့က ဆိုဆုံးမပုံပြပါဠိကိုရေး၍ ထိုသံဃဘေဒက ရဟန်းကို သိကြားတွေ့မြင်သောရဟန်းသည် မည်မျှခရီးကိုသွား၍ တားမြစ်နိုင်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

မာယသ္မာ။ပ။ ဖါသုဝိဟာရတိ ကား - ဆိုဆုံးမပုံပြ ပါဠိဖြစ်ပါသည်။ ယူဇနာဝက် ခရီးဝေးစေကာမူ သွား ရောက်၍ တားမြစ်ရပါမည်။

> သဗ္ဗန္တိမေန ပရိစ္ဆေဒေန အဍ္ဎယောဇန မတ္တံ မဂ္ဂံ ဂန္တွာပိ။

သဗ္ဗန္တိမေန၊ အလုံးစုံအောက်ယုတ်သော။ ပရိစ္ဆေဒေန၊ အပိုင်းအခြားဖြင့်။ အဍ္ဎယောဇနမတ္တမ္ပိ၊ ယူဇနာခွဲအရပ်သို့လည်း။ ဂန္တွာ၊ ၍။

---

သံဃဘေဒကရဟန်းအား ဉတ္တိ စတုတ္ထ ကမ္မဝါစာဖြင့် သမနုဘာသနကံကိုပြုရာ၌ အယူကို မစွန့်ခြင်း ကြောင့် သင့်နိုင်သောအာပတ်များနှင့် သင့်သောအခါ တို့ကို ပိုင်းခြားပြပါ။

သံဃဘေဒကရဟန်းအား ဉတ်၏ အဆုံး၌ ဒုက္ကဋ်၊ ကမ္မဝါစာနှစ်ကြိမ်ဖြင့် ထုလ္လစ္စည်းနှစ်ချက်၊ တတိယ

ကမ္မဝါစာဝယ် သောဘာသေယျ၌ ယျ အက္ခရာတိုင်အောင် အယူ မစွန့်လျှင် သံဃာဒိသိသ် အာပတ်သင့်ပါသည်။

မှတ်ချက်။ သံဃာဒိသိသ်သင့်သောအခါ ယျ အက္ခရာ သို့ ရောက်သည်နှင့်တပြိုင်နက် ဒုက္ကဋ်နှင့် ထုလ္လစ္စည်းပျောက်၍ သံဃာဒိသိသ်သို့ရောက်သည်မှတ်။

အပ္ပဋိနိသဇ္ဇန္တဿ ဥပ္ပတ္တိပရိယေသာသာနေ ဒုက္ကဋံ၊ ဒွိဟိကမ္မဝါစာဟိ ဒွေ ထုလ္လစ္စယာ၊ ယဿ နက္ခမတိ သော ဘာသေယျာတိ ဧဝံ ယျကာရ ပတ္တာယ တတိယ ကမ္မဝါစာယ တဉ္စ ဒုက္ကဋံ တေစ ထုလ္လစ္စယာ ပဋိပ္ပဿမ္ဘန္တိ သံဃာဒိသေ သောယေဝ တိဋ္ဌတိ။

အပ္ပဋိနိသဇ္ဇန္တဿ၊ မစွန့်သောရဟန်းအား။ ဥပ္ပတ္တိပရိယေသာသာနေ၊ ၌။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဒွိဟိကမ္မဝါစာဟိ၊ တို့ဖြင့်။ ဒွေထုလ္လစ္စယာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ယဿနက္ခမတိသော ဘာသေယျာတိ၊ ဟူ၍။ ဧဝံ၊ သို့။ ယျကာရပတ္တာယ၊ ယျအက္ခရာသို့ ရောက်သော။ တတိယကမ္မဝါစာယ၊ ၌။ တဉ္စဒုက္ကဋံ၊ သည်ရင်း။ တေစထုလ္လစ္စယာ၊ တို့သည်ရင်း။ ပဋိပ္ပဿမ္ဘန္တိ၊ ကုန်၏။ သံဃာဒိသေသောယေဝ၊ သာလျှင်။ တိဋ္ဌတိ၊ တည်၏။

---

## ဘေဒါနုဝတ္တက

ဘေဒါနုဝတ္တကရဟန်း ဟူသည် နောက်မှ တကောက်ကောက်လိုက်နေသောရဟန်းကိုခေါ်ပါသလော

ဖြေဆို၍၊ ဧကောဝါ ဒွေဝါ တယောဝါဟု ပိုင်းခြားသတ်မှတ်ရခြင်း အကြောင်းကိုလည်း ရေးခဲ့ပါ။

နောက်မှ တကောက်ကောက်လိုက်နေသောရဟန်းကို မခေါ်ဆိုပါ၊ သိမ်ဃာဘေဒကရဟန်း၏ အယူဝါဒ အတိုင်း လိုက်နာကျင့်သုံးသောရဟန်းကို ဘေဒါနုဝတ္တကရဟန်းဟု ခေါ်ပါသည်၊ ဧကောဝါ ဒွေဝါ တယောဝါဟု သတ်မှတ်ရခြင်းကား-နှိ ဟိဘက်ကိုပြုသောအခါ သုံးပါးထက် အလွန် လေးပါး ငါးပါး စသည့်တို့ကို မပြုထိုက်သော ကြောင့်သတ်မှတ်ရပါသည်။

> အနုဝတ္တကာတိ တဿ ဒိဋ္ဌိံ ခန္တိံ ရုစိံ ဂဟေတွာ
> ယေန အနုပဝိဋ္ဌနကာ၊ ယဿ ပန တိဏ္ဏံ
> ဥဒ္ဓံ ကမ္မာရဟာ နဟောန္တိ၊ နဟိ သံဃော သံ
> ဃဿ ကမ္မံ ကရောတိ၊ တသ္မာ ဧကောဝါ
> ဒွေဝါတယောဝါတိ ဝုတ္တံ။

အနုဝတ္တကာတိ၊ ဟူသည်။ တဿ၊ ၏။ ဒိဋ္ဌိံ၊ အယူကို။ ခန္တိံ ရုစိံ၊ အလိုကို။ ဂဟေတွာ၊ ယူသဖြင့်။ အနုပဝိဋ္ဌနကာ၊ လိုက်၍ ကျင့်တတ်ကုန်သော။ ယဿပန၊ အကြင်ကြောင့်ကား။ တိဏ္ဏံ၊ တို ထက်၊ ဥဒ္ဓံ၊ လွန်သောရဟန်းတို့သည်။ ကမ္မာရဟာ၊ ကံဆိုက်ကုန်သည်၊ နဟောန္တိ၊ ကုန်။ ဟိ-သင့်စွ၊ သံဃော၊ သည်။ သံဃဿ၊ အား။ နကရောတိ၊ မပြု။ တသ္မာ၊ ကြောင့်။ ဧကောဝါ ဒွေဝါ တယောဝါတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

---

❁ ဘေဒါနုဝတ္တကရဟန်းအား ရဟန်းကောင်းတို့က ဆိုဆုံးမပုံပြပါဠိကို ရေးခဲ့ပါ။

မာယသ္မာ ဧဝံအဝစုဿ။ လ။ ဖါသုဝိဟာရတိတိ-ဖြစ်ပါသည်။

---

## ဒုဗ္ဗစသိက္ခာပုဒ်

ဒုဗ္ဗစ၏ အဓိပ္ပါယ်ကိုရေး၍၊ ဥဒ္ဒေသ ပရိယာပန္နေသုသဟဓမ္မိကေဟိ ဥဒ္ဒေသအရ-ပရိယာပန္န အရတို့ကို ကောက်ပြခဲ့ပါ၊

ရဟန်းကောင်းများကဆိုဆုံးမသည်ကိုမနာယူဘဲ ပြန်လှန်ပြောဆိုသဖြင့် ဆိုဆုံးမခက်သောရဟန်းကို ဒုဗ္ဗစဟု ဆိုပါသည်၊ ဥဒ္ဒေသအရကား - ပါတိမောက္ခ ဥဒ္ဒေသ တည်း၊ သဟဓမ္မိကအရကား-သီတင်းသုံးဖော်ငါးဦးတို့ ကျင့်သုံးအပ်သော သိက္ခာပုဒ်တော်များတည်း။

> ဒုဗ္ဗစဇာတိကော ဟောတိ ဒုဗ္ဗစ သဘာဝေါ ဝတ္တုံ
> အသက္ကုဏေယျောတိ အတ္ထော၊ အန္တော ပါတိ
> မောက္ခသ ဝတ္တမာနေသူတိ အတ္ထော၊ ပဉ္စဟိ
> သဟဓမ္မိကေဟိ သိက္ခိတဗ္ဗတ္တာ တေသံဝါ သန္တ
> ကတ္တာ သဟဓမ္မိကန္တိ လဒ္ဓနာမေန ဗုဒ္ဓပညတ္တေန
> သိက္ခာပဒေန ဝုစ္စမာနောတိ အတ္ထော။

ဒုဗ္ဗစဇာတိကော၊ ဟူသည်။ဒုဗ္ဗစဇာတိကော၊ ဆိုနိုင်ခက်သော သဘောရှိသည်။ ဝတ္တုံ၊ ငှါ။ အသက္ကုဏေယျော၊ မတတ်နိုင်။ ဣတိ အယံ၊ လျှင်။ အတ္ထော၊ တည်း။ အန္တော ပါတိမောက္ခသ၊ ပါတိ မောက်၏အတွင်း၌။ ဝတ္တမာနေသု၊ ဖြစ်ကုန်သော။ ဣတိအယံ၊လျှင်။ အတ္ထော၊ တည်း။ ပဉ္စဟိသဟဓမ္မိကေဟိ၊ ငါးယောက်သော သီတင်း

သုံးဘောင်တို့သည်။ သိက္ခိတဗ္ဗာ၊ ကျင့်အပ်သည်၏အဖြစ်ကြောင့်။ ဝါ၊ ကား။ တေသံ၊ ထိုသီတင်းသုံးဘောင်ငါးဦးတို့အား။ သန္တကတ္တာ၊ ဥစ္စာဖြစ်သောကြောင့်။ သဟဓမ္မိကန္တိလဒ္ဓနာမေန၊ သဟဓမ္မိကဟု ရအပ်သောအမည်ရှိသော။ ဗုဒ္ဓပညတ္တေန၊ အပ်သော။ သိက္ခာပဒေန၊ ဖြင့်၊ ၎ုဇ္ဇမာနေ၊ ဆိုဆုံးမအပ်သည်ရှိသော်။ ဇာတိအယံ၊ လျှင်။ အဇ္ဈော၊ တည်း။

---

ဥဒ္ဒေသပရိယာပန္နေသု၌ ထုလ္လစ္စည်းဒုက္ကဋ်ဒုဗ္ဘာသိတ်တို့ ပါဝင်သင့် မပါဝင်သင့်ကို ထောက်ချင့် ဖြေဆိုပါ။

ထုလ္လစ္စည်း ဒုက္ကဋ် ဒုဗ္ဘာသိတ်တို့ တိုက်ရိုက်မလာသော်လည်း ယဿသိယာသော အာဝိကရေယျဟူ၍ အာပတ် (၇) ပုံလုံး သိမ်းကျုံးဆိုထားသောကြောင့် ပါဝင်သင့်ပါသည်။

> ယဿသိယာ အာပတ္တိ သော အာဝိကရေယျာတိ
> ဧပ် သင်္ဂဟိတတ္တာ အန္တော ပါတိမောက္ခဿ
> ပတ္တမာနေသူတိ အဇ္ဈော။

ယဿသိယာအာပတ္တိသောအာဝိကရေယျာတိ၊ ဟူ၍။ ဧဝံ၊ သို့။ သင်္ဂဟိတတ္တာ၊ သင်္ဂြိုဟ်အပ်သည်၏ အဖြစ်ကြောင့်။ အန္တော ပါတိမောက္ခဿ၊ ပါတိမောက်၏အတွင်း၌။ ဝတ္တမာနေသု၊ ဖြစ်ကုန်သော။ ဇာတိအယံ၊ ဤသည်ကား။ အဇ္ဈော၊ တည်း။

---

ဒုဗ္ဗစရဟန်းအား ရဟန်းကောင်းတို့ ဆိုဆုံးမပုံ ပြပါဠိကို ထုတ်ဖော်ပြ၍၊ သဟဓမ္မိက အရ သီတင်းသုံးဘော် ငါးဦးကိုလည်း ရေတွက်ပြခဲ့ပါ။

မာယသ္မာ အစ္စာနံ။ လ။ အညမညဝုတ္တာပနေနာတိကား-ဆိုဆုံးမပုံပြပါဠိဖြစ်ပါသည်၊ သဟာဓမ္မိက ငါးဦးကား-ရဟန်း, သာမဏေ , သာမဏေရီ, သိက္ခမာန်, ရဟန်းမိန်းမတို့ဖြစ်ပါသည်။

---

## ကုလဒူသက

❁ ဤသိက္ခာပုဒ်၌ ဂါမာဝါနိဂမံဝါ ဟုဟောတော်မူသောကြောင့် နဂရကို မယူရဟု မှတ်ရမည်လော ဖြေဆို၍၊ ကုလဒူသက၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

ဂါမံဝါ နိဂမံဝါ ဟု ဟောတော်မူသော်လည်း နဂရကို ဂါမ၌ပင်သွင်းယူအပ်သောကြောင့် ဂါမ၌ သွင်းယူအပ်ပါသည်၊ ပန်းပေးခြင်းစသည်တို့ဖြင့် ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါတရားကို ဖျက်ဆီးတတ်သောရဟန်းကို ကုလဒူသကရဟန်းဟုခေါ်ပါသည်။ ( ကုလအရ—ခတ္တိယ,ဗြာဟ္မဏ,ဝေဿ, သုဒ္ဒ ဟူသော အမျိုးလေးပါးကိုယူ)။

နဂရံပိ ဂါမေ အန္တောဂဓမေဝ ပုပ္ဖဒါနာဒီဟိ မနုဿာနံ သဒ္ဓံ ဝိနာသေန္တော ကုလာနိ ဒုသေတီတိ ကုလ ဒူသကော။

နဂရံပိ၊ သည်လည်း၊ ဂါမေ၊ ၌။ အန္တောဂဓမေဝ၊ အတွင်း၌ ဝင်သည်သာတည်း။ ပုပ္ဖဒါနာဒီဟိ၊ ပန်းပေးခြင်း စသည် တို့ဖြင့်။ မနုဿာနံ၊ တို့၏၊ သဒ္ဓံ၊ ကို၊ ဝိနာသေန္တော၊ ဖျက်ဆီးလျက်။ ကုလာ

နီ၊ ဒါယကာတို့ကို။ ဒူသေတိ၊ ဖျက်ဆီးတတ်၏။ ဣတိတသ္မာ၊ ကြောင့်။ ကုလဒူသကော၊ မည်၏၊

---

ကုလဒူသန အမှုများကိုဖော်ပြ၍၊ ယင်း ကုလဒူသနအမှု၏ သဒ္ဓါတရားဖျက်ဆီးပုံကို လည်း ဖော်ပြခဲ့ပါ။

ကုလဒူသန အမှုများကား - ပန်းပေးခြင်း၊ သစ်သီးပေးခြင်း၊ ရေချိုးဆပ်ပြာမှုန့်ပေးခြင်း၊ မြေညက်ပေးခြင်း၊ ဝါးပေးခြင်း၊ ဒန်ပူပေးခြင်း၊ ခြေဖြင့်သွားခြင်း၊ ဆေးကုခြင်းတို့ဖြစ်ပါသည်။ မိန်းကလေးတဦးသည် သဒ္ဓါတရားကောင်းသူဖြစ်၏၊ ရဟန်းတပါးက မိမိအားကြည်ညိုလာအောင် ထိုမိန်းကလေးကို ပန်းပေးလိုက်၏၊ ထိုသို့ ပေးခြင်းဖြင့် လှူဒါန်းလိုစိတ်ရှိလာပေမည် သို့ရှိသော် ထိုလှူဒါန်းချင်စိတ်မရှိတော့ဘဲ မိန်းကလေး၏ အစစ်အမှန် သဒ္ဓါတရား ပျက်စီးရလေတော့သည်။

ဆောင်။ ပွင့်၊ သီး၊ မှုန့်၊ မြေ၊ ဝါး၊ ပူ၊ ခြေ၊ ဝေဇ္ဇူရှစ်ဖြာ။

---

ပါပသမာစာရ ယုတ်မာသော အကျင့်ဟူသည် အဘယ်ပါနည်း ဖြေဆို၍၊ ထိုကုလဒူသန ပါပသမာစာရ အမှုကိုပြုကျင့်သောရဟန်းအား အဘယ်အာပတ်သင့်ပါသနည်း။

ပါပသမာစာရဟူသည် ဒါယကာ-ဒါယိကာမတို့အား ပေးကမ်းဘို့ရန်ရည်မှန်း၍ ပန်းပင်စိုက်ခြင်း ရေလောင်း

ခြင်း စသည်တို့ဖြစ်ပါသည်၊ ထိုကုလဒူသနပါပသမာစာ ရ အမှုကို ပြုကျင့်သောရဟန်းသည် ဒုက္ကဋ် အာပတ်သင့် ပါသည်။

---

❁ ပဗ္ဗာဇနီယကံ ထိုက်ပုံပြ ပါဠိကို ထုတ်ဖော်ပြ ခဲ့ပါ။

အာယသ္မာခေါ ကုလဒူသကောဟောတိ။ လ။ အလဇ္ဇိပါပဓမ္မော ပါပသီလော ဖြစ်ပါသည်။

---

❁ သံဃာဒိသိသ်တဆဲ့သုံးပါး၌ ပဌမာပတ္တိက အာ ပတ် ယာဝတတိယကအာပတ် ခွဲခြားပြ၍၊ ဇာနံပဋိညာ ဒေတ်၌ ပဋိညာဒန လက္ခဏာများကို လည်း ထုတ်ဖော် ပြခဲ့ပါ။

ပဌမာပတ္တိက အာပတ်များကား–သုက္ကဝိဿဋ္ဌိမှ ဒုတိ ယ ဒုဋ္ဌဒေါသသိုင်အောင် ကိုးပါးဖြစ်ပါသည်၊ ယာဝတတိ ယက အာပတ်ကား – သံဃဘေဒက, ဘေဒါနုဝတ္တက ဒုဗ္ဗစ, ကုလဒူသနတို့ဖြစ်ပါသည်။

ပဋိညာဒနလက္ခဏာများကား–(၁) အာပတ်သင့်ခြင်း (၂) သင့်မှန်းသိခြင်း (၃) ပကတတ်ဖြစ်ခြင်း (၄) ပက တတ်မှန်းသိခြင်း (၅) အန္တရာယ်ဆယ်ပါးမရှိခြင်း (၆) မရှိမှန်းသိခြင်း (၇) အခြားရဟန်းထံ ဒေသနာကြားရန် သွားနိုင်ခြင်း (၈) ဒေသနာကြားနိုင်သည်ဟုသိခြင်း (၉)

အာပတ်ကို ဖုံးထားလိုခြင်း ( ၁၀ ) ဖုံးထားခြင်းတို့ ဖြစ်ပါသည်။

ဆောင်။ အာပတ် ပကာတတ်၊ သင့်တုံလတ်၊ ကင်းပြတ် အန္တရာယ်။
သိခြင်းလေးပါး၊ စွမ်းနိုင်ငြား၊ မှတ်သားစည် တိုင်းသွယ်။
ဖုံးလိုစိတ်ထား၊ ဖုံးမိငြား၊ ဆယ်ပါးမှတ်ကြ ကွယ်။

---

● ပဌမာပတ္တိ,ယာဝတတိယကတို့၏ အဓိပ္ပါယ်ကို ရေးပြီးလျှင် သံဃာဒိသိသ် အာပတ်သင့်သော ရဟန်း၏ ကျင့်သုံးရမည့် အစီအစဉ်ပြ ပါဠိကိုလည်း ရေးခဲ့ပါ။

အပြစ်ကိုလွန်ကျူးလျှင် လွန်ကျူးခြင်းသင့်ရောက်သည် ကား ပဌမာပတ္တိကမည်၏၊ ကမ္မဝါစာဖြင့် သုံးကြိမ်တိုင် ဆိုဆုံးမသည့်အခါ၌ သင့်ရောက်သည်ကား ယာဝတတိယကမည်၏။ ကျင့်သုံးရမည့်ပါဠိကား - ယေသံဘိက္ခု။ လ။ ပဋိစ္ဆာဒေတိဖြစ်ပါသည်။

ပဌမံ အာပဇ္ဇိ ဧတသ္မိံ ပဌမာပတ္တိကာ၊
ပဌမံ ဝိတိက္ကမက္ခဏေယေဝ အာပဇ္ဇိတဗ္ဗာတိ
အတ္ထော၊ ဧဝံ ယာဝတတိယေ သမနုဘာသန
ကမ္မေ ဟောန္တီတိ ယာဝတတိယကာတိ ဝေဒိ
တဗ္ဗာ။

ဒေသံ၊ ထိုသိက္ခာပုဒ်တို့အား။ ပဌမံဝိတိက္ကမက္ခဏေ၊ လွန်ကျူးသောခဏ၌။ အာပန္နော၊ တို့သည်။ အတ္ထိသန္တိ၊ ကုန်၏။ ဉာတိတသ္မာ၊ ကြောင့်။ တေ၊ ထိုသိက္ခာပုဒ်တို့သည်။ ပဌမာပတ္တိကာ၊ မည်ကုန်၏၊ ပဌမံဝိတိက္ကမက္ခဏေယေဝ၊ လွန်ကျူးသောခဏ၌လျှင်။ အာပဇ္ဇိတဗ္ဗာ၊ ရောက်အပ်ကုန်၏၊ ဉာတိဒွယံ၊ လျှင်။ အတ္ထော။ တည်း။

---

● ပရိဝါသ၊ ဘိက္ခုမာနတ္တ၊ အဗ္ဘာနတို့၏ အဓိပ္ပါယ်ကိုပေါ်ပြပြီးလျှင်၊ ဥတ္တရိသာရဏ္ဍ အဘယ်တို့ထက် ဥတ္တရိဖြစ်သည်ကိုလည်း ရှင်းခဲ့ပါ။

ဘုရားရှင်၏ အမိန့်တော်အတိုင်း ကျင့်သုံးနေခြင်းကို ပရိဝါသ ဟု ခေါ်၏၊ ရဟန်းကောင်းတို့ ဖြတ်နိုးနှစ်သိမ့် ကျေနပ်အောင် ကျင့်သုံးခြင်းကို ဘိက္ခုမာနတ္တဟုခေါ်၏၊ ရဟန်းကောင်းများက သံဃာ့အလယ်သို့ သွတ်သွင်းခေါ်ဆိုခြင်းကို အဗ္ဘာနဟု ခေါ်ပါသည်။ ပရိဝါသ်နေရာညဉ့်ထက် ပိုလွန်သည်ကို ဥတ္တရိဟု ခေါ်ဆိုပါသည်။

ဘိက္ခူ မာနတ္တာယာတိ ဘိက္ခူနံ မာနဘာဝါယ အာရာဓနတ္ထာယာတိ ဝုတ္တံ ဟောတိ၊ အဗ္ဘေတဗ္ဗောတိ အဘိ ဧတဗ္ဗော သမ္ပဋိစ္ဆိတဗ္ဗော အဗ္ဘာန ကမ္မဝသေန ဩသာရေတဗ္ဗောတိ ဝုတ္တံ ဟောတိ၊ ဥတ္တရိ သာရတ္တန္တိ ပရိဝါသတော ဥတ္တရိ သရတ္တိယော။

ဘိက္ခုမာနတ္တာယာတိ၊ ဟူသည်။ ဘိက္ခူနံ၊ တို့ကို၊ မာနဘာဝါယ၊ မြတ်နိုးခြင်းကိုဖြစ်စေခြင်းငှါ။ အာရာဓနတ္ထာယ၊ နှစ်သက်စေခြင်းငှါ။ ဉာတိအယံအဓိပ္ပါယော၊ ကို၊ ဝုတ္တံ-ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊

၏။ အဇ္ဈောတ္ထတဗ္ဗောတိ၊ ဟူသည်။ အဗ္ဘေတဗ္ဗော၊ ဆောင်အပ်၏။ သမ္ပဋိစ္ဆိတဗ္ဗော၊ ဝန်ခံအပ်၏။ အဇ္ဈာနုကမ္မေသန၊ ဖြင့်။ ဩသာရေတဗ္ဗော၊ သွင်းအပ်၏။ ဣတိအယံအဓိပ္ပါယော၊ ကို။ ဝုတ္တံဝုတ္တော၊ သည်။ ဟောတိ၊ ၏။ ဥတ္တရိဆာရတ္တန္တိ၊ ဟူသည်။ ပရိဝါသတော၊ ပရိဝါသ်နေသည်မှ။ ဥတ္တရိ၊ အလွန်။ ဆရတ္တိယော၊ ခြောက်ညဉ့်တို့ ပတ်လုံး။

---

● သောစဘိက္ခု အနဗ္ဘိတော တေစဘိက္ခူ ဂါရယှာ၌ ဘိက္ခုအရနှင့် ဘိက္ခူအရတို့၏ သရုပ်ကို မှန်ကန်စွာထုတ်ဆိုပြီးလျှင်၊ ဂါရယှာ၏ အရကိုလည်း ဖော်ပြခဲ့ပါ။

သောစဘိက္ခု၌ ဘိက္ခုအရကား-သံဃာဒိသိသ် သင့်သောရဟန်းတည်း။ တေစဘိက္ခူ၌ ဘိက္ခူအရကား- အဗ္ဘာန်သွင်းကြသော ရဟန်းတဆဲ့ကိုးပါးတည်း၊ ဂါရယှာအရကား ဒုက္ကဋ်အာပတ်ဖြစ်ပါသည်။

---

● အကာမာပရိဝတ္ထဗ္ဗံ၌ ပရိဝါသအပြားကို ရေး၍၊ အဓိပ္ပါယ်ကိုလည်း ရှင်းခဲ့ပါ။

ပရိဝါသအပြားကား-ပဋိစ္ဆန္နပရိဝါသ,သုဒ္ဓန္တပရိဝါသ, သမောဓာနပရိဝါသဟု သုံးမျိုးရှိပါသည်၊ ထိုတွင် အာပတ်ကိုဖုံးလွှမ်းထားသောနေ့ရက် အရေအတွက်အတိုင်း ပေးရသော ပရိဝါသ်မျိုးသည် ပဋိစ္ဆန္နပရိဝါသမည်၏။ သံဃာဒိသိသ် အများသော်၎င်း တပါးပါးသော်၎င်း သင့်၍ ယင်း အာပတ်ကို ဖုံးလွှမ်းသည့် ရက်အားလုံး

ကိုသော်၎င်း၊ အချို့တဝက်ကို၎င်း မသိရှိသော ရဟန်းမျိုး ယုံမှားသံသယဖြစ်သော ရဟန်းမျိုးတို့အား ပေးရသည့် ပရိဝါသ်မျိုးသည် သုဒ္ဓန္တပရိဝါသ်မည်၏။ နာနာကာလိက နာနာဝတ္ထုက အာပတ်တို့ကို အစွဲစသည့်တို့၏အစွမ်းဖြင့် တပေါင်းတည်း ပြု၍ပေးအပ်သော ပရိဝါသ်သည် သမောဓာန ပရိဝါသ်မည်၏။

---

သုဒ္ဓန္တ အပြားနှင့် သမောဓာန ပရိဝါသတို့၏ အပြားကို သိသမျှ ဖော်ပြခဲ့ပါ။

သုဒ္ဓန္တအပြားကား-စူဠသုဒ္ဓန္တ၊ မဟာသုဒ္ဓန္တဟူ၍ နှစ်မျိုးရှိပါသည်။ သမောဓာန ပရိဝါသ အပြားကား- ဩဓာန သမောဓာန အဂ္ဃသမောဓာန မိဿက သမောဓာန ဟူ၍ သုံးမျိုးရှိပါသည်။

---

ပဋိစ္ဆန္နမာနတ်အပဋိစ္ဆန္နမာနတ်တို့၏အဓိပ္ပါယ်ကို ရှင်းပြပြီးလျှင်၊ ဤ၌ အလိုရှိအပ်သော မာနတ်နှင့် မာနတ်ဆောက်တည်ပုံ မာနတ်ချပုံ ပါဠိများကိုလည်း ရေးခဲ့ပါ။

အာပတ်ကို ဖုံးလွှမ်းသော ရဟန်းအား ပရိဝါသ် အဆုံး၌ ပေးရသော မာနတ်မျိုးသည် ပဋိစ္ဆန္နမာနတ်မည်၏။ အာပတ်ကို ဖုံးလွှမ်းခြင်းမရှိသော ရဟန်းအားပရိဝါသ် မပေးဘဲ မာနတ်ကိုသာ ပေးရသည်ကား အပဋိစ္ဆန္န

မာနတ်မည်၏။ ဤ၌ အလိုရှိအပ်သော မာနတ်ကား ပဋိစ္ဆန္နမာနတ် ဖြစ်ပါသည်။ မာနတ်ဆောက်တည်ပုံကား မာနတ္တံ သမာဒိယာမိ ဝတ္တံ သမာဒိယာမိ ဖြစ်ပါသည်။ မာနတ်ချပုံကား-မာနတ္တံ နိက္ခိပါမိ ဝတ္တံ နိက္ခိပါမိဖြစ်ပါသည်။

ယတ္ထ ယဿ အပဋိစ္ဆန္နာပတ္တိ ဟောတိ၊ တဿ ပရိဝါသံ အဒတွာ မာနတ္တမေဝ ဒါတဗ္ဗံ၊ ဣဒံ အပဋိစ္ဆန္နမာနတ္တံ၊ ယဿ ပဋိစ္ဆန္နာ ဟောတိ၊ တဿ ပရိဝါသ ပရိယောသာနေ ဒါတဗ္ဗံ မာနတ္တံ ပဋိစ္ဆန္နမာနတ္တန္တိ ဝုစ္စတိ၊ ဣဒံ ဣဓ အဓိပ္ပေတံ။

တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ယဿ ဘိက္ခုနော၊ အား။ အပဋိစ္ဆန္နာပတ္တိ၊ သည်။ ဟောတိ၊ ၏။ တဿ ဘိက္ခုနော၊ အား။ ပရိဝါသံ၊ ကို။ အဒတွာ၊ ၍။ မာနတ္တမေဝ၊ ကိုသာလျှင်။ ဒါတဗ္ဗံ၊ ၏။ ဣဒံ၊ ဤမာနတ်သည်။ အပဋိစ္ဆန္နမာနတ္တံ၊ မည်၏။ ယဿ ဘိက္ခုနော၊ အား။ ပဋိစ္ဆန္နာပတ္တိ၊ သည်။ ဟောတိ၊ ၏။ တဿ ဘိက္ခုနော၊ အား။ ပရိဝါသပရိယောသာနေ၊ ၌။ ဒါတဗ္ဗံ၊ သော။ မာနတ္တံ၊ သည်။ ပဋိစ္ဆန္နမာနတ္တံ၊ မည်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ၏။ ဣဒံ၊ ဤပဋိစ္ဆန္နမာနတ်ကို။ ဣဓ၊ ဤဝါကျ၌။ အဓိပ္ပေတံ၊ ၏။

သံဃာဒိသိသ် ပြီး၏။

---

## သံဃာဒိသိသ် နောက်ဆက်တွဲ

ယောပန ဘိက္ခုပဟ် ကဏ္ဍားမရှိခြင်း- ယောပန ဘိက္ခုပဟ် ကဏ္ဍားထည့်၍ အစပ်မတွဲပေ- အကြောင်း

သော်ကား သုက္ကဝိဿဋ္ဌိဟုဒ်သည့် ရဟန်း၏ သုက္ကဝိဿဋ္ဌိဟု သမ္ဗန်ကို ငဲ့သောကြောင့်တည်း၊ ယင်းကဲ့သို့ကတ္တား မထည့်ဘဲ သိက္ခုနော၊၏။ သိက္ခာ သာဇီဝသမာပန္နဿ၊ ၍။ သိက္ခံအပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာဟု ဖြင့်၍ ထည့်ပါမှ စာစပ်တဲ့မည်။

**သဉ္စေတနိက**-သံဝိဇ္ဇတိ စေတနာ အဿာတိ သံစေတနာ၊ သံစေတနာဝ သံစေတနိကာ၊ (တနည်း) သံစေတနာ အဿ အတ္ထိတိ သဉ္စေတနိကာ ပြု။

**သုက္ကဝိဿဋ္ဌိ**- ဝိဿဇ္ဇနံ ဝိသဋ္ဌိ သုက္ကဿ ဝိသဋ္ဌိ သုက္ကဝိသဋ္ဌိ။

**သံဃာဒိသေသ**-သံဃာ အာဒိမှိ စေဝ သေသေစ ဣစ္ဆိတဗ္ဗော အဿာတိ သံဃာဒိသေသော။

**ဩတိဏ္ဏ**-ဩတရိယတောတိ ဩတိဏ္ဏော။ ဩ တရ ဂတိ ဩတိဏ္ဏော။

**ကာယသံသဂ္ဂ**- ကာယေန သံသဂ္ဂေါ ကာယသံသဂ္ဂေါ။

**အာပတ္တိနိကာယ**- အပေါင်း၏ အမည်ကို အပိုင် တခုတခုအပေါ်၌ တင်စား၍ အာပတ် တခုတခုကိုပင် ဧကဒေသူပစာအားဖြင့် သံဃာဒိသေသဟု ခေါ်ထား သည်။

**အတ္တကာမပါရိစရိယာ**- အတ္တနော ကာမေန ပါရိစရိယာ အတ္တကာမ ပါရိစရိယာ(တနည်း)အတ္တနော အတ္ထာယ ကာမပါရိစရိယာ အတ္တကာမပါရိစရိယာ (တနည်း) အတ္တနာ ကာမိတာ ဣစ္ဆိတာတိ အတ္တကာမာ၊ အတ္တကာမာ စသာ ပါရိစရိယာ စာတိ အတ္တကာမပါရိစရိယာ။

**သဉ္စရိတ္တ**-သဉ္စရဏံ သဉ္စရော သဉ္စရော ယဿ အတ္ထီတိ သဉ္စရီ သဉ္စရိနော ဘာဝေါ သဉ္စရိတ္တံ။

**တင်္ကိကာယ**- တင်္ကေ သံသိတဗ္ဗာတိ တင်္ကိကာ။

**အတ္တုဒ္ဒေသာ**- အတ္တာ ဥဒ္ဒေသော ဧတိဿာတိ အတ္တုဒ္ဒေသာ။

**မဟလ္လက**-မဟန္တဘာဝေါ ဧတဿ အတ္ထိတိ မဟလ္လကော။

**အညဘာဂိယ**- အညဘာဂဿ ဣဒံ အညဘာဂိယံ အညဘာဂေါ ဧတဿ အတ္ထိတိ အညဘာဂိယံ။

**ဒေသ**-ဒိဿတိ အပဒိဿတီတိ ဒေသော၊ ဇာတိ နာမ ဂေါတ္တ စသည်ဖြင့် ဆယ်ပါးရှိ၏။

**လေသ**-လိဿတိ သိလိဿတီတိ လေသော၊ ဇာတိ ဂေါတ္တ နာမ စသော ဆယ်ပါးပင်တည်း။

**သံဃာဒိသေသကံ**—ယင်းသံဃာဒိသေသကို ရဟန်းသာ ပြုနိုင်သည်။

ဝဂ္ဂအခရ—သံဃာ ကွဲပြားကြောင်းစကားကိုယူရမည်။

**ဓမ္မဝိနယ သန္ဒရုစိ**—ဓမ္မ ဟူသည် ဟုတ်မှန်သော သဘောတည်း။ ဝိနယဟူသည် ငြင်းခုန်ခြင်း မရှိရအောင် ငြိမ်းချမ်းရေး စကားတည်း။ သန္ဒဟူသည် အတွင်း သန္တာန်၌ ဖြစ်သောသဘောတည်း။ ရုစိဟူသည် သန္ဒအား လျော်စွာ ဖြစ်ပေါ်လာသော ကိုယ် အမူအယာ နှုတ် အမူအယာတည်း။

**သဟဓမ္မိက**-သဟဓမ္မိကေဟိ သိက္ခိတဗ္ဗတိ သဟ ဓမ္မိကံ(တနည်း)သဟဓမ္မိကာနံ ဣဒံ သဟဓမ္မိကံ၊သတင်း သုံးဘော် ငါးဦးတို့ ကျင့်ထိုက်သော ဥစ္စာဖြစ်သော သိက္ခာပုဒ်တော်ကို သဟဓမ္မိကဟု ဆိုသည်။

**ကုလဒူသက**-ကုလာနိ ဒူသေတီတိ ကုလဒူသကော၊

**ပါပသမာစာရော**-ပါပ ကာ သမာစာရ အဿာ တိ ပါပသမာစာရော။ခတ္တိယ-ဗြာဟ္မဏ ဝေဿ သုဒ္ဒဟူ သော အမျိုးလေးပါးကို ဖျက်ဆီးသူကို ကုလဒူသကဟု ခေါ်၏၊ယင်းအမျိုးလေးပါးကိုဖျက်ဆီးကြောင်းဝတ္ထုများ ကား-ပွင့်,သီး, မှုန့်, မြေစသောဝတ္ထုများဖြစ်၏။ ထိုပန်း ပွင့်ပေးခြင်းစသော ကုလဒူသကအမှုကို ပြုခြင်းကြောင့် ရသော ဆွမ်း သင်္ကန်း ကျောင်း စသည်တို့ကို ကုလ ဒူသကရဟန်းနှင့် တကွ သိတင်းသုံးဘော်ငါးဦးတို့ သုံးစွဲ

လျှင် ဒုက္ကဋ် အာပတ်သင့်၏၊ သို့သော် သာမဏေအတွက် ဒုက္ကဋ်မရှိသဖြင့် ဒဏ်သင့်စေ။

**မိစ္ဆာဒိဋ္ဌိ**-ပန်းပေးခြင်းစသော ရှစ်ပါးအပြင် ဗေဒင် ဟောခြင်း ဒါယကာ ဒါယိကာမတို့အား မြှောက်ပင့်ခြင်းစသည်တို့ဖြင့် ပြုလုပ်၍ရသော ပစ္စည်းဖြင့် အသက် မွေးခြင်းကို မိစ္ဆာဇီဝဟုခေါ်သည်။

**ဆန္ဒာဂတိ, ဒေါသာဂတိ, မောဟာဂတိ, ဘယာဂတိ**-ချစ်ခြင်းကြောင့် မရောက်ထိုက်သော အမှုသို့ ရောက်သည်ကား ဆန္ဒာဂတိ မည်၏။ ဒေါသထွက်ခြင်း, စိတ်ဆိုးခြင်း, မုန်းခြင်း တို့ကြောင့် မရောက်ထိုက်သော အမှုသို့ ရောက်သည်ကား ဒေါသာဂတိမည်၏။ မသိနားမလည်ခြင်း,အ-ခြင်းကြောင့် မရောက်ထိုက်သောအမှုသို့ ရောက်သည်ကား မောဟာဂတိမည်၏။ ကြောက်ခြင်းကြောင့် မရောက်ထိုက်သောအမှုသို့ ရောက်သည်ကား ဘယာဂတိမည်၏။

**ပဥ္စမာပတ္တိက**-ပဥ္စမံ အာပတ္တိ ဧတေသန္တိ ပဥ္စမာပတ္တိကာ။ **ယာဝတိယံ** ယာဝတိ အဘာနိ ယာဝတိယံ။

**အဋ္ဌကာမာမဒိဝဏ္ဏနံ**-၌ ပရိဝါသ် နေရမည်ဆိုရာ တာဝတိယံဟု ဆိုသောကြောင့် ဒေသနာမကြားဘဲ အာပတ်ကို တရက်ဖုံးလျှင် တရက်ပရိဝါသ် နေရမည်။ နှစ်ရက် သုံးရက်, လေးရက်, ငါးရက် စသည်ဖြင့် ဖုံးလွှမ်းလျှင်

လည်း နှစ်ရက်, သုံးရက်, လေးရက်, ငါးရက်စသည်ဖြင့် ပရိဝါသ်နေရမည်။

**အဂ္ဃသမောဓာနတ္တသယ**-ပရိဝါသ် နေပြီးသော ရဟန်းသည် ရဟန်းကောင်းတို့ နှစ်သက် ကျေနပ် ဘွယ်ရာ ခြောက်ညဥ့်ပတ်လုံး မာနတ်ကျင့်ရမည်။ ထိုမာနတ်ကျင့်ပြီးမှ ရဟန်းကောင်းတို့၏ အလယ်သို့ သွတ်သွင်းခေါ်ယူခြင်းအဗ္ဘာန်ပြုရမည်ဟုလို။ထိုသို့အဗ္ဘာန်သွင်းရာ၌လည်း သံဃာနှစ်ဆယ် ပြည့်ပါမှ အဗ္ဘာန်သွင်းခြင်း မြောက်သည်။ မပြည့်က အဗ္ဘာန်သွင်းသော ရဟန်းတို့အား ဒုက္ကဋ်အာပတ်သင့်သည်။

သံဃာဒိသိသ် နောက်ဆက်တွဲပြီး၏။

## ဒေဒိုမဒေသုဒ္ဒဿ

ဒုတိယအနိယတ သိက္ခာပုဒ်ဝယ် မာတုဂါမနှင့် သင်္ကြန်၌ မာတုဂါမ၏ အရေကို ပေါ်ပြ၍ ရသောအရေစကျူ ရဟာ သောတရသနှင့်မျိုးတွင် အောက်ကို ယူရမည်ဟု အကြောင်းပြချက်ခဲ့ပါ၏။

မာတုဂါမအရေ ထိုနေ့မွေးဖွားသော အသက်ရှင်သည့် နှိုးမရှစ၍ ယူရပါမည်။ ရသောအရေ- စကျူရဟာ, သော တရသနှင့်မျိုးတွင် ရှိသည့်အသိမ်းမှုနှံ့ယေဟုသောကောင် မှုသေသကြောင့် စကျူရဟာကိုသာ ယူရပါမည်။

> မာတုဂါမေနသတိ တဒဟုဇာတာယပိ ဓီတာမာနုက
> မနုဿိတ္ထိယာ- စက္ခုဿပနံ ရဟော ရဟောတိ
> ဣခ အဓိပ္ပေတော။

မာတုဂါမေနာတိ၊ ဟုသည်၊ တဒဟုဇာတာယပိ၊ ထိုနေ့၌ဖွါး သည်သာလျှင်ဖြစ်သော၊ ဓီတာမာနုကမနုဿိတ္ထိယာ၊ အသက်ရှင်သော လူမိန်းမနှင့်၊ သဒ္ဓိံ၊ တ ကွေ့သော၊ ဓါသာလျှင်၊ ရဟော၊ ဟို။ ရဟောတိ၊ ဟူ၍ ဣခ၊ ဤသိက္ခာပုဒ်၌၊ အဓိပ္ပေတော၊ ၏။

---

တိုဏ္ဍ္ဍ ဓမ္မာနံ အညတရေန ကာရေတဗ္ဗော၌ တိဏ္ဍံဓမ္မာနံ အရကိုကောက်ပြပြီးလျှင်၊ အဘယ့်ကြောင့် အနံ့ယာအမည်ရသည့်ကိုလည်း ရေးခဲ့ပါ၏။

တိဏ္ဍံဓမ္မာနံ အရကား ပါရာဇိက သံဃာဒိသိသ် ပါစိတ်တို့ဖြစ်ပါသည်၊ အနိယတမည် ရခြင်းကားပါရာဇိ

ကဟူ၍ရှင်း သံဃာဒိသိသ်ဟူ၍ရှင်း ပါစိတ်ဟူ၍ရှင်း အမြဲသတ်မှတ်၍မရသောကြောင့်အနိယတမည်ပါသည်။

ဒုတိယ အနိယတသိက္ခာပုဒ်၌ ရဟောအရကို ကောက်ပြ၍ အနိယတ သိက္ခာပုဒ်ကို ပညတ်ရခြင်း အကျိုးကိုလည်း ရေးခဲ့ပါ။

ရဟောအရ နဟောဝခေါပန္။လ။ သြဘာသိတုံကို ထောက်၍ သောဘရဟကိုသာ ယူရပါသည်။ အနိယတ သိက္ခာပုဒ်ကို ပညတ်ရကျိုးကား ဤသိက္ခာပုဒ်၌ပြသော အရိယာဥပါသိကာမကဖြစ်စေ–အခြားယုံကြည်လောက် သူကဖြစ်စေ စွပ်စွဲပြောဆိုစေကာမူ အစွပ်စွဲခံရသော ရဟန်းက ဝန်ခံမှသာ အာပတ်ကိုဆုံးဖြတ်ရသည်၊ ဝန်မ ခံလျှင် မဆုံးဖြတ်ရဟု ပိနည်းတော်အတိုင်း ဆုံးဖြတ်နည်း လက္ခဏာကိုပြလိုသော အကျိုးငှါ ပညတ်ရပါသည်။

အနိယတပြီး၏

---

## အနိယတ ဘာနေ့ခင်းဆက်တဲ့

**ဧကာနွိုင်ဘိက္ခူ**။ ဧကောပုဒ်နှင့် ဘိက္ခု ပုဒ်သည် အရတူ၏။ ဧကာယ ပုဒ်နှင့် မာတုဂါမေန ပုဒ်သည် အရတူ၏။

**နိသဇ္ဇံကပ္ပေယျ**။ နိသဇ္ဇံကိုသာ ဆိုသဖြင့် အိပ်ခြင်း မပါဟု မှတ်လင့် ကခ်ါ၌ ဩဩ စ သယနံ ပိ နိသဇ္ဇာယ

ဧဝ သဂ်ပဋိတံ ဟုဆိုသောကြောင့် ယိုင်ခြင်းဖြင့် အိပ်ခြင်းကိုပါ ယူရပါမည်။

**မာတုဂါမနှင့် သင့်နိုင်သော အာပတ်-** မာတုဂါမနှင့် အတူနေယိုင်ခြင်းကြောင့်သင့်နိုင်ခွင့်ရှိသော အာပတ်များကား ပဌမပါရာဇိကာ သံဃာဒိသိသ်တွင် ကာယသံသဂ္ဂသိက္ခာပုဒ်- ပါစိတ်တွင် အစေလကဉ္စ ပါရှိသော ရဟောပဋိစ္ဆန္န (ဘိက္ခုနောဝါဒဝဂ်လာ ရဟောနိသဇ္ဇကား ဒုတိယအနိယတနှင့် သက်ဆိုင်သည်) တို့တည်း။

**မိန်းမအပေါ်-** ပထမအနိယတတွင် ဧကော ဧကာယ ဟူရာဝယ် ယောကျ်ားပေါ်မရှိခြင်းကိုသာ ယူရမည်။ မိန်းမတို့သည် မေထုန်မှုကို ဖုံးကွယ်ထားလေ့ ရှိသောကြောင့် မိန်းမပေါ်ရှိသော်လည်း အပေါ်ဟု မဆိုရချေ။ ဒုတိယတွင်- နှစ်ဦးလုံးယူ။

**ဟင်းလင်းပြင်-** ဟင်းလင်းပြင်ဝယ် မာတုဂါမနှင့် အတူနေရာ၌ တဆဲ့နှစ်တောင်အတွင်း အပေါ်မရှိလျှင် ဧကော ဧကာယ ရဟောနိသဇ္ဇ ကပ္ပေယျ ဆိုရမည်။

နောက်ဆက်တွဲပြီး၏

## ဝိဇ္ဇာရုဒ္ဒေသ
## နိဿဂ္ဂိယပါစိတ်

● နိဋ္ဌိတစီဝရသ္မိံဖြင့် အဘယ်ကိုပြသည် ဥဗ္ဘတသ္မိံ ကထိနေဖြင့် အဘယ်ကိုပြသည်ဟု ဖေါ်ပြပြီးလျှင် ကထိန်ခင်းခြင်းကြောင့် ရရှိအပ်သော အကျိုးကိုလည်း ရေးခဲ့ပါ။

နိဋ္ဌိတစီဝရသ္မိံဖြင့် စီဝရပလိဗောဓ မရှိကြောင်းကိုပြပါသည်။ ဥဗ္ဘတသ္မိံကထိနေဖြင့်အာဝါသပလိဗောဓ မရှိကြောင်းကိုပြပါသည်။ ကထိန်ခင်းခြင်းကြောင့် ရရှိအပ်သော အကျိုးကား အနာမန္တစာရ, အသမာဒါနစာရ, ယာဝဒတ္ထစီဝရ, ဂဏဘောဇန, ယောစတတ္ထစီဝရုပ္ပါဒတို့ ဖြစ်ပါသည်။

> အနာမန္တစာရော အသမာဒါနစာရော ယာဝ
> ဒတ္ထစီဝရံ ဂဏဘောဇနံ ယော စ တတ္ထစီဝရုပ္ပါ
> ဒေါတသ္မိံ အာဝါသေသံဃဿဥပ္ပန္နစီဝရဉ္ဇာတိ
> ဣမေ ပဉ္စာနိသံသေ လဘန္တိ။

အနာမန္တစာရော၊ ဒါယကာတို့သည်ဘိတ်အပ်သော ဘတ်ရှိလျက်ထင်ရှားရှိသော ရဟန်းကို မပန်မူ၍ ဒါယကာအိမ်သို့ကင်ရခြင်းငင်း။ အသမာဒါနစာရော၊တိစီဝရိက်ဟဲ အဓိဋ္ဌာန်တင်သောသင်္ကန်းကိုမယူမူ၍သွားခြင်းငင်း။ ယာဝဒတ္ထစီဝရံ၊ အလိုရှိတိုင်း အဓိဋ္ဌာန် ဝိကပ္ပနာမပြုသောသင်္ကန်းကို ဆောင်ရခြင်းငင်း။ဂဏဘောဇနံ၊ ဂဏဘောဇဉ်ဘုဉ်းပေးရခြင်းငင်း။ တတ္ထ၊ ထိုကထိန်ခင်းသောကျောင်း၌။ ယောစီဝရုပ္ပါဒေါ၊ အကြင်သင်္ကန်းဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။တသ္မိံ

အာဒါ ါသေ၊ ၌။ သံဃသ၊ အား။ ယံဉပ္ပန္နစီဝရဇ္ဈ၊ အကြင်ဖြစ်သော သင်္ကန်းသည်လည်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုသင်္ကန်းသည်။ တေသံ၊ ထို ကထိန်ခင်းသောရဟန်းတို့အား။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဉာတိဉာမေ ပဋ္ဌာန်သံသေ၊ ကိုက်။ လဘန္တိ၊ ကုန်၏။

---

နိဂ္ဂြိတစိတ္တရသ္မိံ၌ စီဝရနိဋ္ဌာန ဖြစ်ကြောင်း တရားများကို ဖော်ပြခဲ့ပါ။

ဖြစ်ကြောင်းတရားများကား—အပ်ချုပ်မှုကိစ္စ ပြီးစီး ခြင်း သူစကမ္မ ပရိယောဒါန၊ သူခိုးခိုးယူခြင်းစသော အကြောင်းတို့ကြောင့် ပျောက်ပျက် သွားခြင်း နဋ္ဌ၊ ခြကိုက်ခြင်းစသော အကြောင်းတို့ကြောင့် ပျက်စီးခြင်း ဝိနဋ္ဌ၊မီးလောင်ခြင်း ဒဍ္ဎတို့ဖြစ်ပါသည်။ သင်္ကန်းရတို့ရန် မျှော်လင့်ချက် ပြတ်စဲခြင်း စီဝရာ သာဥပစ္ဆိန္န တို့ဖြစ် ပါသည်။

> နိဂ္ဂြိတစိတ္တရသ္မိံ သုစိကမ္မ ပရိယောဒါတနေနဝါ
> နဋ္ဌဝါ ဝိနဋ္ဌဝါ ဒဍ္ဎံဝါ စီဝရာသာဝါ ဥပစ္ဆိန္နာ
> တံ ဉာမေသု ဝါယေနကေနစိ အာကာရေန နိဂ္ဂြိ
> တေ စီဝရသ္မိံ။

နိဂ္ဂြိတစီဝရသ္မိံ၊ ဟူသည်။ သူစိကမ္မပရိယောဒါနေနဝါ။ အပ် ချုပ်မှုပြီးသဖြင့်ရင်း။ နဋ္ဌဝါ၊ ခိုးသူလုယက်သော်ရင်း။ ဝိနဋ္ဌဝါ၊ ခြ စသည့်တို့သည်ခဲသော်ရင်း။ ဒဍ္ဎံဝါ၊ မီးလောင်သော်ရင်း။ စီဝရာသာ၊ သင်္ကန်းရနိုးခြင်းသည်။ ဥပစ္ဆိန္နာဝါ၊ ပြတ်သော်ရင်း။ ဉာတိ ဉာမေသု

အာကာသရေသုံ၊တို့တွင်။ ယေနကေနစိ အာကာသရေန၊ ဖြင့်။နိဋ္ဌိတစိဝရ သို့၊ သော်။

---

● မည်သို့သော ရဟန်းမျိုးသာ ကထိန်ခင်းခိုင် သည်ကို ဖော်ပြ၍၊ ရဟန်းမည်မျှရှိမှသာ ကထိန်ခင်း နိုင်သည်ကိုလည်း ညွှန်းခဲ့ပါ။

ဝါမကျိုးသော ပုရိမဝဿံဝုတ္ထရဟန်းမျိုးသာ ကထိန် ခင်းနိုင်ပါသည်။

အနည်းဆုံး ရဟန်းငါးပါး ရှိမှသာ ကထိန်ခင်း ရပါသည်။

> ဘဂဝတာ ပုရိမဝဿံ ဝုတ္ထာနံ အနုညာတော သော သမ္ဗန္တိမေန ပရိစ္ဆေဒေန ပဉ္စန္နံ ဇနာနံ ဝဋ္ဋတိ။

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ပုရိမဝဿံဝုတ္ထာနံ၊ ပုရိမဝါ ကျွတ်ကုန်သောရဟန်းတို့အား။ အနုညာတော၊ ခွင့်ပြုတော်မူအပ်၏။ သော၊ ထိုကထိန်ခင်းခြင်းသည်။ သမ္ဗန္တိမေန၊ အလုံးစုံအောက်ယုတ် သော။ပရိစ္ဆေဒေန၊ အပိုင်းအခြားဖြင့်။ ပဉ္စန္နံဇနာနံ။ ငါးယောက်သော ရဟန်းတို့အား။ ဝဋ္ဋတိ၊ ၏။

---

● ပုရိမဝါကျွတ်သောရဟန်းတို့သည် ပစ္ဆိမဝါဆို သော ရဟန်းတို့အား ကထိန်ခင်းရာ၌ ဂိုဏ်းပြည့်ရုံမျှ

သာ ထည့်၍ပြုခဲ့သော် ထိုပဉ္စမဝါကျွတ်သော ရဟန်းတို့အား ကထိန်အာနိသင်ကို ရနိုင်ပါသလော။

ပဉ္စမဝါကျွတ်သောရဟန်းတို့အား ကထိန်ခင်းရာ၌ ထည့်၍ပြုခဲ့သော်လည်း ကထိန်အာနိသင်ကို မရပါ။

အာနိသံသေ နလဗ္ဘန္တိ။

အာနိသံသေ၊ အကျိုးအာနိသင်တို့ကို။ နလဗ္ဘန္တိ၊ မရကုန်။

---

သက်န်းကိုးထည်ကို ရေတွက်ပြပြီးလျှင်၊ထိုတွင် အဘယ်သင်္ကန်းမျိုးဖြင့်သာ ကထိန် ခင်းသိုက်သည်ကိုလည်း ဖော်ပြခဲ့ပါ။

သင်္ကန်း ကိုးထည်ကား– သင်းပိုင် ကိုယ်ရုံ ဒုကုဋ် ဇိပ်ရာခင်း မျက်နှာသုတ်ပုဝါ ပရိက္ခာရစောဠ (ရေစစ်လက်သုတ်ပုဝါစသည်) နိသီဒိုင် အခင်း မိုးရေခံသင်္ကန်း အမာလွှမ်းတို့ဖြစ်ပါသည်၊ ထိုတွင် သင်းပိုင် ကိုယ်ရုံ ဒုကုဋ် ဤသုံးထည်ဖြင့်သာ ကထိန်ခင်းနိုင်ပါသည်။
ဆောင်။ သင်း, ကိုယ်, ဒု, ဇိပ်၊ မျက်, ပရိက်၊ နိသိဒ်မိုးအမာ။

သံဃာဋိဝါ ဥတ္တရ သံဂေါဝါ အန္တရဝါ သကောဝါ ကာတဗ္ဗော။

သံဃာဋိဝါ၊ ဒုကုဋ်ကိုရင်း။ ဥတ္တရာသံဂေါဝါ၊ ကိုယ်ဝတ်ကိုရင်း။ အန္တရဝါသကောဝါ၊ သင်းပိုင်ကိုရင်း။ ကာတဗ္ဗော၊၏။

ကထိန် အနု မောဒနာပြုရန် တိုက်တွန်းသော ပါဠိနှင့် ကထိန်အနုမောဒနာ ပြုသော ပါဠိတို့ကို အသီးသီးဖော်ပြခဲ့ပါ။

တိုက်တွန်းပုံပါဠိကား-အတ္ထတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ-ဖြစ်ပါသည်။ အနုမောဒနာပြုသောပါဠိကား—အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ ဖြစ်ပါသည်။

---

ကထိန်နုတ်ရာ၌ မာတိကာ ရှစ်ပါး သရုပ်ကို အဓိပ္ပါယ်နှင့်တကွ ပြဆိုခဲ့ပါ။

ဖဲသွားခြင်း အဆုံး အခြား ရှိသော ပက္ကမနန္တိကာ၊ သင်္ကန်း အာနိသင်၏ ပြီးဆုံးခြင်း အဆုံးအခြားရှိသော နိဋ္ဌာနန္တိကာ၊ စိတ်ကိုဆုံးဖြတ်ခြင်းလျှင် အဆုံးအခြားရှိသော သန္နိဋ္ဌာနန္တိကာ၊ အာနိသင်သင်္ကန်း၏ ပျောက်ခြင်းလျှင် အဆုံးအခြားရှိသော နာသနန္တိကာ၊ ကထိန်နုတ်ပြီဟု ကြားခြင်းလျှင် အဆုံးအခြားရှိသော သဝနန္တိကာ၊ သင်္ကန်းရမျှော်ဖြစ်သော အာသာ၏ ပြတ်စဲခြင်းရှိသော အာသာဝစ္ဆေဒိကာ၊ ဥပစာရသိမ်၏အပ၌ သင်္ကန်းကာလကို လွန်ခြင်းကြောင့် ဖြစ်သော သီမာတိက္ကမန္တိကာ၊ တိုက်တွင်း၌ ရဟန်းတို့နှင့် အတူတကွ ပြုအပ်သော သဟုဗ္ဘာရတို့ဖြစ်ပါသည်။

ပက္ကမနန္တိကာ နိဋ္ဌာနန္တိကာ နာသနန္တိကာ သဝ
နန္တိကာ အာသာဝစ္ဆေဒိကာ သီမာတိက္ကန္တိ
ကာ သဟုဗ္ဘာရာတိဝုတ္တာသု အဋ္ဌသုမာတိကာသု
အညတရဝသေန ဥဗ္ဘရိယတိ။

ပက္ကမနန္တိကာ၊ ငင်း။လ။ သဟုဗ္ဘာရာ၊ ငင်း။ ဣတိ၊သို့။ ဝုတ္တာသု၊ ကုန်သော။ အဋ္ဌသုမာတိကာသု၊ ရှစ်ပါးသော မာတိကာတို့တွင်။ အညတရဝသေန၊ တပါးပါး၏အစွမ်းဖြင့်။ ဥဗ္ဘရိယတိ၊ နုတ်အပ်၏။

---

❁ အတိရေကစီဝရ၏ အဓိပ္ပါယ်ကိုဖော်ပြ၍**ဇာတိဘေဒစီဝရ**- အနုလောမစီဝရတို့ကို စေ့စုံစွာ ဖော်ပြခဲ့ပါ။

အဓိဋ္ဌာန်သော်လည်း တင်အပ် ဝိကပ္ပနာသော်လည်း ပြုအပ်သော သင်္ကန်းတို့တွင် မပါဝင်ဘဲ ထိုသင်္ကန်းမှ ပိုလျှံသော သင်္ကန်းကို အတိရေကစီဝရ ဟုခေါ်ပါသည်။ ဇာတိဘေဒစီဝရကား-ခေါမ,ကပ္ပါသိက,ကောသေယျ ကမ္ဗလ သာဏ ဘင်္ဂအားဖြင့် ခြောက်မျိုးရှိပါသည်။အနုလောမအားဖြင့် ဒုကူလ ပဋ္ဋုဏ္ဏ သောမာရဇ စိနဇ ဣဒ္ဓိဇ ဒေဝဒိန္န ခြောက်မျိုးရှိပါသည်။

အဓိဋ္ဌိတဝိကပ္ပိတေသု အပရိယာပန္နတ္တာ အတိရေကံ စီဝရန္တိ အတိရေကစီဝရံ၊ စီဝရံနာမ ခေါမံ ကပ္ပါသိကံ ကောသေယျံ ကမ္ဗလံ သာဏံ

ဘဂ်န္တိ ဧတေသံ ဝါ တဒနုလောမာနံ ဝါ အညတရံ အယမယ္ပ ဓာတိ။

အဓိဋ္ဌိတစိကပ္ပိတေသု၊ အဓိဋ္ဌာန်ဝိကပ္ပနာတင်သောသင်္ကန်းတို့၌။ အပရိယာပန္နတ္တာ၊ အကျုံးမဝင်သည်၏အဖြစ်ကြောင့်။ အတိရေက၊ လွန်သော။ စီဝရံ၊ သင်္ကန်းတည်း။ ဇာတိဘာသွာ၊ ကြောင့်။ အတိရေက စီဝရံ၊ မည်၏။ စီဝရံနာမ၊ မည်သည်။ ခေါမံ၊ ခေါမတိုင်း၌ဖြစ်သော သင်္ကန်းရင်း။ ကပ္ပါသိကံ၊ ဝါချည်သင်္ကန်းရင်း။ ကောသေယျ၊ ပိုးချည်သင်္ကန်းရင်း၊ ကမ္ဗလံ၊ ကမ္ဗလာရင်း။ သာဏံ၊ ပိုက်ဆံလျှော်မြှင်ဖြင့် ရက်သောသင်္ကန်းရင်း၊ ဘင်္ဂံ၊ ငါးပါးလုံးရော၍ ရက်သောသင်္ကန်းရင်း။ ဇာတိဓေဘသံဆန္ဒီစီဝရာနံဝါ၊ ဟိုတွင်ရင်း။ အညတရံ၊ တယည်ထည်သောသင်္ကန်းတည်း။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ အညံ၊ ထိုသင်္ကန်း၏။ ဓာတိ၊ ဓာတ်တည်း။

---

○ အဓိဋ္ဌာန် တင်နည်းများကို ဖော်ပြ၍ အဓိဋ္ဌာန် တင်ပုံပါဠိကိုလည်းရေးခဲ့ပါ။

အဓိဋ္ဌာန်တင်နည်းကား— ကိုယ်ဖြင့်အဓိဋ္ဌာန်တင်နည်း၊ နှုတ်ဖြင့် အဓိဋ္ဌာန်တင်နည်းဟု နှစ်မျိုးရှိပါသည်။ အဓိဋ္ဌာန် တင်ပုံပါဠိကား— ဣမံသံဃာဋိံ အဓိဋ္ဌာမိ ဖြစ်ပါသည်၊ (အနီးကို ဣမ အဝေးကို ဧတဖြင့် ဆိုရသည်ဟုမှတ်)။

ဒွေစီဝရဿ အဓိဋ္ဌာနာနိ ကာယေနဝါ အဓိဋ္ဌာတိ ဝါစာယဝါ အဓိဋ္ဌာတီတိ ဝုတ္တံ။

စီဝရဿ၊ ၏။ အဓိဋ္ဌာနာနိ၊ တို့သည်။ ဒွေ၊ တို့တည်း။ ကာယေနဝါ၊ မှုလည်း။ အဓိဋ္ဌာတိ၊ ၏။ ဝါစာယဝါ၊ ဖြင့်မှုသည်း၊ အဓိဋ္ဌာတိ၊ ၏။ ဣတိ၊ ကြောင့်။ ဿဘာ၊ ကြောင့်။ ဝုတ္တံ၊ ၏။

---

အဓိဋ္ဌာန် တင်ရာ၌ သင်္ကန်း ကိုးထည်တွင် တထည်စီသာ အဓိဋ္ဌာန်တင်ရသောသင်္ကန်း၊ အားလုံးပေါင်း၍ အဓိဋ္ဌာန်တင်နိုင်သော သင်္ကန်းတို့ကို ဖော်ပြခဲ့ပါ။

သင်းပိုင်, ကိုယ်ရုံ, ဒုကုဋ်, ယင်း တိစီဝရိက်သုံးထည်ကို တထည်စီသာ အဓိဋ္ဌာန် တင်ရပါမည်။ ကျန်သော သင်္ကန်းများကို ပရိက္ခာရစောဠအမည်ဖြင့် ပေါင်း၍တင်ရပါမည်။

---

တိစီဝရိက်သုံးထည်ကို ပရိက္ခာရစောဠ အမည်ဖြင့် အဓိဋ္ဌာန်တင်ရခြင်း၏အကျိုးကိုပြ၍ ပစ္စုဒ္ဓိုရ်ပြုပုံပါဠိကိုလည်း ရေးခဲ့ပါ။

အဓိဋ္ဌာန်တင်ရခြင်း၏အကျိုးကား သုံးဆောင် လွယ်စေခြင်းအကျိုးငှါ တင်ရပါသည်။ ပစ္စုဒ္ဓိုရ်ပြုပုံပါဠိကား ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ ဖြစ်ပါသည်။

> ဣဒ္ဓ ပန တိစီဝရံ သုခပရိဘောဂတ္ထံ ပရိက္ခာရ စောဠံ အဓိဋ္ဌာတုံ ပိ ဝဋ္ဋတိ။

ဣဒ္ဓပနတိစီဝရံ၊ ကား။ သုခပရိဘောဂတ္ထံ၊ သုံးဆောင်လွယ်စေခြင်း ငှါ။ ပရိက္ခာရစောဠံပိ၊ ကိုလည်း။ အဓိဋ္ဌာတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။

---

ညောင်စောင်း စသည်တို့၌ ခင်းသောဘုံလျှိုကို အဓိဋ္ဌာန် တင်နိုင် မတင်နိုင် ဆုံးဖြတ်၍ ကပ္ပဗိန္ဒု ထိုးရသော သင်္ကန်း၊ မထိုးရသောသင်္ကန်းမျိုးကိုလည်း ဝေဘန်ခဲ့ပါ။

ညောင်စောင်း အင်းပျဉ် စသည်တို့၌ ခင်းအပ်သော ဘုံလျှိုတို့ကား ကျောင်း၏ အသုံးအဆောင်အလို့ငှါသာ ဖြစ်၍ အဓိဋ္ဌာန်တင်ဘွယ်မရှိပါ။ သင်းပိုင်,ကိုယ်ရုံ,ဒုကုဋ် မိုးရေခံသင်္ကန်း,အမာလွှမ်း သင်္ကန်းတို့မှာ ကပ္ပဗိန္ဒုထိုးရ ပါသည်။ ကျန်သင်္ကန်းများမှာ ထိုးမှုမပြုလုပ်ရပါ။

**ဆောင်**။ သင်း,ကိုယ်,ဒု,မိုး၊ အမာချိုး၊ ထိုးတော့ ကပ္ပဗိန္ဒု တည်း။

မဥ္စဘိသိ ပီဌဘိသိ ဗိမ္ဗောဟနံ ပဝါရော ကောဇဝေါတိ ဧတေသု ပန သေနာသန ပရိက္ခာရဏ္ဍာယ ဒိန္နပစ္စတ္ထရဏေ စ အဓိဋ္ဌာနကိစ္စံ နတ္ထိယေဝ။

မဉ္စဘိသိ၊ ညောင်စောင်း၌ ခင်းသောဘုံလျှိုရင်း။ ပီဌဘိသိ၊ ရင်း။ ဗိမ္ဗောဟနံ၊ ခေါင်းအုံးငှင်း။ ပါဝါရော၊ ဖုလျှားငှင်း။ ကောဇဝေါ၊ ကော်ဇောရင်း။ ဧတေသုပန၊ ဤဘုံလျှို စသည်တို့၌ရင်း။ သေနာသနပရိက္ခာရဏ္ဍာယ၊ ကျောင်းသုံး အလို့ငှာ ။ ဒိန္နပစ္စတ္ထရဏေ စ၊ လှူအပ်သော အခင်းအလွှမ်း၌ရင်း။ အဓိဋ္ဌာနကိစ္စံ၊ သည်။ နတ္ထိယေဝ၊ တည်း။

---

❁ အဓိဋ္ဌာန် ကျကြောင်းအင်္ဂါများကို ဖော်ပြ၍ ယင်းအင်္ဂါများသည် သင်္ကန်းကိုးထည်တွင် မည်သည့် သင်္ကန်းနှင့်သာ သက်ဆိုင်ကြောင်းကိုလည်း ဖော်ပြ ခဲ့ပါ။

အင်္ဂါများကား သူတပါးအားပေးခြင်း၊ ခိုးယူသွား ခြင်း၊ အကျွမ်းဝင်၍ ယူသွားခြင်း၊ သိက္ခာမချဘဲ လူဝတ်

လဲခြင်း၊ သိက္ခာချ၍လူဝတ်လဲခြင်း၊သေဆုံးခြင်း၊ လိင်ပြန်ခြင်း၊ပစ္စုဒ္ဓရိပြုခြင်း ပေါင်း ရှစ်ပါးဖြစ်ပါသည်။ဤအင်္ဂါရှစ်ပါးကား တိစီဝရိတ် သုံးထည်မှတပါး ကျန်သင်္ကန်းခြောက်ထည်နှင့်သာ သက်ဆိုင်ပါသည်။

အညဿဒါနေန အစ္ဆိန္ဒိတွာ ဂဟဏေန ဝိဿာသဂ္ဂါဟေန ဟီနာယာဝတ္တနေန သိက္ခာ ပစ္စက္ခာနေန ကာလကိရိယာယ လိင်္ဂပရိဝတ္တနေန ပစ္စုဒ္ဓရဏေနာတိ ဣမေဟိ အဋ္ဌဟိ ကာရဏေဟိ အဓိဋ္ဌာနံ ဝိဇဟာတိ။

အညဿ၊သူတပါးအား။ဒါနေန၊ ပေးသဖြင့်ရင်း။အစ္ဆိန္ဒိတွာ၊လုယ်၍။ဂဟဏေန၊ ယူသဖြင့်ရင်း။ ဝိဿာသဂ္ဂါဟေန၊ အကျွမ်းဝင်၍ယူသဖြင့်ရင်း။ ဟီနာယာဝတ္တနေန၊ လူထွက်သဖြင့်ရင်း။ သိက္ခာပစ္စက္ခာနေန၊ သိက္ခာချသဖြင့်ရင်း။ ကာလကိရိယာယ၊သေသဖြင့်ရင်း၊ လိင်္ဂပရိဝတ္တနေန လိင်ပြန်သဖြင့်ရင်း။ ပစ္စုဒ္ဓရဏေန၊ ပစ္စုဒ္ဓရိပြုသဖြင့်ရင်း။ ဣတိဣမေဟိ အဋ္ဌဟိ ကာရဏေဟိ၊ ဤအကြောင်းအင်္ဂါတို့ကြောင့်။ အဓိဋ္ဌာနံ၊ကို။ ဝိဇဟာတိ၊ စွန့်၏။

---

တိစီဝရိတ် သုံးထည် သည် မည်မျှလောက် အပေါက်ရှိပါမှ အဓိဋ္ဌာန်ကျသည်ကို ဖြေဆိုခဲ့ပါ။

တိစီဝရိတ် သုံးထည်သည် လက်သည်းခွံ လောက် အပေါက်ရှိလျှင် အဓိဋ္ဌာန်ကျပါတော့သည်။

မှတ်ချက်။ အပေါက်ဟူရာ၌ အနာ ပတ်လည်ပေါက်ရုံမျှဖြင့် အဓိဋ္ဌာန် မကျ၊ သုံးထည်လုံးအတွက် အလျားစွန်း တထွာအတွင်း၊ အနံအစွန်း ကေသိနှင့်သင်္ကန်းကြီးအတွက် လက်ရှစ်သစ်၊

သင်းပိုင်အတွက်လက်လေးသစ် ထုတ်ချင်းပေါက်မှ အဓိဋ္ဌာန် ကျကြောင်း အပေါက်ဖြစ်နိုင်သည်။

တိစီဝရံ ပန ကနိဋ္ဌင်္ဂုလိ နခပိဋ္ဌိပမာဏေန ဆိဒ္ဒေ နာပိ ဝိဇဟတိ။

တိစီဝရံ၊ပန၊ကား။ ကနိဋ္ဌင်္ဂုလိနခပိဋ္ဌိပမာဏေန၊ လက်သန်းသည်းခွံ ပမာဏရှိသော။ဆိဒ္ဒေနာပိ၊အပေါက်ရှိသဖြင့်လည်း။ ဝိဇဟတိ၊ စွန့်၏။

---

## ဒုတိယကထိန သိက္ခာပဒ

ဤသိက္ခာပုဒ်၌ တိစီဝရေန ဟု ဆိုသောကြောင့် တိစီဝရိက်သုံးထည်တွင် တထည်ထည်နှင့် ကင်း၍ နေ ကောင်းသည်ဟု မှတ်ရမည်လော ဖြေဆို၍၊ သက်န်း ထားရာဌာနများကိုလည်း ဘော်ပြခဲ့ပါ။

တိစီဝရေနဟု ဆိုသော်လည်း သုံးထည်လုံးကင်းမှ မဟုတ်ပါ။ တထည်ထည်နှင့် ကင်း၍ နေသော်လည်း မနေကောင်းပါ။ သင်္ကန်းထားရာဌာနများကား အောက်ပါ သင်္ကာအတိုင်းသိပါ။

ဆောင်။ ရွာ, အိမ်နှင့်တိုက်၊ ထီးစိုက် ဦးပြည်း၊ လှေ, လှည်း ပြလယ်,၊ ကောင်နယ် သစ်ပင်၊ လွင် အရပ်, ကျောင်း၊ တန်ဆောင်း ဆဲ့ငါး၊ သက်န်းထား၊ မှတ်သားအရပ်တည်း။

တိစီဝရေနာတိ တိစီဝရာဓိဋ္ဌာနေ န ယေန အဓိဋ္ဌိ တေသု သံဃာဋိအာဒီသု ယေန ကေနစိ ဂါမ နိဝေသန ဥဒ္ဒေါသိတ အဋ္ဋမာဠပါသာဒ ဟမ္မိယ

နာဝါ သတ္ထ ခေတ္တ ဓညကရဏ အာရာမ ဝိဟာရ ရုက္ခမူလ အဇ္ဈောကာသပဘေဒါနံ ပန္နရသာနံ နိက္ခေပဋ္ဌာနာနံ။

တိစီဝရေနဝါတိ၊ ဟူသည်။ တိစီဝရာဓိဋ္ဌာန နယေန၊ တိစီဝရကို အဓိဋ္ဌာန်သောနည်းဖြင့်။ အဓိဋ္ဌိတေသု၊ ကုန်သော။ သံဃာဋိအာဒိသု၊ ဒုကုဋ်စသည်တို့တွင်။ ယေနကေနစိ၊ တစ်ထည်ထည်သော သင်္ကန်းနှင့်။ ဂါမ၊ ရွာ။ နိဝေသန။ အိမ်။ ဥဒေါသိတ၊ ဘဏ္ဍာထားရာစရပ်။ အဋ္ဋ၊ ပြအိုး။ မာဠ၊ တန်ဆောင်း။ ပါသာဒ၊ ပြာသာဒ်ရှည်။ ဟမ္မိယ၊ ပြာသာဒ်ဦးပြည်း။ နာဝါ၊ လှေ။ သတ္ထ၊ လှည်း။ ခေတ္တ၊ လယ်။ ဓညကရဏ၊ ကောက်နယ်တလင်း။ အာရာမ၊ အရာမ်။ ဝိဟာရ၊ ကျောင်း။ ရုက္ခမူလ၊ သစ်ပင်ရင်း။ အဇ္ဈောကာသပဘေဒါနံ၊ လွင်တီးခေါင်အပြား ရှိကုန်သော ပန္နရသာနံ၊ ကုန်သော။ နိက္ခေပဋ္ဌာနာနံ၊ သင်္ကန်းထားရာ အရပ်တို့တွင်။

---

## တတိယသိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ ကာလစီဝရ, အကာလစီဝရတို့၏ အဓိပ္ပါယ်ကို ဖော်ပြပြီးလျှင်၊ ယင်းတို့၏ ကာလအပိုင်း ခြားကိုလည်း ရေးခဲ့ပါ။

သင်္ကန်းကို အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲ ထားခွင့်ရရာ အခါသည် စီဝရကာလမည်၏။ အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲ ထားခွင့်မရသောအခါသည် စီဝရအကာလ မည်၏။ ယင်းတို့၏ ကာလ အပိုင်းအခြားကား ကထိန် မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော်တရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်နေ့အထိ တလသည် စီဝရကာလ မည်၏။

တန်ဆောင်မုန်း လပြည့်ကျော်တရက်နေ့မှစ၍ သီတင်းကျွတ် လပြည့်နေ့အထိ တဆဲ့တလသည် စီဝရအကာလမည်၏။

ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် တရက်မှစ၍တပေါင်းလအထိ ငါးလသည် စီဝရကာလမည်၏။ တပေါင်း လပြည့်ကျော် တရက်မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ခုနစ်လသည် စီဝရအကာလမည်၏။

> အကာလစီဝရံနာမ ယွာယံ အနတ္ထတေ ကထိနေ
> ဝဿာနဿ ပစ္ဆိမော မာသော၊ အတ္ထတေ
> ကထိနေ ပဉ္စမာသာတိ စီဝရကာလော ဝုတ္တော။

အကာလစီဝရံနာမ၊ မည်သည်။ ကထိနေ၊ ကို။ အနတ္ထတေ၊ မခင်းအပ်သည်ရှိသော်။ ဝဿာနဿ၊ မိုးလ၏။ ပစ္ဆိမော မာသော၊ အဆုံးဖြစ်သောလရင်း။ ကထိနေ၊ ကို။ အတ္ထတေ၊ သော်။ ပဉ္စမာသာ၊ တို့ကိုရင်း၊ ဣတိ-ဧဝံ၊ သို့။ ယွာယံ-ယောအယံ စီဝရကာလော၊ ကို။ ဝုတ္တော၊ ၏။

---

သက်န်းကာလမှ တပါးသော စီဝရကာလကို အကာလ စီဝရဟု ဆိုရာ၌ အခြား တနည်းနည်းဖြင့် ပေးလှူရာ၌ အကာလ စီဝရ ဖြစ်နိုင်ပုံကို အကြောင်းစုံပြ၍ ရှင်းခဲ့ပါ။

ဣဒံ အကာလစီဝရံဟု ရည်ညွှန်းပိုင်းခြား၍ သံဃာအား လှူအပ်သောသက်န်းမျိုးသည်ရင်း။ ဣဒံတုယှံဒမ္မိဟု တစုံတယောက်သော ပုဂ္ဂိုလ်အား ရည်ညွှန်းပိုင်းခြား၍

နာဝါ၊ သဏ္ဍ ခေဠ ညောကရဏ အာရာမ
ဝိဟာရ ရုက္ခမူလ အဇ္ဈောကာသပဘေဒါနံ ပန္န
ရသာနံ နိဂ္ဂပဌာနာနံ။

တိစီဝရေနာတိ၊ ဟူသည်။ တိစီဝရာဓိဋ္ဌာနနယေန၊ တိစီဝရိက်
အဓိဋ္ဌာန်သောနည်းဖြင့်။ အဓိဋ္ဌိတေသု၊ ကုန်သော။ သံဃာဋိအာဒိသု၊
ဒုကုဋ်စသည်တို့တွင်။ ယေနကေနစိ၊ တထည်ထည်သော သင်္ကန်းနှင့်။
ဂါမ၊ ရွာ။ နိဝေသန။ အိမ်။ ဥဒေါသိတ၊ ဘဏ္ဍာထားရာစရပ်။ အဋ္ဋ၊
ပြအိုး။ မာဠ၊ တန်ဆောင်း။ ပါသာဒ၊ ပြာသာဒ်ရှည်။ ဟမ္မိယ၊
ပြာသာဒ်ဦးပြည်း။ နာဝါ၊ လှေ။ သဏ္ဍ၊ လှည်း။ ခေတ္တ၊ လယ်။ ဓည
ကရဏ၊ ကောက်နယ်တလင်း။ အာရာမ၊ အရာမ်။ ဝိဟာရ၊ ကျောင်း။
ရုက္ခမူလ၊ သစ်ပင်ရင်း။ အဇ္ဈောကာသပဘေဒါနံ၊ လွင်တီးခေါင်အပြား
ရှိကုန်သော ပန္နရသာနံ၊ ကုန်သော။ နိက္ခေပဌာနာနံ၊ သင်္ကန်းထားရာ
အရပ်တို့တွင်။

---

## တတိယသိက္ခာပဒ

ဤသိက္ခာပုဒ်၌ ကာလစီဝရ, အကာလစီဝရတို့၏
အဓိပ္ပါယ်ကို ဖေါ်ပြပြီးလျှင်၊ ယင်းတို့၏ ကာလအပိုင်း
ခြားကိုလည်း ရေးခဲ့ပါ။

သင်္ကန်းကို အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲ ထားခွင့်ရရာ
အခါသည် စီဝရကာလမည်၏။အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲ
ထားခွင့်မရသောအခါသည် စီဝရအကာလ မည်၏။ယင်း
တို့၏ ကာလ အပိုင်းအခြားကား ကထိန် မခင်းလျှင်
သီတင်းကျွတ်လပြည့်ကျော်တရက်နေ့မှစ၍ တန်ဆောင်
မုန်း လပြည့်နေ့အထိ တလသည် စီဝရကာလ မည်၏။

တန်ဆောင်မုန်း လပြည့်ကျော်တရက်နေ့မှစ၍ သီတင်း ကျွတ် လပြည့်နေ့အထိ တဆဲ့တလသည် စီဝရအကာလ မည်၏။

ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် တရက် မှစ၍ဘာပေါင်းလအထိ ငါးလသည် စီဝရကာလမည်၏။ တပေါင်း လပြည့်ကျော် တရက်မှစ၍ သီတင်းကျွတ် လပြည့်နေ့အထိ ခုနစ်လသည် စီဝရအကာလမည်၏။

> အကာလစီဝရံနာမ ယွာယံ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမော မာသော၊ အတ္ထတေ ကထိနေ ပဉ္စမာသာတိ စီဝရကာလော ဝုတ္တော။

အကာလစီဝရံနာမ၊ မည်သည်။ ကထိနေ၊ ကို။ အနတ္ထတေ၊ မခင်း အပ်သည်ရှိသော်။ ဝဿာနဿ၊ မိုးလ၏။ ပစ္ဆိမောမာသော၊ အဆုံး ဖြစ်သောလဧ။ ကထိနေ၊ ကို။ အတ္ထတေ၊ သော်။ ပဉ္စမာသာ၊ ငါးလတို့ကိုဧ၊ ဣတိ-ဧဝံ၊ သို့။ ယွာယံ-ယောအယံ စီဝရကာလော၊ ကို။ ဝုတ္တော၊ ၏။

---

● သက်န်းကာလမှ တပါးသော စီဝရကာလကို အကာလ စီဝရဟု ဆိုရာ၌ အခြား တနည်းနည်းဖြင့် ပေးလှူရာ၌ အကာလ စီဝရ ဖြစ်နိုင်ပုံကို အကြောင်းစုံပြ၍ ရှင်းခဲ့ပါ။

ဣဒံ အကာလစီဝရံဟု ရည်ညွှန်းပိုင်းခြား၍ သံဃာ အား လှူအပ်သောသင်္ကန်းမျိုးသည်ဧ။ ဣဒံတုယှံဒမ္မိဟု တစုံတယောက်သော ပုဂ္ဂိုလ်အား ရည်ညွှန်းပိုင်းခြား၍

လျှအပ်သော သက်နှင်းသည်ရင်း၊ အကာလစီဝရပင် ဖြစ် နိုင်ပါသည်။

တံ ထပေတွာ အညဒါ ဥပ္ပန္နံ ယဋ္ဌ ကာလေပိ သံဃာဿဝါ ဣဒံ အကာလစီဝရန္တိ ပုဂ္ဂလဿ ဝါ ဣဒံ တုယှံ ဒမ္မီတိ အာဒိနာ နယေန ဒိန္နံ တေံ အကာလ စီဝရံနာမ။

တံ၊ ထိုသင်္ကန်းကာလကို။ ထပေတွာ၊ ၍။ အညဒါ၊ တပါး သောကာသ၌။ ဥပ္ပန္နံ၊ ဖြစ်သောသင်္ကန်းတည်း။ ယဋ္ဌစီဝရ၊ ကိုလည်း။ ကာလေပိ၊ ၌လည်း၊ သံဃာဿဝါ၊ သော်လည်း။ ဣဒံစီဝရံ၊ သည်။ အကာလစီဝရံ၊ တည်း။ ဣတိ၊ ၍သို့ရင်း။ ပုဂ္ဂလဿဝါ၊ မှုလည်း။ ဣဒံ၊ ၍သင်္ကန်းကို။ တုယှံ၊ အား။ ဒမ္မိ၊ လှူပါ၏။ ဣတိအာဒိနာ နယေန၊ ဖြင့်။ ဒိန္နံ၊ လှူအပ်၏။ တေံ၊ ထိုသင်္ကန်းသည်။ အကာလစီရံ နာမ၊ မည်၏။

---

● အကာလစီဝရံ ဥပ္ပဇ္ဇေယျ၌ သင်္ကန်းဖြစ်ခြင်း၏ အကြောင်း၈ပါးကို ထုတ်ခဲ့ပါ။

အကြောင်း၈ပါးကား-သီမာယဒေတိ, ကတိကာယ ဒေတိ, ဘိက္ခာယ ပညတ္တိကာယဒေတိ, သံဃဿဒေတိ, ဥဘတော သံဃဿဒေတိ, ဝဿံဝုတ္ထသံဃဿဒေတိ, အာဒိဿဒေတိ, ပုဂ္ဂလဿဒေတိ တို့ဖြစ်ပါသည်။

အဋ္ဌဝါပန အဋ္ဌမာ ဘိက္ခဝေ မာတိကာစီဝရဿ ဥပ္ပါဒါယ သီမာယ ဒေတိ ကတိကာယ ဒေတိ ဘိက္ခာ ပညတ္တိကာယ ဒေတိ သံဃဿဒေတိ

ဥဘတော သံဃဿ ဒေတိ ဝဿံဝုတ္ထသံဃဿ
ဒေတိ အာဒိဿ ဒေတိ ပုဂ္ဂလဿ ဒေတီတိ ဣမာ
သံ အဋ္ဌန္နံ မာတိကာနံ အညတရတော ဥပ္ပဇ္ဇေယျ။

အထ ဝါပန၊ တနည်းသော်ကား။ ဘိက္ခဝေ၊ တို့။ စီဝရဿ၊ ၏။ ဥပ္ပါဒါယ၊ ငှါ။ မာတိကာ၊ တို့သည်။ ဣမာအဋ္ဌ၊ တို့တည်း။ သီမာယ၊ အား။ ဒေတိ၊ ၏။ ကတိကာယ၊ ကတိကဝတ်ပြုသောကျောင်းအား။ ဒေတိ၊ ၏။ ဘိက္ခာပညတ္တိကာယ၊ ဆွမ်းပညတ်ရာအရပ်အား။ ဒေတိ၊ ၏။ သံဃဿ၊ အား။ ဒေတိ၊ ၏။ ဥဘတောသံဃဿ၊ အား၊ ဒေတိ၊ ၏။ ဝဿံဝုတ္ထသံဃဿ၊ အား။ ဒေတိ၊ ၏။ အာဒိဿ၊ ရည်၍။ ဒေတိ၊ ၏။ ပုဂ္ဂလဿ၊ အား။ ဒေတိ၊ ၏။ ဣတိဧဝံ၊ သို့။ ဝုတ္တာနံ၊ ကုန်သော။ ဣမာသံအဋ္ဌန္နံ မာတိကာနံ၊ တို့တွင်။ အညတရတော၊ တပါးပါးမှ။ ဥပ္ပဇ္ဇေယျ၊ အံ့။

---

● သီမာယဒေတိ၌ သီမာအပြားကို ထုတ်ပြခဲ့ပါ။

သီမာအပြားကား-ခဏ္ဍသိမ် ဥပစာရသိမ် သမာနသံဝါသကသိမ် အဝိပ္ပဝါသသိမ် လာဘသိမ် ဂါမသိမ် နိဂမသိမ် နဂရသိမ် အဗ္ဘန္တရသိမ် ဥဒကုက္ခေပသိမ် ဇနပဒသိမ် ရဋ္ဌသိမ် ရဇ္ဇသိမ် ဒီပသိမ် စက္ကဝါဠသိမ် ဟူ၍ တဆဲ့ငါးပါး ရှိပါသည်။

ဧတ္ထ သီမာတိ ခဏ္ဍသီမာ ဥပစာရသီမာ သမာန
သံဝါသကသီမာ အဝိပ္ပဝါသသီမာ လာဘသီမာ
ဂါမသီမာ နိဂမသီမာ နဂရသီမာ အဗ္ဘန္တရ
သီမာ ဥဒကုက္ခေပသီမာ ဇနပဒသီမာ ရဋ္ဌသီမာ
ရဇ္ဇသီမာ ဒီပသီမာ စက္ကဝါဠသီမာ ပန္နရသဝိဓာ။

ဌာနေ၊ ဤသိမာယ ဒေတိဟူသောပုဒ်၌လည်း။ သိမာတိ၊ မည်သည်။ ခဏ္ဍသိမာ၊ ၎င်း။လ။ စက္ကဝါဠသိမာ၊ ၎င်း။ ဇာတိဝေါသို့။ ပဉ္စရသဝိဓော၊ တဆဲ့ငါးပါး အပြားရှိ၏။

---

ဒိပ္ပမေဝ ကာရေတဗ္ဗံ၌အဘယ့်ကြောင့် အဘယ်ရက်အတွင်းသာ လျှင်မြန်စွာပြုလုပ်ရမည်ဟုအကြောင်းပြဖြေဆိုခဲ့ပါ။

ပထမကထိန သိက္ခာပုဒ်၌ ဒသာဟ ပရမံ အတိရေက စီဝရံဟု ဆိုသောကြောင့် ဆယ်ရက်အတွင်းကို ပြုလုပ်ရပါမည်။

ဒိပ္ပမေဝ ကာရေ တဗ္ဗန္တိ သီဃံ အန္တောဒသာ ဟေယေဝ ကာရေတဗ္ဗံ။

ဒိပ္ပမေဝကာရေတဗ္ဗန္တိ၊ဟူသည်။ သီဃံ၊ လျင်စွာ။ အန္တောဒသာဟေယေဝ၊ ဆယ်ရက်အတွင်း၌သာလျှင်။ ကာရေတဗ္ဗံ၊၏။

---

## ပုရာဏ စီဝရ

အညာတိကာယဘိက္ခုနိယာ၌ ဉာတိ-အညာတိတို့ကို ခွဲခြားပြပြီးလျှင် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ကိုလည်း ရေတွက်ပြခဲ့ပါ။

သွေးသား တော်စပ်သည်ကို ဉာတိဟု ခေါ်သည်။ သွေးသားမတော်စပ်သည်ကို အညာတိဟု ခေါ်ပါသည်။ ဆွေအထက် (၇) ဆက်ကား-ဘ, ဘိုး, ဘေး, ဘီ, ဘင်,

ဘောင်,ဘောတို့ဖြစ်ပါသည်။ မျိုးအောက်(၇)ဆက်ကား-သား,မြေး,မြစ်,တီ,တွတ်,ကျွတ်, ဆတ်တို့ ဖြစ်ပါသည်။

အညာတိကာယာတိ နညာတိကာယ မာတိတော
ဝါ ပိတိတောဝါ ယာဝသတ္တမယုဂံ တာဝ ကေနု
စိအာကာရေန အသမ္ဗန္ဓာယာတိ အတ္ထော။

အညာတိကာယာတိ၊ ဟူသည်။ နဉာတိကာယ၊ အဆွေမဟုတ်သော။ မာတိတောဝါ၊ အမိမှရင်း။ ပိတိတောဝါ၊ အဘမှရင်း။ ယာဝ၊ လောက်။ သတ္တမယုဂံ၊ အမျိုးခုနစ်ဆက်သည်။ အတ္တိ၊ ၏။ တာဝ၊ လောက်။ ကေနစိအာကာရေန၊ တစုံတခုသော အခြင်း အရာဖြင့်။ အသမ္ဗန္ဓာယ၊ မစပ်သော။ ဉာတိအယံ၊ ကား။ အတ္တော၊ တည်း။

---

ဘိက္ခုနီယာ ပုရာဏ စီဝရံ၌ ဘိက္ခုနီယာအရအဘယ်မှ လာသော ဘိက္ခုနီမကို ဆိုပါသနည်း ဖြေ၍ ပုရာဏ စီဝရံအရ - အလွန် ဟောင်းနွမ်းသည်ကိုဆိုပါသလော-မည်မျှလောက် သုံးစွဲဘူးမှ ပုရာဏစီဝရခေါ်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

ဘိက္ခုနီယာအရ-သာကီဝင် ဖြစ်သော ဘိက္ခုနီမကဲ့သို့ သက်သက်သော သံဃာ၌ရင်း။ နှစ်ဦးသော ဘိက္ခု ဘိက္ခုနီ သံဃာ၌ရင်း။ ပဉ္စင်းခံဘူးသူကို ဆိုပါသည်။ ပုရာဏစီဝရံအရ အလွန်ဟောင်းနွမ်းမှမဟုတ်ပါ သုံးစွဲသည့်အနေဖြင့် တကြိမ် တခါ ဝတ်ရုံဘူးသော်ရင်း။ ဦးခေါင်းပေါ်တင်ဘူး ခေါင်းအုံး လုပ်ဘူးသော်ရင်း။ ပုရာဏစီဝရဟုခေါ်ဆိုပါသည်။

ဘိက္ခုနိယာတိ သာကိယာနိယောဝိယ သုဒ္ဓဘိက္ခု
သံဃေဝါ ဥဘတော သံဃေဝါ ဥပသမ္ပန္နာယ၊
ပုရာဏစီဝရန္တိ ရဇိတွာ ကပ္ပံ ကတွာ ဧကဝါရမ္ပိ
နိဝတ္ထံ ဝါ ပါရုတံ ဝါ ယံ အန္တမသော ပရိဘောဂ
သီသေန အံသေ ဝါ မတ္ထကေ ဝါ ကတွာ မဂ္ဂံ
ဂတော ဟောတိ၊ ဥဿီသကံ ဝါ ကတွာ နိပန္နော
ဟောတိ ဧတမ္ပိ ပုရာဏ စီဝရ မေဝ။

ဘိက္ခုနိယာတိ၊ ဟူသည်။ သာကိယာနိယောဝိယ၊ သာကီဝင်ဖြစ်သော ဘိက္ခုနီမတို့ကဲ့သို့။ သုဒ္ဓဘိက္ခုသံဃေဝါ၊ နှင့်ရင်း။ ဥဘတော သံဃေဝါ၊ နှင့်ရင်း၊ ဥပသမ္ပန္နာယ၊ အား။ ပုရာဏစီဝရန္တိ၊ ဟူသည်။ ရဇိတွာ၊ ဆိုး၍။ ကပ္ပံ၊ ကပ္ပဗိန္ဒုကို။ ကတွာ၊ ၍။ ဧကဝါရမ္ပိ၊ တကြိမ်သော်လည်း။ ဝတ္ထံ ဝါ၊ ဝတ်ဘူးသည်လည်းဖြစ်သော။ ပါရုတံ ဝါ၊ ရုံဘူးသည်လည်းဖြစ်သော။ အန္တမသော၊ ဖြင့်။ ယံ စီဝရံ၊ ကို။ ပရိဘောဂသီသေန၊ သုံးဆောင်ခြင်းကို အရင်းပြုသဖြင့်။ အံသေ ဝါ၊ ပခုံး၌ရင်း။ မတ္ထကေ ဝါ၊ ဦးခေါင်း၌ရင်း။ ကတွာ၊ တင်သည်ကိုပြု၍။ မဂ္ဂံ၊ ခရီးသို့။ ဂတော၊ သွားသည်။ ဟောတိ၊ ဖြစ်အံ့။ ဥဿီသကံ ဝါ၊ ခေါင်းအုံးလုပ်၍ အုံးဘူးသည်ကိုလည်း။ ကတွာ၊ ၍။ နိပန္နော၊ သည်။ ဟောတိ၊ အံ့။ ဧတံပိ၊ ထိုသင်္ကန်းသည်လည်း။ ပုရာဏစီဝရမေဝ၊ သင်္ကန်းဟောင်းမည်သည်လျှင်တည်း။

---

(၁) သူ့ဘာပါးသင်္ကန်းကို ဘိက္ခုနီမအား လျှော်ခိုင်းသော ရဟန်း (၂) မိမိ၏ နိသီဒိုင်ဖြစ်ရခြင်းစသည်တို့ကို လျှော်ခိုင်းသောရဟန်း (၃) ဉာတိကို အညာတိဟု ထင်၍ ခိုင်းသောရဟန်း (၄) အညာတိကို ဉာတိဟု ထင်၍ ခိုင်းသော ရဟန်း။ (၅) သိက္ခမာန် သာမဏေစသည်

တို့အား ခိုင်းသော ရဟန်းတို့အား သင့်နိုင်သော အာပတ်တို့ကို အသီးသီးဖော်ပြခဲ့ပါ။

၁-၂-၃-ရဟန်းတို့မှာ ဒုက္ကဋ် အာပတ် သင့်ပါသည်။ ၄-မှာနိဿဂ္ဂိသင့် ပါသည်၊(၅)နာအနာပတ္တိ ဖြစ်ပါသည်။

အညဿာဝါ သန္တကံ နိသီဒနပစ္စတ္ထရဏံ ဝါ ဓော
ဝါပေန္တဿ ဉာတိကာယ အညာတိကသညိနော
စေ ဝေမတိကဿစ ဒုက္ကဋံ အညာတိကာယ
ဉာတိကသညိနောပိ ဝေမတိကဿာပိ နိဿဂ္ဂိယံ
ပါစိတ္တိယမေဝ။

အညဿဝ ါ၊တပါးသော ရဟန်း၏မူလည်း။ သန္တကံ၊ဥစ္စာဖြစ်သော သက်နိုးဟောင်းကို။ ဓောဝါပေန္တဿ၊ဖွပ်စေသော ရဟန်းအားရင်း။ အတွဲ နောဝ ါ၊ရင်း။ အညဿဝ ါ၊ရင်း။ သန္တကံ၊သော။ နိသီဒနပစ္စတ္ထရဏံ၊ နိသီဒိုင်အိပ်ရာလွှမ်းကိုရင်း။ ဓောဝ ါပေန္တဿ၊ ရဟန်းအားရင်း။ ဉာတိကာယ၊ နှ။ အညာတိကသညိနော၊ အဆွေမတော်ဟု အမှတ်ရှိသော ရဟန်းအားရင်း။ ဝေမတိကဿစ၊ ရင်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊၏။ အညာတိကာယ၊နှ။ ဉာတိကသညိနောပိ၊ရင်း။ ဝေမတိကဿပိ၊ ရင်း။ နိဿဂ္ဂိယံ၊ သည်။ ပါစိတ္တိယမေဝ၊သည်သာလျှင်။ ဟောတိ၊၏။

---

ဘိက္ခုနီယာပုရာဏစီဝရံနှင့် ပါသော စီဝရနှင့် ဘိက္ခုနီယာ စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်ပါ စီဝရတို့၏ ခြားနားပုံကို ဖော်ပြခဲ့ပါ။

ဘိက္ခုနီယာ ပုရာဏစီဝရံ၌ ပါသော စီဝရကား ဆိုး၍ ကပ္ပဗိန္ဒုထိုး၍ ဝတ်လောက်သော သင်္ကန်းတည်း

ဘိက္ခုနိယာ စီဝရံ ပဋိဂ္ဂဏှေယျာဉ္ဇ ပါသော စီဝရကား အဓိဋ္ဌာန်ဝိကပ္ပနာပြုလောက်သော ခေါ်မစသောသက်နိုး ခြောက်ထည်တွင် တထည်ထည်သော သင်္ကန်းတည်း။

> ပုရာဏာစီဝရန္တိ ရဇိတွာ ကပ္ပံ ကတွာ၊ စီဝရန္တိ ဆန္နံ စီဝရာနံ အညတရံ ဝိကပ္ပနူပဂံ။

ပုရာဏစီဝရန္တိ၊ ဟူသည်ကား။ ရဇိတွာ၊ ဆိုး၍။ ကပ္ပံ၊ ကပ္ပဗိန္ဒုကို။ ကတွာ၊ ထိုးသည်ကိုပြု၍။ စီဝရန္တိ၊ ဟူသည်ကား။ ဆန္နံစီဝရာနံ၊ တို့တွင်။ အညတရံ၊ တထည်ထည်သော။ ဝိကပ္ပနူပဂံ၊ ဝိကပ္ပနာလောက်သောသင်္ကန်းတည်း။

---

စီဝရံပဋိဂ္ဂဏှေယျာဉ္ဇ အဘယ်ကဲ့သို့ ခံယူခြင်းကို ပဋိဂ္ဂဏှေယျဟုဆိုကြောင်းကို ဖြေဆိုပြီးလျှင်၊ အပ်သော ခံယူခြင်းမျိုးကိုလည်း ညွှန်းခဲ့ပါ။

ရဟန်းမိန်းမ၏ လက်ဖြင့် ရဟန်းယောကျ်ားလက်၌ ပေးသော်ရင်း ခြေရင်း၌ထားသော်ရင်း ဓမ္မကထိက ရဟန်းအား ကောင်းချီးပေးရာ၌ အဝတ်ကို ကြဲဖြန့်၍ အထက်သို့သွင့်ပစ်သောအခါ၌ရင်း သာယာလျှင် ပဋိဂ္ဂဏှေယျဖြစ်ပါတော့သည်၊ တစုံတယောက်သော လူသာ မထောအား စေခိုင်းအပ်သော သင်္ကန်းမျိုး ပံသုကူ ဟု နှလုံးသွင်း၍ တံမြက်ချေးစွန့်ရာစသည်တို့၌ထားအပ်သော သင်္ကန်းမျိုးကို အဓိဋ္ဌာန်ပြု၍ခံယူလျှင် အပ်သောခံယူခြင်း ဖြစ်ပါသည်။

ပဋိဂ္ဂဏှေယျာတိ ဧတ္ထ ဟတ္ထေနံဝါ ဟတ္ထေ ဒေတု ပါဒ မူလေဝါ ထပေတု ဓမ္မကထံ ကထေန္တဿ ဝတ္ထေသု ဒီပိယမာနေသု ဥပစာရံ မုဉ္စိတွာပိ ဥပရိ ခိပတု၊ သစေ သာဒိယတိ ပဋိဂ္ဂဟိတမေဝ ဟောတိ၊ ယဿကဿစိ ပန အနုပ သမ္ပန္နဿ ဟတ္ထေ ပေသိတံ ဂဏှိတုံ ဝဋ္ဋတိ၊ ပံသုကူလံ ဂဏှိဿတီတိ သင်္ကာရကူဋာဒိသု ထပိတမ္ပိ ပံသုကူလံ အဓိဋ္ဌဟိတွာ ဂဟေတုံ ဝဋ္ဋတိယေဝ။

ပဋိဂ္ဂဏှေယျာတိ ဧတ္ထ၊ ဟူသောပုဒ်၌၊ ဟတ္ထေနဝါ၊ ရဟန်းမိန်းမလက်ဖြင့်မူလည်း။ ဟတ္ထေ၊ ရဟန်းယောက်ျားလက်၌။ ဒေတု၊ ပေးသည်ဖြစ်စေ။ ပါဒမူလေဝါ၊ ခြေရင်း၌မူလည်း။ ထပေတု၊ ထားသည်ဖြစ်စေ။ ဓမ္မကထံ၊ တရားစကားကို။ ကထေန္တဿ၊ ဟောသောရဟန်းအား။ ဝတ္ထေသု၊ တို့ကို။ ဒီပိယမာနေသု၊ ကုန်သော်။ ဥပစာရံ၊ ကို။ မုဉ္စိတွာ၊ ၍။ ဥပရိဝါ၊ အထက်သို့မူလည်း။ ခိပတိ။ စေ။ သစေ သာဒိယတိ၊ အံ့။ ပဋိဂ္ဂဟိတမေဝ၊ ခံသောမည်သည်။ ဟောတိ၊ ၏။ ယဿကဿစိ၊ သော။ အနုပသမ္ပန္နဿပန၊ ၏ကား။ ဟတ္ထေ၊ ၌။ ပေသိတံ၊ စေအပ်သောသင်္ကန်းကို။ ဂဏှိတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။ ယံ စီဝရံ၊ ကို။ ပံသုကူလံ၊ ဟူ၍။ ဂဏှိဿတိ၊ လတ့်။ ဉာတိမနသိကတွာ၊ ၍။ သင်္ကာရကူဋာဒီသု၊ တံမြက်ချေးစုရာစသည်တို့၌။ ထပိတံပိ၊ သော်လည်း။ ပံသုကူလံ၊ ဟု။ အဓိဋ္ဌဟိတွာ၊ ဆောက်တည်၍။ ဂဟေတုံ၊ ငှါ။ ဝဋ္ဋတိယေဝ၊ အပ်သည်သာလျှင်တည်း။

● ဤသိက္ခာပုဒ်၌ အညတြ ပါရိဝတ္တကာ အရ အယုတ်ဆုံးအားဖြင့် မည်ကဲ့သို့လဲလျှင် ပါရိဝတ္တက ဖြစ်နိုင်သည်ကို ပေါ်ပြခဲ့ပါ။

အယုတ်ဆုံးအားဖြင့် ဖီးဖြူသီး ဖန်းခါးသီးမျှဖြင့် လဲ ယူသော်လည်း လဲသူမည်ဟု နှုတ်လုံးသွင်း၍ ယူသော်လည်း အညတြပါရိဝတ္တက ဖြစ်နိုင်ပါသည်။

> အညတြ ပါရိဝတ္တကာ တိ ယံ အန္တမသော ဟရိ
> တကက္ခဏ္ဍမ္ပိ ဒတွာဝါ ဒါပေတွာဝါ အာဘောဂံ
> ကတွာဝါ ပါရိဝတ္တကံ ဂဏှာတိ။

အညတြပါရိဝတ္တကာတိ၊ ဟူသည်။ ယံစီဝရံ၊ ကို။ အန္တမသော၊ ဖြင့်။ ဟရိတကက္ခဏ္ဍမ္ပိ၊ သဖန်းခါးတုံးသော်မျှလည်း။ ဒတွာဝါ၊ ၍။ ဒါပေတွာဝါ၊ ၍။ ဇာတိ၊ သို့။ အာဘောဂံ၊ ကို။ ကတွာဝါ၊ ၍၊ ပါရိဝတ္တကံ၊ ဖလှယ်ခြင်းကို။ ကတွာ၊ ၍။

---

● အမျိုးမတော်သော အညာတိကာဘိက္ခုနီမထံမှ ဝိကပ္ပနာလောက်သော ရေစစ်စသည်ကို ယူလျှင် ဤ သိက္ခာပုဒ်အရ အပြစ်ရှိပါသလော ဖြေဆိုခဲ့ပါ။

ဝိကပ္ပနာလောက်သော ရေစစ်ပုဆိုးသော်မျှ ယူလျှင် နိဿဂ္ဂိယပါစိတ်အာပတ်သင့်ပါသည်။

> ဝိကပ္ပနူပဂံ ပစ္ဆိမစီဝရံ ဂဏှန္တဿ နိဿဂ္ဂိ
> ယံ ဟောတိ။

ဝိကပ္ပနူပဂံ၊ ဝိကပ္ပနာလောက်သော။ ပစ္ဆိမစီဝရံ၊ ရေစစ်ပုဆိုးသော်မျှကိုသော်လည်း။ ဂဏှန္တဿ၊ ယူသောရဟန်းအား။ နိဿဂ္ဂိယံ၊ သည်။ ဟောတိ၊ ၏။

အညာတကဖြစ်သူ မယ်ဘိကျွန်ုပ်ထံမှ သက်နီးကိုခံယူရာ၌ သင့်နိုင်သော အာပတ်တို့ကို ဖော်ပြခဲ့ပါ။

ခံယူရန် လက်ကိုဆန့်တိုင်းဆန့်တိုင်း ဒုက္ကဋ်တချက်တချက်သင့်ပါသည်၊ ရလျှင် နိဿဂ္ဂိယပါစိတ်, အဆွေတော်သူ၌ မတော်ဟု မှတ်ထင်သောရဟန်းအားဇင်း ယုံမှားရှိသောရဟန်းအားဇင်း ဒုက္ကဋ်အာပတ်သင့်ပါသည်။

ဂဟဏတ္ထာယ ဟတ္ထပသာရဏာဒိ ပယောဂေ ဒုက္ကဋံ ပဋိလာဘေန နိဿဂ္ဂိယံ ဟောတိ ဉာတိကာစ အညာတိကသညိဿ ဝေမတိကဿဝါ ဒုက္ကဋံ။

ဂဟဏတ္ထာယ၊ ငှါ။ ဟတ္ထပသာရဏာဒိပယောဂေသု၊ လက်ဆန့်ခြင်းစသောပယောဂတို့၌။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ပဋိလာဘေန၊ ဖြင့်။ နိဿဂ္ဂိယံ၊ သည်။ ဟောတိ၊ ၏။ ဉာတိကာယ၊ ၌။ အညာတိကသညိဿဝါ၊ ဇင်း။ ဝေမတိကဿဝါ၊ ဇင်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

---

မည်သည့်ပုဂ္ဂိုလ်မျိုးထံမှ သက်နီးကိုခံယူလျှင် အပြစ်မှလွတ်ပါမည်နည်း။

အကျွမ်းဝင်၍ ယူသော်ဇင်း ခေတ္တမျှယူသော်ဇင်း သပိတ်အိပ်စသည်ကိုဇင်း အဓိဋ္ဌာန်မတင်သော ဘုံလျှိုအခင်းစသည်ကိုဇင်း သိက္ခမာန် သာမဏေရီတို့လက်မှ ခံယူသော်ဇင်း ဥမ္မတ္တကစသည်တို့ ထံမှဇင်း ခံယူလျှင် အပြစ်မှ လွတ်ပါသည်။

ဝိဿာသဂ္ဂါဟေ တာဝကာလိကေ ပတ္တတ္ထဝိကာ
ဒိမှိစ အနဓိဋ္ဌာတဗ္ဗ ပရိက္ခာရေ သိက္ခမာန
သာမဏေရီနံ ဟတ္ထတော ဂဟဏေ ဥမ္မတ္တကာ
ဒိနဉ္စ အနာပတ္တိ။

ဝိဿာသဂ္ဂါဟေ၊ အကျွမ်းဝင်၍ယူသော်ရင်း။ တာဝကာလိကေ၊ တခဏမျှယူသော်ရင်း။ ပတ္တတ္ထဝိကာဒိမှိစ၊ သပိတ်အိပ်စသည်ကိုရင်း။ အနဓိဋ္ဌာတဗ္ဗပရိက္ခာရေ၊ အဓိဋ္ဌာန်မတင်အပ်သောဘုံလျှိုလွှမ်းစသော ပရိက္ခရာကိုရင်း။ သိက္ခမာနသာမဏေရီနံ၊ တို၏။ ဟတ္ထတော၊ မှ။ စီဝရေ၊ ကို။ ဂဟဏေ၊ ယူသော်ရင်း။ ဥမ္မတ္တကာဒိနဉ္စ၊ တို့အားရင်း။ အနာပတ္တိ၊ အာပတ်မသင့်။

---

## အညာတကဝိညတ္တိ

ဤသိက္ခာပုဒ်၌ ဂဟပတိအရ ဂဟပတာနီအရ တို့ကို ကောက်ပြ၍ အစ္ဆိန္နစီဝရ နဋ္ဌစီဝရတို့၏အဓိပ္ပါယ် ကိုလည်း ရေးခဲ့ပါ။

ဂဟပတိအရ ရဟန်းသာမဏေမှတပါး လူအားလုံး ကို ယူရပါမည်။ ဂဟပတာနီအရ ဘိက္ခုနီသာမဏေရီ သိက္ခမာန်မှတပါး အားလုံးကိုယူရပါမည်။ ခိုးသူ ဒါးပြ မင်းစသည့်တို့ အလုခံရသူကို အစ္ဆိန္နစီဝရ၊ မီးလောင် ရေမျော ကြွက်ကိုက်ခြင်း စသည့်တို့ကြောင့် ပျောက် ပျက်သော သင်္ကန်းရှိသူကို နဋ္ဌစီဝရဟု ခေါ်ပါသည်။

ဂဟပတိန္တိ ဘိက္ခူသု အပဗ္ဗဇိတမနုဿံ ဂဟ
ပတာနိန္တိ ဘိက္ခုနီသု အပဗ္ဗဇိတိတ္ထိံ။

ဂဟပတိန္တိ၊ ဟူသည်။ ဘိက္ခုသုံ၊ တို့၌။ အပဗ္ဗဇိတမနုဿံ၊ ရဟန်းမပြုသော လူယောကျ်ားကို။ ဂဟပတာနိန္တိ၊ ဟူသည်ကား။ ဘိက္ခုနီသု၊ တို့၌။ အပဗ္ဗဇိတိတ္ထိံ၊ ရဟန်းမပြုသောလူမိန်းမကို။

---

ဆွေမျိုးတော်သူကို မတော်ဟု အမှတ်ရှိသူ၊ ယုံမှားသံသယရှိသူတို့အား မည်သည့်အပြစ်ရှိပါသနည်း။

ဒုက္ကဋ်အာပတ်သင့်ပါသည်။

ဉာတကေ အညာတိကသညိနော ဝေမတိကဿ စ ဒုက္ကဋံ။

---

ဤသိက္ခာပုဒ်မှ လွတ်နိုင်ခွင့် ရှိသော ပုဂ္ဂိုလ်တို့ကို ဖော်ပြခဲ့ပါ။

သမယအခါ၌ရင်း ဆွေမျိုးတော်စပ်၍ ဘိတ်ကြာသောသူ၌ရင်း ဆွေမျိုးတော်သူ၌ တပါးသော ရဟန်းအတွက် တောင်းပေးသူအားရင်း မိမိ၏ဥစ္စာဖြင့်ယူသော ရဟန်းအားရင်း ဥမ္မတ္တကစသည်တို့အားရင်း အပြစ်မရှိပါ။

သမယေ ဝါ ဉာတကေ ပဝါရိတေ ဝါ ဝိညာပေန္တဿ အညဿတ္ထာယ ဉာတကေ ပဝါရိတေ ဝါ ဝိညာပေန္တဿ အတ္တနော ဓနေန ဂဏှန္တဿ ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။

သမဒေသော ၊ အဓါန္ဒိရင်း။ ဥဘတကပေါဂါရိုတေဝါ။ ဆွေမျိုးတော် ရှိဘိတ်သောသူ၌ရင်း။ ဝိညာပေန္တသာ၊ တောင်းသောရဟန်း အားရင်း၊ ဒုညသာဝါ၊ ရဟန်းမှုလည်း။ ဥဘတကပေါဂါရိုတော၌။ တသော၊ ထိုရဟန်းသည်သောလျှင်။ အဏ္ဏာယ၊ ၎ါ ဝိညာပေန္တသာ၊ ရင်း။ အဓမ္မနော၊ ။ ဓနေန၊ ဖြင်။ ဂကျန္တသာ၊ ရင်း။ ဥမ္မတ္တကာ ဒိနည၊ လိုအားရင်း။ အနာပတ္တိမသည်။

---

## ဇဓုဏ္ဍရိ

အတိဘာဂ ပါဝါရေယျည္ဒ္ဓ ကာယဘိဟာရ ဝါစာဘိဟာရနှစ်မျိုးတွင် အာယဲအဘိဟာရဖြစ်သည် ကို ညွှန်းပြပြီးလျှင် သန္တရုတ္တရပရမံ သာဒိယေယျ ဟူသော စကားအရ အန္တရဝါသကာရ ဥတ္တရာသင်္ဂရ ရဟန်း၏ သင်္ကန်းခံယူခြင်းစံနစ်ကို ကထစ်ချမှတ်သားလောက် အောင် ရေးခဲ့ပါ။

ကာယာဘိဟာရ ဝါစာဘိဟာရနှစ်မျိုးလုံး ဖြစ်ပါ သည်။ ပင်ကိုယ်က သင်္ကန်းသုံးထည်ရှိသူမှ တထည် ပျောက်လျှင် နှစ်ထည် ကျန်သေး၍ မခံယူကောင်း နှစ်ထည်ပျောက်လျှင် တထည်ခံယူ၊သုံးထည်ပျောက်လျှင် နှစ်ထည်ခံယူ၊ ပင်ကိုယ်က နှစ်ထည်ရှိသူမှာ တထည် ပျောက်လျှင် တထည်ယူ၊နှစ်ထည်ပျောက်လျှင် နှစ်ထည် ခံယူ၊ သုံးထည်ပြည့်အောင် မယူကောင်း။

**မှတ်ချက်**။ဘိဘ်ဥ်ကပင် သကာန်းမရှိမှန်းသိ၍ ဘိတ်သောကြောင့် ယူသူကလည်း အလိုက်သိစွာ လုံလောက်ရုံ နှစ်ထည်မျှသာ

ယူသင့်ပေသည်၊ပင်ကိုယ်ဘိတ်ထားပြီးသူ အခြားသူအတွက် ကြည်ညို၍ ယခုမှ ဘိတ်သူနှင့် ဉာတိတို့ထံမှ ဆိုလျှင် ဋ္ဌိစုံထက် ပို၍ယူကောင်း၏။

## ဥပက္ခရ

ဤသိက္ခာပုဒ်၌ စီဝရ စေဘာပန္နံ အရကို ကောက်ပြုပြီးလျှင် ဝိကပ္ပံ အာပဇ္ဇေယျ၌ အထူး စီရင် ပုံကိုလည်း ညွှန်းခဲ့ပါ။

စီဝရ စေတာပန္နံ အရကား-သင်္ကန်းကို လဲလှယ်၍ ရနိုင်သော ရွှေငွေစသော အကပ္ပိယဝတ္ထု ချည်စသော ကပ္ပိယဝတ္ထုတို့ ဖြစ်ပါသည်။ မူလသင်္ကန်းထက် အလျား အနံ ရှည်အောင် အသားကျစ်၍ ချောလာအောင် စီရင် မှုမျိုးကို စီဝရ ဝိကပ္ပဟု ခေါ်ပါသည်။

စီဝရစေတာပန္နန္တိ ဟိရညာဒိကံ စီဝရမူလံ၊ ဝိကပ္ပံအာပဇ္ဇေယျာတိ ဝိသိဋ္ဌကပ္ပံ အဓိကဝိဓာနံ အာပဇ္ဇေယျ။

စီဝရစေတာပန္နန္တိ၊ ဟူသည်။ဟိရညာဒိကံ၊ အသပြာအစရှိသော။ စီဝရမူလံ၊ သင်္ကန်းဘိုးကို။ ဝိကပ္ပံအာပဇ္ဇေယျာတိ၊ ဟူသည်။ ဝိသိဋ္ဌကပ္ပံ၊ ထူးသောစီရင်ခြင်းသို့၊ အဓိကဝိဓာနံ၊ အလွန်စီရင်ခြင်းသို့။ဧဝ အာပဇ္ဇေယျ၊အံ့။

ဤသိက္ခာပုဒ်၌ စီမံတိုင်း အပြစ်ရှိမရှိ ပေါ်ပြ၍ စီမံရာ၌ သင့်နိုင်သော အာပတ်ကိုလည်း စေ့စုံစွာ ပေါ်ပြခဲ့ပါ။

စီမံတိုင်း အပြစ်မရှိပါ၊ မူလသင်္ကန်းထက် ပိုလှအောင် စီမံမှသာ အပြစ်ရှိပါသည်၊ စီမံသော အခါ၌ ဒါယကာ ပယောဂ ပြုတိုင်း ပြုတိုင်း ဒုက္ကဋ်အာပတ်သင့်ပါသည်၊ ရလျှင်နိဿဂ္ဂိသင့်ပါသည်။

> ယော ပဋ္ဌမံ အဓိပ္ပေတတော မူလံ ဝဍ္ဎေတွာ သုန္ဒရတရံ စေတာပေတိ တဿ ပယောဂေ ဘိက္ခုနော ဒုက္ကဋံ ပဋိလာဘေ နိဿဂ္ဂိယံ ဟောတိ။

ပဋ္ဌမံ၊ ရှေးဦးစွာ။ အဓိပ္ပေတတော။ အလိုရှိအပ်သောအဘိုးမှ။ မူလံ၊ အဘိုးကို။ ဝဍ္ဎေတွာ၊ ပွါးစေ၍၊ သုန္ဒရတရံ၊ ကောင်းမြတ်သော သင်္ကန်းကို၊ စေတာပေတိ၊ ဝယ်စေအံ့။ တဿ၊ ထိုဒါယကာ၏။ ပယောဂေ၊ ၌။ ဘိက္ခုနော၊ အား။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ပဋိလာဘေ၊ သော်၊ နိဿဂ္ဂိယံ၊ သည်။ ဟောတိ၊ ၏။

---

ဝိကပ္ပံ အာပဇ္ဇေယျ၌ ဝိကပ္ပါကာရ ပြပါ၍၊ သင်္ကန်းလှူမည့် ဒါယကာက အလှူခံရဟန်းကို ရည်မှန်း ပြောဆိုပုံပါ၍ တို့ကို အသီးသီး ထုတ်ပေါ်ပြခဲ့ပါ။

ဝိကပ္ပါကာရပြပါ၍ကား- သာဓုဝတ မံ အာယသ္မာ (လ) အစ္ဆာဒေဟိ-ဖြစ်ပါသည်။

ဒါယကာ ပြောဆိုသော ပါဠိကား- ဣမိနာ စီဝရ စေတာပန္နေန (လ)အစ္ဆာဒေဿာမိ-ဖြစ်ပါသည်။

## ဒုတိယဥပက္ခဋ

ပဌမ ဥပက္ခဋ သိက္ခာပုဒ်နှင့် ဒုတိယ ဥပက္ခဋ သိက္ခာပုဒ်တို့၏ ထူးခြားပုံကို ဖော်ပြခဲ့ပါ။

ပဌမ ဥပက္ခဋကား- ဒါယကာတဦးကိုသာ ညွှန်းဆဲသည်၊ ဒုတိယ ဥပက္ခဋကား- ဒါယကာနှစ်ဦးကို ညွှန်းဆဲပါသည်။ ဤကားအထူးတည်း။

ကေဝလံ တတ္ထ ဧကဿ ဝိဋ္ဌာကတာ ဣဓ ဒွိန္နံ။

ကေဝလံ၊ သက်သက်။ တတ္ထ၊ ထိုပဌမသိက္ခာပုဒ်၌။ ဧကဿ၊ တယောက်သောသူ၏။ ဝိဋ္ဌာ၊ နှိပ်စက်ခြင်းကို။ ကတာ၊ ၏။ ဣဓ၊ ဤနဝမသိက္ခာပုဒ်၌။ ဒွိန္နံ၊ တို့၏။ ဝိဋ္ဌာ၊ ကို၊ ကတာ၊ ၏။

## ရာဇသိက္ခာပဒ

ဤ ရာဇသိက္ခာပုဒ်၌ စီဝရစေတာပန္န အရကိုကောက် ပြပြီးလျှင် အာဂမနသုဒ္ဓိကို ပြဆိုသော ပါဠိကိုလည်း ရေးခဲ့ပါ။

စီဝရစေတာပန္န အရကား- ရွှေ,ငွေစသော အကပ္ပိယ ဝတ္ထု ဖြစ်ပါသည် (ပဌမဥပက္ခဋ စီဝရစေတာပန္နနှင့် ထူးပုံကို သတိပြု)။

အာဂမနသုဒ္ဓိပြ ပါဠိကား-

ဣမိနာ စီဝရစေတာပန္နေန စီဝရံ စေတာပေတွာ ဣတ္ထန္နာမံ ဘိက္ခုံ စီဝရေန အစ္ဆာဒေဟိ ဖြစ်ပါသည်။
စီဝရစေတာပန္နေန၊ ဟူသည်ကား။ ဟိရညာဒိကံ၊ အသပြာစသော။ အကပ္ပိယံ၊ မအပ်စပ်သောသင်္ကန်းဘိုးကို။

---

⊛ အလှူဒါယကာက မည်ကဲ့သို့ ပြောဆိုစေခိုင်းမှ ကပ္ပိယ ညွှန်းကောင်းသည် မည်သို့စေခိုင်းသော် မညွှန်းကောင်းသည်ကို ခွဲခြားပြဆိုပါ။

အလှူဒါယကာက ဣမိနာ စီဝရစေတာပန္နေန ။လ။ အစ္ဆာဒေဟိဟု ကပ္ပိယဖြစ်သော သင်္ကန်းကို လှူခိုင်းမှ အာဂမနသုဒ္ဓိဖြစ်၍ ကပ္ပိယ ညွှန်းကောင်းပါသည်၊ အလှူဒါယကာက အာဂမနသုဒ္ဓိစကားကို မပြောကြားဘဲ, ဣဒံ စီဝရစေတာပန္နံ ဒေဟိ,ဟု အကပ္ပိယ သင်္ကန်းဘိုးကို လှူခိုင်းလျှင် အာဂမနသုဒ္ဓိမဖြစ်၍ ကပ္ပိယ မညွှန်းကောင်းပါ။

သစေ ဟိ ဣဒံ, ဣတ္ထန္နာမဿ ဘိက္ခုနော ဒေဟိ
ဣတိ ပေသေယျ အာဂမနဿ အသုဒ္ဓတ္တာ အကပ္ပိ
ယဝတ္ထုံ အာရဗ္ဘ ဘိက္ခုနာ ကပ္ပိယကာရကော
ပိ နိဒ္ဒိသိတဗ္ဗော န ဘဝေယျ။

ဣဒံ၊ ဤရွှေငွေကို။ ဣတ္ထန္နာမဿ၊ သော။ ဘိက္ခုနော၊ အား။ ဒေဟိ၊ လော့။ ဣတိ၊ သို့။ သစေပေသေယျ၊ အံ့။ အာဂမနဿ၊ လာ

ခြင်း၏။ အသုဒ္ဓတ္တာ၊ မစင်ကြယ်သည်၏ အဖြစ်ကြောင့်။ အကပ္ပိယ ဝတ္ထုံ၊ ကို။ အာရဗ္ဘ၊ ၍။ ဘိက္ခုနော၊ သည်။ ကပ္ပိယကာရကောပိ၊ ကိုလည်း။ နိဒ္ဒိသိတဗ္ဗော၊ သည်။ နဘဝေယျ၊ ရာ။

———

❁ ဤသိက္ခာပုဒ်၌ စိဝရစေတာပန္နံမှာ အာဂမန သုဒ္ဓိဖြစ်ပါလျက် အဘယ့်ကြောင့် နခေါမယံ စသည်ဖြင့် ရဟန်းက ပယ်ရပါသနည်း။

မူလက အာဂမနသုဒ္ဓိ ဖြစ်သော်လည်း တမန်က လျှောက်ထားသောအခါ ရှာဒ်ခေါ် ဘန္တေ ။လ။ အာယသ္မာ စီဝရစေတာပန္နံဟု ကပ္ပိယ ဝေါဟာရဖြင့် လျှောက်ကြားသောကြောင့် သက်နိုးဘိုးမှာ အကပ္ပိယ ဖြစ်သွား၍ နခေါမယံ စသည်ဖြင့် ပယ်ရပါသည်။

> နခေါမယန္တိ အာဒိ ဍုဒ္ဒံ ကပ္ပိယဝသေန အာဘ တတ္တို စီဝရမူလံ ဤဒိသေန ဒူတဝစနေန အကပ္ပိယံ ဟောတိ၊ တံ ဘသ္မာ ပဋိက္ခိပိတဗ္ဗန္တိ ဒဿေတုံ ဝုတ္တံ။

နခေါမယန္တိ အာဒိ ဍုဒ္ဒံ၊ ဤစကားကို။ ကပ္ပိယဝသေန၊ ဖြင့်။ အာဘတမ္ပိ၊ ဆောင်အပ်သည်လည်းဖြစ်သော။ စီဝရမူလံ၊ သည်။ ဤဒိသေန၊ သော။ ဒူတဝစနေန၊ ကြောင့်။ အကပ္ပိယံ၊ သည်။ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ တံ၊ ထိုသက်နိုးဘိုးကို။ ပဋိက္ခိပိတဗ္ဗံ၊ ၏။ ဣတိ၊ ဤသို့၊ ဒဿေတုံ၊ ငှါ။ ဝုတ္တံ၊ ၏။

ရဟန်းတော်များ အလှူ မခံကောင်းသော အကပ္ပိယ ဝတ္ထုဘို့ကို ဖေါ်ပြပြီးလျှင် ထိုဝတ္ထုဘို့ကို ခံယူလျှင် သင့်နိုင်သော အာပတ် တို့ကိုလည်း ခွဲခြားဖြေဆိုခဲ့ပါ။

ရွှေ, ငွေ, ဒင်္ဂါး, ပိုက်ဆံ,ပုလဲ,ပတ္တမြား, ကြောင်မျက်ရဲ, ခရုသင်း, ကျောက်သလင်း, သန္တာ, ပတ္တမြားနီ, ပတ္တမြားပြောက်, စပါး(၇) မျိုးကျွန်မိန်း,ကျွန်ယောကျ်ား လယ်,ယာ, ပန်းဥယျာဉ်, သစ်သီးဥယျာဉ်, ပေါင်းတဆဲ့ကိုးပါးဖြစ်ပါသည်။

ထိုတွင် ရွှေ, ငွေ, ဒင်္ဂါး, ပဲ ပိုက်ဆံ, ဤလေးမျိုးကို ခံယူလျှင် နိဿဂ္ဂိသင့်၏။ ကျန်ပုလဲစသည်ဘို့မှာ ဒုက္ကဋ်အာပတ်သင့်၍။

မှတ်ချက်-အထက်ပါ ဝတ္ထုများကို မိမိအတွက်သော်ရင်း စေတီ သံဃာဂိုဏ်းပုဂ္ဂိုလ်တို့၏ အကျိုးငှါရင်း ခံယူခြင်းငှါမအပ်။

သုဝဏ္ဏံ ရဇတံ ကာဟာပဏော မာသကောတိ
နိဿဂ္ဂိယဝတ္ထူနိ မုတ္တာ မဏိ ဝေဠုရိယော
သင်္ခါ သိလာ ပဝါဠံ လောဟိတင်္ကော မသာရ
ဂလ္လံ သတ္တဓညာနိ ဒါသိ ဒါသ ခေတ္တ ဝတ္ထု
ပုပ္ဖါရာမ ဖလာရာမာဒယောတိ ဣမာနိ ဒုက္ကဋ
ဝတ္ထူနိစ။

သုဝဏ္ဏံ၊ ရွှေရင်း။ ရဇတံ၊ ငွေရင်း။ ကဟာပဏော၊ အသပြာရှင်း။ မာသကော၊ ပဲရင်း။ စတ္တာရိ၊ လေးပါးကုန်သော။ ဣတိဣမာနိ

နိဿဂ္ဂိယဝဏ္ဏနာ၊ တို့သည်။ (နဝန္တ္ထိ၊ မအပ်ကုန်။) မုတ္တာ၊ ပုလဲရင်း။ မဏိ၊ ပတ္တမြားရင်း။ ဝေဠုရိယော၊ ကြောင်မျက်ရွဲရင်း။ သင်္ခေါ၊ ခရုသင်းရင်း။ သိလာ၊ ကျောက်သလင်းရင်း။ ပဝါဠံ၊ သန္တာရင်း၊ လောဟိတင်္ကော၊ ပတ္တမြားနီရင်း၊ မသာရဂလ္လံ၊ ပတ္တမြား ပြောက်ရင်း။ သတ္တဓညာနိ၊ စပါးခုနစ်မျိုးတို့ရင်း။ ဒါသိဒါသခေတ္တ ဝတ္ထုပုပ္ဖါရာမ ဖလာရာမာဒယော၊ ကျွန်မိန်းမ ကျွန်ယောက်ျား လယ်ယာပန်းဥယျာဉ် သစ်သီးဥယျာဉ် စသည်တို့ရင်း။ ဇာတိဇာမာနိ ဒုက္ကဋဝဏ္ဏနာ၊ တို့တည်း။

---

● အလှူရှင် ဒါယကာက မည်ကဲ့သို့ လျှောက်ထားမှ ကပ္ပိယကာရက ညွှန်းကောင်းသည် မညွှန်းကောင်းသည်ကို ဖော်ပြခဲ့ပါ။

ဤသိက္ခာပုဒ် လာရှိသည့်အတိုင်း အတ္ထိပနာ ယသ္မတော ကောစိ ဝေယျာဝစ္စကရောတိ ဟူသော စကားမျိုးဖြင့် လျှောက်ထားမှသာ ကပ္ပိယကာရက ညွှန်းကောင်းပါသည်၊ မည်သူသည် ဤသက်နံးကို ခံယူမည်နည်း အဘယ်သူအား ပေးရမည်နည်း ဟူသောစကားမျိုးဖြင့် လျှောက်ထားလျှင် ကပ္ပိယ မညွှန်းကောင်းပါ။

အတ္ထိပနာ ယသ္မတော ကောစိ ဝေယျာဝစ္စ
ကရောတိ ကပ္ပိယဝစနေန ဝုတ္တတ္တာ အနုညာတံ
သစေပန နူတော ကော ရူမံ ဂဏှာတိတိဝါ
ကဿ ဒေမီတိဝါ ဝဒတိ နနိဒ္ဒိသိတဗ္ဗော။

အတ္ထိပနာ ယသ္မတော ကောစိ ဝေယျာဝစ္စကရောတိ၊ ဟူ၍။ ကပ္ပိယဝစနေန၊ အပ်သောစကားဖြင့်။ ဝုတ္တတ္တာ၊ ကြောင့်။ အနုညာတံ၊

ခွင့်ပြုတော်မူအပ်၏။ သစေပန၊ ရှိကား။ ဒုတော၊ တမန်သည်။ကော၊ အဘယ်သူသည်။ ဧရုမံ၊ ဤသက်နိုးဘိုးကို။ ဂဏှာတိ၊ ယူအံ့နည်း။ ဧရုတိဝါ၊ သို့ရင်း။ ကဿ၊ အဘယ်သူအား။ ဒေမိ၊ ပေးအံ့နည်း။ဧရုတိဝါ၊ ၎င်း။ ဝဒတိ၊ အံ့။ နန္ဒိဒ္ဒိသိတမ္ဗော၊ မအပ်။

---

● အာရာမိကောဝါ ဥပါသကောဝါ ဟူသော စကားအရ အာရာမိက ဥပါသကသာ ကပ္ပိယကာရက ညွှန်းကောင်းသည်၊ အခြားသူများကို မညွှန်းကောင်းဟု မှတ်ရမည်လော အကြောင်းနှင့်တကွ ဖြေဆိုခဲ့ပါ။

အာရာမိကနှင့် ဥပါသကသာ ညွှန်းကောင်းသည် မဟုတ်ပါ၊ သီတင်းသုံးဘော် ငါးဦးမှတပါး မည်သူ့ကို မဆို ညွှန်းကောင်းပါသည်။ ဤနေရာ၌ အာရာမိကနှင့် ဥပါသကသာ အထူး သင့်လျော်သောကြောင့် ဆိုခြင်း ဖြစ်ပါသည်။

> အာရာမိ ကောဝါ ဥပါသကောဝါ တိ ဣဒံ သာ
> ရုပ္ပတာယ ဝုတ္တံ ထပေတွာ ပန ပဉ္စသဟ ဓမ္မိကေ
> ယော ကောစိ ကပ္ပိယကာရကော ဝဋ္ဋတိ။

အာရာမိကောဝါ ဥပါသကောဝါတိ ဣဒံ၊ ဤစကားကို။ သာရုပ္ပတာယ၊ လျောက်ပတ်သည်၏ အဖြစ်ကြောင့်။ ဝုတ္တံ၊၏။ ပဉ္စသဟဓမ္မိကေ၊ သီတင်းသုံးဘော် ငါးဦးတို့ကို။ ထပေတွာ၊ ၍။ ယောကောစိ ကပ္ပိယကာရကော၊ သည်။ ဝဋ္ဋတိ၊ ၏။

---

● ကပ္ပိယကာရက တကျိပ်ကိုသိသာရုံမျှ ရေတွက် ပြခဲ့ပါ။

ရဟန်းညွှန်းလေးယောက် တမန်ညွှန်း လေးယောက် မည်သူမှ မညွှန်းသူ နှစ်ယောက်။

**ဆောင်။** ရဟန်းညွှန်းပြ၊ လေးယောက်မျှ၊ နူတညွှန်း လေးဖြာ။

အနိဒ္ဒိဋ္ဌ၊ဒုဝိဓ၊ပေါင်းကတက်ကျိပ်သာ။

---

သင်္ကန်းကို အလိုရှိသော ရဟန်းသည် ကပ္ပိယ ထံ ချဉ်းကပ်၍ ပါဠိမြန်မာ နှစ်ဘာသာတွင် မည်သည့် ဘာသာဖြင့် ပြောဆိုရမည် မည့်ကဲ့သို့ပြောဆို၍ မတောင်း အပ်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

ကပ္ပိယထံ ချဉ်းကပ်၍ အဇ္ဈော မေ အာဝုသော စီဝရေနဟု ပါဠိစကားဖြင့် ဖြစ်စေ မြန်မာစကားဖြင့် ဖြစ်စေ ပြောဆို၍ တောင်းကောင်းပါသည်။ ငါ့အား သင်္ကန်းပေးပါ သင်္ကန်းဝယ်ခဲ့ပါ စသည်ဖြင့် ပြောဆို၍ မတောင်းကောင်းပါ။

အဇ္ဈော မေ အာဝုသော စီဝရေနာတိ စောဒနာ လက္ခဏာ နိဒ္ဒေသာနမေတံ၊ သစေ ဟိ ဝါစာယ စောဒေတိ၊ ဇုဒံဝါ ဝစနံ ယာယ ကာယစိ ဘာသာယ ဗောဿ အဇ္ဈော ဝါ ဝဇ္ဇမ္ဗော၊ ဒေဟိ မေ အာပါရ မေတိ အာဒိနာ နယေန ပန ဝဇ္ဇံ နဝဇ္ဇတိ။

အဇ္ဈော မေ စိဝ ရေနာတိ ဇေတံ၊ ဤစကားသည်။ စောဒနာလက္ခဏာ နိဒဿနံ၊ စောဒနာလက္ခဏာကို ညွှန်းပြကြောင်းဖြစ်သော သဒ္ဒါဘည်း။ ပဒ်၊ မှန်၏။ ဝါစာယ၊ဖြင့်။ သစေစောဒေတိ၊ အံ့။ ဇာဒံ ဝါဝစနံ၊ လည်း၊ ဝတ္တဗ္ဗံ၊ ၏။ ယာယကာယဝိဘာသာယ၊ အမှတ် မဲ့သော ဘာသာဖြင့်။ တေဿ၊ထိုအဇ္ဈောမေ အာဝုသော ဟူသော ပုဒ်၏။ အဇ္ဈောဝ ါ၊ ကိုလည်း။ ဝတ္တဗ္ဗော၊၏။ မေ၊အား။ စိဝ ရံ၊ကို။ ဒေဟိ၊ ပေးလော့။ မေ၊ အား။ စိဝရံ၊ကို။ အာဟရ၊ဆောင်လော့။ ဇူတိအာဒိ နာနယေန၊ ဖြင့်။ ဝတ္တုံ၊ ငှါ။ နဝဋ္ဋတိ၊မအပ်။

---

သုံးကြိမ် တောင်းခြင်း ခြောက်ကြိမ်ရပ်ခြင်း ဟု ဆိုရာ၌ တောင်းခြင်းသည် ရပ်မှု ဘယ်နှစ်ကြိမ်နှင့် ညီမျှကြောင်းကို ပြဆိုခဲ့ပါ။

တကြိမ် တောင်းခြင်းနှင့် နှစ်ကြိမ် ရပ်ခြင်းသည် ညီမျှ၏၊ ထို့ကြောင့် တောင်းရုံသာ တောင်းလျှင်ခြောက်ကြိမ် တောင်းနိုင်၏၊ ရပ်ရုံသာ ရပ်လျှင် တဆဲ့နှစ်ကြိမ် ရပ်နိုင်၏။

**မှတ်ချက်**။ အတိုး အလျှော့မှာ ပင်ကိုယ် သုံးကြိမ်ထက်ပို၍ တောင်းမှု တကြိမ်တိုးလျှင် ရပ်မှုဘက်မှ တကြိမ်လျှော့၍ရင်း။ ရပ်မှုဘက်မှ ပင်ကိုယ် ခြောက်ကြိမ်ထက် ပို၍ ရပ်မှု နှစ်ကြိမ် တိုးလျှင် တောင်းမှု တကြိမ်လျှော့ရပေမည်။

---

ဤသိက္ခာပုဒ်၌ ကပ္ပိယကာရကသည် သင်္ကန်းကို မလှူဘဲနေ၍ အလှူရှင်အား ပြန်ကြားပြောဆိုမှုကို မပြုသော ရဟန်းအား မည်သည့်အာပတ် သင့်ပါသနည်း။

ပြန်ကြားပြောဆိုမှုကို မပြုသော ရဟန်းအား ဝစ္စ ဘေဒ (ဝစ္စရေးပျက်မှု) အတွက် ဒုက္ကဋ် အာပတ် သင့် ပါသည်။

ဧဝံ အနာဒရေန္တဿ ဝစ္စဘေဒေ ဒုက္ကဋံ အာ ပဇ္ဇတိ။

ဧဝံ၊ ဤသို့ဆိုအပ်ခဲ့ပြီးသော အစီအရင်ကို။ အနာဒရေန္တဿ၊မပြု သောရဟန်းသည်။ ဝစ္စဘေဒေ၊ ဝတ်ပျက်ခြင်းကြောင့်။ ဒုက္ကဋံ၊ သို့။ အာပဇ္ဇတိ၊ ၏။

---

ကပ္ပိယ ဆယ်ယောက်လုံးပင် ဤသိက္ခာပုဒ် အတိုင်း ကျင့်ရမည်လော၊ထူးခြားချက်ရှိက ထုတ်ဖော် ပြပါ။

ဆယ်ယောက်လုံး ဤသိက္ခာပုဒ်အတိုင်း မကျင့်ရပါ ရဟန်းညွှန်း လေးယောက်၌သာ ဤသိက္ခာပုဒ်အတိုင်း ကျင့်ရ၍ တမန်ညွှန်း လေးယောက်၌ကား မေဏ္ဍက သိက္ခာပုဒ်၌ လာသည့်အတိုင်း အသိုင်း အခြား မရှိကျင့် တောင်းနိုင်ပါသည်။

အနိဒ္ဒိဋ္ဌ နှစ်ယောက်၌ကား လုံး၁ တောင်းခွင့်ရှိ၊ အဆွေမတော်သူ မဖိတ်ဆပ်သူ ဒါယကာဒါယိကာမတို့၌ ကဲ့သို့ ကျင့်ရပါသည်။

၆၁ ရဝဂ် ပြီး၏။

## ကောသိယမိဿကသိက္ခာပဒံ

● ဤသိက္ခာပုဒ်၌ ကောသေယျမိဿကံအရ မည်မျှသော ပိုးချည်ဖြင့် ရောမှသာ ကောသေယျမိဿကဟု ဆိုပါသနည်း။

ပိုးချည် တမျှင်ဖြင့် ဖြစ်စေ အယုတ်ဆုံး အားဖြင့် အခင်းကို ပြုလုပ်စဉ် လေတိုက်သဖြင့် လွင့်လာသော ပိုးချည်တမျှင် ရောသွားပါသော်လည်း ကောသေယျမိဿကပင် ဖြစ်ပါသည်။

> ကောသေယျမိဿကန္တိ ဧကေနာပိ ကောသိယံသုနာ အန္တမသော တဿ ကရဏဋ္ဌာနေ ဝါတဝေဂေန နိပါတိတေနာပိ မိဿီကတံ။

ကောသေယျမိဿကန္တိ၊ ဟူသည်။ ဧကေနာပိ ကောသိယံသုနာ၊ တခုသော ပိုးမျှင်ဖြင့်သော်လည်း။ အန္တမသော၊ ဖြင့်။ တဿ၊ ထိုအခင်း၏။ ကရဏဋ္ဌာနေ၊ ပြုရာအရပ်၌။ ဝါတဝေဂေန၊ လေ၏အဟုန်ဖြင့်။ နိပါတိတေနာပိ၊ ကျသည်လည်းဖြစ်သော ပိုးမျှင်ဖြင့်။ မိဿီကတံ၊ ရော၍ပြုအပ်သော၊ ကောသေယျမိဿကံ၊ မည်၏။

---

● သန္ထတ အခင်းဟူသည် မည်ကဲ့သို့ ပြုလုပ်ထားသော အခင်းပါနည်း။

ညီညွတ်သော မြေပြင် ယ် သိုးမွေး ချည်ခိုကို အလျား အနံ ရှိသလောက် ဖြန့်ထားရမည် ထိုနောက်

အလိုရှိသလောက်ထပ်လျက်အထက်အောက် အချင်းချင်း ကပ်နေအောင် ထမင်းကို ကြိတ်၍ ပြုအပ်သော အရည် (ကဍိုသ) စသည်ကိုဖြင့် သွန်းလောင်း၍ ပြုအပ်သော အခင်းကို သန္တတဟု ခေါ်ဆိုပါသည်။

သန္ထတန္တိ သမေ ဘူမိဘာဂေ ကောသိယံသူနိ ဥပရူပရိ သန္ထရိတွာ ကဍိုယာဒိဟိ သိဉ္စိတွာ ကတ္တဗ္ဗဘာလက္ခဏံ။

သန္ထတန္တိ၊ ဟူသည်ကား။ သမေဘူမိဘာဂေ- ညီညွတ်သော မြေအဘို့၌။ ကောသိယံသူနိ၊ ပိုးချည်မျှင်တို့ကို။ ဥပရူပရိ၊ အထက် အထက်၌။ သန္ထရိတွာ၊ ခင်း၍။ ကဍိုယာဒိဟိ၊ ပအုံးရည်စသည်တို့ဖြင့်။ သိဉ္စိတွာ၊ ၍၊ ကတ္တဗ္ဗတာ လက္ခဏံ၊ ပြုအပ်သော အခင်း သော အခင်းဘည်း။

---

ဤသိက္ခာပုဒ်၌ သန္တတံ ကာရာပေယျဟု ဆိုသောကြောင့် သူတပါးကို စေခိုင်းမှသာ အာပတ်သင့်သည်၊ မိမိကိုယ်တိုင်ပြုလျှင် အာပတ်မသင့်ဟု မှတ်ရမည်လော။

ကရဏေ ကာရာပနပယောဂေ ဒုက္ကဋံ။

ကရဏကာရာပန ပယောဂေသု၊ ပြုခြင်း ပြုစေခြင်းလုံ့လဘို့၌။ ဒုက္ကဋံ၊ သည်း ဟောတိ၊ ၏။

---

## သုဒ္ဓကာဠကာ သိက္ခာပုဒ်

သုဒ္ဓကာဠကာ သန္ထတ အခင်းဟူသည် မည်းကဲ့သို့ ပြုလုပ်ထားသော အခင်းပါနည်း။

ဂန္ထာသယ ၂၄၄-၁၂

တပါးသော သိုးမွေးတို့နှင့် မရောယှက်သော ကာဠက ဧဠကလောမသက်သက်ကိုသာ သုဒ္ဓကာဠကအခင်းဟုခေါ်ပါသည်။

သုဒ္ဓကာဠကာနန္တိ သုဒ္ဓါနံ ကာဠကာနံ အညေဟိ
အသမ္မိဿကာနံ။

သုဒ္ဓကာဠကာနန္တိ၊ ဟူသည်ကား။ သုဒ္ဓါနံ ကာဠကာနံ၊ သက်သက်မည်းကုန်သော။ အညေဟိ၊အဖြူစသည်တို့နှင့်။ အသမ္မိဿကာနံ၊ မရောယှက်အပ်ကုန်သော။

---

## ဒွေဘာဂ

ဤသိက္ခာပုဒ်၌ ဂေါစရိယအရ ကြောင်သော အဆင်းရှိသော သိုးမွေးဟူသည် အဘယ်ကို ဆိုလိုပါသနည်း။

အဖြူ အနက် မှတပါး အညို အရွှေ စသော အဆင်းများနှင့် ရောနှောသော သိုးမွေးကို ဂေါစရိယဟု ဆိုပါသည်။

---

ဒွေဘာဂ သိက္ခာပုဒ်လာ သန္တတ၏ ပြုလုပ်ပုံကို ဖြေဆိုခဲ့ပါ။

သိုးမွေးတို့ကို ချိန်၍ နက်သော သိုးမွေးကို နှစ်ဆ ဖြူသောသိုးမွေးကို တဆ ကျားသော သိုးမွေးကို တဆ ပြုလုပ်ရပါမည်။ (သိုးမွေးအနက်ကို လျော့၍ ပြုလုပ်က အပြစ်မရှိပါ)။

ကေသ တုလယိတွာ ဒွေကောဋ္ဌာသာ ကာဠကာ
နံ ဂဟေတဗ္ဗာ ဧကော သြဒါတာနံ ဧကော
ဂေါစရိယာနံ။

ကေသ၊ ထိုသိုးမွေးတို့ကို၊ တုလယိတွာ၊ ချိန်၍၊ ကာဠကာနံ၊ မည်းကုန်သောသိုးမွေးတို့၏။ ဒွေကောဋ္ဌာသာ၊ နှစ်ဘို့တို့ကို။ ဂဟေတဗ္ဗာ၊ ယူကုန်၏။ သြဒါတာနံ၊ ဖြူကုန်သောသိုးမွေးတို့၏။ ဧကော၊ တခုသောအဘို့ကို။ ဂဟေတဗ္ဗော၊ ယူ၏။ ဂေါစရိယာနံ၊ ကျားကုန်သောသိုးမွေးတို့၏။ ဧကော၊ တခုသောအဘို့ကို။ ဂဟေတဗ္ဗော၊ ယူ၏။

---

## ဆဗ္ဗဿ သိက္ခာပုဒ်

ဤသိက္ခာပုဒ်လာ ဘိက္ခုသမ္မုတိယာ-၌ မည်သည့် သမ္မုတိမျိုးဖြစ်ပါသနည်း ဖြေဆို၍၊ ယင်းသမ္မုတိသည် မည်သည့်ရဟန်းမျိုးအား ပေးနိုင်သည် မည်သို့ ကမ္မဝါဖြင့် ပေးရမည်ကိုလည်း ဖြေဆိုခဲ့ပါ။

သမ္မုတိကား သန္ထတ သမ္မုတိဖြစ်၍ ဂိလာန ရဟန်းအား သံဃာက ဉတ္တိ ဒုတိယ ကမ္မဝါစာဖြင့် ပေးရပါသည်။

အညတြ ဘိက္ခု သမ္မုတိယာ တိ ယံ သံဃော
ဂိလာနဿ ဘိက္ခုနော သမ္မုတိံ ဒေတိ။

အညတြဘိက္ခုသမ္မုတိယာတိ၊ ဟူသည်။ သံဃော၊ သည်။ ဂိလာနဿ၊ သော။ ဘိက္ခုနော၊ အား။ ယံသန္ထတသမ္မုတိံ၊ ကို။ ဒေတိ၊ ၏။

● ဤသိက္ခာပုဒ်အရ သူတပါး အတွက် ပြုလုပ် ပေးပါက အပြစ်မှ လွတ်ပါသလော။

သူတပါးအတွက် ပြုလုပ်ပေးပါက အပြစ်မရှိပါ။
အညဿတ္ထာယ ကာရေတုံ ဝဋ္ဋတိ။

အညဿ၊ တပါးသောသူ၏။ အတ္ထာယ၊ ငှာ။ ကာရေတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။

---

## နိသီဒနသန္ထတ

● ဤ သိက္ခာပုဒ်၌ ပုရာဏ သန္ထတ ဟူသည် အလွန် ဟောင်းနွမ်း နေသည့်ကိုပင် ခေါ်ပါသလော ဖြေဆိုခဲ့ပါ။

တကြိမ်တခါ ထိုင်ခြင်းအိပ်ခြင်းပြုဘူးသော သန္ထတ မျိုးကိုသာ ပုရာဏသန္ထတဟု ဆိုပါသည်။ အလွန် ဟောင်းနွမ်းမှ မဟုတ်ပါ။

ပုရာဏ သန္ထတံ နာမ ယတ္ထ သကိံပိ နိသိန္နော
ဝါ ဟောတိ နိပန္နော ဝါ။

ပုရာဏသန္ထတံ နာမ၊ မည်သည်။ ယတ္ထ၊ အကြင်အခင်း၌။ သကိံပိ၊ တကြိမ်မျှလည်း။ နိသိန္နော ဝါ၊ ထိုင်သည်မူလည်း။ ဟောတိ၊ ဧ။ နိပန္နော ဝါ၊ လျောင်းသည်မူလည်း။ ဟောတိ၊ ဧ၊ တံ၊ ထိုအခင်း သည်။ ပုရာဏသန္ထတံနာမ၊ မည်၏။

သာမန္တာအရ ပိုင်းဖြတ်ယူရမည့် အခြင်းအရာကို ပြဆိုခဲ့ပါ။

နံဘေးဘက်မှ ဘုရားရှင်၏ တထွာမျှလောက်သော အနားသားကို အပိုင်းဖြစ်စေ လေးထောင့်ဖြစ်စေ ဖြတ်၍ ယူရပါမည်။

> သာမန္တာတိ ဧကပဿတော ဝဋ္ဋံ ဝါ စတုရဿံ ဝါ ဆိန္ဒိတွာ ဂဟေတဗ္ဗံ ယထာ ဝိဒတ္ထိမတ္တံ ဟောတိ။

သာမန္တာတိ၊ ဟူသည်။ ဧကပဿတော၊ နံပါးတဘက်မှ၊ ဝဋ္ဋံ ဝါ၊ အလုံးကိုရင်း။ (ဝါ) အဝိုင်းကိုရင်း။ စတုရဿံ ဝါ၊ လေးထောင့်ကိုရင်း။ ဆိန္ဒိတွာ၊ ဖြတ်၍၊ ဂဟေတဗ္ဗံ၊ ယူရာအခရာသည်။ ယထာ၊ အကြင် အခြင်းဖြင့် ယူသည်ရှိသော်။ ဝိဒတ္ထိမတ္တံ၊ မြတ်စွာဘုရား၏တထွာမျှသည်။ ဟောတိ၊ ၏။

---

သူတပါးအတွက် ပြုလုပ်ပေးခြင်း သူတပါး ပြုလုပ်ပြီးသောအခင်းတို့ကို သုံးဆောင်ခြင်း၌ အပြစ်ရှိမရှိ ပြဆိုခဲ့ပါ။

သူတပါးအတွက် ပြုလုပ်ပေးက ဒုက္ကဋ်၊ သူတပါး ပြုလုပ်သော အခင်းကို သုံးဆောင်ပါက အပြစ်မရှိပါ။

---

ဤသိက္ခာပုဒ်၌ အဒ္ဓါန မဂ္ဂပဋိပန္နဿ ဟု ဆိုသော ကြောင့် ခရီးသွားယင်း ရမှသာ သုံးမွေးကို ခံယူ

ကောင်းသည်ဟု မှတ်ရမည်လော ဖြေဆို၍ သုံးယူဇနာ လွန်က သင့်နိုင်သောအာပတ်စုတို့ကို ဖော်ပြခဲ့ပါ။

မည်သည့် အရပ်ဒေသမှာ ရရ တရားသဖြင့်ရလျှင် အလှူခံကောင်းပါသည်။ သုံးယူဇနာ ခြေတလှမ်းလွန်က ဒုက္ကဋ်၊ ဒုတိယခြေလှမ်းလွန်စေက နိဿဂ္ဂိပါစိတ်။

> ယတ္ထ ကတ္ထစိ ပန ဓမ္မေန လဘိတွာ ဂဏှတော ဒေါသော နတ္ထိ။

ယတ္ထကတ္ထစိ၊ အမှတ်မရှိသော အရပ်၌ကား။ ဓမ္မေန၊ တရားနှင့် ညီညွတ်သဖြင့်။ လဘိတွာ၊ ရ၍။ ဂဏှတော၊ ယူသောရဟန်းအား။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။

---

● တိယောဇန ပရမံ၌ သုံးယူဇနာ ဟု ဆိုရာ အဘယ်အရပ်မှစ၍ မှတ်သားရပါ မည်နည်း ဖြေဆို၍ သဟတ္ထာ ဟာရိတဗ္ဗာနိ အရ လက်ဖြင့် ဆောင်မှသာ သဟတ္ထ ဖြစ်သည်ဟု မှတ်ရမည်လော။

သုံးယူဇနာဟု ဆိုသည့်မှာ သိုးမွေးယူရာ အရပ်မှစ၍ ရေတွက်ရပါမည်။ လက်ဖြင့်ဆောင်မှသာ သဟတ္ထ မဆိုပါ။ တစုံတရာ ကိုယ်အင်္ဂါ အစိတ်အပိုင်းဖြင့် ဆောင်ယူလျှင်လည်း သဟတ္ထပင် ဖြစ်ပါသည်။

> တိယောဇန ပရမန္တိ ဂဟိတဋ္ဌာနတော တိယောဇနပ္ပမာဏံ ဒေသံ၊ သဟတ္ထာတိ သဟတ္ထေန အတ္တနာ ဟာရိတဗ္ဗာနီတိ အတ္ထော။

တိယောဇနေ ပရမန္တိ၊ ဟူသည်။ ဂဟိတဌာနတော၊ယူရာအရပ်မှ။ တိယောဇနပ္ပမာဏံ၊ သုံးယူဇနာ အတိုင်းအရှည်ရှိသော။ ပဒေသံ၊ အရပ်တိုင်အောင်။ သဟတ္ထာတိ၊ ဟူသည်။ သဟတ္ထေန၊ မိမိလက်ဖြင့်။ အတ္တနာ၊သည်။ ဟရိတဗ္ဗာနိ၊ ဆောင်အပ်ကုန်၏။

---

● သိုးမွေးကို သုံးယူဇနာ ထက်ပို၍ ယူလိုသျှင် အပြစ်မရှိအောင် မည်ကဲ့သို့ အသင် စီစဉ်ပါမည်နည်း။

သူတပါးကို စေခိုင်း၍ ယူဆောင်စေရပါမည်။ ခိုင်းစေရမည့်သူ မရှိပါက သိုးမွေးတို့ကို အစည်းအထုံးပြု၍ ယူဆောင်လျှင် အပြစ်မှကင်းလွတ်ပါသည်။

အညံ့ ဟာရာပနေ အန္တမသော သုတ္တကေနပိ ဗဒ္ဓကတာ ဘဏ္ဍာ ဟာရေယျာ ဥမ္မတ္တကာ ဒိနဉ္စ အနာပတ္တိ။

အညံ၊ သူတပါးကို။ ဟာရာပနေ၊ ဆောင်စေခြင်း ကြောင့်ရင်း၊ အန္တမသော၊ဖြင့်။ သုတ္တကေန၊ဖြင့်။ဗန္ဓကတဘဏ္ဍာဟာရဏေစ၊ဖွဲ့ခြင်းကို ပြုတတ်သော ဘဏ္ဍာကို ဆောင်ခြင်းကြောင့်ရင်း။ ဥမ္မတ္တကာဒိနဉ္စ၊ တို့အားရင်း။ အနာပတ္တိ၊ မသင့်။

---

## ရူပိယ

● ဤသိက္ခာပုဒ်၌ ဓာတရူပနှင့် ရဇတကို ခွဲခြား ပြ၍ ယခုခေတ် သုံးစွဲနေကြသော ငွေစက္ကူကိုလည်း အဘယ်တွင် ပါဝင်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

ရွှေဘုံး ရွှေခဲနှင့် ရွှေဒင်္ဂါးကို ဇာတရူပဟု ခေါ်ပါသည်။ ငွေဘုံး ငွေခဲနှင့် ငွေဒင်္ဂါးကို ရဇတဟုခေါ်ပါသည်။ ယခုခေတ် သုံးစွဲနေသော စက္ကူများကား ရဇတတွင် ထည့်သွင်း ရေတွက် ပါဝင်နိုင်ပါသည်။

ဇာတရူပ ရဇတန္တိ သုဝဏ္ဏဉ္စေဝ ရူပိယဉ္စ
အပိစ ကဟာပဏော လောဟမာသက ဒါရု
မာသကာ ဇတုမာသာ ယေ ဝေါဟာရံ ဂစ္ဆန္တိ၊
သဗ္ဗေ တေ အဇ္ဇ ရဇတန္တွေဝ ဝုစ္စရေ။

ဇာတရူပရဇတန္တိ၊ ဟူသည်။ သုဝဏ္ဏဉ္စေဝ၊ ရွှေကိုရင်း။ ရူပိယဉ္စ၊ ငွေကိုရင်း။ အပိစ၊ တနည်းလည်း။ ကဟာပဏော၊ အသပြာရင်း။ လောဟမာသက ဒါရုမာသက ဇတုမာသကာဒယော ဝါ၊ ကြေးဖြင့်ပြုသော ပဲ, ချိပ်ဖြင့် ပြုသော ) စသည်လည်းဖြစ်ကုန်သော။ ယေ၊ အကြင်ပဲတို့သည်။ ဝေါဟာရံ၊ ကုန်သွယ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တေ သဗ္ဗေ၊ ထိုအလုံး ဣဓ၊ ဤအရာ၌။ ရဇတန္တွေဝ၊ သာလျှင်။ ဂစ္ဆန္တိ၊ ကုန်၏။

---

● ဥပနိက္ခိတ္တ သာဒိယန ဟူသည် အဘယ်သို့ သာယာခြင်းမျိုးကို ဆိုပါသနည်း။

မျက်မြောက်၌ရင်း မျက်ကွယ်၌ရင်း ရှိသော ရွှေငွေကို လှူဒါန်းရာ၌ ကိုယ်နှုတ်ဖြင့် မပယ်ရှားဘဲ စိတ်ဖြင့်သာ သာယာခြင်းကို ဥပနိက္ခိတ္တ သာဒိယနဟု ဆိုပါသည်။

ဥပနိက္ခိတ္တံ ဝါ သာဒိယေယျာတိ ဣဒံ အယျဿ
ဟောတူတိ ဧဝံ သမ္မုခါ ဝါ အသမ္မုခါ ဝါ ဘူမ

ဌာနေ မမ ဟိရညသုဝဏ္ဏံ တံ တုယှံ ဟောတူတိ
ဧဝံ ပရမ္မုခါ ဌိတံ ဝါ ကေဝလံ ဝါစာယ ဝါ ဟတ္ထ
မုဒ္ဒိယာ ဝါ တုယှဒမ္မိ ဝတွာ ပရိစ္စတ္တံ ယော
ကာယဝါစာဟိ အပဋိက္ခိပိတွာ စိတ္တေန အဓိ
ဝါသေယျ အယံ သာဒိယေယျာတိ ဝုစ္စတိ။

ဥပနိက္ခိတ္တံ ဝါ သာဒိယေယျာတိ၊ ဟူသည်။ ဣဒံ၊ ဤရွှေငွေသည်။ အယျဿ၊ အရှင်ဘုရားအား။ ဟောတု၊ ဖြစ်စေ။ ဣတိဧဝံ၊ သို့။ သမ္မုခါ၊ မျက်မှောက်၌ရင်း။ အသုကသ္မိံ နာမဌာနေ၊ ၌။ မမ၊ ၏။ ဟိရည သုဝဏ္ဏံ၊ ရွှေ ငွေသည်။ အတ္ထိ၊ ၏။ တံ၊ ထိုရွှေငွေသည်။ တုယှံ၊ အရှင် ဘုရားအား။ ဟောတု၊ လော၊ ဣတိဧဝံ၊ သို့။ ပရမ္မုခါဝါ၊ မျက်ကွယ် ၌ရင်း။ ဌိတံ၊ တည်သောရွှေငွေကို။ ကေဝလံ၊ သက်သက်။ ဝါစာယ ဝါ၊ ဖြင့်ရင်း။ ဟတ္ထမုဒ္ဒိယာဝါ၊ လက်ဆုပ်ဖြင့်ရင်း။ တုယှံ၊ အား။ ဒမ္မိ၊ ၏။ ဣတိ၊ သို့။ ဝတွာ၊ ၍။ ပရိစ္စတ္တံ၊ စွန့်ပြီးအံ့၊ ယော၊ အကြင်ရဟန်း သည်။ ကာယဝါစာဟိ၊ တို့ဖြင့်၊ အပဋိက္ခိပိတွာ၊ ၍။ စိတ္တေန၊ ဖြင့်။ အဓိဝါသေယျ၊ သည်းခံပြီးအံ့။ အယံ၊ ဤရဟန်းကို။ သာဒိယေယျာတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

---

မနောဒွါရေ အနာပတ္တိဟု ဆိုသောကြောင့် ရွှေငွေကို စိတ်ဖြင့် သာယာလျှင် အာပတ်သင့်သည်ဟု ဆိုသောစကားသည် သင့်မြတ်ပါသလော။

ရွှေငွေကို စိတ်ဖြင့် သာယာခြင်းကြောင့် အာပတ် သင့်သည်မဟုတ် ကိုယ်နှုတ်ဖြင့် ပယ်ရှားတားမြစ်ရမည် ကို မပြုသောကြောင့် အာပတ်သင့်သည်ဟု ဆိုပါသည်။

● သံဃာ စေတီ ပုဂ္ဂိုလ်းသံဃာအတွက် ရွှေငွေကို ခံယူလျှင် အပြစ်ရှိ မရှိ ဖြေဆို၍၊ ပတ္တမြား ပုလဲ စသည်တို့ကို ခံယူလျှင် အပြစ်မှ လွတ်ပါမည်လော။

သံဃာ စေတီ ပုဂ္ဂိုလ်းသံဃာ အတွက် ရွှေငွေကို ခံယူသော်ရင်း ပတ္တမြား ပုလဲစသည်တို့ကို ခံယူသော်ရင်း ဒုက္ကဋ်အာပတ် သင့်ပါသည်။

> သံဃစေတိယာဒီနံ အညာယ ဂဏှန္တဿ မုဉ္စာ
> မက္ခ အာဒိ ပုဂ္ဂလာနော စ ဒုက္ကဋံ။

သံဃစေတိယာဒီနံ၊ သံဃာ၏။ အညာယ၊ ငှါ။ ရူပိယံ၊ ရွှေငွေကို။ ဂဏှန္တဿ စ၊ ခံယူသော ရဟန်းအားရင်း။ မုဉ္စာမက္ခအာဒိပုဂ္ဂလ ဟနောစ၊ ပုလဲပတ္တမြားစသည်ကိုခံယူခြင်းကြောင့်ရင်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

---

## ရူပိယသံဝေါဟာရ

● ဈေးရူပိယ သိက္ခာပုဒ်နှင့် ဤရူပိယ ဝေါဟာရ သိက္ခာပုဒ်တို့၏ ခြားနားပုံကို ရေးခဲ့ပါ။

ဈေးသိက္ခာပုဒ်ကား- ရွှေ ငွေ အတုံးအခဲနှင့် ဒင်္ဂါး ပိုက်ဆံ ဟူသော နိဿဂ္ဂိယဝတ္ထုနှင့် အခြား ဒုက္ကဋ် ဝတ္ထုများကို ခံယူခြင်းမှ တားမြစ်သည်၊ ဤသိက္ခာပုဒ် ကား- ထိုနိဿဂ္ဂိယဝတ္ထု ဒုက္ကဋဝတ္ထုတို့ဖြင့် အခြား ဝတ္ထုတို့ လဲလှယ်ခြင်းမှ တားမြစ်သည်။

● (က) ဒုက္ကဋ်ဝတ္ထု အချင်းချင်း လဲလှယ်မှု၊ (ခ) ဒုက္ကဋ်ဝတ္ထုနှင့် ကပ္ပိယဝတ္ထု လဲလှယ်မှု၊ (ဂ) ကပ္ပိယဝတ္ထုနှင့် ဒုက္ကဋ်ဝတ္ထု လဲလှယ်မှုတို့အတွက် မည်သည့် အာပတ်သင့်သည်ကို ဖြေဆိုခဲ့ပါ။

အထက်ပါ (က) (ခ) (ဂ)တို့အတွက် ဒုက္ကဋ်အာပတ် သင့်ပါသည်။

> ဒုက္ကဋဝတ္ထုနာ ဒုက္ကဋဝတ္ထု ကပ္ပိယ ဝတ္ထုနိ ကပ္ပိယဝတ္ထုနာစ ဒုက္ကဋဝတ္ထုံ ပရိဝတ္တေန္တဿ ဒုက္ကဋံ။

ဒုက္ကဋဝတ္ထုနာ၊ဖြင့်။ ဒုက္ကဋဝတ္ထု၊ကပ္ပိယဝတ္ထုနိ၊ တို့ကို။ ကပ္ပိယဝတ္ထုနာစ၊ကပ္ပိယဝတ္ထုဖြင့်မူလည်း။ ဒုက္ကဋဝတ္ထုံ၊ကို။ ပရိဝတ္တေန္တဿ၊ ဖလှယ်သောရဟန်းအား။ ဒုက္ကဋံ၊သည်။ ဟောတိ၊၏။

---

● (က) နိဿဂ္ဂိယ အချင်းချင်း လဲလှယ်မှု၊ (ခ) နိဿဂ္ဂိယဝတ္ထုနှင့် ဒုက္ကဋ်ဝတ္ထုကို လဲလှယ်မှု၊ (ဂ) နိဿဂ္ဂိယဝတ္ထုနှင့် ကပ္ပိယဝတ္ထု လဲလှယ်မှု၊ (ဃ) ဒုက္ကဋ်ဝတ္ထုနှင့် နိဿဂ္ဂိယ ဝတ္ထုတို့ လဲလှယ်မှု၊ (င) ကပ္ပိယဝတ္ထုနှင့် နိဿဂ္ဂိယဝတ္ထု လဲလှယ်မှုတို့ အတွက် မည်သည့်အာပတ်သင့်ပါသနည်း။

အထက်ပါ (က) (ခ) (ဂ (ဃ) (င) တို့အတွက် နိဿဂ္ဂိပါစိတ် အာပတ်သင့်ပါသည်။

နိဿဂ္ဂိယဝတ္ထုနာ ပန နိဿဂ္ဂိယဝတ္ထုံဝါ ဒုက္ကဋဝတ္ထုံဝါ ကပ္ပိယဝတ္ထုံဝါ ဒုက္ကဋဝတ္ထု ကပ္ပိယဝတ္ထုဟိ နိဿဂ္ဂိယဝတ္ထုံဝါ ပရိဝတ္တေန္တဿ နိဿဂ္ဂိယံ ဟောတိ။

နိဿဂ္ဂိယဝတ္ထုနာပန၊ ဖြင့်ကား။ နိဿဂ္ဂိယဝတ္ထုံဝါ၊ ကိုငင်း။ ဒုက္ကဋဝတ္ထုံဝါ၊ ကိုငင်း။ ကပ္ပိယဝတ္ထုံဝါ၊ ကိုငင်း၊ ဒုက္ကဋဝတ္ထုကပ္ပိယဝတ္ထုဟိ၊ တို့ဖြင့်။ နိဿဂ္ဂိယဝတ္ထုံ၊ ကို။ ပရိဝတ္တေန္တဿ၊ ဖလှယ်ရဟန်းအား။ နိဿဂ္ဂိယံ၊ သော။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

## ကယဝိက္ကယ

နာနာပကာရ၏ အဓိပ္ပါယ်ကို ဖြေဆို၍ ရူပိယသံဝေါဟာရ သိက္ခာပုဒ်နှင့် ဤကယဝိက္ကယ သိက္ခာပုဒ်တို့၏ အထူးကိုလည်း ရေးခဲ့ပါ။

နာနာပကာရ ဟူသည် သက်န်းစသော အပ်သော အသုံးအဆောင် အမျိုးမျိုးတည်း၊ ရူပိယသံဝေါဟာရ သိက္ခာပုဒ်၌ရွှေ ငွေဖြင့်ဝယ်ခြင်း ရွှေငွေဖြင့်ဖြစ်စေသိတင်းသုံးဘော်တို့ ဝယ်ထားအပ်သော နိဿဂ္ဂိယပစ္စည်းကို ဖြစ်စေ လဲလှယ်ယူခြင်းကြောင့် အာပတ် သင့်သည်ကို ပြ၏။ ဤကယဝိက္ကယ သိက္ခာပုဒ်၌ကား ကပ္ပိယဝတ္ထုချင်း လူစသူများနှင့် လဲလှယ်ခြင်းကြောင့်အာပတ်သင့်သည်ကို ပြ၏။ ဤကားအထူး။

● ဤသိက္ခာပုဒ်လာ ကယနှင့် ဝိက္ကယတို့၏ အရေး ရေးခဲ့ပါ။

ဤဆန်ဖြင့် သင့်တွင်ရှိသော ဆီကိုပေးပါ ဆောင်ယူခဲ့ပါ လဲလှယ်ပါဟုဆို၍ သူတပါး၏ သက်နိုးစသော ကပ္ပိယဘဏ္ဍာကို ယူလျှင် ကယမည်၏။ မိမိ၏ ကပ္ပိယဘဏ္ဍာကို သူတပါးအားပေးလျှင် ဝိက္ကယမည်၏။ ဤကား အရေးတည်း။ (လိုရင်းကား- ကယဝယ်သည်၊ ဝိက္ကယ ရောင်းသည်ဟူလို)။

ကယဝိက္ကယန္တိ ကယဥ္စ ဝိက္ကယဥ္စ ဣမိနာ ဣမံ ဒေဟိ ဣမံ အာဟရ ပရိဝတ္တေဟိ စေတာပေဟီတိ ဣမိနာဟိနယေန ပရဿ ကပ္ပိယဘဏ္ဍံ ဂဏှန္တော ကယံ သမာပဇ္ဇတိ၊ အတ္တနော ကပ္ပိယဘဏ္ဍံ ဒေန္တော ဝိက္ကယံ သမာပဇ္ဇတိ။

ကယဝိက္ကယန္တိ၊ ဟူသည်ကား။ ကယဥ္စ။ ရောင်းခြင်းသို့ရင်း။ ဝိက္ကယဥ္စ၊ ဝယ်ခြင်းသို့ရင်း။ ဣမိနာ၊ ဤဝတ္ထုဖြင့်။ ဣမံ၊ ဤဝတ္ထုကို။ ဒေဟိ၊ ပေးလော့။ ဣမံ၊ ဤဝတ္ထုကို။ အာဟရ၊ ဆောင်လော့။ ပရိဝတ္တေဟိ၊ ဖလှယ်လော့။ စေတာပေဟိ၊ ဝယ်လော့။ ဣတိဣမိနာ နယေန၊ ဖြင့်။ ပရဿ၊ သူတပါး၏။ ကပ္ပိယဘဏ္ဍံ၊ ကို။ ဂဏှန္တော၊ ယူသောရဟန်းသည်။ ကယံ၊ ဝယ်ခြင်းသို့။ ယသ္မာ၊ ကြောင့်။ အာပဇ္ဇတိ၊ ၏။ အတ္တနော၊ ၏၊ ကပ္ပိယဘဏ္ဍံ၊ ကို။ ဒေန္တော၊ ပေးသော ရဟန်းသည်။ ဝိက္ကယံ၊ ရောင်းခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။

မိမိ သက်န်းဖြင့် ကဝါသည်ထံမှ စာအုပ်ကို အလိုရှိ၍ အပ်သောလဲလှယ်နည်းကို ပြဆိုခဲ့ပါ။

ငါ့မှာသက်န်းသာ ရှိသည်၊ ငါကလည်း သက်န်းကို မလိုချင် စာအုပ်ကိုသာ လိုချင်သည် စသည်ဖြင့် လဲလှယ်ပါက အပ်သော လဲလှယ်နည်း ဖြစ်ပါသည်။

---

စေခိုင်းရာ၌ အပ်သော စေခိုင်းနည်း မအပ်သော စေခိုင်းနည်း များကို ခွဲခြားပြခဲ့ပါ။

ဤထမင်းကို စားလော့ ဤအလုပ်ကို လုပ်လော့ဟု စကားနှစ်ရပ်ကို ခွဲခြားပြီး စေခိုင်းလျှင် အပ်သောနည်း ဖြစ်ပါသည်။ ဤထမင်းကို စားပြီးလျှင် ကျောင်းကို ပြင်လော့ စသည်ဖြင့် ခိုင်းလျှင် မအပ်သော စေခိုင်းနည်း ဖြစ်၍ နိဿဂ္ဂိယပါစိတ် သင့်ပါသည်။

ဧဠကလောမဝဂ်ပြီး၏။

---

## ပတ္တဝဂ်

ဤသိက္ခာပုဒ်၌ အတိရေကပတ္တ၏ အဓိပ္ပါယ်ကို ရှင်းပြပြီးလျှင် ပမာဏဘေဒအားဖြင့် ပြားသော သပိတ်ကိုးလုံးကိုလည်း ရေတွက်ပြခဲ့ပါ။

အဓိဋ္ဌာန်လည်း မတင်အပ် ဝိကပ္ပနာလည်း မပြုအပ်သော သပိတ်မျိုးကို အတိရေက ပတ္တဟုခေါ်ဆိုပါသည်။

ပမာဏဘေဒ အားဖြင့် ပြားသော သပိတ်မျိုးကား— ဥက္ကဋ္ဌ, ဥက္ကဋ္ဌုက္ကဋ္ဌ, ဥက္ကဋ္ဌောမက, မဇ္ဈိမ, မဇ္ဈိမုက္ကဋ္ဌ, မဇ္ဈိမောမက, ဩမက , ဩမကုက္ကဋ္ဌ, ဩမကောမကဟု ကိုးလုံးရှိပါသည်။

အတိရေက ပတ္တောတိ အနဓိဋ္ဌိတော စ အဝိကပ္ပိတော စ။

အတိရေကပတ္တောတိ၊ ဟူသည်ကား။ အနဓိဋ္ဌိတော စ၊ အဓိဋ္ဌာန်လည်းမတင်အပ်သော။ အဝိကပ္ပိတော စ၊ ဝိကပ္ပနာလည်း မတင်အပ်သော။ ပတ္တော၊ သပိတ်တည်း။

---

ဥက္ကဋ္ဌ, မဇ္ဈိမ, ဩမက တို့၏ ပမာဏကို သေချာစွာ ဖေါ်ပြခဲ့ပါ။

ဆန်တပြည်ချက်နှင့် ပဲဟင်းတခွက်သာ ဟင်းလျာ တခွက်သာဆန့်သော သပိတ်သည် ဥက္ကဋ္ဌတည်း။ ဆန် တခွက် ပဲဟင်းတစလယ် ဟင်းလျာတစလယ် ဝင်သော သပိတ်သည် မဇ္ဈိမတည်း။ ဆန်တစလယ် ထိုဆန်တစ လယ်၏ လေးပုံ့တပုံဟင်း ထမင်းလုပ်တိုင်းပါဝင်နိုင် သော အမဲသား, ငါးဖြင့်ချက်သော ဟင်းလျာ ငုင်းတို့ ဝင်ဆန့်သော သပိတ်သည် ဩမကတည်း။

● သပိတ်၏ အဓိဋ္ဌာန်တင်ပုံနှင့် ပစ္စုဒ္ဓိုရ်၏ ပြုပုံများကို ရေးခဲ့ပါ။

အဓိဋ္ဌာန်တင်ပုံကား—ဣမံ ပတ္တံ အဓိဋ္ဌာမိ။ အဝေးဖြစ်က ဧတံ ဟု ဆို၍တင်ရမည်၊ ပစ္စုဒ္ဓိုရ်၏ ပြုပုံကား— ဣမံ ပတ္တံ ပစ္စုဒ္ဓရာမိ-ဟု ဆို၍ ပစ္စုဒ္ဓိုရ်၏ပြုရပါမည်။

---

● သပိတ်၏ အဓိဋ္ဌာန်ကျကြောင်း အင်္ဂါများကို ရေးခဲ့ပါ။

သပိတ်၏ အဓိဋ္ဌာန်ကျကြောင်းများကား-တိစီဝရိတ် အဓိဋ္ဌာန်ကျကြောင်းကဲ့သို့ အပေါက်ပေါက်ခြင်းနှင့်တကွ ကိုးပါးရှိပါသည်။

မှတ်ချက်။ အပေါက်ဆိုသည်မှာ နှုမ်းမှ လက်နှစ်သစ်အောက် ဆပ် ဆန်ထမင်း ဝင်လောက်လျှင် အပေါက်ဟုမှတ်။

မုခဝဋ္ဋိတော ဟေဋ္ဌာ ဒွင်္ဂုလမတ္တောကာသတော
ပဋ္ဌာယ ယဿကဿစိ ကင်္ဂုသိတ္ထ နိက္ခမန မတ္တေန
ဆိဒ္ဒေန ဆိဒ္ဒေါ ဟောတိ။

မုခဝဋ္ဋိတော၊ သပိတ်၏အနားရေးမှ။ ဟေဋ္ဌာ၊ ၌။ ဒွင်္ဂုလမတ္တောကာသတော၊ လက်နှစ်သစ်မျှသောအရပ်မှ။ ပဋ္ဌာယ၊ ၍။ ယဿကဿစိ၊ ၌။ ကင်္ဂုသိတ္ထနိက္ခမနမတ္တေန၊ ဆပ်ထမင်းလုံးထွက်လောက်ရုံမျှသော။ ဆိဒ္ဒေန၊ အပေါက်ဖြင့်။ ဆိဒ္ဒေါ၊ အပေါက်ရှိသည်။ ဟောတိ၊ အံ့။

သဗိတ်ကိုးလုံးတို့တွင် အဘယ်သို့သောအခါင်း အရောင်ရှိမှ အဓိဋ္ဌာန် ဝိကပ္ပနာ ပြုနိုင်သည်၊ ထိုကိုးလုံး တို့တွင်လည်း အဓိဋ္ဌာန် ဝိကပ္ပနာပြုနိုင်သော သဗိတ်များ ကိုလည်း ညွှန်းခဲ့ပါ။

ညိုမှောင်သော အဆင်းရှိလျှင် အဓိဋ္ဌာန် ဝိကပ္ပနာ ပြုနိုင်ပါသည်။ သဗိတ်ကိုးလုံးတွင်လည်း သြဇုမ္ဘုကြွခြ နှင့် သြမကောမကနှစ်လုံးကို ပယ်၍ ကျန်ခုနစ်လုံးမှာ အဓိဋ္ဌာန် ဝိကပ္ပနာ ပြုနိုင်ပါသည်။

## ဦးနံပဋ္ဌမန္တံ

ဤသိက္ခာပုဒ်ဝယ် အဘယ်အရပ်၌ အဘယ်မျှ လောက်သော အရေးအကြောင်းရှိက အဘယ်မျှသော အဖွဲ့ဘို့ကို ဖွဲ့ရမည်ဟု စုံလင်စွာ ပြခဲ့ပါ။

အထက်နှုတ်ခမ်းမှစ၍ အကျ်ရာ အနည်းငယ် ရှိလျှင် နှုတ်ခမ်းအောက် လက်နှစ်သစ်လောက် အရပ်ကို ရှုးဖြင့် ဖေါက်၍ ရိုးရိုးအပ်ချည်ကြိုးဖြင့် ဖြစ်စေ သံနန်းကြိုးဖြင့် ဖြစ်စေ တုပ်ထားရပါမည်၊ လက်လေးသစ် လောက် အရေးအကြောင်းရှိလျှင် နှစ်ဖွဲ့တုပ်ရပါမည်၊ခြောက်သစ် ရှည်လျင် သုံးဖွဲ့တုပ်ရပါမည်၊ အရေးအကြောင်းသည် တနေရာထည်း မဟုတ်ဘဲ နှစ်နေရာ သုံးနေရာ ရှိနေလျှင် နေရာအလိုက် နှစ်ဖွဲ့ သုံးဖွဲ့ လေးဖွဲ့ တုပ်နိုင်သည်။ (ငါးဖွဲ့ ဖွဲ့ရလျှင် သဗိတ်အရာ မဝင်တော့ပြီခက်)။

---

အဖွဲ့ဖွဲ့ပြီးသော သပိတ်ကို အဓိဋ္ဌာန်မတင်ဘဲ သုံးဆောင်ကောင်းပါသလော ဖြေဆို၍၊ ဖွဲ့စဉ်အခါက မည်ကဲ့သို့ ပြုလုပ်လျှင် အဓိဋ္ဌာန်မတင်ရသည်ကို လည်း ဖြေဆိုခဲ့ပါ။

ဖွဲ့စဉ်အခါက အပေါက်မှာ ဆပ်ဆန် ထမင်းလုံး ဝင်လောက်လျှင် အဓိဋ္ဌာန်တင်ပြီးမှ သုံးဆောင်ကောင်း ပါသည်၊ ဖွဲ့စဉ်အခါက အပေါက်ကို ကျဉ်းကျဉ်းဖေါက် ပါက အဓိဋ္ဌာန်မတင်ရပါ။

အမှာ။ ပြဆိုခဲ့သော ဖွဲ့ဟုပ်မှုများသည် မြေသပိတ်ကိုသာ ရည်ရွယ် ထား၏၊ သံသပိတ်မှာ အပေါက်သာရှိပေမည်၊ ကွဲကြောင်း မရှိနိုင် အပေါက်ကိုမိုဖြင့်ရင်း သံပြားဝိုင်းဖြင့်ရင်း ဖါထေးနိုင် ၏၊ ထိုသို့ဖါထေးပြီး၍ ညက်ညက်ညောညောရှိပါက ဆွမ်း စသည် မကပ်ငြိလျှင် သပိတ်အရာဝင်သေး၏။ မညက်ညော ၍ ဆွမ်းစသည် ကပ်ငြိပါက သပိတ်အရာ မဝင်တော့ပြီ။

---

ပဥ္စပရိယန္တ ဟူသည် အဘယ်သို့သော သပိတ် မျိုးပါနည်း။

စွန့်အပ်သော သပိတ်ကို ပဌမ မထေရ်ကြီး မယူ လျှင် ဒုတိယမထေရ် ယူဘို့ရန် တိုက်တွန်းရမည်။ ဤ နည်းအတိုင်း (ယူလိုသူက ယူ၍ မယူလိုသူက မယူဘဲ) အဆင့်ဆင့် သွားပြီးနောက် မည်သူမျှ မယူလို၍ ကျန်နေ သော နောက်ဆုံးသပိတ်ကို ပဥ္စပရိယန္တ ဟု ခေါ်ပါ သည်။

ထေရဿ ပတ္တံ ဒုတိယထေရံ ဂါဟာပေတွာ
ဧတေနေဝ ဥပါယေန ယာဝ သံဃနဝကော
ဂါဟာပေတဗ္ဗော တေန ပရိစ္စတ္တပတ္တော ပန
ပတ္တပရိယန္တော နာမ။

ထေရဿ၊ ၏။ ပတ္တံ၊ ကို။ ဒုတိယထေရံ၊ ကို။ ဂါဟာပေတွာ၊ ယူစေ၍။ ဧတေနေဝဥပါယေန၊ ဖြင့်။ ယာဝ၊ လောက်။ သံဃနဝကော၊ သံဃာအငယ်ဆုံးသည်။ ဒုတိယ၊ ၏။ တာဝ၊ လောက်။ နဝကဿ၊ ၏။ ပတ္တော၊ ကို။ ဂါဟာပေတဗ္ဗော၊ ယူစေအပ်၏။ တေန၊ ထိုအငယ်ဆုံးသည်။ ပရိစ္စတ္တ ပတ္တောပန၊ စွန့်အပ်သော သပိတ်သည်ကား။ ပတ္တပရိယန္တောနာမ၊ မည်၏။

---

ကိုယ်ပိုင် ပုဂ္ဂလိက အဖြစ်ထား၍ သုံးဆောင်ကောင်းသော ခွက် မသုံးဆောင်ကောင်းသောခွက်တို့ကို အသီးသီး ခွဲခြားပြပါ။

ကြေးနီခွက် မြေခွက် သံခွက်တို့သည် ကိုယ်ပိုင် အဖြစ် သုံးဆောင်နိုင်၏။ ရွှေခွက်, ငွေခွက်, ပတ္တမြားခွက်, ကျောက်မျက်ရွဲ ခွက်တို့ကိုကား မသုံးဆောင်ကောင်းပါ၊ သစ်သားခွက်ကား ကိုင်ရုံကိုင်နိုင်၏၊ဖလ်ခွက် ချက်ကျောက်ခွက်,စဉ့်ခွက်, ကြေးဖြူ ကြေးဝါခွက်တို့ကို ပုဂ္ဂလိကအဖြစ် မသုံးစွဲအပ်၊ သံဃိကအဖြစ်ကား ဤသို့အားဖြင့်တင်၍။ နှီးခွက်ကို ခဏမျှ သုံးဆောင်ကောင်း၏။

## ဘေသဇ္ဇ ခန္ဓကမှ

● ပဉ္စသာယနိယာနိ ဟူသော ပါဠိဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ကေခါ်လာသည့် အတိုင်း ရေးခဲ့ပါ။

ပဉ္စသာယနိယာနိဖြင့် ရဟန်းများ စားလောက်အောင် အကပ်ခံထားသော ဆေးများဖြစ်ကြောင်းကို ၎င်း, အကပ်မခံဘဲ ကိုယ်တိုင် ကိုင်ယူထားသော ထောပတ်စသည် တို့ကို မစားကောင်းကြောင်းကို ၎င်း, အပြင်ပသုံးဆောင်ရန်ဖြစ်လျှင် ခုနစ်ရက်လွန်သော်သည်း အာပတ်မသင့် ကြောင်းကိုရင်း ပြပါသည်။

ဧတေန သယံ ဥဂ္ဂဟေတွာ နိက္ခိတ္တာနံ သတ္တာဟာ တိက္ကမေပိ အနာပတ္တိံ ဒဿေတိ။

ဧတေန၊ ထိုပဉ္စသာယနိယာနိဟူသောပါဠိဖြင့်။ သယံ၊ ကိုယ်တိုင်။ ဥဂ္ဂဟေတွာ၊ အကပ်ဖျက်၍။ နိက္ခိတ္တာနံ၊ ထားအပ်ကုန်သော ထောပတ်စသည်တို့၏။ သတ္တာဟာတိက္ကမေပိ၊ ခုနစ်ရက်ကိုလွန်စေသော်လည်း။ အနာပတ္တိံ၊ ကို။ ဒဿေတိ၊ ၏။

---

● အဘယ်တို့မှ ဖြစ်သော ထောပတ် စသည်ကို သပ္ပိ, နဝနီတ စသည်ဟု ခေါ်ပါသနည်း။

နွားစသော အပ်သော သတ္တဝါတို့၏ နို့ရည်မှ ဖြစ်သော ထောပတ်, ဆီဦးသည် သပ္ပိ,နဝနီတမည်၏။ နှမ်း, မုန်ညင်း, သစ်မည်စည်, ကြွက်ဆူဆီ, သားဆီတို့မှထုတ်

ယူအပ်သောအခင်သည် တေလမည်၏။ယင်ပျား,ပျားကြီး ပျားငယ်တို့သည် ပြုအပ်သောပျားရည်သည် မဓုမည်၏ အဖတ်မပါအောင် စစ်ပြီးသော ကြံရည်မှစ၍ ကြံနှင့် ဆိုင်ရာ အားလုံးသည် ဖါဏိတမည်၏။

သပ္ပိနာမ ဂဝါဒီနံ သပ္ပိ ယေသံ မံသံ ကပ္ပတိ
တေသံ သပ္ပိ၊ တဿာ နဝနီတံ၊ တေလံနာမ တိလ
သာသပ မဓုက ဧရဏ္ဍက ဝသာဒိဟိ နိဗ္ဗတ္တိတံ၊
မဓုနာမ မက္ခိကာ မဓုမေဝ၊ ဖါဏိတံနာမ ဥစ္ဆုမှိ
ရသံ ဥပါဒါယ ပန အပက္ကာဝါ အဝတ္ထုကပ
က္ကာဝါ သဗ္ဗာပိ ဥစ္ဆုဝိကတိ ဖါဏိတန္တိ ဝေဒိ
တဗ္ဗံ။

သပ္ပိနာမ၊ မည်သည်၊ ဂဝါဒီနံ၊ နွားစသည်တို့၏။ သပ္ပိ၊ထောပတ်တည်း။ ယေသံ၊ အကြင်သတ္တဝါတို့၏၊ မံသံ၊ အသားသည်။ ကပ္ပတိ၊ ၏။ တေသံ၊ တို့၏။ သပ္ပိ၊ တည်း။ နဝနီတံ၊ ဆီဦးသည်။ တထာ၊ တည်း။ တေလံနာမ၊ မည်သည်။ တိလသာသပ မဓုက ဧရဏ္ဍဝသာဒိဟိ၊ နှမ်း,မုန်ညှင်း, သစ်မည်စည်, ကြက်ဆူဆီ,အဆီခဲ စသည်တို့မှ။ နိဗ္ဗတ္တိတံ၊ ထုတ်အပ်သော အဆီတည်း။ မဓုနာမ၊ ပျားမည်သည်ကား။ မက္ခိကမဓုမေဝ ၊ပျားငယ် ပျားကြီးတို့သည် ပြုအပ်သောပျားလျှင်တည်း။ ဖါဏိတံနာမ၊ မည်သည်။ ဥစ္ဆုရသံ၊ ကြံရည်ကို။ ဥပါဒါယ၊ စွဲ၍။ အပက္ကာဝါ၊ ကျက်သည်လည်းဖြစ်သော။ အဝတ္ထုကပက္ကာဝါ၊ အဖတ် မရှိဘဲ ကျက်သည်လည်းဖြစ်သော။ သဗ္ဗာပိ၊ သော။ ဥစ္ဆုဝိကတိ၊ အဖတ် မရှိသောကြံအထူးသည်။ ဖါဏိတံ၊ မည်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

● ထန်းရည်ချို၊ ကြံရည်၊ သံပုရာဖျော်ရည်၊ လမနှစ်၊ ဒေါ်လပ်ရည် စသည်တို့ ဆားလောင်မွှတ်သိပ်ရုံမျှဖြင့် သောက်ကောင်း မသောက်ကောင်း အကြောင်းပြဖြေဆိုပါ။

အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠံ အဂိလာနဿ ဂုဠောဒကံဟုဆိုသောကြောင့် ဂိလာနမဟုတ်သော်လည်း ဆားလောင်မွှတ်သိပ်လျှင် သောက်ကောင်းပါသည်။

---

● တာဝန္တိ ပဋိက္ခေပေတွာ ဟူသောပါဠိဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်တို့ကို ရေးခဲ့ပါ။

ထိုပါဠိဖြင့် နို့ရည်စသော ယာဝကာလိက ဝတ္ထုတို့ကို အကပ်ခံ၍ ပြုလုပ်အပ်သော ဆေးပတ်စသည်တို့ကို ခုနစ်ရက် လွန်စေသော်လည်း အာပတ်မသင့်ဟု ပြပါသည်။

ဧတေန တာဝန္တိ ပဋိက္ခေပေတွာ ဝသာတေလံ ယာမဓုညာ ယာဝကာလိက ဝတ္ထုကာနိ တေသံ ဝတ္ထူနိ ပဋိက္ခေပေတွာ ကတာနိ သဗ္ဗာနိ အဒိန္နံ သဗ္ဗာပိ အတိက္ကမယဓောပိ အနာပတ္တိံ ဒသေသတိ။

ဧတေန၊ ထိုတာဝန္တိပဋိက္ခေပေတွာ ဟူသောပါဠိဖြင့်။ ဝသာတေလံ၊ သားဆီကြည်ကို။ ထပေတွာ၊ ရှောင်၍ ကြဉ်၍သိက္ခာပုဒ်၌။ ယာဝကာလိက

ဝဏ္ဏကြောနိ၊ ယာဝကာလိကဝဏ္ဏဖြိုကုန်သော။ ယာနိ၊အကြင်ထော ပတ်စသောဆေးတို့သည်။ သန္တိ၊ကုန်၏။ တေသံ၊ထိုတို့၏။ ဝဏ္ဏနိ၊ နို့ရည်စသော ဝဏ္ဏတို့ကို။ ပဋိဂ္ဂဟေတွာ၊ ၍ ကတာနိ၊ ပြုအပ်ကုန် သော။ သပ္ပိအာဒီနိ၊ထောပတ်ကို၊ သဏ္ဌာပယံ၊ကုံ။ အတိက္ကမယတော၊ သည်း။ အနုပဋ္ဌ၊ကို။ ဒသေတိ၊၏။

---

## ဝဿိကသာဋိက သိက္ခာပုဒ်

မိုးရေခံသင်္ကန်းကို ရှာမှီးရာ ခေတ် (ကာလ) ဖြစ်သော ပါဠိကို ဖော်ပြခဲ့ပါ။

မာသော။လ။ ပရိယေသိတဗ္ဗံ၊ ဖြစ်ပါသည်။

---

မိုးရေခံသင်္ကန်းကို (ရှာမှီး ချုပ်ဆိုးခွင့် ရသော ကာလ) ကုစ္ဆိသမယနှင့် (ရှာမှီးခွင့်မရသော ကာလ) ပိဋ္ဌိ သမယတို့၏ ခေတ်ကို ပိုင်းခြားပြခဲ့ပါ။

နယုန်လပြည့်ကျော် ၁ ရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့် နေ့အထိ ဝါမထပ်လျှင် ၄ လ, ဝါထပ်လျှင် ခြောက်လသည့် ကုစ္ဆိသမယမည်၏။ တန်ဆောင်မုန်း လပြည့်ကျော် ၁ ရက်နေ့မှစ၍ နယုန်လပြည့်နေ့အထိ ၈ နှစ် လသည် ပိဋ္ဌိသမယ မည်၏။

---

ကုစ္ဆိသမယ၌ ပရိယေသနခေတ် ကရဏခေတ် နိဝါသနခေတ်တို့ကို ပိုင်းခြားပြခဲ့ပါ။

ကုန္တိသမယ ငါးလ, ခြောက်လသည် ပရိယေသန ခေတ် မည်၏။ ဝါဆိုလဆန်း တရက်နေ့မှ စ၍ တန် ဆောင်မုန်း လပြည့်နေ့အထိ လေးလခွဲသည် ကရဏ ခေတ် မည်၏။ နိဝါသနခေတ် မည်၏။ မိုးလေးလသည် အဓိဋ္ဌာနခေတ် ဖြစ်ပါသည်။

ဂိမှာနံ ပစ္ဆိမော မာသော ပရိယေသနခေတ္တံ ပစ္ဆိ
မော အဍ္ဎမာသော ကရဏာ နိဝါသန ခေတ္တမ္ပိ
ဝဿာနဿ စတူသု မာသေသု သဗ္ဗမ္ပိ တံ ဝဋ္ဋတိ။

ဂိမှာနံ၊ တို့၏။ ပစ္ဆိမော မာသော၊ သည်။ ပရိယေသနခေတ္တံ၊ တည်း။ ပစ္ဆိမော၊ သော၊ အဍ္ဎမာသော၊ သည်။ ကရဏနိဝါသနခေတ္တမ္ပိ၊ လည်း။ ဟောတိ၊ ၏။ ဝဿာနဿ၊ မိုးလေးလ၏၊ စတူသုမာသေသု၊ တို့၌။ သဗ္ဗမ္ပိ၊ သော။ တံ၊ ထိုရှာမှီးခြင်းစသည်သည်။ ဝဋ္ဋတိ၊ ၏။

---

မိုးရေခံသင်္ကန်းကို ရှာမှီးရာ၌ ပရိယေသနခေတ် ချုပ်ဆိုးဝတ်ရာခေတ် အဓိဋ္ဌာန် ခေတ်တို့ကို ပိုင်းခြား ပြခဲ့ပါ။

နယုန်လပြည့်ကျော် တရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်အတွင်းသည် ရှာမှီးရာ ပရိယေသနခေတ်မည်၏။ ဝါဆိုလဆန်းတရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ အတွင်း လေးလခွဲသည် ချုပ်,ဆိုး, ဝတ်ရာ ခေတ်မည်၏။ ဝါဆို လပြည့်ကျော် တရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်နေ့ အတွင်းသည် အဓိဋ္ဌာနခေတ် မည်၏။

ဝဿိကသာဋိကစီဝရံ ပရိယေသိတဗ္ဗံ၌ မည်သူ့ထံမှမည်သို့သော နည်းလမ်းဖြင့် ရှာမှီးရမည်ကို ပေါ်ပြခဲ့ပါ။

ဘိတ်ကြားထားသောသူတို့ထံမှ ကာလေ ဝဿိက သာဋိကာယ စသော သတိပေးစကားဖြင့် ပြောဆို၍ ရှာမှီးရပါမည်။ မိမိ၏ ဉာတိပဝါရိတတို့ထံမှ ငါ့အား မိုး ရေခံသင်္ကန်းကို လှူကြကုန် စသော တောင်းရမ်းခြင်းမျိုး ဖြင့်လည်း ရှာမှီးကောင်းပါသည်။

> ကာလေ ဝဿိက သာဋိကာယာတိ အာဒိနာ သတုပ္ပါဒ ကရဏေန သံဃဿ ပဝါရိတဋ္ဌာန တော အတ္တနော ဉာတက ပရိဝါရိတ ဋ္ဌာနတော ပန ဒေထ မေ ဝဿိက သာဋိက စီဝရန္တိ အာဒိကာယ ဝိညတ္တိယာပိ ပရိယေသိတဗ္ဗံ။

ဝဿိကသာဋိကာယ၊၏။ ကာလေ၊လှူအပ်သောအခါတန်ပြီ။ ဣတိ အာဒိနာ၊ ဖြင့်။ သတုပ္ပါဒကရဏေန၊ သတိ ဖြစ်ခြင်းကို ပြုသဖြင့်။ သံဃဿ၊အား။ ပဝါရိတဋ္ဌာနတော၊ဘိတ်ရာအရပ်မှ။ အတ္တနော၊၏။ ဉာတကပဝါရိတဋ္ဌာနတောပန၊အဆွေမတော်သူ ဘိတ်ရာအရပ်မှကား။ ဒေထမေဝဿိကသာဋိက စီဝရန္တိအာဒိကာယ၊ သော။ ဝိညတ္တိယာပိ၊ လည်း။ ပရိယေသိတဗ္ဗံ၊၏။

## ၆၁၇ အနိဿဋ္ဌ

ပေးပြီးသော သင်္ကန်းကို လုယူရာ၌ မည်သို့သော သညာဖြင့် လုယူလျှင် မည်သည့် အပြစ်ရှိသည်ကို ဖော်ပြခဲ့ပါ။

မိမိဥစ္စာဟု အမှတ်သညာဖြင့် သူ့ ယူ ကနိဿဂ္ဂိ ပါစိတ် သူ့ဥစ္စာဟု အမှတ်ရှိပါက တန်ဘိုးအလိုက် ဆုံးဖြတ် ရပါမည်။

> သကသညာယ အနိဿဋ္ဌံသ ဝတ္ထုဂဏနာယ
> အာပတ္တိယော။

သကသညာယ၊ဖြင့်။ အနိဿဋ္ဌံသ၊ လုယက်သော ရဟန်းအား။ ဝတ္ထုဂဏနာယ၊ဖြင့်။ အာပတ္တိယော၊တို့သည်။ ဟောန္တိ၊ ကုန်၏။

---

လှူသမဓောထံမှ လုယူလျှင် မည်သည့် အပြစ် ရှိပါသနည်း။

လှူသမဓောထံမှ လုယူလျှင် ဒုက္ကဋ်အာပတ် သင့် ပါသည်။

> အနုပသမ္ပန္နဿ ယံကိဉ္စိ အစ္ဆိန္ဒ တောဝါ
> ဒုက္ကဋံ။

အနုပသမ္ပန္နဿ၊ ၏။ ယံကိဉ္စိ၊ အလုံးစုံသော သင်္ကန်း စသော ပရိက္ခရာကို။ အစ္ဆိန္ဒတောဝါ၊ လုယက်သော ရဟန်းအားလည်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

# သုတ္တ ဝိညတ္တိကာ

သာမံ သုတ္တံနှ သုတ္တအရကို ကောက်ပြပြီးလျှင် အကပ္ပိယ သုတ္တ အကပ္ပိယတန္တ နှစ်မျိုးဖြင့် မည်သည့် အတွက် မည်သည့် အာပတ်သင့် သည်ကိုလည်း ဖြေဆို ခဲ့ပါ။

ခေါမစသော ချည့်ခြောက်မျိုးသည်၎င်း, ၎င်းတို့အား လျော်သော အနုလောမချည်မျိုးသည်၎င်း,သုတ္တအရ ဖြစ် ပါသည်။ အကပ္ပိယသုတ္တ အကပ္ပိယတန္တ နှစ်မျိုးလုံး ဖြစ်က နိဿဂ္ဂိ၊ တခုခု ကပ္ပိယဖြစ်ပါက ဒုက္ကဋ် ဖြစ်ကြ ပါသည်။

သုတ္တန္တိ ဆဗ္ဗိဓံ ခေါမသုတ္တာဒိံ ဝါ တေသံ အနု လောမံ ဝါ။

သုတ္တံ၊ ဟူသည်။ ဆဗ္ဗိဓံ၊ သော။ ခေါမသုတ္တာဒိံ ဝါ၊ ခေါမချည်စ သည်ကိုမူ၎င်း။ တေသံ၊ တို့၏။ အနုလောမံ ဝါ၊ အနုလောမချည်ကိုမူ၎င်း။

---

မည်ကဲ့သို့သော ချည်မျိုးကို မည်ကဲ့သို့ စေခိုင်း သဖြင့် မည်သူ ပြီးပါက နိဿဂ္ဂိပါစိတ် သင့်ပါသနည်း။

ဉာတိပဝါရိတ မဟုတ်သူထံမှ တောင်းအပ်သော ချည် မျိုးကို ငါ့သက်န်းကို ရက်ပေးလော့ ဟူသော အကပ္ပိယ ဝိညတ်စကားဖြင့် စေခိုင်း၍ အလျားတထွာအနံ့တတောင် ပြီးစီးပါက အာပတ်သင့်ပါသည်။

ဝိညာပိတသုတ္တံ ဝိညာပိတတန္တဝါယေန ဝါ
ယာပေန္တဿ ဒီဃသော ဝိဒတ္ထိမတ္တေ တိရိယဉ္စ
ဟတ္ထမတ္တေ ဝိတေ နိဿဂ္ဂိယံ ပါစိတ္တိယံ။

ဝိညာပိတသုတ္တံ၊ တောင်းအပ်သော ချည်ကို။ ဝိညာပိတတန္တဝါယေန၊ တောင်း၍ ရက်သော သက်န်းသည်ကို။ ဝါယာပေန္တဿ၊ ရက်စေသော ရဟန်းအား။ ဒီဃသော၊ မှ။ ဝိဒတ္ထိမတ္တေ၊ တထွာမျှကို၊ တိရိယဉ္စ၊ အနံမှလည်း။ ဟတ္ထမတ္တေ၊ တတောင်မျှကို။ ဝိတေ၊ ရက်အပ်ပြီးသည်ရှိသော်။ နိဿဂ္ဂိယံ၊ သော ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

## မဟာပေသကာရ

ဤသိက္ခာပုဒ်၌ ပုဗ္ဗေ အပဝါရိတောဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရေး၍ ဝိကပ္ပါပဇ္ဇနာကာရပြ ပါဒ်ကိုလည်း ရေးခဲ့ပါ။

ပုဗ္ဗေအပဝါရိတောဖြင့် သက်န်းလှူမည့် ဒါယကာက မပင့်ဖိတ်အပ်သည်ကို ပြပါသည်။ ဝိကပ္ပါပဇ္ဇနာကာရပြ ပါဒ်ကား—ဣဒံခေါ အာဝုသော။လ။ အနုပဒဇ္ဇေယျာမ ဖြစ်ပါသည်။

ပုဗ္ဗေ အပဝါရိတောတိ စီဝရ သာမိကေဟိ
အပဝါရိတော ဟုတွာ။

ပုဗ္ဗေ အပဝါရိတောတိ၊ ဟူသည်။ စီဝရသာမိကေဟိ၊ သက်န်းရှင်တို့သည်။ အပဝါရိတော၊ မဖိတ်အပ်သည်။ ဟုတွာ၊ ၍။

ဝိကပ္ပံ အာပဇ္ဇေယျ၌ အဘယ်ကဲ့သို့ အထူး စီရင်သည်ကို ဖြေဆိုပြီးလျှင်၊ အန္တမသော ပိဏ္ဍပါတ မတ္တမ္ပိဟု ဆိုရာ၌ ဆွမ်းပေးရုံမျှဖြင့် အာပတ် သင့်မသင့်ကို လည်း ဖြေဆိုခဲ့ပါ။

မူလစီမံထားသည်ထက်ပိုမိုထူးကဲအောင် စီမံခြင်းကို ဝိကပ္ပံ အာပဇ္ဇေယျဟု ဆိုပါသည်၊ အန္တမသော ပိဏ္ဍပါတ မတ္တမ္ပိ၌ ဆွမ်းပေးရုံမျှဖြင့်မသင့်ပါ၊ ရဟန်း၏ စီမံ ခန့်ခွဲမှုကြောင့် ရည်မှန်းထားသည်ထက် ချည်ပိုကုန်ပြီး သင်္ကန်းရမှသာ နိဿဂ္ဂိပါစိတ် သင့်ပါသည်။

ဝိကပ္ပံ အာပဇ္ဇေယျာတိ ဝိသိဋ္ဌကပ္ပံ အဓိကဝိဓာနံ
အာပဇ္ဇေယျ၊ ပိဏ္ဍပါတမတ္တမ္ပိ ဧတ္ထ န ဘိက္ခုနော
ပိဏ္ဍပါတဒါနမတ္တေန တံ နိဿဂ္ဂိယံ ဟောတိ။

ဝိကပ္ပံ အာပဇ္ဇေယျာတိ၊ဟူသည်။ ဝိသိဋ္ဌကပ္ပံ၊ထူးသောစီရင်ခြင်းသို့။ အဓိကဝိဓာနံ၊ လွန်သော စီရင်ခြင်းသို့။ အာပဇ္ဇေယျ၊အံ့။ ပိဏ္ဍပါတမတ္တမ္ပိ ဧတ္ထ၊ ၌လည်း။ ဘိက္ခုနော၊ ၏။ ပိဏ္ဍပါတဒါန မတ္တေန၊ ဆွမ်းကို ပေးကာမျှဖြင့်၊ တံ၊ ထိုသင်္ကန်းသည်၊ နိဿဂ္ဂိယံ၊ သည်၊ နဟောတိ၊မဖြစ်။

---

## အစ္စေက စီဝရ သိက္ခာပုဒ်

အစ္စေကစီဝရ ဟူသည် အဘယ် ကဲ့သို့သော သင်္ကန်းမျိုးပါနည်း။

အဓွေကာမီပရဟူသည် ခရီးသွားမည့်သူ, မကျန်းမာသူ, ကိုယ်ဝန်ရှိသူ, ရုတ်တရက်ရှောင်တခင် သဒ္ဓါတရားရှိလာသူ ဤပုဂ္ဂိုလ်များက ဝဿာဝါသိကံ ဒဿာမိ ဝါဆိုသင်္ကန်း လှူပါ၏ဟု ဆို၍ လှူအပ်သော သင်္ကန်းမျိုးကို ခေါ်ပါသည်။

အဒ္ဓကေစီဝရန္တိ ဂမိက ိလာန ဂဗ္ဘိနီ အဘိနဝုပ္ပန္နသဒ္ဓါနံ ပုဂ္ဂလာနံအညတရေန ဝဿာဝါသိကံ ဒဿာမိတိ ဒိန် အဒ္ဓကေစီဝရံ ဒိန္နံ။

အဓွေက စီဝရ ၊ ဟူသည်။ ဂမိကဂိလာန ဂဗ္ဘိနီ အဘိနဝုပ္ပန္နသဒ္ဓါနံ၊ ခရီးသွားသူ,သူနာ , ကိုယ်ဝန်ဆောင်, အသစ်သဒ္ဓါခြင်းရှိကုန်သော၊ ပုဂ္ဂလာနံ၊ တို့တွင်။ အညတရေန၊ တယောက်ယောက်သည်။ ဝဿာဝါသိက၊ ဝါဆို သင်္ကန်းကို။ ဒဿာ ၊ လှူပါအံ့။ ဣတိဧဝံ၊ သို့။ အဒ္ဓကေစီဝရ၊ ၍။ ဒိန္နံ၊ လှူအပ်သော သင်္ကန်းတည်း။

---

## ဿဿက် သင်္ကဇာဓမ္မ

မည်ကဲ့သို့သော ကျောင်းမျိုးကို အာရညကသေနာသနဟု ခေါ်ပါသနည်း။

အကာအရံရှိလျှင် မြို့ရွာ၏ တခါးခုံမှ အကာ အရံမရှိလျှင် မြို့ရွာ၏ အရံထိုက်ရာအရပ်မှ ကုလားလေးတာ ပြန် ငါးရာရှိသော အရပ်၌ ဆောက်လုပ် အပ်သော ကျောင်းမျိုးကို အာရညကသေနာသနဟု ခေါ်ပါသည်။

ဂါမဿ ဣန္ဒခီလတော ပဋ္ဌာယ ပဥ္စဓနုသတ ပမာဏော ပဒေသော ကကာသေနာသနာနိ သစေ ပန အပရိက္ခိတ္တော ဂါမော ဟောတိ၊ ပရိက္ခေပါ ရဟာရဒ္ဓာနတော ပဋ္ဌာယ မိနေတဗ္ဗံ၊ သစေ ဝိဟာ ရဿ ပရိက္ခေပေါ ဝါ အပရိက္ခိတ္တဿ ယံ ဂါမ တော။

ဂါမဿဣန္ဒခီလတော ပဋ္ဌာယ ပဉ္စဓနုသတပမာဏော၊ ကုလားလေးတော အပြန့်ငါးရာရှိသော။ ပဒေသော၊ ဌာ။ ကတ သေနာသနာနိ၊ ဆောက်အပ်ကုန်သော ကျောင်းတို့သည်။ သစေ၊ ၍။ အပရိက္ခိတ္တော၊ အရံမရှိသော။ ဂါမော၊ သည်။ ဟောတိ၊ အံ့၊ ပရိက္ခေပါရဟာရဒ္ဓာန တော၊ အရံထိုက်ရာအရပ်မှ။ ပဋ္ဌာယ၊ ၍၊ မိနေတဗ္ဗံ၊ နှိုင်းယှဉ်အပ် ၏။ သစေ၊ ၍။ ဝိဟာရဿ၊ ၏။ ယောပရိက္ခေပေါ ဝါ၊ အကြင် အရာမ်သည်ရှိ၏၊ အပရိက္ခိတ္တဿ၊ အရာမ်မရှိသောကျောင်း၏။ ဂါမ တော၊ မှ။

---

သာသက်သမွှာ သပ္ပဋိဘယ တို့၏အဓိပ္ပါယ်ကို ရှင်းခဲ့ပါ။

ခိုးသူတို့ သွားလာနေထိုင်ရာကို မြင်သဖြင့် သက်နိုး အပိုကိုလည်း ထိုသူခိုးတို့ ခိုးယူချင် ယူလိမ့်မည်ဟု ယုံမှားရှိရာ အရပ်ကို သာသက်သမ္မတဟု ခေါ်ပါသည်။ ခိုးသူတို့ ရိုက်နှက် ပုတ်ခတ်သတ်ဖြတ်လုယက်ထားသည် ကို မြင်ရသဖြင့် ဘေးအန္တရာယ် မကင်းသော အရပ်ကို သပ္ပဋိဘယဟု ခေါ်ပါသည်။

သာသင်္ကသမ္မတာနိတိ စောရာဒိနံ နိဝိဋ္ဌောကာ
သာဒိဒဿနေန သာသင်္ကာနိတိ သမ္မတာနိ ဧဝံ
သညာနိတိ အရညာ၊ သဟပဋိဘယေန သပ္ပဋိ
ဘယာနိ စောရေဟိ မနုဿာနံ ဟတဝိလုတ္တာ
ကောဋ္ဋိတဘာဝဒဿနတော သန္နိဟိတဗလဝ
ဘယာနိတိ အရညာ။

သာသင်္ကသမ္မတာနီတိ၊ ဟူသည်။ စောရာဒီနံ၊ တို့၏။ နိဝိဋ္ဌောကာသာဒိဒဿနေန၊ နေရာအရပ်စသည်ကိုမြင်ခြင်းကြောင့်။ သာသင်္ကာနိတိ၊ ရွံ့ရှာ အပ်၏ဟူ။ သမ္မတာနိ၊ သမုတ်အပ် ကုန်သော၊ ဧဝံ သညာနိ၊ ဤသို့ မှတ်အပ် ကုန်သော၊ ဣတိအယံ၊ လျှင်။ အရညာ၊ တည်း။ ပဋိဘယေန၊ နှင့်။ သဟ၊ ကြားဘွားနှိ၊ ကုန်၏။ သပ္ပဋိဘယာနိ၊ ကုန်၏။ စောရေဟိ၊ လိုသည်။ မနုဿာနံ၊ လူကို။ ဟတဝိလုတ္တ ကောဋ္ဋိတဘာဝဒဿနတော၊ သတ်အပ် လုယက်အပ် ပုတ်ခတ်အပ် သောအဖြစ်ကိုမြင်ခြင်းကြောင့်။ သန္နိဟိတဗလဝဘယာနိ၊ စုဝေးကုန်သောအလွန်ကြောက်ဘွယ်ရှိကုန်သော။ ဣတိအယံ၊ လျှင်။ အရညာ၊ တည်း။

---

တော စီဝရေန ဝိပ္ပဝသိတဗ္ဗံ အရ ဆဘာယ် ကဲ့သို့သော ကင်းခြင်းမျိုးကို ဝိပ္ပဝါသဟုခေါ်ပါသနည်း။

သင်္ကန်းမဖြောက် အရုဏ်ကို မိမိနေရာ တောကျောင်းမှာ မတက်ဘဲ အခြားအရပ်မှာ အရုဏ်တက်စေခြင်းကို ဝိပ္ပဝါသဟု ဆိုပါသည်။

> တသ္မိံ သေနာသနေ သတ္တမံ အရုဏံ နုဋ္ဌ
> ပေယျာတိ အတ္ထော။

တသ္မိံ သေနာသနေ၊ ၌၊ သတ္တမံ အရုဏံ၊ ခုနစ်ရက်မြောက် အရုဏ်ကို၊ နုဋ္ဌပေယျ၊ မတက်စေပြီးအံ့။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။

---

## ပရိဏတ သိက္ခာပုဒ်

● သံဃာအား ညွတ်ရှိုသာ ညွတ်ရှုသေးသဖြင့် သံဃာဥစ္စာ မဖြစ်သေးသော လာဘ်ကို အဘယ့်ကြောင့် သံဃိကဟု ဆိုနိုင်ပါသနည်း။

ညွတ်ခြင်းဟူသော အကြောင်း ပရိယာယ် အရ သံဃိက ဟုဆိုနိုင်ပါသည်။

> သောဟိ သံဃဿ ပရိဏတတ္တာ ဟတ္ထေ အနာ
> ရုဠှောပိ ဧကေန ပရိယာယေန သံဃဿန္တကော
> ဟောတိ။

ဟိ၊ မှန်၏။ သော၊ ထိုလာဘ်သည်။ သံဃဿ၊ သို့။ ပရိဏတတ္တာ၊ ညွတ်အပ်၏အဖြစ်ကြောင့်။ ဟတ္ထေ၊ ၌။ အနာရုဠှောပိ၊ မတင်သေးသော်လည်း။ ဧကေန ပရိယာယေန၊ ဖြင့်။ သံဃဿန္တကော၊ သည်။ ဟောတိ၊ ၏။

---

● အဘယ်ကဲ့သို့သော ညွတ်ခြင်းမျိုးကို ပရိဏတဟု ဆိုပါသနည်း။

ဇုဏှာသယ ၂၄၄–၁၄

သံဃာအား လှူမည်ဟု အလှူရှင်က နှုတ်မြွက်ဘူး သော်၎င်း လက်ဖြင့် ပြဘူးသော်၎င်း ညွတ်စေပါက ပရိဏတ မည်ပါသည်။

> ပရိဏတန္တိ ဒဿာမ ကရိဿာမာတိ ဝစီဘေ ဒေနဝါ ဟတ္ထမုဒ္ဒိယာဝါ သံဃဿ နိန္နံ ဟုတွာ ဌိတံ။

ပရိဏတန္တိ၊ ဟူသည်။ ဒဿာမ၊ ကုန်အံ့။ ကရိဿာမ၊ ပြုကုန်အံ့၊ ဣတိ၊ သို့။ ဝစီဘေဒေနဝါ၊ ဖြင့်၎င်း။ ဟတ္ထမုဒ္ဒိယာဝါ၊ လက်ဆုပ်ပြသဖြင့်၎င်း။ သံဃဿ၊ အား။ နိန္နံ၊ ညွတ်သည်။ ဟုတွာ၊ ၍။ ဌိတံ၊ တည်သောဝတ္ထုတည်း။

---

သံဃာ၊ စေတီ ပုဂ္ဂိုလ် တို့အား ညွတ်ပြီး သော လာဘ်ကို အခြား သံဃာ၊ စေတီ ပုဂ္ဂိုလ်သို့ ညွတ်စေသော ရဟန်းအားမည်သည့်အပြစ်ရှိပါသနည်း။

အခြားသော သံဃာ စေတီသို့ ညွတ်စေသောရဟန်း အား ဒုက္ကဋ်အာပတ်သင့်ပါသည်။

မှတ်ချက်။ မိဘပစ္စည်းပင်ဖြစ်စေကာမူ မညွတ်ကောင်း။

> သံဃေ စေတိယေ ပုဂ္ဂလေသု ယဿကဿစိ ပရိ ဏတံ အညသံဃာဒီနံ ပရိဏာမေန္တဿ ဒုက္ကဋံ။

သံဃေ စေတိယေပုဂ္ဂလေသု၊ တို့တွင်။ ယဿကဿစိ၊ အမှတ်မရှိသောသူသို့။ ပရိဏတံ၊ ညွတ်လေပြီးသောလာဘ်ကို။ အညသံဃာဒီနံ၊ တို့သို့။ ပရိဏာမေန္တဿ၊ လည်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

နိဿဂ္ဂိပြီး၏။

# သုဒ္ဒပါစိတ်

## မုသာဝါဒဝဂ်

### မုသာဝါဒ သိက္ခာပုဒ်

သမ္ပဇာနမုသာဝါဒဟူသည် မပြောမီရှေးအခါ၌ သိခြင်း ပြောဆဲခဏ၌ သိခြင်း ပြောပြီးနောက်၌ သိခြင်းတို့တွင် အဘယ်သိခြင်းမျိုးပါနည်း။

မပြောမီ ရှေးအခါ၌ သိခြင်း ပြောဆိုဆဲ ခဏတို့၌ သိခြင်းကိုသာ သမ္ပဇာနမုသာဝါဒသိခြင်းမျိုးဆိုပါသည်။

သမ္ပဇာန မုသာဝါဒေတိ ပုဗ္ဗေပိ ဇာနိတွာ
ဝစနက္ခဏေပိဇာနန္တဿေဝမုသာဝါဒဘာဏနေ။

သမ္ပဇာနမုသာဝါဒေတိ၊ ဟူသည်။ ပုဗ္ဗေပိ၊ မပြောဆိုမီရှေး၌လည်း။ ဇာနိတွာ၊ သိပြီး၍။ ဝစနက္ခဏေပိ၊ ပြောဆို ဆဲခဏ၌လည်း။ ဇာနန္တဿေဝ၊ သိလျက်လျှင်မူလည်း။ မုသာဝါဒဘာဏနေ၊ မဟုတ်မမှန်သောစကားကိုဆိုခြင်းကြောင့်။

---

မုသာဝါဒအရ နှုတ်ဖြင့်ညာခြင်းကိုသာယူရမည်လော ကိုယ်အင်္ဂါ အစိတ်အပိုင်းဖြင့် ညာခြင်းကို မယူရဟု မှတ်ရမည်လော ဖြေဆိုခဲ့ပါ။

မုသာဝါဒအရ နှုတ်ဖြင့်ညာခြင်းမျိုးသာ မက ကိုယ်၊ အင်္ဂါ အစိတ်အပိုင်းဖြင့် ညာပါကလည်း မုသာဝါဒပင် ဖြစ်ပါသည်။

ကာယေနဝါ ဝါစာယဝါ ဝိညာပနပ္ပယောဂေါ။

ကာယေနဝါ၊ ကာယဒွါရဖြင့်ရင်း။ ဝါစာယဝါ၊ ဝစီဒွါရဖြင့်ရင်း။ ဝိညာပနပ္ပယောဂေါ၊ သိစေခြင်းလုံ့လတည်း။

---

● မုသာ ဝါဒ ကြောင့် သင့် ရောက်နိုင်သော အာပတ်တို့ကို စေ့စုံစွာ ပေါ်ပြခဲ့ပါ။

ဥတ္တရိမနုဿကို တိုက်ရိုက်ပြောက ပါရာဇိက၊ ပရိယာယ်အားဖြင့် သွယ်ဝိုက်ပြောက သိလျှင် ထုလ္လစ္စည်း။ မသိလျှင် ဒုက္ကဋ်၊ အမူလကပါရာဇိကဖြင့် စွပ်စွဲက သံဃာဒိသေသ်၊ အောက်အာပတ်ငါးပုံဖြင့်စွပ်စွဲကဒုက္ကဋ်၊ မုသားသက်သက်ဆိုက ပါစိတ်။ ပြောင်လှောင် ပြောဆိုက ဒုဗ္ဘာသိ-ဖြစ်၏။

မှတ်ချက်။ လိုရင်းမှာ ဥတ္တရိ မနုဿဓမ္မအတွက် ပါရာဇိက၊ အမူလကပါရာဇိကအတွက် သံဃာဒိသေသ်၊ မုသားသက်သက်ဆိုက ပါစိတ်သင့်သည်မှတ်၊ အသေးစိတ်ကို အထက်ပါအတိုင်း သိလေ။

ဥတ္တရိမနုဿဓမ္မာရောစနတ္ထံ မုသာဘဏန္တဿ ပါရာဇိကံ၊ အမူလကေန ပါရာဇိကေန အနုဒ္ဓံသနတ္ထံ သံဃာဒိသေသော၊ ကေဝလံ မုသာ ဘဏန္တဿ ဣဓ ပါစိတ္တိယံ။

ဥတ္တရိမနုဿဓမ္မာရောစနတ္ထံ၊ ငှါ။ မုသာ၊ ကို။ ဘဏန္တဿ၊ အား။ ပါရာဇိကံ၊ သည်။ ဟောတိ၊ ၏။ အမူလကေန၊ အရင်းမရှိသော။ ပါရာဇိကေန၊ ဖြင့်။ အနုဒ္ဓံသနတ္ထံ၊ ငှါ။ မုသာ၊ ကို။ ဘဏန္တ

ဿ၊ အား။ သံဃာဒိသေသော၊ သည်။ ဟောတိ၊ ၏။ ကေဝလံ၊ သက်သက်။ မုသာ၊ ကို။ ဘဏန္တဿ၊ အား။ ဣဓ၊ ဤသိက္ခာပုဒ်၌။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

● မုသာဝါဒစကားကို ပြောဆိုသည်ဖြစ်ပါလျက် ဤသိက္ခာပုဒ်အရ အာပတ်မသင့်ဟု ဆိုရာ မည်သည့် ရဟန်းမျိုး ပါနည်း။

မစုံစမ်း မတွေးတောဘဲ အဆောတလျင် မှားပြော မိသော ရဟန်း အမှန်ကို ပြောဆိုရာ နှုတ်မှ အမှားကို ထွက်မိသော ရဟန်းအားရင်း အပြစ်မရှိပါ။

> အနုပဓာရေတွာ သဟသာ ဘဏန္တဿ အညံ ဘဏိဿာမီတိ အညံ ဘဏန္တဿ ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။

အနုပဓာရေတွာ၊ မစုံစမ်းမတွေးတောမူ၍။ သဟသာ၊ အဆော တလျင်။ ဘဏန္တဿစ၊ အားရင်း။ အညံ၊ တပါးကို။ ဘဏိဿာမိ၊ ဆိုအံ့။ ဣတိ၊ သို့။ မနသိကတွာ၊ ၍။ အညံ၊ ကို။ ဘဏန္တဿစ၊ ရင်း။ ဥမ္မတ္တကာဒီနဉ္စ၊ တို့အားရင်း။ အနာပတ္တိ၊ မသင့်။

---

## ဩမသဝါဒ သိက္ခာပုဒ်

● အဘယ်သို့သော စကားမျိုးကို ဩမသဝါဒဟု ဆိုပါသနည်း ဖြေဆို၍၊ ဆဲရေးကြောင်း ဝတ္ထုဆယ်ပါး ကိုလည်း ရေးခဲ့ပါ။

ဆဲရေးကြောင်းဖြစ်သော စကားမျိုးကို ဩမသဝါဒ ဟု ခေါ်ဆိုပါသည်၊ ထိုဆဲရေးကြောင်း ၁၀ဆူဆယ်ပါး ကား-ဇာတိ, နာမ, ဂေါတ္တ, ကမ္မ, သိပ္ပ, အာဗာဓ, လိင်္ဂ, ကိလေသာပတ္တိ အားဖြင့် ဆယ်ပါးရှိပါသည်။ (အဓိပ္ပါယ်ကိုအနက်ပေးသည့်အတိုင်းသိပါ)။

ဩမသဝါဒေါတိ ဩဝိဇ္ဈနဝစနေ ဇာတိ, နာမ ဂေါတ္တ ကမ္မ သိပ္ပ အာဗာဓ လိင်္ဂ ကိလေသ အာပတ္တိ အက္ကောသေသု။

ဩမသဝါဒေတိ၊ ဟူသည်ကား။ ဩဝိဇ္ဈနဝစနေ၊ နှုတ်လှံထိုးခြင်းကြောင့်။ ဇာတိ၊ ဇာတ်။ နာမ၊ အမည်။ ဂေါတ္တ၊ အနွယ်။ ကမ္မ အမှု။ သိပ္ပ၊ အတတ်။ အာဗာဓ၊ အနာ။ လိင်္ဂ၊ အသွင်၊ ကိလေသ၊ ကိလေသာ။ အာပတ္တိ၊ အာပတ်၊ အက္ကောသနေသု၊ တို့တွင်။

---

ဆဲလိုမှုဖြင့် စဏ္ဍာလဖြစ်သော ရဟန်းမျိုးကို ဟဲ့-စဏ္ဍာလမျိုး၊ ခွန်းစဏ္ဍားဖြစ်က ဟဲ့ ခွန်းစဏ္ဍားမျိုး စသည်ဖြင့် ဟုတ်မှန်သည့်အတိုင်း ဆိုပါက ဒုက္ကဋ်ဖြစ်ရှိပါသလော။

ဘူတ အက္ကောသမျိုး ဖြစ်သောကြောင့် အာပတ်သင့်ပါသည်။ မဟုတ် မမှန် ဆဲဆိုက ပြောဘွယ်ရာ မရှိပြီ။

ဘူတေနဝါ အဘူတေနဝါ ယေနကေနစိ။

ဘူတေနဝါ၊ ဟုတ်မှန်သည်လည်း ဖြစ်သော။ အဘူတေနဝါ၊ မဟုတ်မမှန်သည်လည်းဖြစ်သော။ ယေနကေနစိ၊ အမှတ်မရှိသော ဆဲရေးခြင်း၏အကြောင်းဖြင့်။

● ပါရာဇိကကျပြီးသော ရဟန်းကို ဆဲရေးပါက အပြစ်ရှိမရှိ ဖြေဆိုရှု၊နှုတ်ဖြင့်မဆဲရေးဘဲ ကိုယ်အမူအရာဖြင့် ဆဲရေးသော ရဟန်းအား မည်သည့် အပြစ်ရှိပါသနည်း။

ပါရာဇိက ကျနေသောကာမှ ဆဲရေးသောရဟန်းအား ဩမသဝါဒပုဒ်အရ ပါစိတ် အာပတ် ပင်သင့်ပါသည်။ကိုယ် အမူအရာဖြင့် ဆဲဆိုမှုလည်း ဩမသဝါဒပုဒ်အရ ပါစိတ် အာပတ် သင့်ပါသည်။

> ပါရာဇိကံ အာပန္နံဝါ အနာပန္နံဝါ ယံကိဉ္စိ ဘိက္ခုံ
> ယာယကာယဝိ ဝါစာယဝါ ဟတ္ထမုဒ္ဒါယဝါ
> အနညာပဒေသေန အက္ကောသာဝစနေ ပါစိတ္တိယံ။

ပါရာဇိကံ၊ သို့။ အာပန္နံဝါ၊ ရောက်သည် ဖြစ်စေ။ အနာပန္နံဝါ၊ သော။ ယံကိဉ္စိဘိက္ခုံ၊ ကို။ ယာယကာယဝိဝါစာယဝါ၊ အမှတ်မရှိသောစကားဖြင့်၎င်း။ဟတ္ထမုဒ္ဒါယဝါ၊ လက်ဆုပ်ပြသဖြင့်၎င်း။ အနညာပဒေသေန၊ သူတပါးကိုမညွှန်းသဖြင့်။ အက္ကောသဝစနေ၊ ဆဲရေးသောစကားကိုဆိုခြင်းကြောင့်။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

● ဆယ်ပါးသော အက္ကောသဝတ္ထုဖြင့် တိုက်ရိုက် မဆဲဘဲ ယခုကာလ၌ ခွန်းစကားများရှိတယ်ဟော့ စသည် ဖြင့် စောင်း၍ ပြောသော ရဟန်းနှင့် ဆယ်ပါးသော အက္ကောသ ဝတ္ထုမှ လွတ်သော (ပါဠိမုတ္တက) နည်းဖြင့်

သင်္ဟာ သူခိုးဘဲ စသည်ဖြင့် ဆဲရေးသော ရဟန်းတို့အား သင့်ရောက်သော အပြစ်တို့ကို ပြဆိုခဲ့ပါ။

အထက်ပါ ရဟန်းတို့အတွက် ဒုက္ကဋ်အာပတ် သင့်ပါသည်။

> သန္တိ ဣဓ ကေစိ စဏ္ဍာလာတိ အာဒိနာ
> နယေန အညာပဒေသံ ကတွာ အက္ကောသန္တဿ
> စောရောသိ ဂဏ္ဌိဘေဒကောသီတိ အာဒီဟိ ပါဠိ
> မုတ္တကပဒေဟိ အက္ကောသန္တဿ။

ဣဓ၊ ဤအရပ်၌။ ကေစိ၊ အချို့ကုန်သော။ စဏ္ဍာလာ၊ ဒွန်းစဏ္ဍားတို့သည်။ သန္တိ၊ ကုန်၏။ ဇာတိအာဒိနာနယေန၊ ဖြင့်။ အညာပဒေသံ၊ သူတပါးအားညွှန်းခြင်းကို။ ကတွာ၊ ၍။ အက္ကောသန္တဿ၊ ဆဲရေးသောရဟန်းအားရင်း။ စောရော၊ ခိုးသူသည်။ အသိ၊ ၏။ ဂဏ္ဌိဘေဒကော၊ သူ့ဥစ္စာထုပ်ကိုဖြေဖြတ်သည်။ အသိ၊ ၏။ ဇာတိအာဒီဟိ၊ ကုန်သော။ ပါဠိမုတ္တကပဒေဟိ၊ ပါဠိတော်မှလွတ်သော ပုဒ်တို့ဖြင့်။ အက္ကောသန္တဿ၊ အားရင်း။ (ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။)

---

လူသာမညောအား ဆဲသောရဟန်းနှင့် ဘိက္ခုနီကို ဆဲသော ရဟန်းတို့အား သင့်ရောက်သော အပြစ်ကို ပြဆို၍၊ ရဟန်းကို ဖြစ်စေ လူ သာမဏေကို ဖြစ်စေ ပြောင်လှောင်လိုသော သဘောဖြင့် ယော့ ဘိုးသူတော် လာနေပြီဟု ပြောဆိုသော ရဟန်းအား သင့်ရောက်သော အပြစ်ကိုလည်း ပြခဲ့ပါ။

လူသာမဏေကို ဆဲသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်။ ဘိက္ခုနီသည် လူသာမဏေတွင် ထည့်သွင်း ရေတွက်ရမည် ဖြစ်သောကြောင့် ယင်းဘိက္ခုနီမကို ဆဲက ဒုက္ကဋ်ပင် သင့်ပါသည်။ ပျက်ရယ် ပြောင်လှောင် လိုသော သဘောဖြင့် ပြောဆိုသော ရဟန်းအား ဒုဗ္ဘာသိ အာပတ် သင့်ပါသည်။

ယထာတထာ ဝါ အနုပသမ္ပန္နံ အက္ကောသန္တဿစ
ဒုက္ကဋံ၊ ဣဓ ဘိက္ခုနီ ပိအ နုပသမ္ပန္နသင်္ချံ ဂစ္ဆတိ၊
အနက္ကောသိတုကာမဿ ကေဝလံ ဒဝကမျ
တာယ ဝဒတော သဗ္ဗတ္ထ ဒုဗ္ဘာသိတံ။

ယထာတထာဝါ၊ ပါဠိတော်၌ လာသည်လည်းဖြစ်သော မလာသည်လည်းဖြစ်သောဆဲရေးခြင်းဖြင့်မူလည်း။ အနုပသမ္ပန္နံ၊ လူသာမဏေကို။ အက္ကောသန္တဿစ၊ ၎င်း။ ဒုက္ကဋံ၊ သည်။ ဟောတိ။ ၏။ ဣဓ၊ ဤသိက္ခာပုဒ်၌၊ ဘိက္ခုနီပိ၊ သည်လည်း။ အနုပသမ္ပန္နသင်္ချံ၊ သို့။ ဂစ္ဆတိ၊ ၏။ အနက္ကောသိတုကာမဿ၊ မဆဲရေးလိုသောရဟန်းအား။ ကေဝလံ၊ သက်သက်။ ဒဝကမျတာယ၊ ရယ်မြူးလိုသဖြင့်။ ဝဒတော၊ သော်။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောလူသာမဏေ၌။ ဒုဗ္ဘာသိတံ၊ သည်။ ဟောတိ၊ ၏။

---

ပါဠိ အဋ္ဌကထာကို သင်ကြား မှီချစဉ် ဆရာတော်ဘုရားကြီးက တယ် ခွေးမသားတွေ ဗွီ အနက်လေးတောင် မပေးတတ်ဘူးလား စသည်ဖြင့် ဆိုဆုံးမမှုကို ပြုလျှင် ဤသိက္ခာပုဒ် အရ အပြစ် ရှိပါသေးသလော။

ဆိုဆုံးမခြင်းကို ရှေ့ရှုဆိုခြင်း ဖြစ်သောကြောင့် ဤသိက္ခာပုဒ်အရ အပြစ်ခံရှိပါ။

အတ္တဓမ္မ အနုသာသနီ ပုရေက္ခာရာနံ ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။

အတ္တဓမ္မအနုသာသနီပုရေက္ခာရာနဉ္စ၊ ပါဠိအဋ္ဌကထာ သင်ခြင်း ဆုံးမခြင်းကို ရှေ့ရှုကုန်သောရဟန်းတို့အားလည်းကောင်း၊ ဥမ္မတ္တကာဒီနဉ္စ၊ ၎င်း၊ အနာပတ္တိ၊ မသင့်။

---

## ပေသုည

မည်ကဲ့သို့သော ရည်ရွယ်ချက်ဖြင့် ကုန်းချောမှုသာ ပေသုညဖြစ်သည်ကို ဖြေဆို၍၊ ကုန်းတိုက်မှုကို ကိုယ်အမူအယာဖြင့် ဆောင်၍ ပြုခဲ့သော် သင့်ရောက်သောအပြစ်ကိုလည်း ရေးခဲ့ပါ။

ချစ်လာစေလိုသော ရည်ရွယ်ချက်မျိုး ကွဲပြားကြလိမ့်မည်ဟူသော ရည်ရွယ်ချက်မျိုးဖြင့် ပြောဆိုမှုသာ အပြစ်ရှိပါသည်။ ကိုယ်အမူအယာဖြင့် ဆောင်ခြင်းကြောင့်လည်း ပေသုည ကရဏ ဖြစ်သောကြောင့် ပါစိတ်အာပတ်ပင်သင့်ပါသည်။ (ပါဠိမုတ္တကစသည်တို့မှာကြည့်မသန္နင့်တူပြီ)။

ဘိက္ခုနော ပိယကမျတာယဝါ ဘေဒါဓိပ္ပါယေနဝါ ယော အင်္ဂုဠ္ဌေ တဿ ဘိက္ခုဿ ကာယေ

နာ ါ ဝါစာယ ပါ ဥပသံဟရေ တသ္မိံ ပေသုည
ကရဏာဝစနေ ပါဠိဝုတ္တိယံ အဇ္ဈော။

ဘိက္ခုနော၊ ပြောဆိုသောရဟန်း၏။ ပိယကမျတာယဝါ၊ ချစ်စေလိုသည်၏အဖြစ်ကြောင့်ရင်း၊ ဘေဒါဓိပ္ပါယေနဝါ၊ ကွဲပြားစေလိုသောကြောင့်ရင်း။ ယော၊ အကြင်ရဟန်းသို။ ဒုက္ကဋံ၊ အမျက်မထွက်အပ်။ တယာဘိက္ခုနော၊ ကို။ ဂါ၊ာယေနဝါ၊ ရင်း။ ဝါစာယဝါ၊ ရင်း။ ဥပသံဟရေ၊ ဆောင်ခြင်းကြောင့်ရင်း။ တသ္မိံ ပေသုည ကရဏာဝစနေ၊ ထိုချောပစ်ခြင်းကွဲပြားခြင်းကို ပြုတတ်သောစကားကိုဆောင်ခြင်းကြောင့်။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

## ပဒသောဓမ္မ သိက္ခာပုဒ်

ပဒသော ဓမ္မံ—ပဒအရ သရုပ်ကို ထုတ်ဆိုပြီးလျှင် အဓိပ္ပါယ်ကိုလည်း တခုစီ ရေးခဲ့ပါ။

ပဒအရကား....ပဒ, အနုပဒ, အန္ဝက္ခရ, အနုဗျဉ္ဇန အားဖြင့် လေပါးရှိပါသည်။ ထိုတွင် ဂါထာ၏ ပဌမပါဒသည် ပဒမည်၏။ ဒုတိယပါဒသည် အနုပဒမည်၏။ အက္ခရာ တလုံးဘလုံးသည် အန္ဝက္ခရမည်၏။ ရှေ့ါကျ ရှိ ဝိဘတ္တျန္တပုဒ်နှင့် တူသော နောက်ဝါကျရှိ ဝိဘတ္တျန္တပုဒ်သည် အနုဗျဉ္ဇနမည်၏။

ပဒါနုပဒ အန္ဝက္ခရ အနုဗျဉ္ဇနသု ဒေကေဋ ကော
ဋ္ဌာသန္တိ အဇ္ဈော။

ပဒါနုပဒ အန္ဝက္ခရ အနုဗျဉ္ဇနသု၊ ထိုတွင်။ ကောဋ္ဌာသည်၊ တခုတခုသော အစုကို။ ဇူဂါအယံ၊ လျှင်။ အဇ္ဈော၊ ဟည်း။

မှတ်ချက်။ သံပြိုင်ချရာ၌မနောပုဗ္ဗင်္ဂမာဓမ္မာမနောသေဋ္ဌာမနောမယာ၊ ဟူသော ဂါထာ၌ ပဌမပါဒကို ဆရာတပည့် သံပြိုင် အတူတူဆိုမိလျှင် ပဒအရ အာပတ်သင့်၏။ဆရာက ပဌမ ပါဒကို ရွတ်သည့်အချိန်မှာ တပည့်က မမှီသဖြင့် ခုန် ကျော်လိုက်ကာ မနောသေဋ္ဌာ မနောမယာ၌ သံပြိုင် ရွတ်မိအံ့ အနုပဒအရ အာပတ်သင့်၏။ ရူပံ အနိစ္စံ ဝေဒ နာ အနိစ္စာ ဟူသော စုဏ္ဏိယ၌ ရူ,ဟူသောအက္ခရာကို သံပြိုင်ရွတ်ပြီးနောက် ဆရာက ရပ်နေအံ့, ရူကို သံပြိုင် ရွတ်မိသည့်အတွက် အန္ဝက္ခရ အရ အာပတ်သင့်၏။ဆရာ က ရူပံ, အနိစ္စံဟု ဆိုရာ၌ ရူပံ ဟုဆိုပြီးနောက် အတော် ကြာမှ အနိစ္စံဟု ရွတ်၏။ တပည့်ဖြစ်သူက ဉာဏ်ကောင်း သဖြင့် ရူပံ အနိစ္စံ ဝေဒနာ အနိစ္စာဟု နှစ်ဝါကျပြီး အောင် ဆိုလိုက်၏ ၊ ထိုသို့ဆိုရာ၌ ဆရာဆိုလိုက်သော ပဌမဝါကျ အနိစ္စံပုဒ်ဖြင့် တပည့်ဆိုလိုက်သော ဒုတိယ ဝါကျ အနိစ္စာပုဒ်တို့ သံပြိုင်ကျလျှင် အနုဗျဉ္ဇန အရ အာ ပတ်သင့်လေတော့သည် ဤကဲ့သို့ အကျယ်ကိုမှတ်လေဦး။

---

● ရဟန်းကို လူသာမဏေဟူသော အမှတ်ရှိ၍ ပို့ချသော ရဟန်း ယုံမှားသံသယဖြစ်လျက် ပို့ချသော ရဟန်းတို့အား မည်သည့် အာပတ်သင့်ကြပါသနည်း။

အထက်ပါ ရဟန်းတို့အတွက် ဒုက္ကဋ်အာပတ်သင့် ပါသည်။

ဥပသမ္ပန္နေ အနုပသမ္ပန္နသညိနော ဝေမတိကဿ ဝါ ဒုက္ကဋံ။

ဆိုဆုံးမခြင်းကို ရှေ့ရှုဆိုခြင်း ဖြစ်သောကြောင့် ဤ သိက္ခာပုဒ်အရ အပြစ်မရှိပါ။

> အတ္တခမ္မ အနုသာသနိ ပုရေက္ခာရာနံ ဥမ္မတ္တကာ
> ဒိနန္တ အနာပတ္တိ။

အတ္တခမ္မအနုသာသနိပုရေက္ခာရာနဉ္စ၊ ပါဠိအဋ္ဌကထာ သင်ခြင်း ဆုံးမခြင်းကို ရှေ့ရှုကုန်သောရဟန်းတို့အားရင်း၊ ဥမ္မတ္တကာဒိနဉ္စ၊ ရင်း။ အနာပတ္တိ၊ မသင့်။

---

## ပေသုည

မည်ကဲ့သို့သော ရည်ရွယ်ချက်ဖြင့် ကုန်းချောမှုသာ ပေသုညဖြစ်သည်ကို ဖော်ပြ၍၊ ကုန်းတိုက်မှုကို ကိုယ်အမူအယာဖြင့် ဆောင်၍ ပြုခဲ့သော် သင့်ရောက်သောအပြစ်ကိုလည်း ရေးခဲ့ပါ။

ချစ်လာစေလိုသော ရည်ရွယ်ချက်မျိုး ကွဲပြားကြလိမ့်မည်ဟူသော ရည်ရွယ်ချက်မျိုးဖြင့် ပြောဆိုမှုသာ အပြစ်ရှိပါသည်။ ကိုယ်အမူအယာဖြင့် ဆောင်ခြင်းကြောင့်လည်း ပေသုည ကရဏ ဖြစ်သောကြောင့် ပါစိတ်အာပတ်ပင်သင့်ပါသည်။ (ပါဠိမုတ္တကစသည်တို့မှာညြမသနှင့်တူပြီ)။

> ဘိက္ခုနော ပိယကမျတာယဝါ ဘေဒါဓိပ္ပါယေန
> ဝါ ယော အက္ကုဋ္ဌေါ တဿ ဘိက္ခုဿ ကာယေ

လေတစ္ဆားနေ၊ ညှာ ပွင့်နှုတ်ခံသောအရာ့။ ဒေါ်သို့။ ဘာဗာဝယ်တိ၊ ချက်လောဟာ ဝစနေဒ၊ ဆိုခြင်းကြောင့်ရှင်း၊ ဧကေတော၊ နက်။ ဘာဗာန္တသပ်၊ ဆိုမိသောရဟန်းအားရှင်း။အနာပတ္တိ၊မသင့်။

---

## ပဌမ သဟသေယျ

ပဒေသောမြွေလာ အနုပသမ္ပန္နနှင့် ဒုတိယသဟသေယျလာ အနုပသမ္ပန္နတို့၏အသူးကို ရေး၍၊ တိရစ္ဆာန်နှင့် အတူ သုံးညဉ့်ထက်လွန်၍ အိပ်ပါက အပြစ်ရှိမရှိ အကြောင်းပြု ဆုံးဖြတ်ခဲ့ပါ။

ပဒေသောမြွေလာ အနုပသမ္ပန္နကား ဘိက္ခု ဘိက္ခုနီမှ တပါး လူသာမဏေများကို ရပါသည်။ ဒုတိယသဟသေယျလာ အနုပသမ္ပန္နကား ဘိက္ခုမှတပါး လူသာမဏေနှင့်တကွ ပါရာဇိကလောက်သော တိရစ္ဆာန်များကိုရ၏၊ဤကားအသူးတည်း။

အနုပသမ္ပန္န အရတွင် ပါရာဇိက လောက်သော တိရစ္ဆာန်ဟူသမျှ ပါဝင်သောကြောင့် တိရစ္ဆာန်နှင့် သုံးညဉ့်ထက် လွန်အိပ်ပါက ဤသိက္ခာပုဒ်အရ ပါစိတ် အာပတ်သင့်ပါသည်။

အနုပသမ္ပန္နနှင့် ဘိက္ခု တပေတ္တာ အနုပသမ္ပန္န သော ပါရာဇိက ၁ ... တိရစ္ဆာန် ... ။

အနုပသမ္ပန္နေနာတိ၊ ဟူသည်။ ဘိက္ခုံ၊ ကို။ ထပေတွာ၊ ၍။ အကြွင်း မသော၊ အားဖြင့်။ ပါရာဇိကဝတ္ထုဘူတေန၊ ဖြစ်သော။ တိရစ္ဆာနဂတေနာပိ ၊သော်လည်း။

---

သဟသေယျလောက်သော ကျောင်း အိမ်တို့ကို ဖော်ပြခဲ့ပါ။

အလုံးစုံ အမိုးအကာရှိသော ကျောင်းမျိုး အိမ်မျိုးသည်ရင်း၊ ထက်ဝက်ကို ပိုလွန်၍ အမိုးအကာရှိသော ကျောင်းမျိုး အိမ်မျိုးသည်ရင်း သဟသေယျလောက်သော နေရာမျိုး ဖြစ်ပါသည်။

> သဟသေယျန္တိ သဗ္ဗစ္ဆန္နပရိစ္ဆန္နေဝါ ယေဘုယျေန ဆန္နပရိစ္ဆန္နေဝါ သေနာသနေ ပုဗ္ဗာပရိ ယေနဝါ ဧကက္ခဏေဝါ ဧကတော နိပဇ္ဇနံ။

သဟသေယျန္တိ၊ ဟူသည်။ သဗ္ဗစ္ဆန္နပရိစ္ဆန္နေဝါ၊ အလုံစုံအမိုးအရံ ရှိသည်လည်းဖြစ်သော။ သေနာသနေ၊ ၌။ ပုဗ္ဗာပရိယေနဝါ၊ ရှေ့နောက်ရင်း။ ဧကက္ခဏေဝါ၊ တပြိုင်နက်ရင်း။ ဧကတော၊ နက်။ နိပဇ္ဇနံ၊ အိပ်ခြင်းကို။

---

အဆောင်ပေါင်း အခန်းပေါင်းများစွာရှိသော ကျောင်း၌ လူသာမဏေတို့နှင့် တဆောင်စီ တခန်းစီ ခွဲခြားအိပ်ပါက အပြစ်ရှိပါသလော။

ကျောပစာရဖြစ်လျှင် မအိပ်ကောင်းပါ၊ နာနူပစာရဖြစ်လျှင် အိပ်ကောင်းပါသည်။

မှတ်ချက်။ တံခါးတပေါက်ထည်းမှဝင်၍ အဆောင်အခန်း အသီးသီးသို့ တဆက်ထည်း သွားလာနိုင်သော ဝင်ထွက်ရာ တံခါးတူသည့် နေရာကို ကျောပစာရဟုဆိုသည်။ တံခါးအသီးသီးမှဝင်၍ အဆောင်အခန်း အသီးသီးသို့ သွားလာနိုင်သော ဝင်ထွက်ရာ တံခါးခွဲတူသည့် နေရာမျိုးကို နာနူပစာရခေါ်သည်။

---

● .(က) ရဟန်းကို သာမဏေ အဆင်ဖြင့် အိပ်မခြင်း (ခ)သာမဏေကို ရဟန်းအဆင်ဖြင့် အိပ်မခြင်းတို့အတွက် မည်သည့်အပြစ် ရှိပါသနည်း။

(က) အတွက် ဒုက္ကဋ် အာပတ်သင့်၏၊ (ခ) အတွက် ပါစိတ် အာပတ်သင့် ပါသည်။

ဥပ သမ္ပန္နေ အနုပသမ္ပန္န သညိနော ဝေမတိ
ကဿာ ဥပမုစ္စန္န ပရိစ္စာ႙ါဒိသုစ ဒုက္ကဋံ။

ဥပသမ္ပန္နေ၊ ၌။ အနုပသမ္ပန္နသညိနော၊ လူသာမဏေဟု အမှတ်ရှိသော ရဟန်းအားလည်းကောင်း။ ဝေမတိကဿဝါ၊ ငင်း။ ဥပမုစ္စန္န ပရိစ္စန္နာဒိသု၊ ထက်ဝက် အမိုးအရံရှိသော ကျောင်းစသည်တို့၌။ သယန္တဿစ၊ ငင်း၊ ဒုက္ကဋံ၊ သည်။ ဟောဝေ်၊ ၏။

သဟာသေယျ အဆက်ဖြတ် နည်းကို ရေးခဲ့ပါ။

အဆက်ဖြတ် နည်းကား-လေးညဉ့် မြောက်အခါ လူ စသည်ရှိသောကျောင်း၌ မအိပ်ဘဲ လူစသည် မရှိသော ကျောင်း၌ အိပ်လျှင် သဟသေယျ အဆက် ပြတ်၍ အာပတ် မသင့်တော့ပါ

**မှတ်ချက်။** **သဟသေယျ ဟင်းလေးအိုး**....လေးရက်မြောက်သော နေ့၌လူသာမဏေရှိရာကျောင်းစသည်၌ ဦးခေါင်းမချရ၊ ချမိခဲ့သည်နှင့် တပြိုင်နက် အာပတ်သင့်၏။ ဦးခေါင်းချပြီး နောက်မှ အရုဏ် မတက်ခင် ထစေကာမူ အာပတ်မှ မလွတ်၊ ငါးရက်နေ့ နေမဝင်လျှင် လူစသည် ရှိရာ ကျောင်း၌ ဦးခေါင်းချက သဟသေယျ အာပတ်ဆက် ပြန်၏။ ဤနည်းအတိုင်း လူသာမဏေရှိရာ ကျောင်း၌ ဆက်ကာ ဆက်ကာ အိပ်သွားလျှင် အာပတ်လည်း ဆက်ကာ ဆက်ကာ သင့်တော့၏၊ ဤသို့ အဆက်မပြတ် သင့်သော အာပတ်ကို သဟသေယျ ဟင်းလေးအိုးဟု ခေါ်ရိုးပြုခဲ့ကြလေသည်။

---

## ဒုတိယ သဟာသေယျ

ဤသိက္ခာပုဒ်၌ မာတုဂါမ၏ အရကို ပေါ်ပြ၍၊ လူမိန်းမမှ တပါးသော ဘီလူးမ, ပြိတ္တာမ စသည်တို့နှင့် အိပ်ခဲ့သော် သင့်ရောက်သော အပြစ်ကိုလည်း ပြခဲ့ပါ။

မာတုဂါမ အရ ယနေ့ မွေးဖွါးသော မိန်းကလေးမှ စ၍ ယူရပါမည်၊ ဘီလူးမ ပြိတ္တာမစသည်တို့နှင့်အတူအိပ်

ခဲ့သော် ဒုက္ကဋ် အာပတ်သင့်ပါသည်။ (သုံးရက်ကျော်က ပင့်မသာဟာသေယျနှင့် သင့်မည်)။

> မာတုဂါမေနာတိ အန္တမသော တဒဟု ဇာတာ ယပိ မနုဿိတ္ထိယာ ဒိဿမာန ရူပါပန ယက္ခိ ပေတိယော ပဏ္ဍကော မေထုန ဝတ္ထု ဘူတာစ တိရစ္ဆာန ဂတိယော ဣဓ ဒုက္ကဋ ဝတ္ထုကာ ဟောန္တိ။

မာတုဂါမေနာတိ၊ မာတုဂါမေနဟူသည်ကား၊ အန္တမသော၊ ဖြင့်။ တဒဟုဇာတာယပိ၊ ထိုနေ့၌ဖွားသည်သာဖြစ်သော။ မနုဿိတ္ထိယာ၊ လူ့မိန်းမနှင့်။ ဒိဿမာနရူပါ၊ ထင်ရှားသော အရုပ်ရှိသော။ ယက္ခိပေတိယောပန၊ ဘီလူး ပြိတ္တာမတို့သည်၎င်း။ ပဏ္ဍကောစ၊ ၎င်း။ မေထုနဝတ္ထုဘူတာ၊ မေထုနဝတ္ထုဖြစ်၍ ဖြစ်ကုန်သော။ တိရစ္ဆာနဂတိယောစ၊ တိရစ္ဆာန်မိန်းမတို့သည်၎င်း။ ဣဓ၊ ဤသိက္ခာပုဒ်၌။ ဒုက္ကဋဝတ္ထုကာ၊ ဒုက္ကဋ်၏ဝတ္ထုတို့သည်။ ဟောန္တိ။ ဖြစ်ကုန်၏။

---

## ဓမ္မဒေသနာ သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ ဥတ္တရိ ဆပ္ပဉ္စဝါစာဟိ၌ ဂါထာ စုဏ္ဏိယတွင် စကားတခွန်းသုံးပုံကို ပြခဲ့ပါ။

ဂါထာ၌ ကပါဒသည် စကားတခွန်းမည်၏၊ စုဏ္ဏိယ၌ ဝိဘတ်တခုဆုံးသော ပုဒ်သည် စကားတခွန်း မည်၏။

မှတ်ချက်။ ဥတ္တရိ ဆပ္ပဉ္စဝါစာအရ ဂါထာပါဒ်ဆိုလျှင် ခြောက်ပါဒ် စုဏ္ဏိယဆိုလျှင် ဝိဘတ်ချိန် ခြောက်ပုဒ်ဖြစ်သည် ဓမ္မ

ဒေသေယျံ့အရ ပဒသော ဓမ္မလာပါဠိအဋ္ဌကထာပင်တည်း ထူးခြားခြင်းမရှိ

ဥဇ္ဇုဂိရိ ဆပ္ပဉ္စဝါစာဟိတိ ဧတ္ထ ဧကော ဂါထာ ပါဒေါ ဧကာဝါစာတိ ဧဝံ သဗ္ဗတ္ထ ဝါစာ ပမာဏံ ဝေဒိတဗ္ဗံ။

ဥဇ္ဇုရိဆပ္ပဉ္စဝါစာတိ ဧတ္ထ၌။ ဧကော၊ တခုသော။ ဂါထာပါဒေါ၊ သည်။ ဧကာ၊ သော။ ဝါစာ၊ မည်၏။ ဧဝံ၊ ဤသို့။ သဗ္ဗတ္ထ၊ အလုံးစုံသော ပါဠိအဋ္ဌကထာတို့၌။ ဝါစာပမာဏံ၊ ဝါစာအတိုင်းအရှည်ကို။ ဝေဒိတဗ္ဗံ၊ ၏။

---

မြန်မာဘာသာဖြင့် တရားဟောရာ၌ အနားမှ ယောကျ်ားမရှိဘဲ ခြောက်ခွန်းထက် ပို၍ ဟောကြားခဲ့သော် အပြစ်ရှိပါသလော အကြောင်းပြ ဖြေဆိုပါ။

ဓမ္မအရမှာ ပါဠိ အဋ္ဌကထာကို ယူရသောကြောင့် မြန်မာဘာသာဖြင့် ခြောက်ခွန်းထက်ပို၍ ဟောကြားသော် အပြစ်မရှိပါ။

မှတ်ချက်။ ယခုကာလ သီလပေးကြရာဝယ် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်ဖြင့် ပါဠိတွေပါနေသော်လည်းယင်းပါဠိကား ဓမ္မ ဒေသနာ သဘောမျိုးမဟုတ်သောကြောင့် အာပတ်မသင့် ဟုမှတ်။

ဓမ္မံဒေသေယျာတိ ပဒသောဓမ္မံ ,သိက္ခာပဒေ ဝုတ္တလက္ခဏံ ဓမ္မံဝါ အဋ္ဌကထာ ဓမ္မံဝါ ဘာသေယျ။

ဓမ္မံ ဒေသေယျာဝါ ဟူသည်။ ပဒသောဓမ္မ သိက္ခာပုဒ်၌ ငွင်း လက္ခဏာ၊ ဆိုခဲ့ပြီးသော လက္ခဏာရှိသော။ ဓမ္မံဝါ၊ ပါဠိတော်ဓမ္မ ကိုလည်း အဋ္ဌကထာဓမ္မံဝါ၊ အဋ္ဌကထာဓမ္မကိုလည်း။ ဘာသေယျ၊ ဆို၏။

---

● မာတုဂါမ တဦးအား ရပ်ချက် ခြောက်ခွန်း ဟောပြီးနောက် ထိုင်လျက် ခြောက်ခွန်း ဟောသော ရဟန်း, ပဌမထိုင်လျက် ခြောက်ခွန်း ဟောပြီးနောက် တခါထ၍ ဒုတိယတထိုင် ခြောက်ခွန်းဟောသောရဟန်း တို့အား ဤသိက္ခာပုဒ်အရ အပြစ်ရှိပါသေးသလော။

အထက်ပါ ရဟန်းတို့အား ဣရိယာပုဒ်ကို ခြောက်ခွန်း ပြည့်တိုင်း ပြောင်းလဲမှုရှိသောကြောင့် အာပတ်မသင့်ပါ။

မှတ်ချက်။ အကယ်၍ မာတုဂါမများ ထိုင်နေရာ၌လည်းတယောက် လျှင် ခြောက်ခွန်းကျ မှန်း၍ဖြစ်စေ ဟောနိုင်သေးသည်။

---

● မာတုဂါမအား ခြောက်ခွန်းထက် ကျော်လွန် သော်လည်း အာပတ်မသင့်နိုင်သော နည်းများကို ညွှန်း ခဲ့ပါ။

မာတုဂါမက ပြဿနာမေးလျှင်သော်၎င်း၊ ရဟန်းက ဖြစ်စေ မာတုဂါမကဖြစ်စေ ခြောက်ပုဒ် ဟောပြီးနောက် ဣရိယာပုထ်ကို ဖျက်၍ ဟောသော်၎င်း အပြစ်မှ လွတ် ပါသည်။

သယံဝါ ဥဋ္ဌာယ ပုန နိသီဒိတွာ မာတုဂါမဿဝါ ဥဋ္ဌဟိတွာ ပုန နိသိန္နာယ အညဿဝါ မာတု

ဂါမဿ ဒေသယတော ဒီဃနိကာယောနာမ ဘန္တေ ကိံမိတ္တိယောတိ ဧဝံပန ပုစ္ဆေ သဗ္ဗမ္ပိ ဒီဃ နိကာယံဒေသေန္တဿ။

သယံဝါ၊ မိမိသည်မူလည်း။ ဥဋ္ဌာယ၊ ထ၍။ ပုန၊ ဖန်။ နိသီဒိတွာ၊ ချ၍။ ဒေသယတောဝါ၊ ဟောသော ရဟန်းအားရှင်း။ ဥဋ္ဌဟိတွာ၊ ထ၍။ ပုန၊ ဖန်။ နိသိန္နဿ၊ ထိုင်သော။ မာတုဂါမဿဝါ၊ အားမူလည်း။ ဒေသယတောစ၊ ဟောရှင်း။ အညဿ၊ သော။ မာတုဂါမဿ၊ အား၊ ဒေသယတောစ၊ ဟောရှင်း။ ဘန္တေ၊ အရှင်ဘုရား။ ဒီဃနိကာယော နာမ၊ မည်သည်။ ကိံမိတ္တိယော၊ ဘယ်အနက်ရှိပါသနည်း။ ဧဝံ၊ နှ၊ ကား။ ပုစ္ဆေ၊ သော်၊ သဗ္ဗမ္ပိ၊ သော ဒီဃနိကာယံ၊ ကို။ ဒေသေန္တဿ၊ ဟောရှင်း။ (အနာပတ္တိ၊ မသင့်)။

---

## ဘုဘာသာဆောင်စု

ဤသိက္ခာပုဒ်လာ ဥတ္တရိမနုဿဓမ္မ၏ အရကို ဖော်ပြ၍ ဘိက္ခုနီမအား ထိုတရားများကို ပြောကြား ခဲ့သော် အပြစ်ရှိ မရှိ အကြောင်းပြဖြေဆိုခဲ့ပါ။

ဥတ္တရိမနုဿဓမ္မကား- စတုတ္ထပါရာဇိကာ၌ ဆိုခဲ့ပြီး သော ဈာနလာဘီ ပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်တို့၏ တရား ပင် ဖြစ်ပါသည်၊ ဘိက္ခုနီမသည် အနုပသမ္ပန္န အရတွင် မပါဝင်သောကြောင့် အာပတ်မသင့်ပါ။

ဥတ္တရိ မနုဿ ဓမ္မန္တိ စတုတ္ထ ပါရာဇိကေ ဝုတ္တလက္ခဏံ ဥတ္တရိ မနုဿာနံ ဈာယီနဉ္စေဝ အရိယာနဉ္စ ဓမ္မံ။

ဥတ္တရိမနုဿဓမ္မန္တိ၊ ဟူသည်။ စတုတ္ထပါရာဇိကေ၊ ၌၊ ဝုတ္တလက္ခဏံ၊ ဆိုခဲ့ပြီးသောလက္ခဏာရှိသော။ ဥတ္တရိမနုဿာနံ၊ တို့၏။ ဈာယီနဉ္စေဝ၊ ဈာန်ရှိပုဂ္ဂိုလ်တို့၏လည်း၊ အရိယာနဉ္စ၊ အရိယာပုဂ္ဂိုလ်တို့၏လည်း။ ဓမ္မံ၊ ကို။

---

ဥတ္တရိမနုဿဓမ္မကို ပြောကြားရာ၌ နားလည်မှု နားမလည်မှုတို့ အတွက် အာပတ်သင့်ပုံ ခြားနားချက် ရှိပါက ထုတ်ပေါ်ပြခဲ့ပါ။

မုချ တိုက်ရိုက်အားဖြင့် ပြောကြားရာ၌ သူတစ်ပါး ပုဂ္ဂိုလ် နားလည်လျှင် ပါရာဇိကအာပတ်သင့်၏၊ နားမလည်လျှင် ဒုက္ကဋ်အာပတ်သင့်၏။ ပရိယာယ်အားဖြင့် ပြောကြားရာ၌ နားလည်သော်လည်း မလည်သော်လည်း ဒုက္ကဋ် အာပတ်သင့်၏။

> ယေနကေနစိ အာကာရေန တမတ္ထံ ဇာနာတိ ပါစိတ္တိယံ နောစေ ဇာနာတိ ဒုက္ကဋံ၊ ပရိယာယေန အာရောစိတံ ပန ဇာနာတု ဝါ မာဝါ ဒုက္ကဋမေဝ။

ယေနကေနစိ အာကာရေန၊ တစ်ခုတခုသောအကြောင်းဖြင့်၊ တမတ္ထံ၊ ထိုစကား၏အနက်ကို။ ဇာနာတိ၊ အံ့။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။ နောစေ ဇာနာတိ၊ အံ့။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ပရိယာယေန၊ ဖြင့်။ အာရောစိတံ ပန၊ ပြောကြားသည်ကိုကား။ ဇာနာတု ဝါ၊ သိသည်မူလည်းဖြစ်စေ။ မာဝါ ဇာနာတု၊ မသိသည်လည်းဖြစ်စေ။ ဒုက္ကဋမေဝ၊ သာလျှင်။ ဟောတိ၊ ၏။

---

ဥတ္တရိမနုဿဓမ္မကို ပြောကြား သော်လည်း အပြစ်မှလွတ်ခွင့်ရှိသော ပုဂ္ဂိုလ်တို့ကို ဖော်ပြ၍၊ ထိုတွင် ဥမ္မတ္တက ဒိက္ခိတ္တက ပုဂ္ဂိုလ်တို့ မပါဝင်ရခြင်းအကြောင်း ကိုလည်း ဖော်ပြခဲ့ပါ။

ထိုသို့သော အကြောင်း တစုံတခုရှိ၍ ဥပသမ္ပန္နအား ပြောကြားသော ရဟန်း, ဤသိက္ခာပုဒ်ကို ဦးစွာလွန်ကျူး သောပုဂ္ဂိုလ်တို့အား အပြစ်မှ လွတ်ကြပါသည်။ ထိုတွင် ဥမ္မတ္တက ဝိက္ခိတ္တက ပုဂ္ဂိုလ်တို့သည် အရိယာ ပုဂ္ဂိုလ်တို့ အတွက် ရူးသွပ်ခြင်းစသည် မရှိသောကြောင့် မပါဝင် သင့်ပါ။

> တထာရူပေ ကာရဏေ သတိ ဥပသမ္ပန္နဿ အာရောစယတော အာဒိကမ္မိကဿ စ အနာပတ္တိ၊ ယသ္မာ ပန အရိယာနံ ဥမ္မတ္တကာဒိဘာဝေါ နတ္ထိ၊ ဈာနလာဘိနော တသ္မိံ သတိ ဈာနာ ပရိဟာယန္တိ တသ္မာ တေ ဣဓ န ဂဟိတာ။

ယသ္မာပန၊ အကြင်ကြောင့်ကား။ အရိယာနံ၊ တို့အား။ ဥမ္မတ္တကာဒိဘာဝေါ၊ ရူးခြင်းစသောအဖြစ်သည်။ နတ္ထိ၊ မရှိ။ ဈာနလာဘိနော စ၊ တို့သည်လည်း။ တသ္မိံ၊ ထိုရူးခြင်းစသောအဖြစ်သည်။ သတိ၊ သော်။ ဈာနာ၊ မှ။ ပရိဟာယန္တိ၊ ယုတ်ကုန်၏။ တသ္မာ၊ ကြောင့်။ တေ၊ ထိုဥမ္မတ္တကစသည်တို့ကို။ ဣဓ၊ ဤသိက္ခာပုဒ်၌။ နဂဟိတာ၊ မယူ အပ်ကုန်။

## ဒုဋ္ဌုလ္လာရောစန

ဤသိက္ခာပုဒ်၌ ဘိက္ခု အရကို ကောက်ပြပြီး လျှင်၊ ဒုဋ္ဌုလ္လအရ ပါရာဇိက သံဃာဒိသေသနှစ်မျိုးတွင် အဘယ်ကို ယူရမည်ကိုလည်း ဖော်ပြခဲ့ပါ။

ဘိက္ခုအရကား ပါရာဇိကသို့ မရောက်သေးသော ရဟန်းကို ယူရပါမည်၊ ဒုဋ္ဌုလ္လ အရကား ပါရာဇိက သံဃာဒိသေသ နှစ်မျိုးတွင် ဤနေရာ၌ သံဃာဒိသေသ သာ လိုအပ်ပါသည်။

> ဘိက္ခုဿာတိ ပါရာဇိကံ အနဇ္ဈာပန္နဿ ဒုဋ္ဌုလ္လန္တိ ကိဉ္စာပိ ဒွိန္နံ အာပတ္တိက္ခန္ဓာနံ မေတံ အဓိဝစနံ ဣဓ ပန သံဃာဒိသေသ မေဝါ ဓိပ္ပေတံ။

ဘိက္ခုဿာတိ၊ ဟူသည်ကား။ ပါရာဇိကံ၊ သို့။ အနဇ္ဈာပန္နဿ၊ မရောက်သော၊ ဘိက္ခုဿ၊ ၏။ ဒုဋ္ဌုလ္လန္တိတော်၊ ဤသဒ္ဒါသည်။ ဒွိန္နံပိ အာပတ္တိက္ခန္ဓာနံ၊ နှစ်ပါးကုန်သောအာပတ်အစုတို့ကို။ ကိဉ္စာပိအဓိဝစနံ၊ အကယ်၍ကား ဟော၏ရှင့်။ ပနတထာပိ၊ သော်လည်း။ ဣဓ၊ ဤသိက္ခာပုဒ်၌။ သံဃာဒိသေသမေဝ၊ ကိုသာလျှင်။ အဓိပ္ပေတံ၊ ၏။

---

ဒုဋ္ဌုလ္လအရ အဘယ်ကြောင့် သံဃာဒိသေသ် သာ ယူရသည်ကို အကြောင်းပြ ဖြေဆိုပါ။

ဤသို့ နောင်ရှောင်ကြဉ်စေရန် လူတို့အား ပြောခွင့် သမ္မုတိ ပေးမှုကို ထောက်သောကြောင့် ဒုဋ္ဌုလ္လအရ သံဃာဒိသေသ်ကို ယူရသည်မှာ ထင်ရှားပါသည်။

မှတ်ချက်။ ပါရာဇိကသင့်ပြီး ဖြစ်လျှင်ကား နောင်ရှောင်ကြဉ်ရန် မလိုသောကြောင့် သံဃာဒိသေသ်သာ ယူသည်ဟုလို။

---

ဉ။ သိက္ခာပုဒ်ဘိက္ခုဉ္ဇသမ္မုတိယာ၏အဓိပ္ပါယ်ကို ဖော်ပြခဲ့ပါ။

အရှင်တိဿသည် အာပတ်မပြတ် သင့်နေအံ့၊ နောင်အခါ ရှဘ်ကြောက်သောအားဖြင့် ထိုအာပတ်မှ ရှောင်ကြဉ်ပါစေတော့ ဟူသော သဘောထားဖြင့် အရှင်တိဿ၏ အပြစ်ကို လူဒါယကာ ဒါယိကာမတို့အား ပြောကြားဘို့ရန် သံဃာက အပလောကနကံ (သံဃာ့အလယ်မှာ ခွင့်ပန်သော ကံ) ဖြင့် သုံးကြိမ်ဘိုင်တိုင်ပန်ကြားကာ သံဃာက ပြုအပ်သော ကတိကဝတ်ကို သမ္မုတိဟု ဆိုပါသည်။

> အညတြ ဘိက္ခု သမ္မုတိယာတိ ယံသံဃော အဘိဏှာပတ္တိကဿ ဘိက္ခုနော အာယတိံ သံဝရဏ္ဏာယ အာပတ္တိနဉ္စ ကုလာနဉ္စ ပရိယန္တံ ကတွာဝါ အကတွာဝါ၊ တိက္ခတ္တုံ အပလောကေတွာ ကတိကံ ကရောတိ။

အညတြဘိက္ခု သမ္မုဘိယာဘိ၊ ဟူသည်ကား။ သံဃော၊ သည်။ အဘိဏှာပတ္တိကဿ၊ မပြတ်အာပတ်သင့်သော၊ ဘိက္ခုနော၊ အား။ အာယတိံ၊ ဥ။ သံဝရဋ္ဌာယ၊ ငှာ။ အာပတ္တိနဉ္စ၊ တို့၏ရင်း။ ကုလာနဉ္စ၊ အမျိုးတို့၏ရင်း။ ပရိယန္တံ၊ အပိုင်းအခြားကို။ ကတွာဝါ၊ ၍ရင်း။ အကတွာ

ဝါ၊ ချဲ့ငြင်း။ တိကွဏ္ဏုံ၊ ကြိမ်။ အပလောကေတွာ၊ ၍။ ယံကိဉ္စိကဝတ္ထုံ၊ ကို။ ကရောတိ၊ ၏။

---

● အဘယ်ကဲ့သို့ ပြောဆိုလျှင် ဒုက္ကဋ်လွတ်ရာရောစန အာပတ်သင့်သည် မသင့်သည်တို့ကို ခွဲခြားပြဆိုခဲ့ပါ။

ဤရဟန်းသည် သုက္ကဝိဿဋ္ဌိအမှုကို ပြု၏ဟု ဝတ္ထု သက်သက် ကိုငြင်း ဤရဟန်းသည် သံဃာဒိသေသ် အာပတ်သင့်သည် ဟူ၍ ငြင်း ပြောကြားခြင်းမျိုးတို့ကား ဝတ္ထုသက်သက် အာပတ်သက်သက်ကို ပြောကြားခြင်း မျိုးဖြစ်သောကြောင့် အာပတ်မသင့်ပါ။ ဤရဟန်းသည် သုက္ကဝိဿဋ္ဌိအမှုကို ပြုသောကြောင့် သံဃာဒိသေသ် အာပတ်သင့်၏ဟု ဝတ္ထုနှင့် အာပတ် ကို ဂပ်၍ပြောဆို လျှင် ဒုက္ကဋ်လွတ်ရာရောစန အာပတ်သင့်ပါသည်။

> အယံ အသုစိံ မောစေတွာ သံဃာဒိသေသံ အာပန္နောတိ အာဒိနာနယေန ဝတ္ထုနာ သဒ္ဓိံ အာပတ္တိံ ဃဋေတွာ အာရောစေန္တဿ ပါစိတ္တိယံ။

အယံ၊ ဤရဟန်းသည်။ အသုစိံ၊ သုတ်ကို။ မောစေတွာ၊ လွှတ်စေ၍။ သံဃာဒိသေသံ၊ သို့။ အာပန္နော၊ ၏။ ဣတိအာဒိနာနယေန၊ ဖြင့်။ ဝတ္ထုနာ၊ နှင့်။ သဒ္ဓိံ၊ ကွ။ အာပတ္တိံ၊ ကို။ ဃဋေတွာ၊ စပ်၍။ အာရောစေန္တဿ၊ ပြောကြားသောရဟန်းအား။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

အဒုဋ္ဌုလ္လကို ဒုဋ္ဌုလ္လဟု အမှတ်ရှိသော ရဟန်း ယုံမှားရှိသောရဟန်း သံဃာဒိသေသ်မှ တပါးသော အာပတ်တို့ကို၎င်း သာမဏေများ၏ သိက္ခာပုဒ်ကို လွန်ကြူးမှုကို၎င်း ပြောကြားပါက အပြစ်ရှိမရှိ ဖြေဆိုခဲ့ပါ။

အထက်ဆိုခဲ့သော ရဟန်းတို့အတွက် ဒုက္ကဋ်အာပတ် သင့်ကြပါသည်။

> အဒုဋ္ဌုလ္လာယ ဒုဋ္ဌုလ္လသညိနော ဝေမတိကဿ ဝါ ဒုက္ကဋံ အဝသေသေ ဆအာပတ္တိက္ခန္ဓေ အနုပသမ္ပန္နဿ ပုရိမပဉ္စသိက္ခာပဒေဝီတိက္ကမသင်္ခါတံ ဒုဋ္ဌုလ္လံ ဝါ ဣတရံ အဒုဋ္ဌုလ္လံ ဝါ အဇ္ဈာစာရံ အာရောစေန္တဿာပိ ဒုက္ကဋမေဝ။

အဒုဋ္ဌုလ္လာယ၊ ဒုဋ္ဌုလ္လမဟုတ်သော ငါးပါးသော အာပတ်၌။ ဒုဋ္ဌုလ္လသညိနော ဝါ၊ ဒုဋ္ဌုလ္လအာပတ်ဟု အမှတ်ရှိသောရဟန်းအား ၎င်း။ ဝေမတိကဿ ဝါ၊ ၎င်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ အဝသေသေ ဆအာပတ္တိက္ခန္ဓေ ဝါ၊ သံဃာဒိသိသ်မှ ကြွင်းသော ခြောက်ပါးသော အာပတ်စုတို့ကို၎င်း။ အနုပသမ္ပန္နဿ၊ သာမဏေ၏။ ပုရိမပဉ္စသိက္ခာပဒေ၊ ရှေးဦးသော ငါးပါးသော သိက္ခာပုဒ်၌။ ဝီတိက္ကမသင်္ခါတံ၊ သော။ ဒုဋ္ဌုလ္လံ ဝါ၊ ရုန့်ရင်းသော အကျင့်ကို၎င်း။ ဣတရံ၊ ဝိကာလဘောဇနစသော။ အဒုဋ္ဌုလ္လံ ဝါ၊ မရုန့်ရင်းသည်လည်းဖြစ်သော အဇ္ဈာစာရံ၊ လွန်ကြူးခြင်းကို။ အာရောစေန္တဿ၊ ပြောကြားသော ရဟန်းအား။ ဒုက္ကဋမေဝ၊ သာလျှင်။ ဟောတိ၊ ၏။

## ပထဝီကဏ္ဍဆိုင်ရာပုစ္ဆာ

ဤသိက္ခာပုဒ်အရ တူးဆွကောင်းသော မြေ, မတူးဆွကောင်းသော မြေတို့ကို ခွဲခြားပြခဲ့ပါ။

ဇာတပထဝီ မြေမျိုးမှာ မတူးဆွကောင်းပါ။ အဇာတပထဝီ မျိုးမှာ တူးဆွ ကောင်းသော မြေမျိုးဖြစ်ပါသည်။

မှတ်ချက်။ မြေညက် သက်သက်နှင့်- ကျောက်ခဲရောခြင်းနည်းသော မြေမျိုးကို ဇာတပထဝီဟု ခေါ်ပါသည်။ မီးလောင်သော မြေမျိုး ကျောက်စရစ်ခဲ စသည်တို့နှင့် သုံးပုံတပုံထက် လွန်ရောသော မြေမျိုး သက်သက်သော ကျောက်စရစ်ခဲ အိုးခြမ်းကွဲ သဲတို့ အဇာတ ပထဝီဟုခေါ်ပါသည်။

---

ပထဝီနှိ ဒုဝိဓာ ဇာတပထဝီ အဇာတပထဝီ တိ။

ပထဝီနှိ ဧဧ၊ ဋ္ဌ။ ပထဝီသည်။ ဇာတပထဝီ၊ ၎င်း။ အဇာတပထဝီ၊ ၎င်း။ ဣတိ၊ သို့၊ ဒုဝိဓာ၊ ၏။

---

ဇာတပထဝီ၏ အပြားကိုရေး၍ ၎င်းတို့၏ အဓိပ္ပါယ်ကိုလည်း စေ့စုံစွာဖော်ပြခဲ့ပါ။

ဇာတပထဝီသည် သုဒ္ဓပထဝီ မိဿကပထဝီ ပုဉ္ဇပထဝီ အားဖြင့် သုံးမျိုးရှိပါသည်။ ထိုတွင်- မြူမှုန်သက်သက် သို့မဟုတ် မြေညက်သက်သက်သည့် သုဒ္ဓပထဝီမည်၏။ ကျောက်ခဲ ကျောက်စရစ် အိုးခြမ်းတို့ဖြင့် ရောနှော

သော ပံသုမတ္တိကာသည် မိဿကပထဝီမည်၏။ ပုံထား
သောမြေမှုန့် မြေညက်များသည် ပုဉ္ဇပထဝီမည်၏။

အမှာ။ မြူမှုန့်ကို ပံသုဟုခေါ်သည်- မြူမှုန့်တို့၏ အောက်၌ရှိသော
မြေသားကို မတ္တိကာဟု ခေါ်သည်မှတ်။

---

တတ္ထ ဇာတာပထဝီ သုဒ္ဓမိဿပုဉ္ဇဝသေန တိဝိဓာ၊
တတ္ထ သုဒ္ဓပထဝီနာမ ပကတိယာ သုဒ္ဓပံသုဝါ
သုဒ္ဓမတ္တိကာဝါ၊ မိဿပထဝီနာမ ယတ္ထ ပံသုတော
ဝါ မတ္တိကာတောဝါ ပါသာဏ သက္ခရကထလ
မရုမ္ဗ ဝါလုကာသု အညတရဿ တတိယော
ဘာဂေါ ဟောတိ၊ ပုဉ္ဇပထဝီနာမ အတိရေက
စာတုမာသံ ဩဝဋ္ဌော ပံသုပုဉ္ဇော ဝါ မတ္တိကာ
ပုဉ္ဇော ဝါ ဝုတ္တံ။

တတ္ထ၊ ထိုတွင်။ ဇာတပထဝီ၊ သည်၊ သုဒ္ဓမိဿ ပုဉ္ဇဝသေန၊ ဖြင့်။ တိဝိဓာ၊ ၏။ တတ္ထ၊ ထိုတွင်။ သုဒ္ဓပထဝီနာမ၊ မည်သည်ကား။ ယာ၊ အကြင်မြေသည်။ ပကတိယာ၊ ဖြင့်။ သုဒ္ဓပံသုဝါ၊ သက်သက်သော မြေမှုန့်သည်ရင်း။ သုဒ္ဓမတ္တိကာဝါ၊ သက်သက်သော မြေဆိုင်သည် ရင်း။ ဟောတိ၊ ၏။ သာ၊ ထိုမြေသည်။ သုဒ္ဓပထဝီနာမ၊ မည်၏။ မိဿ ပထဝီနာမ၊ မည်သည်။ ယတ္ထ ယာယံပထဝီယံ၊ ၌။ ပံသုတောဝါ၊ မှ ရင်း။ မတ္တိကာတောဝါ၊ မှရင်း။ ပါသာဏသက္ခရကထလ မရုမ္ဗ ဝါလုကာသု၊ ကျောက် ကျောက်စရစ် အိုးခြမ်း ကျောက်ပြတ်သဲတို့တွင်။ အညတရဿ၊ ၏။ တတိယော ဘာဂေါ၊ သည်။ ဟောတိ၊ ၏။ သာ၊ ထိုမြေသည်။ မိဿပထဝီနာမ၊ မည်၏။ ပုဉ္ဇပထဝီနာမ၊ မည်သည်ကား။ အတိရေကစာတုမာသံ၊ လွန်၍။ ဩဝဋ္ဌော၊ မိုးရွာထိသော။ ယော ပံသုပုဉ္ဇောဝါ၊ ရင်း။ ယော မတ္တိကာပုဉ္ဇောဝါ၊ ရင်း။ အတ္ထိ၊ ၏။

သော၊ ထိုမြေစုသည်။ ပုဉ္စပထဝိနာမ၊ မည်၏။ ဇ္ဇာတိ၊ သို့ပဒဘာဇနီယံ၊ ၌၊ ဝုတ္တံ၊ ၏။

---

ဤသိက္ခာပုဒ်အရ ခဏာပေယျ ဟူရာဝယ် အပ်သော စေခိုင်းနည်းမအပ်သော စေခိုင်းနည်းတို့ကို ခွဲခြားဖြေဆိုခဲ့ပါ။

ဤမြေကိုကပ္ပိယစမ်းပါ–ဤတွင်းကိုသိစမ်းပါ ဤကိုယူခဲ့စမ်းပါ စသော ခိုင်းစေချက်မျိုးမှာအပ်သော ခိုင်းစေချက်မျိုး ဖြစ်ပါသည်။ ဤတွင်းကိုတူးစမ်း ဤမြေကိုဖြိုစမ်း မီးတိုက်စမ်းစသည်ဖြင့် မြေကိုတိုက်ရိုက်ညွှန်ပြ၍ ခိုင်းခြင်းသည် မအပ်သောခိုင်းခြင်းမျိုးဖြစ်ပါသည်။

အမှာ။ မြေပေါက်လိုက် တွင်းတူးလိုက်စသော ခိုင်းခြင်းများ၌ အာပတ်မသင့်၊ သို့ရာတွင်ကပ္ပိစမ်း သိစမ်း စသောအသုံးအနှုန်းများကိုသုံးမိအောင်သတိပြုသင့်၏။

အာဝါဋံ ဇာန မတ္တိကံ ဒေဟိ အာဟရ ပံသုနာ မေ အတ္ထော၊ မတ္တိကံ ကပ္ပိယံ ကရောဟီတိ ဘဏာန္တဿ။

အာဝါဋံ၊ တွင်းကို။ ဇာန၊ သိလော့။ မတ္တိကံ၊ မြေကို။ ဒေဟိ၊ ပေးလော့။ မတ္တိကံ၊ ကို။ အာဟရ၊ ဆောင်လော့။ ပံသုနာ၊ မြေမှုန့်ဖြင့်။ အတ္ထော၊ အလိုရှိ၏။ မတ္တိကံ၊ ကို။ ကပ္ပိယံ၊ ကို။ ကရောဟိ၊ လော့။ ဣတိဧဝံ၊ သို့။ ဘဏာန္တဿစ၊ အားလည်း။ အနာပတ္တိ၊ မသင့်။

မုသာဝါဒဝဂ်ပြီး၏။

## ဘူတဂါမဝဂ်

### ဘူတဂါမသိက္ခာပုဒ်

ဘူတဂါမ ပါတဗျတာယ ၌ ဘူတဂါမ်နှင့် ဗီဇဂါမ်တို့၏ အဓိပ္ပါယ်ကို ဖြေဆိုခဲ့ပါ။

ကြီးပွါးဆဲ ကြီးပွါးကုန်သော မြက်သစ်ပင်အပေါင်းကို ဘူတဂါမ်ဟုခေါ်ပါသည်။ မျိုးစေ့အပေါင်းကို ဗီဇဂါမ်ဟု ခေါ်ပါသည်။

ဘဝန္တိ အဟေသုဉ္စာတိ ဘူတာ၊ ဇာယန္တိ ဝဍ္ဎန္တိ ဇာတာ ဝဍ္ဎိတာ စာတိ အတ္ထော၊ ဂါမောတိ ရာသိဘူတာနံ ဂါမော၊ ဘူတာ ဧဝ ဝါ ဂါမော ဘူတဂါမော။

ဘဝန္တိစ၊ ဖြစ်ဆဲလည်းဖြစ်ကုန်၏။ အဟေသုဉ္စ၊ ဖြစ်လည်းဖြစ်ကုန်ပြီ။ ဣတိတသ္မာ၊ ကြောင့်။ ဘူတာ၊ မည်၏။ ဇာယန္တိ၊ ဖြစ်ဆဲဖြစ်ကုန်၏။ ဝဍ္ဎန္တိ၊ ကြီးပွါးဆဲလည်းဖြစ်ကုန်၏။ ဇာတာ၊ ဖြစ်ကုန်ပြီ။ ဝဍ္ဎိတာ၊ ပွါးကုန်ပြီ။ ဣတိအယံ၊ လျှင်၊ အတ္ထော၊ တည်း။ ဂါမောတိ၊ ဟူသည်။ ရာသိ၊ အစုတည်း။ ဘူတာနံ၊ ကြီးပွါးဆဲ ကြီးပွါးပြီးဖြစ်ကုန်သော သစ်ပင်အပေါင်းတို့၏။ ဂါမော၊ အစုတည်း။ ဘူတဂါမော၊ ကြီးပွါးဆဲကြီးပွါးကုန်ပြီးသော သစ်ပင်အပေါင်းတို့၏အစု။ ဝါ၊ ကား။ ဘူတာဧဝ၊ ကြီးပွါးဆဲ ကြီးပွါးကုန်ပြီးသော သစ်ပင်အပေါင်းတို့သည်သာလျှင်။ ဂါမော၊ တည်း။ ဘူတဂါမော၊ အစု။

ဗီဇဂါမ် ငါးမျိုးကိုရေး၍ ၎င်းတို့ကို ဖျက်ဆီးက သင့်လျော်သောအပြစ်ကိုလည်း ညွှန်းခဲ့ပါ။

ဗီဇဂါမ်ငါးမျိုးကား - အမြစ်, ပင်စည်, အဆစ်, အညွန့်, အစေ့တို့ဖြစ်ပါသည်။ ၎င်းတို့ကို ဖျက်ဆီးလျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။

ဆောင်။ ပင်စည်, အမြစ်, အဆစ်, ညွှန့်ဖျား၊ အစေ့အား၊
ငါးပါးဗီဇဂါမ်။

မူလဗီဇ ခန္ဓဗီဇ ဖလုဗီဇ အဂ္ဂဗီဇ ဗီဇ ဗီဇာနံ
အညတရံ၊ တာဝ တံ ဝိကောပေန္တဿ ဒုက္ကဋံ။

မူလဗီဇ ခန္ဓဗီဇ ဖလုဗီဇ အဂ္ဂဗီဇ ဗီဇ ဗီဇာနံ၊ အမြစ်မျိုးစေ့ ပင်စည်မျိုးစေ့ အဆစ်မျိုးစေ့ အညွန့်မျိုးစေ့ အစေ့မျိုးစေ့တို့တွင်။ အညတရံ၊ တပါးပါးသော။ တာဝ၊ လောက်။ တံ၊ ထိုဗီဇဂါမ်ကို။ ဝိကောပေန္တဿ၊ ဖျက်စေသောရဟန်းအား၊ ဒုက္ကဋံ၊ သည်၊ ဟောတိ၊ ၏။

မျိုးစေ့ကိုစိုက်ပျိုးသောအခါ အမြစ်သာထွက်၍ အညွန့်မထွက်သေးသော၎င်း အညွန့်သာထွက်၍ အမြစ်မထွက်သေးသော၎င်း ဗီဇဂါမ်, ဘူတဂါမ် နှစ်မျိုးတွင် အဘယ်တွင်ပါဝင်ပါသနည်း။

အမြစ်သာထွက်၍ အညွန့်မထွက် အညွန့်သာထွက်၍ အမြစ်မထွက်လျှင် ဗီဇဂါမ်ဟု ခေါ်ရပါမည်၊ အမြစ် အညွန့် နှစ်မျိုးလုံးထွက်လျှင် ဘူတဂါမ်ဟုခေါ်ရပါမည်။

ဘူမိယံ ရောပိတမ္ပိ နိက္ခန္တမူလမင်္ကုရံ ဝါ နိက္ခန္တ
အင်္ကုရမင်္ကုရံ ဝါ သစေပိသာ ဝိဒ္ဓဂ္ဂမတ္တာ ပဏ္ဏဝဋ္ဋိ
နိဂ္ဂစ္ဆတိ အနိက္ခန္တေသု ဝါ မူလေ နိက္ခန္တေသု ဝါ မူလေ
ယာဝ အင်္ကုရော ဟရိတော န ဟောတိ၊ တာဝ တံ။

ဘူမိယံ၊ မြေ၌။ ရောပိတမ္ပိ၊ စိုက်သော်လည်း၊ နိက္ခန္တမူလမင်္ကုရံ ဝါ၊ အမြစ်ထွက်ကာမျှကို၎င်း။ နိက္ခန္တအင်္ကုရမင်္ကုရံ ဝါ၊ အညွန့်ထွက်ကာမျှကို၎င်း။ သစေပိ၊ လည်း၊ အသာ၊ ထိုမျိုးစေ့၏။ ဝိဒ္ဓဂ္ဂမတ္တာ၊ တထွာမျှလောက်သော။ ပဏ္ဏဝဋ္ဋိ၊ အရွက်ဖူးသည်။ နိဂ္ဂစ္ဆတိ၊ ထွက်အံ့။ မူလေ၊ အမြစ်သည်။ အနိက္ခန္တေသု ဝါ၊ မထွက်သော်၎င်း။ နိက္ခန္တေသု ဝါ၊ ထွက်သော်၎င်း။ ယာဝ၊ လောက်။ အင်္ကုရော၊ အညွန့်သည်။ ဟရိတော၊ စိမ်းသည်။ န ဟောတိ၊ မဖြစ်။ တာဝ၊ လောက်။ တံ၊ ထိုဗီဇဂါမ်ကို။

---

◉ ဤသိက္ခာပုဒ်၌ အပ်သောစေခိုင်းနည်း မအပ်သောစေခိုင်းနည်းတို့ကို ခွဲခြား၍ ရေးခဲ့ပါ။

ဤသစ်ပင်ကို သိစမ်း ကပ္ပိစမ်း ဤငရုတ်သီးကို ကပ္ပိစမ်း စသည်ဖြင့် ပထဝီခဏနသိက္ခာပုဒ်အတိုင်း ခိုင်းခြင်းမျိုးကား အပ်သောခိုင်းနည်းမျိုးဖြစ်ပါသည်၊ ဤသစ်ပင်ကို ဖြတ်စမ်း ခုတ်စမ်း လှဲစမ်း ချိုင်စမ်း ဤအသီးကိုဆွတ်စမ်း စသည်ဖြင့် ခိုင်းခြင်းမျိုးကား မအပ်သောခိုင်းခြင်းမျိုးဖြစ်ပါသည်။

ဣမံ ရုက္ခန္တိ ဧဝံ အနိယမေတွာ ရုက္ခံ ဆိန္ဒ ဝလ္လိံ
ဆိန္ဒာတိ အာဒိနာ ဘဏန္တဿ ဣမံ ပုပ္ဖံ ဝါ
ဖလံ ဝါ ဇာန ဣမံ ဒေဟိ ဣမံ အာဟရ ဣမိနာ

မေ အတ္ထော ဇမ္ဗုံ ကပ္ပိယံ ကရောဟိတိ ဘဏန္တဿစ အနာပတ္တိ။

ဇမ္ဗုရုက္ခန္တိ၊ ဤသစ်ပင်ဟူ၍။ ဧဝံ၊ သို့၊ အနိယမေတွာ၊ မမှတ်မူ၍၊ ရုက္ခံ၊ ကို။ ဆိန္ဒ၊ ဖြတ်လော့။ ဝလ္လိံ၊ နွယ်ကို။ ဆိန္ဒ၊ လော့၊ ဣတိ အာဒိနာ၊ စကားတို့ကို၊ ဘဏန္တဿစ၊ အားရင်း။ ဇမ္ဗုပုပ္ဖံ ဝါ၊ မူလည်း။ ဇာနာ၊ သိလော့။ ဇမ္ဗုဖလံ ဝါ၊ မူလည်း။ ဇာနာ၊ လော့။ ဇမ္ဗုံ၊ ဤသစ်သီးစသည်ကို။ ဒေဟိ၊ ပေးလော့။ ဇမ္ဗုံ၊ ကို။ အာဟရ၊ ဆောင်လော့၊ မေ၊ အား။ ဇမ္ဗုနာ၊ ဤသစ်သီးစသည်ဖြင့်။ အတ္ထော၊ အလိုရှိ၏။ ဇမ္ဗုံ၊ ဤသစ်သီးစသည်ကို။ ကပ္ပိယံ၊ အပ်သည်ကို။ ကရောဟိ၊ လော့။ ဣတိ၊ သို့။ ဘဏန္တဿစ၊ အားရင်း။ အနာပတ္တိ၊ မသင့်။

---

● အပ်သောနည်းဖြင့် သစ်ပင် သစ်သီးစသည်ကို ခုတ်ခြင်း ဆွတ်ခြင်းကို ပြုစေပြီးသည့်အခါ ဘူတဂါမ် အဖြစ်ကင်းခဲ့လေပြီဖြစ်သောကြောင့် နောက်ထပ် အပင် ပေါက်ဦးမည်ဖြစ်လျှင် မည်ကဲ့သို့ပြုလုပ်ရမည်ကို ညွှန်း ခဲ့ပါ။

နောက်ထပ် အပင်ပေါက်ဦးမည်ဖြစ်လျှင် ဗီဇဂါမ်ဖြစ် နေသေးသောကြောင့် ရဟန်းများ သုံးဆောင် ကောင်း အောင် ကပ္ပိခြင်းကိုပြုရပါသေးသည်။

---

● ကပ္ပိပုံနည်းအမျိုးမျိုးကို ရေးသားထုတ်ပြခဲ့ပါ။

(၁)မီးဖြင့်တိုက်ခြင်း (၂) ဒါးဖြင့်ခုတ်ခြင်း (၃)လက် သည်းဖြင့် ဆိတ်ဖြတ်ခြင်း (၄) အစေ့နှု၍ အပင်မပေါက်

နိုင်ခြင်း ( ၅ ) အစေ့ကို ထုတ်၍ ပစ်ခြင်းအားဖြင့် ငါး မျိုးရှိပါသည်။

အမှာ။ ရှေးသုံးပါးမှာ ဝိနည်းကံ၌လာသည်၊ နောက်နှစ်ပါးကား ဝိနည်းကံ၌ မလာဟုမှတ်။

ကပ္ပိယံ ကာရောန္တေနပန အဂ္ဂိနာဝ နခေနဝ
သတ္ထေနဝ ကဏ္ဍမှိ။

ကပ္ပိယံ၊ ကို၊ ကာရောန္တေနပန၊ ပြုသောလူသာမဏေသည်ကား။ အဂ္ဂိနာဝ၊ မီးဖြင့်ရင်း။ နခေန၊ လက်သည်းခြေသည်းဖြင့်ရင်း။ သတ္ထေန ဝ၊ ဓါးဖြင့်ရင်း။ ကဏ္ဍမှိ၊ ၏။

---

● ကပ္ပိပုံကို ပါဠိဘာသာ အားဖြင့်သော်ရင်း မြန်မာဘာသာ အားဖြင့်သော်ရင်း ပြဆို၍၊ ထားဖြင့် ကပ္ပိရာ၌ မည်ကဲ့သို့ဖြစ်မှ ကပ္ပိခြင်း မြောက်သည်ကို လည်း ဖြေဆိုခဲ့ပါ။

ကပ္ပိလိုသောရဟန်းက- ကပ္ပိယံကရောဟိ ဆိုရပါ မည်၊ ထိုအခါ လူသာမဏေ၌ ထားဖြင့်သော်ရင်း လက် သည်း ဖြင့်သော်ရင်း ဖြတ်တောက်၍ ကပ္ပိယံဘန္တေ ဟု ဆိုရပါမည်၊ ပါဠိဘာသာအားဖြင့် မဆိုတတ်လျှင်ရဟန်း က ကပ္ပိစမ်းဟု ဆို၍ လူသာမဏေက ကပ္ပိပါ၏ဘုရား ဟုဆိုရပါမည်၊ ယင်းသို့ ကပ္ပိရာ၌ ဖြတ်ရာ ပေါက်ရာ ထင်မှသာ ကပ္ပိခြင်း အထမြောက် အောင်မြင်ပါသည်။

ခေါင်း။ ဖြတ်ရာ ပေါက်ရာ၊ ထင်မှသာ၊ မြောက်ရာ ထား လက်သဲ။

## အညဝါဒကဝိဟေသကသိက္ခာပုဒ်

အညဝါဒက- ဝိဟေသကေ ၌ အညဝါဒက ဝိဟေသကတို့၏ အဓိပ္ပါယ်ရေး၍၊ သာဝသေသအာပတ် အနာဝသေသအာပတ်ကိုလည်း ခွဲခြားပြခဲ့ပါ။

မေးမြန်းအပ်သောအကြောင်းကို မဖြေလိုသဖြင့် ထို စကားကို အခြားစကားဖြင့် ဖုံးလွှမ်းခြင်းသည် အညဝါဒကမည်၏၊ ဆိတ်ဆိတ်နေလျက် သံဃာကိုညှဉ်းဆဲခြင်းသည် ဝိဟေသကမည်၏၊ သံဃာဒိသေသ် စသော အာပတ်သည် အမြစ်အရင်းမပြတ်သေးဘဲ ကြွင်းကျန်နေသေးသောကြောင့် သာဝသေသမည်၏၊ ပါရာဇိက အာပတ်သည် အမြစ်အရင်းနှင့်တကွ အကြွင်းအကျန် မရှိသောကြောင့် အနာဝသေသအာပတ်မည်၏။

> ယမတ္ထံ သံဃမဇ္ဈေ ဝိနယဓရော ပုစ္ဆိတော၊ တတော
> အညံ ဝဒတီတိ အညဝါဒကော၊ အညေနာညံ
> ပဋိစရဏဿေတံ နာမံ၊ ဝိဟေသတီတိ ဝိဟေ
> သကော၊ တုဏှီဘာဝဿေတံ နာမံ။

ယမတ္ထံ၊ အကြင်အနက်ကို။ သံဃမဇ္ဈေ၊ ၌။ ဝိနယဓရော၊ သည်။ ပုစ္ဆိတော၊ ၏။ တတော၊ ထိုအနက်မှ။ အညံ၊ တပါးသောအနက်ကို။ ဝဒတိ၊ ဆိုတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ အညဝါဒကော၊ မည်၏။ ဧတံ၊ ထိုအမည်သည်။ အညေနာညံ၊ တပါးသော စကားဖြင့် တပါး သောစကားကို။ ပဋိစရဏဿ၊ ဖုံးလွှမ်းခြင်း၏။ နာမံ၊ တည်း။ ဝိဟေသတိ၊ ညှဉ်းဆဲတတ်၏။ ဣတိ၊ ကြောင့်။ ဝိဟေသကော၊ မည်၏။ ဧတံ၊

ထိုအမည်သည်။ တုဏှီဘာဝဿ၊ ဆိတ်ဆိတ် နေသော အဖြစ်၏။ နာမံ၊ တည်း။

---

အညဝါဒက-ဝိဟေသကအမှုကို ပြုလျှင်ပြုခြင်း ပါစိတ်အာပတ် သင့်သည်ဟု မှတ်ရမည်လော။

ပြုလျှင်ပြုခြင်း ပါစိတ်အာပတ်မသင့်သေးပါ။ အညဝါဒကတံ ဝိဟေသကတံ ပြုသေးမှီ အညဝါဒကအမှု ဝိဟေသကအမှုကိုပြုက ဒုက္ကဋ်အာပတ်သာ သင့်ပါသည်။ အညဝါဒကတံ ဝိဟေသကတံကို ပြုပြီးမှ အညဝါဒက ဝိဟေသကအမှုကို ပြုလျှင်သာ ပါစိတ်အာပတ် သင့်ပါသည်။

အနာရောပိတေ ပန အညဝါဒကေဝါ ဝိဟေသကေဝါ တထာ ကရောန္တဿ ဒုက္ကဋမေဝ။

အညဝါဒကေဝါ၊ အညဝါဒက ကံကိုရင်း။ ဝိဟေသကေဝါ၊ ကိုရင်း။ အနာရောပိတေပန၊ မတင်သည်ရှိသော်ကား။ တထာ၊ ထိုသို့ အချင်းချင်းဆိုခြင်းကို ညှဉ်းဆဲခြင်းကို။ ကရောန္တဿ၊ အား။ ဒုက္ကဋမေဝ၊ လျှင်၊ ဟောတိ၊ ၏။

---

ဤသိက္ခာပုဒ်၌ အဘယ်ကဲ့သို့ရှိသော ပုဂ္ဂိုလ်မျိုးသည် အပြစ်မှ လွတ်နိုင်ပါသနည်း။

အာပတ်သင့်မှုန်းကို မသိသဖြင့် အရှင်ဘုရား ဘာကို အမိန့်ရှိပါသလဲဟု ပြန်မေးသောရဟန်း အနာရောဂါ

ရှိသောရဟန်း၊ သံဃဘေဒဖြစ်မည်ကို သိသောရဟန်း၊ အဓမ္မကံမျိုး သို့မဟုတ် ဝဂ္ဂကံမျိုးကို ပြုကြလိမ့်မည်ဟု သိသောရဟန်း ဥမ္မတ္တကရဟန်းတို့အား ဆိတ်ဆိတ်နေမှုမှာ အာပတ်မသင့်ပါ။

> အာပတ္တိံ အာပန္နဘာဝံ ဝါ အဇာနန္တဿ ကိံ
> တုမှေ ဘဏထာတိ ပုစ္ဆတော ဂေလညေန ဝါ
> သံဃဿ ဘဏ္ဍနာဒီနိ ဝါ ဘဝိဿန္တိ အဓမ္မေန
> ဝါ ဝဂ္ဂေန ဝါ န ကမ္မာ ရဟဿ ဝါ ကမ္မံ
> ကရိဿန္တီတိ ဣမိနာ ဝိပ္ပါဒေန န ကထေန္တဿ
> ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။

အာပတ္တိံ၊ ကို။ အာပန္နဘာဝံ၊ သင့်သောအဖြစ်ကိုရင်း။ အဇာနန္တဿ၊ မသိသည်ဖြစ်၍။ တုမှေ၊ အရှင်ဘုရားတို့သည်။ ကိံ၊ အဘယ်ကို။ ဘဏထ၊ ဆိုပါသနည်း၊ ဣတိ၊ သို့၊ ပုစ္ဆတော စ၊ မေးသောရဟန်းအားရင်း။ ဂေလညေန ဝါ၊ အနာခံရောဂါကြောင့်ရင်း။ သံဃဿ၊ သံဃာအား။ ဘဏ္ဍနာဒီနိ၊ ငြင်းခုံခြင်း စသည်တို့ကိုမူလည်း၊ ဘဝိဿန္တိ၊ လတ္တံ့။ ဣတိ ဣမိနာ ဝိပ္ပါဒေန ဝါ၊ ဖြင့်ရင်း။ အဓမ္မေန ဝါ၊ အဓမ္မကံဖြင့်ရင်း။ ဝဂ္ဂေန ဝါ၊ မညီမညွတ်သဖြင့်ရင်း။ နကမ္မာရဟဿ ဝါ၊ ကံမထိုက်သောသူအားရင်း။ ကမ္မံ၊ ကို။ ကရိဿန္တိ၊ လတ္တံ့။ ဣတိ ဣမိနာ ဝိပ္ပါဒေန၊ ဖြင့်၊ နကထေန္တဿ စ၊ အားရင်း။ ဥမ္မတ္တကာဒီနဉ္စ၊ ရင်း။ အနာပတ္တိ၊ မသင့်။

## ဥဇ္ဈာပနက သိက္ခာပုဒ်

● ဥဇ္ဈာပနက နှင့် ခိယျနက တို့၏ အထူးကို ရေးခဲ့ပါ။

မိမိမှန်းသောသူ၏အကြောင်းကို အခြားရဟန်းထံသို့ သွား၍ အသင်အပြင်သေးအောင် တိုက်ရိုက်ပြောဆိုခြင်း သည် ဥဇ္ဈာပနကမည်၏၊ ဆန္ဒာဂတိ လိုက်၍ စသော စကားကို တစုံတယောက်ထံသို့တိုက်ရိုက်မပြောကြားဘဲ ကြားလောက်အောင် အပေါင်း အဖေါ် ချင်း မှန်းသူ၏ အပြစ်ကို အတင်းပြောခြင်း ရှုတ်ချခြင်းသည် ခိယျနက မည်၏။

ယေနဝစနေန ဥဇ္ဈာပေန္တိ ဆန္ဒာယ ဣတ္ထန္နာမော ဣတ္ထံနာမ ကရောတီတိ အာဒီနိ ဝဒန္တာ ဥဇ္ဈာပေန္တိ သံဃေန သမ္မတံ သေနာသနပညာပကာဒိဘေဒံ တထာ အယသကာမာ ဟုတွာ ဘိက္ခူပိ အဝဇာနာပေန္တိ၊ အဝညာယ ဩလောကာပေန္တိ လာမကတော ဝါ စိန္တာပေန္တိ တံဝစနံ ဥဇ္ဈာပနကံ ယေနစ တထေဝ ဝဒန္တာ ခိယန္တိ သဗ္ဗတ္ထဘာသ အဝဏ္ဏံပကာသေန္တိ တံ ခိယျနကံ။

ယေနဝစနေန၊ ဖြင့်။ ဥဇ္ဈာပေန္တိ၊ ယုတ်သောအားဖြင့်သိစေကုန်၏။ ဆန္ဒာယ-ဆန္ဒေန၊ အားဖြင့်။ ဣတ္ထန္နာမော၊ ရဟန်းသည်။ ဣတ္ထံနာမကမ္မံ၊ ကို။ ကရောတိ၊ ၏။ ဣတိအာဒီနိ၊ တို့ကို။ ဝဒန္တာ၊ ကုန်

လျက်။ ဥပသမ္ပန္နံ၊ ကို။ သံဃေန၊ သည်။ သေနာသန ပညာပကာဒိ ဘေဒံ၊ သေနာသနပညာပကစသည်ကို။ သမ္မတံ၊ ၏။ တဿ၊ ထိုပုဂ္ဂိုလ်၏။ အယသ-ကာမာ၊ အခြံအရံမဲ့ကို အလိုရှိကုန်သည်။ ဟုတွာ၊ ၍။ ဘိက္ခူဟိ၊ တို့ကို။ အဝဏ္ဏေနာပေက္ခိ၊ အယုတ်အားဖြင့်သိစေကုန်၏။ အာဝဇ္ဇာယ၊ ယုတ်သောကြည့်ခြင်းဖြင့်။ ဩလောကာပေက္ခိ၊ ကြည့်စေကုန်၏။ ဝါ၊ ကား။ ယာမကတော၊ ယုတ်သောအားဖြင့်။ ဝိန္တာပေက္ခိ၊ ကြီးစေကုန်၏။ တံပေနံ၊ သည်။ ဥပဇ္ဈာပနံ၊ မည်၏။ ယေန ဝစနေန၊ ဖြင့်။ ကထေဝ၊ သည်လျှင်။ ဝဇ္ဇာ၊ ကုန်လုက်။ ခီယန္တိ၊ ကုန်မ၏။ သဇ္ဈာ၊ ပေါ်သိမ်းသောအရပ်တို့၌။ တဿ၊ ရဟန်း၏၊ အဝဏ္ဏံ၊ ကို။ ပကာသေ ၊ ကုန်၏။ တံ၊ ထိုစကားသည်။ ခီယနကံ၊ မည်၏။

---

ဤသိက္ခာပုဒ်၌ သင့်သောအာပတ်သည် မည်ကဲ့သို့သော ရဟန်းဖြစ်ပါမှ ပါစိတ်အာပတ် သင့်သည်မသင့်သည်ကို ခွဲခြား၍ပြခဲ့ပါ။

အာဂန္တုများအတွက် အိပ်ရာနေရာ ခင်းပေးသော သေနာသန ပညာပကရဟန်းသံဃာများကို ဆွမ်းညွှန်ပြသော ဘတ္တုဒ္ဒေသကရဟန်း သစ်သီးကို ဝေဘန်သော ဖလဘာဇက စသည်ဖြင့် သံဃာက သမုတ်ထားသော သံဃာ့ တာဝန်ဆောင်ရဟန်းများဖြစ်ပါမှ ပါစိတ် အာပတ်သင့်ပါသည်၊ ထိုကဲ့သို့ သမ္မုတိမရသော်ငြား ပြောရာ ပုဂ္ဂိုလ်က ရဟန်းမဟုတ် လူသာမဏေသာ ဖြစ်သော်ငြား လူသာမဏေ၏မဟုတ်မမှန်သောအဖြစ်ကိုပြောသော်ငြား ဒုက္ကဋ်အာပတ်သာသင့်ပါသည်။

## ပဌမသေနာသနံ

ဤသိက္ခာပုဒ်၌ မဉ္စ, ပီဌ, ဘိသိ, ကောစ္ဆ တို့၏ အဓိပ္ပါယ်ကို အသီးသီးရှင်းခဲ့ပါ။

ယခုကာလ အိပ်ရာ ခုတင်အမျိုးမျိုးသည် မဉ္စ မည်၏။ သုံးစွဲနေကြသော စားပွဲထိုင်ခုံ ကုလားထိုင်အမျိုးမျိုးသည် ပီဌမည်၏။ အပြင်မှ အဝတ်သော်၎င်း သမင်ရေစသော အပ်သောသားရေကိုချုပ်ပြီးလျှင် အတွင်း၌ အဆာသွတ်ထားသော ဖုံမွေ့ရာအမျိုးမျိုးသည် ဘိသိမည်၏။အလယ်၌ အတွင်းသို့ကျုံ့ဝင်၍ အထက် အောက် အပြန့်ကျယ်သော အခင်းတမျိုးသည် ကောစ္ဆမည်၏။

> မဉ္စာဒီသု ယောကောစိ မဉ္စသင်္ခေပေန ကတော
> သဗ္ဗောပိ မဉ္စောယေဝ ပီဌေပိ ဧသေဝနယော၊
> ယေနကေနစိ ပန စောဠေန ဝါ ကပ္ပိယစမ္မေန ဝါ
> ဆဝိံ ကတွာ ထပေတွာ မနုဿလောမံ တာလိသ
> ပဏ္ဏဉ္စ ယေဟိ ကေဟိစိ လောမပဏ္ဏ တိဏ
> ဝါက စောဠေဟိ ပူရေတွာ ကတသေနာသနံ
> ဘိသိတိ ဝုစ္စတိ၊ ကောစ္ဆံ ပန ဝါက ဥသိရ မုဉ္ဇ
> ပဗ္ဗဇာဒီနံ အညတရမယံ အန္တော သံဝေဋ္ဌိတွာ
> ဗဒ္ဓံ ဟေဋ္ဌာစ ဥပရိစ ဝိတ္ထတံ ပဏဝသဏ္ဌာနံ
> မဇ္ဈေသိပဟစမ္မာနိ ပရိက္ခိတ္တံ ဟောတိ။

မဉ္စာဒီသု၊ တို့တွင်။ ယောကောစိ၊ သော။ မဉ္စသင်္ခေပေန၊ အသွင်ဖြင့်။ ကတော၊ သော။ သဗ္ဗောပိ၊ ညောင်စောင်းသည်လည်း။ မဉ္စော

ယော၊ သာလျှင်တည်း။ ဝိဇ္ဇော်၊ ၌လည်း။ ဓသေဝနယော၊ ၏။ ယေန ကေနစိ၊ သော၊ စောဠေနဝါ၊ ဖြင့်ရင်း။ ကပ္ပိယစမ္မေနဝါ၊ ဖြင့်ရင်း။ ဆပိ၊ အရေကို။ ကတွာ၊ ၍။ မနုဿသောမဥ္စ၊ ရင်း။ တာလီသ ပတ္တဥ္စ၊ သက်သက်သောပန်းညိုရွက်ကိုရင်း။ ထပေတွာ၊ ၍။ ယေဟိ ကေဟိစိ၊ ကုန်သော။ လောမပဏ္ဏတိဏဝါကစောဠေဟိ၊ သားမွေး သင်ရှက် မြက်လျှော်ပုဆိုးတို့ဖြင့်။ ပူရေတွာ၊ ၍။ ကတသေနာသနံ၊ ကို။ ဘိသိတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ကောစ္ဆံပန၊ ကား။ ဝါဠသိရ မုဥ္စတိဏ ပဗ္ဗဇာဒီနံ၊ လျှော်ပန်းရင်းမြှက်မြက်ပြိတ်မြက်စသည်တို့တွင်။ အညတရ ယေ၊ တပါးပါးဖြင့်ပြီး၏။ အဗ္ဘန္တရေ၊ ၌။ သံဝေလ္လိတွာ၊ ရစ်၍။ ဗန္ဓိ၊ ၏။ ဟေဋ္ဌာစ၊ အောက်၌ရင်း။ ဥပရိစ၊ အထက်၌ရင်း။ ဝိတ္ထတံ၊ ကျယ်၏။ ပလာလသဏ္ဌာနံ၊ ထက်ဝည်သဏ္ဌာန်၏။ မဇ္ဈေ၊ ၌။ သီဟ စမ္မာဒိပရိက္ခိတ္တမ္ပိ၊ ခြသေ့ရေစသည်တို့ဖြင့်ရံအပ်သည်။ ဟောတိ၊ ၏။

---

ပဥ္စနှင့် ဝိဥ္စတို့၏ ထူးခြားဟန်ကိုရေး၍ ယင်းတို့၏ အပြားကိုလည်း ရေးခဲ့ပါ။

အကျား အားဖြင့် လေးဘောင်လွှာ, လေးတောင်ရှိလျှင် မဥ္စမည်၏၊ ထို့အောက်တိုလျှင် ပီဌမည်၏။ မဥ္စ ပီဌတို့၏ အပြားကား- မသာရက, ဗုန္ဒိကာဗဒ္ဓ, ကုဠီရပါဒက, အာဟစ္စပါဒကတို့ဖြစ်ပါသည်။

ဆောင်။ မသာရက၊ ဗုန္ဒိကာ၊ ကုဠီရပါဒက်၊ အာဟစ္စံ၊ လေးတန်-မဉ္စ, ပီပြား။

● ဘိသိအပြားနှင့် ပမာဏကို ရေး၍၊ အဇ္ဈောကာသေအရ မဉ္စ ပီဌ တို့၏ မခင်းကောင်းရာ ဌာနတို့ကို ထုတ်ဖေါ်ပြခဲ့ပါ။

ဘိသိအပြားကား-ဥဏ္ဏ, ပဏ္ဏ, တိဏ, ဝါက, စောဠ တို့ဖြစ်ပါသည်။ ပမာဏကားမရှိပါ၊ မခင်းကောင်းသော ဌာနများကား- ဟင်းလင်းအပြင် လွင်တီးခေါင်ရပ် မိုး မလုံသောမဏ္ဍပ် ကျီးစသည်တို့ အမြဲနေရာ သစ်ပင် အောက်တို့ဖြစ်ပါသည်။

တထာပိ ပကတိ အဇ္ဈောကာသေစ ဩဝဿက
မဏ္ဍပေစ သန္ထရိတုံ နဝဋ္ဋတိ၊ ကာကာဒီနံ
နိဗဒ္ဓဝါသရုက္ခမူလေ ပန ကဒါစိပိ နဝဋ္ဋတိ။

တထာပိ၊ ထိုသို့ရှာငြားသော်လည်း။ ပကတိအဇ္ဈောကာသေစ၊ ပြကတေ့သောလွင်တီးခေါင်၌ရင်း။ ဩဝဿကမဏ္ဍပေစ၊ မိုးစွတ်သော မဏ္ဍပ်၌ရင်း။ သန္ထရိတုံ၊ ငှါ။ နဝဋ္ဋတိ၊ အပ်။ ကာကာဒီနံ၊ ကျီး စသည်တို့၏။ နိဗဒ္ဓဝါသရုက္ခမူလေပန၊ အမြဲနေသောသစ်ပင်ရင်း၌ကား။ ကဒါစိပိ၊ လည်း။ နဝဋ္ဋတိ၊ အပ်။

---

● မဉ္စ ပီဌ တို့၏ မခင်းကောင်းရာ အခါကာလ တို့ကို ပိုင်းခြားပြခဲ့ပါ။

မိုးလေးလ ဖြစ်သော်ရင်း ဆောင်းလေးလ၌ မိုး ရွာသောအရပ် ဖြစ်သော်ရင်း နွေလေးလ၌ သော်ရင်း မခင်းကောင်းပါ။

ယဉ္စပန ဟေမန္တေ ဝဿတိ တဉ္စ အပရေပိ
စတ္တာရောမာသေ နဝဋ္ဋတိ။

ယဉ္စပန၊ အကြင်အရပ်၌ကား။ ဟေမန္တေ၊ ဆောင်းလ၌။ ဝဿတိ၊ နှင်းမိုးရွာ၏။ တဉ္စ၊ ထိုအရပ်၌။ အပရေပိ၊ ကုန်သော။ စတ္တာရော မာသေ၊ ပတ်လုံး။ သန္ထရိတုံ၊ ငှါ။ နဝဋ္ဋတိ၊ မအပ်။

---

❁ သန္ထရိတွာအရ-မည်သူ့အတွက် ခင်းသည်ကို ယူရပါမည်နည်း ဖြေဆို၍၊ ခင်းထားသောညောင်စောင်း အခင်းပျဉ် စသည်တို့အတွက် မည်သူ့တာဝန်ဖြစ်ကြောင်း ကိုလည်း ရှင်းခဲ့ပါ။

မိမိအတွက် သူတပါးအတွက် နှစ်မျိုးလုံးနှင့် ဆိုင်ပါသည်၊ အခင်းအတွက် မိမိနေထိုင်ပါက မိမိ တာဝန် ဖြစ်ပါသည်၊ သူတပါးအတွက် ခင်းထားပါက နေမည့် ရဟန်း မလာသေးသော်၎င်း နေမည့်ရဟန်း ခွင့်ပြုခြင်း မပြုသေးသော်၎င်း ခင်းသူ့တာဝန် ဖြစ်ပါသည်၊ ကျန် သောအချိန်များအတွက် နေသူ ရဟန်း၏ တာဝန်သာ ဖြစ်ပါသည်။

သန္ထရိတွာတိ တထာရူပေ ဌာနေ အတ္တနော ဝါ
ပရဿဝါ အတ္ထာယ သန္ထရိတွာ. အညဿတ္ထာ
ယ သန္ထတမ္ပိ ဟိ ယာဝ သော တဉ္စ နိသီ
ဒတိ ဂစ္ဆတူတိ ဝါ နဘဏတိ တာဝ သန္ထ
ရကဿေဝ ဘာရော။

သံန္တရိတွာတိ၊ ဟူသည်။ တထာရူပေ၊ သော။ ဌာနေ၊ ၌။ အဇ္ဈနေ၁ဝါ၊ ၏ရင်း။ ပရဿ ၁ါ၊ ၏ရင်း။ အဇ္ဈာသ၊ ၎ါ။ သန္တရိတွာ၊ ၍။ ဟိ၊ သင့်စွ။ အညဿဇ္ဈာသယ၊ ၎ါ။ သန္တတမ္ပိ၊ ခင်းသော်လည်း။ ယာဝ၊ လောက်။ သော၊ ထိုတပါးသောရဟန်းသည်။ တဏ္ဍ၊ ထိုအခင်း၌။ နနိသီဒတိ၊ မနေသေး။ တံ၊ သည်။ ဂန္တ၊ သွားလေလေ့။ ဇူတိဝါ၊ လည်း။ နဘာဏာတိ၊ ဆို။ တာဝ၊ လောက်၊ သန္တရကဿ၊ ခင်းသောရဟန်း၏လျှင်။ ဘာရော၊ ဝန်တည်း။

---

သန္တရာပေတွာအရ မည်သူတို့ကို ခင်းစေအပ်သည်ကို ဖြေဆို၍၊ အနာပုစ္ဆံဝါ ဂစ္ဆေယျ၌ မည်သူတို့ကို ပန်ကြားရမည်ကိုလည်း ရေးခဲ့ပါ။

ခင်းစေအပ်သောသူများကား-အနုပသမ္ပန္နပုဂ္ဂိုလ်မျိုး ဖြစ်ပါသည်။

ပန်ကြားရမည့် သူများကား- မိမိ ပစ္စည်း ကဲ့သို့ သဘောထားကာ ဆိမ်းဆည်းမည့် ရဟန်း သာမဏေ အရာမ်စောင့်တို့ ဖြစ်ပါသည်။

> သန္တရာပေတွာတိ အနုပသမ္ပန္နေန သန္တရာပေတွာ၊ အနာပုစ္ဆံဝါ ဂစ္ဆေယျာတိ ယော ဘိက္ခုဝါ သာမဏေရောဝါ အာရာမိကောဝါ လဇ္ဇီ ဟောတိ။

သန္တရာပေတွာတိ၊ ဟူသည်။ အနုပသမ္ပန္နေန၊ လူသာမဏေကို။ သန္တရာပေတွာ၊ ခင်းစေ၍။ အနာပုစ္ဆံဝါ ဂစ္ဆေယျာတိ၊ ဟူသည်။ ယောဘိက္ခုဝါ၊ ရင်း။ ယောသာမဏေရောဝါ၊ ရင်း။ ယောအာရာမိကောဝါ၊ ရင်း။ လဇ္ဇီ၊ သူတော်ကောင်းသည်။ ဟောတိ၊ ၏။

● အနာပုစ္ဆိုဝါ ဂဏ္ဌေယျ အရ မပန်ကြားဘဲ သွားတိုင်း အာပတ် သင့်ပါသလော ဖြေဆိုရ၍ အဖြေ ကာသဘွဲ့ ညောင်ဖောင်းအင်းချည်ကိုခင်း၍ ပစ်သွားသော ရဟန်း အဘယ်အခါ၌ အဘယ် အာပတ်သင့်သည်ကို လည်း ဖြေဆိုခဲ့ပါ။

မပန်ကြားဘဲ သွားတိုင်း အာပတ်မသင့်ပါ၊ သို့သော် ငါပြန်လာလျှင် သိမ်းဆည်းမည် ဟူသော ငဲ့ကွက်မှု စိတ်မျိုးရှိမှ အာပတ်မသင့်ပါ။ ခင်းထားရာအရပ်မှ ထာမ မန္တိမပုရိသယောကျ်ား၏ ခဲဘကျကို ပဌမခြေလှမ်းလွန် သောအခါ ဒုက္ကဋ်အာပတ်သင့်ပါသည်။ ဒုတိယခြေလှမ်း လွန်လျှင် ပါစိတ်အာပတ်သင့်ပါသည်။

> တထာရူပံ အနာပုစ္ဆိတွာ ဘိသေနာသနံ တသ္မ
> အနိယျာဒေတွာ နိရာပေက္ခော ဂစ္ဆတိ ထာမ
> မဇ္ဈိမဿ ပုရိသဿ လေဍ္ဍုပါတံ အတိက္ကမေယျ၊
> တဿ ဧကေန ပါဒေန လေဍ္ဍုပါတာတိက္ကမေ
> ဒုက္ကဋံ ဒုတိယပါဒါ တိက္ကမေ ပါစိတ္တိယံ။

တထာရူပံ၊ ထိုသို့ သဘောရှိသော သူကို။ အနာပုစ္ဆိတွာ၊ ၍။ တံသေနာသနံ၊ ကို။ တဿ၊ ထိုသူအား။ အနိယျာဒေတွာ၊ မဆောင် နှင်းမူ၍။ နိရာပေက္ခော၊ မငဲ့ကွက်သည်ဖြစ်၍။ ဂစ္ဆတိ၊ အံ့။ ထာမမဇ္ဈိမဿ၊ အား အလယ်အလတ်ရှိသော။ ပုရိသဿ၊ ၏။ လေဍ္ဍုပါတံ၊ ခဲတကျကို။ အတိက္ကမေယျ၊ လွန်ငြားအံ့။ တဿ၊ ဘိက္ခုနော၊ အား။ ဧကေနပါဒေန၊

ဖြင့်။ လေဍ္ဍုပါတာတိက္ကမေ၊ ခဲဘကျက်လွန်ခြင်းကြောင့်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဒုတိယပါဒါတိက္ကမေ၊ ကြောင့်။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

ဤသိက္ခာပုဒ်၌ ဒုက္ကဋ်ဝတ္ထုအဖြစ်ဖြင့် ဖြစ်ထိုက်သော သရုပ်ကို ဖော်ထုတ်ခဲ့ပါ။

သရုပ်ကား- စိမိလိကာ ဥတ္တရတ္ထရဏာ, ဘူမတ္ထရဏာ, တဋ္ဋိကာ စမ္မက္ခဏ္ဍာ ပါဒပုဉ္ဆနီ, ဖလကပီဌ, ဒါရုဘဏ္ဍာ, မတ္တိကာဘဏ္ဍာ ပတ္တာဓာရတို့ ဖြစ်ပါသည်။

ဆောင်။ စိမိလိက, ဥတ္တ, ဘူမ, တဋ္ဋိကာ၊
စမ္မ, ပါဒ, ဖလက, ဒါရု, မတ္တိ, တာ၊

စိမိလိကံ ဝါ ဥတ္တရတ္ထရဏံ ဝါ ဘူမတ္ထရဏံ ဝါ
တဋ္ဋိကံ ဝါ စမ္မက္ခဏ္ဍံ ဝါ ပါဒပုဉ္ဆနိံ ဝါ ဖလကပီဌံ ဝါ
ယံ ဝါ ပန ကိဉ္စိ ဒါရုဘဏ္ဍံ မတ္တိကာဘဏ္ဍံ အန္တမ
သော ပတ္တာဓာရကမ္ပိ ဝုတ္တလက္ခဏေ အဇ္ဈော
ကာသေ ထပေတွာ ဂစ္ဆန္တဿ ဒုက္ကဋမေဝ။

စိမိလိကံ ဝါ၊ ပုဆိုးကြမ်းအခင်းကိုရင်း။ ဥတ္တရတ္ထရဏံ ဝါ၊ အထက်အခင်းကိုရင်း။ ဘူမတ္ထရဏံ ဝါ၊ မြေအခင်းကိုရင်း၊ တဋ္ဋိကံ ဝါ၊ ထန်းရွက်စသည်တို့ဖြင့်ပြီးသော ဖျာကိုရင်း။ စမ္မက္ခဏ္ဍံ ဝါ၊ သားရေပိုင်းကိုရင်း။ ပါဒပုဉ္ဆနိံ ဝါ၊ ခြေသုတ်ပုဆိုးကိုရင်း။ ဖလကပီဌံ ဝါ၊ သစ်သားအင်းပျဉ်ကိုရင်း။ ယံ ဝါ ပန ကိဉ္စိ၊ အလုံးစုံသော။ ဒါရုဘဏ္ဍံ၊ သစ်သားဘဏ္ဍာ

ကိုရင်း။ မတ္တိကာ ဘဏ္ဍံဝါ၊ မြေညက် ဘဏ္ဍာ ကိုရင်း။ အန္တမသော၊ အားဖြင့်။ ပတ္တဓာရကမ္ပိ၊ သပိတ်ခြေကိုသော်လည်း။ ဝုတ္တလက္ခဏော၊ သော။ အဝ္ဗောကာသော၊ ဥ၊ ထပေတွာ၊ ၍။ ဂဏ္ဌိကသော၊ အား။ ဒုက္ကဋမေဝ၊ လျှင်။ ဟောတိ။ ၏။

---

● ဉာသိက္ခာပုဒ်၌ အပြစ်မှလွတ်ခွင့်ရှိသော ပုဂ္ဂိုလ်ကို ဖော်ပြခဲ့ပါ။

ဘိလူးသားရဲတို့ နှောက်ယှက်သော်ရင်း။ အသက်၏ အန္တရာယ်, သာသနာတော်၏ အန္တရာယ် ဖြစ်ပေါ်လာသော်ရင်း၊ မသိမ်းဆည်းသော်လည်း အပြစ်မှ လွတ်ပါသည်။

အမနုဿော တတ္ထ နိသီဒတိ ကောစိ ရုက္ခသရော ဂစ္ဆတိ ဘိယာဒယော တံ ဌာနံ အာဂန္တွာ တိဋ္ဌန္တိ ဖေ ံ သေနာသနံ ပလိဗုဒ္ဓံ ဟောတိ တထာ ပလိဗုဒ္ဓေဝါ သာသနေ ဖိဝိတ ဗြဟ္မစရိယန္တရာယကရော သု အာပဒါသုဝါ ဂဏ္ဌိကသ ဥမ္မတ္တကာဒိနဉ္စ အနာပတ္တိ။

အမနုဿော၊ ဘီလူးပြိတ္တာသည်။ တတ္ထ၊ ထိုနေရာ၌။ နိသီဒတိ၊ အံ့။ ကောစိ ရုက္ခသရော၊ တစုံတယောက်သောအစိုးရသူသည်။ ဂစ္ဆတိ၊ အံ့။ ဘိယာဒယော၊ တို့သည်၊ တံ ဌာနံ၊ သို့။ အာဂန္တွာ၊ ၍။ တိဋ္ဌန္တိ၊ ကုန်အံ့။ ဧဝံ၊ သို့။ သေနာသနံ၊ ကို။ ပလိဗုဒ္ဓံ၊ နှိပ်စက်အပ်သည်။ ဟောတိ၊ ၏။ သေနာသနေ၊ ကို။ တထာ ပလိဗုဒ္ဓေ၊ သော်။ အနုဒ္ဓရိတွာ၊ ၍။ ဂဏ္ဌိကသ၊

အားရင်း။ ဇီဝိတဗြဟ္မစရိယန္တရာယကရာသု၊ အသက်၏ အန္တရာယ် သာသနာ၏ အန္တရာယ်ကိုပြုတတ်ကုန်သော။ အာပဒါသု ၀ါ၊ ဘေးရန်တို့ကြောင့်ရင်း။ ဂန္ထန္တိ သစ၊ အားရင်း။ ဥမ္မတ္တကာဒိနဉ္စ၊ တို့အားရင်း။ အနာပတ္တိ၊ မသင့်။

---

## ဒုတိယသေနာသနံ

ဤသိက္ခာပုဒ်၌ ဝိဟာရ၏ အရကို ကောက်ပြီးပြီး လျှင် သေယျ၏သရုပ်ကိုထုတ်ဆိုခဲ့ပါ။

ဝိဟာရ၏အရကား တိုက်ခန်းသော်ရင်း၊ အမိုးအကာ လုံသော အဆောက်အဦကိုရင်း ယူရပါမည်။ သေယျ၏ သရုပ်ကား ဘိသိ, ဗိမ္ဗိလိက, ဥတ္တရတ္ထရဏ, တဋ္ဋိကာ, စမ္မက္ခဏ္ဍ နိသီဒန, ပစ္စတ္ထရဏ, တိဏသန္ထာရ ပဏ္ဏသန္ထာရတို့ ဖြစ်ပါသည်။

**ဆောင်**။ ဘိသိ, ဗိမ္ဗ, ဥတ္တရ, ဘူမ, တဋ္ဋိကာ၊
နိသီစမ္မ, ပစ်, တိဏ၊ ပဏ္ဏသန္ထာရာ။

ဝိဟာရေတိ ဂဗ္ဘေ ဝါ အညတရသ္မိံ ဝါ သဗ္ဗပရိစ္ဆန္နေ ဝါ ဂုတ္တ သေနာသနေ သေယျန္တိ သေယျာ နာမ၊ ဘိသိ ဗိမ္ဗိလိကာ ဥတ္တရတ္ထရဏံ ဘူမတ္ထရဏံ တဋ္ဋိကာ စမ္မက္ခဏ္ဍော နိသီဒနံ၊ ပစ္စတ္ထရဏံ တိဏသန္ထာရော ပဏ္ဏသန္ထာရောတိ ဝုတ္တံ။

ဇုဏှာသယ ၂၄၄-၁၇

ဝိဟာရေ တိ၊ ဟူသည်။ ဂဗ္ဘေဝါ၊ တိုက်ခန်း၌ပင်။ အညတရသ္မိံ၊ သော။ သဗ္ဗပရိစ္ဆန္နေ၊ အလုံးစုံအရံရှိသော။ ဂုတ္တသေနာသနေဝါ၊ လုံခြုံသောကျောင်း၌ပင်။ သေယျာနာမ၊ မည်သည်၊ ဘိသိ။ ငင်း။ လ။ ပဏ္ဏသန္ထာရော၊ သစ်ရွက်အခင်းငင်း။ ဣတိဧဝံ၊ သို့။ ပဒဘာဇနိယေ၊ ၌။ ဝုတ္တံ၊ ၏။

---

ညောင်စောင်းစသည်ကို မသိမ်းဆည်း မပန်ကြားဘဲ သွားသော ရဟန်းအား မည်သည့် အခါ၌ မည်သည့်အာပတ်သင့်သည်ကို ဖြေဆိုခဲ့ပါ။

အကာအရံရှိလျှင် ယင်း အကာအရံကို အကာအရံ မရှိလျှင် အား အလယ် အလတ် ရှိသော ယောက်ျား၏ ခဲတကျကို ပဌမခြေလှမ်းလွန်သောအခါ ဒုက္ကဋ် ဒုတိယ ခြေလှမ်းလွန်သောအခါ ပါစိတ်အာပတ်သင့်ပါသည်။

> အနာပုစ္ဆာ ဝါ ဂစ္ဆေယျ တဿ ပရိက္ခိတ္တဿ အာရာမဿ ပရိက္ခေပံ အပရိက္ခိတ္တဿ ဥပစာရံ အတိက္ကမန္တဿ ပဌမပါဒေ ဒုက္ကဋံ ဒုတိယပါဒေ ပါစိတ္တိယံ။

အနာပုစ္ဆာ ဝါ၊ ၍လည်း။ ဂစ္ဆေယျ၊ အံ့။ တဿ ဘိက္ခုနော၊ အား။ ပရိက္ခိတ္တဿ၊ အရံရှိသော။ အာရာမဿ၊ ၏။ ပရိက္ခေပံ၊ ကို။ အပရိက္ခိတ္တဿ၊ သော။ အာရာမဿ၊ ၏။ ဥပစာရံ၊ ကို။ အတိက္ကမန္တဿ၊ အား။ ပဌမပါဒေ၊ ရှေးဦးစွာ ခြေတလှမ်းကြောင့်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဒုတိယပါဒေ၊ ကြောင့်။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

ညောင်စောင်း အင်းချည် စသည်ကို လွင်တီး ခေါင်ဒွဲခင်း၍ ပစ်သွားသော ရဟန်းအား မည်သည့် သိက္ခာပုဒ်အရ မည်သည့် အာပတ် သင့်သည်ကို ဖြေဆို ခဲ့ပါ။

ခဲသကျကိုလွန်လျှင် ပထမသေနာသန သိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်၏၊ ကျောင်းဥပစာကိုလွန်သွားလျှင် ဒုတိယသေနာသန သိက္ခာပုဒ်အရ ဒုက္ကဋ်သင့်၏။

မှာ။ ဒုတိယ သေနာသန သိက္ခာပုဒ်လာ သေယျာ ဆယ်မျိုးကို အဇ္ဈောကာသ၌ ခင်း၍ပစ်သွားလျှင် ပထမ ဒုတိယသေနာသန သိက္ခာပုဒ်များဖြင့် ဒုက္ကဋ်အာပတ် သင့်နိုင်ကြသည်။

ပြန်လာမည်ဟူသော သဘောထားဖြင့် အရပ် တပါးသို့သွား၍၊ ထိုအရပ်သို့ရောက်မှပင် တခြားအရပ်သို့ သွားလိုသော် မည်ကဲ့သို့ ပြုလုပ်ရမည်ကို ရေး၍ အရပ် တပါးသို့သွားယင်း ဖြစ်ရေလျှံသော်၎င်း၊ ခိုးသူအန္တရာယ် ဖြစ်သော်၎င်း အပြစ်ရှိမရှိကိုလည်း ရေးခဲ့ပါ။

အရပ်တပါးသို့ ဆက်၍သွားလိုသော် ထိုအရပ် မှ တယောက်ယောက်ကို စေလွှတ်၍ နေရာများကိုသိမ်း ဆည်းရန် ပန်ကြားနိုင်းရပါမည်၊ ဖြစ်ရေလျှံသောအခါ၌ ၎င်း ခိုးသူအန္တရာယ် ဖြစ်ပေါ်လာသောအခါ၌၎င်း ပြန် မလာနိုင်သော်လည်း ဤသိက္ခာပုဒ်အရ အပြစ်မှ လွတ် ပါသည်။

> ယောဝ အဇ္ဇေဝ အာဂတ္ဝာ ပဋိဇဂ္ဂိဿာမိတိ ဧဝံ
> သာပေက္ခော နဒီပါရံ၊ ဂါမန္တရံ ဂတ္ဝာ
> ယဒ္ဓဿ ဂမနစိတ္တံ ဥပ္ပန္နံ တတ္တေဝ ဌိတော
> ကိဉ္စိ ပေသေတ္ဝာဝ၊ အာပုစ္ဆတိ နဒီပူရရာဇ
> စောရာဒီသုဝါ ကေနစိ ပလိဗုဒ္ဓေါ နသက္ကောတိ
> ပစ္စာ ဂန္တုံ တဿစ။

ယောဝ၊အကြင်ရဟန်းသည်လည်း။ အဇ္ဇေဝ၊ယနေ့ပင်လျှင်။ အာဂန္တွာ၊ ပြန်လာ၍။ ပဋိဇဂ္ဂိဿာမိတိ၊သိမ်းဆည်းအံ့ဟု။ သာပေက္ခော၊ ငဲ့ကွက်ခြင်းနှင့်တကွ။ နဒီပါရံဝါ၊မြစ်တဘက်သို့ရင်း။ ဂါမန္တရံဝါ၊ရွာတပါးသို့ရင်း။ ဂန္တွာ၊ ၍။ ယတ္တ၊ အကြင်အရပ်၌။ အဿ၊ ထိုရဟန်းအား။ ဂမနစိတ္တံ၊ အရပ်တပါးသို့သွားလိုသောစိတ်သည်။ ဥပ္ပန္နံ၊ဖြစ်၏။တတ္ထေဝ၊ ၌ပင်လျှင်။ ဌိတော၊ တည်လျက်။ ကိဉ္စိ၊ တစုံတယောက်သောသူကို။ ပေသေတွာဝါ၊မူလည်း။ အာပုစ္ဆတိ၊ပန်အံ့။နဒီပူရရာဇစောရာဒီသုဝါ၊ မြစ်ရေလျံခြင်း မင်းခိုးသူ စသည်တို့တွင်မူလည်း။ကေနစိ၊ တစုံတခုသည်။ ပလိဗုဒ္ဓေါ၊နှိပ်စက်အပ်သည်ဖြစ်၍။ ပစ္စာဂန္တုံ၊ တဖန်ပြန်လာခြင်းငှါ။ နသက္ကောတိ၊ မနိုင်။ တဿစ၊ထိုရဟန်းအားရင်း။ (အနာဂပတ္တိမသင့်)

---

## အနုပခဇ္ဇ သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ ဇာတ်နံအရ ဇာတ်နိတဗ္ဗ သရုပ်ကို ထုတ်ဆိုခဲ့ပါ။

မိမိထက် သီတင်းသိက္ခာကြီးသော ရဟန်း, ဂိလာန ရဟန်း သံဃာက အမြဲနေရန် ကျောင်းပေးထားသော ရဟန်းတို့ ဖြစ်ပါသည်။

ဝုဍ္ဎောတိ ဇာနာတိ ဂိလာနောတိ ဇာနာတိ
သံဃေန ဒိန္နောတိ ဇာနာတိ။

ဝုဍ္ဎောတိ၊ သိတင်းကြီး၏ဟူ၍၊ ဇာနာတိ၊ ၏။ ဂိလာနောတိ၊ ၍။ ဇာနာတိ၊ ၏။ သံဃေန၊ သည်။ ဒိန္နောတိ၊ ပေးအပ်သောကျောင်းရှိသောသူဟူ၍။ ဇာနာတိ၊ ၏။

---

အနုဋ္ဌာပနီယာ မထစေသင့်သော ရဟန်းဟု ဆိုရာ၌ အဘယ့်ကြောင့် မထစေသင့်သည်ကိုဖော်ပြခဲ့ပါ။

သိတင်းကြီးသူမှာ ရိုသေထိုက်သောကြောင့်၎င်း။ ဂိလာနမှာ သနား ညှာတာ သင့်သော ကြောင့်၎င်း။ သံဃာက ကျောင်းပေးထားသောရဟန်းမှာ သံဃာက ကျောင်းပေးထားသောကြောင့် အထမခိုင်းရပါ။

ဝုဍ္ဎောတိ အတ္တနော ဝုဍ္ဎတာယ အနုဋ္ဌာပနီယော
ဂိလာနော ဂိလာနတာယ။

ဟိယသ္မာ၊ ကြောင့်။ ဝုဍ္ဎော၊ ကို။ အတ္တနော၊ ၏၊ ဝုဍ္ဎတာယ၊ ကြောင့်။ အနုဋ္ဌာပနီယော၊ အပ်၊ ဂိလာနော၊ ကို။ ဂိလာနတာယ၊ ကြောင့်။ အနုဋ္ဌာပနီယော၊ အပ်၊

---

အနုပခဇ္ဇ အဘယ်ကဲ့သို့ နေထိုင်ခြင်းမျိုးကို ဆိုလိုသည် ဖြေဆိုပြီးလျှင် သေယျံကပ္ပေယျ၌ အိပ်ခြင်း ကိုပါ မကာ ထိုင်ခြင်းကိုပါ ယူသင့် မယူသင့်ကိုလည်း ရေးခဲ့ပါ။

ရဟန်းနေထိုင်ရာ ကျောင်းစောင်းအင်းပျဉ်၏ ဥပစာ တထောင့်ထွာအရပ်အတွင်းသို့ရင်း ထွက်ရာဝင်ရာ လမ်း နှင့်တကွ လမ်း၏ဥပစာ တထောင့်ထွာအရပ်တွင်းသို့ ရင်း ဝင်ရောက်နေထိုင်မှုကို ဆိုလိုပါသည်။ သေယျာကပွေ့ယျ၌ အိပ်ခြင်းကိုသာမက ထိုင်ခြင်းကိုပါ ယူရပါမည်။

မှတ်ချက်။ ထို့ကြောင့် အိပ်လျှင် ပါစိတ်, ထိုင်လျှင်ပါစိတ်, အိပ်ခြင်း, ထိုင်ခြင်း နှစ်မျိုးကိုပြုက ပါစိတ် နှစ်ချက်သင့်၏။

> အနုပခဇ္ဇာတိ မဇ္ဈိမာနံဝါ တဿဝါ ဘိက္ခုနော ပဝိသန္တဿဝါ နိက္ခမန္တဿဝါ ဥပစာရေ အနုပဝိသိတွာ။

အနုပခဇ္ဇ ဣတိ၊ဟူသည်။ တဿဘိက္ခုနော၊ ၏၊မဇ္ဈိမာနံဝါ၊ တို့၏ ရင်း။ ပဝိသန္တဿဝါ၊ဝင်ရာအရပ်၏ရင်း။ နိက္ခမန္တဿ၊ ထွက်ရာအရပ် ၏ရင်း။ ဥပစာရေ၊သို့။ အနုပဝိသိတွာ၊ ထိုးဝင်၍။

---

သံဃိကမဟုတ်သော ဆွမ်းစားစရပ် စသည်၌ ရင်း၊ ကျောင်း၏ ဥပစာ၌ရင်း၊ ကိုယ်တိုင် ခင်းခြင်း၊ သူတပါးကိုခင်းစေခြင်းတို့ကြောင့် မည်သည့် အပြစ်ရှိပါ သနည်း။

ကိုယ်တိုင်ခင်းခြင်းသူတပါးကိုခင်းစေခြင်းတို့ကြောင့် ဒုက္ကဋ်အာပတ်သင့်ပါသည်။

> ဥပဋ္ဌာန သာလာဒိကေဝါ ဝိဟာရဿ ဥပစာရေဝါ သန္ထရဏ သန္ထရာပနေသုပိ နိသဇ္ဇ သယနေသုပိ ဒုက္ကဋမေဝ။

ဥပဋ္ဌာနသာလာဒိကေဝါ၊ ဆွမ်းစားစရပ်စသည်၌ရှင်း။ ဝိဟာရသိမ်၊ ၏။ ဥပစာရေဝါ၊ ၌ရှင်း။ သန္ထရဏ–သန္ထရာပနေသုပိ၊ ခင်းခြင်း ခင်းစေခြင်းတို့ကြောင့်ရှင်း။ ဒုက္ကဋမေဝ၊ လျှင်။ ဟောတိ၊ ၏။

---

## နိဿဇ္ဇန သိက္ခာပုဒ်

● ယောပန ဘိက္ခု၊ ဘိက္ခုံ၌ ဘိက္ခု၊ အရ ယူသင့်သော ဘိက္ခုကို ညွှန်းပြ၍ နိဿဇ္ဇန အမျိုးအစားကိုလည်း ဖော်ပြခဲ့ပါ။

ဘိက္ခု၊ အရ ရန်ဖြစ်ခြင်းစသည်မှကင်းသော သူတော်ကောင်း ရဟန်းကို ယူရပါမည်။ နိဿဇ္ဇနသည်–ကာယနိဿဇ္ဇန၊ ဝါစာနိဿဇ္ဇန ဟူ၍နှစ်မျိုးရှိပါသည်။

---

● နှင်ထုတ်ခြင်း နိဿဇ္ဇနအမှုအတွက် သင့်ရောက်သော အာပတ်တို့ကို သင့်သလိုဖော်ပြခဲ့ပါ။

သံဃိကကျောင်းမှ ကိုယ်တိုင်ဆွဲထုတ်ရာ၌ တောက်လျှောက် ဆွဲထုတ်လျှင် ပါစိတ်အာပတ်၊ အာပတ်တချက်၊ အကြား၌ ရပ်ကာရပ်ကာဆွဲထုတ်လျှင် တံခါးပေါက်အရေအတွက် အားလျော်စွာ ပါစိတ်အာပတ် သင့်၏။ ပါးစပ်က ထွက်ဟု စကားတခွန်းတည်းဖြင့် အပြင်ရောက်အောင် တောက်လျှောက် ထွက်သွားမူ ပါစိတ်တချက်သာ၊ ရပ်ကာရပ်ကာနေသဖြင့် ထွက်ထွက်ဟု

အကြိမ်ကြိမ်ပြောရလျှင် တံခါးပေါက် အရေအတွက် အားလျော်စွာ ပါစိတ်အာပတ်သင့်၏။

တာဒိသေသု သေနာသနေသု ဂဟေတွာ အန္တရေ အဋ္ဌပေတွာ ဧကေနေဝ ပယောဂေန အတိက္ကာမေန္တဿ ဧကံ ပါစိတ္တိယံ၊ အန္တရေ ထပေတွာ နာနာပယောဂေဟိ အတိက္ကာမေန္တဿ ဒွါရဂဏနာယ ပါစိတ္တိယာနိ၊ ဟတ္ထေန အနာမသိတွာ နိက္ခမာတိ ဝတွာ ဝါစာယ နိက္ခမန္တဿာပိ ဧသေဝ နယော။

တာဒိသေသု-သေနာသနေသု၊တို့၌။ ဂဟေတွာ၊၍။ အန္တရေ၊၌။ အဋ္ဌပေတွာ၊မထားမူ၍၊ ဧကေနေဝပယောဂေန၊ ဖြင့်လျှင်။အတိက္ကာမေန္တဿ၊လွန်စေသောရဟန်းအား။ ဧကံ၊ သော။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊၏။ အန္တရေ၊အကြား၌။ ထပေတွာ-ဌပေတွာ၊ထား၍ထား၍၊ နာနာပယောဂေဟိ၊ တို့ဖြင့်။အတိက္ကာမေန္တဿ၊အား။ဒွါရဂဏနာယ၊ တံခါးအရေအတွက်အတိုင်း။ ပါစိတ္တိယာနိ၊တို့သည်။ဟောန္တိ၊ကုန်၏။ ဟတ္ထေန၊ဖြင့်။အနာမသိတွာ၊ မသုံးသပ်မူ၍။ နိက္ခမ၊ ထွက်လော့၊ ဣတိ၊ သို့။ဝတွာ၊၍။ ဝါစာယ၊ဖြင့်။ နိက္ခမန္တဿာပိ၊ နှင်ထုတ်သောရဟန်း အားလည်း။ ဧသေဝနယော၊၏။

---

ကိုယ်တိုင်နှင်ထုတ်ခြင်း သူတပါးကို နှင်ထုတ်စေခြင်းတို့ကြောင့် ဒုက္ကဋ်ဝတ္ထု အမှုမျိုးတို့ကို ပေါ်ပြခဲ့ပါ။

သံဃိကကျောင်း၏ ဥပစာမှ ဖြစ်စေ၊ ပုဂ္ဂလိက ကျောင်းမှ ဖြစ်စေ ဆွမ်းစားစရပ် ဖြစ်သော

ကျောင်း ဥပစာမှ ဖြစ်စေ၊ ရဟန်းကို ခွဲထုတ်လျှင် ဒုက္ကဋ်၊ ယှုသာမဏေ၏ ပစ္စည်းပရိက္ခရာကို ခွဲထုတ်လျှင် ဒုက္ကဋ်သင့်ပါသည်။

တဿ ပရိက္ခာရ နိက္ခိပနေ ဥပဇ္ဈာနသာလာဒိကာ ဝိဟာရူပစာရာ တဿဝါ တဿ ပရိက္ခာရဿ ဝါ နိက္ခိပနေ အနုပသမ္ပန္နဿ ပန အနုပသမ္ပန္နဿ ပရိက္ခာရဿ ဝါ ဝိဟာရ ဝိဟာရူပစာရာဝါ နိက္ခိပနေ နိက္ခိပါပနေစ ဒုက္ကဋမေဝ။

တဿ ဘိက္ခုဿ၏။ ပရိက္ခာရနိက္ခမနေစ၊ ပရိက္ခရာကိုထုတ်ခြင်းကြောင့်၎င်း။ ဥပဇ္ဈာနသာလာဒိကာ၊ စသော။ ဝိဟာရူပစာရာ၊ မှ။ တဿဝါ၊ ထိုရဟန်းကို၎င်း။ တဿ၊ ၏။ ပရိက္ခာရဿဝါ၊ ကို၎င်း။ နိက္ခမနေစ၊ ကြောင့်၎င်း။ အနုပသမ္ပန္နဿပန၊ ကို၎င်း။ အနုပသမ္ပန္နဿ ပရိက္ခာရဿဝါ၊ ကို၎င်း။ ဝိဟာရာ၊ မှ၎င်း။ ဝိဟာရူပစာရာ၊ မှ၎င်း။ နိက္ခမနေစ၊ ကြောင့်၎င်း။ နိက္ခမာပနေစ၊ ကြောင့်၎င်း။ ဒုက္ကဋမေဝ၊ သာလျှင်ဟောတိ၊ ၏။

မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို နှင်ထုတ်လျှင် အပြစ်မှ လွတ်နိုင်သည်ကို ဖြေဆိုခဲ့ပါ။

ရန်ဖြစ်သောရဟန်း၊ အလဇ္ဇီရဟန်း၊ ဥမ္မတ္တကရဟန်း၊ ကောင်းစွာ မကျင့်သော တပည့်တို့ကို နှင်ထုတ်ခြင်းကြောင့် အပြစ်မရှိပါ။

ဘဏ္ဍနကာရကာဒိကံ ဥမ္မတ္တကာဒိကဿ ဝါ တဿ ပရိက္ခာရဿ ဝါ နိက္ခမနေ နိက္ခမာပနေ

ဝါ အဂ္ဂနော ဝသနဋ္ဌာနတော အလဗ္ဘိသ
ဥမ္မတ္တကဿ နသမ္ဘာ ဝဏ္ဏာနံ အဇ္ဈေဝါသိက
သဒ္ဓိဝိဟာရိကာနံ တေသံ ပရိက္ခာရဿဝါ
နိက္ခိပနေစ သယဥ္စ ဥမ္မတ္တကာဒီနဥ္စ အနာပတ္တိ။

သကလသံဃာရာမတော်ပေါင်း၊ အလုံးစုံသော သံဃာအချာမ်မှသော်လည်း။ ဘဏ္ဍနကာရကဿဝါ။ အားရင်း၊ တဿ၊ ၏။ ပရိက္ခာရဿဝါ။ ကိုရင်း။ နိက္ခိပနေဝါ၊ ကြောင့်ရင်း။ နိက္ခမနေဝါ၊ ရင်း။ အဂ္ဂနော၊ ၏။ ဝသနဋ္ဌာနတော၊ မှ။ အလဗ္ဘိသဝါ၊ ကိုရင်း၊ ဥမ္မတ္တကဿဝါ၊ ကိုရင်း။ နသမ္ဘာဝဏ္ဏာနံ၊ ကောင်းစွာ မကျင့်ကုန်သော။ အဇ္ဈေဝါသိက သဒ္ဓိဝိဟာရိကာနံဝါ၊ အတွင်းနေတပည့်တို့ကိုရင်း။ တေသံ၊ ထိုအလဗ္ဘိစသော ရဟန်းတို့၏။ ပရိက္ခာရဿဝါ၊ ကိုရင်း၊ နိက္ခမနေစ၊ ကြောင့်ရင်း။ သယဥ္စ၊ လည်း။ ဥမ္မတ္တကာဒီနဥ္စ၊ တို့အားရင်း။ အနာပတ္တိ၊ မသင့်။

---

## ဝေဟာသကုဋိ သိက္ခာပုဒ်

ဝေဟာသကုဋ်၏ အဓိပ္ပါယ်ကိုဖေါ်ပြ၍ မည်ကဲ့သို့သော မဉ္စ ပီဌမျိုးကို အာဟစ္စပါဒက ခေါ်သည်ကိုလည်း ဖြေဆိုရန်ပါ။

အပေါ်ထပ်တွင် ပျဉ်မခင်းသဖြင့် ဟင်းလင်း ဖြစ်နေသော နှစ်ထပ် သုံးထပ်ရှိသော ကျောင်းကို ဝေဟာသကုဋ်ဟု ခေါ်ပါသည်။ ဘောင်ကိုထွင်း၍ သွင်းအပ်သော အခြေရှိသော ညောင်စောင်းအင်းပျဉ်ကို အာဟစ္စပါဒကဟု ခေါ်ပါသည်။

ဥပရိဝေဟာသ ကုဋိယာတိ ဥပရိ အစ္ဆန္နတလ
တာယ ဒွိဘူမိကကုဋိယာဝါတိ ဘူမိကကုဋိယာဝါ
အာဟစ္စပါဒကန္တိ အင်္ဂေဝိဇ္ဈိတွာ ပဝေသိတ
ပါဒကံ။

ဥပရိဝေဟာသကုဋိယာတိ၊ ဟူသည်။ ဥပရိ၊ ၌။ အစ္ဆန္နတလာယ၊ မခင်းသော အပြင်ရှိသော။ ဒွိဘူမိက၊ ကုဋိယာဝါ၊ ဘုံနှစ်ဆင့်ရှိသောကုဋိ၌ ရင်း။ တိဘူမိကကုဋိယာဝါ၊ ရင်း။ အာဟစ္စပါဒကန္တိ၊ ဟူသည်။ အင်္ဂေ၊ အပေါင်တို့ကို။ ဝိဇ္ဈိတွာ၊ ထွင်းဖောက်၍။ ပဝေသိတပါဒကံ၊ သွင်းအပ်သော အခြေရှိသော။

---

## မဟာလ္လကဝိဟာရ သိက္ခာပုဒ်

ဤသိက္ခာပုဒ်လာ မဟာလ္လကနှင့် သံဃာဒိသေသ်လာ မဟာလ္လကတို့၏ ထူးခြားချက်ရှိမရှိကို ဝေဘန်ပြ၍-ဝိဟာရအရကိုလည်း ကောက်ပြခဲ့ပါ။

ဤသိက္ခာပုဒ်လာ မဟာလ္လကနှင့် သံဃာဒိသေသ်လာ မဟာလ္လက တို့မှာ ထူးခြားချက်မရှိပါ တူညီပါသည်။ ဝိဟာရအရကား ဥလ္လိတ္တ, အဝလိတ္တ, ဥလ္လိတ္တာဝလိတ္တ သုံးမျိုးစလုံး ယူရပါမည်။

---

အဘယ်သို့သောအရပ်ကို ဒွါရကောသဟုခေါ်သည်ကိုဖြေဆို၍၊ အာလောကသန္ဓိ အဓိပ္ပါယ်နှင့်လိမ်းကျံနိုင်သောအရပ်တို့ကိုလည်း ပိုင်းခြားပြခဲ့ပါ။

တံခါးပေါင် ကျိုးခွေ၏ နှစ်တောင့်ထွာ ပတ်လည် အရပ်ကို ဒွါရကောသဟုဆိုပါသည်။ အလင်းရောင်ကို ပိတ်ကွယ်တတ်သော လေသာပြူတင်း၏ တံခါးရွက်ကို အာလောကသန္ဓိဟု ခေါ်ပါသည်။ အာလောကသန္ဓိ ပရိကမ္မာယအရ ပြူတင်း တံခါးရွက်လောက် ကျယ်ပြန့်သောအရပ်တိုင်အောင် လိမ်းကျံရပါမည်။

ယာဝဒွါရကောသာတိ ဧတ္ထ ဒွါရကောသာနာမ ဥက္ကဋ္ဌပရိစ္ဆေဒေန ပိဋ္ဌသင်္ဃာဋဿ သမန္တာ အဍ္ဎတေယျဟတ္ထော ပဒေသော အာလောကသန္ဓိ ပရိကမ္မာယာတိ ဧတ္ထ အာလောကသန္ဓိတိ ဝါတပါန ကဝါဋကာ ဝုစ္စန္တိ။

ယာဝဒွါရကောသာတိဧတ္ထ၊ ၌။ ဒွါရကောသာနာမ၊ မည်သည်။ ဥက္ကဋ္ဌပရိစ္ဆေဒေန၊ မြင့်။ ပိဋ္ဌသံဃာဋဿ၊ တံခါးပေါင်၏။ သမန္တာ၊ မှ။ အဍ္ဎတေယျဟတ္ထော၊ နှစ်တောင့်ထွာရှိသော။ ပဒေသော၊ အရပ်တည်း။ အာလောကသန္ဓိပရိကမ္မာယာတိဧတ္ထ၊ ၌။ ဝါတပါနကဝါဋကာ၊ လေသာတံခါးရွက်တို့ကို။ အာလောကသန္ဓိတိ၊ ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။

---

◉ မည်ကဲ့သို့သော မိုးခြင်းမျိုးကို ဒွတ္တိစ္ဆဒန ပရိယာယဟု ခေါ်သည်ကို ဖြေဆိုရာ၍၊ အပ္ပဟရိတဋ္ဌာနကို လည်းဖော်ပြခဲ့ပါ။

နှစ်ထပ် သုံးထပ်လှည့်ပတ်၍ မိုးခြင်းကို ဒွတ္တိစ္ဆဒန ပရိယာယဟု ဆိုပါသည်။ စမ်းလန်း ပိုပြေနေသော

ကောက်ပင် ပဲပင်များမရှိသည့်နေရာဌာနကို အပ္ပဟရိတ ဌာနဟုခေါ်ဆိုပါသည်။

ဒွတ္တိစ္ဆဒနဿ ပရိယာယန္တိ ဆဒနဿ ဒွတ္တိပရိယာ
ယံ၊ ပရိယာယံ ဝုစ္စတိ ပရိက္ခေပေါ၊ ပရိက္ခေပ
ဒွယံဝါ ပရိက္ခေပတ္တယံဝါ အဓိဋ္ဌာတဗ္ဗန္တိ အတ္ထော၊
အပ္ပဟရိတေ ဌိတေနာတိ အဟရိတေ ဌိတေန
ဟရိတန္တိ စေတ္ထ သတ္တ ဓညာဒိဘေဒံ ပုဗ္ဗဏ္ဏံ
မုဂ္ဂမာသ တိလကုလတ္ထ အလာဗု ကုမ္ဘဏ္ဍာဒိ
ဘေဒဉ္စ အပရဏ္ဏံ အဓိပ္ပေတံ။

ဒွတ္တိစ္ဆဒနဿ ပရိယာယံ၊ ဟူသည်။ ဆဒနဿ၊ ၏။ ဒွတ္တိ ပရိယာယံ၊ နှစ်ထပ် သုံးထပ် အလည်ကို။ ပရိက္ခေပေါ၊ လည်၍ မိုးသည်ကို။ ပရိယာယန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ပရိက္ခေပဒွယံဝါ၊ နှစ်ထပ် လည်၍မိုးသည်ကိုလည်းကောင်း။ ပရိက္ခေပတ္တယံ၊ သုံးထပ်လည်၍ မိုးသည်ကို လည်းကောင်း။ အဓိဋ္ဌာတဗ္ဗံ၊ ၏။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။ အပ္ပဟရိတေဌိတေနာတိ၊ ဟူသည်။ အဟရိတေ၊ ကောက်ပဲမရှိသောအရပ်၌။ ဌိတေန၊ ဖြင့်။ ဟရိတန္တိစေတ္ထ၊ ၌လည်း။ သတ္တဓညာဒိဘေဒံ၊ စပါး ခုနစ်မျိုးစသည်အပြားရှိသော။ ပုဗ္ဗဏ္ဏဉ္စ၊ ကောက်ကိုလည်း။ မုဂ္ဂမာသ တိလကုလတ္ထအလာဗုကုမ္ဘဏ္ဍာဒိဘေဒံ၊ ပဲနောက်ပဲကြီး နှမ်းကုလားပဲ ဗူးဖရုံစသည်အပြားရှိသော။ အပရဏ္ဏဉ္စ၊ ပဲကိုလည်း။ အဓိပ္ပေတံ၊ ၏။

---

## သပ္ပါဏက သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ ဇာနံ့အရ မြင်သိ, ကြားသိ နှစ်မျိုးတွင် အဘယ်အသိမျိုးကို ယူရမည်ဟု ဖြေဆိုခဲ့ပါ။

ဇာနံအရ သိခြင်းဟူသည် မြင်သိ, ကြားသိနှစ်မျိုး လုံးကိုပင် ယူရပါမည်။

ဇာနံ သပါဏကန္တိ သပါဏကံ ဧတန္တိ ဒိသွာဝါ
သုတွာဝါ ယေနကေနစိ အာကာရေန ဇာနန္တော။

ဇာနံသပါဏကန္တိ၊ဟူသည်။ ဧတံ၊ ထိုရေသည်။သပါဏကံ၊ ပိုးရှိသောရေတည်း။ဣတိ၊သို့။ ဒိသွာဝါ၊ ရှု၍ရင်း။ သုတွာဝါ၊ ကြား၍ရင်း။ ယေနကေနစိ အာကာရေန၊ ဖြင့်။ ဇာနန္တော၊ လျှက်။

---

ဤသိက္ခာပုဒ်၌ ဥဒကံပုဒ်ကို ကရဏအဖြစ်ကြံ၍ရင်း ကမ္မအဖြစ်ကြံ၍ရင်း အနက်ပေးခြင်း ရသင့်သောအဓိပ္ပါယ် တို့ကိုရေးခဲ့ပါ။

ပဌမနည်းအလို ပိုးရှိသောရေကိုယူ၍ မြက်ထည်းသို့ရင်း မြေညက်ပေါ်သို့ရင်း သွန်းလောင်း သည်ဟု အဓိပ္ပါယ်ရ၏။ ဒုတိယနည်းအလို ပိုးရှိသောရေထည်း သို့ မြက်တို့ကိုရင်း မြေညက်တို့ကိုရင်း သွန်းလောင်း သည်ဟု အဓိပ္ပါယ်ရပါသည်။

---

သိဉ္စေယျ အမှုလိုက် သင့်ရောက်ထိုက်သော အာပတ်တို့ကို အသီးသီးရေးခဲ့ပါ။

ရေအိုးထည်းမှ ရေကိုသွန်ရာ၌ မရပ်ဘဲ တောက် လျှောက်သွန်လျှင် ပါစိတ်အာပတ် တချက်သာသင့်၏။

ရပ်ကာရပ်ကာ သွန်လျှင် လုလ္လပယောဂ အားလျော်စွာ ပါစိတ်အာပတ် သင့်ပါသည်။

> တဏှခါရံ အဝိဇ္ဇိ နိဇ္ဇတွာ သိဋ္ဌဿ သော ကေသွံ
> ဃဋ္ဋေ ကောဝ အာပတ္တိ၊ဝိဇ္ဇိ နိဿ သော ပယောဂ
> ဂဏနာယ အာပတ္တိယော။

တဏ္ဍု၊ ထိုနှစ်ပါးတို့တွင်။ ခါရံ၊ အယဉ်ကို။ အဝိဇ္ဇိ နိဇ္ဇတွာ၊ မဖြတ်မူ၍။ သိဋ္ဌဿ သော၊ သွန်လောင်းသောရဟန်းအား။ ကေသွံ ဃဋ္ဋေ၊ တအိုးတည်းသောရေ၌။ ကောဝ အာပတ္တိ၊ လျှင်။ ဟောတိ၊ ၏။ ဝိဇ္ဇိ နိဿ သော၊ ဖြတ်သောရဟန်းအားကား။ ပယောဂ ဂဏနာယ၊ ပယောဂအရေအတွက်အတိုင်း။ အာပတ္တိယော၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

ဘူတဂါမဝဂ်ပြီး၏။

---

## ဘိက္ခုနောဝါဒဝဂ်

## ဩဝါဒ သိက္ခာပုဒ်

ဤသိက္ခာပုဒ်လာ အသမ္မတရဟန်း၏ အဓိပ္ပါယ်ကိုဘော်ပြ၍ ဘိက္ခုနောဝါဒက သမ္မုတိ၏ အဓိပ္ပါယ်ကိုလည်းရေးခဲ့ပါ။

သံဃာထံမှ ဘိက္ခုနောဝါဒက သမ္မုတိကိုမရသော ရဟန်းမျိုးကို အသမ္မတ ရဟန်းဟု ခေါ်ဆိုပါသည်၊ ဘိက္ခုနီမတို့ကို ဆုံးမတတ်သော ရဟန်းဟု သမုတ်ခြင်း အသိအမှတ်ပြုခြင်းကို ဘိက္ခုနောဝါဒကသမုတိ ရဟန်းဆိုပါသည်။

> အသမ္မောဟောတိ ယာ အဇ္ဈတ္တသမန္နာဂတဿ ဘိက္ခုနော ဘဂဝတာ ဥဒ္ဒိဋ္ဌစတုဗ္ဗိဓေန ကမ္မေန ဘိက္ခုနော ဝါဒကသမ္မုတိ အနုညာတာ တာယ အသမ္မောဟော ၂။

အသမ္မောဟောတိ၊ ဟူသည်။ အဇ္ဈတ္တသမန္နာဂတဿ၊ သော။ ဘိက္ခုနော၊ အား။ ဘဂဝတာ၊ သည်။ ဥဒ္ဒိဋ္ဌစတုဗ္ဗိဓေန၊ သော။ ကမ္မေန၊ ဖြင့်။ ယာဘိက္ခုနောဝါဒက သမ္မုတိ၊ ကို။ အနုညာတာ၊ ၏။ တာယ၊ ထိုသမ္မုတိဖြင့်။ အသမ္မောဟော၊ မသမုတ်အပ်သော။

---

ဘိက္ခုနောဝါဒက အင်္ဂါရှစ်ပါးကို ရေတွက်၍ ပြခဲ့ပါ။

အင်္ဂါရှစ်ပါကား—ပါတိမောက္ခသံဝရ သီလရှိခြင်း။ ပိဋကဗဟုသုတရှိခြင်း, ဥဘတော ဝိဘင်းနှင့် ပါဠိမောက်ကို နှုတ်တက်ရခြင်း, ကောင်းသော စကားနှင့် ကောင်းသောအသံရှိခြင်း, ဘိက္ခုနီတို့၏ အကြည်ညိုခံရခြင်း, ဘိက္ခုနီတို့ကို တရားဟောစွမ်းနိုင်ခြင်း, လူ့ဘဝတုန်းက ဘိက္ခုနီတို့၌ ကာယသံသဂ္ဂ, သိက္ခမာန် သာမဏေမတို့၌ မေထုန်အမှုကို မပြုဘူးခြင်း၊ ဝါ ၂၀-ရရှိခြင်းအားဖြင့် ပေါင်း ရှစ်ပါး ရှိပါသည်။

**ဆောင်။** သီလ သုတ၊ ဒွေကိုရ၍၊ကောင်းလှစကား၊ အ
များချစ်ခင်၊သွန်သင်တတ်စွမ်း၊မယ်ရဟန်းနှင့်

ဖက်ရမ်းမေထုန်၊ မကြိုစဘုး၊ လွန်ကြူးနှစ်ဆယ်၊ အင်ရှစ်သွယ်-မှတ်ဘွယ်ဩဝါဒါ။

---

အဋ္ဌဂရုဓမ္မရှစ်ပါးကို အသီးသီးထုတ်ဆိုခဲ့ပါ။

(၁) ဝဿသတ-ဝါတရာရစေကာမူဖြစ်သစ်စရဟန်းအား ရှိခိုးရခြင်း (၂)အဘိက္ခုက-ရဟန်းယောကျ်ားမရှိသောကျောင်း၌ ဝါမကပ်ရခြင်း (၃)ပက္ခသိကာ-လခွဲတိုင်း ဥပုသ်မေးခြင်း အဆုံးအမခံခြင်း၌ ရဟန်းများထံခစား ဆည်းကပ်ရခြင်း (၄) ပဝါရဏာ - ဥဘတောသံဃာ၌ ပဝါရဏာဘိတ်ရခြင်း (၅)မာနတ္တ-ဥဘတောသံဃာ၌ ဟပက္ခမာနတ်ကျင့်ရခြင်း (၆) ဥပသမ္ပဒါသာသိက္ခမာန်ကို ဥဘတောသံဃာထံ၌ ရဟန်းခံပေးရခြင်း (၇) နက္ကောသ-ရဟန်းယောကျ်ားများကိုမဆဲရေးရခြင်း (၈) ဩဝါဒ ရဟန်းယောကျ်ားများအား မဆုံးမရခြင်းအားဖြင့် ရှစ်ပါးရှိပါသည်။

---

ဘိက္ခုနီယော ဩဝဒေယျအရ-မည်ကဲ့သို့ဆုံးမသည်ကို ဩဝဒေယျဆိုသည်ဟု ဖြေဆိုပြီးလျှင် ထိုဩဝဒေယျဘာရုံးမှ တပါး အခြားသောပါဠိဖြင့် ဆုံးမလျှင် အာပတ်သင့်မသင့်ကိုလည်း ဖြေဆိုခဲ့ပါ။

ဇိန္နာသယ ၂၄၄-၁၀

အဋ္ဌဂရုဓမ္မပါဠိကို ရွတ်ဆိုဟောပြဆုံးမခြင်းကို ဩဝဒေယျ ဟုဆိုပါသည်။ အခြားသောပါဠိဖြင့် ဆုံးမခြင်းသည်ကား ဒုက္ကဋ်အာပတ်သာသင့်ပါသည်။

> အဋ္ဌဂရုဓမ္မေ ဩဝါဒဝသေန ဩသာရေနွော
> ဩဝဒေယျ အညေနဝါ ဓမ္မေန ဘိက္ခုနီသု
> ဥပသမ္ပန္နမတ္တာသု ဩဝဒတော ဒုက္ကဋံ။

အဋ္ဌဂရုဓမ္မေ၊ တို့ကို။ ဩဝါဒဝသေန၊ ဖြင့်။ ဩသာရေနွော၊ ဆုံးဧလုက်။ ဩဝဒေယျ၊ ဆုံးမငြားအံ့။ အညေနဝါဓမ္မေန၊ ဂရုဓမ္မတပါးသောတရားဖြင့်မူလည်း။ ဘိက္ခုနီသု၊ တို့၌။ ဥပသမ္ပန္နမတ္တာသု၊ ပဉ္စင်းခံကာမျှသောဘိက္ခုနီမကိုရင်း။ ဩဝဒတော၊ ရဟန်းအား။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

---

## အညွှက်တာသိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ မည်ကဲ့သို့ ဆုံးမခြင်းကို ဩဝဒေယျ ဟု ဆိုသည်ကိုဖြေဆို၍၊ ဘိက္ခုနီ အရကိုလည်း ကောက်ပြခဲ့ပါ။

အဋ္ဌဂရုဓမ္မဖြင့်ဖြစ်စေ အခြားတရားစကားဖြင့်ဖြစ်စေ ဆိုဆုံးမခြင်းကို ဩဝဒေယျဟုဆိုပါသည်။ ဘိက္ခုနီအရကား ဥဘတောသံဃာ-ဘိက္ခုသံဃာ၌ ပဉ္စင်းပြုသော ဘိက္ခုနီကိုယူပါသည်။

> ဩဝဒေယျာတိ အဋ္ဌဂရုဓမ္မေဟိဝါ အညေနဝါ ဓမ္မေန ဩဝဒန္တဿ သမ္မတဿာပိ ပါစိတ္တိယ မေဝ။

ဩဝဒေယျာတိ၊ ဟူသည်၊အဋ္ဌဂရုဓမ္မေဟိဝါ၊ တို့ဖြင့်ရင်း။ အညေနဝါဓမ္မေန၊ ဖြင့်ရင်း။ ဩဝဒန္တဿ၊ သော်။ သမ္မတဿာပိ၊ အားရင်း။ ပါစိတ္တိယမေဝ၊ လျှင်။ ဟောတိ၊ ၏။

---

## ဘိက္ခုနုပဿယ သိက္ခာပုဒ်

မည်ကဲ့သို့သော ကျောင်းမျိုးကို ဘိက္ခုနုပဿယဟု ခေါ်သည်ဟု ဖြေဆိုပြီးလျှင် ဂိလာန အရ မည်မျှလောက် မကျန်းမာသူကို ခေါ်ဆိုသည်ကိုလည်း ရေးခဲ့ပါ။

ဘိက္ခုနီမများ တည်ခိုမျှ နေထိုင်ဘူးသော ကျောင်းကို ဘိက္ခုနုပဿယဟု ခေါ်ပါသည်။ ဩဝါဒကို ကြားနာရန် ဖြစ်စေ ကံကြီးကံငယ်ကို ဆောင်ရန်ဖြစ်စေ မသွားနိုင်လောက်အောင် မကျန်းမာသူကို ဂိလာနဟု ခေါ်ဆိုပါသည်။

ဘိက္ခုနုပဿယန္တိ ဘိက္ခုနိယော ဧကရတ္တ ဝသန ဋ္ဌာနမ္ပိ၊ ဂိလာနာတိ နသက္ကောတိ ဩဝါဒါယ ဝါ သံဝါသာယ ဝါ ဂန္တုံ။

ဘိက္ခုနုပဿယန္တိ၊ ဟူသည်။ ဘိက္ခုနိယော၊ ၏။ ဧကရတ္တံ၊ တည်ခိုမျှ။ ဝသနဋ္ဌာနမ္ပိ၊ နေရာအရပ်၌။ ဂိလာနာတိ၊ ဟူသည်။ ယာ၊ အကြင် ဘိက္ခုနီသည်။ ဩဝါဒါယ ဝါ၊ အဆုံးအမသို့ရင်း။ သံဝါသာယ ဝါ၊ ကံကြီး ကံငယ်ကို ဆောင်ရာသို့ရင်း။ ဂန္တုံ၊ ငှာ။ နသက္ကောတိ၊ နိုင်။ အယံ၊ သည်။ ဂိလာနာ၊ မည်၏။

---

● သမ္မုတိလည်းမရ၊ နေကလည်းဝင်၊ ဘိက္ခုနီမကျောင်းသို့လည်း သွား၍ ဂရုဓမ် တရားဖြင့် ဆုံးမ ဩဝါဒကို ပေးလျှင် အာပတ်မည်မျှ သင့်ရောက်သည်ကို ဖြေဆိုခဲ့ပါ။

အာပတ်ပါပုဒ်အတွက် ပါစိတ်သုံးချက်သင့်ပါသည်။

သစေပန အသမ္မတော ဟောတိ ဒွေ ပါစိတ္တိယာနိ သစေပန သူရိယေပိ အတ္ထင်္ဂတေ ဩဝဒတိ တီဏိ ဟောန္တိ။

အသမ္မတော၊ မသမုတ်အပ်သော ရဟန်းသည်။ သစေပနဟောတိ၊ အံ့။ ဒွေပါစိတ္တိယာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ သူရိယေပိ၊ သည်လည်း။ အတ္ထင်္ဂတေ၊ ဝင်သည်ရှိသော်။ သစေပန ဩဝဒတိ၊ အံ့၊ တီဏိ၊ သုံးပါးကုန်သော ပါစိတ်တို့သည်။ ဟောန္တိ၊ ကုန်၏။

---

## အာမိသ သိက္ခာပုဒ်

● အာမိသ၏ အဓိပ္ပါယ်ကို ရေး၍ ဘိက္ခု အရကိုလည်း ကောက်ပြခဲ့ပါ။

ဆွမ်းစသော ပစ္စည်းများကို အာမိသဟု ဆိုပါသည်။ ထေရာဘိက္ခု၌ ဘိက္ခုအရကား သမ္မုတိရသော ရဟန်းကိုသာ ယူရပါသည်။

အာမိသဟေတူတိ စီဝရာဒိနံ အညတရဟေတု၊ ဘိက္ခူတိ သမ္မတာ ဘိက္ခူ ဌပေတွာ။

အာမိသဟောတုတိ၊ ဟူသည်။ စီဝရာဒီနံ၊ တို့တွင်။ အညတရဟောတု၊ တပါးပါးကြောင့်။ ဘိက္ခုတိ၊ ဟူသည်ကား။ သမ္မတာ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ ဇှုဓ၊ ၌။ အဓိပ္ပေတာ၊ ကုန်၏။

---

## စီဝရဒါန သိက္ခာပုဒ်

နိဿဂ္ဂိယစီဝရဝဂ် စီဝရ ပဋိဂ္ဂါဟက သိက္ခာပုဒ်နှင့် ဤသိက္ခာပုဒ်တို့၏ ထူးခြားပုံကို ရေးခဲ့ပါ။

နိဿဂ္ဂိယ၌ ပဋိဂ္ဂါဟက ပုဂ္ဂိုလ်မှာ ရဟန်းသာ ဖြစ်ပါသည်။ ဤသိက္ခာပုဒ်၌ ပဋိဂ္ဂါဟက ပုဂ္ဂိုလ်မှာ ရဟန်း မိန်းမသာ ဖြစ်ပါသည်။

> တတြယံ ဘိက္ခုပဋိဂ္ဂါဟကော ဣဓ ဘိက္ခုနီ အယံဝိသေသော။

ဟိ၊ မှန်၏။ တတြ၊ ထိုသိက္ခာပုဒ်၌။ ဘိက္ခု၊ သည်။ ပဋိဂ္ဂါဟကော၊ ခံတတ်သောပုဂ္ဂိုလ်တည်း။ ဣဓ၊ ဤသိက္ခာပုဒ်၌။ ဘိက္ခုနီ၊ သည်။ ပဋိဂ္ဂါဟကာ၊ ခံတတ်သော ပုဂ္ဂိုလ်တည်း။

---

## စီဝရသိဗ္ဗန သိက္ခာပုဒ်

ဤ သိက္ခာပုဒ်၌ စီဝရံ အရကို ဖော်ပြခဲ့ပါ။

စီဝရံအရ ဘား- ဝတ်ရုံ လောက်သော သင်္ကန်းကို ဆိုအပ်ပါသည်။

> စီဝရန္တိ နိဝါသန ပါရုပနုပဂံ၊

စီဝရန္တိ၊ ဟူသည်။ နိဝါသန ပါရုပနုပဂံ၊ ဝတ်ရုံ လောက်သော သင်္ကန်းတည်း၊

● သင်္ကန်းကို ချုပ်ရာ၌ သင့်ရောက်သော အပြစ်တို့ကို ဝေဘန်ခဲ့ပါ။

ကိုယ်တိုင်ချုပ်မှုအတွက် အပ်ကိုသွင်းကာ နှုတ်လိုက်တိုင်း ပါစိတ်တချက်စီ သင့်၏၊ အကြိမ်များစွာ အပ်ဖြင့် ထိုးပြီး တချက်ထည်း ဆွဲနှုတ်လိုက်လျှင် အာပတ်တချက် သာသင့်၏။ စေခိုင်းမှုအတွက် ပြီးဆုံးအောင် စီရင်စေ လျက် ခိုင်းသူမှာ အာပတ်တချက်သာ။

သယံ သိဗ္ဗန္တဿ သူစိံ ပဝေသေတွာ ပဝေသေတွာ နီဟရဏေ ပါစိတ္တိယံ၊ သတက္ခတ္တုမ္ပိ ဝိဇ္ဈိတွာ သကိံ နီဟရန္တဿ ဧကမေဝ ပါစိတ္တိယံ၊ အာဏာပကဿ ဧကမေဝ ပါစိတ္တိယံ၊

သယံ၊ ကိုယ်တိုင်။ သိဗ္ဗန္တဿ၊ ချုပ်သောရဟန်းအား။ သူစိံ၊ကို။ ပဝေသေတွာ ပဝေသေတွာ၊ ၍။ နီဟရဏေ၊ နုတ်ခြင်းကြောင့်။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။ သတက္ခတ္တုမ္ပိ၊ အကြိမ်များစွာသော်လည်း။ ဝိဇ္ဈိတွာ၊ ထိုးဖေါက်၍။ သကိံ၊ တကြိမ် နီဟရန္တဿ၊ အား။ ဧကမေဝ၊ လျှင်။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

## သံဝိဓာနသိက္ခာပုဒ်

● သံဝိဓာန၏ အဓိပ္ပါယ်ကိုဖေါ်ပြ၍၊ မည်သည့် အရပ်မှာ တိုင်ပင်ကအပြစ်ရှိသည် မရှိသည်တို့ကိုလည်း ခွဲခြားပြဆိုခဲ့ပါ။

တိုင်ပင်ခြင်း ချိန်းဆိုခြင်းကို သံဝိဓာနဟုခေါ်ပါသည်၊ ထိုသို့တိုင်ပင်ရာ၌ ရဟန်းတို့၏ကျောင်း, ဘိက္ခုနီတို့၏ ကျောင်း, တိတ္ထိတို့၏ကျောင်း အိမ်ရာ နေရာ ဆွမ်းစား စရပ်များ၌ ကပ္ပိယဘူမိဖြစ်၍တိုင်ပင်ပါက အပြစ်မရှိပါ၊ ကပ္ပိယဘူမိမှကြွင်းသော ခရီးလမ်းဆုံစသည်တို့၌ တိုင်ပင်ပါက အပြစ်ရှိပါသည်။

> သံဝိဓာယာတိ သံဝိဒဟိတွာ ဂမန ကာလေ
> သင်္ကေတံ ကတွာတိ အတ္ထော၊ ထပေတွာ ဘိက္ခု
> နုပဿယံ အန္တရာရာမံ အာသနသာလံ တိတ္ထိယ
> သေယျဉ္စ သေသာ အကပ္ပိယဘူမိ။

သံဝိဓာယာတိ၊ ဟူသည်၊ သံဝိဒဟိတွာ၊ တိုင်ပင်၍။ ဂမနကာလေ၊ သွားသောကာလ၌။ သင်္ကေတံ၊ ချိန်းဆိုခြင်းကို။ ကတွာ၊ ၍။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ ဘိက္ခုနုပဿယံစ၊ ဘိက္ခုနီမတို့၏ ကျောင်းရင်း။ အန္တရာရာမံစ၊ အရာမ်တွင်းကိုရင်း။ အာသနသာလဉ္စ၊ ဆွမ်းစားစရပ်ကိုရင်း။ တိတ္ထိယသေနာသနဉ္စ၊ တိတ္ထိတို့၏ ကျောင်းကိုရင်း။ ထပေတွာ၊ ၍။ သေသာ၊ ကြွင်းသောမြေအရပ်သည်။ အကပ္ပိယဘူမိ၊ မည်၏။

---

● ဘိက္ခုနီမနှင့်တိုင်ပင်၍ သွားရာ၌ သင့်ရောက်သောအာပတ်တို့ကိုဖော်ပြခဲ့ပါ။

သွားရာလမ်းခရီးတွင် ရွာရှိပါက ထိုရွာ၏ ဥပစာ အတွင်းသို့ ပဋမခြေတလှမ်းဝင်မိလျှင် ဒုက္ကဋ်အာပတ်

သင့်ပါသည်၊ ဒုတိယခြေလှမ်းနှင်းမိလျှင် ပါစိတ်အာပတ် သင့်ပါသည်၊ သွားရာလမ်းခရီး၌ ရွာမရှိပါက ယူဇနာ ဝက်လွန်တိုင်း ပါစိတ်အာပတ်သင့်၏။

မနုဿေဟိ ထပိတံ ဥပစာရံ နဩက္ကမတိ တာဝ အနာပတ္တိ၊ တံ ဩက္ကမန္တဿ ပန ပဌမပါဒေ ဒုက္ကဋံ၊ ဒုတိယပါဒေ ပါစိတ္တိယံ။

မနုဿေဟိ၊ တို့သည်။ ထပိတံ၊ သော။ ဥပစာရံ၊ သို့။ နဩက္ကမတိ၊ မဝင်သေး။ တာဝ၊ လောက်။ အနာပတ္တိ၊ အာပတ်မသင့်။ တံ၊ ထိုဥပစာကို။ ဩက္ကမန္တဿ၊ ဝင်မိသောရဟန်းအားကား။ ပဌမပါဒေ၊ ပဌမခြေလှမ်းကို ချမိခြင်းကြောင့်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဒုတိယပါဒေ၊ ကြောင့်။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

အောက်ပါ ရဟန်းတို့အား သင့်ရောက်သော အပြစ်တို့ကို ထုတ်ဖော်ခဲ့ပါ။

(က) ချိန်းဆိုထားသောအချိန်မဟုတ်ဘဲ ဘိက္ခုနီမနှင့် အတူသွားသောရဟန်း (ခ) တိုင်ပင်ထားသော လမ်း မဟုတ်တော့ဘဲ တပါးသောလမ်းဖြင့် ချိန်းဆိုထားသော အချိန်တွင် ဘိက္ခုနီမနှင့် အတူ ခရီးသွားသော ရဟန်း။

(က)မှာ လမ်းသာတူ၍ ချိန်းဆိုထားသောအချိန်မဟုတ် သောကြောင့် အာပတ်မသင့်ပါ။ (ခ) မှာ လမ်းပင်ကွဲ သော်သည်း ချိန်းဆိုသော အချိန်ဖြစ်သောကြောင့် ဤ သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်၏။

အမှာ။ ဤကဲ့သို့ခရီးသွားရာ၌ လမ်းရေးမှာ လိုရင်းမဟုတ်ပေ အချိန်သာ လိုရင်းဖြစ်ပေသည်။

---

တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူအစိုးရတို့၏ နှစ်ခြမ်းကွဲမှုကြောင့် နိုင်ငံဆူပွက်၍ ဘိက္ခုနီမနှင့် တိုင်ပင်၍ ခရီးထွက်သောရဟန်းအား အပြစ်ရှိ မရှိ ဖြေဆိုခဲ့ပါ။

ဘေးအန္တရာယ်တို့ကြောင့် သွားလာမှုမှာ အာပတ်မသင့်ပါ။

---

## နာဝါဘိရူဟန သိက္ခာပုဒ်

မြစ်ဘဘက်မှတဘက်သို့ ဘိက္ခုနီမနှင့် အတူကူးဖြတ်ရာ၌ ဤသိက္ခာပုဒ်ဖြင့် အပြစ်ရှိမရှိ ဝေဘန်ခဲ့ပါ။

မြစ်တဘက်မှ တဘက်သို့ကူးဖြတ်ရာ၌ အပြစ်မရှိပါ။

---

ဘိက္ခုနီမနှင့် တိုင်ပင်၍ စုန်လှေ ဆန်လှေကို အတူစီးရာ၌ သင့်ရောက်နိုင်သော အာပတ်တို့ကိုပိုင်းခြားပြခဲ့ပါ။

ကမ်းနားသို့ကပ်ပြီးလှော်သွားရာ၌ ကမ်းနားတွင်ရွာရှိခဲ့သော် ရွာ၏ဥပစာသို့ ဝင်မိတိုင်း ဝင်မိတိုင်း ပါစိတ် အာပတ်သင့်ပါသည်။ ကမ်းနားတွင် ရွာမရှိခဲ့သော် [illegible]င်း, အလွန် ကျယ်သော မြစ်၏အလယ်က သွားခဲ့သော်ဒုင်း

တယူဇနာခွဲ ခရီးကို လွန်တိုင်း လွန်တိုင်း ပါစိတ်အာပတ် သင့်ပါသည်။

> သဂါမကတီရပဿေန ဂမနကာလေ ဂါမန္တရ ဂဏနာယ အဂါမကတီရပဿေနပါ ယောဇန ပိဏ္ဍတာယ နဒိယာ မဇ္ဈေနပါ ဂမနကာလေ အဍ္ဎယောဇနဂဏနာယ ပါစိတ္တိယံ။

သဂါမကတီရပဿေန၊ ရွာရှိသောကမ်းနားဖြင့်။ ဂမနကာလေ၊ ၌။ ဂါမန္တရဂဏနာယ၊ ရွာတပါးအရေအတွက်အတိုင်း။ အဂါမကတီရပဿေနပါ၊ ရွာမရှိသောကမ်းနားဖြင့်လည်း။ ယောဇနပိဏ္ဍတာယ၊ တယူဇနာကျယ်သော။ နဒိယာ၊ ၏။ မဇ္ဈေနပါ၊ ဖြင့်လည်း။ ဂမနကာလေ၊ ၌။ အဍ္ဎယောဇနဂဏနာယ၊ အတိုင်း။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

## ပရိပါစိတ သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ ဘိက္ခုနီ ပရိပါစိတပိဏ္ဍပါတ ဟူသည် မည်သူတို့၏ထံ၌ မည်သို့စီမံသော ပိဏ္ဍပါတ မျိုးဖြစ်ပါသနည်း။

ဘိက္ခုနီမက ဆွေမျိုးမတော်သော လူဒါယကာတို့ ထံ၌ ရဟန်း၏ဂုဏ်ကိုပြောဆိုကာ ဆွမ်းလှူပါစေသည် ဖြင့် စီမံဖန်တည်းသော ဆွမ်းမျိုးကို ခေါ်ပါသည်။

> ဘိက္ခုနီပရိပါစိတန္တိ ဘိက္ခုနီယာ ပရိပါစိတံ နေဝ တဿ ဉာတကာနံ ဉာတကပဝါရိတာနံ

ဂိဟီနံ သန္တကေ ဘိက္ခုဿ ဂုဏံ ပကာသေတွာ
ဒေထ အယျဿ ကရောထ အယျဿာတိ ဧဝံ
နိပ္ဖါဒိတံ လဒ္ဓဗ္ဗံ ကတန္တိ အတ္ထော။

ဘိက္ခုနိပရိပါစိတန္တိ၊ ဟူသည်။ ဘိက္ခုနိယာ၊ သည်။ ပရိပါစိတံ၊ ပြီးစေအပ်သော။ တဿ၊ ထိုရဟန်း၏။ နေဝ ဉာတကပ္ပဝါရိတာနံ၊ အဆွေမတော် မဖိတ်အပ်ကုန်သော။ အတ္တနော၊ ဘိက္ခုနီမ၏။ နဉာတကပ္ပဝါရိတာနံ၊ သော။ ဂိဟီနံ။ တို့၏။ သန္တကေ၊ ၌၊ ဘိက္ခုဿ၊ ၏။ ဂုဏံ၊ ကို။ ပကာသေတွာ၊ ၍။ အယျဿ၊ အား။ ဒေထ၊ လော့။ အယျဿ၊ အား။ ကရောထ။ ကုန်လော့။ ဣတိဧဝံ၊ သို့။ နိပ္ဖါဒိတံ၊ ပြီးစေအပ်သော။ လဒ္ဓဗ္ဗံ၊ ရအပ်သည့်ကို၊ ကတံ။ ၏။ ဣတိအယံ၊ လျှင်၊ အတ္ထော၊ တည်း။

---

● ဂိဟိသမာရမ္ဘ ဆွမ်းဟူသည် မည်ကဲ့သို့သော ဆွမ်းမျိုးပါနည်း။

ဘိက္ခုနီမတို့ မစီမံမီ လူဒါယကာ ဒါယိကာမတို့က အလိုအလျောက်စီမံခန့်ခွဲထားသော ဆွမ်းမျိုးကို ခေါ်ပါသည်။

ဘိက္ခုနိယာ ပရိပါစနတော ပုဗ္ဗေ ပဌမတရံ
ယေဝ ယံဘိက္ခုနံ အတ္ထာယ ဂိဟီနံ ပဋိယာဒိတ
ဘတ္တံ။

ဘိက္ခုနိယာ၊ သည်။ ပရိပါစနတော။ ပြီးစေသည်မှ။ ပုဗ္ဗေ၊ ၌။ ပဌမတရံယေဝ၊ သာလျှင်။ ဘိက္ခုနံ၊ တို့၏။ အတ္ထာယ၊ ငှါ။ ဂိဟီနံ၊ တို့သည်။ ယံပဋိယာဒိတဘတ္တံဝါ၊ အကြင်စီရင်အပ်သော ဘောဇဉ်သည်ရှင်း။

ဘိက္ခုနီ ပရိပါစိတဆွမ်းကို အကပ်ခံ၍ ဘုဉ်းပေးရာ၌ သင့်ရောက်သောအာပတ်တို့ကို အသီးသီးဖော်ပြခဲ့ပါ။

အကပ်ခံလျှင် ဒုက္ကဋ်သင့်ပါသည်၊ စားလျှင် မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ်သင့်ပါသည်။ (ဝိဏ္ဍပါတအရ ဘောဇဉ်ငါးပါးကိုယူလေ)။

တဉ္စခေါ အဇ္ဈောဟာရဂဏနာယ ပဋိဂ္ဂဟဏေ ပနဿ ဒုက္ကဋံ။

တဉ္စခေါ၊ ထိုပါစိတ်အာပတ်ကိုလည်း။ အဇ္ဈောဟာရဂဏနာယ၊ မျိုသော အခေါက်အတွက် အတိုင်း။ ဝေဒိတဗ္ဗံ၊ ၏။ ပဋိဂ္ဂဟဏေ၊ ခံယူခြင်းကြောင့်ကား။ ဒုက္ကဋံ၊ သည်၊ ဟောတိ၊ ၏။

---

ဘိက္ခုနီမ စီရင်ထားသော ဆွမ်းကို စားသော်လည်း ပါစိတ်အာပတ်မသင့်သော ပုဂ္ဂိုလ်မျိုးကို ဖော်ပြခဲ့ပါ။

စီရင်သော ဘိက္ခုနီမသည် ဧကတော ဥပသမ္ပန္နမျိုး ဖြစ်ခဲ့သော် ပါစိတ်အာပတ်မသင့်ပါ၊ ဒုက္ကဋ်အာပတ်သာ သင့်ပါသည်။

ဧကတော ဥပသမ္ပန္နာယ ပရိပါစိတံ ဘုဉ္ဇန္တဿ။

ဧကတောဥပသမ္ပန္နာယ၊ ဧကတောဥပသမ္ပန္နဖြစ်သော ဘိက္ခုနီမသည်။ ပရိပါစိတံ၊ ပြီးစေအပ်၏။ တံ၊ ထိုဘောဇဉ်ကို။ ဘုဉ္ဇန္တဿ၊ အား။ (ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။)

## ရဟောနိသဇ္ဇသိက္ခာပုဒ်

ဤသိက္ခာပုဒ်သည် မည်သည့်သိက္ခာပုဒ်များနှင့် တူသည်ကို ဖော်ပြပြီးလျှင် တူလျှင် အဘယ့်ကြောင့် ဤသိက္ခာပုဒ်ကို ထပ်၍ ပညတ်ရသည်ကိုလည်း ရေးခဲ့ပါ။

ဤသိက္ခာပုဒ်သည် ဒုတိယအနိယတသိက္ခာပုဒ်နှင့်၎င်း အစေလကဝဂ်ပဥ္စမမြောက်သိက္ခာပုဒ်နှင့်၎င်းတူပါသည်။ တူသော်လည်း ပညတ်တော်ရန် အကြောင်းအတ္ထုပ္ပတ်ဖြစ်ပေါ်လာသောကြောင့် ထပ်၍ပညတ်ရပါသည်။

ဣဒံ သိက္ခာပဒံ ဒုတိယ အနိယတေန စ ဥပရိ
ဥပနန္ဒဿ စတုတ္ထသိက္ခာပဒေန စ ဧကပရိစ္ဆေဒံ
အတ္ထုပ္ပတ္တိ ဝသေန ပန ဝိသုံ ပညတ္တံ။

ဟိ၊ သင့်စွာ။ ဣဒံသိက္ခာပဒံ၊ သည်။ ဒုတိယအနိယတေန စ၊ နှင့်၎င်း။ ဥပရိ၊ အထက်၌။ ဥပနန္ဒဿ၊ ၏။ စတုတ္ထသိက္ခာပဒေန စ၊ နှင့်၎င်း။ ဧကပရိစ္ဆေဒံ၊ တူသောအပိုင်းအခြားရှိ၏။ အတ္ထုပ္ပတ္တိဝသေန ပန၊ ဖြင့်ကား။ ဝိသုံ၊ အသီး။ ပညတ္တံ၊ ၏။

ဘိက္ခုနောဝါဒဝဂ်ပြီး၏။

---

## ဘောဇနဝဂ်

### အာဝသထပိဏ္ဍသိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ မည်မျှလောက် ကျန်းမာသော ရဟန်းကို အဂိလာနဟုဆိုသည်ဟု ဖြေဆိုပြီးလျှင် အာဝသထပိဏ္ဍ၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

ယူဇနာဝက်ခရီးကိုသွားနိုင်သူကို အဂိလာနဟု ဆိုပါသည်။ ခရီးသွားစသူတို့ လာရောက် တည်းခိုရာ စရပ် စသည်၌ မည်သူကိုမျှ မရည်ညွှန်းဘဲ စားသောက်ရန် ထားသောဆွမ်းကို အာဝသထပိဏ္ဍဟု ဆိုပါသည်။

အဂိလာနေနာဝတိ အဍ္ဎယောဇနမ္ပိ ဂန္တုံ သမတ္ထေန
ဧတ္တကမေဝါတိ ဧဝံ ဘတ္တံဝါ အနောဒိဿ
သာလာဒိသု ယတ္ထကတ္ထစိ ပုညကာမေဟိ
ပညတ္တံ ဘောဇနံ။

အဂိလာနေနာဝတိ၊ ဟူသည်။ အဍ္ဎယောဇနမ္ပိ၊ ယူဇနာခွဲသို့လည်း။ ဂန္တုံ၊ သွား။ သမတ္ထေန၊ စွမ်းနိုင်သော။ ဧတ္တကမေဝဝါ၊ သူ့ကိုသာဟူ၍ရင်း။ ဧတိဧဝံ၊ သို့။ ပုဂ္ဂလံဝါ၊ ကိုရင်း။ ဘတ္တံဝါ၊ ကိုရင်း။ အနောဒိဿ၊ မရည်မှူ၍။ သာလာဒိသု၊ တို့တွင်။ ယတ္ထကတ္ထစိ၊ ၌။ ပုညကာမေဟိ၊ ကောင်းမှုကိုအလိုရှိကုန်သော သူတို့သည်။ ပညတ္တံ၊ ထားအပ်သော။ ဘောဇနံ၊ တည်း။

---

ဒါယကာ တဦးနှင့် ဒါယကာ အသီးသီးတို့၏ ဘောဇဉ်ကို တပေါင်းတည်း ပြုလုပ်၍ တခုသောအရပ် အသီးသီးသောအရပ်တို့၌ရင်း၊ ယနေ့တနေ့ရာ နက်ဖြန် တနေ့ရာ စသည်ဖြင့် မမြဲသောအရပ်၌ရင်း၊ ထားသော ဘောဇဉ်ကို ဘယ်နှစ်ရက် စားနိုင်သည်ကို ဖြေဆိုခဲ့ပါ။

တနေ့မျှသာလျှင် စားကောင်းပါသည်။

မှတ်ချက်။ ဝိဇ္ဇာအရ ဘောဇဉ်ငါးပါးကိုပင် ယူပါ။ အာသာသဘိဇ္ဇာကို ဘုဉ်းပေးရာ၌ တနေ့မှ လွန်ခဲ့သော် အကောင်ခံယူခြင်းကြောင့် ဒုက္ကဋ်၊ မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ်သင့်၏။

---

## ဂဏဘောဇနံ သိက္ခာပုဒ်

ဂဏဥပုသ်လာ ဂဏနှင့် ဂဏဘောဇဉ်လာ ဂဏတို့၏ ထူးခြားပုံကို ဖေါ်ပြ၍ ဂဏဘောဇဉ်၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

ဂဏဥပုသ်လာ ဂဏ အရကား- နှစ်ပါး သုံးပါး တည်း။ ဂဏဘောဇဉ်လာ ဂဏအရကား ရဟန်း လေးပါးအဘက်ကို ယူရပါမည်။ မအပ်သောနည်းဖြင့် ပင့်ဖိတ်ခြင်းကြောင့်၎င်း ကိုယ်တိုင် တောင်းခြင်းကြောင့် ၎င်း ရအပ်သော ဘောဇဉ်သည် ဂဏဘောဇဉ်မည်၏။

> ဂဏောတိ စတ္တာရော ဝါ တတုတ္တရိ ဝါ ဘိက္ခူ တေသံ နိမန္တနတော ဝါ ဝိညတ္တိတော ဝါ လဒ္ဓေ ဩဒနာဒီနံ ပဉ္စန္နံ ဘောဇနာနံ အညတရ ဘောဇနေတိ အတ္ထော။

ဂဏောတိ၊ဟူသည်။ စတ္တာရော ဝါ၊ လေးယောက်လည်းဖြစ်ကုန်သော ။ တတုတ္တရိ ဝါ၊ ထို့ထက်အလွန်လည်းဖြစ်ကုန်သော။ ဘိက္ခူ၊ တို့တည်း။ တေသံ၊ တို့အား။ နိမန္တနတော ဝါ၊ ဘိတ်ရာအရပ်မှ၎င်း။ ဝိညတ္တိတော ဝါ၊ တောင်းရာအရပ်မှ၎င်း။ လဒ္ဓေ၊ ရအပ်သော။ ဩဒနာဒီနံ၊ ဆွမ်းအစရှိကုန်သော။ ပဉ္စန္နံ ဘောဇနာနံ၊ တို့တွင်။ အညတရဘောဇနေ၊

တပါးပါးသောဘောဇဉ်ကိုဘုဉ်းပေးခြင်းကြောင့်၊ ဉာတိအဇယံ၊ လျှင်။ အစ္ဆေဒ၊ တည်း။

---

မအပ်သော ပင့်ဘိတ်နည်းနှင့် မအပ်သော တောင်းနည်းတို့ကို ရေးခဲ့ပါ။

ထမင်းဘုဉ်းပေးကြွပါ, ငါးဘုဉ်းပေးကြွပါ၊ အမဲဘုဉ်းပေးကြွပါ, မုံ့ဘုဉ်းပေးကြွပါ စသည်ဖြင့် ဖြစ်စေ, ပါဠိဘာသာဖြင့်ဖြစ်စေ ပြောဆိုခြင်းသည် မအပ်သော ဘိတ်ခြင်း ဖြစ်ပါသည်။ ။ငါ့အား ထမင်းပေးစမ်းပါ စသည်ဖြင့်၎င်း ဘတ္တံမေဒေဟိဟု ပါဠိဘာသာဖြင့်၎င်း တောင်းလျှင် မအပ်သောတောင်းနည်းမျိုး ဖြစ်ပါသည်။ (ဉာတိပဝါရိတပင် ဖြစ်သော်လည်း မတောင်းအပ်)။

သစေပိ ကောစိ စတ္တာရော ဘိက္ခူ ဥပသင်္ကမိတွာ ယေနကေနစိ ဝေဝစနေန ဝါ ဘာသန္တရေန ဝါ ပဉ္စန္နံ ဘောဇနာနံ နာမံ ဂဟေတွာ ဩဒနေန နိမန္တေမိ ဩဒနံ မေ ဂဏှထာတိ အာဒိနာ နယေန နိမန္တေတိ။

သစေ၊ ၍။ ကောစိ၊ သည်။ စတ္တာရော၊ ကုန်သော။ ဘိက္ခူ၊ တို့သို့။ ဥပသင်္ကမိတွာ၊ ၍။ ယေနကေနစိ၊ အမှတ်မရှိသော။ ဝေဝစနေန ဝါ၊ ဝေဝုစ်ဖြင့်၎င်း။ ဘာသန္တရေန ဝါ၊ ဘာသာတပါးဖြင့်၎င်း။ ပဉ္စန္နံ ဘောဇနာနံ၊ တို့၏။ နာမံ၊ ကို။ ဂဟေတွာ၊ ၍။ ဩဒနေန၊ ဖြင့်။ နိမန္တေတိ၊ အံ့။

(ယ) ယခုအခါ၌ ဆွမ်းစားကြွပါ, ဆွမ်းဘုဉ်းပေး ကြွပါ ဟူ၍၎င်း၊ ငါးကြော် ဘုဉ်းပေးကြွပါ၊ မုန့်တီ ဘုဉ်းပေးကြွပါ၊ ငါ့ရှိအား ငါးကြော် လှူစမ်းပါဟူ၍ ၎င်းပင့်ဖိတ်တောင်းရမ်းခြင်းသည် အပ်သော ဖိတ်နည်း တောင်းနည်း ဖြစ်မဖြစ်ကို ဝေဘန်ခဲ့ပါ။

ဆွမ်းစားကြွပါ ဆွမ်းဘုဉ်းပေးကြွပါ စသည်ဖြင့် ပင့်ဖိတ်ခြင်းသည် အပ်ပါသည်။ ငါးကြော်ဘုဉ်းပေး ကြွပါ၊မုန့်တီဘုဉ်းပေးကြွပါ၊ငါးကြော် လှူစမ်းပါစသည် ပင့်ဖိတ်ခြင်း တောင်းရမ်းခြင်းမှာ မအပ်ပါ။

---

(ရ) ရဟန်းလေးပါး အတူတကွ ဂဏဘောဇဉ်ကို ခံယူပြီးလျှင် တခြားစီ ဘုဉ်းပေးပါက အပြစ်ရှိပါသေး သလော။

ဂဏဘောဇနပါစိတ်ပင်သင့်ပါသည်။ အလှူခံမှုသာ ပမာနဖြစ်၏ဟုမှတ်။

> နိမန္တိတာ ဧကတောဝ နာနာတောဝ ဂတွာ ဧကတော ဂဏှန္တိ ပဉ္စ ဧကတောဝ နာနာ တောဝ ဘုဉ္ဇန္တိ ဂဏဘောဇနံ ဟောတိ ပဋိဂ္ဂဟဏမေဝ ဟေတ္ထ ပမာဏံ။

နိမန္တိတာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဧကတောဝ၊ တပေါင်းတည်းသော်၎င်း။ နာနာတောဝ၊ အသီးသီးသော်၎င်း၊ ဘုဉ္ဇတိ၊ ၏။ ဂဏဘောဇနံ၊ မည်သည်။ ဟောတိ၊ ၏။ ဟိ၊ မှန်၏။ ဧတ္ထ၊ ဤဘောဇဉ်၌။ ပဋိဂ္ဂဟဏမေဝ၊ သာလျှင်။ ပမာဏံ၊ တည်း။

ဦ ဆာ သယ ၂၄၄-၁၉

❂ ဤသိက္ခာပုဒ်လာ သမယ ခုနစ်ပါး၏ အဓိပ္ပါယ် တို့ကို အသီးသီး ရေးခဲ့ပါ။

ဆွမ်းခံမသွားနိုင်လောက်အောင် မကျန်းမမာ ဖြစ်ရာ အခါသည် **ဂိလာနသမယ** မည်၏။ ကထိန်ခင်းလျှင် ငါးလ, မခင်းလျှင်တလအခါသည် **စီဝရဒါနသမယ** မည်၏။ ယူဇနာဝက်ခရီးသို့ သွားဆဲ သွားလတ္တံ့ သွားပြီးရာ အခါသည် **အဒ္ဓါနသမယ** မည်၏။ လှေကို စီးဆဲ စီးပြီး စီးလတ္တံ့ အခါသည် **နာဝါဘိရုဟနသမယ** မည်၏။ ရဟန်း လေးပါး ဆွမ်းခံစားရာ မမျှတသောအခါသည် **မဟာ သမယ** မည်၏။ ရဟန်းအချင်းချင်း ဆွမ်းကျွေးရာ အခါ သည် **သမဏဘတ္တသမယ** မည်၏။ (ပါဠိမှာ ရှည်လျား သဖြင့် မရေးတော့ပြီ)။

## ပရမ္ပရဘောဇနသိက္ခာပုဒ်

---

❂ ပရမ္ပရဘောဇဉ်၏ အဓိပ္ပါယ်ကိုရေး၍၊ ၎င်း ပရမ္ပရဘောဇဉ်ကို စားလိုခဲ့သော် အာပတ်မှ လွတ်နိုင် သောနည်းကိုလည်း ညွှန်းခဲ့ပါ။

ဆွမ်းဒါယကာ-နှစ်ဦးသုံးဦး ပင့်ဖိတ်ထားရာ၌ နောက် နောက် ပင့်ဖိတ်၍ထားသောဘောဇဉ်ကို ပရမ္ပရဘောဇဉ် ဟု ဆိုပါသည်။ မိမိစားလိုသောဆွမ်းကို ဝိကပ္ပနာပြုပြီး

မှ စားလိုရာဆွမ်းကိုစားပါလျှင် ပရမ္ပရဘောဇန ပါစိတ် အာပတ်မသင့်ပါ။

ယေနယေန ပဌမံ နိမန္တိတော တသ္မာ တသ္မာ
ဘောဇနတော ဥပ္ပန္နိုပါဒိုယာဝါ အဝိကပ္ပေတွာ
ဝါ ပရဿ ပရဿ ဘောဇနေ။

ယေနယေန၊ အကြင်ဒါယကာသည်။ ပဌမံ၊ ရှေ့။ နိမန္တိတော၊ ၏။ တသ္မာတသ္မာ၊ ထိုထိုဒါယကာဦးဘိတ်အပ်သောဒါယကာ၏။ ဘောဇနတော၊ မှ။ ဥပ္ပန္နိုပါဒိုယာဝါ၊ အစဉ်မဟုတ်သဖြင့်ရင်း၊ အဝိကပ္ပေတွာဝါ၊ ၍ရင်း။ ပရဿပရဿ၊ နောက်နောက် ဘိတ်သော ဒါယကာ၏။ ဘောဇနေ၊ ဘောဇဉ်ကိုဘုဉ်းပေးခြင်းကြောင့်။

---

ဆွမ်းကို ဝိကပ္ပနာပြုရာ၌ ဝိကပ္ပနာ အမျိုးအစားနှင့် ပြုပုံပြုနည်းကို ပါဠိဘာသာဖြင့် ဖြစ်ပါ။

ဝိကပ္ပနာသည် မျက်မှောက်၌ ပုဂ္ဂိုလ်အား ပေးစွန့်ခြင်း သမ္မုခါဝိကပ္ပနာ၊ မျက်ကွယ်၌ ပုဂ္ဂိုလ်အား ပေးစွန့်ခြင်း ပရမ္မုခဝိကပ္ပနာဟူ၍ နှစ်မျိုးရှိပါသည်။ ပြုပုံကား- မိမိအနီး၌ သိတင်းသုံးသော ငါးဦးတွင် တဦးဦးအား မယှံဘတ္တပစ္စာသံ တုယှံဒမ္မိဟူ၍ရင်း၊ မိမိ ပေးလိုသူကအဝေးမှာ၌နေလျှင် မယှံဘတ္တပစ္စာသံ ဣတ္ထန္နာမဿဒမ္မိဟူ၍ရင်း ပါဠိမြန်မာနှစ်ဘာသာဖြင့် ပြုနိုင်ပါသည်။

ယော ဘိက္ခု ပဉ္စသု သဟဓမ္မိကေသု အညတရဿ မယှံ ဘတ္တပစ္စာသံ တုယှံ ဒမ္မိတိဝါ ဝိကပ္ပေမိတိဝါ ဧဝံ သမ္မုခါဝါ ဣတ္ထန္နာမဿ ဒမ္မိတိဝါ ဝိကပ္ပေမိဘိဝါဧဝံ ပရမ္မုခါဝါ။

ယောဘိက္ခု၊ သည်။ ပဉ္စသုသဟာဓမ္မိကေသု၊ တို့တွင်။ အညတရသ၊ အား။ မယုံ၊ ၏။ ဘတ္တပစ္စာသံ၊ ရနိုးသောဆွမ်းကို။ တုယုံ၊ အား။ ဒမ္ဘိ၊ ၏၊ ဉာတိ၁၊ ၊ ၎င်း။ ဝိကပ္ပေမိ၊ ၏။ ဉာတိ၁၊ ၊ ၎င်း။ ဧဝံ၊ သို့။ သမ္မုခါ၀ ၊ ၊ ၌၎င်း။ ဉာတ္တန္နာမသ၊ အား။ ဒမ္မိ၊ ၏၊ ဉာတိ၁ ၊ ၊ ၎င်း။ ဝိကပ္ပေမိ၊ ၏။ ဉာတိ၀ ၊ ၊ ၎င်း။ ဧဝံ၊ သို့။ ပရမ္မုခါ၀ ၊ ၊ မျက်ကွယ်၌၎င်း။

---

❁ ပရမ္ပရဘောဇဉ်ကိုစားရာ၌ အာပတ်လွတ်နိုင်ခွင့်ရှိသောနည်းများကို သိသာရုံမျှညွှန်းခဲ့ပါ။

ဝိကပ္ပနာ ပြုပြီးမှ စားသော်၎င်း၊ ဦးစွာပင့်သူနှင့် ဒုတိယ ပင့်သူတို့ကအတူလာရောက်၍စုပေါင်းကျွေးမွေးသော်၎င်း၊ ရဟန်းကိုယ်တိုင်ကပင် ဒါယကာတို့၏ ဆွမ်းများကို သမ်တ်ထည်း၍ စုပေါင်း၍သုံးဆောင်ခဲ့သော်၎င်း အပြစ်မှလွတ်ပါသည်။

ယောစ ဘိက္ခု သမယေ ဝိကပ္ပေတွာဝ ကေ
သံသဋ္ဌာနိ ဒွေတိဏိ နိမန္တနာနိ ကေတောဝ
ကတွာ ဘုဥ္ဇတိ နိမန္တနပဋိပါဋိယာ ဘုဥ္ဇတိ။

ယောစဘိက္ခု၊ သည်လည်း။ သမယေဝ၊ ၊ ၌၎င်း။ ဝိကပ္ပေတွာဝ ၊ ၎င်း။ ကေသံသဋ္ဌာနိ၀ ၊ အတူတကွပေါင်း၍လှူသောဆွမ်းတို့ကိုလည်း။ ဘုဥ္ဇတိ၊ အံ့။ တသဿစ၊ အား၎င်း။ ဒွေတိဏိ နိမန္တနာနိ၊ နှစ်ဦးသုံးဦး ဘိတ်သောဆွမ်းတို့ကို။ ကေတောဝ ၊ တပေါင်းတည်း မှုလည်း။ ကတွာ၊ ၍။ ဘုဥ္ဇတိ၊ ၏။ တသဿစ၊ အား၎င်း။ နိမန္တနပဋိပါဋိယာဝ ၊ ဘိတ်သည့်အတိုင်း။ ဘုဥ္ဇတိ၊ ၏။ တသဿစ၊ အား၎င်း။

## ကာဏာမာတာသိက္ခာပုဒ်

● ပုပ္ပ မန္တတို့၏ အထူးကို ရေးခဲ့ပါ။

လက်ဆောင်ပေးရန်အတွက် စီမံ ပြုလုပ်ထားသော မုံ့အမျိုးမျိုးကို ပုပ္ပဟုခေါ်ပါသည်။ လမ်းခရီး၌စားဘို့ရန်အတွက် စီမံပြုလုပ်ထားသော သတ္တု, တိလ, တဏ္ဍုလ တို့ကို မန္တဟုခေါ်ပါသည်။

> ပူပေဟိဝါတိ ပဟေဏကတ္ထာယ ပဋိယတ္တေဟိ အတိရသကမောဒက သက္ခလိကာဒိဟိ ယေဟိ ကေဟိစိ ခဇ္ဇကေဟိ၊ မန္ထေဟိဝါတိ ပါထေယျတ္ထာယ ပဋိယတ္တေဟိ ယေဟိကေဟိစိ သတ္တု တိလတဏ္ဍုလာဒိဟိ။

ပူပေဟိဝါတိ၊ ဟူသည်။ ပဟိဏကတ္ထာယ၊ လက်ဆောင်အလို့ငှါ။ ပဋိယတ္တေဟိ၊ စီရင်အပ်ကုန်သော။ အတိရသကမောဒကသက္ခလိကာဒိဟိ၊ အလွန်ကောင်းသော အရသာရှိကုန်သော ကတွတ်မုံ့, မုံ့ကြွက်ကျစ်အစရှိကုန်သော။ ယေဟိကေဟိစိခဇ္ဇကေဟိ၊ အမှတ်မရှိကုန်သော ခဲဘွယ်တို့ဖြင့်။ မန္ထေဟိဝါတိ၊ ဟူသည်။ ပါထေယျတ္ထာယ၊ ရိက္ခာအလို့ငှါ။ ပဋိယတ္တေဟိ၊ ကုန်သော။ ယေဟိကေဟိစိ၊ ကုန်သော။ သတ္တု တိလ တဏ္ဍုလာဒိဟိ၊ မုံ့, ဆုပ်, နှမ်း, ဆန် စသည်တို့ဖြင့်။

---

● ဒွတ္တိ ပတ္တ ပူရာ အရ နှစ်သပိတ် သုံး သပိတ် အပြည့်ခံယူကောင်းပါသလော ဖြေဆို၍၊ လက်ဆောင်,

ရိက္ခာမဟုတ်သော မုံ့တို့ကို နှစ်သပိတ် သုံးသပိတ်ထက် ပို၍ ခံလျှင် အပြစ်ရှိမရှိ ဝေဘန်ခဲ့ပါ။

သပိတ်အပြည့်အလျှံ မခံယူရပါ၊ သပိတ်အတွင်းနုခမ်း နှင့် အညီအမျှသာခံယူရပါမည်။ လက်ဆောင်, ရိက္ခာ မဟုတ်သောမုံ့တို့ကို နှစ်သပိတ် သုံးသပိတ် ပိုခံယူပါက အပြစ်မရှိပါ။

ဒွတ္တိပတ္တပူရာတိ မုခဝဋ္ဋိယာ ဟေဋ္ဌိမလေခံ အန
တိက္ကန္တာ ဒွေဝါ တယောဝါ ပတ္တပူရာ နပဟေ
ဏကတ္တာယ နပါထေယျတ္တာယဝါ ပဋိယတ္တံ။

ဒွတ္တိပတ္တပူရာတိ၊ ဟူသည်။ မုခဝဋ္ဋိယာ၊ အနားရေး၏။ ဟေဋ္ဌိမလေခံ၊ အောက်အနားရေးကို။ အနတိက္ကန္တာ၊ မလွန်ကုန်သော။ ဒွေဝါတယောဝါ ပတ္တပူရာ၊ နှစ်သပိတ်သုံးသပိတ် ပြည့်ရုံသောမုံ့တို့ကို။ နပဟေဏကတ္တာယဝါ၊ လက်ဆောင်မဟုတ်သော အလို့ငှါရင်း။ နပါထေယျတ္တာယဝါ၊ ရိက္ခာမဟုတ်သောအလို့ငှါရင်း။ ပဋိယတ္တံ၊ စီရင်သောမုံ့ကို။ ဂဏှန္တဿ၊ ရဟန်းအားရင်း။ (အနာပတ္တိ၊ မသင့်။)

---

ပူပ-မန္ထကို တသပိတ်သာခံယူခဲ့သော ရဟန်းသည် လမ်း၌ အခြားခံယူလိုသောရဟန်းကိုတွေ့လျှင် မည်သို့ပြောဆိုရမည့် တာဝန်ရှိပါသနည်း။

တသပိတ်သာခံယူခဲ့ပြီး လမ်းတွင် အခြားရဟန်း တပါးကိုတွေ့ခဲ့သော် တပည့်တော်တသပိတ်ခံယူခဲ့ပြီဟု ပြောရပါမည်။ ဒုတိယရဟန်းကလည်း တသပိတ်သာ

ခံသူ၍ အခြားခံယူလိုသောရဟန်းအား ပဌမ ရဟန်းက တသပိတ် တပည့်တော်က တသပိတ် ခံယူပြီးပြီဟု ပြော ရမည်။ တတိယရဟန်းကလည်း အခြားတွေ့သောရဟန်း အား ပဌမ, ဒုတိယရဟန်းနှင့်တပည့်တော်တို့တသပိတ်စီ ခံယူပြီးပြီ နောက်ထပ် မခံယူတော့နိုင်ဟု ပြောရမည်။

မှတ်ချက်။ ပဌမရဟန်းက နှစ်သပိတ် သုံးသပိတ်ခံယူရာ၌ အထက်ပါ အတိုင်းပြောရမည်၊ တအိမ်ထည်းမှ ရဟန်းအားလုံးအတွက် သုံးသပိတ်သာခံယူရမည်။

---

ဘိက္ခုပဟိ သဒ္ဓိံ သံဝိဘာဇိတဗ္ဗံ ၌ မည်ကဲ့သို့ ဝေဘန်ရမည် မည်သည့်ပုဂ္ဂိုလ်များသာ မည်သည့်အရပ် သွား၍ဝေဘန်ရမည် မဝေဘန်လျှင် မည်ကဲ့သို့ အပြစ်ရှိ သည်ကိုလည်း ရေးလှဲပါ။

သုံးသပိတ်ခံယူသူသည် မိမိအတွက် တသပိတ်ထား၍ နှစ်သပိတ်ကိုရင်း၊ နှစ်သပိတ်သာ ခံယူသော သူသည် တသပိတ်ကိုရင်း မုံ့ရရာအိမ်နှင့်အနီးဆုံးဖြစ်သောရဟန်း များ စုဝေးရာအရပ်သို့ သွား၍ ခွဲဝေရပါမည် မဝေ ခြမ်းလျှင် ဝတ်ပျက်သောကြောင့် ဒုက္ကဋ်အာပတ်သင့်၏ တသပိတ်သာခံယူသူသည် မိမိသဘောအတိုင်းပင်ဖြစ်၏။

လဒ္ဓဥ္စာနတော သဗ္ဗာသန္တံ အာသနံ သာလံ ဝါ
ဝိဟာရံ ဝါ ယတ္ထဝါပန နိဗဒ္ဓံ ပဋိက္ကမတိ တတ္ထ
ဂတွာ ဇော် ပဏ္ဍုပုရံ အတ္တနော ထပေတွာ

> သေသံ ဘိက္ခုသံဃဿ ဒါတဗ္ဗံ ယထာမိတ္တံ
> ပန ဒါတုံ နလဗ္ဘတိ ယေန ဗြဟော ဂဟိတော
> နတေန ကိဉ္စိ အကာမာ ဒါတဗ္ဗံ ယထာရုစိ
> ကာတဗ္ဗံ။

လဒ္ဓဗ္ဗာနုတော၊ ရအပ်သော ရဟန်းအရပ်မှ။ သဗ္ဗာသန္နံ၊ အလုံးစုံအောက်နိမ့်သော။ အာသနသာလံ ဝါ၊ ဆွမ်းစားစရပ်သို့ရှင်း။ ဝိဟာရံ ဝါ၊ သို့ရှင်း။ ယတ္ထ ဝါ ပန၊ အကြင်အရပ်၌ကား။ နိမန္တိ၊ မပြတ်။ ပဋိက္ကမတိ၊ ဖဲ၏။ တတ္ထ၊ ထိုအရပ်သို့။ ဂန္တွာ၊ ၍။ ကေပတ္တပူရံ၊ တသပိတ်ပြည့်ရုံသော မုန့်ကို။ အတ္တနော၊ ၏။ အတ္တာသယ၊ ငှါ။ ထပေတွာ၊ ၍။ သေသံ၊ ကြွင်းသော မုန့်ကို။ ဘိက္ခုသံဃဿ၊ အား။ ဒါတဗ္ဗံ၊ ၏။ ယထာမိတ္တံ ပန၊ အဆွေခင်ပွန်းရှိရာ၌ကား။ ဒါတုံ၊ ငှါ။ နလဗ္ဘတိ၊ အင်။ ယေန ဘိက္ခုနာ၊ သည်။ ဗြဟော၊ တသပိတ်ပြည့်ရုံသော မုန့်ကို။ ဂဟိတော၊ ၏။ တေန ဘိက္ခုနာ၊ သည်။ အကာမာ၊ အလိုမရှိသည်ဖြစ်သော် ကိဉ္စိ၊ တစုံတခုသော မုန့်ကို။ နဒါတဗ္ဗံ၊ အပ်။ ယထာရုစိ၊ တိုင်း။ ကာတဗ္ဗံ၊ ၏။

---

## ပဌမပဝါရဏာသိက္ခာပုဒ်

ဘုတ္တာဝီ၌ တာဝိပစ္စည်းသည် စားပြီး ဟူသော အတိတ်ကာလကို ဟောသောကြောင့် ဆွမ်းစားပြီးသော ရဟန်းသာ ပဝါရိတ်သင့်သည်ဟု မှတ်ရမည်လော ဖြေဆို၍ ပဝါရိတပုဒ်၌ ပဝါရဏာ၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

လုံး၀စားပြီးသူကို ပဝါရိတ်သင့်သည်ဟုမဆိုပါ၊ စားနေတုံးသာ သင့်သည်ဟု ဆိုရပါမည်။ ဆွမ်းစားနေစဉ်

ဒိဒိသို့ ရှေ့ရှုဆောင်ယူလာသဖြင့် ဟဇ္ဇုပါသ်အတွင်းသို့ ရောက်လာသော ဘောဇဉ်ကို ကိုယ်, နှုတ်ဖြင့် တားမြစ်ခြင်းကို ပဝါရဏာဟု ခေါ်ပါသည်။

ယေန ပဉ္စန္နံ ပဉ္စန္နံ ဘောဇနာနံ သာသပမတ္တမ္ပိ အဇ္ဈောဟရိတံ သော ဧဝံ ဝုစ္စတိ။ ပါဠိယံ ဝုတ္တ ပဉ္စင်္ဂဝသေန ကတပ္ပဝါရဏော ကတပ ဋိက္ခေပေါတိ အတ္ထော။

ယေနဘိက္ခုနာ၊ သည်။ ပဉ္စန္နံဘောဇနာနံ၊ တို့တွင်။ အညတရဿ၊ တပါးပါးသော ဘောဇဉ်ကို။ သာသပမတ္တမ္ပိ၊ မုန်ညှင်းသီးမျှကိုလည်း။ အဇ္ဈောဟရိတံ၊ မျိုအပ်၏။ သော ဘိက္ခုကို။ ဧဝံ၊ ဤသို့။ ဘုတ္တာဝီ၊ ဟူ၍၊ ဝုစ္စတိ၊၏။ ပါဠိယံ၊ ပဒဘာဇနီ၌။ ဝုတ္တပဉ္စင်္ဂဝသေန၊ ဟောအပ်သော အင်္ဂါငါးပါး၏ အစွမ်းဖြင့်။ ကတပဝါရဏော၊ ပြုအပ်သော တားမြစ်ခြင်းရှိ၏။ ကတပဋိက္ခေပေါ၊ ပြုအပ်သော တားမြစ်ခြင်း ရှိ၏။

---

ပဝါရိတ် သင့်ခြင်း၏ အကြောင်းအင်္ဂါ များကို ဖော်ပြခဲ့ပါ။

(၁) စားဆဲဖြစ်ခြင်း၊ (၂) ဘောဇဉ်ငါးပါးတွင် တပါးပါးဖြစ်ခြင်း။ (၃) ပေးသူက နှစ်တောင့်ထွာ ဟဇ္ဇုပါသ် အတွင်းသို့ ရောက်ရှိခြင်း။ (၄) ရှေ့ရှု ဆောင်ယူဓိုက်ဖြစ်ခြင်း။ (၅) ကိုယ်,နှုတ်ဖြင့် ပယ်ခြင်း အားဖြင့် ငါးပါးရှိပါသည်။ ယင်းငါးပါးစုံမှ ပဝါရိတ် သင့်သည်။

ဆောင်း။ စားဆဲ, ဘောဇဉ်၊ ဟတ်တွင်းဝင်၊ ဆောင်စဉ်ကိုယ်နှုတ်ဖြစ်။ အင်္ဂါငါးလီ၊ ပြည့်စုံညီ၊ သင့်ပြီပဝါရိတ်။

အသနံ ပညာယတိ ဘောဇနံ ပညာယတိ ဟတ္ထပါသေ ဌိတော အဘိဟရတိ ပဋိက္ခေပေါ ပညာယတီတိ ဒွေ၊ံ။

အသနံ၊ စားဆဲသည်။ ပညာယတိ၊ ထင်၏။ ဘောဇနံ၊ သည်။ ပညာယတိ၊ ၏၊ ဟတ္ထပါသေ၊ ၌။ ဌိတော၊ တည်သည်။ ဟောတိ၊ ၏။ အဘိဟရတိ၊ ရှေ့ရှုဆောင်၏။ ပဋိက္ခေပေါ၊ ပယ်ခြင်းသည်။ ပညာယတိ၊ ၏။ ဣတိ-ဧဝံ၊ သို့။

---

၏ ဘောဇဉ်ငါးပါးကို တရစီရေတွက် ပြခဲ့ပါ။

ဘောဇဉ်ငါးပါးကား— ထမင်း, ငါး, နွားသားစသည်, ဆန်, မုံ့, မယောမုံ့ တို့ ဖြစ်ပါသည်။

ဆောင်း။ ထမင်း ငါးသား၊ မုံ့နှစ်ပါး၊ ငါးပါးဘောဇဉ်စစ်။

မှတ်ချက်။ ထမင်းဟူသည် စပါးခုနစ်မျိုးတို့၏ ဆန်ဖြင့် ချက်အပ်သော ထမင်းတည်း၊ လက်ဖြင့် ကော်၍ရအပ်သော ယာဂုအဖြစ်လည်း ပါဝင်သည်၊ အကြဲကို မဆိုလို၊ ဆန်မုံ့ဟူသည် စပါးခုနစ်မျိုးတို့၏ ဆန်ကိုလှော်၍ ပြုလုပ်ထားသော ဆန်မှုန့်ညက်တည်း။ မယောမုံ့ဟူသည် ဂျုံတမျိုးကို ခေါ်သည်။

တံ ဩဒနော ကုမ္မာသော သတ္တု မစ္ဆော မံသန္တိ ဣမေသံ အညတရသေန ဝေဒိတဗ္ဗံ။

တံ၊ ထိုဘောဇဉ်ကို။ ဩဒနေ၊ ထမင်းရင်း။ ကုမ္မာသေ၊ မုယောမုန့်ရင်း။ သတ္တု၊ မုန့်လုံးရင်း၊ မစ္ဆေ၊ ငါးရင်း။ မံသေ၊ အမဲရင်း။ ဧကတိ-ဧကမေသံ ပဉ္စန္နံ၊ တို့တွင်။ အညတရပသေန၊ တပါးပါးကိုလျှင်။

---

ပဝါရိတ်သင့်ပြီးသော ရဟန်းသည် ပဝါရိတ်သင့်ရုံဖြင့် မည်သည့် အာပတ် သင့်သည်။ ဆွမ်းကို ဆက်လက်စားစေလိုသော် မည်သည့်ကဲ့သို့ ပြုလုပ်ရမည်တို့ကို အသီးသီး ဖော်ပြခဲ့ပါ။

ပဝါရိတ်သင့်ရုံမျှဖြင့် မည်သည့်အာပတ်မျှ မသင့်ပါ။ ဆွမ်းကို ဆက်လက်စားလိုသော် ဣရိယာပုထ်ကို မဖျက်ဘဲသော်၎င်း၊ ဣရိယာပုဒ်ကိုဖျက်၍ အတိရိက် ဝိနည်းကံပြု၍သော်၎င်း ဆက်လက် စားနိုင်ပါသည်။

---

အတိရိက်ဝိနည်းကံပြုခြင်း၏ အင်္ဂါတို့ကို ရေးခဲ့ပါ။

(၁) အပ်အောင် ပြုလုပ်ပြီးဖြစ်ခြင်း။ (၂) အကပ်ခံပြီး ဖြစ်ခြင်း။ (၃) ဝိနည်းမိုက်၏ အနီး၌ မြှောက်ချီထားခြင်း။ (၄) ဝိနည်းမိုက်၏ ဟတ္ထပါသ်သို့ ရောက်ခြင်း။ (၅) ဝိနည်းမိုက်က အနည်းငယ် ဖြစ်စေ စားပြီးခြင်း။ (၆) ဝိနည်းမိုက်က ပဝါရိတ်သင့်ပြီးသူဖြစ်လျှင် ထိုပဝါရိတ် သင့်ရာမှ မထသေးခြင်း။ (၇) ဝိနည်းမိုက်က အလမေတံသဗ္ဗံဟု ရွတ်ဆိုခြင်းတို့ ဖြစ်ပါသည်။

ဆောင်။ ကပ္ပိယမှန်၊ အကပ်ခံ၊ ချိပြန် ဟတ္ထပါသ်။
နေရာမထ၊ စားပြီးမှ၊ အလမေတံ သစ်။

---

● ခါဒနီယံဝါ ဘောဇနီယံဝါ ၌ ခါဒနီယနှင့် ဘောဇနီယတို့ကို ခွဲခြားပြပြီးလျှင် စပါးခုနစ်မျိုးကိုလည်း ရေးခဲ့ပါ။

ဘောဇဉ် ငါးပါးမှ ကြွင်းသော ယာဝကာလိက ဟူသမျှသည် ခါဒနီယမည်၏။ ဘောဇဉ် ငါးပါးသည် ဘောဇဉ်မည်၏။ စပါးခုနစ်မျိုးကား သလေး ကောက် မုယော နတ်ကောက် ပြောင်း လူး ဆပ်တို့ ဖြစ်ပါသည်။

သာလိ ဝီဟိ ယဝေါဂေါဓုမော ကင်္ဂု ဝရကော
ကုဒြူသကောတိ ဣမေသံ သတ္တန္နံ ဓညာနံ။

သာလိ၊ သလေး။ ဝီဟိ၊ ကောက်။ ယဝေါ၊ မုယော။ ဂေါဓုမော၊ နတ်ကောက်။ ကင်္ဂု၊ ဆပ်။ ဝရကော၊ ပြောင်း။ ကုဒြူသကော၊ လူး။ ဣတိဣမေသံ သတ္တန္နံ ဓညာနံ၊ တို့၏။

---

## ဒုတိယပဝါရဏာသိက္ခာပုဒ်

● ဤသိက္ခာပုဒ်ဝယ် ဇာနံ အာသာဒနာပေက္ခော၌ မည်ကဲ့သို့ သိခြင်းကို ဇာနံဟု ခေါ်ပါသနည်း။ ယင်းဇာနနာကာရ အပြားကိုလည်း ရေးခဲ့ပါ။

ပဝါရိတ် သင့်သောရဟန်း ဟု သိခြင်းကို ဇာနံဟု ဆိုပါသည်။ ဇာနနာကာရ အပြားကား ကိုယ်တိုင်

သိခြင်း ဘုတပါးတို့ထံမှ ကြားၡျသိခြင်း ပဝါရိတ်သင့်သော ရဟန်းကိုယ်တိုင်က ပြောကြားၡျ သိခြင်းဟု သုံးမျိုးရှိပါသည်။

ဇာနန္တိ သုတွာဝါ ဒိသွာဝါ တဿ ပဝါရိတဘာဝံ ဇာနန္တော။

ဇာနန္တိ၊ ဟူသည်။ သုတွာဝါ၊ ကြားၡျရင်း။ ဒိသွာဝါ၊ မြင်ၡျရင်း။ တဿပဝါရိတဿ၊ ထိုပဝါရိတ်သင့်သောရဟန်း၏။ ပဝါရိတဘာဝံ၊ ပဝါရိတ်သင့်သောအဖြစ်ကို။ ဇာနန္တော၊ သိလျက်။

---

● ပဝါရိတ်သင့်ပြီးသောရဟန်းအား ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝိကတို့ကို စားခိုင်းရာ၌ သင့်ရောက်နိုင်သော အာပတ်တို့ကို ထုတ်ပြခဲ့ပါ။

အာဟာရအတွက် ရှေ့ရှုဆောင်ယူလာမှု စားမည့်ရဟန်းက ခံယူမှုတို့ကြောင့် စားခိုင်းသူရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်ပါသည်။ ပိပါသဂေလညတို့အတွက် အပြစ်မရှိ။

အဘိဟာရေ တာဝ ဒုက္ကဋံ သစေ သော တံ ဂဏှာတိ ပုန အဘိဟာရကဿ ဒုက္ကဋံ။

အဘိဟာရေ၊ ရှေ့ရှုဆောင်ခြင်း၌။ တာဝ၊ စွာ။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ သစေ၊ ၍။ သော၊ ထိုပဝါရိတ်သင့်သောရဟန်းသည်။ တံ၊ ထိုခဲဘွယ်စားဘွယ်ကို။ ဂဏှာတိ၊ အံ့။ ပုန၊ တဖန်။ အဘိဟာရကဿ၊ အား။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

## ဝိကာလဘောဇနသိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ ကာလ ဝိကာလတို့ကိုခွဲခြားပြ၍ မွန်းတည့်နေသောအခါကိုလည်း ကာလ ဝိကာလတွင် သွင်းပြခဲ့ပါ။

အရုဏ်တက်မှ မွန်းတည့်ချိန်အထိသည် ကာလမည်၏။ မွန်းတည့်ချိန်မှအရုဏ်တက်သည့်အထိသည် ဝိကာလမည်၏။ မွန်းတည့်သောအခါကို ကာလတွင် ထည့်သွင်းရေတွက်ရပါမည်။

> ဝိကာလေတိ ဝိဂတေကာလေ မဇ္ဈန္ဟိကာတိက္ကမနတော ယာဝ အရုဏုဂ္ဂမနာတိ အဓိပ္ပါယော။

ဝိကာလေတိ၊ ဟူသည်။ ကာလေ၊ နံက်ကာလသည်။ ဝိဂတေ၊ ကင်းပြီးသော်။ မဇ္ဈန္ဟိကာတိက္ကမနတော၊ မွန်းတည့်ချိန်ကိုလွန်သည်မှ။ ယာဝအရုဏုဂ္ဂမနာ၊ အရုဏ်တက်သည်တိုင်အောင်။ ဣတိအယံ၊ လျှင်။ အဓိပ္ပါယော၊ တည်း။

ဝိကာလ အခါ၌ ခဲဖွယ် ဘောဇဉ် များကို အကပ်ခံ၍ စားရာ သင့်ရောက်ထိုက်သော အာပတ်တို့ကို ပေါ်ပြခဲ့ပါ။

စားရန်အလို့ငှါ အကပ်ခံလျှင် ဒုက္ကဋ်အာပတ်သင့်၏။ မျိုချတိုင်း ချတိုင်း ပါစိတ်အာပတ်သင့်ပါသည်။

ခါဒနီယံ ဝါ ဘောဇနီယံ ဝါ အဇ္ဈောဟရဏတ္ထာ
ယ ပဋိဂ္ဂဏှာတိ တဿ ပဋိဂ္ဂဟဏေ ဒုက္ကဋံ၊
အဇ္ဈောဟာရေ အဇ္ဈောဟာရေ ပါစိတ္တိယံ။

ခါဒနီယံဝါ၊ ခဲဖွယ်ကိုရင်း။ ဘောဇနီယံဝါ၊ ဘောဇဉ်ကိုရင်း။ အဇ္ဈောဟရဏတ္ထာယ၊ မျိုချအံ့သောငှါ၊ ပဋိဂ္ဂဏှာတိ၊ အကပ်ခံ၏။ တဿ၊ ထိုရဟန်းအား။ ပဋိဂ္ဂဟဏေ၊ ကြောင့်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ အဇ္ဈောဟာရေအဇ္ဈောဟာရေ၊ မျိုချတိုင်းမျိုချတိုင်း။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

ကာလိက လေးပါးကို ဖော်ပြ၍ ၎င်းတို့၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

ကာလိက လေးပါးကား— ယာဝကာလိက ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝကတို့ ဖြစ်ပါသည်။ အရုဏ်တက်မှ မွန်းတည့်တိုင်အောင် စားသောက်ကောင်းသော ဘောဇဉ်ငါးပါးနှင့် ခဲဖွယ် ဟူသမျှသည် ယာဝကာလိက မည်၏။ မွန်းတည့်ပြီးနောက် အရုဏ်မတက်မီ မိုးသောက်ယာမ်တိုင်အောင် သောက်ထိုက်သော အဖျော်ရည်များသည် ယာမကာလိက မည်၏။ ခုနစ်ရက်လုံးလုံး စားသုံးထိုက်သော ထောပတ်စသည်သည် သတ္တာဟကာလိက မည်၏။ တသက်ပတ်လုံး စားသုံးထိုက်သော ဆား၊ ဂျင်းစသည်သည် ယာဝဇီဝက မည်၏။

**မှတ်ချက်**။ ပိုင်းခြားအပ်သော ကာလအတွင်း၌ စားထိုက်သောအစာ များကို ကာလိကဟု ခေါ်သည်။ ကာလိက လေးပါးကို အချိန်နှင့်တကွ ဆိုင်ရာဘောဇဉ်တို့နှင့် တွဲစပ်ပြခဲ့ပါဆိုလျှင် အထက်ပါအတိုင်း သိလေ။

---

❁ ယာမကာလိက အဖျော်များကို အသီးသီး ဖော်ပြခဲ့ပါ။

သရက်သီး၊ မုဒရက်သီး၊ ဖက်သက်သီး၊ သစ်မည်ဆီးသီး၊ တောငှက်ပျောသီး၊ အိမ်ငှက်ပျောသီး၊ ကြာစွယ်၊ (မုဒရက်သီးဆိုသည်မှာ သဗျက်သီးကို ခေါ်သည်)။

**ဆောင်**။ သပြေ သရက်၊ မုဒရက်၊ ဖက်သက်သစ် မည်ဆီး၊ တောအိမ်ငှက်ပျော၊ ကြာစွယ်နှော၊ မှတ်လောရှစ်ဖျော်ရည်။

---

❁ အနုလောမ အဖျော်ရည်များကို ဖော်ပြ၍ ယခု အခါ နိုင်ငံခြားမှလာသော လိမ္မော်ရည်သည် ယာမ ကာလိကဖြစ်မဖြစ်ကိုလည်း စိစစ်ဝေဖန်ခဲ့ပါ။

အနုလောမ အဖျော်ရည်များကား- မန်ကျည်း ဖျော်ရည်၊ ဇီးဖျော်ရည်၊ ချောက်ဖျော်ရည် စသည်တို့ဖြစ်ပါသည်။ နိုင်ငံခြားမှ မီးဖြင့် ကြာရှည်ခံအောင် ပြုလုပ်ထားသောလိမ္မော်ရည် စသည်မှာ ယာမကာလိက မဖြစ်ပါ။

နေလွဲသော အခါ၌ ယာမကာလိက သတ္တာဟ ကာလိက ယာဝဇီဝိကတို့ကို သုံးဆောင်သော ရဟန်းတို့အား သင့်ရောက်သော အာပတ်တို့ကို ပေါ်ပြခဲ့ပါ။

နေလွဲသောအခါ၌ ဆာလောင်မွတ်သိပ်ခြင်း ဖျားနာခြင်းမရှိဘဲ သက်သက် အကပ်ခံခြင်း စားမျိုခြင်းတို့ကြောင့် ဒုက္ကဋ် အာပတ် သင့်ပါသည်။ ဆာလောင်ခြင်း ဖျားနာခြင်း အကြောင်းရှိ၍ သုံးဆောင်လျှင် အပြစ်မရှိပါ။

---

ဝိကာလအချိန်အခါတွင် နွားများကဲ့သို့ စားမြုံ့ပြန်ပြီးနေသောရဟန်းအား အပြစ်ရှိမရှိ ဝေဘန်ခဲ့ပါ။

နွားများကဲ့သို့ စားမြုံ့ပြန်သော ရဟန်းအား အပြစ်မရှိပါ။

အနုဇာနာမိ ဘိက္ခဝေ ရောမန္ထကဿ ရောမန္ထံ နစ ဘိက္ခဝေ ဗဟိ မုခဒွါရာ နီဟရိတွာ အဇ္ဈောဟရိတဗ္ဗန္တိ အနုညာတနယေန ရောမန္ထကဿာပိ အနာပတ္တိ။

ဘိက္ခဝေ၊တို့။ ရောမန္ထကဿ၊စားမြုံ့ပြန်သောရဟန်းအား။ရောမန္ထံ၊ကို။ အနုဇာနာမိ၊၏။ဘိက္ခဝေ၊တို့။ မုခဒွါရာ၊မှ။ဗဟိ၊သို့။နီဟရိတွာ၊၍။ နစအဇ္ဈောဟရိတဗ္ဗံ၊အပ်။ ဣတိဧဝံ၊သို့။အနုညာတနယေန၊ဖြင့်။ရောမန္ထကဿာပိ၊အားလည်း။အနာပတ္တိ၊မသင့်။

---

## **သန္နိဓိကာရသိက္ခာပုဒ်**

သန္နိဓိကာရ၏ အဓိပ္ပါယ်ကို ဖော်ပြ၍၊ သန္နိကာဓိရ ဖြစ်နိုင်သော ယာဝကာလိက ယာမကာလိက တို့ကို အကပ်ခံခြင်း သုံးဆောင်ခြင်းတို့ကြောင့် သင့်ရောက်နိုင်သော အပြစ်တို့ကိုလည်း ရေးခဲ့ပါ။

အကပ်ခံပြီး၍ တညဉ့်ကျော်လွန်အောင်မစွန့်ဘဲသိုမှီး သိမ်းဆည်းထားသော ခဲဘွယ်ဘောဇဉ်ကို သန္နိဓိကာရ ဟုခေါ်ပါသည်။ ယာဝကာလိက ယာမကာလိကတို့ကို အကပ်ခံလျှင် ဒုက္ကဋ်၊ မျိုကိုင်း မျိုတိုင်း ပါစိတ်အာပတ် သင့်ပါသည်။

> ပဋိဂ္ဂဟေတွာ ဧကရတ္တိံ ဝိတိ နာမိတဿေတံ
> နာမံ၊ တသ္မာ ဧဝံ သန္နိဓိကတံ ယံကိဉ္စိ ယာဝ
> ကာလိကံဝါ ယာမကာလိကံဝါ အဇ္ဈောဟရိဿာ
> မီတိ ဂဏှန္တဿ ပဋိဂ္ဂဟဏေ ဒုက္ကဋံ၊ အဇ္ဈော
> ဟာရေ အဇ္ဈောဟာရေ ပါစိတ္တိယံ။

ဧတံ၊ ထိုသန္နိဓိဟူသောအမည်သည်။ ပဋိဂ္ဂဟေတွာ၊ ၍။ ဧကရတ္တိ ဝိတိနာမိတဿ၊ တညဉ့်လွန်သောကာလိကနှစ်ပါး၏။ နာမံ၊ တည်း၊ တသ္မာ၊ ကြောင့်။ ဧဝံ၊ သို့။ သန္နိဓိကတံ၊ သိုမှီးခြင်းကိုပြုအပ်သော၊ ယံကိဉ္စိ၊ သော။ ယာဝကာလိကံဝါ၊ ၎င်း၊ ယာမကာလိကံဝါ၊ ၎င်း။ အဇ္ဈောဟရိဿာမီတိ၊ အံ့ဟု။ ပဋိဂ္ဂဏှန္တဿ၊ အား၊ ပဋိဂ္ဂဟဏေ၊ ကြောင့်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ အဇ္ဈောဟာရေအဇ္ဈောဟာရေ၊ တိုင်း။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

အကပ်ခံပြီးသော ခဲဘွယ် ဘောဇဉ် များကို နောက်နောက်ရက်များတွင်စားနိုင်ရန် သန္နိဓိမဖြစ်သော နည်းကို ညွှန်းခဲ့ပါ။

လူသာမဏေတို့အား ငဲ့ကွက်မှုမရှိဘဲ လွှတ်လွှတ်စွန့် ပေးလိုက်ရပါမည်။ ထိုခဲဘွယ်ဘောဇဉ်များကို လူသာမဏေတို့က နောက်နေ့တွင်ပြန်ကပ်ပါက သန္နိဓိမဖြစ်ဘဲ သုံးဆောင်ကောင်းပါသည်။

ယံပန ဘောဇနံ ဘိက္ခုနိရာပေက္ခော သာမဏေ
ရာနံ ပရိစ္စဇိတွာ ဒိန္နံ တေဟိ သန္နိဟိတံ လဘိ
တွာ ဘုဉ္ဇတိ၊ တံ ဝဋ္ဋတိ။

ယံပနဘောဇနံ၊ ကို၊ ဘိက္ခု၊ သည်။ နိရာပေက္ခော၊ ငဲ့ကွက်ခြင်း မရှိသည်ဖြစ်၍။ သာမဏေရာနံ၊ တို့အား။ ပရိစ္စဇိတွာ၊ စွန့်၍၊ ဒိန္နံ၊ ၏။ တေဟိ၊ ထိုသာမဏေတို့သည်။ သန္နိဟိတံ၊ သိုမှီးအပ်သော။ တံ၊ ထိုဘောဇဉ်ကို။ လဘိတွာ၊ ၍။ ဘုဉ္ဇတိ၊ အံ့၊ တံ၊ ထိုဘောဇဉ်သည်။ ဝဋ္ဋတိ၊ ၏။

---

သပိတ် ပုဂံ စသည်တို့ကို ဆေးကြောရာ၌ အနည်းငယ်မစင်ကြယ်သော်ငြား။ ကွဲကြောင်းများ၌ ဆီ စသည်တို့ခင်နေသော်ငြား ထိုသပိတ် ပုဂံတို့ဖြင့် အကပ် ခံစားသော် သန္နိဓိ ဖြစ်မဖြစ် စိစစ်ပေဘာန်ခဲ့ပါ။

ကိုယ်တိုင် ဆေးကြော၍ အကပ်ခံစားလျှင် သန္နိဓိ ဖြစ်ပါသည်၊ လူသာမဏေ တို့အား ဆေးကြောခိုင်း၍ တဖန် လာကပ်လျှင်ကား အပြစ်မရှိပါ။

သန္နိဓိကတာဖြစ်သော အကပ္ပိယ မံသမျိုးကို သုံးဆောင်သောရဟန်းအား သင့်ရောက်သော အာပတ်တို့ကို စေ့စုံစွာဖော်ပြခဲ့ပါ။

ကာလအခါ၌ လူသားကိုစားလျှင် ထုလ္လစ္စည်းနှင့် ပါစိတ်သင့်၏။ ကြွင်းအကပ္ပိယမံသများ အပွတ်ကား- ဒုက္ကဋ်နှင့် သန္နိဓိပါစိတ်သင့်၏။ နေလွဲသောဝိကာလတို့၌ စားလျှင်ကား ဝိကာလဘောဇန ပါစိတ် အာပတ်သင့်၏။

အကပ္ပိယေသု ပန မနုဿမံသေ ထုလ္လစ္စယေန
သဒ္ဓိံ ပါစိတ္တိယံ၊ သေသေသုပန ဒုက္ကဋေန သဒ္ဓိံ။

အကပ္ပိယေသုပန၊ တွင်ကား။ မနုဿမံသေ၊ ၌။ ထုလ္လစ္စယေန၊ နှင့်။ သဒ္ဓိံ၊ တကွ။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။ သေသေသု၊ တို့၌။ ဒုက္ကဋေန၊ နှင့်။ သဒ္ဓိံ၊ တကွ၊ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

ရဟန်းယောကျ်ား၏ သန္နိဓိသည် ရဟန်းမိန်းမ အားလည်း ရဟန်းမိန်းမ၏ သန္နိဓိသည် ရဟန်းယောကျ်ား အားလည်း အကပ်ခံ၍ သုံးဆောင်လျှင် အပ်မအပ် ဝေဘန်ခဲ့ပါ။

အပ်ပါသည်။ အချင်းချင်းသာမအပ်ပါ။

ဘိက္ခုဿပန သန္နိဓိ ဘိက္ခုနိယာ ဝဋ္ဋတိ၊ ဘိက္ခု
နိယာစ သန္နိဓိ ဘိက္ခုဿ ဝဋ္ဋတိ၊ ဘိက္ခုနိက္ခန္ဓ
ကေ အနုညာတတ္တာ ဝဋ္ဋတီတိ။

ဘိက္ခုဿပန၊ ရဟန်းယောကျ်ား၏ကား။ သန္နိဓိ၊ သိုမှီးသောဘောဇဉ်သည်။ ဘိက္ခုနိယာ၊ အား။ ဝဋ္ဋတိ၊ ၏။ ဘိက္ခုနိယာစ၊ ၏လည်း။

သန္တိမိ၊ သည်။ ဘိက္ခုဿ၊ အား။ ဝဋ္ဋတိ၊ ၏၊ ဘိက္ခုနိက္ခန္တိကော၊ ၌။ ဝဋ္ဋတိတိ၊ ဟူ၍။ အနုညာတတ္တာ၊ ကြောင့်တည်း။

---

ကာလိကအချင်းချင်း ရောနှောရာ၌ အဘယ် ကာလိကသဘောသို့လိုက်၍သုံးဆောင်ရမည်ကို ဝေဘန်ခဲ့ပါ။

ကာလိကလေးပါး ရောနှောရာ၌ ရက်ရှည်ကာလိက သည် ရက်တိုကာလိကဘက်သို့ လိုက်၍ သုံးဆောင် ရပါမည်။

ဆောင်။ အဘို အရှေ၊ ရောမိချေ၊ အတိုဘက်သို့ပါ။

---

မနေ့ကအကပ်ခံထားသော ထောပတ်စသည်ကို ယနေ့အကပ်ခံထားသော ဆွမ်းစသည်နှင့်ရောနှော၍သော်၎င်း၊ မနေ့ကအကပ်ခံထားသော ဆားကို ယနေ့အဖျော်ရည်တွင်ရောနှော၍ သုံးဆောင်သော်၎င်း အပ်သည်မအပ်သည် ဖြစ်စေ ဝေဘန်ခဲ့ပါ။

သတ္တာဟကာလိက နှင့် ယာဝဇီဝိက ဝတ္ထုမျိုးမှာ ထိုနေ့အကပ်ခံထားသော ဝတ္ထုမျိုးမဟုတ်သောကြောင့် မသုံးဆောင်ကောင်းပါ။

---

ယမန်နေ့က ခံစသော အာမိသများ ကပ်ကျန် လျက်ရှိသော သပိတ် ပုဂံစသည်တို့ကို လူသာမဏေတို့

အားအကပ်မခံဘဲ ကိုယ်တိုင်ကိုင်ယူထည့်သွင်းသုံးဆောင်ခြင်းကြောင့် သင့်ရောက်သော အပြစ်တို့ကိုပြခဲ့ပါ။

အကပ်မခံဘဲ ကိုယ်တိုင်ကိုင်လျှင် ဥဂ္ဂဟိတ (ကောက်ယူမှု)ဒုက္ကဋ်နှင့် ထိုအာမိသကိုအကပ်မခံဘဲ စားရောက်သောကြောင့် သောလတ့်သော ဒန္တပေါဏ သိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်ပါသည်။

---

ယာဝကာလိက, ယာမကာလိက, သတ္တာဟကာလိကတို့ကို အကပ်ခံပြီး ဆိုင်ရာကာလကို လွန်မှစားသော် သက်ဆိုင်ရာသိက္ခာပုဒ်နှင့်အာပတ်တို့ကို ရေးခဲ့ပါ။

ယာဝကာလိကကိုစားလျှင် ဘောဇန သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်၏။ ယာမကာလိကကိုသုံးဆောင်လျှင် သန္နိဓိသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်၏။ သတ္တာဟကာလိကကိုစားလျှင် နိဿဂ္ဂိယ ဘေသဇ္ဇသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်၏။

---

မုခသန္နိဓိ၏ အဓိပ္ပါယ်ကိုရေးခဲ့ပါ။

မအပ်သော အကပ္ပိယ ကုဋိတွင်း၌ သိုမှီး ချက်ပြုတ်အပ်သော သတ္တာဟကာလိက ယာဝဇီဝကတို့နှင့် ရောနှောမိသဖြင့် ယာဝကာလိက ယာမကာလိက နှစ်မျိုးကို မုခသန္နိဓိဟု ခေါ်ပါသည်။

ပဏီတ ဘောဇဉ်၏အဓိပ္ပါယ်ကိုရေး၍ပဏီတ, ပဏီတဘောဇဉ်အရကိုလည်း ခွဲခြားပြခဲ့ပါ။

ထောပတ် စသည်တို့နှင့် ရောသောစပါးခုနစ်မျိုးမှ ဖြစ်သော ဘောဇဉ်ကို ပဏီတဘောဇဉ်ဟုခေါ်ပါသည်။ သပ္ပိ-နဝနီတစသည်ကို ပဏီတဟုခေါ်သည်၊ ထိုသပ္ပိ စသည်တို့နှင့် ရောထားသော ဘောဇဉ်ကို ပဏီတ ဘောဇဉ်ဟု ခေါ်ပါသည်။

ပဏီတဘောဇနာနီတိ ပဏီတသံသဋ္ဌာနိ သတ္တ ဓညနိဗ္ဗတ္တာနိ ဘောဇနာနိ။

ပဏီတဘောဇနာနီတိ၊ ဟူသည်။ ပဏီတသံသဋ္ဌာနိ၊ မွန်မြတ်သည်နှင့် ရောကုန်သော။ သတ္တဓညနိဗ္ဗတ္တာနိ၊ စပါးခုနစ်မျိုးတို့ဖြင့် ပြီးကုန်သော။ ဘောဇနာနိ၊ တို့တည်း။

---

ဤသိက္ခာပုဒ်လာ မစ္ဆ မံသ ခီရ ဒဓိ တို့၏ အရ သတ္တဝါအားလုံးတို့၏ မံသစသည်ကို ယူသင့်မယူ သင့် ဖြေဆိုခဲ့ပါ။

မစ္ဆအရ ရေသတ္တဝါအားလုံးကိုယူရပါမည်။အသား အပ်သော သတ္တဝါတို့၏ အသားနှင့် နို့ရည်နို့ခမ်းတို့ကို မံသ ခီရ ဒဓိတို့အရ ယူရပါမည်။

မစ္ဆာဒီသုပန သဗ္ဗာပိ ဩဒကော ဇာတိ ပုစ္ဆလက္ခဏော မစ္ဆော မစ္ဆောယေဝ၊ ယေသံ ပန

မံသံ ကပ္ပတိ တေသံ မံသဉ္စ ခီရ ဒဓိနိစ ဇာခ
ဓိပ္ပေတာနိ။

မဏ္ဍာဒိသုပန၊ တို့တွင်ကား။ သဗ္ဗောပိသြဒကောတိ၊ အလုံးစုံသော ရေသတ္တဝါဟူ၍။ ဝုတ္တလက္ခဏော၊ ရှိသော။ မစ္ဆော၊ ငါးသည်။ မစ္ဆောယေဝ၊ တည်း။ ယေသံပနသတ္တာနံ၊ တို့၏။ မံသံ၊ သည်။ ကပ္ပတိ၊ ၏။ တေသံ၊ တို့၏။ မံသဉ္စ၊ ကိုရှင်း၊ ခီရဒဓိနိစ၊ နို့ရည် နို့ဓမ်းတို့ကိုရှင်း။ ဇာခ၊ ဌ။ အဓိပ္ပေတာနိ၊ ကုန်၏။

---

အဂိလာနေ့ာအရ အဘယ်ကဲ့သို့သော ရဟန်းမျိုးကို ယူရမည်ဟု ဖော်ပြပြီးလျှင် (က)သပ္ပိ နဝနီတ တေလ မဓုဖါဏိတကို တောင်းသော ရဟန်းနှင့် (ခ)မစ္ဆ မံသ ခီရဒဓိတို့ကို တောင်းသော ရဟန်းအား သင့်ရောက်သော အာပတ် သိက္ခာပုဒ်တို့ကို ညွှန်းခဲ့ပါ။

ပဏ္ဍိတဘောဇဉ်နှင့် ကင်းကွာ၍ဘုဉ်းပေးသုံးဆောင်နိုင်သော ရဟန်းကို အဂိလာနဟု ခေါ်ပါသည်။ (က) အတွက် ရဟန်းမှာ အစေလကာဝဂ် သတ္တမခြောက်မဟာနာမ သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်၏။ (ခ)ရဟန်းမှာ သေခိယလာ သူပေါဒနဝဂ် သတ္တမခြောက် သူပေါဒနဝိညတ္တိသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်ပါသည်။

အဂိလာနေ့ာတိ ယဿ တေဟိ ဝိနာပိ ဖါသု ဟောတိ၊ ယော အဂိလာနော သူပ္ပါနိ သပ္ပိအာဒီနိ ဘေသဇ္ဇာနိ ဝိညာပေတိ သော မဟာနာမ

သိက္ခာပဒေန ကာရေတဗ္ဗော မဇ္ဇာဒိနိ စတ္တာရိ ဝိညာပေန္တော သူပေါဒန ဝိညတ္တိယာ ကာရေ တဗ္ဗော။

အဂိလာနောတိ၊ ဟူသည်။ ယသ္မိံ ကာယေ ဘိက္ခုနော၊ အား။ တေဟိ၊ ထိုဘောဇဉ်တို့နှင့်။ ဝိနာပိ၊ လည်း။ ဖါသု၊ ချမ်းသာသည်။ ဟောတိ၊ ၏၊ ယော ဘိက္ခု၊ သည်။ အဂိလာနော၊ ဘဲ။ သုဒ္ဓါနိ၊ ကုန်သော။ သပ္ပိအာဒီနိ၊ တို့ကို။ ဘေသဇ္ဇတ္ထာယ၊ ငှါ။ ဝိညာပေတိ၊ တောင်းအံ့။ သော ဘိက္ခု၊ ကို။ မဟာနာမသိက္ခာပဒေန၊ ဖြင့်၊ ကာရေတဗ္ဗော၊ ၏။ မဇ္ဇာဒီနိ၊ ကုန်သော။ စတ္တာရိ၊ တို့ကို။ ဝိညာပေန္တော၊ တောင်းသောရဟန်းကို။ သူပေါဒနဝိညတ္တိယာ၊ သူပေါဒနဝိညတ်ဖြင့်။ ကာရေတဗ္ဗော၊ ၏။

---

ထောပတ်ပါသော ထမင်းကိုလှူပါ, ထမင်းကို ထောပတ်လောင်းပြီး လှူပါ, ထောပတ်ရော ထမင်းပါ လှူပါ စသည်ဖြင့် ဉာတိပဝါရိတမဟုတ်သူထံ တောင်းခံ စားရာ၌ သင့်ရောက်သော အပြစ်တို့ကိုပြခဲ့ပါ။

ဉာတိပဝါရိတ မဟုတ်သူများထံ အထက်ပါအတိုင်း တောင်းခြင်း ခံယူခြင်းကြောင့် ဒုက္ကဋ်၊ စားလျှင်မျိုတိုင်း မျိုတိုင်း ပါစိတ်အာပတ်သင့်ပါသည်။

သပ္ပိနာ ဘတ္တံ ဒေဟိ သပ္ပိံ အာကိရိတွာ ဒေဟိ
သပ္ပိမိဿကံ ကတွာ ဒေဟိ သဟ သပ္ပိနာ ဒေဟိ
သပ္ပိဉ္စ ဘတ္တဉ္စ ဒေဟီတိ ဧဝံ ဝိညာပေန္တဿ

တာဝ ဝိညတ္တိယာ ဒုက္ကဋံ၊ ပဋိဂ္ဂဟဏေ ဒုက္ကဋံ၊ အဇ္ဈောဟာရေ အဇ္ဈောဟာရေ ပါစိတ္တိယံ။

သပ္ပိနာ၊ နှင့်။ ဘတ္တံ၊ ကို။ ဒေဟိ၊ လော့။ သပ္ပိံ၊ ကို။ အာကိရိတွာ၊ လောင်း၍။ ဒေဟိ၊ လော့၊ သပ္ပိနာ။ နှင့်။ သဟ၊ တကွ။ ဒေဟိ၊ လော့။ သပ္ပိဥ္စ၊ ၎င်း။ ဘတ္တဥ္စ၊ ကို၎င်း။ ဒေဟိ၊ လော့။ ဣတိဧဝံ၊ သို့။ ဝိညာပေန္တဿ၊ အား။ တာဝ၊ စွာ။ ဝိညတ္တိယာ၊ တောင်းခြင်းကြောင့်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ပဋိဂ္ဂဟဏေ၊ ခံယူခြင်းကြောင့်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ အဇ္ဈောဟာရေ၊ အဇ္ဈောဟာရေ၊ မျိုချတိုင်း မျိုချတိုင်း။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

နွားနို့ကို ပြုလုပ်ထားသော ဘောပတ်ဆွမ်းကို လှူပါဟု ရဟန်းက တောင်းရာ ဒါယကာက ဆိတ်နို့ကို ပြုလုပ်ထားသော ထောပတ်ဆွမ်းကို လှူလိုက်သဖြင့် သုံးဆောင်သောရဟန်းအား အပြစ်ရှိမရှိ ဝေဘန်ခဲ့ပါ။

ကောင်းသည်ကို မလှူဘဲ မကောင်းသည်ကို လှူသောကြောင့် အပြစ်မရှိပါ။

သစေ ပန ဂေါသပ္ပိနာ ဒေဟီတိ ယာစိတော အဇိကာ သပ္ပိအာဒီဟိ ဒေတိ၊ ဝိသင်္ကေတံ ဝေဒို သတိ အညံ အယာစိတေန အညံ ဒိန္နံ နာမ ဟောတိ။

သစေပန၊ ကား။ ဂေါသပ္ပိနာ၊ နှင့်၊ ဘတ္တံ၊ ကို။ ယာစိတော၊ လှူစမ်းပါဟု တောင်းသည်ရှိသော်။ အဇိကာသပ္ပိအာဒီဟိ၊ ဆိတ်နို့ဖြင့်ပြုလုပ်ထားသော ထောပတ်စသည်တို့နှင့်။ ဘတ္တံ၊ ကို။ ဒေတိ၊ အံ့။ ဝိသင်္ကေတံ၊

ချွတ်ယွင်းသည်။ ဟောတိ၊၏။ ဟိယသ္မာ၊ ကြောင့်။ ဧဝံ၊ ဤကဲ့သို့ပေး သည်ရှိသော်။ အညံ၊ တပါးကို။ ယာစိတေန၊ တောင်းသောသူသည်။ အညံ၊ တပါးကို။ ဒိန္နံ၊ နာမ၊ မည်သည်။ ဟောတိ၊၏။ တသ္မာ၊ ကြောင့်။ အနာပတ္တိ၊ မသင့်။

---

❁ တအိမ်တည်းမှ သော်၎င်း အိမ်အသီးသီးမှ သော်၎င်း စုပေါင်း၍ တောင်းခံအပ်သော ပဏီတဝတ္ထု ကိုးမျိုးနှင့် ရောနှောသော ပဏီတဘောဇဉ် ကိုးမျိုးကို အားလုံး ရောနှောသုံးဆောင်သော ရဟန်းမှာ ပါစိတ် မည်မျှ သင့်ပါသနည်း။

သမန်းမြက်ဖျားမျှဖြင့် တို့၍တစက်လောက်မျှ စားမိ လျှင် ပါစိတ်အာပတ်ကိုးချက်သင့်ပါသည်။

> သစေပန သဗ္ဗေဟိပိ သပ္ပိအာဒီဟိ ဧကဋ္ဌာနေဝါ
> နာနာဋ္ဌာနေဝါ ဝိညာပေတွာ ပဋိလဒ္ဓံ ဧကတော
> သမ္ဘိန္နရသံ ကတွာ တတော ကုသဂ္ဂေန ဧက
> ဗိန္ဒုမ္ပိ အဇ္ဈောဟရတိ နဝပါစိတ္တိယာနိ။

သစေပန၊ ကား။ သဗ္ဗေဟိပိ၊ ကုန်သော။ သပ္ပိအာဒီဟိ၊ တို့နှင့်။ ဧကဋ္ဌာနေဝါ၊ တခုတည်းသော အရပ်၌၎င်း။ နာနာဋ္ဌာနေဝါ၊ ၌၎င်း။ ဝိညာပေတွာ၊ ၍။ ပဋိလဒ္ဓံ၊ ရအပ်သောဆွမ်းကို။ ဧကတော၊ တပေါင်းတည်း။ သမ္ဘိန္နရသံ၊ ရောသောအရသာရှိသည်ကို။ ကတွာ၊ ၍။ တတော၊ ထိုဆွမ်းမှ။ ကုသဂ္ဂေန၊ သမန်းမြက်ဖျားမျှဖြင့်။ ဧကဗိန္ဒုမ္ပိ၊ တပေါက်မျှကိုသော်လည်း။ အဇ္ဈောဟရတိ၊ မျိုအံ့။ နဝပါစိတ္တိယာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

● ဂိလာနဖြစ်စဉ်က တောင်းထားသော ပဏီတဘောဇဉ်ကို အဂိလာနဖြစ်သော်လည်း စားသောရဟန်း။ ဂိလာန၏ အကြွင်းအကျန်ကို ဘုဉ်းပေးသော ရဟန်းတို့အား မည်သည့်အပြစ်ရှိပါသနည်း။

ထိုရဟန်းတို့အား အပြစ်မရှိပါ။

ဂိလာနကာလေ ဝိညာပေတွာ အဂိလာနဿ
ဘုဉ္ဇတော ဂိလာနဿ သေသကေ။

ဂိလာနကာလေ၊ နာသောကာလ၌။ ဝိညာပေတွာ၊ ၍။ အဂိလာနဿ၊ မနာသော ရဟန်းအား။ ဘုဉ္ဇတော၊ ရဟန်းအားရင်း။ ဂိလာနဿ၊ ၏။ သေသကေ၊ အကြွင်းကိုကို။ ဘုဉ္ဇတော၊ အားရင်း။ (အနာပတ္တိ၊ အာပတ်မသင့်)။

---

## ဒုဿပေါ်ထောဒ်ကျွချုပ်

ဤသိက္ခာပုဒ်၌ အဒိန္နဟူသည် မည်သို့သော မပေးခြင်းကို ဆိုပါသနည်း ဖြေဆို၍၊ ဒုတိယ ပါရာဇိကလာ အဒိန္နနှင့် ဤသိက္ခာပုဒ်လာ အဒိန္နတို့၏ အထူးကိုလည်း ရေးသွဲပါ။

နှုတ်ခေါင်းထွာ ဟတ္ထပါသ် အတွင်း၌နေ၍ ကိုယ်ဖြင့်၎င်း ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့်၎င်း တပါးပါးဖြင့် မပေးခြင်းမျိုးကို အဒိန္နဟု ဆိုပါသည်။ ဒုတိယပါရာဇိကလာ အဒိန္နကား ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော ပရပရိဂ္ဂဟိတတည်း။ ဤသိက္ခာပုဒ်လာ အဒိန္နကား— အကပ်မခံအပ်သော အာဟာရတည်း။

အဒိန္နန္တိ ကာယေန ဝါ ကာယပ္ပဋိဗဒ္ဓေနဝါ
ဂဏှန္တဿ ဟတ္ထပါသေ ဌတွာ ကာယ ကာယ
ပဋိဗဒ္ဓ နိဿဂ္ဂိယာနိ အညာတရေန နဒိန္နံ။

အဒိန္နန္တိ၊ ဟူသည်။ ကာယေနဝါ၊ ၎င်း။ ကာယပ္ပဋိဗဒ္ဓေနဝါ၊ ကိုယ်နှင့်စပ်သောဝတ္ထုဖြင့်၎င်း။ဂဏှန္တဿ၊ရဟန်းအား။ဟတ္ထပါသေ၊ ၌။ ဌတွာ၊၍။ ကာယ ကာယပ္ပဋိဗဒ္ဓနိဿဂ္ဂိယာနိ၊ ကိုယ်,ကိုယ်နှင့် စပ်သော ဝတ္ထုတို့ကိုလွှတ်လိုက်ခြင်း စသည်တို့တွင်။ အညာတရေန၊ ဖြင့်။ နဒိန္နံ၊မပေးအပ်သောဝတ္ထုကို။

---

● အကပ်မြောက်ခြင်း၏အင်္ဂါတို့ကို စုံလင်စွာ ဖော်ပြခဲ့ပါ။

(၁) ကပ်မည့်သူက ရှေးရှုဆောင်ယူလာခြင်း။ (၂) အကပ်ခံမည့်ရဟန်း၏ ဟတ္ထပါသ်အတွင်းသို့ရောက်ခြင်း။ (၃) အား အလယ်အလတ်ရှိသော ယောကျာ်း၏ ချီနိုင်လောက်သော ဝတ္ထုဖြစ်ခြင်း။ (၄) ပေးကပ်သူသည် ကိုယ်, ကိုယ်နှင့် စပ်သောဝတ္ထု, စွန့်လွှတ်ခြင်းတို့တွင် တမျိုးမျိုးဖြင့် ပေးကပ်ခြင်း။ (၅) အကပ်ခံသူရဟန်းက ကိုယ်, ကိုယ်နှင့်စပ်သော ဝတ္ထု နှစ်မျိုးတွင် တမျိုးမျိုးဖြင့် အကပ်ခံခြင်းအားဖြင့် ငါးပါးရှိပါသည်။

**ဆောင်။** ရှေးရှု လည်းဆောင်၊ နှစ်တောင့်ထွာ ရောက်၊
မြှောက်နိုင်ဝတ္ထု သုံးခု ပေးခြင်း၊ ခံခြင်း နှစ်
လျောက်၊ကျမ်းလာထောက်၊ ကပ်မြောက်အင်္ဂါ
ငါးပါးတည်း။

❁ ပေးပို့ပေးနည်း အမျိုးအစားနှင့် ခံယူပုံ အမျိုးအစားတို့ကို ဖော်ထုတ်ရေးသားခဲ့ပါ။

ပေးပို့ပေးနည်းမှာ လက်စသော ကိုယ်အင်္ဂါဖြင့် ကိုင်တွယ်၍ ပေးကပ်ခြင်း ကိုယ်နှင့် ထိစပ်သော ပုဂ်စသည်ဖြင့် ပေးကပ်ခြင်း အကပ်ခံမည့်ရဟန်းထံသို့ ပစ်လွှင့်၍ ပေးကပ်ခြင်း သုံးမျိုးရှိပါသည်။ ခံယူပုံခံယူနည်းမှာ လက်စသော ကိုယ်အင်္ဂါဖြင့် ထိ၍ အကပ်ခံခြင်း လက်စသည်ဖြင့် ထိကိုင်ထားသော သပိတ် ပုဂံ စသည်ဖြင့် အကပ်ခံခြင်းဟု နှစ်မျိုးရှိပါသည်။

---

❁ ဦးခေါင်းပေါ်၌ တင်ရွက်ထားသော စားဖွယ်သောက်ဖွယ်များကို လှူလို၍ ဦးခေါင်းကို အနည်းငယ်စောင်းညွှတ်ပေးရုံမျှဖြင့် အကပ်ခံရာ မြောက်မမြောက်ကို စိစစ်ဝေဘန်ခဲ့ပါ။

စောင်းညွှတ်၍ ပေးလိုက်လျှင်လည်း ရှေးရှုပေးရာရောက်သောကြောင့် အကပ်မြောက်ပါသည်။

---

❁ ဟတ္ထပါသ် တိုင်းထွာနည်းကို သိသမျှ ဖော်ပြခဲ့ပါ။

ရှေ့တည့်တည့်မှာ ကပ်ရာဝယ် ရဟန်းကထိုင်နေလျှင် ကင်ပါး၏ နောက်ဘက် အစွန်းဖြင့်ရင်း၊ ရပ်နေလျှင်

ဖနောင့်စွန်းဖြင့်ငင်း၊ စောင်းသွဲ့နေလျှင် စောင်းသော နံပါး၏ ဖြင်ဘက်စွန်းဖြင့်ငင်း။ ဝမ်းလျားမှောက်၍နေရာ ဝယ် ဦးခေါင်းနား၌ လာ၍ ကပ်လျှင် ဦးခေါင်းစွန်း၏ အနီးဖြစ်သော လည်းပင်းဖြင့်ငင်း။ ဤသို့လျှင် လှမ်းယူ သော လက်မှတပါး အနီးဆုံးကိုယ်အင်္ဂါ၏ နောက်ဘက် စွန်းဖြင့် တိုင်းရပါမည်။ ကပ်သူ အတွက်လည်း လှမ်း၍ ပေးသောလက်မှတပါး အခြားသော အနည်းဆုံး ကိုယ် အင်္ဂါ၏ ဤဘက်အစွန်းဖြင့် တိုင်းရပါမည်။

---

● အကပ်ခံရာ၌ မည်မျှလောက် ချီနိုင်သော ခုံမျိုး သာ အကပ်မြောက်သည် မမြောက်သည်ကိုလည်း ရေး ခဲ့ပါ။

အကပ်ခံရာ၌ အား အလယ်အလတ် ရှိသော မဇ္ဈိမ ပုရိသ ယောကျ်ားအား ချီမ, နိုင်သော စားပွဲခုံမျိုးသာ အကပ်မြောက်ပါသည်၊ မချီနိုင်ပါက အကပ်မမြောက်ပါ။

တသ္မိံ ဌတွာ သစေပိ ဒွေတယောဝါ သာမဏေ
ရာ ယံ မဇ္ဈိမော ပုရိသော ဥက္ခိပိတုံ သက္ကောတိ။

တသ္မိံ၊ ထိုဟတ္ထပါသ်၌။ ဌတွာ၊ ၍။ သစေပိ၊ လည်း။ ဒွေတယော သာမဏေရာ၊ တို့သည်။ ယံဘာဇနံ၊ အကြင်ဝန်ကို။ မဇ္ဈိမော၊ အား အလယ်အလတ်ရှိသော။ ပုရိသော၊ သည်။ ဥက္ခိပိတုံ၊ ချီမခြင်းငှါ။ သက္ကောတိ၊ ၏။

သပိတ်ခြေပေါ် တင်ထားသော သပိတ်တွင်းသို့ ဆွမ်းထည့်သည့်အခါတွင် သပိတ်ကို မကိုင် ထွေပဲ သပိတ်ခြေကိုသာ ကိုင်၍ အာကပ်ခံပါလျှင် အာကပ်မြောက် မမြောက် အကြောင်းပြမြေဆိုခဲ့ပါ။

သပိတ်ခြေကိုလည်း ကာယပ္ပဋိဗဒ္ဓဟုပင် ဆိုနိုင်သော ကြောင့် အာကပ်မြောက်ပါသည်။

ပဋိဗဒ္ဓပ္ပဋိဗဒ္ဓေနာပိ ရူဟ နတ္ထိ။

ပဋိဗဒ္ဓပ္ပဋိဗဒ္ဓေနာပိ၊ ပဋိဗဒ္ဓပ္ပဋိဗဒ္ဓမည်သည်။ ဝါ၊ အဆင့်ဆင့် စပ်သောမည်သည်။ နတ္ထိ၊ မရှိ။

———

ရှေဦးပထမကာ အာကပ်ခံမည်ဟု နှစ်လုံးသွင်း ပြီးနောက် အိပ်ပျော်သွားသောရဟန်း၏ သပိတ်ထည်းသို့ ဆွမ်း ခဲဘွယ် ဘောဇဉ်ကို ထည့်လိုက်သော် အာကပ် မြောက်ပါမည်လော။

အာကပ်ခံရာ၌ နှလုံးသွင်းသာ ပမာဏဖြစ်၍ အာကပ် မြောက်ပါသည်။

အာဘောဂမေဝ ဟေတ္ထ ပမာဏံ ပုဗ္ဗာဘော
ဂေစ သတိ ပဋ္ဌာ နိဒ္ဒါယန္တဿ ပတ္တေ ဒိန္နမ္ပိ
ဟတ္ထပါသေ သတိ ပဋိဂ္ဂဟိတမေဝ ဟောတိ။

ဧတ္ထ၊ ဤအာကပ်ခရာ၌။ အာဘောဂမတ္တံမေဝ၊ နှလုံးသွင်းကာ မျှသည်သာလျှင်။ ပမာဏ၊ တည်း။ ပုဗ္ဗာဘောဂေစ၊ ရှေး၌နှလုံး သွင်းခြင်းသည်လည်း။ သတိ၊ သော်။ ပဋ္ဌာ၊ ၌။ နိဒ္ဒါယန္တဿ၊ အိပ်ပျော်သောရဟန်း၏၊ ပတ္တေ၊ ၌။ ဒိန္နမ္ပိ၊ ပေးအပ်သော ဝတ္ထု၊

သည်လည်း။ ဟတ္ထပါသေ၊ သည်။ သတိ၊ သော်။ ပဋိဂ္ဂဟိတမေဝ၊ အကပ်ခံသည် မည်သည်သာလျှင်။ ဟောတိ၊ ၏။

---

သဝိတ်ထည်းသို့ အကပ်ခံမည်ဟုကြံစည်၍ ထိုင်နေသော ရဟန်း၏ လက်တွင်းသို့ အကပ်ခံပြီးသော်ငင်း ရှေ့ရှုဆောင်ယူလာသောခွက် မြူမှုန် ကျသော်ငင်း သုံးဆောင်ခြင်းငှါ အပ်ပါမည်လော။

အားလုံးအပ်ပါသည်။

> ယမ္ပိ ပတ္တေန ပဋိဂ္ဂဏှိဿာမီတိ နိသိန္နဿဝ
> ဟတ္ထေ ပတတိ ဝဋ္ဋတိယေဝ၊ အဘိဟာရုဘာဇန
> တော ပတိတရဇမ္ပိ ဝဋ္ဋတိ။

ယမ္ပိ၊ အကြင်ဝတ္ထုကိုလည်း။ ပတ္တေန၊ ဖြင့်။ ပဋိဂ္ဂဟေဿာမီတိ၊ ဟူ၍၊ နိသိန္နဿဝ၊ ရဟန်း၏လျှင်။ ဟတ္ထေ၊ ၌။ ပတတိ၊ ကျအံ့။ တံ၊ ထိုဝတ္ထုသည်။ ဝဋ္ဋတိယေဝ၊ တည်း။ အဘိဟာရုဘာဇနတော၊ ရှေ့ရှုဆောင်ယူလာသောခွက်မှ။ ပတိတရဇမ္ပိ၊ ကျသောမြူသည်လည်း ဝဋ္ဋတိ၊ ၏။

---

လူသာမဏေက အောက်မှနေ၍ အကပ်ခံသူ ရဟန်းမှာ အပေါ်မှဖြစ်ခဲ့သော် ဟတ္ထပါသ်ကို မည်ကဲ့သို့ ယူရပါမည်နည်း။

အောက်မှပေးကပ်သူ လူသာမဏေ၏ ဦးခေါင်းနှင့် အပေါ်မှ အကပ်ခံသူရဟန်း၏ ဆန့်တန်းထားသောလက်

မှတပါး အခြားကိုယ်အင်္ဂါ တခုခုတို့သည် ဟတ္ထပါသ်အတွင်းမှာ တည်ရှိပါလျှင် ထိုအင်္ဂါအစိတ်အပိုင်းဖြင့် ဟတ္ထပါသ်ကို တိုင်းထွာရပါမည်။

ထပေတွာ ဒါတုံဝါ ဂဟောတုံဝါ ပသာရိတဟတ္ထံ
ယံ အာသန္နတရံ „အင်္ဂံ တဿ ဩရိမန္တေန
ဟတ္ထပါသပ္ပမာဏံ ပရိစ္ဆိန္ဒိတဗ္ဗံ။

ဒါတုံဝါ၊ ငှါရင်း။ ဂဟေတုံဝါ၊ ငင်း။ ပသာရိတဟတ္ထံ၊ ဆန့်တန်းထားသောလက်ကို။ ထပေတွာ၊ ၍။ ယံအင်္ဂံ၊ သည်။ အာသန္နတရံ၊ နီး၏။ တဿအင်္ဂဿ၊ ၏။ ဩရိမန္တေန၊ ဤမှာဘက်အစွန်းဖြင့်။ ဟတ္ထပါသပ္ပမာဏံ၊ ဟတ္ထပါသ်အတိုင်းအရှည်ကို။ ပရိစ္ဆိန္ဒိတဗ္ဗံ၊ ၏။

---

အကပ်ပျက်ကြောင်း အင်္ဂါများကို ရေးခဲ့ပါ။

(၁) အကပ်ခံပြီးသောအစာကို ပေးစွန့်ခြင်း (၂) သိက္ခာချခြင်း (၃) သူတပါးအားပေးလိုက်ခြင်း (၄) နိုင်ထက်တမှု လုယူသွားခြင်း (၅) သေသွားခြင်း (၆) ရဟန်းအဖြစ်မှ ရဟန်းမိန်းမအဖြစ်သို့ လိင်ပြောင်းသွားခြင်း အားဖြင့် ခြောက်ပါးရှိပါသည်။

**ဆောင်။** စွန့်၊ ချ၊ ပေး၊ လု၊ မစွဲ၊ လိင်ပြန်၊ ဤခြောက်တန်၊ ကပ်ခံပျက်ကြောင်းတည်း။

---

ဆွမ်းခံသွားသောရဟန်း၏ သပိတ်ထည်းဝယ် မြူမှုံကျပါက အကပ်ခံဘွယ်ရှိမရှိ ဝေဘန်၍ အကပ်မခံဘဲ စားသော် မည်သည့်အပြစ်ရှိသည်ကိုလည်း ရေးခဲ့ပါ။

ကျလာသောမြူမှုံမှာ အကာပ်မခံရသေးသည့် အရာဝတ္ထုဖြစ်သောကြောင့် အကပ်ခံပြီးမှ သုံးဆောင်သင့်ပါသည်။ အကာပ်မခံဘဲ သုံးဆောင်ပါက ဝိနယဒုက္ကဋ်ခေါ် ဒုက္ကဋ်အာပတ်သင့်ပါသည်။

> ယံပန ဝိဇ္ဇာယ စရန္တဿ ပတ္တေ ရဇံ ပတတိ တံ ပဋိဂ္ဂဟိတမေဝ ဟောတိ၊ တသ္မာ ပဋိဂ္ဂဟေတွာဝ ဂဏှိတွာ ဘိက္ခာ ဂဏှိတဗ္ဗာ၊ အပ္ပဋိဂ္ဂဟေတွာ ဂဏှန္တဿ ဝိနယ ဒုက္ကဋံ။

ဝိဇ္ဇာယ၊ ၌၊ စရန္တဿ၊ သွားသောရဟန်း၏။ ပတ္တေ၊ ၌။ ယံပနရဇံ၊ အကြင်မြူမှုံသည်။ ပတတိ၊ ၏။ တံရဇံ၊ သည်။ အပဋိဂ္ဂဟိတမေဝ၊ အကပ်မခံသောမည်သည်သာလျှင်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ပဋိဂ္ဂဟေတွာဝ၊ လျှင်။ ဘိက္ခာ၊ ကို။ ဂဏှိတဗ္ဗာ၊ ၏။ အပ္ပဋိဂ္ဂဟေတွာ၊ ၍။ ဂဏှန္တဿ၊ အား။ ဝိနယဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

---

ဆွမ်းစားနေစဉ်ဝယ် ဆွမ်းပုဂံထဲသို့ နှာရည်မျက်ရည် တံတွေးပေါက်များကျပါက ထပ်မံ၍ အကာပ်ခံပြီးမှ စားသင့်မစားသင့်ကို ဝေဘန်ခဲ့ပါ။

ဆွမ်းပုဂံအည်းသို့ကျလျှင် အကပ်ခံပြီးမှသာစားသင့်ပါသည်။

> အဿုခေဠ သင်္ဃာဏိကာဒိသု ယံ ဌာနတော စဝိတွာ ဟတ္ထေဝါ ပတ္တေဝါ ပတတိ တံပဋိဂ္ဂဟေတဗ္ဗံ။

အညံ့ခြေဌသိဃ်ာဏိကာဒိသု၊ မျက်ရည်တံထွေး နှပ်စသည်တို့တွင်။ ယံ၊ အကြင်ဝတ္ထုသည်။ ဌာနတော၊ တည်ရာမှ။ စဝိတွာ၊ လျော၍။ ဟတ္ထေဝါ၊ ဥဇ္ဇင်း။ ပတ္တေဝါ၊ ၌ရင်း။ ပတတိ၊ ကျအံ့။ တံ၊ ထိုဝတ္ထုကို။ ပဋိဂ္ဂဟေတုံ၊ အကပ်ခံအပ်၏။

---

● သစ်ပင်ကိုလှုပ်၍ ကျလာသောအသီးတို့ကို မည်သည့်ရဟန်းမျိုးသာ စားကောင်းသည် မစားကောင်းသည်တို့ကိုဖြေပြပါ။

လှုပ်ချသောရဟန်း မစားကောင်းပါ၊ စားလျှင်ဒုရူပစိဏ္ဏ ဒုက္ကဋ်အာပတ်သင့်ပါသည်။ အခြားရဟန်းများမှာ စားကောင်းပါသည်။

ယောပန တဏ္ဍု ဇာတကဖလိနိံ သာခါယ ဝါ ဝလ္လိယာ ဝါ ဂဟေတွာ စာလေတိ တဿ တတော လဒ္ဓံ ဖလံ နဝဋ္ဋတိ၊ ဒုရူပစိဏ္ဏဒုက္ကဋဉ္စ အာပဇ္ဇတိ။

ယောပနဘိက္ခု၊ သည်။ တဏ္ဍုဇာတကဖလိနိံ၊ ထိုသစ်ပင်၌တည်သော အသီးရှိသောသစ်ပင်ကို။သာခါယဝါ၊ အခက်၌ရင်း။ ဝလ္လိယာ ဝါ၊နွယ်၌ရင်း။ဂဟေတွာ၊၍။ စာလေတိ၊လှုပ်အံ့။ တဿဘိက္ခုနော၊ အား။တတော၊ထိုသစ်ပင်မှ။လဒ္ဓံ၊ရအပ်သော။ ဖလံ၊ သည်။ နဝဋ္ဋတိ၊ မအပ်။ ဒုရူပစိဏ္ဏဒုက္ကဋဉ္စ၊သို့လည်း။ အာပဇ္ဇတိ၊ ၏။

မုခဒွါရ်အရ ပါးစပ်ပေါက်ကို ဆိုပါသလော ဖြေဆို၍ အာဟာရံ ၌ အာဟာရ အရ ဖြစ်နိုင်သော ကာလိကတို့ကိုလည်း ရေးခဲ့ပါ။

အာဟာရကို ပါးစပ်က ဖြစ်စေ၊ နှာခေါင်းကဖြစ်စေ သွင်းရာ၌ လည်ချောင်းပေါက်၏ အတွင်းသို့ရောက်လျှင် မုခဒွါရဖြစ်ပါတော့သည်။ အာဟာရအရကား ကာလိက လေးပါးလုံးကိုပင် အာဟာရဟု ဆိုပါသည်။

မုခဒွါရဉှိ ဂလနာဠိကံ မုခေနဝါ ပဝိဋ္ဌံ ဟောတု၊ နာသိကာယဝါ ဂလေန အဇ္ဈောဟရဏီယဟာယ သဒ္ဒတ္ထိ တံ မုခဒွါရံ ပဝေသိတမေဝ ဟောတိ။ အာဟာရဉှိ ယံကိဉ္စိ ယာဝကာလိကံဝါ ယာမကာလိကံဝါ သတ္တာဟကာလိကံဝါ ယာဝဇီဝိကံဝါ။

မုခဒွါရဉှိ၊ ဟူသည်။ ဂလနာဠိကံ၊ လည်ချောင်းဝသို့။ ဟိ၊ မှန်၏။ မုခေနဝါ၊ ခံတွင်းဖြင့်ရင်း။ ပဝိဋ္ဌံ၊ ဝင်သည်။ ဟောတု၊ ဖြစ်စေ။ နာသိကာယဝါ၊ နှာခေါင်းဖြင့်ရင်း၊ ပဝိဋ္ဌံ၊ သည်။ ဟောတု၊ စေ။ ဂလေန၊ လည်ချောင်းဖြင့်။ အဇ္ဈောဟရဏီယဟာယ၊ မျိုအပ်သည်၏ အဖြစ်ကြောင့်။ သဒ္ဒတ္ထိ၊ သော။ တံ၊ ထိုဝတ္ထုသည်။ မုခဒွါရံ၊ သို့။ ပဝေသိတမေဝ၊ ဝင်သည်မည် သည်သာလျှင်။ ဟောတိ၊ ၏။ အာဟာရဉှိ၊ ဟူသည်၊ ယံကိဉ္စိ၊ သော။ ယာဝကာလိကံဝါ၊ ရင်း။ ယာမကာလိကံဝါ၊ ရင်း။ သတ္တာဟကာလိကံဝါ၊ ရင်း။

ယာဝကာလိကတွင် ပါဝင်သော အသီးကိုးလုံးတို့၏ အမည်တို့ကို ဖော်ပြခဲ့ပါ။

ထန်းသီး, အုန်းသီး, ဒိန်ဗိန္ဒဲ, တောင်ဗိန္ဒဲ, ဗူးသီး, ဖရုံသီး, ငပြုပ်သခွါး, ဆေးသခွါး, ကြောင်သခွါးတို့ဖြစ်ပါသည်။

**သေဒင်**။ ထန်း,အုန်း,နှစ်ကွဲ၊ ဗိန္ဒဲ နှစ်စုံ၊ ဗူး,ဖရုံ မှတ်တုံ သုံးသခွါး။

တာလ နာဠိကေရ ပနသ လဗုဇ အလာဗု
ကုမ္ဘဏ္ဍ ပုဿဖလ တိပုသဖလ ဧဠာလုက
သင်္ခါတံ နဝဝိဓံ မဟာဖလဉ္စ။

တာလ၊ ထန်းသီး။ နာဠိကေရ၊ အုန်းသီး။ ပနသ၊ ဗိန္ဒဲသီး။ လဗုဇ၊ တောင်ဗိန္ဒဲသီး။ အလာဗု၊ ဗူးသီး။ ကုမ္ဘဏ္ဍ၊ ဖရုံသီး။ ပုဿဖလ၊ ဆေးသခွါး၊ တိပုသဖလ၊ ငပြုတ်သခွါး။ ဧဠာလုကသင်္ခါတံ၊ ကြောင်သခွါးဟု ဆိုအပ်သော။ နဝဝိဓံ၊ သော။ မဟာဖလဉ္စ၊ အသီးကြီးသည်ရင်း။

---

မူလအဖျော်ရည်ရှစ်မျိုးနှင့် အနုလောမ အဖျော်ရည်တို့၏အမည်များကို အသီးသီး ဖော်ပြခဲ့ပါ။

အဖျော်ရည်ရှစ်မျိုးကား- သရက်, သပြေ, တောငှက်ပျော, ဒိန်ငှက်ပျော, သစ်မြစ်စည်သီး, မုဒ်ရက်သီး, (သပျက်သီးဟု ဆိုသည်) ကြာစွယ်သီး, ဖက်သက်တရော်သီး အဖျော်တို့ဖြစ်ကြပါသည်။ အနုလောမအဖျော်တို့ကား- ကြိမ်သီး, မန်ကျည်းသီး, ကြို့သီး, ရှောက်သီး, သီးသီး, ခံသီး စသည်တို့ ဖြစ်ကြပါသည်။

ဆောင်။ သပြေသရက်၊ ဖက်သက်သစ်မည်၊ တော အိမ်
ငှက်ပျော၊ ကြာစွယ်နွော၊ မှတ်လောရှစ်ဖော်ရည်။
သီးသီးခံသီး ကြို့ကြွမ်သီး မန်ကျည်း ချောက်
တလီ။ အနုလောမ၊ ကျမ်း၌ပြ၊ ပါနမျိုးအမည်။

အမ္ဗပါနံ ဇမ္ဗုပါနံ စောစပါနံ မောစပါနံ မဓုက
ပါနံ မုဒ္ဒိကပါနံ သာလူကပါနံ ဖါရုသကပါနန္တိ
ဣမာနိ အဋ္ဌ ပါနာနိ၊ ယာနိစ တေသံ အနုလော
မာနိ ဝေတ္တ တိန္တိဏိက မာတုလုင် ကပိဋ္ဌ ကော
သမ္ဗ ကရမိန္ဒာဒိ ခုဒ္ဒက ဖလပါနာနိ။

အမ္ဗပါနံ၊ သရက်သီးအဖျော်။ ဇမ္ဗုပါနံ၊ သပြေသီးအဖျော်။ စောစပါနံ၊ တောငှက်ပျောသီးအဖျော်။ မောစပါနံ၊ အိမ်ငှက်ပျောသီးအဖျော်။ မဓုကပါနံ၊ သစ်မည်စည်သီးအဖျော်။ မုဒ္ဒိကပါနံ၊ မုဒရက်သီးအဖျော်။ သာလုကပါနံ၊ ကြာစွယ်အဖျော်။ ဖါရုသက ပါနံ၊ ဖက်သက်တရော်အဖျော်။ ဣတိဣမာနိအဋ္ဌပါနာနိစ၊ ဤရှစ်ပါးကုန်သောအဖျော်တို့သည်ငင်း။ ယာနိ၊ အကြင်သို့သဘောရှိကုန်သော အဖျော်တို့အား။ အနုလောမာနိ၊ လျော်ကုန်သော။ ဝေတ္တ၊ ကြိမ်၊ တိန္တိဏိက၊ မန်ကျည်း။ မာတုလုင်၊ ချောက်။ ကပိဋ္ဌ၊ သီးသီး။ ကောသမ္ဗ၊ ကြို့။ ကရမိန္ဒာဒိ ခုဒ္ဒကဖလပါနာနိစ၊ ခံသီးစသော ငယ်သောသစ်သီးတို့၏ အဖျော်တို့သည်ငင်း။

---

ဤသိက္ခာပုဒ်၌ ဥဒကဒန္တပေါဏာ ဟူသော စကားအရ ရေနှင့်ဒန်ပူမှာ အာဟာရ မဟုတ်ကြောင်း ထင်ရှားပါလျက် အဘယ်အကျိုးငှာ အနုပညတ်အနေနှင့် ဆိုပါသနည်း။

ရေနှင့်ဒန်ပူအတွက် ဘုရားရှင် လက်ထက်တော်က သံသယ ရှိနေကြသောကြောင့် ထိုသံသယကို ပယ်ဖျောက်ခြင်းအကျိုးငှါ ဆိုရပါသည်။

အညတြ ဥဒကဒန္တပေါဏာတိ ဣဒံ အနာဟာရေပိ ဥဒကေ အာဟာရ သညာယ ဒန္တပေါဏေစ မုခဒွါရံ အာဟဋံ ဣဒန္တိ သညာယ ကုက္ကုစ္စာယန္တာနံ ကုက္ကုစ္စဝိနောဒနတ္ထံ ဝုတ္တံ။

အညတြဥဒကဒန္တပေါဏာတိဣဒံ၊ ဟူသော အနုပညတ်ကို။ အနာဟာရေပိ အနာဟာရေပိ။ အာဟာရမဟုတ်သော်လည်း။ ဥဒကေ၊ ၌။ အာဟာရသညာယ၊ ဖြင့်၊ ဒန္တပေါဏေ၊ ၌လည်း။ ဣဒံ၊ ဤဒန်ပူကို။ မုခဒွါရံ၊ သို့။ အာဟဋံ၊ ဆောင်အပ်၏။ ဣတိသညာယ၊ ဖြင့်။ ကုက္ကုစ္စာယန္တာနံ၊ အလိုအလိုရှိကုန်သော ရဟန်းတို့အား။ ကုက္ကုစ္စဝိနောဒနတ္ထံ၊ အလိုအလိုကိုပျောက်စေခြင်းငှာ၊ ဝုတ္တံ၊ ၏။

ရေနှင့် ဒန်ပူမှတပါး အကပ်မခံဘဲ သုံးဆောင်ကောင်းသောအရာဝတ္ထုတို့ကို ညွှန်းခဲ့ပါ။

မဟာဝိကဋ္ဌခေါ် ကျင်ကြီး, ကျင်ငယ် သစ်မြစ်, မြေညက် ဤလေးမျိုးတို့ကို မြွေကိုက်သည့် အခါတွင် အကပ်မခံဘဲသုံးဆောင်နိုင်ပါသည်။

အမှာ။ မျက်ရေ, တံတွေး နှပ်, နဖါးချေး စသည်ကိုလည်း အကပ်မခံဘဲ ကိုယ်တိုင်ကော်၍ စားနိုင်ပါသေးသည်။

စတ္တာရိမဟာဝိကဋာနိ သတိ ပစ္စယေ အသတိ ကပ္ပိယ ကာရကေ သာမံ ဂဟေတွာ ပရိဘုဉ္ဇိတဗ္ဗာသာ။

စတ္တာရိမဟာဝိကဋာနိ၊ ဆေးကြီးလေးပါးတို့ကို။ ပစ္စယေ၊ မြွေခဲခြင်းတည်းဟူသောအကြောင်းသည်။ သတိ၊ ရှိသော်။ ကပ္ပိယကာရကေ၊ သည်။ အသတိ၊ မရှိလတ်သော်။ သာမံ၊ ကိုယ်။ ဂဟေတွာ၊ ၍။ ပရိဘုဉ္ဇိတဗ္ဗံ သာ၊ အားရင်း။ (အနာပတ္တိ၊ မသင့်။)

ဘောဇနဝဂ်ပြီး၏။

---

## အစေဠကဝဂ်

## အစေဠကသိက္ခာပုဒ်

ဤသိက္ခာပုဒ်၌အစေဠကပရိဗ္ဗာဇကပရိဗ္ဗာဇိကာတို့၏ အဓိပ္ပါယ်ကိုဖော်ပြ၍၊ ယခုကာလ ဖိုးသူတော် သီလရှင်များသည် ပရိဗ္ဗာဇက ပရိဗ္ဗာဇိကာအရေတွင် ပါဝင်သင့် မပါဝင်သင့်ကိုလည်း ဖြေဆိုခဲ့ပါ။

အဝတ်မဝတ်သော တိတ္ထိတက္ကတွန်းကို အစေဠက ဟု ခေါ်ပါသည်။ ရဟန်းယောကျ်ား ရဟန်းမိန်းမ သာမဏေ သာမဏေရီတို့မှပါး အမှတ်မရှိသော အဝတ် ဝတ်သည့် တိတ္ထိ သာသနာပြင်ပ ရသေ့ရဟန်း - ရဟန်းမများကို ပရိဗ္ဗာဇက ပရိဗ္ဗာဇိကာဟုခေါ်ပါသည်။ ယခုကာလ ဖိုးသူတော် သီလရှင်တို့သည် သာသနာ၏ ပြင်ပအယူများ

( အညတိတ္ထိယ ) မဟုတ်ကြသောကြောင့် ပရိဗ္ဗာဇက ပရိဗ္ဗာဇိကာ အရေတွင် မပါဝင်သင့်ပါ။

မှတ်ချက်။ ယင်းဖိုးသူတော်သီလရှင်များကို အဝတ်ဖြူဝတ်သော ရဟန်း အန္တယ်ဝင်များသာဟု ဆိုသင့်ပေသည်။

---

အစေဠက စသူတို့အား ခဲဘွယ် ဘောဇဉ်ကို ပေးရာ၌ သင့်ရောက်သိုက်သော အာပတ်တို့ကို ထုတ် ဖော်ပြခဲ့ပါ။

အစေဠကစသူတို့အား စားသောက်ဘွယ်အားလုံးကို တခါတည်းပေးလျှင် ပါစိတ်အာပတ် တချက်သာသင့်ပါ သည်၊ ရပ်ခါရပ်ခါပေးလျှင် အကြိမ်အားလျော်စွာ သင့် ပါသည်။

ဧတေသံ အစေဠကာဒီနံ အညတိတ္ထိယာနံ ယံ ကိဉ္စိ အာမိသံ ဧကပယောဂေန ဒေန္တဿ ဧကံ ပါစိတ္တိယံ၊ အဝစ္ဆိန္ဒိတွာ အဝစ္ဆိန္ဒိတွာ ဒေန္တဿ ပယောဂေ ပယောဂေ ပါစိတ္တိယံ။

ဧတေသံ အညတိတ္ထိယာနံ၊ တို့အား။ ယံကိဉ္စိ၊ သော။ အာမိသံ၊ ကို။ ဧကပယောဂေန၊ တချက်တည်းသောပယောဂဖြင့်။ ဒေန္တဿ၊ အား။ ဧကံ၊ သော။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။ အဝစ္ဆိန္ဒိတွာ အဝစ္ဆိန္ဒိတွာ၊ ၍။ ဒေန္တဿ၊ အား။ ပယောဂေ ပယောဂေ၊ တိုင်း။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

## ဥယျောဇနသိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ ဆွမ်းအတူခံရန် ခေါ်လာသော ရဟန်းကို အဘယ့်ကြောင့် ပြန်လွှတ်လိုသည့် ဖြေဆို၍၊ အတူတူသွားရန် ပြောသော စကားနှင့် ပြန်လွှတ်သည့် အခါ ပြောကြားသောစကားတို့ကို ပါဠိသက်သက် ရေးခဲ့ပါ။

တေဒေဝ ပစ္စယံကရိတွာ အရ မာတုဂါမနှင့် ကြည်စယ်ပျော်ပါး နှား မျက်စိကွယ်ရာတွင် ထင်သလိုနေခြင်း စသော မလျောက်ပတ်သောအမှုကို ပြုလိုသောကြောင့် ပြန်လွှတ်လိုက်ခြင်းဖြစ်ပါသည်။ အတူတူသွားရန် ပြောသောစကားမှာ–ဧဟာဝုသော ဂါမံဝါ နိဂမံဝါ ပိဏ္ဍာယ ပဝိသိဿာမဖြစ်ပါသည်။ ပြန်လွှတ်သည့်အခါပြောကြားသောစကားမှာ....ဂစ္ဆာဝုသော။ လ။ ဖါသုဟောတိဖြစ်ပါသည်။

> ဥယျောဇေယျာတိ မာတုဂါမေန သဒ္ဓိံ ဟသန ကီဠနရဟောနိသဇ္ဇနာဒိနံ ကာရဏာ ဂစ္ဆာ တိ အာဒိနိ ဝတွာ ဥယျောဇေယျ။

ဥယျောဇေယျာတိ၊ ဟူသည်။ မာတုဂါမေန၊ နှင့်။ သဒ္ဓိံ၊ တကွ။ ဟသနကီဠနရဟောနိသဇ္ဇနာဒိနံ၊ ရယ်မြူးခြင်း ကစားခြင်း ဆိတ်ကွယ်ရာ၌နေခြင်း စသည်တို့ကို။ ကာရဏာ၊ ပြုလိုသည်ဖြစ်၍။ ဂစ္ဆ၊ လော့။ ဣတိအာဒိနိ၊ တို့ကို။ ဝတွာ၊ ၍။ ဥယျောဇေယျ၊ အံ့။

မည်သို့သောအကြောင်းရှိမှ ပြန်လွှတ်နိုင်သည်ကိုဖြေဆို၍၊ မာတုဂါမနှင့် မသင့်လျော်သောအမှုကို ပြုလို၍၊ ပြန်လွှတ်လိုက်သောရဟန်းအား သင့်ရောက်ထိုက်သော အပြစ်တို့ကိုလည်း ရေးခဲ့ပါ။

နှစ်ပါး အတူတူတွဲ၍ ဆွမ်းခံ၍ လုံလောက်အောင် မရနိုင်ပါက ပြန်လွှတ်နိုင်ပါသည်။ သွားတော့ဟု လွှတ်လိုက်ရုံမျှဖြင့် ဒုက္ကဋ်အာပတ် သင့်ပါသည်။ ထွက်သွားသောရဟန်းသည် လွှတ်လိုက်သောရဟန်း၏ မြင်လောက်ကြားလောက်ရာအရပ်ကို ခြေတလှမ်းလွန်မိလျှင် နောက်ထပ် ဒုက္ကဋ်သင့်ပြန်ပါသည်၊ ဒုတိယခြေတလှမ်း လွန်မိလျှင် ပါစိတ်အာပတ် သင့်ပြန်ပါသည်။

> ဥယျောဇနမတ္တေ တာဝ ဒုက္ကဋံ ယဒါပနဿ သော ဒဿနူပစာရံ ဝါ သဝနူပစာရံ ဝါ ဧကေန ပါဒေန ဝိဇဟာတိ အပရံ ဒုက္ကဋံ ဒုတိယေန ဝိဇဟိတေ ပါစိတ္တိယံ။

ဥယျောဇနမတ္တေ၊ လွှတ်လိုက်ကာမျှ၌။ တာဝ၊ စွာ။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ယဒါပန၊ ကား။ အဿ၊ ထိုလွှတ်လိုက်သောရဟန်း၏။ သော၊ ထိုသွားသောရဟန်းသည်။ ဒဿနူပစာရံ ဝါ၊ ငင်း။ သဝနူပစာရံ ဝါ၊ ကိုငင်း။ ဧကေနပါဒေန၊ ခြေတဘက်ဖြင့်။ ဝိဇဟာတိ၊ စွန့်အံ့။ အပရံ၊ သော။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဒုတိယပါဒေန၊ ဖြင့်။ ဝိဇဟိတေ၊ သည်ရှိသော်၊ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

❀ ဒသာနုပစာရနှင့်သဝနုပစာရအရပ်ကို သေချာစွာ ပိုင်းခြားပြခဲ့ပါ။

လွှတ်လိုက်သောရဟာန်းနှင့် သွားသော ရဟာန်း၏ အကြား၌ နံရံစသည်မရှိလျှင် တဆဲ့နှစ်တောင်၏ အတွင်းအရပ်ကို ဒသာနုပစာ သဝနုပစာဟုခေါ်ပါသည်။ နံရံစသော အကာအကွယ်ရှိလျှင် ထိုအကာ အကွယ်၏ အတွင်းကို ဒသာနုပစာ သဝနုပစာဟု ဆိုပါသည်။

> ဧတ္ထစ ဒဿနူပစာရေ အဇ္ဈောကာသေ ဒွါဒသဟတ္ထပ္ပမာဏံ တထာ သဝနူပစာရေ သစေပန အန္တရာ ကုဋ္ဋပါကာရာဒယော ဟောန္တိ တောဟိ အန္တရိတဘာဝေါ ယေဝ ဥပစာရာ တိက္ကမော။

ဧတ္ထစ၊ ဤအရာ၌လည်း။ ဒဿနူပစာရေ၊ ၌။ အဇ္ဈောကာသေ၊ ၌။ ဒွါဒသဟတ္ထပ္ပမာဏံ၊ ကို။ ပရိစ္ဆိန္ဒ၊ ပိုင်းခြားအပ်၏။ သစေပန၊ ကား။ အန္တရာ၊ ၌။ ကုဋ္ဋပါကာရာဒယော၊ နံရံတံခါး ရွက် တံတိုင်း စသည်တို့သည်၊ ဟောန္တိ၊ ကုန်အံ့။ တေဟိ၊ တို့ဖြင့်။ အန္တရိတဘာဝေါယေဝ၊ ခြားသောအဖြစ်သည်သာလျှင်။ ဥပစာရာ တိက္ကမော၊ ဥပစာကိုလွန်သည်မည်၏။

---

## သဘောဇန သိက္ခာပုဒ်

❀ ဤသိက္ခာပုဒ်၌ သဘောဇနကုလ၏အဓိပ္ပါယ်ကို ဖော်ပြခဲ့ပါ။

လင်မယားနှစ်ယောက်ရှိသောအိမ်သို့မဟုတ်စည်းစိမ်ခံဘော်ရှိသောအိမ်ကိုသဘောဇန ကုလဟုခေါ်ပါသည်။

အနုပခဇ္ဇ နိသဇ္ဇံ ကပ္ပေယျ အရ အိမ်ခန်း အား လျော်စွာ အာပတ်တို့ကို ထုတ်ဖေါ်ပြခဲ့ပါ။

ကျယ်ဝန်းသော အိပ်ခန်းတွင်းသို့ ဝင်ထိုင်ရာ၌ အခန်းတံခါးဘောင်မှ နှစ်တောင်ထွာထက် ဝေးသော နေရာ၌ ထိုင်လျှင် ပါစိတ် အာပတ်သင့်ပါသည်။ ကျဉ်းမြောင်းသော အိပ်ခန်းတွင်းသို့ ဝင်ထိုင်ရာ၌ အခန်း၏ အလယ်ဗဟိုအရပ်ကို လွန်၍ ထိုင်လျှင် အာပတ်သင့် ပါသည်။

> တဿ မဟာစတုသာလာဒီသု ကတဿ မဟလ္လကဿ ပိဋ္ဌသင်္ဃာဋတော ဟတ္ထပါသံ ဝိဇဟိတွာ အန္တော သယနဿ အာသန္နေ ဌာနေ ခုဒ္ဒကဿ ဝေမဇ္ဈံ အတိက္ကမိတွာ နိသီဒေယျာတိ အတ္ထော ဧဝံ နိသိန္နဿ ပါစိတ္တိယံ။

မဟာစတုသာလာဒီသု၊ မုခ်ထွင့်လေးခုရှိသောအိမ်ကြီးစသည်တို့၌၊ ကတဿ၊ ပြုအပ်သော။ မဟလ္လကဿ၊ ကြီးသော။ တဿ၊ ထိုအိပ်ရာတိုက်၏။ ပိဋ္ဌသံဃာဋတော၊ တခါးပေါက်မှ။ ဟတ္ထပါသံ၊ ကို။ ဝိဇဟိတွာ၊ ၍။ အန္တော၊ ၌။ သယနဿ၊ ၏။ အာသန္နေ၊ သော။ ဌာနေ၊ ၌။ ခုဒ္ဒကဿဝါ၊ ငယ်သောအိပ်ရာတိုက်၏ မှုလည်း။ ဝေမဇ္ဈံ၊ ကို။ အတိက္ကမိတွာ၊ ၍။ နိသီဒေယျ၊ အံ့။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။ ဧဝံ၊ သို့။ နိသိန္နဿ၊ အား။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

## ဓာဗိဇ္ဇာသိက္ခာပုဒ်

● ဤသိက္ခာပုဒ်၌ မည်ကဲ့သို့သော ရဟန်းမျိုးကို နိမန္တနသဘဏ္ဍဟု ခေါ်သည်ကို အဓိပ္ပါယ်ရှင်းခဲ့ပါ။

ဘောဇဥ်ငါးမျိုးတို့တွင် တပါးပါးဖြင့် ဖိတ်မန်အပ်သော ရဟန်းကို နိမန္တနဟု ခေါ်ပါသည်။ ထိုဖိတ်မံထားသော ဘတ်ရှိသူကို သဘဏ္ဍဟု ခေါ်ပါသည်။

နိမန္တိတောတိ ပဉ္စန္နံ ဘောဇနာနံ အညတရေန
နိမန္တိတော၊ သဘတ္တော သမာနောတိ တေနေဝ
နိမန္တနဘတ္တေန သဘတ္တော သမာနော။

နိမန္တိတောတိ၊ဟူသည်။ ပဉ္စန္နံဘောဇနာနံ၊ တို့တွင်၊ အညတရေန၊ ဖြင့်။ နိမန္တိတော၊ ဖိတ်အပ်သော။ သဘတ္တောသမာနောတိ၊ဟူသည်။ တေနေဝနိမန္တနဘတ္တေန၊ လျှင်။ သဘတ္တော၊ ဘတ်ရှိသည်။ သမာနော၊ ဖြစ်လျက်။

---

● မည်ကဲ့သို့ ထင်ရှားရှိသော ရဟန်းကို သန္တံဘိက္ခုံ ဟု ဆိုပါသနည်း ဖြေဆို၍ အနာပုစ္ဆာအရ ပန်ကြားပုံ ပန်ကြားနည်းကိုလည်း ရေးခဲ့ပါ။

မျက်စိဖြင့် မြင်လောက်ရာ အတွင်းမှာရှိ၍ ပကတိ ပြောနေကျ စကားသံဖြင့် ပြောလျှင် ကြားနိုင်လောက်သော အရပ်၌တည်ရှိသော ရဟန်းကို သန္တံဘိက္ခုံ ဟု ဆိုပါသည်။ ပန်ကြားပုံကား အဟံ ဂါမန္တရမသာ ဃရံ ဂစ္ဆာမိဟု ပန်ကြားရပါမည်၊

သန္တံ ဘိက္ခုံ အနာပုစ္ဆာတိ အန္တော ဥပစာရ
သီမာယ ဒဿနူပစာရေ ဘိက္ခုံ ဒိသွာ ယံ
သက္ကာ ဟောတိ ပကတိဝစနေန အာပုစ္ဆိတုံ
တာဒိသံ အဟံ ဇုဃ္ဃန္တာမဿ ဃရံ ဂစ္ဆာမီတိ ဝါ။

သန္တံဘိက္ခုံအနာပုစ္ဆာတိ၊ ဟူသည်။ အန္တော ဥပစာရ သီမာယ၊ ဥပစာရသိမ်အတွင်း၌။ ဒဿနူပစာရေ၊ မြင်ကောင်းသောဥပစာ၌။ ဘိက္ခုံ၊ ရဟန်းကို။ ဒိသွာ၊ ၍။ ယံဘိက္ခုံ၊ ကို။ ပကတိဝစနေန၊ ပကတိပြောသောစကားဖြင့်။ အာပုစ္ဆိတုံ၊ ငှါ။ သက္ကာ၊ တတ်ကောင်း၏။ တာဒိသံ၊ ရဟန်းကို။ အဟံ၊ သည်။ ဇုဃ္ဃန္တာမဿ၊ သောဒါယကာ၏။ ဃရံ၊ သို့။ ဂစ္ဆာမိ၊ အံ့။ ဣတိဝါ၊ ၎င်း

---

ပုရေဘတ္တနှင့် ပစ္ဆာဘတ္တတို့ကို ခွဲခြားပြ၍၊ ကုလေသုစာရိတ္တံအာပဖြေယျ၌ မည်သည့်ဒါယကာအိမ်ကို မှ မသွားရဟု မှတ်ရမည်လော။

ဖိတ်ထားသောဘတ်ကို မစားမီကာလသည် ပုရေဘတ္တမည်၏။ ဖိတ်ထားသောဘတ်ကို စားပြီးရာအခါသည် ပစ္ဆာဘတ္တမည်၏။ ကုလေသုအရ - ဆွမ်းဘိတ်အိမ်သို့ သွားနိုင်ပါသည်။

အမှာ။ ဤပစ္ဆာဘတ္တမှာ မွန်းမလွဲသေး ဘိတ်ထားသောဘတ်ကို နံနက် ခုနစ်နာရီလောက်ဖြစ်သော်လည်း ပစ္ဆာဘတ္တပင်မှတ်။

ဆွမ်းပင့်ဘိတ်သောအိမ်မှာပါး တခြားအိမ်သို့ သွားရောက်မည်သည့်အခါမည့်သည့် အာပတ် သင့်သည်ကို ခွဲခြားပြခဲ့ပါ။

အိမ်၏ဥပစာအတွင်းသို့ဝင်မိလျှင် ဒုက္ကဋ်၊ အိမ်တံခါးခုံ အတက်အဆင်းကို ပဌမ ခြေတလှမ်း ကျော်မိလျှင် နောက်ထပ်ဒုက္ကဋ်၊ ဒုတိယခြေတလှမ်းကျော်သျှင် ပါစိတ် အာပတ်သင့်ပါသည်။

အဒေသ စာရူပစာရောက္ကမနေ ဒုက္ကဋံ၊ ပဌမ
ပါဒေန ဥမ္မာရံ အတိက္ကမန္တဿ အပရဒ္ဓိ ဒုက္ကဋံ၊
ဒုတိယပါဒေန အတိက္ကမေ ပါစိတ္တိယံ။

အဒေ၊ ထိုသို့ဝင်သည့်သော်။ အသဿ၊ ထိုရဟန်း၏။ စာရူပစာ ရောက္ကမနေ၊ အိမ်၏ဥပစာသို့နင်းမိခြင်းကြောင့်၊ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ပဌမပါဒေန၊ ဖြင့်။ ဥမ္မာရံ၊ တံခါးခုံကို။ အတိက္ကမန္တဿ၊ အား။ အပရဒ္ဓိ၊ သော။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဒုတိယပါဒေန၊ ဖြင့်။ အတိက္ကမေ၊ ကြောင့်။ ပါစိတ္တိယံ၊ သည်၊ ဟောတိ၊ ၏။

---

ပင့်ဘိတ်ထားသောဒါယကာအိမ်မှတပါး မပန်ကြားဘဲ သွားကောင်းသောအရပ်တို့ကို ဖော်ပြခဲ့ပါ။

မြို့တွင်း ရွာတွင်း၌ ရှိသောကျောင်းများ, ဘိက္ခုနီမများနေထိုင်သောကျောင်း, တိတ္ထိတို့နေထိုင်ရာကျောင်း, ဆွမ်းစားစရပ်တို့၌ သွားခွင့်ရှိပါသည်။

---

ဤသိက္ခာပုဒ်ပါ အနုပညတ်များကို ကုန်စင်အောင် ထုတ်ပြခဲ့ပါ။

ရန္တာသယ ၂၄၄-၂၂

သန္တံ ဘိက္ခုံ အနာပုစ္ဆာ ပဏ္ဏာသတ္တံ အညတြ သမယာဒွေ စီဝရဒါန သမယ နှင့် စီဝရကာရ နှစ်မျိုး အားဖြင့် လေးပါးတည်း။

---

## [illegible] သိက္ခာပုဒ်

စာတုမာသ ပစ္စယ ပဝါရဏာ သာဒိတဗ္ဗာ၌ ပစ္စယအရကို ဖော်ပြ၍ လေးလအောက် ဖိတ်ကြားသော်၎င်း၊ လေးလထက်ပိုလွန်၍ ဖိတ်သော်၎င်း၊ အမြဲဖိတ်သော်၎င်း၊ သာယာနိုင် မသာယာနိုင်သည် တို့ကို လည်းဖော်ပြခဲ့ပါ။

ပစ္စယအရ သပ္ပိနဝနီတ စသော ဂိလာန ပစ္စယတို့ကို ယူရပါမည်။ စာတုမာသပစ္စယ ပဝါရဏာမှာအတ္ထုပ္ပတ္တိ အားလျော်စွာ ဟောတော်မူသောကြောင့် လေးလ အောက် လေးလအထက် ပိုလွန်၍ ဖိတ်သော်၎င်း အမြဲ ဖိတ်သော်၎င်း သာယာနိုင်ပါသည်။

> သဗ္ဗဉ္စေတံ ဝတ္ထုဝသေန ဝုတ္တံ၊ အယံပနေတ္ထ အတ္ထော၊ စာတုမာသ ပဝါရဏာဝါ ဟောတု ပုနပ္ပဝါရဏာဝါ နိစ္စပ္ပဝါရဏာဝါ၊ သဗ္ဗာပိ သာဒိတဗ္ဗာ။

သဗ္ဗဉ္စေတံ၊ ထိုအလုံးစုံကိုလျှင်။ ဝတ္ထုဝသေန၊ ဖြင့်။ ဝုတ္တံ၊ ၏။ အယံပန၊ ကား။ အတ္ထော၊ အဓိပ္ပါယ်သော၊ တည်း။ စာတုမာသပ္ပဝါရဏာဝါ၊ လေးလဖိတ်သည်မှုလည်း။ ဟောတု၊ ဖြစ်စေ။ ပုနပ္ပဝါရဏာဝါ၊ တဖန်ဖိတ်သည်မှုလည်း။ ဟောတု၊ စေ။ နိစ္စပ္ပဝါရဏာဝါ၊

အမြဲဖိတ်သည်မှုလည်း။ ဟောတု၊ စေ။ သဗ္ဗာပိ၊ အလုံးစုံသော ဖိတ်ခြင်းကိုသာလျှင်။ သာဒိတဗ္ဗာ၊ ၏။

---

သာဒိတဗ္ဗာ အရ သာဒိယနကို ဘော်ပြ၍ တတောစေဥဒ္ဒိဿရိ သာဒိဿယဃျဝယ် တတော အရကို လည်း သေချာစွာ ဘော်ပြခဲ့ပါ။

သာဒိ တဗ္ဗာ၌ သာဒိယန ကား- မပယ်ရှားခြင်း အပဋိက္ခိပနနှင့် လက်ခံခြင်း အဓိဝါသနတို့ပင် ဖြစ်ပါ သည်။ တတောအရကား-ဖိတ်ကြားထားသူက ပိုင်းခြား ကန့်သတ် ထားသော ဆေးနှင့် အခါ ကာလတို့မှာ တတော၏ အရပင်ဖြစ်ပါသည်။

အထ တတော ရတ္တိပရိယန္တတောဝါ ဘေသဇ္ဇ ပရိယန္တတောဝါ ဥဒ္ဒိဿရိ။

အထ၊ ထိုသို့ဖိတ်ရာ၌။ တတောရတ္တိပရိယန္တတောဝါ၊ ထိုည၌ အပိုင်းအခြားထက်ငင်း။ တတောဘေသဇ္ဇ ပရိယန္တတောဝါ၊ ထက်ငင်း။ ဥဒ္ဒိဿရိ၊လွန်။

---

## ဥပဿျူဿ သိက္ခာပုဒ်

စစ်တိုက်ရန် ထွက်လာသော ဗမာ့တပ်မတော် ခြေလျင်တပ်ကို မြင်လောက်ရာ အရပ်သို့ သွားရောက် ကြည့်ရှုသောရဟန်း ဤသိက္ခာပုဒ်အရ အပြစ်ရှိ မရှိကို ဘော်ပြ၍ သေနာအရ စစ်အင်္ဂါ လေးပါးကိုလည်း ရေးခဲ့ပါ။

သေနာအရ ဆင်, မြင်း, ရထား, ခြေလျင် ဟူသော အင်္ဂါလေးပါးစုံသည်ကို ယူသောကြောင့် အာပတ်မသင့်ပါ။ စစ်အင်္ဂါလေးပါးကား-ဆင်တပ်, မြင်းတပ်,ရထားတပ်, ခြေလျင်တပ်တို့ ဖြစ်ပါသည်။

---

● အကြောင်းမဲ့သက်သက် အင်္ဂါလေးပါးရှိသော စစ်တပ် တိုက်ခိုက်ရာသို့ သွားရောက် ကြည့်ရှုသော ရဟန်းအား အထိုက် အလျောက် သင့်ရောက်သော အာပတ်တို့ကို ဖေါ်ပြခဲ့ပါ။

ကြည့်ရန်သွားလျှင် ခြေလှမ်းတိုင်းလှမ်းတိုင်း ဒုက္ကဋ် အာပတ်သင့်ပါသည်။ မြင်လောက်ရာအရပ်မှ ကြည့်လျှင် ပါစိတ်အာပတ်သင့်ပါသည်။ ထိုမြင်လောက်ရာ အတွင်းမှာတခါတည်း ရပ်ကြည့်နေလျှင် ပါစိတ်အာပတ် တချက်သာ၊ ထိုသို့မဟုတ်ဘဲ ထွက်သွားလိုက် ပြန်ကြည့်လိုက် လုပ်ပါက အကြိမ်အရေအတွက်နှင့်အမျှ ပါစိတ်အာပတ် သင့်ပါသည်။

> တထာရူပေ ကာရဏေ အသတိ ကေဝလံ သေနံ ဒဿနတ္ထာယ ဂစ္ဆတော ပဒေပဒေ ဒုက္ကဋံ၊ ဒဿနူပစာရေ ဌတွာ ပဿတော ပါစိတ္တိယံ၊ ဒဿနူပစာရေနာမ ယတ္ထ ဌိတော ပဿတိ၊ တံပန ဝိဇဟိတွာ ပုနပ္ပုနံ ပဿတော ပယောဂေ ပယောဂေ ပါစိတ္တိယံ။

တထာရူပေ ကာရဏေ၊ ထိုသို့လျောက်ပတ်သော အကြောင်းသည်။ အသတိ၊ မရှိဘဲလျက်။ ကေဝလံ၊ သက်သက်။ ဒသ္သနတ္ထာယ၊ ၄ါ။ ဂန္တွာ၊ ရဟန်းအား၊ ပဒေပဒေ၊ တိုင်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဒဿနူပစာရေ၊ ၌။ ဌတွာ၊ ၍။ ပဿတော၊ အား။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။ ဒဿနူပစာရော နာမ၊ မည်သည် ကား။ ယတ္ထ၊ အကြင်အရပ်၌။ ဌိတော၊ လျက်။ ပဿတိ၊ ၏။ တံဌာနံ၊ သည်။ ဒဿနူပစာရော နာမ၊ မည်၏။ ဝံပန၊ ကိုကား။ ဝိဇဟိတွာ၊ စွန့်၍။ ပုနပ္ပုနံ၊ လဲ။ ပဿတော၊ အား။ ပယောဂေ ပယောဂေ၊ တိုင်း။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

အင်္ဂါလေးပါးရှိသောစစ်တပ်ကို ကြည့်ရှုသော်လည်း အပြစ် မရှိသည့် အရာ ဌာနမျိုး တို့ကို ဖော်ပြခဲ့ပါ။

ကျောင်းတိုက်တွင်းသို့ လာရောက်သည်ကို ကြည့်ရှုခြင်း လမ်းခရီး၌ တွေ့ဆုံ၍ ကြည့်ရှုခြင်း စစ်တပ်တွင်း ဝယ် မိမိ၏ မိဘဆွေမျိုးများ မကျန်းမာခြင်း စသော အကြောင်းကြောင့် ကြည့်ရှုပါက အပြစ်မရှိပါ။

ပဋိပထံ အာဂစ္ဆန္တံဝါ ပဿတော တထာရူပ

ပစ္စယေ အာပဒါသု ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။

ပဋိပထံ၊ ခရီးရင်ဆိုင်။ အာဂစ္ဆန္တံ၊ လာသောစစ်သည်ကိုလည်း။ ပဿတော စ၊ ရှုသောရဟန်းအားရင်း။ တထာရူပပစ္စယေ၊ ထိုထိုသို့ သွားခြင်းနှင့်လျောက်ပတ်သော အကြောင်းသည်။ သတိဝါ၊ ရင်း။ အာပဒါသု ဝါ၊ ဘေးရန်တို့ကြောင့်ရင်း။ ဥမ္မတ္တကာဒီနဉ္စ၊ အားရင်း။ အနာပတ္တိ၊ မသင့်။

## သေနာဝါသ သိက္ခာပုဒ်

တတောစေ ဥတ္တရိဝသေယျာ သုံးညဥ့်လွန်လျှင် လွန်ခြင်းပင် အာပတ်သင့်ပါသလော ဖြေဆို၍၊ အာပတ်သင့်ရောက်ချိန်၌ တန်ခိုးဖြင့် အထက် ကောင်းကင်တွင် ရပ်တည်နေပါက ၎င်းသိက္ခာပုဒ်မှ အပြစ်လွတ်နိုင် မလွတ်နိုင်ကိုလည်း ဖြေဆိုခဲ့ပါ။

သုံးညဥ့်လွန်လျှင် လွန်ခြင်း အာပတ်မသင့်ပါ၊ လေးရက်မြောက်သောနေ့ နေဝင်ရာ အခါမှသာ အာပတ်သင့်ပါသည်။ အာပတ်သင့်ချိန်ဖြစ်သော လေးရက်မြောက်နေဝင်ချိန်တွင် တန်ခိုးဖြင့် ကောင်းကင်တွင် ရပ်တည်နေသော်လည်း အာပတ်မှမလွတ်ပါ။

> စတုတ္ထဒိဝသေ အတ္ထင်္ဂတေ သူရိယေ သေနာယ တိဋ္ဌတုဝါ နိသီဒတုဝါ သယတုဝါ သစေပိ အာကာသေ ဈုဋ္ဌိယာ ကိဉ္စိ ဣရိယာပထံ ကပ္ပေတိ ပါစိတ္တိယမေဝ။

စတုတ္ထဒိဝသေ၊ လေးရက်မြောက်သောနေ့၌၊ သူရိယေ၊ သည်။ အတ္ထင်္ဂတေ၊ ဝင်ပြီးသည်ရှိသော်။ သေနာယ၊ ၌။ တိဋ္ဌတုဝါ၊ ရပ်မူလည်းရပ်စေ၊ နိသီဒတုဝါ၊ စေ။ သယတုဝါ။ စေ။ သစေပိ၊ လည်း။ ဈုဋ္ဌိယာ၊ ဖြင့်။ အာကာသေ၊ ၌။ ကိဉ္စိဣရိယာပထံ၊ တစုံတခုသော ဣရိယာပုထ်ကို။ ကပ္ပေတိ၊ အံ့။ ပါစိတ္တိယမေဝ၊ လျှင်။ ဟောတိ၊ ၏။

စစ်တပ်အတွင်း၌ သုံးရက်ထက် ပိုနေသော်လည်း ဤသိက္ခာပုဒ်အရ အပြစ်မှ လွတ်နိုင်ခွင့်ရှိသော အကြောင်းများကို ဖော်ပြခဲ့ပါ။

မိမိကိုယ်တိုင် မကျန်းမမာဖြစ်နေခြင်း, မကျန်းမာသူအား ဆောင်ရွက် ပေးနေရခြင်း, မိမိ ရှိနေသော စစ်တပ်ကို တခြားစစ်တပ်က ဝိတ်ဆို့ထားခြင်း, တစုံတယောက်က သွားခွင့်မရအောင် နှောက်ယှက်ထားခြင်း ဘေးရန် တစုံတရာ ရှိခြင်းတို့ဖြစ်ပါသည်။

ဂိလာနဿဝါ ဂိလာနကရဏီယေနဝါ ဝသတော ပဋိသေနာ ရုဒ္ဓါယ သေနာယ ကေနစိ ပလိဗုဒ္ဓဿ အာပဒါသု ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။

ဂိလာနဿဝါ၊ နာဖျားသောရဟန်းအား၎င်း။ ဂိလာနကရဏီယေန၊ ဖျားနာသူ၏အမှုဖြင့်သည်း။ ဝသတော၊ အား၎င်း။ ပဋိသေနာရုဒ္ဓါယ၊ သူတပါး စစ်သည် ရုံသော။ သေနာယ၊ ၌။ ဝသတော စ၊ ၎င်း။ ကေနစိပလိဗုဒ္ဓဿ၊ တစုံတယောက်သောသူသည် တားမြစ်သော ရဟန်းအား၎င်း။ အာပဒါသု၊ တို့ကြောင့်။ ဝသတော စ။ အား၎င်း။ ဥမ္မတ္တကာဒီနဉ္စ၊ ၎င်း။ အနာပတ္တိ၊ မသင့်။

---

## ဥယျောဇိက သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ ဥယျောဇိက ဗလဂ္ဂ သေနာဗျူ ဟ အနီကဒဿနတို့၏အဓိပ္ပါယ်ကို အသီးသီးရေးခဲ့ပါ။

စစ်ပွဲကိုဥယျောဓိကဟုခေါ်ပါသည်။ စစ်သည်ဗိုလ်ပါနှင့်တကွ စစ်အင်္ဂါတို့ကိုရေတွက်ရာအရပ်ကို ဗလဂ္ဂဟုခေါ်ပါသည်။ စစ်တိုက်ရန်စုဝေးရာအရပ်သည် သေနာဗျူဟမည်၏။ စစ်အင်္ဂါလေးပါးကို ကြည့်ရှုခြင်းသည် အနီကဒဿနမည်၏။

ဥဂ္ဃတ္ထာ ဥဂ္ဃတ္ထာ ဧတ္ထ ယုဇ္ဈန္တီတိ ဥယျောဓိကံ၊ သမ္ပဟာရဋ္ဌာနဿေတံနာမံ၊ ဗလဿ အဂ္ဂ ဇာနန္တိ ဧတ္ထာတိ ဗလဂ္ဂံ ဗလဂဏနဋ္ဌာနန္တိ အတ္ထော၊ သေနာယ ဝိယူဟနံ သေနာဗျူဟံ သေနာနိဝေသနဿေတံနာမံ။ အနီကဿဒဿနံ အနီကဒဿနံ။

ဥဂ္ဃန္တွာဥဂ္ဃန္တွာ၊ တက်၍တက်၍။ ယုဇ္ဈန္တိ၊ ထိုးပစ်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဥယျောဓိကံ၊ မည်၏။ ဧတံ၊ မည်သည်။ သမ္ပဟာရဋ္ဌာနဿ၊ ထိုးပစ်တိုက်ခိုက်ရာအရပ်၏။ နာမံ၊ တည်း။ ဗလဿ၊ ဗိုလ်ပါ၏။ အဂ္ဂံကောဋ္ဌာသံ၊ အစုကို။ ဧတ္ထဋ္ဌာနေ၊ ၌။ ဇာနန္တိ၊ သိတတ်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံဋ္ဌာနံ၊ သည်။ ဗလဂ္ဂံ။ မည်၏။ ဗလဂ္ဂဏနဋ္ဌာနံ၊ ဗိုလ်ပါရေတွက်ရာအရပ်။ ဣတိအယံ၊ လျှင်၊ အတ္ထော၊ ကား၊ သေနာယ၊ စစ်သည်၏။ ဝိယူဟနံ၊ စုဝေးရာအရပ်၊ သေနာဗျူဟံ၊ စစ်သည်၏စုဝေးရာအရပ်။ ဧတံ၊ သည်။ သေနာနိဝေသနဿ စစ်သည်စုဝေးရာအရပ်၏။ နာမံ။ တည်း။ အနီကဿ၊ စစ် သည်။ အပေါင်းကို။ ဒဿနံ၊ ကြည့်ရှုခြင်း။ အနီကဒဿနံ၊ တည်း။

---

ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ် တို့၏ တပ်ဖွဲ့ပုံကို စုံလင်စွာပေါ်ပြခဲ့ပါ။

စစ်သား တဆဲ့နှစ်ယောက်စီပါသော ဆင်သုံးစည်းသည်ဟတ္ထာနိက ဆင်တပ်မည်၏။ စစ်သားသုံးယောက်စီပါသောမြင်းသုံးစီးသည် ဟယာနိက မြင်းတပ်မည်၏။ စစ်သား လေးယောက်စီပါသော ရထားသုံးစီးသည် ရထာနိက ရထားတပ်မည်၏။ လက်နက်ကိုင် စစ်သား လေးယောက်သည် ပတ္တာနိက ခြေသျှင်တပ်မည်၏။ ဤကားအနည်းဆုံးစစ်တပ်အဖွဲ့တည်း။

မှတ်ချက်။ အဘိဓာန်ကို သင်ကြားဘူးသူများအတွက် အဘိဓာန် ကျမ်းအတိုင်းမှတ်သားနိုင်ပါသည်။

အနီကံနာမ ဒွါဒသပုရိသော ဟတ္ထိ တိပုရိသော
အဿော စတုပုရိသော ဟဿော ရထောတိ
ဣမိနာလက္ခဏေန တယော ဟတ္ထီ ပတ္တိမကံ
ဟတ္ထာနိကံ၊ အဿာနိကရထာနိကေသုပိ ဧသေ
ဝနယော၊ စတ္တာရောပန အာဝုဓဟတ္ထာ ပုရိသာ
ပတ္တိမကံ ပတ္တာနိကံ။

အနိကံနာမ၊ မည်သည်။ ဒွါဒသပုရိသော၊တဆဲ့နှစ်ယောက်သော ယောက်ျားရှိသော၊ဟတ္ထိ၊ဆင်။တိပုရိသော။ ယောက်ျားသုံးယောက်ရှိသော။ အဿော၊ မြင်း။ စတုပုရိသော၊ ယောက်ျားလေးယောက်ရှိသော။ ရထော၊ ရထား၊ ဣတိဣမိနာလက္ခဏေန၊ နှင့်။ သမန္နာဂတော၊ သော။ တယောဟတ္ထီ၊ သုံးစီးကုန်သော ဆင်တို့သည်။ ပတ္တိမကံ၊ အယုတ်ဆုံးဖြစ်သော။ ဟတ္ထာနိကံ၊ မည်၏။ အဿာနိက ရထာနိကေသု၊ တို့၌လည်း။ ဧသေဝနယော၊ ၏။ စတ္တာရောပန၊ ကုန်သော။ အာဝုဓဟတ္ထာ၊ လက်နက်လက်၌ရှိကုန်သော၊ ပုရိသာ၊တို့သည်။ ပတ္တိမကံ၊ သော။ ပတ္တာနိကံ၊ မည်၏။

ဥယျောဇိက ဗလဂ္ဂ,သေနာဗျူဟ,အနီကတို့ကို သွားရောက်ကြည့်ရှုရာ၌ သင့်ရောက်ထိုက်သောအာပတ်တို့ကို ထုတ်ပေါ်ပြခဲ့ပါ။

ကြည့်ရန်သွားရာ၌ ခြေလှမ်းတိုင်းလှမ်းတိုင်း ဒုက္ကဋ်အာပတ်သင့်ပါသည်။ မြင်လောက်သည့် အရပ်မှနေ၍ ကြည့်ရှုလျှင် ပါစိတ်အာပတ်သင့်ပါသည်။ မြင်လောက်ရာအရပ်အတွင်းမှ ထွက်၍ ပြန်ကြည့်လိုက် လုပ်လျှင် အကြိမ်အားလျော်စွာ ပါစိတ်အာပတ်သင့်၏။

> တေသု ယံကိဉ္စိ ဒသနာယ ဂစ္ဆတော ပဒေ ပဒေ ဒုက္ကဋံ၊ ဒသနူပစာရေ ဌတွာ ပဿတော ပါစိတ္တိယံ၊ ဥပစာရံ ပန ဝိဇဟိတွာ ပုနပ္ပုနံ ပဿတော ပယောဂေ ပယောဂေ ပါစိတ္တိယံ။

တေသု၊ ထိုဆင်,မြင်း,ရထား,ခြေသည်အပေါင်းတို့တွင်။ ယံကိဉ္စိ၊ တစုံတခုအမှတ်မရှိသည်ကို။ ဒသနာယ၊ ငှါ။ ဂစ္ဆတော၊ သွားသောရဟန်းအား။ ပဒေပဒေ၊ ဘဝါးလှမ်းတိုင်းလှမ်းတိုင်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဒသနူပစာရေ၊ ၌၊ ဌတွာ၊ ၍။ ပဿတော၊ အား။ ပါစိတ္တိယံ၊ သည်။ ဟောတိ ၊ ၏။ ဥပစာရံ ပန၊ ကိုကား။ ဝိဇဟိတွာ၊ ၍။ ပုနပ္ပုနံ၊ လဲ။ ပဿတော၊ အား။ ပယောဂေပယောဂေ၊ တိုင်း။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

**အစေဠကဝဂ်ပြီး၏။**

## သုရာပါနင်္ဂ
## သုရာပါန သိက္ခာပုဒ်

⊛ သုရာနှင့် မေရယအတူးကို ခွဲခြားပြ၍ သုရာငါးပါး မေရယငါးပါးကိုလည်းရေးခဲ့ပါ။

မုံ့မှုန့်စသည်တို့ဖြင့် စိမ်ပြုလုပ်အပ်သော သေရည်ကို သုရာဟု ခေါ်ပါသည်။ ပန်းပွင့်စသည်တို့ဖြင့် ပြုလုပ်အပ်သောအရက်ကို မေရယဟုခေါ်ပါသည်။သုရာငါးပါးကား- ပိဋ္ဌ ပူပ၊ ဩဒန၊ကိဏ္ဏ သမ္ဘာရ ဟုဆိုသည့်အတိုင်းဖြစ်ပါသည်။ မေရယငါးမျိုးကား— ပုပ္ဖ, ဖလ၊ မဓု၊ ဂုဠ သမ္ဘာရဆိုသည့်အတိုင်း ဖြစ်ပါသည်။

ပိဋ္ဌာဒီဟိ ကတံ မဇ္ဇံ သုရာပုပ္ဖါဒိဟိ ကတော အာသဝေါ မေရယံ။

ပိဋ္ဌာဒီဟိ၊ မုံ့ညက်စသည်တို့ဖြင့်။ ကတံ၊ သော။ မဇ္ဇံ၊ ယစ်မျိုးသည်။ သုရာ၊ သုရာမည်၏။ပုပ္ဖါဒိဟိ၊ သစ်မည်စည်ပွင့်စသည်တို့ဖြင့်။ ကတံ၊သော။ အာသဝေါ၊ သည်။ မေရယံ၊ မည်၏။

---

⊛ သုရာငါးပါးမေရယငါးပါးကို မည်သည့်အခါမှစ၍ မည်မျှလောက်သောက်လျှင် အာပတ် သင့်သည်ကို ဖြေဆိုခဲ့ပါ။

သေရည်အရက်ဖြစ်တို့ရန် ပိဋ္ဌ, ပုပ္ဖစသည့်မျိုးစေ့ကို ထည့်လိုက်သောအခါမှစ၍ သမန်းမြက်ဖျားဖြင့်ပင်တို့ သောက်လျှင် အာပတ်သင့်ပါသည်။

တဒုဘယမ္ပိ ဗီဇတော ပဋ္ဌာယ ကုသဂ္ဂေနာပိ
ပိဝတော ပယောဂေ ပယောဂေ ပါစိတ္တိယံ။

တဒုဘယမ္ပိ၊ ထိုနှစ်ပါးစုံကိုလည်း။ ဗီဇတော၊ သေရည်အရက်ဖြစ်ဘို့ရန်ထည့်သောမျိုးစေ့မှ ပဋ္ဌာယ၊ ၍။ ကုသဂ္ဂေနာပိ၊ သမန်းမြက်ဖျားဖြင့်သော်လည်း။ ဂဟေတွာ၊ ၍။ ပိဝတော၊ အား။ ပယောဂေ ပယောဂေ၊ မျိုတိုင်းမျိုတိုင်း။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

● အရက်နှင့်အဆင့်အတန်းတူညီသော သောက်ဘွယ်အစုံတရာကို သောက်ကောင်းပါသလော။

အရက်နှင့်အဆင်းအနံ့တူသော လောဏသောဝီရကခေါ် စိမ်ဆေးရည် သုတ္တခေါ် စိမ်ဆေးရည် အရိဋ္ဌခေါ် စိမ်ဆေးရည်တို့ကိုသောက်ကောင်းပါသည်။

အမဇ္ဇံ မဇ္ဇဝဏ္ဏဂန္ဓရသံ လောဏသောဝီရ
ကံဝါ သုတ္တံဝါ ပိဝတော ဝါသဂ္ဂါဟာပနတ္ထံ
ဉာသကံ မဇ္ဇံ ပက္ခိပိတွာ သူပါဒိနိ ပစန္တိ၊ တေ
သု သူပသမ္ပါကာဒိသု အာမလက ရသာဒိဟိ အ
မဇ္ဇံ မဇ္ဇသဒိသံ အရိဋ္ဌံ ကရောန္တိ တံပိဝတော။

အမဇ္ဇံ၊ သော။ မဇ္ဇဝဏ္ဏဂန္ဓရသံ၊ ယစ်မျိုးအဆင်း အနံ့ အရသာရှိသော။ လောဏသောဝီရကံဝါ၊ လောဏသောဝီရကဆေးကိုရင်း။ သုတ္တံဝါ၊ ကိုရင်း။ ပိဝတော၊ အား။ ဝါသဂ္ဂါဟာပနတ္ထံ၊ အနံ့ကောင်းခံစေခြင်းငှာ။ ဉာသကံ၊ ငြေးငယ်။ မဇ္ဇံ၊ ကို။ ပက္ခိပိတွာ၊ ၍။ သူပါဒိနိ၊ ဟင်းစသည်တို့ကို။ ပစန္တိ၊ ကုန်၏။ တေသုသူပသမ္ပါကာဒိသု၊ ထိုယစ်မျိုးနှင့်ချက်သော ဟင်းစသည်တို့၌ရင်း။ အာမလကရသာဒိဟိ၊ ရှိရှားသီးစသည်တို့ဖြင့်၊ အမဇ္ဇံ၊ သော။ မဇ္ဇသဒိသံ၊ သော။ အရိဋ္ဌံ

အရိဋ္ဌမည်သောဆေးကို။ ကရောန္တိ၊ ကုန်၏။ တံ၊ ကို။ ဓိပတောစး
အားရင်း။ (အနာပတ္တိ၊ မသင့်။)

---

## အင်္ဂုလိပတောဒက သိက္ခာပုဒ်

အဘယ်သို့သောသဘောဖြင့် ကစားခြင်းမျိုးကို အင်္ဂုလိပတောဒကဟု ခေါ် ဆိုပါသနည်း ဖြေဆို၍၊ရဟန်း အချင်းချင်းအား လက်ဖြင့်ထိုး၍ မကစားဘဲ ကိုယ်အင်္ဂါ အစိတ်အပိုင်းဖြင့် ထိပါးကစားသော် မည်သည့်အာပတ် သင့်သည်ကို လည်းဖြေဆိုခဲ့ပါ။

ရဟန်းအချင်းချင်း ရယ်မြူးလိုသောသဘောဖြင့် လက် ကတီးကြားသို့ လက်ချောင်းဖြင့်ထိုးကစားခြင်းကို အင်္ဂုလိပတောဒက ဟု ခေါ်ပါသည်။ရဟန်းအချင်းချင်းကိုယ်ချင်းထိ၍ ကစားခြင်းသည်လည်း အင်္ဂုလိပတောဒကၡ ပါဝင်သောကြောင့် ပါစိတ်အာပတ်သင့်ပါသည်။

အင်္ဂုလိပတောဒကေတိအင်္ဂုလီဟိ ဥပကစ္ဆကာဒိ ဃာဋ္ဋနံ ဝုစ္စတိ၊ အပိစ ယေနကေနစိ သရီရာ ဝယဝေန ဟသာဓိပ္ပါယဿ ဥပသမ္ပန္နံ ဖုသ တော ပါစိတ္တိယံ။

အင်္ဂုလိပတောဒကေတိ၊ ဟူသည်။ အင်္ဂုလီဟိ၊ လက်ချောင်းတို့ဖြင့်။ ဥပကစ္ဆကာဒိဃဋ္ဋနံ၊ လက်ကတီးကြားစသည်တို့၌ကစားခြင်းကို။ ဝုစ္စ တိ၊ ၏။ အပိစ၊ ကား။ ယေနကေနစိသရီရာဝယဝေန၊ တစုံတခု သောကိုယ်အင်္ဂါအစိတ်အပိုင်းဖြင့်လျှင်။ ဟသာဓိပ္ပါယဿ၊ မြူးထူးလို သောရဟန်းအား။ ဥပသမ္ပန္နံ၊ ပဉ္စင်းဖြစ်သောသူကို။ ဖုသတော၊ တို သည်ရှိသော်။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

● ဘိက္ခုနှင့် ဘိက္ခုနီတို့သည် အချင်းချင်း ကလိထိုး ကစားကြပါလျှင် ဤသိက္ခာပုဒ်အရ အပြစ် ရှိ မရှိ အကြောင်းပြဖြေဆိုခဲ့ပါ။

ဘိက္ခုနှင့် ဘိက္ခုနီတို့သည် အပြန်အလှန် အနုပသမ္ပန္နများဖြစ်သောကြောင့် ဤသိက္ခာပုဒ်အရ ပါစိတ်အာပတ် မသင့်ပါ၊ ဒုက္ကဋ်သာသင့်ပါသည်။

ဣဓပန ဘိက္ခုနီပိ ဘိက္ခုဿ ဘိက္ခုစ ဘိက္ခုနိယာ
အနုပသမ္ပန္နော ဝ ကာယပ္ပဋိဗဒ္ဓါဒိသု ဒုက္ကဋံ။

ဣဓပန၊ ဤသိက္ခာပုဒ်၌ကား။ ဘိက္ခုနီပိ၊ သည်လည်း၊ ဘိက္ခုဿ၊ အား။ ဘိက္ခုစ၊ သည်လည်း၊ ဘိက္ခုနိယာ၊ အား။ အနုပသမ္ပန္နောဝ၊ မည်သည်သာလျှင်တည်း။ ကာယပ္ပဋိဗဒ္ဓါဒိသု၊ ကိုယ်နှင့်စပ်သော ဝတ္ထုစသည်တို့၌ သဗ္ဗေသု၊ အလုံးစုံသော ဥဟာန်းသာမဏေတို့၌။ ဒုက္ကဋမေဝ၊ သာလျှင်၊ ဟောတိ၊ ၏။

---

● လူသာမဏေ တို့အားရင်း ကိုယ်နှင့်စပ်သော ဒုတ်တောင်ဝှေးစသည်ဖြင့် တို့ထိကစားသော်ရင်း မည်သည့်အပြစ်ရှိပါသနည်း။

အားလုံးအတွက် ဒုက္ကဋ်အာပတ်သင့်ပါသည်။

---

## ဟာသဓမ္မ သိက္ခာပုဒ်

● အာဘင်မျှလောက်သော ရေကို ကစားလျှင် အာပတ်သင့်ပါသနည်း။ ထိုကစားမှုအားလျော်စွာ သင့်ရောက်သောအာပတ်တို့ကိုလည်း စုံလင်စွာဖော်ပြခဲ့ပါ။

ခြေမြက်ပိ မြုပ်လောက်သော ရေကို ကစားခြင်း ကြောင့် ပါစိတ်အာပတ်သင့်ပါသည်။ ရေမကစားမိ က စားရန်အတွက် လက်ခြေလှုပ်ရှားလျှင် လှုပ်ရှားတိုင်း ဒုက္ကဋ်။ ငုပ်သော်၎င်း, ငုပ်ပြီးရေထဲ၌ သွားသော်၎င်း, ကူးနေသော်၎င်းတိုပ်အင်္ဂါလှုပ်ရှားတိုင်း ပါစိတ်အချက် မိသင့်ကြပါသည်။(ပါဠိ၌ရှာရှည်လျှားနေသဖြင့်မပြတော့ပြီ)

---

● လှေလှော်ကစားသောရဟန်း, ရေကိုပုတ်ခတ် ကစားသောရဟန်း, ခဲဒုတ်စသည်ဖြင့် ပစ်ခတ်ကစား သောရဟန်း,အိုးထဲ၌ရှိသော ရေ ဆွံ့ညွှန်တို့ကို ကော်ပစ် ကစားသောရဟန်းတို့အား မည်သည့်အာပတ် သင့်ပါ သနည်း။

အားလုံး ရဟန်းတို့အတွက် ဒုက္ကဋ်အာပတ် သင့်ပါ သည်။

> တထာ နာဝါယ ကီဠတော ဟတ္ထေနဝါ ပါဒေ
> နဝါ ကဋ္ဌေနဝါ ကဌလာယဝါ ဥဒကံ ဟ
> ရတော ဘာဇနဂတံ ဥဒကံဝါ ကဉ္ဇိကာဒီနိဝါ
> စိက္ခလ္လံဝါ ခိပနကီဠာယ ကီဠတော ဒုက္ကဋံ။

တထာ၊ ပါ။ နာဝါယ၊ ဖြင့်။ ကီဠတော၊ ရဟန်းအားရင်း။ ဟတ္ထေနဝါ၊ ရင်း၊ ပါဒေနဝါ၊ ဖြင့်ရင်း။ ကဋ္ဌေနဝါ၊ ဖြင့်ရင်း။ ကဌလာယဝါ၊ အိုးခြမ်းဖြင့်ရင်း။ ဥဒကံ၊ ကို။ ဟရတော၊ ဆောင်သောရဟန်း အားရင်း။ ဘာဇနဂတံ၊ အိုး၌တည်သော။ ဥဒကံဝါ၊ ရင်း၊ ကဉ္ဇိကာဒီနိဝါ၊ ပအုံးရည်စသည်တို့ကိုရင်း။ စိက္ခလ္လံဝါ၊ ညွှန်ကိုရင်း။ ခိပန

ကီဋွသာ၊ ပစ်၍ကစားခြင်းဖြင့်။ ကီဋွတော၊ ရဟန်းအားရှင်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

---

မြစ်ထဲသို့ ရေဆင်း၍ ကူးသော်လည်း အာပတ် မသင့်သော ရဟန်းတို့ကို ဖော်ပြခဲ့ပါ။

ကျွန်းမာရေးအတွက်သော်၎င်း မြစ်တဘက်သို့ သွား ရန် ရှိသော်၎င်း ဘေးအန္တရာယ် ရှိသော်၎င်း ရေတွင် ကူးပါက အပြစ်မရှိပါ။

နဟာသာ ဓိပ္ပါယာသာ သတိ ကရဏီယေ
ဩတရိတွာ နိမ္မုဇ္ဇနာဒိနိ ကရောန္တဿ ပါရံ
ဂစ္ဆတော အာပဒါသု ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။

နဟာသာဓိပ္ပါယာသာ၊ မကစားလိုသောရဟန်းအားရှင်း။ ကရဏီယေ၊ အကြောင်းသည်။ သတိ၊ သော်။ ဩတရိတွာ၊ သက်ဆင်း၍။ နိမ္မုဇ္ဇနာဒိနိ၊ တို့ကို၊ ကရောန္တဿ၊ ပြုသောရဟန်းအားရှင်း။ ပါရံ၊ ကမ်းတဘက်သို့၊ ဂစ္ဆတော၊ အားရှင်း။ အာပဒါသု၊ ဘေးရန်တို့ကြောင့်ရှင်း။ ဥမ္မတ္တကာဒီနဉ္စ၊ တို့အားရှင်း။ အနာပတ္တိ၊ မသင့်။

---

## အနာဒရိယ သိက္ခာပုဒ်

အနာဒရိယ အမျိုးအစားကို ထုတ်ပြ၍ ယင်း တို့၏အဓိပ္ပါယ်ကိုလည်း ရှင်းခဲ့ပါ။

ပုဂ္ဂလ အနာဒရိယ, ဓမ္မအနာဒရိယဟူ၍ နှစ်မျိုးရှိပါ သည်။ ဝိနည်းလမ်းကြောင်းဖြင့် ဆိုဆုံးမသည်ကို မလိုက် နာဘဲ ပြုမြဲပြုခြင်းသည် ပုဂ္ဂိုလ်ကို မရိုသေခြင်းကြောင့် ပုဂ္ဂလအနာဒရိယမည်၏၊ မည်သည့်နည်းဖြင့် ဝိနယဓမ္မ

သည် ပျက်ပြားပါမည်နည်းဟု နှလုံးပြုကာ ဝိနယဓမ္မကို ဂရုမစိုက်ဘဲ ပြုလုပ်မြဲ ပြုလုပ်နေမှုသည် ဓမ္မ၌ မရိုသေခြင်းကြောင့် ဓမ္မအနာဒရိယ မည်၏။

---

◉ ရဟန်းတပါးက ဝိနည်းလမ်းကြောင်းဖြင့် ဆုံးမသည်ကို ဒါကဘော့ အရှင်ဘုရား တပည့်တော်တို့ ဆရာအဆက်ဆက်က ဤပုံ ဤနည်း သင်ကြားလာခဲ့တာပါစသဖြင့် ပြန်ပြောဆိုမှုမျိုးအတွက် မည်သည့် အာပတ်သင့်ပါသေးသနည်း။

ဤကဲ့သို့ပြောဆိုမှုမျိုးအတွက် အာပတ်မသင့်ပါ။

ပဝေဏိ အာဂတံ ပန ဥဂ္ဂဟံ ဂဟေတွာ ဝေ
အနွာဂတံ အာစရိယာနံ ဥဂ္ဂဟော ပရိပုစ္ဆာတိ
ဘာသန္တိ သာ။

ပဝေဏိ အာဂတံ၊ ဆရာအဆက်ဆက်ဖြင့် လာသော။ ဥဂ္ဂဟံပန၊ အယူကိုကား။ ဂဟေတွာ၊ ၍။ ဝေ၊ သို့။ အနွာဂတံ၊ တို့အ၊ အာစရိယာနံ၊ တို့၏။ ဥဂ္ဂဟော၊ အယူတည်း။ ပရိပုစ္ဆာ၊ အမေးအဖြေတည်း။ ဣတိ၊ သို့။ ဘာသန္တိ သာ၊ အားငင်း။ (အနာပတ္တိ၊ မသင့်)။

---

## ဘိက္ခုနီသာပန သိက္ခာပုဒ်

ဘိက္ခုနီသာပေယျ၏အဓိပ္ပါယ်ကို ဖေါ်ပြ၍ ကြောက်မက်ဘွယ်သော ရုပ်ရုံစသည်တို့ဖြင့်ငင်း ကြောက်မက်ဘွယ်သော စကားတို့ဖြင့်ငင်း ပြောချ၍ အခြောက်ခံရသော ရဟန်းမှာ မကြောက်က အပြစ်ရှိပါသေးသလော။

ကြောက်မက်ဘွယ်သော ရူပါရုံတို့ဖြင့်၎င်း၊ ကြောက်မက်ဘွယ်သော စကားတို့ဖြင့်၎င်း၊ခြောက်ခြားချောက်လှန့်ခြင်းကို ဘိံသာပေယျဟု ဆိုပါသည်။ အခြောက်ခံရသူက ကြောက်သည် ဖြစ်စေ၊ မကြောက်သည် ဖြစ်စေ၊ ချောက်မှုသာ လိုရင်း ဖြစ်သောကြောင့် အပြစ်မှမလွတ်ပါ။ ပါစိတ်အာပတ်သင့်ပါသည်။

ဘိံသာပေယျာတိ ဘိံသာပနတ္တံ ရူပါဒိံ ဥပ
သံဟရေယျ ဘယာနက ကထံ ဝါ ကထေယျ
သော ပန ဘာယတု ဝါ မာ ဝါ ဣတရဿ
ပါစိတ္တိယံ။

ဘိံသာပေယျာတိ၊ဟူသည်ကား။ ဘိံသာပနတ္တံ၊ ကြောက်စေခြင်းငှါ။ရူပါဒိံ၊တို့ကို။ ဥပသံဟရေယျ၊ အနီးသို့ဆောင်ငြားအံ့။ဘယာနက ကထံ ဝါ၊ ကြောက်ခြင်းကိုဖြစ်စေတတ်သောစကားကိုမူလည်း။ ကထေယျ၊ အံ့။ သော ပန၊ထိုကြောက်စေအပ်သော ရဟန်းသည်ကား။ဘာယတု ဝါ၊ ကြောက်သည်မူလည်း ဖြစ်စေ။ မာ ဘာယတု ဝါ၊ ဖြစ်စေ။ ဣတရဿ၊ ကြောက်စေတတ်သောရဟန်းအား။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

## ဇောတိ သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ အညတြတထာ ရူပပစ္စယာအရ အကြောင်းများကို ဖော်ပြပြီးလျှင် မီး သိစမ်း စသော ကပ္ပိယ ဝေါဟာရစကားဖြင့်ဆိုလျှင် သင့်ပါမည်လော။

တထာရူပ ပစ္စယအရ အကြောင်းများကား မီးထွန်းခြင်း,သပိတ်ဖုတ်ရန်အတွက် မီးမွေးခြင်းစသည်တို့ ဖြစ်ပါသည်။ ဤ၌ မီးသိစမ်းစသည်ဖြင့် ခိုင်းကောင်းသည်ဟု အဆိုမရှိသောကြောင့် မသင့်ပါ။

> အညတြ တထာ ရူပပစ္စယာတိ ပဒီပုဇ္ဇလနံဝါ ပဏ္ဏပစနာဒိသု - ဇောတိကရဏံဝါတိ ဝေရူပံ ပစ္စယံ ဝိနာ။

အညတြတထာရူပပစ္စယာတိ၊ ဟူသည်။ ပဒီပုဇ္ဇလနံဝါ၊ ဆီမီးညှိထွန်းခြင်းကိုရင်း။ ပဏ္ဏပစနာဒိသု၊ သပိတ်ဖုတ်ခြင်း စသည်တို့၌။ ဇောတိကရဏံဝါ၊ မီးညှိခြင်းကိုရင်း၊ ဧတဝေရူပံ ၊သော။ ပစ္စယံ၊ ကို။ ဝိနာ၊ ၍။

---

မီးကိုလှုံရန် ကိုယ်တိုင်မွေးမှုနှင့် မွေးစေမှုတို့ အတွက် သင့်ရောက်နိုင်သော အာပတ်တို့ကို စုံလင်စွာ ဖေါ်ပြခဲ့ပါ။

ကိုယ်တိုင်မွေးရာ၌ မီးမွေးရန် မီးခြစ် စသည်ကို ကိုင်တွယ်သည့်မှစ၍ မီးတောက်အောင် ပြုကြောင်းအသီးသီးတို့အတွက် ဒုက္ကဋ်အာပတ်သင့်ပါသည်။ မီးတောက်လာလျှင် ပါစိတ်အာပတ်သင့်ပါသည်။ သူတပါးကို ခိုင်းစေရာ၌ ခိုင်းမှုအတွက် ဒုက္ကဋ်အာပတ်၊ မီးတောက်လျှင် ပါစိတ်အာပတ်သင့်ပါသည်။

တာဝ သဗ္ဗပယောဂေသု ဒုက္ကဋံ၊ ဓာလုဋ္ဌာနေ ပါစိတ္တိယံ၊ သမာဒဟာပေန္တဿ အာလာတတ္တိယာ ဒုက္ကဋံ၊ သကိံ အာလာတေတွာန ဗဟူပိ သမာဒဟတော ကေဝလံ ပါစိတ္တိယံ။

တာဝ၊ ထိုမျှလောက်။ သဗ္ဗပယောဂေသု၊ ၌။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဓာလုဋ္ဌာနေ၊ မီးလျှံထသည့်အခါ၌ ပါစိတ္တိယံ၊ သည်၊ ဟောတိ၊ ၏ အာလာတတ္တိယံ၊ စေနိုင်းခြင်း၌ သမာဒဟာပေန္တဿ၊ ညှိသောရဟန်းအား။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ သကိံ၊ တကြိမ်။ အာလာတေတွာ၊ စေခိုင်းသော သူသည်။ ဗဟူပိ၊ အကြိမ်များစွာသည်။ သမာဒဟတော၊ ညှိသည့်သော်။ ကေဝလံ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

မီးလောင်သောထင်းစကို ယူပြီး မီးထဲသို့ ထည့်ရာ၌ သင့်ရောက်နိုင်သော အာပတ်တို့ကို ထုတ်ပြပေါ် ပြခဲ့ပါ။

မီးလျှံရှိသော ထင်းစကိုယူပြီး မီးထဲသို့ ထည့်ပါက ဒုက္ကဋ်အာပတ်သင့်ပါသည်၊ မီးလျှံမရှိသော ထင်းစကို ယူပြီး မီးပုံသို့ထည့်ရာ၌ ပါစိတ်အာပတ်သင့်ပါသည်။

တထာ ပဋိလာတံ ဥက္ခိပန္တဿ တဥ္စ အဝိဇ္ဈာတံ ဥက္ခိပိတွာ ယထာ ဌာနေ ထပေန္တဿ ဝိဇ္ဈာတံ ပန ဇာလယတော ပါစိတ္တိယမေဝ။

တထာ၊ တူ။ ပဋိလာတံ၊ မီးလောင်သော ထင်းစကို။ ဥက္ခိပန္တဿ၊ ချီသောရဟန်းအား။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ တဥ္စ၊ ထိုဒုက္ကဋ်အာပတ်သည်လည်း။ အဝိဇ္ဈာတံ၊ အငြိမ်းမငြိမ်းသောထင်းစကို။ ဥက္ခိပိတွာ၊ ချီ၍။

ယထာဌာနေ၊ သူ့နေရာအတိုင်း။ ထပေန္တဿ၊ ရဟန်းအား။ ဟောတိ၊ ၏။ ဝိဇ္ဈာတံပန၊ ကား။ ဇာလယတော၊ ညှိသောရဟန်းအား။ ပါစိတ္တိယ မေဝ၊ လျှင်။ ဟောတိ၊ ၏။

---

## နှာန သိက္ခာပုဒ်

ဥဏှသမယနှင့် ပရိဠာဟသမယတို့ကို ခွဲခြား ပြ၍၊ အကြောင်းမရှိဘဲ ရေချိုးလျှင် သင့်ရောက်ထိုက် သော အာပတ်တို့ကိုလည်း ညွှန်းခဲ့ပါ။

နယုန်လဆန်းတရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့အထိ သည် ဥဏှသမယမည်၏။ ဝါဆိုလပြည့်ကျော် တရက်နေ့ မှစ၍ ဝါခေါင်လပြည့်နေ့အထိသည် ပရိဠာဟ သမယ မည်၏။ ရေချိုးတော့မည်ဟု ကြံစည်ကာ ရေခွက်, ဆပ်ပြာတို့ကို ယူရန် ပြုလုပ်တိုင်းဒုက္ကဋ်အာပတ်တချက်စီ သင့်၏။ ရေချိုးပြီးလျှင် ပါစိတ်အာပတ် သင့်၏။

နှာယိဿာမီတိ စုဏ္ဏံဝါ မတ္တိကံဝါ အဘိသင်္
ခရောတိ တဿ တတော ပဋ္ဌာယ သဗ္ဗပယော
ဂေသု ဒုက္ကဋံ၊ နှာနပရိယောသာနေ ပါစိတ္တိယံ။

နှာယိဿာမီတိ၊ ရေချိုးအံ့ဟူ၍။ စုဏ္ဏံဝါ၊ ကသယ်မှုန့်ကိုရင်း။ မတ္တိကံဝါ၊ မြေမှုန့်ကိုရင်း။ အဘိသင်္ခရောတိ၊ စီရင်၏။ တဿဘိက္ခုနော၊ အား။ တတော၊ ထိုရေချိုးကသယ်မှုန့်စီရင်သည်မှ။ ပဋ္ဌာယ၊ ၍။ သဗ္ဗပယောဂေသု၊ တို့၌။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ နှာနပရိယောသာနေ၊ ရေချိုးပြီး သည်၏ အဆုံး၌။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

ကမ္ဗသမယ အဒ္ဓါနဂမနသမယ ဝါတာဝုဋ္ဌိသမယတို့ကို ခွဲခြားပြခဲ့ပါ။

ကျောင်းပိုင်းအတွင်း တံမြက်စီးလှည်းရာ အခါမျိုးကို ကမ္ဗသမယ ခေါ်ပါသည်။ ယူဇနာခွဲ ခရီးသို့ သွားဆဲ သွားပြီး သွားလတ္တံ့သော အခါမျိုးကို အဒ္ဓါနဂမနသမယ ဟုခေါ်ပါသည်။မြူနှင့်တကွ လေပြင်းမုန်တိုင်းထ၍ မိုးနှစ်ပေါက် သုံးပေါက် ကျရောက်သောအခါမျိုးကို ဝါတာဝုဋ္ဌိ သမယဟု ခေါ်ပါသည်။

သမယေသု ပရိဝေဏ သမ္မဇ္ဇနမတ္တမ္ပိ ကမ္ဗသမယော အဇ္ဈယောဇနံ ဂန္တုကာမဿ ဂစ္ဆတော ဂတဿဝါ အဒ္ဓါနဂမနသမယော သရဇေန ဝါတေန ဩကိဏ္ဏဿ ဒွိသုဝါ တိသုဝါ ဥဒက ဖုသိတေသု ကာယေ ပတိတေသု ဝါတ ဝုဋ္ဌိ သမယောတိ ဝေဒိတဗ္ဗော။

သမယေသု၊တို့တွင်။ ပရိဝေဏသမ္မဇ္ဇနမတ္တမ္ပိ၊ ပရိဝုဏ်ကိုတံမြက်လှည်းခါမျှကိုလည်း။ ကမ္ဗသမယော၊ဟူ၍။ဝေဒိတဗ္ဗော၊၏။ အဇ္ဈယောဇနံ၊ သို့။ ဂန္တုကာမဿဝါ၊ရင်း။ဂစ္ဆတောဝါ၊သွားဆဲသော ရဟန်းအားရင်း။ ဂတဿဝါ၊ သွားပြီးသော ရဟန်းအားရင်း။ အဒ္ဓါနဂမနသမယော၊ဟူ၍၊ဝေဒိတဗ္ဗော၊၏။သရဇေန၊မြူနှင့်တကွသော။ဝါတေန၊ကြောင့်။ ဩကိဏ္ဏဿ၊ ပြွမ်းသော မှုန်သောရဟန်း၏။ ဒွိသုတိသုဝါ ဥဒကဖုသိတေသု၊နှစ်ပေါက် သုံးပေါက်သောရေတို့သည်။ ကာယေ၊၌။ ပတိတေသု၊ ကျကုန်သည်ရှိသော်။ ဝါတ ဝုဋ္ဌိသမယော၊ မြူနှင့်တကွ သေလာသောအခါဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤနှာန သိက္ခာပုဒ်အတိုင်း မလိုက်နာဘဲ မြာမန် ပြည်၌ ရဟန်းတော်များသည် ကျင့်သုံးနေသောကြောင့် အပြစ်ရှိ မရှိ ဝေဘန်ခဲ့ပါ။

ဤသိက္ခာပုဒ်သည် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံများနှင့် သက်ဆိုင်သောကြောင့် မြန်မာပြည်၌ ရဟန်းတော်များ မလိုက်နာသော်လည်း အပြစ်မရှိပါ၊ ပဒေသ ပညတ် ဟုမှတ်။

---

မြစ်ဘာဘက်သို့ သွားသောအခါဝယ် သဲတွင်းကို ပြုလုပ်ပြီးရေချိုးသော ရဟန်း ပိတုန်းလိုက်၍ ရေ၌ ငုပ် သောရဟန်းတို့အား ဤသိက္ခာပုဒ်အရ အပြစ်ရှိပါသေး သလော။

အထက်ပါ ရဟန်းများအတွက် ဤသိက္ခာပုဒ် အရ အပြစ်မရှိကြပါ။

ယောသော နဒီပါရံ ဂန္တွာန ဝါလုကံ ဥက္ကိ
ရိတွာ ကာတအာဝါဋေသုပိ နှာယတိ တဿ
ပစ္စန္တိမေ ဇနပဒေ သဗ္ဗေသံ အာပဒါသု။

ယောသော၊ အကြင်ရဟန်းသည်လည်း။ နဒီပါရံ၊သို့၊ ဂန္တွာန၊ သော်။ ဝါလုကံ၊ သဲကို။ ဥက္ကိရိတွာ၊ ယက်၍။ ကတအာဝါဋေသုပိ၊ ပြုသော တွင်းတို့၌လည်း။ နှာယတိ၊ ၏။ တဿ၊ ထိုရဟန်းအားရင်း၊ ပစ္စန္တိမ ဇနပဒေသု၊ တို့၌။ သဗ္ဗေသဉ္စဘိက္ခူနံ၊ တို့အားရင်း။ အာပဒါသုဝါ၊ ပိတုန်းစသော ဘေးရန်တို့ကြောင့်ရင်း။(အနာပတ္တိ၊ မသင့်။)

**ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်**

● နဝံ ပန စီဝရ လာဘေန ၌ အဘယ်သို့သော သက်န်းသည် အသစ်မည်ပါသနည်းဖြေဆို၍၊ တိဏ္ဏံ ဒုဗ္ဗဏ္ဏ ကရဏာ၌ တိဏ္ဏံအရကိုလည်း ဖော်ပြခဲ့ပါ။

ကပ္ပဗိန္ဒု မထိုးရသေးလျှင် သာမဏေတို့ ဝတ်ပြီး ဖြစ်၍ ဟောင်းနွမ်းနေသော်လည်း ဤသိက္ခာပုဒ်အရ နဝ စီဝရ အသစ်သင်္ကန်းဟု ဆိုရပါမည်၊ တိဏ္ဏံအရကား- နီလ ကဒ္ဒမ ကာဠသာမတို့ ဖြစ်ပါသည်။

---

● စီဝရအရကို ကောက်ပြ၍ ကပ္ပဗိန္ဒုထိုးနိုင်သော သင်္ကန်းတို့ကိုလည်း ရေးခဲ့ပါ။

ဥဒ္ဒေသာရောသင် စသော ဝတ်ရုံလောက်သော သင်္ကန်း ခြောက်ထည်ကို ယူရပါမည်၊ ကပ္ပဗိန္ဒု ထိုးနိုင်သော သင်္ကန်းများကား-သင်းပိုင်, ကိုယ်ရုံ, ဒုကုဋ်, မိုးရေခံ, အမာလွှမ်း, သင်္ကန်းငါးမျိုးတို့ ဖြစ်ပါသည်။

**ဆောင်**။ သင်း, ကိုယ်, ဒု, မိုးယီး၊ မာငါးမျိုး၊ ထိုးလေ ဗိန္ဒုညွှင်း။

---

● ကပ္ပဗိန္ဒု၏ အရောင်အဆင်းနှင့် ထိုးရမည့်နေရာ ထိုးရမည့် ပမာဏတို့ကို ဖော်ပြခဲ့ပါ။

ကြေးညှိရောင်အဆင်း, သစ်ရွက်ဝိမ်းရောင်အဆင်း, ရွှံ့ ညွန်ရောင် အဆင်းတို့တွင် တမျိုးမျိုးဖြင့် သင်္ကန်း

ထောင့်တခုရှိသော်ငြားလည်း လေးထောင့်, သုံးထောင့်, နှစ်ထောင့်မှာသော်ငြားလည်း ကပ္ပဗိန္ဒု ထိုးနိုင်ပါသည်၊ ပမာဏကား–ဥဒေါင်းမျက်လုံး ကြမ်းပိုးကျောက်ကုန်း ပမာဏမျှရှိသော ကပ္ပဗိန္ဒုကိုသာ ထိုးရပါမည်။

> ကံသနီလေန ဝါ ပတ္တနီလေန ဝါ ကဒ္ဒမေန ဝါ
> ယေန ကေနစိ ကာဠကေန ဝါ မောရက္ခိ မဏ္ဍလ
> မင်္ကုဏပိဋ္ဌိနံ အညတရပ္ပမာဏံ ကပ္ပဗိန္ဒုံ အာဒိ
> ယိတဗ္ဗာ တံ စီဝရံ ပရိဘုဉ္ဇိတဗ္ဗံ။

ကံသနီလေန ဝါ၊ ကြေးညှိုညိုဖြင့်ငြားလည်း။ ပတ္တနီလေန ဝါ၊ သံချက်စိမ်းရည်ညိုဖြင့်ငြားလည်း။ ကဒ္ဒမေန ဝါ၊ ညွန်ဖြင့်ငြားလည်း။ ယေန ကေနစိ ကာဠကေန ဝါ၊ အမှတ်မရှိသော မည်းသော အရည်ဖြင့်ငြားလည်း။ မောရက္ခိမဏ္ဍလမင်္ကုဏပိဋ္ဌိနံ၊ ဥဒေါင်းမျက်စိဝန်း ကြမ်းပိုးကြောက်ကုန်းတို့တွင်၊ အညတရပ္ပမာဏံ၊ တပါးပါးသော ပမာဏရှိသော၊ ကပ္ပဗိန္ဒုံ၊ ကို။ အာဒိယိတဗ္ဗာ၊ ထိုး၍။ တံစီဝရံ၊ ကို။ ပရိဘုဉ္ဇိတဗ္ဗံ။ ၏။

---

ဒုဗ္ဗဏ္ဏကရဏ အဆင်းပျက်အောင် ပြုလုပ်ခြင်း ဟူသည်မည်ကဲ့သို့ ပြုလုပ်ခြင်းပါနည်း၊ အဘယ့်ကြောင့် အဆင်း ပျက်အောင် ပြုတတ်သည်ဟု ဆိုနိုင်သည်ကိုလည်း ရေးခဲ့ပါ။

ကပ္ပဗိန္ဒုထိုးသည်ကိုပင် ဒုဗ္ဗဏ္ဏကရဏ အဆင်းပျက်အောင် ပြုလုပ်ခြင်းဟု ခေါ်ဆိုပါသည်၊ ကပ္ပဗိန္ဒု ထိုးလိုက်ခြင်းဖြင့် အပြောက်အကွက် ကလေး သက်နီးမှာ

ယင်သွားသဖြင့် သင်္ကန်း၏ အဆင်းများ အနည်းငယ် ပျက်သွား သေးကြောင့် ထိုဗိန္ဒုပြောက်ကိုပင် ဒုဗ္ဗဏ္ဏ ကရဏ အဆင်း ပျက်အောင် လုပ်တတ် သည်ဟု ဆိုပါသည်။

---

❁ ကပ္ပဗိန္ဒု ထိုးရကျိုးကို သိသမျှ ပေါ်ပြခဲ့ပါ။

ဒုဗ္ဗဏ္ဏကရဏပုဒ်ကို ထောက်၍ သင်္ကန်း၏ အဆင်း ကို ပျောက်စေခြင်းငှါ ကပ္ပဗိန္ဒု ထိုးရသည်ဟု အချို့က ဆိုပါသည်။ သင်္ကန်းကို မှတ်မိစေခြင်းငှာ ကပ္ပဗိန္ဒု ထိုး ရသည်ဟု အချို့ကဆိုပါသည်။ ဆိုခဲ့ပြီး စကားတို့ကား မသင့်လျော်ချေ တိတ္ထိတို့၏ အဝတ်နှင့် ခွဲခြားခြင်းအကျိုး ငှါ ကပ္ပဗိန္ဒုထိုးရသည်ဟု မှတ်လေ။

**မှတ်ချက်**။ကပ္ပဗိန္ဒုထိုးပြီး၍ ခဝါပေးသော်ရှင်း ချုပ်စပ်ဖါထေး သဖြင့်ရှင်း ဗိန္ဒုပျောက်သွားသော်လည်း တဖန် ထပ်မံ၍ ဗိန္ဒု ထိုးဘွယ် မလိုတော့ပြီ။

---

## ဝိကပ္ပနာ သိက္ခာပုဒ်

❁ ဤသိက္ခာပုဒ်၌ ဝိကပ္ပနာ၏ အဓိပ္ပါယ်ကို ပေါ် ပြ၍၊ ယင်းဝိကပ္ပနာ၏ အမျိုးအစားကိုလည်း ရေးခဲ့ပါ။

ကိုယ်ပိုင်အဖြစ် အမှတ်မထားတော့ဘဲ သီတင်းသုံး ဘော် ငါးဦးအား ပေးစွန့်လိုက်ခြင်းကို ဝိကပ္ပနာပြုခြင်း ဟု ခေါ်ပါသည်။ ယင်းဝိကပ္ပနာပြုခြင်းသည် မိမိနှုတ်ဖြင့်

ဝိကပ္ပနာပြုခြင်း သမ္မုခဝိကပ္ပနာ၊ သူတပါးနှုတ်ဖြင့် ဝိကပ္ပနာပြုခြင်း ပရမ္မုခဝိကပ္ပနာဟူ၍ နှစ်မျိုးရှိပါသည်။

ဝိကပ္ပေတွာ တိ ဧတ္တ ဒွေ ဝိကပ္ပနာ သမ္မုခါ
ဝိကပ္ပနာ ပရမ္မုခါဝိကပ္ပနာ စ။

ဝိကပ္ပေတွာတိဧတ္ထ၊ ပါဌ်၌။ ဝိကပ္ပနာ၊ သည်။ သမ္မုခါဝိကပ္ပနာစ၊ ၎င်း။ ပရမ္မုခါဝိကပ္ပနာစ၊ ၎င်း။ ဣတိ၊ သို့။ ဒွေ၊ တို့တည်း။

---

● သမ္မုခါဝိကပ္ပနာ ပရမ္မုခါဝိကပ္ပနာတို့၏ အမျိုးအစားကိုခွဲခြားပြ၍ အနီးအဝေး အားလျော်စွာ၎င်း၊ အနည်းအများ အားလျော်စွာ၎င်း ဝိကပ္ပနာပြုပုံကို လည်း ရေးခဲ့ပါ။

သမ္မုခါဝိကပ္ပနာသည် အနီးရှိ ပုဂ္ဂိုလ်အား စွန့်ခြင်း အာသန္နဝိကပ္ပနာ အဝေး နေ ပုဂ္ဂိုလ်အား စွန့်ခြင်း ဒူရဝိကပ္ပနာဟူ၍ နှစ်မျိုးရှိပါသည်။ ပရမ္မုခါဝိကပ္ပနာမှာ ကွဲပြားခြင်း မရှိပါ။ အနီးအနည်းဖြစ်လျှင် ဣမံစီဝရံတုယှံ ဝိကပ္ပေမိ ဟုဆိုပါ၊ အနီး အများဖြစ်မူ ဣမာနိစီဝရာနိ ဟုဆိုပါ၊ အဝေး အနည်းဖြစ်လျှင် ဧတံစီဝရံ-ဟု ဆိုပါ အဝေး အများဖြစ်လျှင် ဧတာနိ စီဝရာနိ ဟု အသီးသီး ပြင်ဆင်၍ ဆိုကြရပါမည်၊ ပရမ္မုခါဝိကပ္ပနာပြုပုံကား ဣမံစီဝရံတုယှံ ဝိကပ္ပနတ္ထာယ ဒမ္မိဖြစ်ပါသည်။

စီဝရာနံ ဧကဗဟုဘာဝံ သန္နိဟိတာ သန္နိဟိတ
ဘာဝဉ္စ ဉတွာ ဣမံ စီဝရန္တိ ဝါ ဣမာနိ စီဝရာ

နိဿဂ္ဂိ ဝါ တော ဝိပ္ပဝသိတ္တ ဝါ တောာနိ ဝိဝရာနိတိ
ဝါ ဝတ္ထာ တုယှံ ဝိကပ္ပေမိတိ ဝတ္တဗ္ဗံ။

ဝိဝရာနံ၊ တို့၏။ ကေဗဟုဘာဝေ၌၊ တခုတည်း၏အဖြစ် များသော
အဖြစ်ကိုရင်း။သန္နိဟိတာ သန္နိဟိတဘာဝေ၌၊ နီးသောအဖြစ် ဝေးသော
အဖြစ်ကိုရင်း။ ဥတ္တာ၊ ၌။ဣမံဝိဝရန္တိဝါ၊ ဟူ၍ရင်း၊ ဣမာနိဝိဝရာနီတိ
ဝါ၊ ရင်း။ တေံဝိဝရန္တိဝါ၊ ရင်း။ တောနိဝိဝရာနီတိဝါ၊ ရင်း။ ဝတ္ထာ၊
၍။ တုယှံဝိကပ္ပေမိတိ၊ ဟူ၍။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။

---

● ပစ္စုဒ္ဓိုရ်၏ အဓိပ္ပါယ်ကို ရေး၍၊ ပစ္စုဒ္ဓိုရ်ပုံ
ပါဠိနှင့် ပစ္စုဒ္ဓိုရ်ပြုခြင်း ဝိကပ္ပနာ ပြန်ခြင်းတို့သည် ထူး
ခြားချက် ရှိပါသလော၊

ပစ္စုဒ္ဓိုရ်ပြုခြင်းဟူသည်အလိုရှိသလို သုံးဆွဲရန် ခွင့်ပြု
ခြင်း ပြန်ပေးခြင်းကို ခေါ်ပါသည်။ ပြုပုံပါဠိကား မယှံ
သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ
ဖြစ်ပါသည်။ ပစ္စုဒ္ဓိုရ်ပြုခြင်းနှင့် ဝိကပ္ပနာ ပြုခြင်း
မထူးခြားပါ။

မှတ်ချက်။ပဌမကထိနသိက္ခာပုဒ်လာပစ္စုဒ္ဓိုရ်ကား ရုပ်သိမ်းခြင်းတည်း၊
ဤပစ္စုဒ္ဓိုရ်ကား ခွင့်ပြုခြင်း,ပြန်ပေးခြင်းတည်း၊ ဤကဲ့သို့အထူး
ကိုမှတ်။

မယှံ သန္တကံ မယှံသန္တကာနိ ပရိဘုဉ္ဇ ဝါ ဝိ
ဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိတိ ဧဝံ ပန
ဝတ္တေ ပစ္စုဒ္ဓါရော နာမ ဟောတိ။

မယှံ၊ တပည့်တော်၏။ သန္တကံ၊ ဥစ္စာကို။ ပရိဘုဉ္ဇ ဝါ၊ သုံးဆွဲမှု လည်းသုံးစွဲပါ။ ဝိသဇ္ဇေဟိ ဝါ၊ စွန့်လိုမှုလည်းစွန့်ပါ။ ယထာပစ္စယံ၊ အကြောင်းအားလျော်စွာ။ ကရောဟိ၊ ပြုပါ။ (သန္တကာနိ၊ တို့ကို ဟုပေး)

---

ဝိကပ္ပနာပစ္စုဒ္ဓိုရ်ပြုရာ၌ အဘယ်ပုဂ္ဂိုလ်တို့အား သာ ပြုသင့်ပါသနည်းဖြေဆိုရ၍၊ ဝိကပ္ပနာသာပြု၍ ပစ္စုဒ္ဓိုရ် မပြုဘဲ သုံးဆောင်သောရဟန်းအား မည်သည့်အာပတ် သင့်သည်ကိုလည်း ရေးခဲ့ပါ။

သိတင်းသုံးဘော် ငါးဦးတို့တွင် တဦးဦးထံ ပြုနိုင် ပါသည်။ ဝိကပ္ပနာသာပြု၍ ပစ္စုဒ္ဓိုရ်မပြုဘဲ သုံးဆောင် သော ရဟန်းအား ပါစိတ်အာပတ်သင့်ပါသည်။

ယာယ ကာယစိ ဝိကပ္ပနာယ ပဉ္စသု သဟဓမ္မိ ကေသု ယဿကဿစိ စီဝရံ ဝိကပ္ပေတွာ ဝုတ္တ နယေန အကတပစ္စုဒ္ဓါရကံ ဝါ။

ယာယကာယစိဝိကပ္ပနာယ၊ ဖြင့်။ ပဉ္စသုသဟဓမ္မိကေသု၊ တို့တွင်။ ယဿကဿစိ၊ သူအား။ စီဝရံ၊ ကို။ ဝိကပ္ပေတွာ၊ ၍။ ဝုတ္တနယေန၊ ဖြင့်။ အကတပစ္စုဒ္ဓါရကံ ဝါ၊ ပစ္စုဒ္ဓိုရ်မပြုသေးသောသင်္ကန်းကိုရင်း၊ (ပရိဘုဉ္ဇန္တဿ၊ သုံးဆောင်သောရဟန်းအား။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏)။

## စီဝရအပနိဓာန သိက္ခာပုဒ်

ဤသိက္ခာပုဒ်လာ ပတ္တ ပါစိဝရံပါဒ္ဓ ပတ္တနှင့်စီဝရတို့ အရကိုကောက်ပြပြီးလျှင် သပိတ်သင်္ကန်းစသည်ကို ကိုယ်တိုင်ဖွက်မှု သူတပါးအား ဖွက်စေမှုတို့အတွက် သင့်ရောက်သိုက်သော အာပတ်တို့ကိုဖော်ပြခဲ့ပါ။

ပတ္တအရကား-အဓိဋ္ဌာန်လောက်သော သပိတ်တည်း။ စီဝရအရကား-ဝိကပ္ပနာလောက်သော သင်္ကန်းတည်း။ ရဟန်းတပါး၏ သပိတ်သင်္ကန်းစသည်ကို ကိုယ်တိုင်ဖွက်လျှင် ပါစိတ်၊ သူတပါးအား ဖွက်ခိုင်းလျှင် ဒုက္ကဋ် အာပတ်သင့်ပါသည်။

> ပတ္တန္တိ အဓိဋ္ဌာနုပဂံ၊ စီဝရန္တိ ဝိကပ္ပနုပဂံ၊ သယံ အပနိဓေန္တဿ ပါစိတ္တိယံ၊ အညံ အာဏာပေန္တဿ အာဏာတ္တိယာ ဒုက္ကဋံ။

ပတ္တန္တိ၊ဟူသည်။အဓိဋ္ဌာနုပဂံ၊ အဓိဋ္ဌာန်လောက်သောသပိတ်ကို။ စီဝရန္တိ၊ ကား။ ဝိကပ္ပနုပဂံ၊ ဝိကပ္ပနာလောက်သော သင်္ကန်းကို။ သယံ၊ ကိုယ်၊အပနိဓေန္တဿ၊ ဖွက်သောရဟန်းအား၊ပါစိတ္တိယံ၊သည်။ ဟောတိ၊ ၏။ အညံ၊ သူတပါးကို။ အာဏာပေန္တဿ၊ ဖွက်စေသော ရဟန်းအား။အာဏတ္တိယာ၊ စေခိုင်းခြင်းဖြင့်။ဒုက္ကဋံ၊သည်။ ဟောတိ၊၏။

---

ဤသိက္ခာပုဒ်လာ နိသိဒန သူစိဃရ ကာယဗန္ဓန တို့၏ အရကို ကောက်ပြပြီးလျှင် အဓိဋ္ဌာန်ဝိကပ္ပနာ မလောက်သော သင်္ကန်း သပိတ်စသည်နှင့်လူသာမဏေ

တ္ထိသဝိတ် သင်္ကန်းကို ဖွက်လျှင် မည်သည့်အပြစ် ရှိပါသနည်း။

အဆာပါသော အခင်းကို နိသီဒန အပ်ထည့်သည့်ဘူးကို သူစိဃရ (အပ်ရှိမရှိနှင့် မဆိုင်) ခါးပန်းကြိုး အလုံး အပြားကို ကာယဗန္ဓနဟု ဆိုပါသည်။ အဓိဋ္ဌာန် ဝိကပ္ပနာ မလောက်သော သင်္ကန်းသဝိတ်နှင့် လူသာ သာမဏေတို့၏ သင်္ကန်းသဝိတ်စသည်တို့ကို ဖွက်လျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။

> နိသီဒနံနာမ ဒသံ ဝုစ္စတိ သူစိဃရံနာမ သသူစိကံ
> အသူစိကံဝါ ကာယဗန္ဓနံ နာမ ပဋ္ဋိကာဝါ သူကရ
> ဒန္တကံဝါ ဝုတ္တပ္ပကာရာနိ ပတ္တာဒီနိ ထပေတွာ အညံ
> ပရိက္ခာရံ ဥပသမ္ပန္နဿဝါ အနုပသမ္ပန္နဿဝါ
> သန္တကံ အပနိဓေန္တဿ ဒုက္ကဋမေဝ။

နိသီဒနံနာမ၊နိသီဒိုင်မည်သည်ကား။ သဒသံ၊အဆာရှိသောအခင်းကို။ ဝုစ္စတိ၊၏။ သူစိဃရံနာမ၊ မည်သည်ကား၊ သသူစိကံဝါ၊အပ်ရှိသောအပ်ကျည်ကိုရင်း။ အသူစိကံဝါ၊ အပ်မရှိသောအပ်ကျည်ကိုရင်း။ ဝုစ္စတိ၊ ၏။ ကာယဗန္ဓနံနာမ၊ မည်သည်။ ပဋ္ဋိကာဝါ၊ ခါးပန်းပြားကိုရင်း။ သူကရဒန္တကံဝါ၊ ဝက်အစွယ်ခါးပန်းကိုရင်း။ ဝုတ္တပ္ပကာရာနိ၊ အပြားရှိကုန်သော။ ပတ္တာဒီနိပန၊သပိတ်ကို ထပေတွာ၊ ထား၍။ ဥပသမ္ပန္နဿ ဝါ၊ ၏ရင်း၊ အနုပသမ္ပန္နဿဝါ၊၏ရင်း၊ သန္တကံ၊ သော။ အညံပရိက္ခာရံ၊ ကို။ အပနိဓေန္တဿ၊ အား၊ ဒုက္ကဋမေဝ၊ လျှင်။ ဟောတိ၊၏။

သုရာပါနဝဂ်ပြီး၏

## သဋ္ဌိမ သိက္ခာပုဒ်

ဤသိက္ခာပုဒ်လာ ပါဌာ၏ အရကို အကြောင်းနှင့်တကွ ကောက်ပြပြီးလျှင် ပရွက်ဆိတ်ကို သတ်သောရဟန်းနှင့် ဆင်ကို သတ်သောရဟန်းတို့အား အပြစ်ရှိပုံခြင်း ထူးခြားချက် ရှိ မရှိ ကိုလည်း ဝေဘန်ခဲ့ပါ။

တတိယ ပါရာဇိကဝယ် လူကို သတ်ခြင်းကြောင့် ပါရာဇိက သင့်သည်ဟု ပြဆိုခဲ့ပြီး ဖြစ်သောကြောင့် ဤသိက္ခာပုဒ်လာ ပါဌာအရမှာ တိရစ္ဆာန် သတ္တဝါကို သာယူရပါမည်။ ဝိနည်းအရ- ဆင်နှင့် ပရွက်ဆိတ်တို့ သတ္တဝါချည်းဖြစ်၍ သတ်ခြင်းကြောင့် ပါစိတ်အာပတ် အတူတူပင် ဖြစ်လေသည်။ အဘိဓမ္မာ နည်းအားဖြင့် ငယ်သောသတ္တဝါကို သတ်ရာ၌ ငယ်သော လုံ့လ ပယောဂဖြင့် သတ်ရလေသည်၊ ကြီးသော သတ္တဝါကို သတ်ရာ၌ ကြီးသော လုံ့လပယောဂဖြင့် သတ်ရသောကြောင့် အကုသိုလ် အနည်းအများ ကွဲပြားလာလေသည်။

ပါဏောတိ တိရစ္ဆာနဂတပါဏော အဓိပ္ပေ
တော တံ ခုဒ္ဒကမ္ပိ မဟန္တမ္ပိ မာရေန္တဿ
ပါစိတ္တိယမေဝ မဟန္တေ ပန ဥပက္ကမမဟန္တ
တာယ အကုသလံ မဟန္တံ ဟောတိ။

ပါဏောတိ၊ ဟူသည်။ တိရစ္ဆာနဂတော၊ တိရစ္ဆာန်ဖြစ်သော။ ပါဏော၊ သတ္တဝါ၊ ကို။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ တံ၊

ထိုသတ္တဝါကို။ ခုဒ္ဒကမ္ဗိ၊ အငယ်ကိုငင်း။ မဟန္တမ္ဗိ၊ အကြီးကိုငင်း။ မာရေန္တသ၊ သတ်သောရဟန်း၏အား။ ပါစိတ္တိယမေဝ၊ လျှင်။ ဟောတိ၊ ၏။ နတ္ထိဒေါ၊ တို့သို့ပင်အာပတ်တူငြားသော်လည်း။ မဟန္တေ ကြီးသော သတ္တဝါကိုသတ်ရာ၌။ ဥပက္ကမမဟန္တတာယ၊ လုံ့လများ သည်၏အဖြစ်ကြောင့်။ အကုသလံ၊ သည်။ မဟန္တံ၊ သည်။ ဟောတိ။ ၏။

## သပ္ပါဏက သိက္ခာပုဒ်

ဤသိက္ခာပုဒ်လာ သပ္ပါဏကနှင့် ရှေ့သိက္ခာပုဒ်လာ သပ္ပါဏကတို့၏ အထူးကို ဖော်ပြ၍၊ ပိုးရှိသော ရေကို သုံးဆောင်ရာ၌ အာပတ်သင့်ပုံကိုလည်းစုံလင်စွာ ဖော်ပြခဲ့ပါ။

ဤသိက္ခာပုဒ်လာ သပ္ပါဏကအရမှာ ရေကိုသုံးစွဲခြင်း ကြောင့် သေလောက်သော ပိုးကောင်ကို ယူရပါသည်။ ရှေ့သိက္ခာပုဒ်လာ သပ္ပါဏကလာ သပ္ပါဏကကား- ပရိဘောဂေန ဟူသမျှယူရပါသည်၊ ဤကားအထူးတည်း။ ပိုးရှိသော ရေကိုသုံးဆောင်ရာ၌ တကြိမ်တည်းသောက်လျှင် ပါစိတ် တချက်သာ သင့်ပါသည်။ ရပ်ကာ ရပ်ကာသောက်လျှင် ရပ်သည့်အနေရအတွက်အားလျော်စွာ သင့်ပါသည်။

သပ္ပါဏကန္တိ ယေ ပါဏကာ ပရိဘောဂေန မရန္တိ တေဟိ သပ္ပါဏကံ၊ တာဒိသဉှိ ဇာနံ ပရိဘုဉ္ဇန္တဿ ပယောဂေ ပယောဂေ ပါစိတ္တိယံ။

သပ္ပါဏကန္တိ၊ ဟူသည်။ ယေပါဏကာ၊ တို့သည်။ ပရိဘောဂေန၊ သုံးဆောင်သဖြင့်။ မရန္တိ၊ သေကုန်၏။ တေဟိ၊ ထိုသတ္တဝါတို့ဖြင့်။ သပ္ပါ

ဏကံ၊ ရှိသော ရေကို၊ ဟိသဏ္ဍံ၊ ၏၊ တာဒိသံ၊ ထိုသို့သဘောရှိသောရေကို။ ဇာနံ-ဇာနန္တော၊ လျက်။ ပရိဘုဥ္ဇန္တဿ၊ အား။ ပယောဂေ-ပယောဂေ၊ တိုင်း။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

## ဥက္ကောဋန သိက္ခာပုဒ်

ယထာဓမ္မံ ဓမ္မအရေးကို ပေါ်ပြ၍ အဘယ်သို့ ပြုခြင်းကို ဥက္ကောဋေယျ ခေါ်သည်ကိုလည်း ရေးခဲ့ပါ။

ဖြေအရေးကား- ရှုဒွါ ပါသမထက္ခန္ဓကာ၌ ဟောတော်မူအပ်သော အဓိကရဏ သမထဓမ္မကို ယူရပါမည်၊ အဓိကရုဏ်းကို ငြိမ်းအောင် ဆောင်ရွက် ထားသော ရဟန်းများထံသို့ နောက်ထပ်တဖန် ကံပြုရအောင် သွေးထိုး လှုံ့ဆော် ပေးခြင်းမျိုးကို ဥက္ကောဋနဟု ခေါ်ပါသည်။

> ယထာဓမ္မန္တိ ယော ယဿ အဓိကရဏဿ ဝူပသမာယ ဓမ္မော ဝုတ္တော တေနေဝ ဓမ္မေန ပုန ကမ္မာယ ဥက္ကောဋေယျာတိ တထာ တထာ ဘိက္ခုနော သန္တိကံ ဂန္တွာ အကတံ ကမ္မန္တိ အာဒီနိ ဝဒန္တော ပုန ကရဏတ္ထာယ ဥစ္စာလေယျ။

ယထာဓမ္မန္တိ၊ ဟူသည်။ ယဿ အဓိကရဏဿ၊ ကို။ ဝူပသမာယ၊ ငှါ၊ ယော ဓမ္မော၊ အကြင်သမထတရားကို။ ဝုတ္တော၊ ၏။ တေနေဝ ဓမ္မေန၊ ထိုသမထတရားဖြင့်လျှင်။ ပုနကမ္မာယ ဥက္ကောဋေယျာတိ၊ ဟူသည်။ တထာ တထာ ဘိက္ခုနော၊ ၏။ သန္တိကံ၊ သို့။ ဂန္တွာ၊ ၍။

ကမ္မံ၊ သည်။ အကတံ၊ ပြုသည်မမည်၊ ဉတ်အခါနီ၊ စကားဂိုဏ်ကို။ ဝဒန္တာ၊ လျှော်။ ပုန၊ တဖန်။ ကရဏတ္တာသာ၊ ၄ါ။ ဥဒ္ဓာလေညျ၊ သွေးထိုးခြင်းအံ့၊

---

အဓိကရုဏ်း ငြိမ်းရန် ကံပြုနေစဲတွင် ကပါး ပါးသော ရဟန်းကလာရောက် တားမြစ်ခဲ့သော် အလေး ပြုအပ်ရှိ မရှိကို ညွှန်းခဲ့ပါ။

တားမြစ်လာပါက အကြောင်းအကျိုးကို ပြောကြား၍ ဆက်လက် လုပ်ခွင့်ရှိပါသည်။ သို့မဟုတ် အရေးမပြုဘဲ ဆက်လက် လုပ်ပါက ကံသည်းပျက်၍ ကမ္မကာရက ရဟန်းတို့အား ဒုက္ကဋ်အာပတ်သင့်ပါသည်။

သစေ ဝိပ္ပကတေ ကမ္မေ ပန္နိဋ္ဌာသတိ တံ
သညာ ပေတွာ ကာဘဗ္ဗံ ဉတ္တိရဟော ကမ္မဋ္ဌ
ကုပ္ပတိကာရကာနဉ္စ အာပတ္တိ။

ကမ္မံ၊သည်။ဝိပ္ပကတေ၊ မပြီးမီ။ သစေပဋိက္ကောသတိ၊ အကယ်၍ ကြွေးကြော်ငြားအံ့။ ဇဝံ၊သို့။ သတိ၊သော်၊တံဘိက္ခုံ၊ကို၊သညာပေတွာ၊ ၍၊ကာတဗ္ဗံ၊၏။ ဉာဘရထော၊ ဤမှတပါး မသိစေမူ၍ ပြုသည်ရှိသော်။ ကမ္မဋ္ဌ၊လည်း၊ ကုပ္ပတိ၊၏။ ကာရကာနဉ္စ၊ကာရကရဟန်းတို့အားလည်း။ အာပတ္တိ၊သင့်၏။

---

ဒုဋ္ဌုလ္လ သိက္ခာပုဒ်

ဒုဋ္ဌုလ္လံအာပတ္တိ၌ ဒုဋ္ဌုလ္လအရ အာပတ်ကို ဖော်ပြ၍ ထိုအာပတ်ကို အကြောင်းဥပါယ် တမည်ဖြင့် သိ၍

ဖုံးလွှမ်းထားခဲ့သော် အပြစ်မှ လွတ်ပါဦးမည်လော။ ဒုဋ္ဌုလ္လ အရ သံဃာဒိသိသ် အာပတ် ဖြစ်ပါသည်။ မည်သည့် အကြောင်း ဥပါယ်နှင့် သိ၍ ဖုံးဖုံး ပါစိတ်အာပတ် သင့်ပါသည်။

ဒုဋ္ဌုလ္လန္တိ သံဃာဒိသေသံ အဓိပ္ပေတံ၊ တံ ယေန ကေနစိ ဥပါယေန ဉတွာ ပဋိစ္ဆာ ဒေန္တဿ ပါစိတ္တိယံ။

ဒုဋ္ဌုလ္လန္တိ ဧဿပဒေ၊ ၌။ သံဃာဒိသေသံ၊ ကို။ အဓိပ္ပေတံ၊ ၏။ တံ၊ ထိုသံဃာ ဒိသိသ် အာပတ်ကို။ ယေနကေနစိဥပါယေန၊ ဖြင့်။ ဉတွာ၊ ၍။ ပဋိစ္ဆာဒေန္တဿ၊ အား။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

အာပတ်ကို ဖုံးလွှမ်းထားသော ရဟန်းအား ပါစိတ် အာပတ် သင့်သည်ဟု ဆိုရာ မည်သည့်အချိန်၌ သင့်သည်။ အာပတ်ကို ဖုံးလွှမ်းထားပြီး နောက်မှ ပြောကြားသော ရဟန်းအား အပြစ်မှ လွတ်ပါမည်လော ရှင်းခဲ့ပါ။

အခြားသူအား မပြောကြားတော့ပါဘူးဟု ဆုံးဖြတ်သော အချိန်အခါကပင် အာပတ် သင့်ပါတော့သည်။ ဖုံးလွှမ်းထားပြီးနောက်မှ ပြောကြားသော်လည်း အာပတ်မှ မလွတ်နိုင်ပါ။

ဘာစေဝိ နဒါနိ နံ ကာဃဝိ ဘိက္ခုနော အာရော စေဿာမိတိ ဓုရံ နိက္ခိပိတွာ ပဋိစ္ဆာ အာရော

စေတိ ပါစိတ္တိယံ အာပဇ္ဇတွာ အာရော
စေသတိ။

သစေပိ၊ လည်း။ဒါနိ-ဣဒါနိ၊ ၌။ နံ၊ ထိုအာပတ်ကို။ ကေဿစိ၊ အား။
နအာရောစေဿာမိ၊ မပြောကြားအံ့။ ဣတိ၊ သို့ ဓုရံ၊ ဝန်ကို။ နိက္ခိပိတွာ၊
ချ၍၊ ပစ္ဆာ၊ နောက်မှ၊ အာရောစေတိ၊ ပြောကြားငြားအံ့ ပါစိတ္တိယံ၊ သို့။
အာပဇ္ဇိတွာဝ၊ လျှင်။ အာရောစေဿတိ၊ လတ္တံ့။

---

ပဌမအာပတ်သင့်သောရဟန်းက ဒုတိယရဟန်း
အား ပြောကြားအံ၏ သို့သော် ဒုတိယရဟန်းက တတိယ
ရဟန်းကို ပြောသောအခါ အရှင်ဘုရားသော သိပါစေ
သူများကိုမပြောလိုက်ပါနှင့် ဟု-ဖုံးပြော ပြောလျှင် အပြစ်
ရှိပါသေးသလော။

ပဌမ အာပတ်သင့်သော ရဟန်းမှာ အာပတ်မှလွတ်၍
ဒုတိယ ရဟန်းမှာ ဖုံးပြော ပြောသည့်အတွက် မလွတ်
ကြပါ၊ ဤနည်းအတိုင်း ရဟန်းအရာ အထောင်ပြောက
အရာ အထောင်ပင် အာပတ်သင့်၏။

သစေ ပန ဝေံ ဓုရံ နိက္ခိပိတွာ ပရိဿာဒေနပ္ပ
မေဝ အညဿ အာရောစေတိ သော ပိ အညဿ
အာရောစေတိ ဒေတ နုပါယေန သမဏသတမ္ပိ
အာပဇ္ဇတိ ယော ကာဝ ယာဝ ကောဋိ
န ဆိဇ္ဇတိ။

သစေပန၊ ကား။ ဧဝံ၊ သို့။ ဓုရံ၊ ကို၊ နိက္ခိပိတွာ၊ ချ၍။ပရိဿာဒေနပ္ပမေဝ၊
ဖုံးလွှမ်းခြင်းငှာသာလျှင်။ အညဿ၊ အား။ အာရောစေတိ၊ ၏။

သောပိ၊ ထိုရဟန်းသည်လည်း။ အညဿ၊အား။ အာရောစေတိ၊ ၏။ ဇွတ်စေတနုပါယေန၊ ဖြင့်။ သမဏသတမ္ဗိ၊ ရဟန်းအရာသော်လည်း။ အာပဇ္ဇတိယေဝ၊တည်း။

---

◉ ပဌမအာပတ်သင့်သောရဟန်း၊ ဒုတိယရဟန်း၊ တတိယ ရဟန်းတို့သည် အာပတ် အဆက်ပြတ်အောင် မည်ကဲ့သို့ ပြောကြားရမည်နည်း။

ပဌမအာပတ်သင့်သော ရဟန်းက ဒုတိယရဟန်း အား ပြောကြားရမည်။ ထိုဒုတိယရဟန်းက တတိယ ရဟန်းအား ပြောကြားရပေမည်။ ယင်း တတိယ ရဟန်းက တဖန် ဒုတိယရဟန်းအား ပြန်ပြောပါက အာပတ်အဆက်ပြတ်ပါတော့သည်။

> သစေ ဟိ အာပန္နော ကေသာ အာရောစေတိ သော ပိ အညဿ အာရောစေတိ သော နိဝတ္တေတွာ ယေနဿ အာရောစိတံ တဿေဝ အာရောစေတိ ဧဝံ တတိယေန ပုဂ္ဂလေန ဒုတိယဿ အာရောစိတေ ကောဋိ ဆိန္နာ ဟောတိ။

သစေ၊ ၍။ အာပန္နော၊ အာပတ်သင့်သောရဟန်းသည်။ ကေသာ၊ တပါးသော ရဟန်းအား။ အာရောစေတိ၊ ၏။ သောပိ၊ ထိုဒုတိယ ရဟန်းသည်လည်း၊ အညဿ၊ တတိယရဟန်းအား။ အာရောစေတိ၊ ၏။ သော၊ ထိုတတိယရဟန်းသည်။ နိဝတ္တေတွာ၊ ပြန်၍။ ယေန၊ ဒုတိယေန၊ သည်။ အဿ၊ ထိုတတိယရဟန်းအား။ အာရောစိတံ၊ ၏၊ တဿေဝ၊ ထို ဒုတိယရဟန်းအား သာလျှင်။ အာရောစေတိ၊ ၏။ ဧဝံ၊ သို့။

တတိယေန၊ သော။ ပုဂ္ဂလေန၊ သည်။ ဒုတိယံ၊ အား။ အာရောစိတေ၊ သော်။ ကောဋ္ဌိုးအစသည်။ ဆိန္ဒာ၊ သည်။ ဟောတိ၊ ၏။

---

## ဦနဝီသတိဝဿ သိက္ခာပုဒ်

❁ ဦနဝီသတိဝဿံ၌ အသက် ၂၀-ကို ရေတွက်ရာ ပဋိသန္ဓေ တည်နေသည် ကစ၍ ရေတွက်မည်လော၊ သို့မဟုတ် မွေးဖွားပြီးသည်မှစ၍ ရေတွက်မည်လော ဖြေဆိုခဲ့ပါ။

ကင်္ခါဆရာအလိုအားဖြင့် ပဋိသန္ဓေတည်နေသည်ကစ၍ ရေတွက်ရပါမည်။ ပေါရာဏမထေရ်တို့၏ အလိုအားဖြင့် မွေးဖွားပြီးသည့်မှစ၍ ရေတွက်ရပါမည်။

**အမှာ**။ပဋိသန္ဓေ တည်နေသည့်မှစ၍ အမိဝမ်း၌ ကိန်းအောင်းစဉ် တချို့မှာ ၇-လ၊ တချို့မှာ ၈-လ၊ ၉-လ၊ ၁၀-လ၊ ၁၁-လ၊ ၁၂-လ၊ အမျိုးမျိုး ကြာ၏။ မွေးဖွါးပြီး နောက် နှစ်များနှင့် အမိဝမ်း ကိန်းအောင်းစဉ် လများကို ပေါင်းပြီး ရေတွက်၍ ၂၀-ပြည့်လျှင် ပရိပုဏ္ဏဝီသတိ ဝဿ ဟု ခေါ်ဆိုရပေမည်။ သို့သော် အမိဝမ်း၌ ပဋိသန္ဓေတည်နေခဲ့ရသောလကို သေချာစွာ သိရန် ခဲယဉ်းလှသဖြင့် အမိဝမ်း၌ ခုနစ်လ ထားပြီး ရေတွက်က ပိုမိုသင့်မြတ်ပေ၏။

ဦနဝီသတိဝဿန္တိ ပဋိသန္ဓိဂ္ဂဟဏတော ပဋ္ဌာယ အပရိပုဏ္ဏဝဿံ။

ဦနဝီသတိဝဿန္တိ၊ ဟူသည်။ပဋိသန္ဓိဂ္ဂဟဏတော၊ ပဋိသန္ဓေ တည်နေသည်မှ။ ပဋ္ဌာယ၊ စ၍။ အပရိပုဏ္ဏဝဿံ၊ အသက် ၂၀-မပြည့်သော သူကို။

အသက် ၂၀-မပြည့်သောသူကိုပဉ္စင်းခံပေးရာ၌ ဥပဇ္ဈာယ်ဆရာနှင့် ကာရကပုဂ္ဂိုလ်တို့အား မည်သည့် အပြစ်ရှိသည်တို့ကို အသီးသီးဖော်ပြ၍ ပဉ္စင်းဖြစ်နိုင်ရန် အင်္ဂါငါးတန်ကိုလည်း ရေးခဲ့ပါ။

ဥပဇ္ဈာယ်ဆရာမှာ ပါစိတ်အာပတ် သင့်ပါသည်။ ကာရကသံဃာမှာ ဒုက္ကဋ်အာပတ် အသီးသီး သင့်ကြပါသည်။ ပဉ္စင်းဖြစ်ရန်မှာ ပဉ္စင်းလောင်း၏ အသက် ၂၀ ဟူသော ဝတ္ထု၊ ဌာန်,ကရိယာ မိသမ္ပာဖြင့် ဉတ်၏ပြင်း၊ သိမ်စစ်ဖြစ်ခြင်း၊ ကျနစွာသော ကမ္မဝါစာ ဖြစ်ခြင်း၊ အနည်းဆုံး ရဟန်းငါးပါး ဟူသော ပရိသတ်၏ပြည့်စုံခြင်းတို့ဖြစ်ပါသည်။

**ဆောင်း။ ဝတ်,ဉတ်, သိမ်,ကံ၊ပရိသံ၊ငါးတန်သမ္ပတ္တိ။**

အမှာ။ တေစ ဘိက္ခူ။ ဂါရယှာ၌ တေစဘိက္ခူ။ အရ ကာရကပုဂ္ဂိုလ်ကို ဂါရယှာအရ ဒုက္ကဋ်အာပတ်ကို ကောက်လေ။

---

အသက် ၂၀- မပြည့်ဘဲ ပဉ္စင်းခံလာသော ပုဂ္ဂိုလ်သည် ၁၀-ဝါပြည့်သောအခါဥပဇ္ဈာယ် ပြုလုပ်၍ အခြား ရဟန်းအား ပဉ္စင်းခံပေးရာ ပဉ္စင်း လောင်းမှာ ရဟန်းဖြစ် မဖြစ် စိစစ်ပြခဲ့ပါ။

သို့ ဥပဇ္ဈာယ် ဆရာကို လွှတ်၍ သံဃာ ပြည့်စုံ လုံလောက်လျှင် ပဉ္စင်းဖြစ်ပါသည်။

သစေ ပန သော ဒသာဝသာဝယေန အညံ ဥပ
သမ္ပါဒေတိ တဥ္ဓမ ဝဂ္ဂါ ဂဏော ပူရေတိ သူပ
သမ္ပန္နော။

သစေပန၊ ကာ။ သော၊ ထို အသက်နှစ်ဆယ်ပြည့်ဘဲ ပဥ္စင်း
ခံသော ပုဂ္ဂိုလ်သည်။ ဒသာဝသာဝယေန၊ ဆယ်ဝါလွန်သဖြင့်။အညံ၊
တပါးသော ပဥ္စင်းလောင်းကို။ ဥပသမ္ပါဒေတိ၊ ပဥ္စင်းခံအံ့။ တံ၊ ထို
အသက်မပြည့် ပဥ္စင်းခံ၍ ဥပဇ္ဈာယ်ပြုလုပ်သော ရဟန်းကို။ မုဉ္စိတွာ၊
၍၊ ဂဏော၊ သည်။ ပေပူရက်၊ အံ့။ သူပသမ္ပန္နော၊ ကောင်းသော
ပဥ္စင်းခံခြင်းသည်သာလျှင်။ ဟောတိ၊ ၏။

အသက်နှစ်ဆယ် မပြည့်ဘဲ ပဥ္စင်း ခံသာသော
ပုဂ္ဂိုလ်သည် ဗျာန်မင်းဗိုလ် နတ်ရွာနိဗ္ဗာန်တို့ အန္တရာယ်
ဖြစ် မဖြစ်ကို ဝေဘန်ပြပြီးလျှင် မိမိကိုယ်ကိုယ် ပဥ္စင်း
မဖြစ်ဒွန်းသိလျှင် မည်ကဲ့သို့ ပြုလုပ်ရပါမည်နည်း။

ဗျာန်, မင်, ဗိုလ်, နတ်ရွာ, နိဗ္ဗာန်၏ အန္တရာယ်မဖြစ်
ပါ။ သိရှိပါက ပြန်လည် ပဥ္စင်းခံမှုကို ပြုရပါသည်။မခံ
လျှင် အန္တရာယ်ဖြစ်၏။

သောပိ ယာဝ နစာနာတိ တာဝ တဿ နေဝ
သဂ္ဂန္တရာယော န မောက္ခန္တရာယော ဉတွာ ပန
ပုန ဥပသမ္ပဇ္ဇိတဗ္ဗံ။

သောပိ၊ ထို အသက်နှစ်ဆယ်မပြည့်ဘဲ ပဥ္စင်းခံလာသောသူသည်
လည်း။ ယာဝ၊ လောက်၊ နစာနာတိ၊ မသိ။ တာဝ၊ လောက်။ အဿ၊
အား။ သဂ္ဂန္တရာယော၊ နတ်ရွာစိုး၏ အန္တရာယ်သည်။ နေဝဟောတိ၊
မဖြစ်။ မောက္ခန္တရာယော၊ မဂ်ဖိုလ်၏ အန္တရာယ်သည်၊ နဟောတိ၊

မဖြစ်၊ ပနတထော်ငါ၊ ထိုသို့ပင်မဖြစ်ကြွားသော်လည်း၊ ဥတ္တာ၊၍။ ပုန၊ တဘာန်။ ဥပသမ္ဗန္တိတပ္ပံ၊ ပဋ္ဌင်းခံအပ်၏။

---

● အသက်နှစ်ဆယ် မပြည့်သူကို ပဉ္စင်းခံပေးရာ၌ မည်သည့်အခြားနိအခါမှ ပါစိတ်အာပတ်သင့်ပါသနည်း။

ပဉ္စင်းခံရန် အတွက် ကာရကသံဃာ ကမ္မဝါစာချ သပိတ်သင်္ကန်းသိမ်သမုတ်ခြင်း စသည်တို့အကွက်ပြုလုပ်က ဒုက္ကဋ်အာပတ် သင့်ပါသည်၊ ဥပသမ္ပဒ ကမ္မဝါစာ၏ ဉတ်ဆုံးလျှင် ဒုက္ကဋ်၊ ကမ္မဝါစာ နှစ်ကြိမ် ဆုံးလျှင် ပါစိတ်အာပတ် သင့်ပါသည်။

**မှတ်ချက်**။ လူကိုပင် ပဉ္စင်းခံသင့်ပုံ ဥိနဝိသကိဝေသံပုဂ္ဂလံ ဟု သာမန် ဆိုသောကြောင့်၎င်း၊ ပဉ္စင်းဖြစ်ရန် အင်္ဂါ၊ပါးတွင် ဝတ္ထုသမ္ပတ္တိ၌သာမကော ဖြစ်ရမည်ဟု မဆိုသောကြောင့် ၎င်း လူကိုပင် ပဉ္စင်းခံသင့်၏။

သော ဇတေသု သဗ္ဗကိစ္စေသု ဥတ္တိယာ ဒွိသုစ
ကမ္မဝါစာသု ဒုက္ကဋာနိ အာပဇ္ဇိတွာ ကမ္မဝါစာ
ပရိယောသာနေ ပါစိတ္တိယံ အာပဇ္ဇတိ။

သောဘိက္ခု၊ သည်၊ ဧတေသုသဗ္ဗကိစ္စေသု၊ ထို၌၎င်း၊ ဥတ္တိ ယာစ၊ ၎င်း။ ဒွိသု ကမ္မဝါစာသုစ၊ နှစ်ပါးသော ကမ္မဝါစာတို့၌ ၎င်း၊ ဒုက္ကဋာနိ၊ တို့သို့။ အာပဇ္ဇိတွာ၊ ၍။ ကမ္မဝါစာ ပရိယောသာ နေ၊ ၌၊ ပါစိတ္တိယံ၊ သို့၊ အာပဇ္ဇတိ၊၏။

● ထေယျသတ္ထ၏ အဓိပ္ပါယ်ကို ရေး၍ ထေယျသတ္ထအရ မခိုးရသေးသူ ခိုးပြီးသူနှစ်မျိုးတွင် အဘယ်ပါနည်း။

ဘုရင်၏ ဘဏ္ဍာတော်ကို လှည့်ပတ်ယူလာခဲ့၍ ခိုးပြီးဖြစ်သူကိုရင်း၊ ကင်းကောက်မည့်အရပ်ကို အခွန်မပေးရအောင် ရှောင်သွားလို၍ ခိုးလတ္တံ့ ဖြစ်သူကိုရင်း ထေယျသတ္ထဟု ဆိုပါသည်။ ခိုးပြီးခိုးလတ္တံ့နှစ်မျိုးလုံးပင် ထေယျသတ္ထအရ ဖြစ်ပါသည်။

ယေ ရာဇာနံ ဝါ ဝဍ္ဎေတွာ သုက်ံ ဝါ ပရိဟာရေတု ကာမာ စောရာ ကတကမ္မာစေဝ အကတကမ္မာစ မဂ္ဂပ္ပဋိပန္နာ။

ရာဇာနံ ဝါ၊ မင်း၏ဥစ္စာကိုမူလည်း ဝဍ္ဎေတွာ-ယေနေတွာ၊ ခိုး၍။ ကတ ကမ္မာစေဝ၊ ပြုအပ်သော ခိုးမှုသည်လည်း ဖြစ်ကုန်သော။ အကတကမ္မာစ၊ သော။ ယေ စောရာ ဝါ၊ တို့သည်ရင်း၊ သုက်ံ ဝါ၊ ကင်းကိုမူလည်း။ ပရိဟရိတုကာမာ၊ လွန်လိုကုန်သည်ဖြစ်၍။ ကတ ကမ္မာစ၊ ကုန်သော။ အကတကမ္မာစ၊ ကုန်သော။ ယေ စောရာ ဝါ၊ တို့သည်ရင်း၊ မဂ္ဂပ္ပဋိပန္နာ၊ ခရီးသို့သွားကုန်၏

---

## သံဝိဓာနနဲ့ သိက္ခာပုဒ်

● ရန်ကုန် မန္တလေး၌ တန်ခိုးကြီး ဘုရားများသို့ ဘုရားဖူးရန် မာတုဂါမနှင့် တိုင်ပင်၍ ခရီးသွားသော ရဟန်းအား မည်သည့်သိက္ခာပုဒ်အရ မည်သည့်အာပတ် သင့်သည်ကို ဖော်ပြခဲ့ပါ။

ဘုရားဖူးရန် မာတုဂါမနှင့်အတူ သွားပါက ဤသံဝိဓာန် သိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်ပါသည်။

---

## အရိဋ္ဌ သိက္ခာပုဒ်

ဤသိက္ခာပုဒ်လာ အန္တရာယိကာဓမ္မာ၌ အန္တရာယ်၏ သရုပ်ကို ထုတ်ဆိုပြီးလျှင် ဤဒွါအလို မှတ်အပ်သော အန္တရာယ်ကိုလည်း ညွှန်းခဲ့ပါ။

ကမ္မအန္တရာယ်, ကိလေသာ အန္တရာယ်, ဝိပါက အန္တရာယ်, ဥပဝါဒန္တရာယ်, ပညတ္တိဝီတိက္ကမန္တရာယ် ဟူ၍ ငါးမျိုး ရှိပါသည်။ ဤတွင် ပညတ္တိဝီတိက္ကမ အန္တရာယ်ကို အလိုရှိအပ်ပါသည်။

**ဆောင်။** ကံ၊ ကိလေသာ၊ ဝိပါကနှင့်၊ ဥပဝါဒ၊ ပညတ်
လား၊ ငါးဖြာအန္တရာယ်။

တေ ကမ္မ ကိလေသ ဝိပါက ပညတ္တိဝီတိက္ကမန
ဝသေန ပဉ္စဝိဓာ။ ပညတ္တိဝီတိက္ကမန္တရာယိ
ကေ သန္ဓာယ ယေ မေ အန္တရာယိကာ ဓမ္မာ
ဝုတ္တာ ဘဂဝတာ တေ ပဋိသေဝတော နာလံ
အန္တရာယာယာတိ ဝုတ္တံ။

တေ၊ ထိုအန္တရာယိက တရားတို့သည်။ ကမ္မကိလေသဝိပါက ဥပဝါဒပညတ္တိဝီတိက္ကမနဝသေန၊ ဖြင့်။ ပဉ္စဓာ၊ ငါး။ ပညတ္တိဝီတိက္ကမန္တရာယိကေ၊ ပညတ်တော်ကို လွန်ကျူးခြင်း တည်းဟူသော အန္တရာယ်တို့ကို။ သန္ဓာယ၊ ၍။ ယေမေအန္တရာယိကာ ဓမ္မာဝုတ္တာဘဂဝတာ တေပဋိသေဝတောနာလံ အန္တရာယာယာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

ဤသိက္ခာပုဒ်လာသော ဘိက္ခု ဘိက္ခူဟိ ဧဝ မဿဝစနိယော အရ ဆိုဆုံးမရမည့် စကားကို ပါဠိ ဘာသာဖြင့် ထုတ်ပြပြီးလျှင် ပြောဆိုဆုံးမပါလျက် နား မထောင်သော ရဟန်း မြင်ကြားပါလျက် မဆိုဆုံးမ သော ရဟန်းတို့အား မည်သည့်အာပတ် သင့်သည်ကို လည်းရေးခဲ့ပါ။

ဆိုဆုံးမပုံ ပါဠိစကား- မာယသ္မာ ဧဝံအဝစ။လ။ တေ ပဋိသေဝတော အန္တရာယာယ ဖြစ်ပါသည်။ ဆုံးမပါ လျက် နားမထောင်သော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်ပါသည်။ မြင်ကြားပါလျက် မပြောဆိုသောရဟန်း အား ဒုက္ကဋ်အာပတ် သင့်ပါသည်။

ဧဝံ ဝုစ္စေ အပ္ပဋိနိဿဇ္ဇန္တဿ ဒုက္ကဋံ သုတွာ
အဝဒန္တာနံပိ ဒုက္ကဋံ။

ဧဝံ၊ သို့။ ဝုစ္စေ၊ သော်။ အပ္ပဋိနိဿဇ္ဇန္တဿ၊ မစွန့်သောရဟန်း အား။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ သုတွာ၊ ကြား၍။ အဝဒန္တာနံ ပိ၊ တို့အားလည်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

---

ဤသိက္ခာပုဒ်၌ တထာဟံ ဘဂဝတာ စသည် ဖြင့် မိစ္ဆာစကားတို့ကို ပြောဆိုသော ရဟန်းအား တ ပါးချင်း နှစ်ပါးချင်း ပြောဆိုမရပါက မည်သို့ပြုလုပ်ရပါ မည်နည်း။ ထိုကဲ့သို့ပြောဆိုမရသော ရဟန်းအား သင့် ရောက်သော ဒုက္ကဋ်နှင့် ပါစိတ်တို့ကို ပိုင်းခြားပြခဲ့ပါ။

ရဟန်း တပါးချင်း နှစ်ပါးချင်း ပြောဆို မရပါက သံဃာ့အလယ်သို့ ဆွဲခေါ်ပြီး ရှေးနည်းအတိုင်း ပြောဆို သုံးမရပါမည်။ ထိုကဲ့သို့သုံးမမရသေးလျှင် ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် သုံးမရမည်၊ ဉတ်သုံးလျှင် ဒုက္ကဋ်တချက် ကမ္မဝါစာနှစ်ကြိမ်သုံးလျှင် ဒုက္ကဋ်နှစ်ချက် တတိယကမ္မဝါစာရွတ်ပြီးသည့်၏အဆုံး၌ပါစိတ်အာပတ်သင့်ပါသည်။

အမှာ။ ပါဠိမှာ ရှည်လျားလွန်း၍ မပြတော့ပြီ။

---

## ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်

❁ ဤသိက္ခာပုဒ်လာ အကတာနုဓမ္မေန၌ အနုဓမ္မနှင့် အကတာနုဓမ္မတို့၏ အဓိပ္ပါယ်ကို ဖော်ပြခဲ့ပါ။

ဥက္ခေပနီယကံ အပြုခံရသဖြင့် မာန်မာနကျ၍ ဆိုင်ရာကျင့်ဝတ်များကို ကျင့်ပြီးသည့်နောက် ထိုကံကိုငြိမ်းစေပါမည့်အကြောင်း တောင်းပန်လျှင် သံဃာတော်တို့ခေါ်ဆောင်သွင်း ဩသာရဏကံပြုသော ရဟန်းကို အနုဓမ္မဟု ခေါ်ပါသည်။ ထိုဩသာရဏာကံ မပြုရသေးသော ဥက္ခိတ္တက ရဟန်းကို အကတာနုဓမ္မဟု ခေါ်ပါသည်။

---

❁ သံဘုဉ္ဇေယျဝါ၌ သမ္ဘောဂသရုပ်ကို ထုတ်ပြပြီးလျှင် သံဝသေယျ သဟာဝါသေယျံ ကပ္ပေယျ တို့၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

သင်္ဂြောဟသင်္ဂြောဟာဂရိယကား-အာမိသသင်္ဂဟ ဓမ္မသင်္ဂဟ အားဖြင့် နှစ်မျိုးရှိပါသည်။ ဥပုသ်စသော သံဃာကံကို အတူတကွပြုလုပ် ဆောင်ရွက်ခြင်းကို သံဝါသေယျ။ အမိုး တခုတည်းသော ကျောင်း၌ အတူတကွ တကျောင်းတည်း အိပ်ခြင်းကို သဟာဝါသေယျံကပ္ပဟုခေါ်သည်။

> သံဘုဉ္ဇေယျဝါတိ အာမိသ သင်္ဂြောဂံဝါ ဓမ္မ သင်္ဂြောဂံဝါ ကရေယျ၊သံဝသေယျဝါတိ ဥပေါ သထာဒိကံ သံဃာကမ္မံ ကရေယျ သဟာဝါသေ ယျံ ကပ္ပေယျာတိ နာနူပစာရေဧ ကေဋ္ဌနေ့ နိပ္ပဇ္ဇေယျ။

သံဘုဉ္ဇေယျဝါတိ၊ ဟူသည်။ အာမိသသင်္ဂြောဂံဝါ၊ ကိုရင်း။ ဓမ္မ သင်္ဂြောဂံဝါ၊ ကိုရင်း။ သံဝသေယျဝါတိ၊ ကား။ ဥပေါသထာဒိကံ၊ ဥပုသ်စသော။ သံဃာကမ္မံ၊ ကို။ ကရေယျ၊ အံ့။ သဟာဝါသေယျံကပ္ပေ ယျာတိ၊ဟူသည်။နာနူပစာရေဧ၊ အထူးထူးသောဥပစာရှိသော်လည်း။ ကေဋ္ဌနေ့၊ တမိုးတည်းရှိသောကျောင်း၌။ နိပ္ပဇ္ဇေယျ၊ အံ့။

---

ဥက္ခိတ္တက ရဟန်းနှင့် အတူတကွ သံဘုဉ္ဇန သံဝါသ သဟသေယျ ကပ္ပနတို့ကို ပြုသည့်အားလျော်စွာ သင့်ရောက်သော အာပတ်တို့ကို စုံလင်စွာဖော်ပြခဲ့ပါ။

သံဘုဉ္ဇနအတွက် အာမိသသင်္ဂြောဂကို သုံးဆောင်ရာ၌ တကြိမ်တည်းဖြင့် ပေးလိုက်သော်ရင်း ယူသော်ရင်း ပါစိတ်တချက်သာ။ အကြိမ်ကြိမ် ပေးယူနေလျှင် ပေးယူနေသည်နှင့်အမျှပါစိတ်အာပတ်သင့်၏။ဓမ္မသင်္ဂြော

ဂအတွက် ပဒစသည်တို့ဖြင့် သင်ယူမှုချလျှင် ပဒသော ဓမ္မလာ သိက္ခာပုဒ်အတိုင်း ပါစိတ်။ သံဝါသ အတွက် ဆောင်ရွက်သည့် ဥပုသ်ကံပြီးဆုံးလျှင် ပါစိတ်။ သဟ သေယျကပ္ပနအမှုအတွက် တဦးဦးက ထလိုက်ဖိပ်လိုက် လုပ်နေလျှင် ထိုအရေအတွက်အား လျော်စွာ ပါစိတ်အာ ပတ်သင့်၏။ ပါဠိမှာ ရှည်လျားသဖြင့် မရေးတော့ပြီ။

## ကဏ္ဍက သိက္ခာပုဒ်

မိစ္ဆာစကားတို့ကို မပြောဆိုရန် အဟန့်တန့် တားပါလျက် နားမထောင်ဘဲ ပြောမြဲပြောနေသည့်သာ မဏေအား ရဟန်းတို့က ပြောကြားရမည့် စကားရပ်ကို ပါဠိသက်သက်နှင့်ဖော်ပြ၍၊ ဝိနဿ၏ဆိုလိုရင်းအဓိပ္ပါယ် ကိုလည်း ရေးခဲ့ပါ။

ပြောကြားရမည့်စကားရပ်ကား-အဇ္ဇတဂ္ဂေတေ အာဝုသော။ပ။ စရ ပိရေဝိနဿ-ဖြစ်ပါသည်။ ဝိနဿ၏ဆို လိုရင်းအဓိပ္ပါယ်ကား- သင်သည် ငါတို့၏မမြင်ကွယ်ရာ အရပ်သို့သွား၍ ပျက်စီးလေတော့ဟု ဆိုလိုပါသည်။

ဝိနဿာတိ နဿ ယတ္ထတံ နပဿာမ တတ္ထဂစ္ဆာ
တိ ဝုတ္တံ ဟောတိ။

ဝိနဿာတိ၊ ဟူသည်။ နဿ၊ ပျောက်ရှာလေ။ ယတ္ထ၊ အကြင် အရပ်၌။ တံ၊ သင့်ကို။ နပဿာမ၊ ငါတို့မမြင်လိုကုန်၊ တတ္ထ၊ ထို အရပ်သို့။ ဂစ္ဆ၊ သွားလေ။ ဣတိအယ်အဓိပ္ပါယော၊ ကို။ ဝုတ္တံ၊ မှတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ၏။

❁ နာသနဝေဒကို ထုတ်ပြပြီးလျှင် ၎င်းတို့၏ အဓိပ္ပါယ် အသီးသီးကိုလည်း ရေးခဲ့ပါ။

နာသနဝေဒကား–သံဝါသနာသန, လိင်္ဂနာသန,ဒဏ္ဍကမ္မနာသန အားဖြင့် သုံးမျိုးရှိပါသည်။ ထိုတွင် အာပတ်ကို မရှုခြင်းကြောင့် သံဃာ့တောင်မှ နှင်ထုတ်ခြင်း ဥက္ခေပနီယကံပြုခြင်းကို သံဝါသနာသန, အသွင်ကိုဖျက်လူထွက်စေခြင်း လိင်္ဂနာသန, အပြစ်ဒဏ်ပေး၍ ဖျက်ဆီးခြင်း ဒဏ္ဍကမ္မနာသန, ဟု ခေါ်ပါသည်။

---

❁ ဤသိက္ခာပုဒ်၌ ဥပလာပေယျ ဥပဋ္ဌာပေယျဝါ အရ ဥပလာပန ဥပဋ္ဌာပန အမှုမျိုးကို ထင်ရှားအောင် ထုတ်ပြခဲ့ပါ။

သပိတ်ပေးမည် သင်္ကန်းပေးမည် စာချပေးမည် စသည်ဖြင့် သွေးဆောင်မှုကို ဥပလာပနဟု ခေါ်ပါသည်။ ရေချိုး ကသယ်မှုန့် မြေမှုန့်စသည်တို့ကို သာယာလျက် နာသိဘ်ဖြစ်သောသာမဏေကို မိမိအားလုပ်ကျွေးစေခြင်းကို ဥပဋ္ဌာပနဟု ဆိုပါသည်။

ဥပလာပေယျာတိ ပတ္တံဝါ စီဝရံဝါ ဥဒ္ဒေသံဝါ ပရိပုစ္ဆံဝါ ဒဿာမိတိ သင်္ဂဏှာတိ၊ ဥပဋ္ဌာပေယျာတိ စုဏ္ဏမတ္တိကာဒန္တကဋ္ဌ မုခေါဒကံ သာဒိယတိ။ အတ္တနော ဥပဋ္ဌာနံ ကာရာပေယျ။

ဥပလာပေယျာတိ၊ ဟူသည်။ ပတ္တံဝါ၊ ၎င်း။ စီဝရံဝါ၊ ကိုရင်း။ ဥဒ္ဒေသံဝါ၊ ပါဠိသင်ခြင်းကိုရင်း။ ပရိပုစ္ဆံဝါ၊ အဋ္ဌကထာ သင်ခြင်းကို

ရှင်း။ ဒသာသမိ၊ အံ့ဟု။ သင်္ကေဿယ၊ သင်္ဂြိုဟ်ပြီးအံ့။ ဥပဇ္ဈာယပေယျာ
တိ၊ ကား။ ဗုဒ္ဓမဟိဿကာဒီနိ၊ ရေချိုးကသယ်မှုန့် မြေမှုန့်စသည်တို့ကို။
သာဒိယန္တော၊ လျက်။ တေန၊ ထိုသမဏေကို။ အတ္တမနော၊ အား။
ဥပဇ္ဈာယန္၊ ကို။ ကာရာပေယျ၊ အံ့။

သဗ္ဗါလာကာဝင်ပြီး၏။

---

## သမဏာဓမ္မိက္ကဝဂ်
## သမဏဓမ္မိက သိက္ခာပုဒ်

ရဟန်းဆိုတာ ကျင့်ကြံလိုစိတ်ရှိပြီး သိက္ခာပုဒ် ဆိုဒ်ရာကို မသိ သိအောင်ပြုရမည် မသိလျှင် မည်ကဲ့သို့ ပြုလုပ်ရမည်ကို ပါဠိတော်လာ စကားစု သက်သက်ကို ထုတ်ပြခဲ့ပါ။

သိက္ခမာနေန ။လ။ သာမိစိ-ဖြစ်ပါသည်။

အမှာ။ ဤသိက္ခာပုဒ်တော်သည် ရဟန်းဖြစ်လာလျှင် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု အစီအစဉ်ကို ပြောကြားသော သိက္ခာပုဒ် ဖြစ်ပါသည်။

## ဝိလေခန သိက္ခာပုဒ်

ဉပုဒ္ဒိသမာနေအရ မည်သည့် ပုဂ္ဂိုလ်က မည်သည့်အခါမှာ ရွတ်ဆိုခြင်းကို ဆိုပါသနည်း ဖြေဆို၍၊ ခုဒ္ဒ အနုခုဒ္ဒ သိက္ခာပုဒ်တို့ကိုလည်း ခွဲခြားပြခဲ့ပါ။

ဆရာကသော်၎င်း တပါးပါးကသော်၎င်း စာပို့ချရာ ပြန်လှန်ရွတ်အံရာ ပါတိမောက်ပြရာ အခါမျိုးတို့၌ ရွတ်ဆိုခြင်းကို ယူရပါမည်။ ပါရာဇိကကို ထောက်၍ သံဃာ

ဒိသေသ် စသော သိက္ခာပုဒ်များသည် ခုဒ္ဒမည်၏။ ခုဒ္ဒ အမည်ရပြီးသောသံဃာဒိသေသ်ကိုထောက်၍ ထုလ္လစ္စည်း စသော သိက္ခာပုဒ်များသည် အနုခုဒ္ဒမည်၏။

ဥဒ္ဒိဿမာနေတိ အာစရိယေန အန္တေဝါသိက
ဿဝါ သဇ္ဈာယဝသေန ပရိယာပုဏိယ မာနေဝါ။

ဥဒ္ဒိဿမာနေတိ၊ ဟူသည်။ အာစရိယေန၊ သည်။ အန္တေဝါသိကဿ၊ အား။ ဝုစ္စမာနေဝါ၊ သင်သော်၎င်း။ သဇ္ဈာယဝသေန၊ ဖြင့်။ ပရိယာပုဏိယမာနေဝါ၊ ပြန်လှန်ရွတ်ဆိုသော်၎င်း။

---

ဝိဝဏ္ဏက အမှုကိုပြုရာ၌ ဝိနယကတ်တော် အား လျော်စွာ အာပတ်သင့်ပုံတို့ကို ခွဲခြားပြခဲ့ပါ။

ဝိနည်းတော်ကို ရဟန်း၏ရှေ့တွင်ကဲ့ရဲ့လျှင် ပါစိတ် အာပတ်သင့်၏။ လူ သာမဏေများ ရှေ့၌ကဲ့ရဲ့လျှင် ဒုက္ကဋ် အာပတ်သင့်၏၊ သုတ္တန် အဘိဓမ္မာတို့ကို ရဟန်း ရှင် လူ မည်သူ၏ ရှေ့၌ပင် ကဲ့ရဲ့ကဲ့ရဲ့ ဒုက္ကဋ် အာပတ်သင့်သည်။

အနုပသမ္ပန္နဿ ဝိဝဏ္ဏေန္တေ တိကဒုက္ကဋံ၊ ဥဘိန္နမ္ပိ
အညဓမ္မံ ဝိဝဏ္ဏေန္တေ ဒုက္ကဋမေဝ။

အနုပသမ္ပန္နဿ၊ ၏။ သန္တိကေ၊ ရှေ့၌၊ ဝိဝဏ္ဏေန္တေ၊ ကဲ့ရဲ့ခြင်း ကြောင့်။ တိကဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဥဘိန္နမ္ပိ၊ ရဟန်းသာ မဏေနှစ်ဦးတို့၏လည်း။ သန္တိကေ၊ ၌။ အညဓမ္မံဝိဝဏ္ဏေန္တေ၊ သုတ် အဘိဓမ္မာကို ကဲ့ရဲ့ခြင်းကြောင့်။ ဒုက္ကဋမေဝ၊ လျှင်။ ဟောတိ၊ ၏။

## မောဟန သိက္ခာပုဒ်

ဤသိက္ခာပုဒ်လာ ဥဒ္ဒိဿမာနေ ၏ အရကို ဖော်ပြပြီးလျှင် မသိဟန်ဆောင်တိုင်း ပါစိတ်အာပတ်သင့် မသင့်ကိုလည်း ဖော်ပြခဲ့ပါ။

ဥဒ္ဒိဿမာနေအရကား-ဥပုသ်ပြုသည့် အခါ ပါတိမောက်ပြခြင်းကိုသာ ယူရပါမည်။ မောဟနကံ မတင်မီ မသိဟန်ဆောင်က ဒုက္ကဋ်အာပတ် သင့်ပါသည်၊ ကံတင်ပြီး၍ တဖန် မသိဟန်ဆောင်မှသာ ပါစိတ်အာပတ် သင့်ပါသည်။

> ဥဒ္ဒိဿမာနေတိ ဥပေါသထာဝသေန ဥဒ္ဒိသိယမာနေ။

ဥဒ္ဒိဿမာနေတိ၊ ဟူသည်ကား ဥပေါသထာဝသေန၊ ဖြင့်၊ ဥဒ္ဒိသိယမာနေ၊ ပြအပ်သည်ရှိသော်။

---

## ပဟာရ သိက္ခာပုဒ်

လူသာမဏေအား ရိုက်နှက်သော ရဟန်းနှင့် ရဟန်းတပါး၏ နားရွက်စသည်ကို ဖြတ်ပစ်သောရဟန်းတို့အား သင့်ရောက်သော အာပတ်တို့ကို ရေးခဲ့ပါ။

အဆက်ပုစ္ဆာပါ ရဟန်းများမှာ ဒုက္ကဋ်အာပတ် သင့်ပါသည်။

အမှာ။ လူသာမဏေအား ရိုက်နှက်၍ သေဆုံးသွားရာ၌ ရိုက်နှက်စဉ်က သေစေလိုသော စေတနာမရှိမူ ပါရာဇိကမကျ၊ ပါစိတ်အာပတ်သာသင့်၏။

အနုပသမ္ပန္နေ တိကဒုက္ကဋံ၊ ဝိဇ္ဇုပကာရတော ဝိပ္ပါ
ယေန ပန ဥပသမ္ပန္နဿပိ ကဏ္ဍာဒိစ္ဆေဒနေ
ဒုက္ကဋမေဝ။

အနုပသမ္ပန္နေ၊ လူသာမဏေ၌။ တိကဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဝိဇ္ဇုပကာရတော ဝိပ္ပါယေနပန၊ အင်္ဂါကြီးငယ်၏ ဘောက်ပြန်ခြင်းကို အလိုရှိသဖြင့်ကား။ ဥပသမ္ပန္နဿပိ၊ ၏လည်း။ ကဏ္ဍာဒိစ္ဆေဒနေ၊ နား စသည်ကိုဖြတ်ခြင်းကြောင့်။ ဒုက္ကဋမေဝ၊ လျှင်။ ဟောတိ၊ ၏။

---

ရန်သူတို့က နှိပ်စက်လာသဖြင့် ရန်သူ့ဘေးမှ ကင်းဝေးစေရန် ကာကွယ်ရိုက်နှက်ရာ လက်လွန်ပြီးသေဆုံးပါက အာပတ်သင့် မသင့် ဆုံးဖြတ်ခဲ့ပါ။

အနာပတ္တိဝါရတွင် အနာပတ္တိဟု ဆိုခြင်းကြောင့် ဤသိက္ခာပုဒ်အရ အာပတ်မသင့်ပါ။

ကေနစိ ဝိဟေဌိယမာနဿ ပန မောက္ခာဓိပ္ပါ
ယဿ ဥမ္မတ္တကာဒိနဉ္စ အနာပတ္တိ။

ကေနစိ၊ တစုံတယောက်သော သူသည်။ ဝိဟေဌိယမာနဿစ၊ ညှဥ်းဆဲသောရဟန်းအားရင်း။ ပဟာရန္တိ ဿပိ၊ ပုတ်ခတ်သော်လည်း။ ဥမ္မတ္တကာဒိနဉ္စ၊ အားလည်း။ အနာပတ္တိ၊ မသင့်။

---

### တလသတ္တိက သိက္ခာပုဒ်

တလသတ္တိကအရ လက်ဝါးဖြင့်ကိုသာ ယူသင့်ပါသလော၊ ယူသင့်သည်တို့ကို စုံလင်စွာ ဖော်ပြ၍ ရိုက်ရန် ရည်ရွယ်ရုံမျှဖြင့် အားလွန်၍ ရိုက်မိသောကြောင့်

ကျိုးပဲ့သွားပါက မည်သည့်အာပတ် သင့်သည်ကိုလည်း ရေးခဲ့ပါ။

တလသတ္တိကာအရ လက်ငါးပြင်ကိုင်သာမက ကိုယ်အင်္ဂါ အစိတ်အပိုင်းဖြင့် ဖြစ်စေ၊ ခြံ ဒုတ် ဒါး စသော ကိုင်နှင့် စပ်သည့်ဥစ္စာဖြင့် ဖြစ်စေ၊ ချောက်လှန့်ပါက တလသတ္တိကာပတ် ခေါ်ပါသည်။ အားလွန်ပြီး ရိုက်မိ၍ ကျိုးပဲ့သွားပါက ရိုက်လိုသော စေတနာမပါမှု ကြောင့် ဒုက္ကဋ်သာသင့်၏။

တလသတ္တိကံ ဥဂ္ဂိရေယျာတိ ပဟာရဒါနာကာရံ ဒဿေန္တော ကာယံဝါ ကာယပဋိဗဒ္ဓံဝါ ဥစ္စာရေယျ။ သစေ ပန ဥဂ္ဂိရိတွာ ဝိရဒ္ဓေါ ပဟာရံ ဒေတိ န ပဟရိတုကာမတာယ ဒိန္နတ္တာ ဒုက္ကဋမေဝ။

တလသတ္တိကံ ဥဂ္ဂိရေယျာတိ၊ ဟူသည်။ ပဟာရဒါနာကာရံ၊ ပုတ်ခတ်ခြင်းအခြင်းအရာကို၊ ဒဿေန္တော၊ ပြ၍။ ကာယံဝါ၊ ကိုယ်အင်္ဂါကိုလည်းကောင်း။ ကာယပဋိဗဒ္ဓံဝါ၊ ကိုယ်နှင့်စပ်သောဝတ္ထုကိုလည်းကောင်း။ ဥစ္စာရေယျ၊ ရွယ်ငြားအံ့။ သစေ ပန၊ အကယ်၍။ ဥဂ္ဂိရိတွာ၊ ရွယ်ပြီး၍။ ဝိရဒ္ဓေါ၊ ချွတ်ယွင်းသည်ဖြစ်၍။ ပဟာရံ၊ ကို။ ဒေတိ၊ အံ့။ န ပဟရိတုကာမတာယ၊ မပုတ်ခတ်လိုသည်၏အဖြစ်ဖြင့်။ ဒိန္နတ္တာ၊ ကြောင့်။ ဒုက္ကဋမေဝ၊ လျှင်၊ ဟောတိ၊ ၏။

---

## အမူလက သိက္ခာပုဒ်

အမူလကသန္ သံဃာဒိသေသ် ထုတ်ဆို၍ စောဒကရဟန်းအား မည်သည့်အချိန်၌ ပါစိတ်အာပတ် သင့်သည်ကိုလည်း ရေးခဲ့ပါ။

အနုဒ္ဒံသန ဩချုပ်ကား- ကိုယ်တိုင် စောဒနာခြင်း၊ သူတပါးအား စောဒနာစေခြင်း အားဖြင့် နှစ်မျိုးရှိပါသည်။ စောဒနာသောခဏ၌ သူဟာ ငါ့ကို စောဒနာနေတာဘဲလို့သိသောအချိန်၌ သင့်ပါတော့သည်။

အနုဒ္ဒံသေယျာတိ စောဒေယျ ဝါ စောဒါပေယျ ဝါ
ပါစိတ္တိယန္တိ သစေ စုဒိတကော တင်္ခဏေ ဧဝ
စောဒေတိ မန္တိ ဇာနာတိ စောဒကဿ
ပါစိတ္တိယံ။

အနုဒ္ဓံသေယျာတိ၊ ဟူသည်။ စောဒေယျ ဝါ၊ မိမိမူလည်း စောဒနာငြားအံ့။ စောဒါပေယျ ဝါ၊ သူတပါးကိုမူလည်း စောဒနာ စေငြားအံ့။ ပါစိတ္တိယန္တိ၊ ဟူသည်။ သစေ၊ ၍။ စုဒိတကော၊ စောဒနာအပ်သောသူသည်။ တင်္ခဏေဧဝ၊ ထိုစောဒနာသောခဏ၌လျှင်။ မံ၊ ကို။ စောဒေတိ၊ ၏။ ဣတိ၊ သို့။ ဇာနာတိ၊ အံ့။ စောဒကဿ၊ အား။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

အမှာ။ အာစာရဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိဖြင့် စွပ်စွဲရာ၌ ဒုက္ကဋ်။

---

## သဉ္စိစ္စ သိက္ခာပုဒ်

● ကုက္ကုစ္စံ ဥပ္ပါဒေယျ၌ ကုက္ကုစ္စ ဖြစ်ပုံကိုရေး၍ ယင်းကုက္ကုစ္စကို ဖြစ်စေသော ရဟန်း၏ ရည်ရွယ်ချက်ပြ ပါဠိကိုလည်း ရေးခဲ့ပါ။

အရှင်ဘုရား အသက် ၂၀-မပြည့်ဘဲ ပဉ္စင်းဘောင် တက်ခဲ့တယ်ထင်တယ် စသော စကားဖြင့် ကုက္ကုစ္စကို ဖြစ်စေပါသည်။ ယင်းကုက္ကုစ္စကို ဖြစ်စေသော ရဟန်း၏

ရည်ရွယ်ချက်ပါဠိကား- ဓာတုကထာ မဟာဋ္ဌကထာဝိ အဖါသုဘာဝိဿတိ ဖြစ်ပါသည်။

ကုဏ္ဍုကနံ့ ဥပ္ပါဒေယျာတိ ဥိနဝိဿတိဝဿော တွံ မဉ္ဇေတိအာဒိနိ ဘဏာန္တော ဥပ္ပါဒေယျ။

ကုဏ္ဍုကနံ့ဥပ္ပါဒေယျာတိ၊ဟူသည်။ တွံ၊အရှင်ဘုရားသည်။ ဥိနဝိဿတိဝဿော၊ အသက်နှစ်ဆယ်မပြည့်ဟု။ မဉ္ဇေ၊ ၏။ ဇာတိအာဒိနိ၊ တို့ကို။ ဘဏာန္တော၊ဆိုလျက်။ ဥပ္ပါဒေယျ၊ဖြစ်စေငြားအံ့။

---

## ဥပသုတ် သိက္ခာပုဒ်

ဝိဝါဒါပန္န၏ အဓိပ္ပါယ်ကိုရေး၍ ဘဏ္ဍနနှင့် ကလဟတို့၏ ထူးခြားပုံကိုလည်း ရေးခဲ့ပါ။

သူ့ဘက်က မှန်သည် ငါ့ဘက်က မှန်သည် စသည်ဖြင့် ဝိဝါဒါဓိကရဏ်းဖြစ်လျက် တဘက်နှင့် တဘက် ငြင်းကြ ခုံကြ ခြင်းကို ဝိဝါဒါပန္န ဟု ခေါ်ပါသည်။ ဘဏ္ဍနနှင့် ကလဟ အထူးကား- သူတို့က သည့်လို ပြောလျှင် ငါတို့က သည့်လိုပြောမည် စသည်ဖြင့် မိမိဘက်သားချင်း တိုင်ပင်မှုကို ဘဏ္ဍနဟု ခေါ်ပါသည်။ တဘက်နှင့် တဘက် ကိုယ်ဖြင့် ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ ထိခိုက်၍ ရန်ဖြစ်ခြင်းကို ကလဟ ဟု ခေါ်ပါသည်။

ဝိဝါဒါပန္နာနန္တိ ဘဏ္ဍန ကလဟေဟိ ဝိဝဒိတံ ဝိဝါဒါဓိကရဏံ အာပန္နာနံ။

ဝိဝါဒါပန္နာနန္တိ၊ ဟူသည် ကား။ ဘဏ္ဍနကလဟေဟိ၊ ငြင်းခုံခြင်းခိုက်ရန်ဖြစ်ခြင်းကိုပြုတတ်ကုန်သောရဟန်းတို့သည်။ ဝိဝဒိတံ၊ ပွားစေအပ်သော။ဝိဝါဒါမိုကရဏာံ၊ကို။ အာပန္နာနံ၊ရောက်ကုန်သော။

---

◉ ဥပဿုတိအရ အသံကြားလောက်သော အရပ်တိုင်အောင် သွားရမည်ကို ပြဆို၍ မည်ကဲ့သို့သော ရည်ရွယ်ချက်ဖြင့် နားထောင်လျှင် ပါစိတ်အာပတ် သင့်သည်ကိုလည်း ရေးခဲ့ပါ။

ဥပဿုတိအရ ပြောဆိုသော စကား၏ကြားလောက်ရာ အရပ်တိုင်အောင် သွားရပါမည်။ သူတို့ပြောစကားကို နားထောင်ကာ သူတို့ကို ငါစောဒနာမည်ဟူသော ရည်ရွယ်ချက်ရှိမှသာ အာပတ်သင့်ပါသည်။

**မှတ်ချက်**။ စောဒနာလိုသော သဘောဖြင့် သွားရောက် နားထောင်လျှင် ခြေလှမ်းတိုင်း ဒုက္ကဋ်၊

ဥပဿုတိန္တိ သုတိသမီပံ ယတ္ထ ဌတွာ သက္ကာ ဟောတိ တေသံ ဝစနံ သောတုံ တတ္ထ တိဋ္ဌေယျာတိ အတ္ထော၊တတ္ထ သောဿာမီတိ စောဒေတုကာမတာယ ဂစ္ဆတောပဒေ ပဒေ ဒုက္ကဋံ။

ဥပဿုတိန္တိ၊ဟူသည်။ သုတိသမီပံ၊ အသံ၏အနီးသို့။ ဝါ, အသံကြားလောက်သော အရပ်သို့၊ ယတ္ထ၊ အကြင်အရပ်၌။ ဌတွာ၊ရပ်၍။ တေသံ၊ ထိုငြင်းခုံဘက် ဖြစ်ကုန်သော ရဟန်းတို့၏။ ဝစနံ၊ ကို။ သောတုံ၊ငှါ။ သက္ကာ၊သည်။ ဟောတိ၊၏။တတ္ထ၊၌။ တိဋ္ဌေယျ၊ အံ့၊ ဣတိ အယံ၊သည်ကား။ အတ္ထော၊တည်း။တတ္ထ၊၌။ သောဿာမီတိ၊နာအံ့ဟု၊

စောဒေတုကာမတာယ၊ စောဒနာလိုသည်၏ အဖြစ်ဖြင့်။ ဂန္တွာ တော။ အား။ ပဒေပဒေ၊ တိုင်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

---

● မိမိနေထိုင်ရာ အရပ်သို့ လာရောက်တိုင်ပင်လျှင် မည်ကဲ့သို့ ပြုလုပ်ရမည်နည်း ထိုကဲ့သို့ မပြုလုပ်ခဲ့သော် မည်သည့် အပြစ်ရှိသည်ကိုလည်း ဖြေဆိုခဲ့ပါ။

မိမိ အရပ်သို့ လာရောက် တိုင်ပင်ကဲ့သော် ဆိတ်ဆိတ်မနေရဘဲ ချောင်းဟန့်ရပါမည် သို့မဟုတ် တပည့်တော်သည်မှာ ရှိသည်ဟုသော်လည်း ပြောဆို ရပါမည် ထိုကဲ့သို့ မပြောခဲ့သော် ပါစိတ်အာပတ် သင့်ပါသည်။

အဋ္ဌနေသာ ဋ္ဌိတောကာသံ အာဂန္တွာ တေသု
မန္တယမာနေသုပိ ဥက္ကာသိတွာ အဟံ ဧတ္ထာတိဝါ
ဝတွာ ဇာနာ ပေတဗ္ဗံ ဧဝံ အကရောန္တဿာပိ
သဝနေ ပါစိတ္တိယမေဝ။

အဋ္ဌနေ၊ ၏။ ဋ္ဌိတောကာသံ၊ သို့။ အာဂန္တွာ၊ ၍။ တေသု၊ ထိုငြင်း ခုံဘက်ဖြစ်သော ရဟန်းတို့သည်။ မန္တယမာနေသုပိ၊ သော်လည်း။ ဥက္ကာသိတွာ၊ ချောင်းဟန့်၍ရှင်း။ ဧတ္ထ၊ ၌အရပ်၌။ အဟံ၊ သည်၊ အဿံ၊ ၏။ ဣတိ၊ သို့။ ဝတွာ ဝါ၊ ရင်း။ ဇာနာပေတဗ္ဗံ၊ သိစေအပ်၏။ ဧဝံ၊ သို့၊ အကရောန္တဿပိ၊ အားလည်း။ သဝနေ၊ ကြောင့်။ ပါစိတ္တိယမေဝ၊ လျှင်၊ ဟောတိ၊ ၏။

---

● ခိုက်ရန်ဖြစ်ကုန်သော ရဟန်းတို့၏ တိုင်ပင် စကားကို နားထောင်ခြင်းသော်လည်း အာပတ်မသင့် ဆိုသော် မည်သည့် ပုဂ္ဂိုလ်မျိုးပါနည်း။

သူတို့စကားကို ကြားလျှင် ထိုအဓိကရုဏ်းကို ငြိမ်းစေမည်ဟူသော ကောင်းသည့် စိတ်ဆန္ဒဖြင့် ချောင်းနားထောင်သော ပုဂ္ဂိုလ်အား အာပတ်မသင့်ပါ။

ဣမေသံ သုတွာ ဩရမိဿာမိ ဝိရမိဿာမိ ဝူပသမိဿာမိ အတ္တာနံ ပရိမောစေဿာမီတိ ဂစ္ဆတော။

ဣမေသံ၊ ထိုသူတို့၏။ ဝစနံ၊ ကို။ သုတွာ၊ ၍။ ဩရမိဿာမိ၊ ချောင်အံ့။ ဝိရမိဿာမိ၊ ကြဉ်အံ့။ ဝူပသမိဿာမိ၊ ငြိမ်းစေအံ့။ ဇာတိမနသိကတွာ၊ ၍။ ဂစ္ဆတောစ၊ အားရင်း။ (အနာပတ္တိ၊ မသင့်)။

---

## ကမ္မပ္ပဋိဗာဟန သိက္ခာပုဒ်

ဓမ္မိကာနံ ကမ္မာနံ၌ ဓမ္မိက ကံ၏ အဓိပ္ပါယ်ကို ရေး၍ ယင်းကံ၏ အမျိုးအစားကိုလည်း ရေးခဲ့ပါ။

ဝိနည်းတော်နှင့်အညီ ပြုအပ်သော စောဒနာသာရဏာ ဝိနည်း ဉတ်ကမ္မဝါစာဖြင့် ပြုအပ်သောကံကို ဓမ္မိကကံဟု ဆိုပါသည်။ ယင်းကံသည် အပလောကနကံ ဉတ္တိကံ ဉတ္တိဒုတိယကံ ဉတ္တိစတုတ္ထကံဟု လေးမျိုးရှိပါသည်။

ဓမ္မိကာနံ ကမ္မာနန္တိ ဓမ္မေန ဝိနယေန သတ္ထုသာသနေန ကတာနံ အပလောကနကမ္မံ ဉတ္တိ ကမ္မံ ဉတ္တိဒုတိယကမ္မံ ဉတ္တိစတုတ္ထ ကမ္မန္တိ ဣမေသံ စတုန္နံ ကမ္မာနံ။

ဓမ္မိကာနံကမ္မာနန္တိ၊ ဟူသည်၊ ဓမ္မေန၊ ဟုတ်မှန်သောဝိနယေန၊ စောဒနာသာရဏာဝိနည်းဖြင့်။ သတ္ထုသာသနေန၊ ဉတ်ကမ္မဝါစာဖြင့်။

ကတာနံ၊ ကုန်သော။ အပလောကနကမ္မံ၊ ၎င်း။လ။ ဉတ္တိဉ္စမေသံ စတုန္နံကမ္မာနံ၊တို့အား။

---

● အပလောကနကံ စသည်တို့၏ အဓိပ္ပါယ်ကို အသီးသီးရေးခဲ့ပါ။

သံဃာစည်းဝေးပြီးနောက် ရဟန်း သံဃာသာ သံဃာတော်များ နှစ်သက်ပါ၏လော စသည်ဖြင့် သုံးကြိမ် ပန်ကြား၍ ပြုအပ်သော ကံသည် အပလောကနကံ မည်၏၊ ဉတ်တကြိမ်တည်းဖြင့်ပြုအပ်သော ဥပုသ်ကံ ပဝါရဏာကံစသည်သည် ဉတ္တိကံမည်၏။ဉတ်တကြိမ် ကမ္မဝါစာတကြိမ်ဖြင့်ပြုအပ်သော ကဌိနစီဝရဒါနကံ သိမာသမ္မုတိကံစသည်တို့သည် ဉတ္တိဒုတိယကံမည်၏။ ဉတ်ဘကြိမ် ကမ္မဝါစာ သုံးကြိမ်တို့ဖြင့် ပြုအပ်သော ဥပသမ္ပဒကံစသည်တို့သည် ဉတ္တိစတုတ္ထကံမည်၏။ ပါဠိမှာရှည်လျားသဖြင့် မရေးတော့ပြီ။

---

● အပလောကနစသော ကံအားလျော်စွာ သက်ဆိုင်ရာ ဌာနသာရဏာတဆဲ့ငါးပါးကို ထုတ်ပြခဲ့ပါ။

ဩသာရဏာ, နိဿာရဏာ, ဘဏ္ဍုကမ္မ, ဗြဟ္မဒဏ္ဍ, ကမ္မလက္ခဏာ, ဥပေါသထ, ပဝါရဏာ, သမ္မုတိ, ဒါန, ပဋိဂ္ဂဟဏ, ပစ္စုက္ကဍုန, ဥက္ခိုရ, ဒေသနာ, နိဂ္ဂဟ, သမနုဘာသန အားဖြင့် တဆဲ့ငါးပါး ရှိပါသည်။

● အပလောကနစသော ကာမာလေးပါးကို ဩဠာရိကစသော ကာမလေးပါးနှင့် ထိုက်သည် အားလျော်စွာ ဝေဘန်ပြခဲ့ပါ။

အပလောကနကံသည် ဩ, နိသ်,ဘဏ္ဍာ၊ ဖြဟ္မရူ၊မှတ် ပြုကမ္မာ၊လက္ခဏာ။

ဥ,တ္တိကံသည် ဩ, နိသ်, ဥ, ဝါ၊ မုတိ, ဒါ၊ ပရိုဂ်,ဖုန, လက္ခဏာ၊

ဥ,တ္တိဒုတိယ ကံသည် ဩ,နိသ်, သမ်,ဒါန၊ ဥဋ္ဌါရ၊ ဒေသ, လက္ခဏာ၊

ဥ,တ္တိစတုတ္ထကံသည် ဩ, နိသ်သံ, ဒါန၊ နိဂ္ဂဟ၊ ဘာသ, လက္ခဏာ, ဆိုသည်အတိုင်းဖြစ်ပါသည်။

---

● အပလောကန စသော ကံလေးမျိုးတို့တွင် ဩဠာရိကစသော ဌာန အဆဲ့ငါးပါးတို့ရှိရာ — မည်သည့် ဌာနသည် မည်သည့်ကံသို့ ပါဝင်နိုင်ကြောင်းကို ရေးခဲ့ပါ။

ဩဠာရိက, နိဿာရဏ, ကမ္မလက္ခဏ, ဤသုံးဌာနသည် ကံလေးမျိုးလုံးပါဝင်ပါသည်။ဒါန,သမ္မုတိ ဤနှစ်ဌာနသည် အပလောကနကံမှတပါး ကျန်သုံးပါး၌ ပါဝင်သည်။ ဘဏ္ဍု, ကမ္မ, ဖြဟ္မဒဏ္ဍ စသော ဌာနဆယ်ပါးသည် ဆိုင်ရာကံတပါးစီ၌ ပါဝင်သည်။

## ဆန္ဒံအဒတွာဂမန သိက္ခာပုဒ်

ဝိနိဗ္ဗုယကထာယ ဝတ္တမာနာယအရ မည်သည့် အခါမျိုးကို ဆုံးဖြတ်၍မပြီးသေးရာ အခါဟုဆိုပါသနည်း။

တရားလို တရားခံတို့က စွပ်စွဲချေပသော အကြောင်း ဝတ္ထု အမှုခင်းကို ဆုံးဖြတ်ခြင်းမပြုရသေးဘဲ မေးဆဲအခါ ဥက္ခိတ်မျှသာထားပြီး၍ ကမ္မဝါဆုံးအောင် မဘတ်ရသေးသော အခါမျိုးကို ခေါ်ပါသည်။

> ဝိနိဗ္ဗုယကထာယာတိ ယာဝ အာရောစိတဝဏ္ဏံ
> အဝိနိဗ္ဘုတံ ဥဂ္ဂံ ပါ ထပေတွာ ကမ္မဝါစာ
> အနိဋ္ဌာပိတာ တာဝ ဝိနိဗ္ဗုယကထာ ဝတ္တမာနာ
> နာမ ဟောတိ။

ဝိနိဗ္ဗုယကထာယာတိ၊ ဟူသည်။ ယာဝ၊ လောက်။ အာရောစိတဝဏ္ဏံ၊ ကြားအပ်သော ဝဏ္ဏကို။ အဝိနိဗ္ဘုတံ၊ မဆုံးဖြတ်အပ်သေး။ ဥဂ္ဂံ ပါ၊ လည်း။ ထပေတွာ၊ ၍။ ကမ္မဝါစာ၊ ကို။ အနိဋ္ဌာပိတာ၊ မဆုံးသေး။ တာဝ၊ လောက်။ ဝိနိဗ္ဗုယကထာ၊ သည်။ ဝတ္တမာနာ၊ မည်သည်။ ဟောတိ၊ ၏။

---

ဆန္ဒမပေးဘဲ ထွက်ခွါသွားရာ၌ မည်ကဲ့သို့သော စိတ်မျိုးဖြင့် ထသွားမှ အာပတ်သင့်သည် မည်မျှလောက် သွားမိမှ သင့်ရောက်သည်တို့ကို စုံလင်အောင် ပြဆိုခဲ့ပါ။

ကံပျက်အောင် ပြုလိုသည့်စိတ်မျိုးဖြင့် သံဃာ ပရိသတ်၏ ဟတ္ထပါသ်ကို စွန့်ခိုက်မှာ ဒုက္ကဋ် စွန့်ခဲ့ပြီးလျှင် ပါစိတ် အာပတ် သင့်ပါသည်။

ယောဘိက္ခု ကေသိုံ အန္တရေ ကမ္မံ ကောပေ
တုကာမတာယ ပရိသာယ ဟတ္ထပါသံ ဝိဇဟာတိ
တဿ ဝိဇဟာနေ ဒုက္ကဋံ ဝိဇဟိတေ ပါစိတ္တိယံ။

ယောဘိက္ခု၊သည်။ ကေသိုံ အန္တရေ၊ထိုအတွင်း၌။ ကမ္မံ၊ ကို။ ကောပေတုကာမတာယ၊ပျက်စေလိုသည်၏အဖြစ်ကြောင့်။ ပရိသာယ၊ ၏။ ဟတ္ထပါသံ၊ကို။ ဝိဇဟာတိ၊၏။ အံ့၊ တဿ၊ အား။ ဝိဇဟာနေ၊ စွန့်ဆဲ၌။ ဒုက္ကဋံ၊သည်။ ဟောတိ၊၏။ ဝိဇဟိတေ၊စွန့်ပြီးသော်။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

ဆန္ဒမပေးဘဲ နေရာမှ ထသွားပါလျက် ပါစိတ် အာပတ်မသင့်သော ပုဂ္ဂိုလ်တို့ကို ထုတ်ဖော်ပြခဲ့ပါ။

ဓမ္မကံ အဓမ္မကံ နှစ်မျိုးကို အဓမ္မကံ ဟု ဆင်သော ပုဂ္ဂိုလ် ဂိလာန တပါးသောဂိလာနအတွက် ပြုဘွယ် ကိစ္စ ရှိနေမှု ဥါအမှုအတွက် သံဃာမငြိမ်မသက် ဖြစ်နေမည်။ မတရားသဖြင့် ကံပြုမည်။ မညီညွတ်ဘဲ ကံပြုမည်။ ကံမထိုက်သူကို ကံပြုမည်ဟု သိသောကြောင့်ဖြစ်စေ၊ နောက်မှ ပြန်လာမည် ဟု နှုတ်ပြုလျက် ကျင်ကြီး ကျင်ငယ်စွန့်လိုသော ရဟန်း ပုဂ္ဂိုလ်တို့မှာ အပြစ်မှ လွတ်ကြပါသည်။

## ဒုဗ္ဗလ သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ သမဂ္ဂသံဃာ၏ အဓိပ္ပါယ်ကို ရေး၍ သိက္ခာပုဒ်တော်လာ ရှုံ့ချပုံပြ ပါဠိစကားရပ်ကို လည်း ရေးခဲ့ပါ။

တူသော ကံကြီးကံငယ်ရှိ၍ တသိမ်တည်း၌ တည်ရှိသော ရဟန်းအပေါင်းကို သမဂ္ဂသံဃာဟု ဆိုပါသည်။ ကဲ့ရဲ့ ရှုံ့ချပုံပြ ပါဠိကား ယထာသန္ထုတံ။ လ။ ပရိဏာမေန္တိ ဖြစ်ပါသည်။

> သမဂ္ဂေန သံဃေနာတိ သမာနသံဝါသကေန
> သမာန သီမာယံ ဌိတေန သံဃေန သဒ္ဓိံ စီဝရံ
> ဒတွာ။

သမဂ္ဂေန သံဃေနာတိ၊ ဟူသည်။ သမာနသံဝါသကေန၊ တူသော ပေါင်းဘော်ခြင်းရှိသော။ သမာနသီမာယံ၊ တခုတည်းသောသိမ်၌။ ဌိတေန၊ သော။ သံဃေန၊ နှင့်။ သဒ္ဓိံ၊ တကွ။ စီဝရံ၊ ကို။ ဒတွာ၊ ၍။

---

ကဲ့ရဲ့ ရှုံ့ချသော ရဟန်းအား အာပတ် သင့် ရောက်ပုံကို ရေးခဲ့ပါ။

စကားခွန်းရေအလိုက် ပါစိတ်အာပတ်သင့်ပါသည်။

> သမ္မုတဿ ဘိက္ခုနော စီဝရံ ဒတွာ ပစ္ဆာ
> ခိယ္ယန္တဿ ဝါစာယဝါစာယ ပါစိတ္တိယံ။

သမ္မုတဿ ဘိက္ခုနော၊ အား။ စီဝရံ၊ ကို။ ဒတွာ၊ ၍။ ပစ္ဆာ၊ နောက်မှ။ ခိယ္ယန္တဿ၊ ရဟန်းအား။ ဝါစာယဝါစာယ၊ စကားခွန်း တိုင်း စကားခွန်းတိုင်း။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

သက်န်းမှတပါး အခြားသော ဝတ္ထုကိုပေးပြီးမှ ကဲ့ရဲ့ရှုံ့ချလျှင် မည်သည့်အာပတ် သင့်ပါသနည်း။

တဖန်ကဲ့ရဲ့ရှုံ့ချလျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။

စီဝရံ ထပေတွာ အညံ ဝိဿဇ္ဇိယ ဝေဘင်္ဂိယံ
ပရိက္ခာရံ ဒတွာ ပစ္ဆာ ခိယနဲ့သ ဒုက္ကဋံ။

စီဝရံ၊ ကို။ ထပေတွာ၊ ၍။ အညံ၊ တပါးသော။ ဝိဿဇ္ဇိယဝေဘင်္ဂိယံ၊ စွန့်အပ် ဝေဘန်အပ်သော။ ပရိက္ခာရံ၊ ကို။ ဒတွာ၊ ၍။ ပစ္ဆာ၊ မှ။ ခိယန္တဿ၊ အား။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

မည်သည့် သံဃိက ပစ္စည်း မဆို သံဃာ သဘောတူပါက ပေးနိုင် ဝေဘန်နိုင်ပါသလော ခွဲခြားပြပါ။

အာရာမ အာရာမဝတ္ထုစသော ဂရုဘဏ်ပစ္စည်းမျိုးမှ တပါး အခြားသောပစ္စည်းတို့ကို ဝေဘန် နိုင်ပါသည်။

အာရာမ အာရာမဝတ္ထု စသော ဂရုဘဏ် တို့ကို မဝေဘန်နိုင်ပါ။

ဝိဿဇ္ဇိယ ဝေဘင်္ဂိယောနာမ ထပေတွာ ပဉ္စဂရု
ဘဏ္ဍာနိ အဝသေသော ရာသိဝသေန ဟိ ပဉ္စ
ဂရု ဘဏ္ဍာနိ ဝုတ္တာနိ။

ဝိဿဇ္ဇိယဝေဘင်္ဂိယောနာမ၊ စွန့်အပ်ဝေဘန်အပ်သော ပရိက္ခရာ မည်သည်။ ပဉ္စဂရုဘဏ္ဍာနိ၊ ငါးပါးသော ဂရုဘဏ်တို့ကို၊ ထပေတွာ၊ ၍။ အဝသေသော၊ ကြွင်းသောပရိက္ခရာတည်း။ ဟိ၊ သင့်စွာ၊ ရာသိဝသေန၊ ဖြင့်။ ပဉ္စဂရုဘဏ္ဍာနိ၊ တို့ကို။ ဝုတ္တာနိ၊ ကုန်၏။

မပေးစွန့်ကောင်းသော ဂရုဘဏ်ပစ္စည်းတို့၏ သရုပ်ကို ရေးခဲ့ပါ။

အရပ်အရောင်မြေ မဖွမ်းတဲ့ ကျောင်း ကျောင်းရာမြေ နုတ်ယူတဲ့ ညောင်စောင်း၊ အင်းပျဉ်၊ ဘုံလျှို၊ ခေါင်းအုံး၊ ထည့်ယူတဲ့ ကြေးအိုး၊ ကြေးအိုးစရည်း၊ ကြေးလက်ဆွဲ အိုး၊ ကြေးဖုဉ်း၊ ပဲ ဓွပ်၊ ပုဆိန်၊ ဒါးမ၊ ပေါက်တူး၊ ဆောက်၊ စတုရဲ့ နွယ်၊ဝါး၊ မြုဘိမြက်၊ မြဲတ်မြက်၊ သက်ငယ်မြက်၊မြေညက်၊သစ်သားဖြင့် ပြုလုပ်ထားသော အသုံးအဆောင်၊ မြေကြီးဖြင့် ပြုလုပ်ထားသော အသုံး ဆောင်၊ မဉ္စမတဲ့ အားဖြင့် နှစ်ဆဲ့ငါးပါးရှိပါသည်။

---

သံဃာအား အလကားဖြစ်နေသော သံဃိက ဂရုဘဏ်ပစ္စည်းများကို နည်းလမ်း တမျိုးဖြင့် လဲလှယ် ကောင်းပါမည်လော။

သံဃာအား အလကား ဖြစ်နေသော ဂရုဘဏ် ထာဝရ ပစ္စည်းမျိုးနှင့် သံဃာအား ကျေးဇူးများမည့် အထာဝရပစ္စည်းမျိုးဖြင့် လဲလှယ်နိုင်ပါသည်။

> ထာဝရေန ပန ထာဝရံ ဣတရေန စ အကပ္ပိယေန မဟာဂ္ဃကပ္ပိယေန ဝါ ဣတရံ သံဃဿ ဥပကာရံ သလ္လက္ခေတွာ ကပ္ပိယ ပရိဝတ္တနေန ပရိဝတ္တေတုံ ဝဋ္ဋတိ။

ထာဝရေန၊နှင့်။ထာဝရံ၊ကို။အကပ္ပိယေနဝါ၊မအပ်သည်လည်းဖြစ် သော။မဟာ်သကပ္ပိယေနဝါ၊သော။ ဇာတရေနဝါ၊အထာဝရဖြင့်မူလည်း။ ဇာတရံ၊အထာဝရကို။ သံဃဿ၊ အား။ ဥပကာရံ၊ သောအဖြစ်ကို။ သလ္လက္ခေတွာ၊၍။ ကပ္ပိယပရိဝတ္တနေန၊ အပ်သောဖလှယ်ခြင်းဖြင့်။ ပရိဝတ္တေတုံ၊ငှါ။ ဝဋ္ဋတိ၊၏။

---

● မစွန့်လွှတ် မဝေဘန်ကောင်းသော ဂရုဘဏ် များကို ပေးစွန့်ဝေဘန်က သင့်ရောက်ထိုက်သော အာ ပတ်တို့ကို ထုတ်ဖော်ပြခဲ့ပါ။

ဂရုဘဏ်ပစ္စည်းများကို ပိုင်ပိုးပိုင်နင်း သဘောမျိုး ဖြင့် ပေးစွန့်ဝေဘန်ပါက ထုလ္လစ္စည်းအာပတ်သင့်ပါ သည်။ ခိုးလိုသောစိတ်ဖြင့် ပေးစွန့်ဝေဘန်ပါက တန်ဘိုး အလိုက် အာပတ်သင့်ပါသည်။

ဣဿရဝတာယ ဒေန္တော ထုလ္လစ္စယံ အာပဇ္ဇ တိ၊ ထေယျစိတ္တေန ဂဏှန္တော ဘဏ္ဍံ အဂ္ဃာ ပေတွာ ကာရေတဗ္ဗော။

ဣဿရဝတာယ၊ အစိုးရသောအဖြစ်ဖြင့်။ ဒေန္တော၊ ပေးသော ရဟန်းသည်။ ထုလ္လစ္စယံ၊ သို့။ အာပဇ္ဇတိ၊ ၏။ ထေယျစိတ္တေန၊ ဖြင့်။ ဂဏှန္တော၊ ယူသောရဟန်းကို။ ဘဏ္ဍံ၊ ကို။ အဂ္ဃာပေတွာ၊ အဘိုး ဖြတ်စေ၍။ ကာရေတဗ္ဗော၊ ဆုံးဖြတ်အပ်၏။

---

## ပရိက္ခာရ သိက္ခာပုဒ်

● နိဿဂ္ဂိယလာ ပရိဏတသိက္ခာပုဒ်နှင့် ဤ ပရိ ဏာမနသိက္ခာပုဒ်တို့၏ ထူးခြားပုံကို ရေးခဲ့ပါ။

နိဿဂ္ဂိယ ပရိဏတသိက္ခာပုဒ်ကား-မိမိသို့ ညွတ်စေသဖြင့် နိဿဂ္ဂိပါစိတ်သင့်၏၊ ဤသိက္ခာပုဒ်ကား ပုဂ္ဂိုလ်သို့ညွတ်စေသဖြင့် ပါစိတ်သင့်၏။ ဤကား အထူးတည်း။

> တတ္ထ အတ္တနော ပရိဏာမိတတ္တာ နိဿဂ္ဂိယံ ပါစိတ္တိယံ၊ ဣဓ ပုဂ္ဂလဿ ပရိဏာမိတတ္တာ သုဒ္ဓိကပါစိတ္တိယံ။

တတ္ထ၊ ထိုနိဿဂ္ဂိယလာသိက္ခာပုဒ်၌။ အတ္တနော၊ သို့၊ ပရိဏာမိတတ္တာ၊ ညွတ်စေသောကြောင့်။ နိဿဂ္ဂိယံ၊ သော။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏၊ ဣဓ၊ ဤသိက္ခာပုဒ်၌။ ပုဂ္ဂလဿ၊ သို့။ ပရိဏာမိတတ္တာ၊ ကြောင့်။ သုဒ္ဓိကပါစိတ္တိယံ၊ သက်သက်သော ပါစိတ်အာပတ်သည်။ ဟောတိ၊ ၏။

သဟဓမ္မိကဝဂ်ပြီး၏။

---

## ရတနဝဂ်

## အန္တေပုရ သိက္ခာပုဒ်

 အနိက္ခန္တရာဇကနှင့် အနိဂ္ဂတ ရတနက တို့ကို ခွဲခြားပြ၍၊ ရတနအရကိုလည်း ကောက်ပြခဲ့ပါ။

မင်းရှိသောကြောင့် အနိက္ခန္တ ရာဇက မိဖုယား ရှိနေသောကြောင့် အနိဂ္ဂတရတနကဟု ခေါ်ပါသည်။ရတနာဟူသည် မိဖုရားဖြစ်ပါသည်။

> အနိက္ခန္တော ရာဇာ ဧတ္ထာတိ အနိက္ခန္တ ရာဇကံ တသ္မိံ အနိက္ခန္တ ရာဇကေ သယနီယဃရေတိ

အတ္ထော၊ ရတနံ ဝုစ္စတိ မဟေသိ၊ နိဂ္ဂတတ္တာ နိက္ခန္တံ အနိဂ္ဂတံ ရတနံ ဧတဿာတိ အနိဂ္ဂတ ရတနကံ။

ဧတ္ထ၊ ဤအိပ်ရာတိုက်ခန်း၌။ ရာဇာ၊ သည်၊ အနိက္ခန္တော၊ သည်။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ၊ ထိုအိပ်ရာတိုက်ခန်းသည်။ အနိက္ခန္တရာဇကံ၊ မည်၏။ အနိက္ခန္တရာဇကေ၊ သော။ တသ္မိံ သယနိဃရေ၊ ထိုအိပ်ရာတိုက်ခန်း၌။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။ မဟေသိ၊ မိဖုယားကို။ ရတနံ၊ ဟူ၍၊ ဝုစ္စတိ၊ ၏။ နိဂ္ဂတ ဿ၊ ဟူသည်။ နိက္ခန္တံ၊ ထွက်ပြီ။ ဧတဿ သယနိဃရဿ၊ မှ။ ရတနံ၊ မိဖုယားသည်။ အနိဂ္ဂတံ၊ မထွက်သေးသည်။ ဟောတိ၊ ၏။ ဣတိ-တသ္မာ၊ ကြောင့်။ · တံ သယနိဃရံ၊ သည်။ အနိဂ္ဂတရတနကံ၊ မည်၏။

---

◉ ဣန္ဒခီလံ အတိက္ကာမေယျန္တိ အတိက္ကမနအတွက် သင့်ရောက်ထိုက်သော အာပတ်တို့ကို စုံလင်စွာ ဖော်ပြခဲ့ပါ။

အိပ်ရာတိုက်ခန်း၏ တံခါးခုံကို ပဌမ ခြေဘလှမ်း ကျော်မိလျှင် ဒုက္ကဋ်၊ ဒုတိယ ခြေဘလှမ်း ကျော်မိလျှင် ပါစိတ်အာပတ်သင့်ပါသည်။

· သယနိဃရဿ ဥမ္မာရံ ပဌမံ ပါဒံ အတိက္ကာမေန္တဿ ဒုက္ကဋံ၊ ဒုတိယေ ပါစိတ္တိယံ။

သယနိဃရဿ၊ ၏။ ဥမ္မာရံ၊ တံခါးခုံကို။ ပဌမံ ပါဒံ၊ ရှေးဦးစွာသောခြေကို။ အတိက္ကာမေန္တဿ၊ လွန်စေသောရဟန်းအား။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဒုတိယေ၊ နှစ်ခုမြောက်သောခြေသည်။ အတိက္ကန္တေ၊ သော်။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

ဒိဋ္ဌိပ်ရောဂိုက်ခန်းသို့ ဝင်သော်လည်း ဆာပတ် မသင့်သောအခါကိုကို ညွှန်းခဲ့ပါ။

အမျိုးအားဖြင့် ခတ္တိယမဟုတ်ဘဲ ဘိသိက်ခံသောမင်း ဖြစ်လျှင်၎င်း၊ ခတ္တိယဇာတ်ဖြစ်သော်လည်း ဘိသိက်မခံ ရသေးလျှင်၎င်း၊ မိဖုယား တပါးပါးက စက်တော်ခန်းမှ ထွက်ပြီးဖြစ်လျှင်၎င်း ထိုအခါမျိုးတို့တွင် ဝင်ပါကအပြစ် မရှိပါ။

နခတ္တိယဿဝါ နခတ္တိယာ ဘိသေကေန အဘိ သိတ္တဿဝါ ဥဘောသုဝါ ဥဘိန္နံဝါ အညတရဿ နိက္ခန္တေ သယနိဃရံ ပဝိ သန္တဿ။

နခတ္တိယဿဝါ ၊ မင်းမျိုးမဟုတ်သောသူ၏၎င်း။ နအဘိသိတ္တဿ ဝါ၊ မင်းမဖြစ်မူလည်း၊ ဥဘောသု၊ မင်းမိဖုရား နှစ်ယောက်တို့သည်။ နိက္ခန္တေသုဝါ၊ ထွက်ကုန်ပြီးသော်၎င်း။ ဥဘိန္နံဝါ၊ မင်း မိဖုရားနှစ် ယောက်တို့တွင်မူလည်း။ အညတရဿမိ၊ တယောက်ယောက် သည်၊ နိက္ခန္တေဝါ၊ ၎င်း၊ သယနိဃရံ၊ သို့ ပဝိသန္တဿ၊ ၎င်း။ (အနာ ပတ္တိ၊ မသင့်)။

ရတန သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ ရတနအရေနှင့် ရတနသမ္မတ ဟု ခေါ်အပ်သောပစ္စည်းများကို ခွဲခြားပြပါ။

ရတနအရကား-ပုလဲ, ပတ္တမြား, ကြောင်မျက်ရွဲ, ခရု သင်း, ကျောက်သလင်း, သန္တာ, ငွေ, ရွှေ, ပတ္တမြားနီ,

ပဏ္ဏပြားပြောက် အားဖြင့် ဆယ်ပါးဖြစ်ပါသည်။ အထက်ပါ ရတနာဆယ်ပါးမှတပါး လူတို့၏ အတွင်းအပြင် သုံးဆောင်အပ်သောပစ္စည်းများသည် ရတနသမ္မတ မည်၏။

ရတနန္တိ မုတ္တာဒိဒသဝိဓံ ရတနံ၊ ရတနသမ္မတန္တိ
ယံကိဉ္စိ မနုဿာနံ ဥပဘောဂ ပရိဘောဂံ။

ရတနန္တိ၊ ဟူသည်။ မုတ္တာဒိဒသဝိဓံ၊ ပုလဲစသော ဆယ်ပါးအပြားရှိသော။ ရတနံ၊ ကို။ ရတနသမ္မတန္တိ၊ ဟူသည်။ ယံကိဉ္စိ၊ သော။ မနုဿာနံ၊ တို့၏။ ဥပဘောဂ ပရိဘောဂံ၊ သုံးဆောင်ရာဖြစ်သော ဝတ္ထုကို။

---

● အဇ္ဈာရာမနှင့် အဇ္ဈာဝသထတို့၏ အရပ်ကိုပိုင်းခြားပြပါ။

အကာအရံရှိသောကျောင်းဖြစ်က အရံအတွင်းကို အရံမရှိသော ကျောင်း ဖြစ်က အဆွန်ဆုံးသော ကျောင်းမှခဲ နှစ်ကျအရပ်အတွင်းကို အဇ္ဈာရာမဟုဆိုပါသည်။ အကာရှိလျှင် အကာအတွင်းကို အကာမရှိလျှင် အကာအတွင်းမှ ပစ်လိုက်သော ကျည်ပွေ့ကျရာ အရပ်အတွင်းကို အဇ္ဈာဝသထ ဟုဆိုပါသည်။

အဇ္ဈာရာမေ ပန ပရိက္ခိတ္တဿ အန္တော ပရိက္ခေပေ အပရိက္ခိတ္တဿ ဒွိန္နံ လေဍ္ဍုပါတာနံ အန္တော၊
အဇ္ဈာဝသထေ ပရိက္ခိတ္တဿ အန္တော ပရိက္ခေပေ အပရိက္ခိတ္တဿ မုသလပါတဗ္ဘန္တရေ။

အဇ္ဈာရာမေဝါတိ၊ ဟူသည်။ ပရိက္ခိတ္တဿ၊ အရံရှိသော။ အာရာမဿ၊ ၏။ အန္တောပရိက္ခေပေ၊ အရံအတွင်း၌။ အပရိက္ခိတ္တဿ၊ သော။ အာရာမဿ၊ ၏။ ဒွိန္နံလေဍ္ဍုပါတာနံ၊ ခဲနှစ်ကျတို့၏။ အန္တော၊ အတွင်း၌။ အဇ္ဈာဝသထေတိ၊ ဟူသည်။ ပရိက္ခိတ္တဿ၊ သော။ အာဝသထဿ၊ ကျောင်း၏။ အန္တော ပရိက္ခေပေ၊ အရံ အတွင်း၌။ အပရိက္ခိတ္တဿ၊ သော၊ အာဝသထဿ၊ ၏။ ပုသာလပါတာဗ္ဘန္တရေ၊ ကျည်ပွေ့ကျရာအတွင်း၌။

---

ရတနာဆယ်ပါးကို မိမိ, သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်, စေတီ တို့အတွက် ကောက်ယူရာ၌ သင့်ရောက်သော အာပတ်တို့ကို ခွဲခြားပြခဲ့ပါ။

ရွှေ, ငွေကို မိမိအတွက် ကောက်ယူက နိဿဂ္ဂိယ ပါစိတ်အာပတ် သင့်၏။ သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်, စေတီ တို့အတွက် ကောက်ယူပါက ဒုက္ကဋ်အာပတ် သင့်ပါသည်။ ကြွင်းသော ပုလဲ ရှစ်ပါးကို မည်သူ့ အတွက် ကောက်ကောက် ဒုက္ကဋ်အာပတ်သင့်၏။

> သံဃ ဂဏ ပုဂ္ဂလ စေတိယ နဝကမ္မာနံအတ္ထာယ ဒုက္ကဋံ၊ အဝသေသ မုတ္တာဒိရတနေ သဗ္ဗေသမ္ပိ အတ္ထာယ ဒုက္ကဋမေဝ။

သံဃဂဏပုဂ္ဂလ စေတိယ နဝကမ္မာနံ၊ တို့၏။ အတ္ထာယ၊ ငှါ။ ဥဂ္ဂဏှန္တဿဝါ၊ အားလည်း။ ဥဂ္ဂဏှာပေန္တဿဝါ၊ အားလည်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ အဝသေသမုတ္တာဒိရတနေ၊ ရွှေငွေမှကြွင်းသော ပုလဲစသော ရှစ်ပါးတို့ကို။ သဗ္ဗေသမ္ပိ၊ တို့၏လည်း။ အတ္ထာယ၊ ငှါ။ ဥဂ္ဂဏှန္တဿဝါ၊ လည်း။ ဥဂ္ဂဏှာပေန္တဿဝါ၊ အားလည်း။ ဒုက္ကဋမေဝ၊ သာလျှင်။ ဟောတိ၊ ၏။

ဒါယကာ ဒါယိကာမတို့က လာရောက်အပ်နှံသော ပစ္စည်းတို့ကို သိမ်းကောင်း ပါမည်လော၊ မိဘ၏ ပစ္စည်းကို မည်သို့သဘောထား၍ သိမ်းဆည်းကောင်း ပါသနည်း။

အပ်သောပစ္စည်းပင် ဖြစ်စေ မအပ်သော ပစ္စည်းပင် ဖြစ်စေ လာရောက်အပ်နှံသော ပစ္စည်းများကို ဘဏ္ဍာစိုးသဘောဖြင့် စောင့်ရှောက်ပါမှကား မိဘပစ္စည်းသော်မှ မသိမ်းဆည်းကောင်းပါ၊ ပါစိတ်အာပတ် သင့်ပါသည်။ မိဘပစ္စည်းကိုကား ကိုယ့် ပစ္စည်းအနေ သဘောထား၍ သိမ်းဆည်းကောင်းပါသည်။

ကပ္ပိယဝတ္ထုံဂါ အကပ္ပိယဝတ္ထုံဝါ အန္တမသော
မာတုသန္တကမ္ပိ ဘဏ္ဍာဂါရိကသိသေန ပဋိသာ
မေန္တဿ ပါစိတ္တိယံ၊ တာဒိသံပန အတ္တနော
သန္တကံ ကတွာ ပဋိသာမေတုံ ဝဋ္ဋတိ။

ကပ္ပိယဝတ္ထုံဝါ၊ ကပ္ပိယဝတ္ထုကိုရင်း။ အကပ္ပိယဝတ္ထုံဝါ၊ ရင်း။ အန္တမသော၊ အယုတ်အားဖြင့်။ မာတုသန္တကမ္ပိ၊ အမိဥစ္စာကိုသော်လည်း၊ ဘဏ္ဍာဂါရိကသိသေန၊ ဘဏ္ဍာစိုးကို အရင်းပြုသဖြင့်။ ပဋိသာမေန္တဿ၊ အား။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊၏။ တာဒိသံပန၊ ကား။ အတ္တနော၊ ၏။ သန္တကံ၊ ကို။ ကတွာ၊ ၍။ ပဋိသာမေတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။

---

အပ်နှံရန် လာရောက်သော ဒါယကာအား မသိမ်းဆည်းကောင်းဟု ပယ်လိုက်သဖြင့် စိတ်ဆိုးပြီး ချထားခဲ့လျှင် သိမ်းထားခွင့် ရမရနှင့် ကျောင်းဆောက်

နေသော ဒါယကာတို့၏ ရုံး, ဆောက်, စသော အသုံး အဆောင်များကို အပ်နှံလျှင် ပြုလုပ်ရမည့် အစီ အစဉ် တိုက်ို ရေးခဲ့ပါ။

စိတ်ဆိုးပြီး ချထားခဲ့လျှင် မဟာန်း၏ ပလိဗောဓ ဖြစ်လာသဖြင့် သိမ်းဆည်းကောင်းပါသည်။ လက်သမား ပစ္စည်းများကို ကိုယ်တိုင် မသိမ်းဆည်းရပါ လုံခြုံသော တနေရာရာသို့ ညွှန်ပြရပါမည်။

သစေ ကုပိတာ ပါတေတွာ ဂဏှိဿန္တိ ပလိဗောဓော
နာမ ဟောတိ ပဋိသာမေတဗ္ဗံ၊ ဝိဟာရေ ကမ္မံ
ကရောန္တာ ဝဍ္ဎကီ အာဒယော ဝါ ရာဇဝလ္လဘာ ဝါ
ယံကိဉ္စိ ဥပကရဏံ ဝါ သယနဘဏ္ဍံ ဝါ ပဋိသာ
မေတွာ ဒေထာတိ ဝဒန္တိ ဆန္ဒေနာပိ ဘယေနာပိ
နကတ္တဗ္ဗမေဝ ဂုတ္တဋ္ဌာနံ ပန ဒဿေတုံ ဝဋ္ဋတိ။

သစေ၊ ငြား၊ ကုပိတာ၊ ဖြစ်၍။ ပါတေတွာ၊ ချ၍။ ဂဏှိဿန္တိ၊ ယူကုန်အံ့။ ပလိဗောဓော နာမ၊ မည်သည်။ ဟောတိ၊ ၏။ ပဋိသာမေတဗ္ဗံ၊ ၏။ ဝိဟာရေ၊ ၌။ ကမ္မံ၊ ကို။ ကရောန္တာ၊ ကုန်သော။ ဝဍ္ဎကီအာဒယော ဝါ၊ လက်သမားစသူတို့သည်ရင်း။ ရာဇဝလ္လဘာ ဝါ၊ မင်းနှင့်အကျွမ်းဝင်သော သူတို့သည်ရင်း။ ဥပကရဏံ ဝါ၊ အဆောက် အဦကိုရင်း။ သယနဘဏ္ဍံ ဝါ၊ အိပ်ရာဘဏ္ဍာကိုရင်း။ ပဋိသာမေတွာ။ ၍။ ဒေထ၊ ကုန်လော့။ ဣတိ၊ သို့၊ ဝဒန္တိ၊ ကုန်၏။ ဆန္ဒေနာပိ၊ အားဖြင့်ရင်း။ ဘယေနာပိ၊ ဖြင့်ရင်း။ နကတ္တဗ္ဗမေဝ၊ သို့မှီးခြင်းကို မပြုအပ်သည်သာလျှင်တည်း။ ဂုတ္တဋ္ဌာနံပန၊ လုံခြုံရာအရပ်ကိုကား။ ဒဿေတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။

ရတနာ, ရတနာသမ္မတပစ္စည်းများကို အဇ္ဈာရာမ အဇ္ဈာဝသထ အရပ်တို့တွင် တွေ့ရှိမူ ယဿဘဝိဿတိ သောဟရိဿတိ နှစ်လုံးသွင်းကာ နေရာတိုင်း သိမ်းဆည်းထားသင့်ပါသလော။

နေရာတိုင်း မသိမ်းဆည်းရပါ ရဟန်းသာမဏေများ ကောက်ယူကြလိမ့်မည်ဟု ယုံမှားသက်ာ ဖြစ်နိုင်သော ဌာနမျိုး၌သာ သိမ်းဆည်းရပါမည်။

> အဇ္ဈာရာမ အဇ္ဈာဝသထေသုပိ ယာဒိသေဌာနေ ဘိက္ခူဟိဝါ သာမဏေရေဟိ ဂဟိတံ ဘဝိဿ တီတိ အာသင်္ကာ ဥပ္ပဇ္ဇတိ တာဒိသေယေဝဌာနေ ဥဂ္ဂဟေတွာဝါ ဥဂ္ဂဟာပေတွာဝါ သညာဏံ ကတွာ နိက္ခိပိတဗ္ဗံ။

---

ကောက်ယူ သိမ်းထားနိုင်ခွင့် ရှိသော ရတနာ, ရတနာသမ္မတ ပစ္စည်းများကို ဆက်လက် ပြုလုပ်ရမည့် အစီအစဉ်ကို ညွှန်းခဲ့ပါ။

ပျောက်သူလာခဲ့ဟု ယခုအခါ သတင်းစာများတွင် ကြေညာသကဲ့သို့ ကြေညာရပါမည်။ လာလျှင် ပစ္စည်း၏ အမှတ်အသားကို မေးမြန်း၍ မှန်က ပေးလိုက်ရပါမည်။ မဟုတ်ခဲ့နှင့်ဟု ထင်လျှင် တခြားရှာရှာရန် ပြောကြား လိုက်ရပါမည်။

> ယဿ ဘဏ္ဍံ နဋ္ဌံ သော အာဂစ္ဆတူတိ စ အာဝိကတ္တဗ္ဗံ အထ ယော အာဂစ္ဆတိ သော

ကိဳဒိသံ တေ ဘဏ္ဍံ နဋ္ဌံ ပုန္တိတဗ္ဗော၊ သစေ
သညာဏော နသမ္ဘာဒေတိ ဒါတဗ္ဗံ၊ နောစေ
ဝိစိနာပဟိတိ ဝဋ္ဋမ္ဗော။

ယသ္မိ၊ ၏။ ဘဏ္ဍံ၊သည်။နဋ္ဌံ၊၏၊ သော၊ သည်။ အာဂန္တုတူက်၊ လာလေ့ဟူ၊ အာစိက္ခိတဗ္ဗံ၊ ပြောကြားကျေညာအပ်၏။ အထ၊ သော်။ ယော၊သည်။ အာဂန္တတိ၊၏။ သော၊ကို၊တော၊၏။ ကိဳဒိသံ၊ အဘယ်သို့ အမှတ်အသားရှိသော။ ဘဏ္ဍံ၊သည်။နဋ္ဌံ၊နည်း။ ဣတိ၊သို့။ ပုန္တိတဗ္ဗော၊ ၏။ သစေ၊၍။ သညာဏေနဲ၊အမှတ်အသားဖြင့်။ သမ္ဘာဒေတိ၊ ဟုတ်မှန် ပြောအံ့။ဒါတဗ္ဗံ၊၏။ နောစေသမ္ဘာဒေတိ၊အံ့။ဝိစိနာပဟိ၊သင်၏ပစ္စည်းကို တ ားမှ ရှာချေ ်းလော့။ ဣတိ၊သို့။ ဝဋ္ဋမ္ဗော၊၏။

---

ရတနဲ, ရဟန် သမ္ဘာ ဝဋ္ဋ ပစ္စည်းများကို ကောက်ယူသိမ်းထားပြီး အခြားတရပ်သို့ သွားရောက် နေထိုင်လိုက မည်သို့ပြုလုပ်ရပါမည်နည်း။

အရပ်တပါး သွားလိုက လဇ္ဇီ သူတော်ကောင်းဖြစ် သော ရဟန်းများထံ အပ်နှံပြီးသွားရပါမည်။ ထိုရဟန်း မျိုး မရှိက ယုံကြည်လောက်သော လူပုဂ္ဂိုလ်များထံ အပ်နှံထားခဲ့နိုင်ပါသည်။

တမှာ အာဝါသာပက္ကမန္တေန ပတိရူပါနံ ဘိက္ခူနံ
ဟတ္ထေ ဌပေတဗ္ဗံ အသတိ ပတိရူပါနံ ဂဟပတိ
ကာနံ ဟတ္ထေ နိက္ခိပိတ္ဝာ ပက္ကမိတဗ္ဗံ။

တမှာ အာဝါသာ၊ ထိုကျောင်းမှ။ ပက္ကမန္တေန၊ ဖဲလိုသောရဟန်း သည်။ ပတိရူပါနံ၊ လဇ္ဇီသူတော်ကောင်း ဖြစ်ကုန်သော။ ဘိက္ခူနံ၊ တို့၏။ ဟတ္ထေ၊၌။ ဌပေ၊။ ထိုလဇ္ဇီရဟန်းတို့သည်။ အသတိ၊မရှိလတ်

သော်။ ပတိရူပါနံ၊ လျောက်ပတ်ကုန်သော။ ဂဟပတိကာနံ၊ ဒါယကာတို့၏။ ဟတ္ထေ၊ၛ္ဖ။ နိက္ခိပိတွာ၊ အပ်နှံ၍၊ ပက္ကမိတဗ္ဗံ၊ ၏။

---

ရတန, ရတနသမ္မတ ဝတ္ထုတို့ကို ပိုင်ရှင် ရှာမတွေ့လျှင် ပြုလုပ်ရမည့်အစီအစဉ်ကို ညွှန်းခဲ့ပါ။

ပိုင်ရှင်ပေါ် မလာက သက်သေပြနိုင်သော ကျောင်းဆောက်ခြင်း ဘုရားတည်ခြင်းရေတွင်း ရေကန်တူးခြင်း စသည့် တည်မြဲသော ထာဝရဝတ္ထု တခုခု ပြုလုပ်ရပါမည်။

ယောပန နေဝပက္ကမတိ နပ္ပသက္ကတိ ပဿတိ
ဟေန ထာဝရံ သေနာသနံပါ စေတိယံပါ
ပေါက္ခရဏိံ ဝါ ကာရေတဗ္ဗော။

ယောပနဘိက္ခု၊ အကြင်ရဟန်းသည်။ နေဝပက္ကမတိ၊ ထိုကျောင်းမှလည်း မဖဲသေး၊သာခ်ိကံ၊ ဥစ္စာရှင်ကို။ နပဿတိ၊မမြင်၊ တေနဘိက္ခုနာ၊ သည်။ ထာဝရံ၊သော။သေနာသနံ ဝါ၊ကိုရင်း၊စေတိယံ ဝါ၊ကိုရင်း၊ ပေါက္ခရဏိံ ဝါ၊ လေးထောင့်ကန် ကိုရင်း။ ကာရေတဗ္ဗော၊ ပြုစေအပ်၏။

---

အရှုံးရမအရှုံးသာသတို့၌ အနုညာတ အဖြစ် ခွင့်ပြုတော်မူရာ ထိုခွင့်ပြုချက်ကို မလိုက်နာသောရဟန်းအား သင့်ရောက်သော အာပတ်ကို ပြခဲ့ပါ။

ထိုခွင့်ပြုချက်ကိုမလိုက်နာဘဲ သိမ်းဆည်းကောက်ယူခြင်းမပြုသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်ပါသည်။

အနုညာတသ္မာနေ အနာဒရိယေန ဥဂ္ဂဟေတွာ
အနိက္ခိပန္တဿ ဒုက္ကဋံ။

အနုညာတသ္မာနေ၊ ခွင့်ပြုတော်မူသော အရပ်၌။ အနာဒရိယေန၊ သဖြင့်။ ဥဂ္ဂဟေတွာ၊ ၍၊ အနိက္ခိပန္တဿ၊ ရဟန်းအား။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

---

## ဝိကာလေဂါမပ္ပဝေသနသိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ ဝိကာလေ အရက်ကို ကောက်ပြ၍ ရွာတွင်းသို့ဝင်လိုသောအခါ ပန်ကြားရမည့် ပါဠိကိုလည်း ရေးခဲ့ပါ။

ဝိကာလအရ မွန်းလွဲသည်မှ အရုဏ်တက်သည် တိုင်အောင် အတွင်းကိုယူရပါမည်။ ပန်ကြားပုံ ပါဠိကား– ဝိကာလေဂါမပ္ပဝေသနံ အာပုစ္ဆာမိ ဟု ၎င်း ဂါမံ ပဝိသိဿာမိဟု၎င်း ပါဠိမြန်မာ နှစ်ဘာသာပင် ရွတ်ဆိုနိုင်ပါသည်။

---

အစ္စာယိက ကရဏီယ ကိစ္စဟူသည် အဘယ်သို့သော ကိစ္စမျိုးပါနည်း။ ရွာတွင်းသို့ မပန်ကြားဘဲဝင်ရာ၌ သင့်လျော်သောအာပတ်တို့ကို ဖော်ပြခဲ့ပါ။

မီး၊ ရေ၊ မင်း၊ ခိုးသူ၊ စသော လတ်တလော အရေးကြီးသည့် ကိစ္စများကို ဆိုပါသည်။ မပန်ကြားဘဲ ရွာတွင်းသို့ဝင်ရာ၌ အကာအရံ ရှိလျှင် အကာအရံ အတွင်းသို့ အကာအရံမရှိလျှင် ရွာ၏ဥပစာအတွင်းသို့ ခြေတလှမ်း

သွားမိလျှင် ဒုက္ကဋ်၊ဒုတိယခြေတလှမ်းသွားမိလျှင် ပါစိတ် အာပတ်သင့်ပါသည်။

ပရိက္ခိတ္တဿ ဂါမဿ ပရိက္ခေပံ အတိက္ကမန္တဿ
အပရိက္ခိတ္တဿ ဥပစာရံ ဩက္ကမန္တဿ ပဌမ
ပါဒေ ဒုက္ကဋံ၊ ဒုတိယေပါဒေ ပါစိတ္တိယံ။

ပရိက္ခိတ္တဿ၊ အရံရှိသော။ ဂါမဿ၊ ၏။ ပရိက္ခေပံ၊ ကို။ အတိက္ကမန္တဿ၊ အား။ အပရိက္ခိတ္တဿ၊ အရံမရှိသောရွာ၏။ ဥပစာရံ၊ ဥပစာဟု ဆိုအပ်သော ခဲနှစ်ကျ ကျရာအရပ်သို့။ ဩက္ကမန္တဿ၊ အား။ ပဌမပါဒေ၊ ရှေးဦးစွာ ခြေချခြင်းကြောင့်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဒုတိယေ၊ ကြောင့်။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

ရဟန်းအားလုံး ရွာတွင်းသို့ဝင်ရာ၌ မည်ကဲ့သို့ ပန်ကြားရမည်နည်း။ ရွာတွင်းသို့ဝင်ရန် ပန်ကြားရာ၌ မိမိကိစ္စမပြီးဆုံးသေးသဖြင့် အခြားရွာသို့ဆက်လက်သွား လိုက ပန်ကြားမှုကိစ္စရှိမရှိကို ဝေဘန်ခဲ့ပါ။ -

ရဟန်းအားလုံး ရွာတွင်းသို့ဝင်က အချင်းချင်း ပန်ကြားရပါမည်။ ထိုရွာ၌ ကိစ္စမပြီးသေးသဖြင့် ဆက်လက် သွားလိုက ထပ်မံပန်ကြားမှုမရှိတော့ပါ။

သစေပိ သမ္ဗဟုလာ ကေနစိ ကမ္မေန ပဝိသန္တိ
သဗ္ဗေဟိ အညမညံ အာပုစ္ဆိတဗ္ဗံ၊ တသ္မိံ ဂါမေ
တံကမ္မံ နသမ္ပဇ္ဇတိတိ အညမညံ ဂါမံ ဂစ္ဆန္တာနံ
ပုန အာပုစ္ဆနကိစ္စံ နတ္ထိ။

သစေပိ၊ လည်း။ သမ္ဗဟုလာ၊ ကုန်သောရဟန်းတို့သည်။ ကေနစိ ကမ္မေန၊ ကြောင့်။ ပဝိသန္တိ၊ ကုန်အံ့။ သဗ္ဗေဟိ၊ တို့သည်။ အညမညံ၊

အချင်းချင်း။ အာပုစ္ဆိတဗ္ဗော၊ ပန်ကြားအပ်၏။ တသ္မိံ ဂါမေ ဥ။ တံ ကမ္မံ၊ သည်။ နသမ္ဗဟုလတိ၊ ဒုံ၊ အညံ ဂါမံ၊ သုံ။ ဂစ္ဆန္တာနံ၊ တို့အား။ ပုန၊ တဘန်။ အာပုစ္ဆနကိစ္စံ၊ သည်။ နတ္ထိ၊ မရှိ။

---

ရွာတွင်းသို့ဝင်ရန် မပန်ကြားသော်လည်း အာပတ်မှလွတ်နိုင်သည့်ကိစ္စ ဟူသည် အဘယ်သို့သော ကိစ္စမျိုးပါနည်း။

အန္တရာယ်ဆယ်ပါး-ဖြစ်ခြင်း, ပန်ကြားစရာရဟန်း မရှိခြင်း, ရွာတွင်းရှိရဟန်း ရဟန်းမ တိတ္ထိတို့၏ကျောင်း ဆွမ်းစားစရပ်များသို့သွားလိုခြင်း, လမ်းခရီးကရွာတွင်း မှာပင်ရှိနေခြင်းကြောင့် မပန်ကြားဘဲ ရွာတွင်းသို့ ဝင် သော်လည်း အာပတ်မှလွတ်ကြပါသည်။

---

## သူစိဃရ သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ ကိုယ်တိုင်ပြုလုပ်ခြင်း ကိုယ်တိုင် ပြုလုပ်စေခြင်းတို့ကြောင့် သင့်ရောက်ပုံကိုရေးခဲ့ပါ။

ကိုယ်တိုင် ပြုလုပ်ခြင်း ပြုလုပ်စေခြင်း တို့ကြောင့် ဒုက္ကဋ်အာပတ်သင့်ပါသည်၊ ပြုလုပ်၍ပြီးစီးပါလျှင် ပါစိတ် အာပတ်သင့်၏။

> တသ္မာ ဝေဠုပေ သူစိဃရေ ကရဏကာရာ ပနေသု ဒုက္ကဋံ၊ ပဋိလာဘေပန တံ ဘိန္ဒိတွာ ပါစိတ္တိယံ ဒေသေတဗ္ဗံ။

တသ္မာ၊ ကြောင့်။ ဝေရူပေ၊ ကုန်သော။ သူစိမ်းရေ၊ အပ်ကျည်တို့ကို။ ကရဏကာရာပနေသု၊ မိမိပြုလုပ်ခြင်း သူတပါးအား ပြုလုပ်စေခြင်းတို့ကြောင့်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ပဋိလာဘေပန၊ ရပြီး၍ကား။ တံ၊ ထိုအပ်ကျည်ကို။ ဘိန္ဒိတွာ၊ ၍။ ပါစိတ္တိယံ၊ ကို။ ဒေသေတဗ္ဗံ၊ ၏။

**မှတ်ချက်**။ ဒေသနာမကြားခင်အပ်ဘူးကိုရှေးဦးစွာခွဲပစ်ပြီးမှ ဒေသနာကြားရသောကြောင့် ဘေဒနကပါစိတ်ဟုခေါ်သည်။

---

## မဥ္ဇ သိက္ခာပုဒ်

ပမာဏာတိက္ကန္တဖြစ်သော ညောင်စောင်းအင်းပျဉ်ကိုရလျှင် သုံးနိုင်ခွင့်ရှိအောင် မည့်ကဲ့သို့ ပြုလုပ်ရပါမည်နည်း။

တတောင့်ထွာထက်ပိုနေသည့်ကို ဖြတ်၍ဖြစ်စေ မြှုပ်၍ဖြစ်စေ အသုံးပြုနိုင်ပါသည်၊သို့မဟုတ်မဖြတ်ဘဲ ညောင်စောင်းကိုပက်လက်လှန်ပြီး အိပ်နိုင်ပါသည်။

> ပမာဏာတိက္ကန္တံ လဘိတွာ ဆိန္ဒိတွာ ယထာ ပမာဏမေဝ ဥပရိ ဒိဿတိ၊ ဧဝံ နိခနိတွာဝါ ဥဒ္ဓရိတွာနံဝါ ကတွာ အနန္တကံဝါ ဗန္ဓိတွာ ပရိ ဘုဥ္ဇိဿ။

ပမာဏာတိက္ကန္တံ၊ ပမာဏထက်လွန်သောညောင်စောင်းကို၊ လဘိတွာ၊ ၍။ ဆိန္ဒိတွာဝါ၊ ဖြတ်၍ရင်း။ ယထာ၊ အကြင်အခြင်းဖြင့်ထားသည့်ရှိသော်။ ပမာဏမေဝ၊ အတိုင်းအရှည်သည်သာလျှင်။ ဥပရိ၊ အထက်၌။ ဒိဿတိ၊ ထင်၏။ ဧဝံဘူတာ၊ ဆိုအခြင်းဖြင့်။ နိခနိတွာဝါ၊ မြှုပ်၍ရင်း။ ဥဒ္ဓရိတွာနံဝါ၊ လှန်သည်ကိုမူလည်း။ ကတွာ၊ ၍။ အနန္တကံ၊ ခြမ်းကို။ ဗန္ဓိတွာ၊ ၍။ ပရိဘုဥ္ဇိဿ၊ အား။ (အနာပတ္တိ၊ မသင့်)။

## တူလောနဒ္ဓ သိက္ခာပုဒ်

● အဘယ်သို့သော မဉ္စပီဌကို တူလောနဒ္ဓဟုခေါ်ပါသနည်း၊ တူလအပြားကိုလည်း ရေးခဲ့ပါ။

လဲကိုအောက်ထက် ပုဆိုးကြွက်၍ ဖွဲ့ယှက်ဖေးရစ်ရာဖြစ်သော မဉ္စ ပီဌမျိုးကို တူလောနဒ္ဓဟု ခေါ်ပါသည်၊ တူလ အပြားကား—သစ်လဲ, နွယ်လဲ, မြက်လဲ အားဖြင့် သုံးမျိုးရှိပါသည်။

---

● တူလော နဒ္ဓ မဉ္စ ပီဌ ပြုလုပ်ပုံကိုရေးခဲ့ပါ။

ညောင်စောင်း အင်းပျဉ်ပေါ်၌ ခိုင်ခန့်သော အခတ်အထည်မျိုးကိုဖြန့်ခင်းထား၍ ၎င်းအခတ်ပေါ်၌ လဲများကို ညီအောင်ဖြန့်ခင်းပြီး အပေါ်က အခတ်အထည်တခု ဖုံးအုပ်ချုပ်ပါက တူလောနဒ္ဓ မဉ္စ ပီဌ ဖြစ်ပါတော့သည်။

ဝိမိလိကံ ပဉ္စရိတွာ တူလံ ပက္ခိပိတွာ ဥပရိ
ဝိမိလိကာယ သိဗ္ဗန္တိ ပုတ္တံ ဟောတိ။

ဝိမိလိကံ၊ ပုဆိုးကြမ်းကို။ ပဉ္စရိတွာ၊ ဖြန့်ခင်း၍။ တူလံ၊ လဲကို။ ပက္ခိပိတွာ၊ ၍။ ဥပရိ၊ အထက်၌။ ဝိမိလိကာယ၊ ဖြင့်။ သိဗ္ဗန္တိ၊ ချုပ်အပ်၏။ ဇာတိအဃံအဓိပ္ပါယော၊ ကို။ ဝုတ္တံခုဏ္ဏော၊ ဆိုလိုသည်။ ဟောတိ၊ ၏။

---

● ခေါင်းအုံးပမာဏကို ပြခဲ့ပါ။

အလျားနှစ်တောင် အနံတောင်ဆုပ်မျှ ပမာဏပြုလုပ်ရပါသည်။

သီသပ္ပမာဏံနာမ ယဿ ဝိဇ္ဇာရတော တီသု
ကောဋေသု ဒွိန္နံ အန္တရံ ဝိဒတ္ထိ စတုရင်္ဂုလံ
မဇ္ဈေ မုဋ္ဌိရတနံ ဒီဃတော ဒိယဍ္ဎရတနံဝါ ဒွိ
ရတနံဝါ။

သီသပ္ပမာဏံနာမ၊ မည်သည်၊ ယဿဝိဇ္ဇာဟနဿ၊ အကြင်အုံး၏။ ဝိဇ္ဇာရတော၊ အားဖြင့်။ တီသုကောဋေသု၊ သုံးထောင့်တို့တွင်။ ဒွိန္နံကောဋာနံ၊ နှစ်ထောင့်တို့၏။ အန္တရံ၊ အကြားသည်။ ဝိဒတ္ထိစတုရင်္ဂုလံ၊ တထွာလက်လေးသစ်ရှိသည်။ ဟောတိ၊ ၏။ မဇ္ဈေ၊ ၌။ မုဋ္ဌိရတနံ၊ တောင်ဆုပ်ရှိသည်။ ဟောတိ၊ ၏။ ဒီဃတော၊ အလျားမှ။ ဒိယဍ္ဎရတနံဝါ၊ တတောင့်ထွာသည်ရင်း၊ ဒွိရတနံဝါ၊ သည်ရင်း။ ဟောတိ၊ ၏။

---

## နိသီဒန သိက္ခာပုဒ်

◉ နိသီဒိုင်သင်္ကန်း၏အဓိပ္ပါယ်ကို ဖြည့်စုံစွာရေး၍ ထိုသင်္ကန်း၏ ပြုလုပ်ပုံကိုလည်း ရေးခဲ့ပါ။

အခွန်းတဘက်မှ အမြိတ်အဆာသုံးခုပါသော သင်္ကန်းကို နိသီဒိုင်သင်္ကန်းဟု ခေါ်ပါသည်။ ပြုလုပ်ပုံကား- သင်္ကန်းဟောင်းတခုခုကို ဖြန့်ခင်း၍ အခွန်း တဘက်မှ မြတ်စွာဘုရား၏ တထွာမျှရှိသောအရပ်ကို သုံးထပ်အညီအမျှ ချုံး၍ ခေါက်ရိုးထင်ရာ နှစ်ဌာန၌ ဒါးဖြင့် ဖြတ်၍ အမြိတ်အဆာသုံးချဖြစ်အောင် ပြုလုပ်ရပါမည်။

နိသီဒနန္တိ သန္ထတသဒိသံ သန္ထရိတွာ ကတဿ
အန္တေ သုဂတဝိဒတ္ထိပ္ပမာဏံ ဒွိသု ဌာနေသု

ပါဒလေတွာ ကာတာဘာပိ တိပိ ဒသာဘာပိ ယုတ္တသာ
ပရိက္ခာရသေသတံ နာမံ။

နိသီဒနန္တိ စေတို၊ အမည်သည်၊ သန္ထတသဒိသံ၊ သိုးမွေးအခင်းနှင့် တူသွာ၊ သန္ထရိတွာ၊ ခင်း၍။ ကေသ္မိ အန္တေ၊ တနေသော အစွန်း၌။ သုဂတဝိဒတ္ထိပမာဏံ၊ ကိုး၊ ဒွိသုဂတ္တနေသု၊ အရပ်တို့၌။ ဖါလေတွာ၊ ၍။ ကတာဘာပိ၊ ကုန်သော။ တိပိဒသာဘာပိ၊ သုံးခုကုန်သောအဆာကို နှင့်။ ယုတ္တသာ၊ ယှဉ်သော၊ ပရိက္ခာရသာ၊ ၏။ နာမံ၊ တည်း၊

---

## ကဏ္ဍုပ္ပဋိစ္ဆာဒိ ဓိကစ္ဆမုခ

ဤအမာလွှမ်းသင်္ကန်းကို အဘယ်အကျိုးငှာ ခွင့်ပြုတော်မူရပါသနည်း။

ချက်မှအောက်၊ ဒူးဆစ်မှအထက်၊ အနာပေါက်လျှင် သင်းပိုင်စသည်ကို ပေကျံမည်ဖိုးသောကြောင့် ထိုအနာများကို ဖုံးလွှမ်း ကာကွယ်ရန် အကျိုးငှါ အမာလွှမ်း သင်္ကန်းကို ခွင့်ပြုရပါသည်။

အမှာ။ ယခုနား သာဓက အခြားအနာများကိုလည်း အသုံးပြုနိုင်သေးသည်။

ကဏ္ဍုပ္ပဋိစ္ဆာဒိန္တိ အဓော နာဘိ ဥဗ္ဘဇာဏုမဏ္ဍလံ ကဏ္ဍုပိဠကာ အဿာဝ ထုလ္လကစ္ဆာ ဗာဓာနံ ပဋိစ္ဆာဒနတ္ထံ အနုညာတံ စီဝရံ။

ကဏ္ဍုပ္ပဋိစ္ဆာဒိန္တိ၊ ဟူသည်။ အဓောနာဘိ ဥဗ္ဘဇာဏုမဏ္ဍလံ၊ ချက်အောက်ပုဆစ်ဒူးဝန်း အထက်၌။ ကဏ္ဍုပိဠကအဿာဝ ထုလ္လ

ကဿပမာဓောင်း၊ ဝဲဝယ်, ဥင်းဘားနီ ဂ်နာ ,ရုဘာသသရေး နှဒမ်းနီဘုံကို၊
ပနီဿာဒန်ဖွံ၊ ငါး အနဲညာကာ၊ ဂို ပြိုတော်မူအဝိ ဓေဘ။ စိတ်ရုံ၊ တည်း၊
သုဒ္ဓပါဝတ် ပြီး၏။

---

## ပါဠိဒေသနိ
## မဒ္ဒ ပါဠိဒေသနိ

● ပါဠိဒေသနိ ၏ အဓိပ္ပါယ်ကို ဖော်ပြ၍ ယင်း အာပတ်၏ ဒေသနာပြုနည်းကိုလည်း ရေးခဲ့ပါ။

အခြား အာပတ်များကဲ့သို့ ဒေသနာ မပြောကြားရဘဲ ပါဠိယံအရအားဖြင့် သိကျွန်ပြီးတော် အတိုင်း အသီးအခြား ဒေသနာ ပြောကြားရသည်ကို ပါဠိဒေသနီ ဟုခေါ်ပါသည်။ ယင်းပါဠိဒေသနီ အာပတ်ကို ပါဠိယံ အရသော ဖြင့် အာပတ္တိံ အာပဇ္ဇိံ ပါဠိဒေသနီယံ တံ ပဋိဒေသေမိ ဟု ပြောကြားရပါမည်။

---

● ဥပါသိကာသမ္ပုဒ်အရ ခါဒနီယ ဘောဇနီယများကို မည်သည့်အရပ်၌ မခံရကောင်းသည်။ မည်သည့်အရပ်မှာ ခံယူကောင်းသည်တို့ကို ခွဲခြား ပြခဲ့ပါ။

ဘေးရှိသူ ဆိတ္တေ ရွာတွင်း ရွာတွင်း အိမ်တွင်း၌ ရှိနေရိုက် ဘေးရှိမှသာ မခံယူကောင်းပါ၊ အရံ့မှာသာရ ဟုတ်သည့် ကျောင်းဝင်းတွင်း စသည်၌ ဘေးရှိ ပါက ခံယူကောင်းပါသည်။

> အန္တရာရာမာဒိသု ဌတွာ ဒဒမာနာယ ဟတ္ထ
> တော သယံ ရထိယာ ဗျူဟသိင်္ဃာဋက စာရာနံ
> အညတရသ္မိံ ဌိတောပိ ဂဏှာတိ ဒေါသောနတ္ထိ။

အန္တရာရာမာဒိသု၊ ရွာတွင်းကျောင်း စသည်တို့၌။ ဌတွာပိ၊ သော်လည်း။ ဒဒမာနာယ၊ သော။ တဿ၊ ထိုရဟန်း မိန်းမ၏။ ဟတ္ထတော၊ မှ။ ခါဒနီယ ဘောဇနီယံ၊ ကို။ သယံ၊ မိမိသည်။ ရထိယာ၊ ထုတ်ချင်းထွင်းသောခရီး။ ဗျူဟ၊ ထုတ်ချင်းမထွင်းသောခရီး။ သိင်္ဃာဋက၊ ခရီးဆုံ။ ဃရာနံ၊ အမျိုးအိမ်တို့တွင်။ အညတရသ္မိံ၊ တပါးပါး၌။ ဌိတောပိ၊ ရပ်လျက်လည်း။ ဂဏှာတိ၊ ခံအံ့။ ဒေါသော၊ သည်။ နတ္ထိ၊ မရှိ။

---

● အမျိုးမတော်သော ဘိက္ခုနီမ၏ လက်မှ ယာဝကာလိက ဝတ္ထုကို ခံယူ စားသောက်မှုတို့ အတွက် သင့်ရောက်သော အာပတ်ဘို့ကို ပြခဲ့ပါ။

မျိုရန်အလို့ငှါ ခံယူက ဒုက္ကဋ်အာပတ်သင့်၏။ စားသောက်ရန်အတွက် မျိုချတိုင်း မျိုချတိုင်း ပါဋိဒေသနီအာပတ်သင့်၏။

အမှာ။ ယာမကာလိက စသည်တို့အတွက် ခံယူ စားသောက်မှုတို့အတွက် ဒုက္ကဋ်ချည်းသာမှတ်။

> ယံကိဉ္စိ အာမိသံ အညောဟာရကာညာယ ဂဏှတော ပဋိဂ္ဂဟဏေဒုက္ကဋံ အဇ္ဈောဟာရေ အဇ္ဈောဟာရေ ပါဋိဒေသနီယံ။

ယံကိဉ္စိ၊ တစုံတခုသော။ အာဒိယံ၊ ကို။ အဇ္ဈောဟရဏကာဇ္ဈာယ၊ ၄ါ။ ပဋိဂ္ဂဏှာတော၊ ရဟန်းအား။ ပဋိဂ္ဂဟဏော၊ ကြောင့်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ အဇ္ဈောဟာရေ အဇ္ဈောဟာရေ၊ မျိုချတိုင်း မျိုချတိုင်း။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

◉ ဤသိက္ခာပုဒ်အရ မည်သည့် နည်းမျိုးဖြင့် ခံယူလျှင် မည်သည့်အပြစ်မှ လွတ်ပါမည်နည်း။

အဆွေမတော်သူ ဘိက္ခုနီမက သူ့လက်ဖြင့် ကိုင်၍ သူကိုယ်တိုင် မလှူဘဲ ရဟန်း၏ ဆွေမျိုးဖြစ်သူ ဘိက္ခုနီအား အလှူခိုင်းသည်ကို ခံယူခြင်း ရဟန်း၏ အနီးအပါး၌ ချထား၍ လှူသည်ကို ခံယူခြင်း ဘိက္ခုမာန် သာမဏေတို့လက်မှ ခံယူမှုတို့အတွက် အာပတ်မှ လွတ်ပါသည်။

## ဒုတိယ ပါဋိဒေသနီ သိက္ခာပုဒ်

◉ ဤ သိက္ခာပုဒ်၌ ဗိုရင်ပုံ အခြင်းအရာ ဝေါသာ သနာကာရပြုပါ၍ တားမြစ်မောင်းမဲပုံပြုပါ၍တို့ကိုသေချာစွာ ဖော်ပြခဲ့ပါ။

ဝေါသာသနာကာရပြုပါ၍ကား ရှုသွေ့ပံဒေထ ရှုစ ဩဒနံဒေထ ဖြစ်ပါသည်၊ တားမြစ် မောင်းမဲပုံပြုပါ၍ကား အပသက္က တာဝ ဘဂိနိ ယာဝ ဘိက္ခူ ဘုဉ္ဇန္တီတိ ဖြစ်ပါသည်။

ရူစ သူပန္တိ အာဒိဝေါဟာသာသနာကာရဒဿန အပ
သက္က တာဝ ဘဂိနီတိ အာဒိ အပသာဒေတဗ္ဗာ
ကာရ ဒဿနံ။

ရူစသူပန္တိအာဒိ၊ စကားသည်။ ဝေါဟာသာသနာကာရဒဿနံ၊စီရင်သောအခြင်းအရာကို ပြသောစကားတည်း။ အပသက္ကတာဝဘဂိနီတိ အာဒိ၊ စကားသည်၊ အပသာဒေတဗ္ဗာကာရဒဿနံ၊ မောင်မဲ့အပ်သော အခြင်းအရာကို ပြသောစကားတည်း။

---

ဘိက္ခုနီမ၏ စိမံ ဖွက်ဖက်နေသည့် ဆွမ်းကို မတားမြစ်ဘဲ စားမြဲစားနေသော ရဟန်းအား အာပတ်မှ လွတ်အောင် မည်သို့ပြုလုပ်မည်နည်း။

မိမိဘိက္ခုနီ၏ဆွမ်းကို သူတပါးတို့အား အလှူခိုင်းသောရဟန်းမ၏ စီမံဖွက်ဖက်မှု, သူတပါးတို့၏ဆွမ်းကို မိမိလှူလျက် စီမံမှု, မလှူရသေးသည်ကို အလှူခိုင်းလျက် စီမံမှု, မလှူရသေးသော ရဟန်းအား အလှူခိုင်းလျက် စီမံမှု, အားလုံးတို့အား အညီအမျှ လှူစေလျက် စီမံမှု တို့ကို မတားမြစ်ဘဲ နေပါက အာပတ်မသင့်ပါ။

---

## တတိယ ပါဋိဒေသနီ

မည်သည့်အချိန်က ပင့်ဖိတ် မထားသည်ကို ပုဗ္ဗေအနိမန္တိတ ခေါ်သည်ကို ဖြေဆို၍ မည်သို့သော ပုဂ္ဂိုလ်မျိုးကို အဂိလာန ခေါ်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

သေက္ခသမ္မုတ အမည်ရသော ဒါယကာတို့၏ နေထိုင်ရာ အိမ်၏ ဥပစာအတွင်းသို့ မသက်ဆင်းမီ ပင့်ဖိတ်မထားသည်ကို ပုဗ္ဗေအနိမန္တိတ ဟုခေါ်ပါသည်။ ဆွမ်းခံသွားနိုင်သည့် ပုဂ္ဂိုလ်မျိုးကို အဂိလာနဟု ခေါ်ပါသည်။

> ပုဗ္ဗေ အနိမန္တိတောတိ ဃရူပစာရောက္ကမနတော ပဋ္ဌမတရံ ဥပစာရံ အနောက္ကန္တေယေဝ ပုဗ္ဗေ အနိမန္တိတော၊ အဂိလာနောနာမ ယော သက္ကောတိ ပိဏ္ဍာယ စရိတုံ။

ပုဗ္ဗေအနိမန္တိတောတိ၊ ဟူသည်။ ဃရူပစာရောက္ကမနတော၊ အိမ်၏ ဥပစာသို့ သက်သည်မှ။ ပဋ္ဌမတရံ၊ ရှေး၌၊ ဥပစာရံ၊ သို့။ အနောက္ကန္တေယေဝ၊ မဆင်းသက်မီလျှင်။ အနိမန္တိတော၊ မဖိတ်အပ်သော၊ အဂိလာနောနာမ၊ မည်သည်၊ ယောဘိက္ခု၊ သည်။ ပိဏ္ဍာယ၊ ငှါ။ စရိတုံ၊ ငှါ။ သက္ကောတိ၊ ၏။

---

❁ ဤသိက္ခာပုဒ်၌ ပုဗ္ဗေ အနိမန္တိတ ရဟန်းသည် သေက္ခသမ္မုတကုလမှ မည်သည့် ခဲဘွယ် ဘောဇဉ်ကိုမှ မခံယူ မသုံးဆောင်ကောင်းဟု မှတ်ရမည်လော။

ဆွမ်းစားစရပ် စသည်တို့သို့ ဆောင်ယူလှူဒါန်းသော အပ်သော ခဲဘွယ် ဘောဇဉ်မျိုး, ရဟန်းကို မမြင်ရမီကပင် အိမ်အပြင်သို့ ထုတ်၍ လှူရန် ပြင်ဆင်ထားသည့် ခဲဘွယ်ဘောဇဉ်မျိုး, သေက္ခသမ္မုတကုလတို့က လှူအပ်သော နိစ္စဘတ်, သလာကဘတ်, ပက္ခိကဘတ်, ဥပေါ

သထိကဘတ်, ပါဒိပဒိကဘတ်မျိုးတို့ကို ခံယူသုံးဆောင်မှုတို့အတွက် အာပတ်မသင့်ပါ။

### စတုတ္ထပါဋိဒေသနီ

ဤသိက္ခာပုဒ်၌ ပုဗ္ဗေအပ္ပဋိသံဝိဒိတံဟောဝယ် ပုဒ်အရ မည်သည့်အချိန်အခါကို ယူရမည်ဟု ပေါ်ပြပြီးလျှင် အပ္ပဋိသံဝိဒိတဘောဇဉ် ဟူသည် မည်ကဲ့သို့သော ဘောဇဉ်မျိုးပါနည်း။

ပုဒ်အရ အရာမ်၏ဥပစာသို့မရောက်မီ အချိန်အခါကို ယူရပါမည်။ တင်ကြို၍ လျှောက်ထားခြင်း မရှိသည့် ခဲဖွယ်ဘောဇဉ်ကို အပ္ပဋိသံဝိဒိတဟု ခေါ်ပါသည်။

အာရာမံဝါ အာရာမူပစာရံဝါ ပဝိသိတွာ ဣတ္ထန္နာ
မဿ ဘန္တေ ကုလဿ ခါဒနီယံဝါ ဘောဇနီ
ယံဝါ အာဟရိယိဿတီတိ အာရောစိတံ။

အာရာမံဝါ၊သို့ရင်း၊ အာရာမူပစာရံဝါ၊ သို့ရင်း။ ပဝိသိတွာ၊ ၍။ ဘန္တေ၊ဟို။ ဣတ္ထန္နာမဿ-ဤမည်ရှိသော။ ကုလဿ-ကုလေ၏ အမျိုးသည်။ ခါဒနီယံဝါ၊ ကိုရင်း။ ဘောဇနီယံဝါ၊ ကိုရင်း။ အာဟရိယိဿတိ၊ ဆောင်ခဲ့လတ္တံ့။ ဣတိ-ဤသို့။ အာရောစိတံ၊ ကြားအပ်၏။

---

ကြိုတင် လျှောက်ထား စဉ်က မည်သူသည် ကြက်သားဟင်း လာလှူပါလိမ့်မည်ဟု ပြောကြားသော်လည်း လာသည့်အခါ ထိုကြက်သားဟင်းတွင်မက အခြားသော ဟင်းများနှင့် ဆွမ်းများ ပါလာသော်ငြား၊

မူလ ကျွောက်ရင်း ဒါယကာနှင့် အတူ ပါလာသော ဒါယကာ၏စားသောက်ဘွယ်ကိုလှူလိုပါက စားကောင်းသည် မစားကောင်းသည်ကို ဆုံးဖြတ်ခဲ့ပါ။

မူလကြိုတင်ကျွောက်ထားသော ခဲဘွယ်ဘောဇဉ်နှင့် အတူပါလာသည့်ခဲဘွယ်ဘောဇဉ်အားလုံးမှာပဋိသံဝိဒိတ ချည်း ဖြစ်သောကြောင့် စားကောင်းပါသည်။ မူလ ဒါယကာနှင့်အတူ ပါလာသော ဒါယကာ၏ ခဲဘွယ် ဘောဇဉ်ကိုလည်း စားကောင်းပါသည်။

> တဿ ပရိဝါရံ ကတွာ အညံ ဝါ တေန သဒ္ဓိံ
> ဗဟုကမ္ပိ ရဉ္ဉာနာမံ ကုလံ ပဋိသံဝိဒိတံ ကတွာ
> ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ဂဟေတွာ ဂစ္ဆတိတိ
> သုတွာ အညာနိ ဝါ ကုလာနိ တေဟိ သဒ္ဓိံ
> အာဟာရန္တိ၊ တံ သဗ္ဗံ ပဋိသံဝိဒိတံနာမ။

တဿ၊ ထိုစားသောက်ဘွယ်၏။ ပရိဝါရံ၊ ကို။ ကတွာ၊ ၍၊ အညံ ဝါ၊ တပါးသော ခဲဘွယ်ဘောဇဉ်ကိုမူလည်း။ တေန၊ ထိုကြိုတင်ကျွောက် ထားသော ခဲဘွယ်နှင့်။ သဒ္ဓိံ၊ တကွ။ ဗဟုကမ္ပိ၊ များစွာလည်း။ အာဟရိယတု၊ ဆောင်သည်ဖြစ်စေ။ ဇူဏ္ဏံနာမံကုလံ၊ သည်။ ပဋိသံဝိဒိတံ ကတွာ၊ ကြားသည်ကိုပြု၍။ ခါဒနီယံ ဝါ၊ ကိုရင်း။ ဘောဇနီယံ ဝါ၊ ကိုရင်း၊ ဂဟေတွာ၊ ၍။ ဂစ္ဆတိတိ၊ သွား၏ဟူ၍။ သုတွာ၊ ၍။ အညာနိ ဝါ ကုလာနိ၊ တို့သည်မူလည်း။ တေဟိ၊ ထိုကြားသောသူတို့နှင့်။ သဒ္ဓိံ၊ တကွ။ အာဟရန္တိ၊ ဆောင်သည်ဖြစ်စေကုန်၊ တံသဗ္ဗံ၊ သည်။ ပဋိသံဝိဒိတံနာမ၊ မည်၏။

ကြိုတင် မလျှောက်ကြား အပ်သော ခဲဖွယ် ဘောဇဉ်များကို စားသောက်ပါလျက် အာပတ်မသင့် ဟု ဆိုလျှင် မည်သည့်အကြောင်းအရာမျိုးပါနည်း။

ပဋိသံဝိဒိတာ ဝသေသက, ဂိလာန ဝသေသက ခဲဖွယ် ဘောဇဉ်မျိုး ကျောင်းတိုက် အရပ်၏ ပြင်ပ၌ ခံယူအပ်သော ခဲဖွယ်ဘောဇဉ်မျိုး, ကျောင်းတိုက်အရပ် တွင်း၌ ဖြစ်ပေါ်လာသော သစ်သီး စားသောက်ဖွယ် တို့ကို စားသုံးခြင်းကြောင့် အာပတ်မှလွတ်ပါသည်။

ယောစ ပဋိသံဝိဒိတံ ဂိလာန ဝသေသကံဝါ
ဗဟာရာမေဝါ ပဋိဂ္ဂဟိတံ တတ္ထ ဇာတကမေဝ
မူလဖလာဒိံ ယာမကာလိကာ ဒိသု ဝါ ယံကိဉ္စိ
သတိ ပစ္စယေ ပရိဘုဉ္ဇတိ လဒ္ဓံ ပရိဘုဉ္ဇန္တဿ။

ယောစဘိက္ခု၊ အကြင်ရဟန်းသည်လည်း။ ပဋိသံဝိဒိတဂိလာန ဝသေသကံ၊ ကြားအပ်သည်၏အကြွင်း သူနာ၏ အကြွင်းသည်ရင်း။ ဗဟာရာမေ၊ အရပ်ပ၌။ ပဋိဂ္ဂဟိတကံဝါ၊၊ ခံယူအပ်သော ခဲဖွယ် ဘောဇဉ်ကိုရင်း။ တတ္ထဇာတကမေဝ၊ ထိုအရပ်၌သာလျှင် ဖြစ်သော။ မူလဖလာဒိံဝါ၊၊ သစ်မြစ်သစ်သီး စသည်ကိုရင်း။ ယာမကာလိကာဒိသု ဝါ၊၊ တို့တွင်လည်း။ ယံကိဉ္စိ၊ ကို။ ပစ္စယေ၊ သည်။ သတိ၊ သော်။ ပရိဘုဉ္ဇတိ၊ ၏။ တဿ၊ ထိုရဟန်းအားရင်း။ လဒ္ဓံ၊ မိမိလက်ဖြင့် မခံဘဲ ရအပ်သော ယာဝကာလိကကို။ ပရိဘုဉ္ဇန္တဿ၊ အား။ (အနာပတ္တိ၊ မသင့်)။

ပါဠိဒေသနာ ပြီး၏။

## သေခိယ

### ပရိမဏ္ဍလ သိက္ခာပုဒ်

အဘယ့်ကြောင့် သေခိယမည်သည်ကို ဖြေဆိုရ၍ ဤသိက္ခာပုဒ်၏ကျင့်ဝတ်ကို အာရာမ အန္တရဃရနှစ်ဌာနတွင် မည်သည့်ဌာနတွင်ကျင့်ရမည်နည်း။အဘယ်ကြောင့် သင်္ချာမဘာတ်သည်တို့ကိုလည်း ပေါ်ပြခဲ့ပါ။

ကျင့်အပ်သောကြောင့် သေခိယ ဟု ခေါ်ပါသည်။ ဤသိက္ခာပုဒ်ကို အာရာမ အန္တရဃရ နှစ်ဌာနလုံးတွင် ကျင့်သုံးရပါမည်။ သင်္ချာမဘာတ်ရခြင်းကား- ဝတ္တက္ခန္ဓက၌ လာသောဝတ်တို့သည်လည်း သေခိယပင် မည်သောကြောင့် ဤ၌ သင်္ချာမတာပ်ပါ။

သိက္ခာကရဏီယာတိ ဧဝံ နိဝါသေဿာမိတိ
အာရာမေပိ အန္တရဃရေပိ သဗ္ဗတ္ထ သိက္ခာ
ကာတဗ္ဗာ ဧတ္ထ စ ယသ္မာ ဝတ္တက္ခန္ဓကေ ဝုတ္တ
ဝတ္တာနိပိ သိက္ခိတဗ္ဗတ္တာ သေခိယာနေဝ။

သိက္ခာကရဏီယာတိ၊ ကား၊ ဧဝံ၊ ဤသို့ ထက်ဝန်းကျင် ညီစွာ၊ နိဝါသေဿာမိတိ၊ သင်းပိုင်ကို ဝတ်အံ့ဟု။ အာရာမေပိ၊ ၌ရင်း။ အန္တရဃရေပိ၊ ၌ရင်း။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောအရပ်၌။ သိက္ခာ၊ ကျင့်ခြင်းကို။ ကာတဗ္ဗာ၊ ၏။ ဧတ္ထ စ၊ ဤသိက္ခာပုဒ်တို့၌လည်း။ ယသ္မာ၊ ကြောင့်။ ဝတ္တက္ခန္ဓကေ၊ ၌။ ဝုတ္တဝတ္တာနိပိ၊ ဟောတော်မူအပ်သော ဝတ်တို့သည်လည်း၊ သိက္ခိတဗ္ဗတ္တာ၊ ကြောင့်၊ သေခိယာနေဝ၊ မည်ကုန်သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။

အပရိမဏ္ဍလဖြစ်သော ဝတ်ပုံတို့ကို စုံလင်စွာ ဖေါ်ပြခဲ့ပါ။

ဥဘတော ဩလမ္ဗက နိဝါသန , ဟတ္ထိ သောဏ္ဍက နိဝါသန, မစ္ဆဝါလကနိဝါသန, စတုက္ကဏ္ဏကနိဝါသန, တာလဝဏ္ဋကနိဝါသန, သတဝလိကနိဝါသန,သံဝေလ္လိယနိဝါသနတို့ ဖြစ်ပါသည်။

ဆောင်။ ဩလမ္ဗက၊ သောဏ္ဍက၊ မစ္ဆ စတုက္ကဏ်။
တာလ သတ၊ ဝေလ္လိယ၊ မှတ်ကြ ခုနစ်တန်။

မှတ်ချက်။ ယင်းတို့၏ အဓိပ္ပါယ်ကို ပါဠိနှင့် တွဲမပြတော့ဘဲ တခုစီ ပြသွားပေအံ့။

ရှေ့မှဖြစ်စေ နောက်မှဖြစ်စေ တွဲလျားချ၍ ဝတ်ခြင်းသည် **ဥဘတောဩလမ္ဗကနိဝါသန** မည်၏။ ချက်ရင်းမှ စ၍ ဆင်နှာမောင်းကဲ့သို့ တွဲလျားချ၍ ဝတ်ခြင်းသည် **ဟတ္ထိသောဏ္ဍက**မည်၏။ တဘက်ကအမြွတ်စွန်း တဘက်က အပ်ထောင့်စွန်းကိုချလျက် ငါးကျင်းမြီးကဲ့သို့ ဝတ်ခြင်းသည် **မစ္ဆဝါလက** မည်၏။ အပေါ်က အစွန်းနှစ်ခု အောက်က အစွန်းနှစ်ခုထားလျက် အစွန်းလေးခု ထွက်အောင်ဝတ်ခြင်းသည် **စတုက္ကဏ္ဏက** မည်၏။ ထန်းရွက် ယပ်ငန်းကဲ့သို့တွဲလျားချ၍ဝတ်ခြင်းသည် **တာလဝဏ္ဋက** မည်၏။ အထပ်ပေါင်းများစွာပြု၍ အတွန့် အလိပ် ပြု၍

ဝတ်ခြင်းသည် သဘာဝဆိတ မည်၏။ အောက်ပိုး ခါးတောင်းကျိုက်၍ ဝတ်ခြင်းသည် သံဝေလ္လိယ နိဝါသန မည်၏၊

---

မည်သည့် သိက္ခာပုဒ်များသည် မည်သည့် ဖြည့်၍ ပညတ်ကြောင်းကို အသီးသီး ရေးခဲ့ပါ။

သုရုသုရုကာရက ဂါထ၌ ပထမသိက္ခာပုဒ်ကို ကောသမ္ဗီပြည်၌ ရဟန်းများစွာကို၊ ပါနီယထာလက-နှင့် သသိတ္ထကသိက္ခာပုဒ်နှစ်ခုကို ဘဂ္ဂတိုင်း၌ များစွာသော ရဟန်းတို့ကို၊ ကြွင်းသော သိက္ခာပုဒ် (၇၂) ပါးကို သာဝတ္ထိပြည်၌ ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ပညတ်ပါသည်။

> သုရုသုရုကာရကံ ကောသမ္ဗိယံ ပညတ္တံ သာမိ
> သေန ဟတ္ထေန ပါနီယထာလကံ သသိတ္ထက
> ပတ္တဓောဝနပဋိသံယုတ္တဒွယံ ဘဂ္ဂေသု သံသုမာရဂိရေ
> ဘိက္ခူ အာရဗ္ဘ၊ သေသာနိ သဗ္ဗာနေဝ သာ
> ဝတ္ထိယံ ဆဗ္ဗဂ္ဂိယေ အာရဗ္ဘ ပညတ္တာနိ
> သနာဒိဝဏ္ဏနာသု ပညတ္တာနိ။

သုရုသုရုကာရကံ၊ သိက္ခာပုဒ်ကို။ ကောသမ္ဗိယံ၊ ၌။ ပညတ္တံ၊ ၏၊ သာမိသေန၊ သော။ ဟတ္ထေန၊ ဖြင့်။ ပါနီယထာလကံ၊ သောက်ရေခွက်ကိုကိုင်သော သိက္ခာပုဒ်ရင်း။ သသိတ္ထကပတ္တဓောဝနပဋိသံယုတ္တံ၊ ထမင်းလုံးနှင့်တကွ သပိတ်ဆေးရေကိုကိုင်သော သိက္ခာပုဒ်ရင်း၊ ဣတိ ဣဒံဒွယံ၊ ဤနှစ်ပါးစုံသော သိက္ခာပုဒ်ကို။ ဘဂ္ဂေသု၊ တိုင်း၌။ သမ္ဗဟုလေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ အာရဗ္ဘ၊ ပြု၍။ ပညတ္တာနိ၊ ကုန်၏။

သေသာနိ၊ ဆိုခဲ့ပြီးသောသိက္ခာပုဒ်တို့မှကြွင်းကုန်သော။ သဗ္ဗာနေဝ၊ အလုံးစုံသောသိက္ခာပုဒ်တို့ကိုလျှင်။ သာဝ တ္ထိယံ၊ ၌။ ဆဗ္ဗဂ္ဂိယေ၊ တို့ကို။ အာရဗ္ဘ၊ ၍။ ပညတ္တာနိ၊ ကုန်၏။

---

◉ ဃေဒိယလာ အနုပညတ်ပါရှိသည့် သိက္ခာပုဒ် တို့ကို ထုတ်ပြခဲ့ပါ။

အနုပညတ်ပါရှိသည့် သိက္ခာပုဒ်များကား–သဏ္ဍာရဝဂ် သဏ္ဍာမသိက္ခာပုဒ်, သုရုသုရဝဂ် အဆုံးသိက္ခာပုဒ်လေးပုဒ်, ပါဒုကဝဂ်–တဆဲ့ငါး ပေါင်း နှစ်ဆယ်တည်း။ (ပညတ် မှာ ဂိလာန အနုပညတ်ဖြစ်၏။)

> သူပေါဒနဝိညတ္တိယံ ဓမ္မဒေသနာဒိသု စ ဂိလာန
> ဝသေန ဒေကာ အနုပညတ္တိ။

သူပေါဒနဝိညတ္တိယဉ္စ၊ သူပေါဒနဝိညတ္တိသိက္ခာပုဒ်၌၎င်း။ ဓမ္မဒေ သနာဒိသု စ၊ ဓမ္မဒေသနာသိက္ခာပုဒ် စသည်တို့၌၎င်း။ ဂိလာနဝသေန၊ သူနာ၏အစွမ်းဖြင့်။ ဧကာ၊ တခုသော။ အနုပညတ္တိ၊ သည်။ ဟော တိ၊ ၏။

---

◉ နူးခေါင်း၌သော ငင်း, ခြေသလုံး၌သော ငင်း အနာရှိ၍ သင်းပိုင်ကိုပင့်၍ဖြစ်စေ ချ၍ ဖြစ်စေ လက်ရှစ် သစ်ထက်လွန်စွာဝတ်ပါက အပြစ်ရှိ မရှိ ဝေဘန်ခဲ့ပါ။

ဝတ်ကောင်းပါသည်။

ဂိလာနဿာတိ ယဿ ဖာသုယာဝါ ပါဒေဝါ
ဝဏော ဟောတိ တဿ ဥက္ခိပိတွာဝါ ဩသ
ာရေတွာဝါ နိပဇ္ဇာပေတုံ ဝဋ္ဋတိ။

ဂိလာနဿာတိ၊ ဟူသည်။ ယဿ ဘိက္ခုနော၊ အား။ ဖာသုယာ ဝါ၊ မြင်းခေါင်းနှင့်ရင်း။ ပါဒေဝါ၊ ခြေ၌ရင်း။ ဝဏော၊ အနာသည်။ ဟောတိ၊ ရှိသည်ဖြစ်အံ့။ တဿ၊ ထိုရဟန်းအား။ ဥက္ခိပိတွာဝါ၊ ချီ၍ သော်ရင်း။ ဩသာရေတွာဝါ၊ ချ၍သော်ရင်း။ နိပဇ္ဇာပေတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။

---

● သေခိယသိက္ခာပုဒ် အားလုံးနှင့် ဆက်ဆံသော အင်္ဂါများကို ပြဆိုခဲ့ပါ။

မရိုသေသော စိတ်အားရှိခြင်း, အာပတ်မှ လွတ်ခွင့်ရသောအကြောင်းမရှိခြင်း တို့ဖြစ်ပါသည်။

**သတိပြု။** အားလုံးနှင့်ဆက်ဆံသောအင်္ဂါမှာ နှစ်ပါးသာ၊ သက်ဆိုင်ရာသိက္ခာပုဒ်၏ အင်္ဂါတပါးကိုလည်းက • ၁ပုဒ် တပုဒ်လျှင် အင်္ဂါသုံးပါးစီ ဖြစ်၏။ ဥပမာ-ပရိမဏ္ဍလ နိဝါသန သိက္ခာပုဒ်ဖြစ်လျှင် သင်းပိုင်ကို …ခြင်းတပါး ဟု ဆိုရပေမည်။

အနာဒရိယံ အနာပတ္တိကာရဏာဘာဝေါ အပရိ
မဏ္ဍလ နိဝါသနန္တိ ဣမာနေတ္ထ တီဏိ အင်္ဂါနိ။

အနာဒရိယံ၊ မရိုသေသည်လည်းဖြစ်စေ။ အနာပတ္တိကာရဏာဘာဝေါ၊ အာပတ်မသင့်ခြင်း၏ အကြောင်းမရှိသည်လည်း ဖြစ်စေ။ အပရိမဏ္ဍလံ၊ အဝန်းမညီစွာ နိဝါသနံ၊ ဝတ်သည်လည်း ဖြစ်စေ။ ဣတိ-ဣမာနိတီဏိ၊ တို့သည်။ ဧတ္ထသိက္ခာပဒေ၊ ဥ၊ အင်္ဂါနိ၊ တို့တည်း။

## ဒုတိယ ပရိမဏ္ဍလ သိက္ခာပုဒ်

ပရိမဏ္ဍလံပါရုပိဿာမိအရ ပရိမဏ္ဍလ ဖြစ်အောင် ဝတ်ပုံကိုပြ၍ ဂိဟိပါရုပန အမျိုး အစားတို့ကို လည်း ရေးခဲ့ပါ။

ပခုံး၌ တင်အပ်သော သင်္ကန်း၏ အနားစွန်းနှစ်ခုကို ညီစွာထား၍ ဝတ်ခြင်းကို ခေါ်ပါသည်။ ပါရုပနအမျိုး အစားကား-သေတပဋပါရုတ, ပရိဗ္ဗာဇက ပါရုတ,ဧက သာဋကပါရုတ, သုရာသောဏ္ဍ ပါရုတ, အန္တေပုရိက ပါရုတ, မဟာဇေဋ္ဌက ပါရုတ, ကုဋိပ္ပဝေသကပါရုတ, ဗြာဟ္မဏ ပါရုတ, ပါဠိကာရကပါရုတ အားဖြင့် ကိုးမျိုး ရှိပါသည်။

အမှာ။ပါရုပိဿာမိ၊ရုံအံ့ဟု ဆိုသော်လည်း ယခုကာလသင်္ကန်းရုံခြင်း မျိုးကို မဆိုလို။ ရမ်းခြင်းကို ဆိုလိုသည်။

ဂိဟိပါရုတံ အပါရုပိတွာ ဥဘောကဏ္ဍေ သမံ ကတွာ ပါရုပနံ ပရိမဏ္ဍလ ပါရုပနံနာမ။

ဂိဟိပါရုတံ၊ လူတို့၏ ရုံခြင်းကို။ အပါရုပိတွာ၊ မရုံမူ၍။ ဥဘော ကဏ္ဍေ၊ အစွန်းနှစ်ဘက်တို့ကို။ သမံကတွာ၊ အညီပြု၍။ ပါရုပနံ၊ ရုံခြင်း သည်၊ ပရိမဏ္ဍလံ၊ စွာ။ ပါရုပနံနာမ၊မည်၏။

---

## သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်

သုပ္ပဋိစ္ဆန္န ဂမန သုပ္ပဋိစ္ဆန္နနိသီဒန ဖြစ်အောင် သွားလာနေထိုင်ပုံတို့ကို ရေးခဲ့ပါ။

အနားပတ်သီးကို ကပ်ပြီးလျှင် လည်ပင်း, လက်ကောက်ဝတ်များကို ဖုံးမိလောက်အောင် သက်နုံးရုံ၍ သွားခြင်းကို သုပ္ပဋိစ္ဆန္န ဂမနု၊ လည်မျိုမှ အထက် ဦးခေါင်းကိုရင်း၊ လက်ကောက်ဝတ်မှ ပြင်ဘက်လက်ကိုရင်း၊ သလုံးသားမှအောက် ခြေကိုရင်း ဖေါ်ပြီးလျှင် အခြားကိုယ်အင်္ဂါများကို ဖုံး၍ ထိုင်ခြင်းသည် သုပ္ပဋိစ္ဆန္န နိသီဒနမည်၏။

ဂုဏ္ဖိကံ ပဋိမုဉ္စိတွာ အနုဝါကာသေန ဂိဝံ ပဋိစ္ဆာဒေတွာ ဥဘောကာဏ္ဏေ သမံကတွာ ပဋိသင်္ဂရိတွာ ယာဝ မဏိဗန္ဓံ ပဋိစ္ဆာဒေတွာ အန္တရဃရေ ဂမိဿာမိတိ အဇ္ဈေ၊ ဂလဝါဋကတော ပဋ္ဌာယ သီသံ မဏိဗန္ဓတော ပဋ္ဌာယ ဟတ္ထေ ပိဏ္ဍိကမံသတော ပဋ္ဌာယ ပါဒေ ဝိဝရိတွာ သေသံ ဆာဒေတွာ နိသိန္နော သုပ္ပဋိစ္ဆန္နော နာမ ဟောတိ။

ဂုဏ္ဖိကံ၊ ကမ္ဗလ်သီးကို။ ပဋိမုဉ္စိတွာ၊ ကပ်၍။ အနုဝါတန္တေန၊ အနားပတ်စွန်းဖြင့်။ ဂိဝံ၊ လည်ကို။ ပဋိစ္ဆာဒေတွာ၊ ၍။ ဥဘောကဏ္ဏေ၊ အစွန်းနှစ်ဘက်တို့ကို။ သမံကတွာ၊ ညီစွာပြု၍။ ပဋိသင်္ဂရိတွာ၊ ရုံးခု၍။ ယာဝ မဏိဗန္ဓံ၊ လက်ကောက်ဝတ်တိုင်အောင်။ ပဋိစ္ဆာဒေတွာ၊ ၍။ အန္တရဃရေ၊ ဌ။ ဂမိဿာမိ၊ အံ့။ ဣတိ အဇ္ဈေ၊ လျှင်။ အဇ္ဈေ၊ တည်း။ ဂလဝါဋကတော၊ ရေမျိုမှ။ ပဋ္ဌာယ၊ ၍။ သီသံ၊ ကို။ မဏိဗန္ဓတော၊ လက်ကောက်ဝတ်မှ။ ပဋ္ဌာယ၊ ၍။ ပါဒေ၊ တို့ကို။ ဝိဝရိတွာ၊ ဖွင့်၍။ သေသံ၊ ဆိုခဲ့ပြီးသည်မှ ကြွင်းသောကိုယ်ကို။ ဆာဒေတွာ၊ ၍၊ နိသိန္နော၊ သော်။ သုပ္ပဋိစ္ဆန္နောနာမ၊ မည်သည်။ ဟောတိ၊ ၏။

ဝါသူပဂတ ရဟန်း၏ အဓိပ္ပါယ်ကို ဖော်ပြ၍ သုပ္ပဋိဗုဒ္ဓ သိက္ခာပုဒ်မှ လွတ်နိုင်ခွင့်ရှိသော ရဟန်းကို လည်း ညွှန်းခဲ့ပါ။

မြို့တွင်း ရွာတွင်းသို့ တည်းခိုနေဆိုင်ခိုက် ဖြစ်သော ရဟန်းကို ဝါသူပဂတရဟန်းဟု ခေါ်ပါသည်။လွတ်နိုင်သော ရဟန်းမှာ ဝါသူပဂတ ရဟန်း ဖြစ်ပါသည်။

ဒုဿပနံ ဝါသူပဂတဿာ အနာပတ္တိ။

ဒွေပနေ၊ ဤသိက္ခာပုဒ်၌ကား။ ဝါသူပဂတဿ၊ မြို့တွင်းရွာတွင်း တည်းခိုနေရိပ်ရဟန်းအား။ အနာပတ္တိ၊ မသင့်။

---

## ဩက္ကမန္တေ စောဒ် သိက္ခာပုဒ်

ဩကျိုက္ခ စကျုအရ မည်မျှလောက်သော ကြည့်ရမည်ကို ဖြေဆိုပြီးလျှင် ဆင်, မြင်း, မော်တော်ကား တိုက်မည့်ဘေးရန်တို့မှ ကင်းဝေးရန် ကြည့်ရှုက အပြစ်မှ လွတ် မလွတ် ဝေဘန်ခဲ့ပါ။

ရှေ့ကို လေးတောင်လောက်မျှသာ ကြည့်ရှုရပါမည်၊ ဘေးရန်ရှိ၍ ကြည့်ရာ၌ အပြစ်မရှိပါ။

ပုရတော ယုဂမတ္တံ ဘူမိဘာဂံ ပေက္ခမာနော
ကောသ္မိံ ပန ဌာနေ ဌတွာ ဟတ္ထိ အဿာဒိ
ပရိဿယာဘာဝံ ဩလောကေတုံ ဝဋ္ဋတိ။

ပုရတော၊ ရှေ့မှ။ ယုဂမတ္တဘူမိဘာဂံ၊ ရထားထမ်းပိုးတပြန်မျှသော (ရထားထမ်းပိုးဟူသည်- လေးတောင်တည်း) အရပ်ကို။ပေက္ခမာနော၊

ကြည့်လျက်။ ဧကာသို့ ပန္ဒာနေ၌ ကား ငှုပ်၍ ရှိ ဟတ္ထိ အသံ ဒိပ ရိသံ ယာဘာဝံ၊ ဆင့်မြင်း၏ အသော ဘေးရန်မရှိသော အဖြစ်ကို။ ဩလော ကေတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။

---

## နဥဇ္ဈာယိက သိက္ခာပုဒ်

နဥဇ္ဈာယိကာအရ ဖြင်းကွာမရှယ်ရဟ ဆိုရာဝယ် မည်မျှလောက် ရှင်လျှင် အပြစ်မှ လွတ်နိုင်သည်ကို ရေးခဲ့ပါ။

ပြီးရုံလောက်သာ ငြိုးလျှင် ဥဇ္ဈာယိက သိက္ခာပုဒ်မှ လွတ်ပါသည်။

ဥဘယတ္ထ ဟသနီယသ္မိံ ဝတ္ထုသ္မိံ မိဟိဘာဝတ္တံ
ကရောန္တဿ အနာပတ္တိ။

ဥဘယတ္ထ၊ နှစ်ပါးစုံသော သိက္ခာပုဒ်၌။ ဟသနီယသ္မိံ၊ ရယ်ခြင်းကို ဖြစ်စေတတ်သော။ ဝတ္ထုသ္မိံ၊ ကြောင့်။ မိဟိဘာဝတ္တံ၊ ပြုံးကာမျှကို။ ကရောန္တဿ၊ အား။ အနာပတ္တိ၊ မသင့်။

---

## အပ္ပသဒ္ဒ သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ အပ္ပသဒ္ဒ- မဟာသဒ္ဒကို ခွဲခြား ပြခဲ့ပါ။

တဆဲ့နှစ်တောင်ကျယ်သောအရပ်ဝယ် မြောက်အစွန်၌ တပါး၊ အလယ်၌ တပါး၊ တောင်အစွန်၌တပါး ထိုင်လျှင် မြောက်ဆုံးပုဂ္ဂိုလ်က ခြောက်တောင်ခန့် ကွာဝေး

သော အလယ်ပုဂ္ဂိုလ်ကို လှမ်း၍ စကားပြောရာ၌ အလယ်ပုဂ္ဂိုလ်သော အသံကိုလည်း ကြား၊ စကား၏ အဓိပ္ပါယ်ကိုလည်း နားလည်၍ ထောင်အစွန်၌ နေသော ပုဂ္ဂိုလ်မှာ အသံကိုသာ ကြားက အပ္ပသဒ္ဒ ဖြစ်၏။ အကယ်၍ ထောင်အစွန်ပုဂ္ဂိုလ်မှာ ကွဲကွဲပြားပြား နားလည်က မဟာသဒ္ဒ ဖြစ်၏။

> အပ္ပံ ပနေတ္ထ အပ္ပသဒ္ဒတာ ပရိတ္တေဒေါ သစေ ဒွါဒသဟတ္ထေ ဂေဟေ အာဒိမှိ သံဃတ္ထေရေ မဇ္ဈေ ဒုတိယတ္ထေရေ အန္တေ တတိယတ္ထေရေတိ ဧဝံ နိသိန္နေသု ယံ သံဃတ္ထေရော ဒုတိယတ္ထေရေန သဒ္ဓိံ မန္တေတိ ဒုတိယတ္ထေရော စ တဿ သဒ္ဒံ သုဏာတိ ကထဉ္စ ဝဝတ္ထပေတိ တတိယတ္ထေရော ပန သဒ္ဒမေဝ သုဏာတိ ကထံ န ဝဝတ္ထပေတိ ဧတ္တာဝတာ အပ္ပသဒ္ဒေါ ဟောတိ သစေ ပန တတိယတ္ထေရော ကထဉ္စ ဝဝတ္ထပေတိ မဟာသဒ္ဒေါ နာမ။

အယံ ပနေ၍ ဤဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤသိက္ခာပုဒ်၌။ အပ္ပသဒ္ဒတာ ပရိတ္တေဒေါ၊ ငယ်သော အသံရှိသည်၏ အဖြစ်ကို ပိုင်းခြားခြင်းတည်း။ သစေပိ၊ လည်း။ ဒွါဒသဟတ္ထေ၊ သော။ ဂေဟေ၊ ၌။ အာဒိမှိ၊ အစ၌။ သံဃတ္ထေရော၊ သည်။ နိသိန္နော၊ သည်။ ဟောတိ၊ ၏။ မဇ္ဈေ၊ ၌။ ဒုတိယတ္ထေရော၊ သည်။ နိသိန္နော၊ သည်။ ဟောတိ၊ ၏။ အန္တေ၊ ၌။ တတိယတ္ထေရော၊ သည်။ နိသိန္နော၊ သည်။ ဟောတိ၊ ၏။ ဧဝံ၊ ဤသို့။ နိသိန္နေသု၊ ကုန်သော မထေရ်တို့တွင်။ သံဃတ္ထေရော၊ သည်။

ဒုတိယတ္ထေရေန၊ နှင့်၊ သိဒ္ဓိံ၊ တကွ။ ယံဝေစနံ၊ ကို။ မင်္ဂေ့တိ၊ ၏။ ဒုတိယတ္ထေရောစ၊ သည်လည်း။ တဿ၊ ထိုသံဃထေရ်၏။ သဒ္ဒံ၊ ကို၊ သုဏာတိ၊ ၏။ ကထဉ္စ၊ စကားကို။ ဝဝတ္ထပေတိ၊ ကွဲကွဲပြားပြားမှတ်သားနိုင်၏။ တတိယတ္ထေရောပန၊ သည်ကား။ သဒ္ဒမေဝ၊ လျှင်။ သုဏာတိ၊ ၏။ ကထံ၊ ကိုနဝဝတ္ထပေတိ၊ မှတ်သားနိုင်။ ဧတ္တာဝတာ၊ ဖြင့်။ အပ္ပသဒ္ဒေါ၊ ဟောတိ၊ ၏။ သစေပန၊ ကား။ တတိယတ္ထေရော၊ သည်။ ကထဉ္စ၊ စကားကိုလည်း။ ဝဝတ္ထပေတိ၊ အံ့။ မဟာသဒ္ဒေါ နာမ၊ မည်၏။

---

## ဥက္ကုဋိကာယ သိက္ခာပုဒ်နှင့် ပလ္လတ္ထိကာယ

ဤသိက္ခာပုဒ်၌ ဖဝါးဆွံ့နင်း၍သွား၏အဓိပ္ပါယ်ကို ဘော်ပြ၍။ ပလ္လတ္ထိကာယ သိက္ခာပုဒ်၌ လက်အာယောဂ ပတ် ပုဆိုးအာယောဂပတ်တို့၏ အဓိပ္ပါယ် တို့ကိုလည်း ရေးခဲ့ပါ။

ဖနောင့်ကိုမြှောက်၍ ခြေဖျားဖြင့်ထောက်၍ရင်း, ခြေဖျားကိုမြှောက်ပြီး ဖနောင့်တို့ဖြင့်ရင်း, သွားခြင်းကို ဖဝါး ဆွံ့နင်း၍ သွားခြင်းဟု ခေါ်ပါသည်။ ဒူးနှစ်ဘက်ကို ထောင်၍လက်ဖြင့် ပတ်ဖွဲ့လျက် ထိုင်ခြင်းကို ဟတ္ထပလ္လတ္ထိက လက်အာယောဂပတ်ဟုခေါ်ပါသည်။ သင်္ကန်းဖြင့် ရစ်သိုင်းပတ်ဖွဲ့၍ ထိုင်ခြင်းကို ဒုဿအာယောဂပတ် ပုဆိုး အာယောဂပတ်ဟု ခေါ်ပါသည်။

ဥက္ကုဋိကာ ·ဂုဏ္ဍိပဏှိယော ဥဂ္ဂိပိတွာ အဂ္ဂပါဒေဟေဝ အဂ္ဂပါဒေ ဥက္ခိပိတွာ ·ပဏှိဟိ ယေဝ ဘူမိယံ ဖုသန္တဿ ဂမနံ။

ပဏ္ဍိယော၊ ဖနောင့်တိုကို၊ ဥက္ခိပိတွာ၊ မြှောက်၍။ အင်္ဂုပါဒေ ဘော၊ ခြေဖျားတို့ပင်လျှင်။ အင်္ဂုပါဒေဝါ၊ ခြေဖျားတို့ကို မူလည်း။ ဥက္ခိပိတွာ၊ ၍၊ ပဏ္ဍိဟိယေဝ၊ တိုဖြင့်လျှင်၊ ဘူမိယံ၊ ၌၊ ဖုသန္တော၊ ထိစေလျက်။ ဂမနံ၊ သွားခြင်းကို။ ဥက္ကုဋိကာ၊ ဟူ၍၊ ဝုစ္စတိ၊ ၏။

---

## သက္ကစ္စနှင့် ပတ္တသညီပဋိဂ္ဂဟဏ

မည်ကဲ့သို့ ခံယူမှု ရိုသေစွာ ခံယူသည့် သက္ကစ္စ ပဋိဂ္ဂဟဏ မည့်ပုံကိုပြ၍ သပိတ်၌ အမှတ်ရှိ၍ ခံယူသည် တို့ကိုဖော်ပြခဲ့ပါ။

ဆွမ်းကိုခံယူရာ၌ ဆွမ်းကို မလိုချင်သလိုလို မလေး မစားမလုပ်ဘဲ ဆွမ်းကို လေးလေးစားစား ခံယူရမည်ကို သက္ကစ္စပဋိဂ္ဂဟဏ ရိုသေစွာ ခံယူသည်မည်၏၊ ဆွမ်းခံ နေစဉ်ဝယ် တောင်ကြည့် မြောက်ကြည့် မလုပ်ဘဲ မိမိ၏သပိတ်၌သာ သညာထား၍ ဆွမ်းခံရမည်ကို ပတ္တ သညီပဋိဂ္ဂဟဏ သပိတ်၌ အမှတ်ရှိသော ခံယူခြင်း မည်၏။

---

## သမသူပက သိက္ခာပုဒ်

သူပအရ အဘယ်သို့သော ဟင်းမျိုးကို ခေါ် သည်ကို ဖြေဆိုပြီးလျှင် သမသူပအရ ဆွမ်း၏ မည်မျှ ခံယူရမည်ကိုလည်း ရေးခဲ့ပါ။

လက်ကော်၍ ရလောက်အောင် မပျစ်လွန်း မကြဲ လွန်းသော ပဲဟင်းဟူသမျှကို သူပဟု ခေါ်ရပါသည်။

သမသ္သပ အရ ပဲဟင်းကို ဆွမ်း၏ လေးဘို့တဘို့ကိုသာ ခံယူရပါမည်။ လေးပုံ တပုံထက် နည်း၍ ခံယူလျှင် အပြစ်မရှိ။

> သမသ္သပကော နာမ ယဏ္ဏ မုဂ္ဂမာသေဟိဝါ
> ကုလတ္ထာဒိဟိဝါ ကတော ဟတ္ထဟာရိယော
> သူပေါ ဘတ္တဿ စတုတ္ထ ဘာဂပ္ပမာဏော
> ဟောတိ။

သမသ္သပကောနာမ၊ မည်သည်။ ယဏ္ဏပဏ္ဏော၊ ၌။ မုဂ္ဂမာသေဟိဝါ ပဲနောက်တို့ဖြင့်ရင်း။ ကုလတ္ထာဒိဟိဝါ၊ ကုလားပဲ စသည်တို့ဖြင့်ရင်း။ ကတော၊ သော။ ဟတ္ထဟာရိယော၊ လက်ဖြင့်ယူနိုင်သော။ သူပေါ၊ ဟင်းသည်။ ဘတ္တဿ၊ ထမင်း၏။ စတုတ္ထဘာဂပ္ပမာဏော၊ လေးဘို့တဘို့ရှိသည်။ ဟောတိ၊ ၏။

---

● ပဲဟင်းမှတပါး အခြားသော သား, ငါး, အသုပ်, အကြော်စသော ဟင်းများကို ဆွမ်း၏ လေးပုံ တပုံထက် ခံယူက အပြစ်ရှိ မရှိ ဗေဒနိပြီးလျှင် ဆွေမျိုးတော်သူ ဖိတ်ထားသူ သူတပါးအတွက် ခံယူရာတို့၌ လေးပုံတပုံ ထက်ပို၍ ခံကောင်း မခံကောင်းကိုလည်း ရေးခဲ့ပါ။

သား, ငါး, အသုပ်, အကြော်များကို ခံယူရာ၌ပိုလွန် သော်လည်း အပြစ်မရှိပါ၊ ဆွေမျိုးတော်စပ်သူ, ဖိတ်ထား

သူ, သူတပါးအတွက် ခံယူရာ၌ ဖိတ်မန္တကားသော်လည်း အာပတ်မသင့်ပါ။

> တာဒိသံ ရသရသေ ဉာတကာနံ ပဝါရိတာနံ
> ဝါ အညဿတ္ထာယ ဝါ အတ္တနော ဓနေနဝါ ဣဓ
> အနာပတ္တိ။

တာဒိသံ ရသရသေ၊ ထိုလက်သုပ်စသော ရသရသ၌လည်း။ ဉာတကာနံ၊ အဆွေတော်စပ်သော သူတို့၏လည်း၊ ပဝါရိတာနံ၊ ဖိတ် သောသူတို့၏လည်း၊ အညဿတ္ထာယ၊ သူတပါးအလို့ငှါလည်း။ အတ္တ နော၊ ၏၊ ဓနေနဝါ၊ ဥစ္စာဖြင့်လည်း။ ဂလာနဿ၊ အား။ ဣဓ၊ ဤ သိက္ခာပုဒ်၌။ အနာပတ္တိ၊ အာပတ်မသင့်။

---

## သမတိတ္ထိက သိက္ခာပုဒ်

● သမတိတ္ထိက ပဋိဂ္ဂဟဏဖြစ်သော ခံယူနည်းကို ဖေါ်ပြပြီးလျှင် ခံယူသော သပိတ်သည် မည်ကဲ့သို့သော သပိတ်မျိုးပါနည်း။

သပိတ်၏ အတွင်းနခမ်းနှင့် ညီမျှရုံသာ ခံယူပါက သမတိတ္ထိက ပဋိဂ္ဂဟဏ ဖြစ်ပါသည်။ ခံယူသောသပိတ်မှာ အဓိဋ္ဌာန်တင်လောက်သော သပိတ်သာ ဖြစ်ပါသည်။

အမှာ။ ပိဏ္ဍပါတအရမှာ ယာဝကာလိကဖြစ်ရမည်။

> သမတိတ္ထိကံ သမပုဏ္ဏံ သမဘရိတံ အဓိဋ္ဌာ
> နုပဂပတ္တဿ အန္တော မုခဝဋ္ဋိလေခံ အနတိက္က
> မိတွာ ဌိတံ။

သမတိတ္တိကန္တိ၊ ဟူသည်။ သမပုဏ္ဏံသမဘာရိတံ၊ သပိတ်အတွင်း၌အနားရေးနှင့်မျှရုံ။ အဓိဋ္ဌာနူပဂပတ္တဿ၊ အဓိဋ္ဌာန်လောက်သော သပိတ်၏။ အန္တောမုခဝဋ္ဋိလေခံ၊ အတွင်းအနားရေးကို။ အနတိက္ကမိတွာ၊ မလွန်မူ၍။ ဌိတံ၊ တည်သော။

---

ဤသိက္ခာပုဒ်၌ ဂိလာန ရဟန်းအား အနာပတ္တိ ဝါရ-ရ,မရကိုဖြေဆိုပြီးလျှင်၊ သပိတ်အနားရေးကို လွန်ပြီး ခံယူလာသော ဆွမ်းများကို စားကောင်း မစားကောင်းကိုလည်း ဆုံးဖြတ်ခဲ့ပါ။

ဤသိက္ခာပုဒ်၌ ဂိလာနပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း အနာပတ္တိ ဟု မရှိပါ။ သပိတ်အတွင်း အနားရေးထက်လွန်၍ ခံယူထားသောဆွမ်းကို စားကောင်းပါသည်။ ခံယူမှုကိုသာတားမြစ်၏ စားမှုကိုမတားမြစ်။

ဣဓပန ဂိလာနဿာပိ အနာပတ္တိ နတ္ထိ၊ ပဋိဂ္ဂဟိတံ ပန သုပ္ပဋိဂ္ဂဟိတံ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။

ဣဓပန၊ ဤသိက္ခာပုဒ်၌ကား။ ဂိလာနဿာပိ၊ သူနာရဟန်းအားလည်း။ အနာပတ္တိ၊ သည်။ နတ္ထိ၊ မရှိ။ ပဋိဂ္ဂဟိတံပန၊ ခံပြီးသော ယာဝကာလိကဝတ္ထုသည်ကား။ သုပ္ပဋိဂ္ဂဟိတံ၊ ကောင်းသောခံခြင်းမည်၏။ ပရိဘုဉ္ဇိတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။

---

## သပဒါန သိက္ခာပုဒ်

မည်ကဲ့သို့စားခြင်းကို သပဒါနခေါ် သည်ကိုဖြေဆိုပြီးလျှင် သူတပါးအားပေးသောအခါ, သူတပါးခွက်

ဝယ် လောင်းလှူသောအခါ လက်သုတ်ဟင်းလျာကို ယူသောအခါတို့၌ အစဉ်အတိုင်း ယူသင့်မယူသင့်ကိုလည်း ဖြေဆိုခဲ့ပါ။

ဆွမ်းစားသည့်အခါ ဆွမ်းခွက်ထည်းဝယ် ဟိုနား နှိုက်လိုက် သည်နားနှိုက်လိုက်မလုပ်ဘဲ မိမိဘက်ရှိ အစမှစ၍ အစဉ်အတိုင်းစားခြင်းကို သပဒါနဟုခေါ်ပါသည်။ သူတပါးအား ပေးသည့်အခါ သူတပါး ခွက်ထည်းဝယ် ထည့်သောအခါ လက်သုပ်ကိုယူသောအခါတို့၌ အစဉ်အတိုင်းမဟုတ်သော်လည်း ယူနိုင်ပေးနိုင်ပါသည်။

> သပဒါနဉ္စ တတ္ထ တတ္ထ ဩဓိံ အကတွာ
> အနုပ္ပဋိပါဋိယာဝ ယောပန အညေသံဝါ
> ဒေန္တော အညဘာဇနေဝါ အာကိရန္တော တ
> တော တတော ဩမသတိ တဿ ဥတ္တရိဘင်္ဂ
> ဥပ္ပဋိပါဋိယာ ဂဏှန္တဿာပိ ဣဓ အနာပတ္တိ။

သပဒါနဉ္စ၊ ဟူသည်။ တတ္ထ တတ္ထ၊ ထိုထိုသို့သောအရပ်၌။ ဩဓိံ၊ အရေးကို။ အကတွာ၊ မပြုမူ၍။ အနုပ္ပဋိပါဋိယာ၊ အစဉ်အားဖြင့်။ ယောပန၊ အကြင်ရဟန်းသည်ကား။ အညေသံဝါ၊ သူတပါးတို့အားမူလည်း။ ဒေန္တော၊ ဖြစ်၍။ တတော တတော၊ ထိုထိုသို့သောအရပ်မှ။ ဩမသတိ၊ သုံးသပ်၏။ တဿ၊ ထိုရဟန်းအားရင်း။ ဥတ္တရိဘင်္ဂ၊ လက်သုပ်ဟင်းလျာကိုလည်း။ ဥပ္ပဋိပါဋိယာ၊ အစဉ်မဟုတ်သဖြင့်။ ဂဏှန္တဿာပိ၊ ယူသောရဟန်းအားလည်း။ ဣဓ၊ ဤသိက္ခာပုဒ်၌။ အနာပတ္တိ၊ မသင့်။

## နှထူပကတာ သိက္ခာပုဒ်

ထူပကတာဆွမ်းဟူသည် အဘယ်ပါနည်း၊ဆွမ်းကုန်ခါနီး၍ သိမ်းကြုံးစားသော ရဟန်း သာမဏေအား အပြစ်ရှိ မရှိကိုလည်း ဝေဘန်ခဲ့ပါ။

မို့မောက်နေသော ဆွမ်းဦး ဆွမ်းထိပ် ဆွမ်းပုံ၏ အလယ်ဗဟိုအရပ်ကို ထူပကတာဟု ခေါ်ပါသည်။ ကုန်ခါနီး သိမ်းကြုံးစားရာ၌ အနာပတ္တိ သာဖြစ်ပါသည်။

ထူပကတောတိ မတ္ထကတော ဝေမဇ္ဈတောတိ အတ္ထော၊ယောပန ပရိတ္တကေ သေသေ ဧကတော သံကဍ္ဎိတွာ သြမဒ္ဒိတွာ ဘုဉ္ဇတိ တဿာပိ အနာပတ္တိ။

ထူပကတောတိ၊ ဟူသည်။ မတ္ထကတော၊ ဆွမ်းဦးမှ။ ဝေမဇ္ဈတော အလယ်မှ။ ဇုတိအယံ၊ လျှင်။ အတ္ထော၊ တည်း ။ ယောပနဘိက္ခု၊ သည်ကား။ ပရိတ္တကေ၊ နည်းကုန်သော၊ သေသေ၊ ကြွင်းကုန်သော၊ ဧကတော၊ တစ်ပေါင်းတည်း။ သံကဍ္ဎိတွာ၊ ငင်၍။ သြမဒ္ဒိတွာ၊ နယ်၍။ ဘုဉ္ဇတိ၊ စား၏။ တဿာပိ၊ အားလည်း။ အနာပတ္တိ၊ မသင့်။

---

## ဩဒနံ ပဋိစ္ဆာဒနံ သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ သူပနှင့် ဗျဉ္ဇနကို ဖုံးအုပ်ခြင်း ဖုံးလွှမ်း၍ခံယူခြင်း အပြစ်ရှိ မရှိနှင့် ဂိလာနပင် ဖြစ်သော်လည်း ဤသိက္ခာပုဒ်မှ လွတ်နိုင်မလွတ်နိုင်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

သူပအရ သောက်၍စားကောင်းသော ပဲ ဟင်း စသည်ကို ယူရပါမည်။ ဗျဉ္ဇနအရကား- သား ငါး စသော ဟင်းလျာကို ယူရပါမည်။ ဖုံးလွှမ်းတိုင်း အပြစ်မရှိပါ။ အာဏာရ အစိုးရမင်းတို့က သားကြီး ငါးကြီး မပေါ်ရ ဟု နိုတစ်ပေးသောအခါမျိုး၌ ဒါယကာကဖုံးလွှမ်းပြီး လှူခဲ့သော်၎င်း၊ များများရလိုသော သဘောမဟုတ်ဘဲ ဖုံးလွှမ်းခဲ့သော်၎င်း အပြစ်မရှိပါ။ ဤသိက္ခာပုဒ်ဝယ် ဂိလာန ဖြစ်သော်လည်း အပြစ်မှမလွတ်ပါ။

ယဿ ဘတ္တသာမိကာ မာဃာတသမယာဒိသု
ဗျဉ္ဇနံ ပဋိစ္ဆာဒေတွာ ဒေန္တိ ယောစ နဘိယျော
ကမျတာယ ပဋိစ္ဆာဒေတိ တေသံ အနာပတ္တိ၊
ဂိလာနဿ ပန အနာဂတတ္တာ အာပတ္တိယော။

ယဿဘိက္ခုနော၊ အား။ ဘတ္တသာမိကာ၊ ဆွမ်းရှင်ဒါယကာတို့သည်။ မာဃာတသမယာဒိသု၊ မသတ်လင့်ဟု ကြေငြာစာတမ်း ကမ်းသော အခါစသည်တို့၌။ ဗျဉ္ဇနံ၊ အမဲဟင်းလျာကို။ ပဋိစ္ဆာ ဒေတွာ၊ ဖုံး၍။ ဒေန္တိ၊ ကုန်၏။ ယောစဘိက္ခု၊ လည်း။ နဘိယျော ကမျတာယ၊ များစေလိုသည်၏ အဖြစ်ကို အလိုမရှိသည်ဖြစ်၍။ ပဋိစ္ဆာ ဒေတိ၊ ၏။ တေသံ၊ တို့အား။ အနာပတ္တိ၊ မသင့်။ ဂိလာနဿပန၊ ကား။ အနာဂတတ္တာ၊ မလာသည်၏အဖြစ်ကြောင့်။ အာပတ္တိယေဝ၊ တည်း။

## သူပေါဒန ဝိညတ္တိ သိက္ခာပုဒ်

❁ သူပဒြဲဒနအရကို ကောက်ပြု၍ ဤသိက္ခာပုဒ် အရ တောင်းကောင်းသော အကြောင်းများကို ဖော်ပြခဲ့ပါ။

သူပဒြဲဒနအရ ပဏီတဘောဇဉ်မှတပါးသော စားသောက်ဘွယ်အားလုံးကို ယူရပါမည်၊ ယင်းသူပဗျဉ္ဇနကို ဉာတိပဝါရိတထံ သူတပါးအတွက် မိမိဥစ္စာဖြင့်သော်၎င်း တောင်းခံပါက အပြစ်မှ လွတ်ပါသည်။

**မှတ်ချက်။** သံဃာတော်များအတွက် ဖိတ်ထားသူထံ၌ဖြစ်စေ၊ လုံးလုံး ဖိတ်မထားသူထံ၌ ဖြစ်စေ၊ ဂိလာန မဟုတ်ဘဲ ဆေးပစ္စည်းကိုတောင်းလျှင် မဟာနာမ သိက္ခာပုဒ်ဖြင့် ပါစိတ် အာပတ်သင့်၏၊ထောပတ်ဆွမ်း စသော ပဏီတ ဘောဇဉ် ကို တောင်းစားလျှင် ပဏီတ ဘောဇန သိက္ခာပုဒ်ဖြင့် ပါစိတ် အာပတ်သင့်၏။ ကြွင်းသော စားသောက်ဘွယ်ကို တောင်းစားလျှင် ဤသူပေါဒန ဝိညတ္တိ သိက္ခာပုဒ်အရ ဒုက္ကဋ်အာပတ် အသီးသီး သင့်နိုင်ကြသည်။

ဉာတကာနံ ဝါ ပဝါရိတာနံ ဝါ အညဿတ္ထာယ
အတ္တနော ဓနေန ဝါတိ ဣဒံ အနာပတ္တိယံ အဓိကံ။

ဉာတကာနံဝါ၊ ဆွေမျိုးတော်သော သူတို့ကိုရင်း။ ပဝါရိတာနံဝါ၊ဖိတ်သောသူတို့ကိုရင်း။အညဿတ္ထာယဝါ၊ သူတပါးအလို့ငှါရင်း။ အတ္တနော၊ ၏။ ဓနေန၊ ဖြင့်။ ဝိညာပေတိ၊ တောင်း၏။ ဣတိ-ဣဒံ ဝိညာပနံ၊ ဤသို့တောင်းခြင်းသည်။ အနာပတ္တိယံ၊ ၌။ အဓိကံ၊၏။

---

## ဥဇ္ဈာနသညီ သိက္ခာပုဒ်

ဤသိက္ခာပုဒ်အရ ဂိလာန ဖြစ်သော်လည်း အာပတ်မှ လွတ်မလွတ်ကို ဆုံးဖြတ်ပြီးလျှင် နည်းနေလျှင် လှူမည်။ များနေလျှင် အလှူခံမည် စသည့် သဘော မျိုးဖြင့် အခြားသော ရဟန်း၏ သပိတ်ကို ကြည့်သော် အပြစ်မှ လွတ်မလွတ်ကိုလည်း ရေးခဲ့ပါ။

ဤသိက္ခာပုဒ်၌ ဂိလာန ဖြစ်သော်လည်း အာပတ်မှ မလွတ်ပါ၊ နည်းနေလျှင်လှူမည် များလျှင် အလှူခံမည် စသောသဘောမျိုးဖြင့်ကြည့်ပါက အာပတ်မသင့်ပါ။

ဧတ္ထာပိ ဂိလာနော နမုစ္စတိ ဒဿာမီတိဝါ
ဒါပေဿာမီတိဝါ ဩလောကေန္တဿပန န
ဥဇ္ဈာနသညိဿစ အနာပတ္တိ။

ဧတ္ထာပိ၊ ဤသိက္ခာပုဒ်၌လည်း၊ ဂိလာနော၊ သည်၊ နမုစ္စတိ၊ မလွတ်။ ဒဿာမီတိဝါ၊ ပေးအံ့ဟူ၍ရင်း။ ဒါပေဿာမီတိဝါ၊ ပေးစေအံ့ဟူ၍ ရင်း။ ဩလောကေန္တဿပန၊ ကြည့်သောရဟန်းအားရင်း။ နုဇ္ဈာန သညိဿစ၊ ကဲ့ရဲ့လိုသောသဘောမရှိဘဲ ကြည့်သော ရဟန်းအားရင်း။ အနာပတ္တိ၊ မသင့်။

---

## နာတိမဟန္တ သိက္ခာပုဒ်

အတိမဟန္တ-အတိခုဒ္ဒက တို့၏ ပမာဏကိုပြ၍ မည်သည့်ပမာဏသော စားသင့်သည် မုံ့ခဲဘွယ်နှင့် သစ်သီးများကို ထိုပမာဏထက် ကြီးသော် အပြစ်ရှိ မရှိကို လည်း ရေးခဲ့ပါ။

ဒေါင်းဥသည် အတိမဟန္တ မည်၏။ ကြက်ဥသည် အတိခုဒ္ဒက မည်၏။ ထိုဒေါင်းဥ ကြက်ဥတို့၏ အကြား အလယ်အလတ်ရှိသော ပမာဏမျှကို စားရပါမည်၊ မုံ့ခဲ ဘွယ်နှင့် သစ်သီးတို့ကို ထိုထက် ကြီးမားသော်လည်း အာပတ်မသင့်ပါ။

အမှာ။ ငှက်ပျောသီးပန်းသီးတို့ကို ပါးစပ်ပြည့်အောင်စားသော်လည်း အာပတ်မသင့် ဟူလို၊ ကြက်ဥထက် သေး၍ စားသော်လည်း အာပတ်မသင့်နိုင်။

မယူရဏ္ဍံ အတိမဟန္တံ ကုက္ကုဋဏ္ဍံ အတိခုဒ္ဒကံ
တေသံ ဝေမဇ္ဈပ္ပမာဏံ မူလခါဒနိယာဒိဘေဒေ
ပန သဗ္ဗခဇ္ဇကေ ဖလာဖလေစ အနာပတ္တိ။

မယူရဏ္ဍံ၊ ဒေါင်းဥသည်။ အတိမဟန္တံ၊ ကြီးလွန်း၏။ ကုက္ကုဋဏ္ဍံ၊ ကြက်ဥသည်။ အတိခုဒ္ဒကံ၊ ငယ်လွန်း၏။ တေသံ၊ ထိုဒေါင်းဥ ကြက်ဥတို့၏။ ဝေမဇ္ဈပ္ပမာဏံ၊ အလယ်အလတ်ပမာဏရှိသော ဆွမ်းလုပ်ကို။ မူလခါဒနိယာဒိဘေဒေ၊ အမြစ်ခဲဘွယ်စသော။ သဗ္ဗခဇ္ဇကေပန၊ ခဲဘွယ်ဝင်း။ ဖလာဖလေစ၊ သစ်သီးကြီးငယ်၌ရင်း။ အနာပတ္တိ၊ မသင့်။

---

## အနာဟာရနှင့် ဘုဒ္ဓမာန သင်္ကာမှု

ပရိမဏ္ဍလ အာလောပဟူသည် ဝိုင်းဝိုင်း စက် စက်ဖြစ်သည်ကို ဆိုပါသလော ဖြေဆိုပြီးလျှင် လက်သုပ် ဟင်းလျာနှင့် သစ်သီးတို့ကိုသုံးဆောင်ရာ၌ ပရိမဏ္ဍလ မဖြစ်သော အပြစ်ရှိမရှိ ဘေန်၍ သဗ္ဗဟတ္ထံ အရကို လည်း ကောက်ပြခဲ့ပါ။

ပရိမဏ္ဍလ အာဂလောပ ဟူသည် မရှည်လွန်းသော ဆွမ်းလုပ်ကိုခေါ်ပါသည်။ လက်သုပ်နှင့် သစ်သီးတို့ အတွက် ပရိမဏ္ဍလမဖြစ်သော်လည်း အာပတ်မှ လွတ်ပါသည်၊ သဗ္ဗဟတ္ထံအရ လက်ငါးချောင်းကို ယူရပါမည်။

**အမှာ။** ဥပစာနည်းအရ ဆိုသော စကားဖြစ်၍ လက်တချောင်း နှစ်ချောင်း စသည်ကို သွင်းသော်လည်း အပြစ်မှမလွတ်။

ပရိမဏ္ဍလန္တိ အဒီဃံ၊ ရုဓပန ခဇ္ဇကဖလာဖလေဟိ သဒ္ဓိံ ဥတ္တရိဘင်္ဂေဝိ အနာပတ္တိ၊ သဗ္ဗဟတ္ထန္တိ သကလံ ဟတ္ထံ။

ပရိမဏ္ဍလန္တိ၊ ဟူသည်၊ အဒီဃံ၊ မရှည်လွန်း။ ရုဓပန၊ ဤသိက္ခာပုဒ်၌။ ခဇ္ဇကဖလာဖလေဟိ၊ ခဲဘွယ်သစ်သီးကြီးငယ်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ဥတ္တရိဘင်္ဂေဝိ၊ လက်သုပ်ဟင်းလျာ၌လည်း။ အနာပတ္တိ၊ မသင့်။ သဗ္ဗဟတ္ထန္တိ၊ ဟူသည်။ သကလံဟတ္ထံ၊ အလုံးစုံသောလက်ငါးချောင်းကို။

---

## ၁၁ ကာဗဏ္ဏနာ သိက္ခာပုဒ်

နသကာဗဏ္ဏနာ၌ ကာဗဏ္ဏအရ မည်မျှသော ဆွမ်းလုပ်ကို ယူရမည်ဟု ဖေါ်ပြခဲ့ပါ။

ကာဗဏ္ဏအရ - စကားပြောရာ၌ စကားလုံး ပြီသစွာ မပြောနိုင်အောင် ကြီးမားသောဆွမ်းလုပ်မျိုးကို ယူရပါမည်၊ စကားပြီသစွာ ပြောနိုင်သော ဆွမ်းလုပ်ဖြစ်ပါက အာပတ်မသင့်။

သကာဝဇ္ဇေန္နာတိ ဇေဋ္ဌ ယတ္တကေန ဝစနံ အပရိ
ပုဏ္ဏံ ဟောတိ၊ တတ္တကေ သတိ ကထေန္တဿ
အာပတ္တိ။

သကာဝဇ္ဇေန္နာတိဇ္ဈေ၊ ဦ။ ယတ္တကေန၊ အကြင်မျှလောက်သော ဆွမ်းလုပ်ကြောင့်။ ဝစနံ၊ သည်။ အပရိပုဏ္ဏံ၊ မပြီးသသည်။ ဟောတိ၊ ၏။ တတ္တကေ၊ ထိုမျှလောက်သောဆွမ်းလုပ်သည်။ သတိ၊ သော်။ ကထေန္တဿ၊ စကားပြောသောရဟန်းအား။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။

---

## ပိဏ္ဍုက္ခေပကာ, ကဗဠာဝစ္ဆေဒကာ, အဝဂဏ္ဍ ကာရကာ သိက္ခာပုဒ်

အထက်ပါသိက္ခာပုဒ်များအတွက် ငှက်ပျောသီးစသည်တို့ကို ဖြောက်၍စားခြင်း,ကိုက်ဖြတ်၍ စားခြင်း, ပါးစောင်၌ထား၍ စားခြင်းကြောင့် အပြစ်မှ လွတ်နိုင် မလွတ်နိုင် ဖြေဆိုခဲ့ပါ။

သစ်သီးများနှင့် လက်သုပ်ဟင်းလျာများအတွက် အာပတ်မသင့်ပါ။

ဣဓ ခဇ္ဇကဖလာဖလေဟိ သဒ္ဓိံ ဥတ္တရိဘင်္ဂေပိ
အနာပတ္တိ။

ဣဓ၊ ဤသိက္ခာပုဒ်၌။ ဖလာဖလေဟိ၊ သစ်သီးကြီးငယ်တို့နှင့်။ သဒ္ဓိံ။ တကွ။ ဥတ္တရိဘင်္ဂေပိ၊ လက်သုပ်ဟင်းလျာ၌လည်း။ အနာပတ္တိ။ မသင့်၊

## ပာဠိမုတ္တနိဒ္ဒေသနဝကနဿ ဿိဋ္ဌိဝကာဝရကာသိက္ခာပဒံ

အရှက်စသည်ကပ်နေ၍ လက်ကိုခါမှု အရှက်ကိုခွန့်ပစ်ရင်း ဆွမ်းလုံးကိုခွန့်ကြဲမိခြင်းတို့ကြောင့် အပြစ်ရှိပါသေးသလော။

အရှက်ကပ်နေ၍ လက်ကိုခါခြင်း အရှက်ကို ခါခြင်းကြောင့် ဆွမ်းလုံးများခွန့်ကြဲမိပါက အပြစ်မရှိပါ။

> အနုပဏ္ဍိယံ ပနေဿ ကာစဝရံ ဆဒ္ဒေန္တော ဟတ္ထံ
> နိဒ္ဓုနိတ္ဂာတိ ရုဇ္ဇံ အဝိကံ၊ ရုဇဝေယ ကာစဝရံ
> ဆဒ္ဒေန္တော သိဗ္ဗံ ဆဒ္ဒိယတိတိ ဤဒံ ဒေနာ
> ပဏ္ဍိယံ အဝိကံ။

ဣတော၊ ဤသိက္ခာပုဒ်၌။ အနုပဏ္ဍိယံပန၊ အနုပဏ္ဍိ ဝါရ၌ကား။ ကာစဝရံ၊ အရှက်ကို။ ဆဒ္ဒေန္တော၊ ခွန့်လိုသည်ဖြစ်၍။ ဟတ္ထံ၊ ကို။ နိဒ္ဓုနတိ၊ ခါ၏။ ရုဇ္ဇံဒါဝဒံနံ၊ သည်။ အဝိကံ၊ ပို၏။ ရုဇဝေ၊ ၌လည်း။ ကာစဝရံ၊ ကို။ ဆဒ္ဒေန္တော၊ ၌။ သိဗ္ဗာနိ၊ တို့ကို။ ဆဒ္ဒိယတိ၊ ၏။ ဤဒိဒုဒံနံ။ သည်။ အနုပဏ္ဍိယံ၊ ၌။ အဝိကံ၊ ၏။

---

## ပာဠိမုတ္တနိဒ္ဒေသ္ဘမာနုခါဒိ ဿိက္ခာပုဒ်

ယာဂုစသည်တို့ကို လက်ချောင်းများဖြင့် ယူ၍ ရက်ယူစားသောက်မှုအတွက် အပြစ်ရှိမရှိဝေဘန်၍ နှုပ်ခမ်းသားဖြင့် နုခမ်းတွင်ရှိသော ဆွမ်းရှေ့စသည်ကို ပါးစပ်သည်းသို့သွင်းပါက အပြစ်ရှိ မရှိ ကိုလည်း ရေးခဲ့ပါ။

ယာဂု ခဲဘွယ်စသည်တို့ကို လက်ချောင်းဖြင့် ကော်ယူစားသောက်ကောင်းပါသည်။ နှုပ်ခမ်းသားဖြင့် ပါးစပ်

တွင်းသို့လည်း သွင်းယူ စားသောက်ကောင်းပါသည်၊ အပြစ်မရှိပါ။

> ဃာန ယာဂုဖါဏိတ ပါယာသာဒိကေပန အင်္ဂုလိဟိ ဂဟေတွာ အင်္ဂုလိယော မုခေ ပဝေသေတွာ ဘုဉ္ဇိတုံ ဝဋ္ဋတိ၊ သြဠ္ဌ မံသေဟိ ဧဝ ပန ဂဟေတွာ အဋ္ဌော ပဝေသေတုံ ဝဋ္ဋတိ။

ဃန ယာဂု ဖါဏိတ ပါယာသာဒိကေဟိ၊ ထပ်ထပ်သော ယာဂု တင်လဲ နို့ဂနာစသည်တို့ကိုကား။ အင်္ဂုလိဟိ၊ တို့ဖြင့်။ ဂဟေတွာ၊ ၍။ အင်္ဂုလိယော၊ တို့ကို။ မုခေ၊ ခံတွင်း၌၊ ပဝေသေတွာ၊ သွင်း၍။ ဘုဉ္ဇိတုံ။ ငှါ။ ဝဋ္ဋတိ၊ ၏။ သြဠ္ဌမံသေဟိဧဝပန၊ နှုတ်ခမ်းသားတို့ဖြင့်သာလျှင် ဂဟေတွာ၊ ၍။ အဋ္ဌော၊ သို့။ ပဝေသေတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။

---

## သာမိသဟတ္ထ သိက္ခာပုဒ်

ဆွမ်းစသော အာမိသဖြင့် သောက်ရေခွက်ကို မကိုင်ရဟုတားမြစ်ရာထိုခွက်သည် သံဃိက, ပုဂ္ဂလိက, ဂိဟိသန္တက, အညာနေသာ သန္တက တို့တွင် အဘယ် ပါနည်း။

ဆွမ်းစသော အာမိသဖြင့် သံဃိက, ပုဂ္ဂလိက, ဂိဟိ သန္တက, အညာနေသာသန္တက လေးမျိုးလုံးပင် ဖြစ်ပါ သည်။ မိမိဥစ္စာပင် ဖြစ်သော်လည်း အာပတ်မှ မလွတ် ဟုမှတ်။

တသ္မာ သံဃိကမ္ပိ, ပုဂ္ဂလိကမ္ပိ, ဂိဟိသန္တကမ္ပိ,
အညာနေဝ သန္တကမ္ပိ,သခေါပိ,သရာဝကမ္ပိ,ထာလ
ကမ္ပိ, နဂဟောတဗ္ဗမေဝ ဂဏ္ဍုသန္တသ ဒုက္ကဋံ။

တသ္မာ၊ ကြောင့်။ သံဃိကမ္ပိ၊ သံဃာ၏ ဥစ္စာ ဖြစ်သော်လည်း ဖြစ်စေ။ ပုဂ္ဂလိကမ္ပိ၊ စေ။ ဂိဟိသန္တကမ္ပိ၊ စေ။ အညာနေဝသန္တကမ္ပိ၊ စေ။ သခေါပိ၊ ရေသောက်ခရုသင်းကိုရင်း။ သရာဝကမ္ပိ၊ ရေသောက်ခွက်ငယ်ကိုရင်း။ ထာလကမ္ပိ၊ ရေခွက်ကိုရင်း။ နဂဟောတဗ္ဗမေဝ၊ တည်း။ ဂဏ္ဍုသန္တသ၊ အား။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

## သသိတ္ထက သိက္ခာပုဒ်

ဆွမ်းလုံးနှင့်တကွ သပိတ်ဆေးရေကို သွန်လိုပါက အပြစ်မှ လွတ်အောင် မည်သို့ ပြုလုပ်ရမည်ကို ညွှန်ပြ၍ လက်ဆေးခံကို သွန်ရာ၌ ဆွမ်းလုံးနှင့် တကွ သွန်ရာ အပြစ်ရှိမရှိကိုလည်း ဝေဘန်ခဲ့ပါ။

ဆွမ်းကို တနေရာရာမှာ စုပုံပြီးမှ ရေချည်းသက်သက် ဖြစ်စေ ဆွမ်းလုံးများကို လက်ဖြင့်ချေပြီးမှ ရေနှင့်တကွ ဖြစ်စေ သွန်းလောင်းပါက အပြစ်မှ လွတ်ပါသည် လက်ဆေးခံ သွန်ရာ၌ အနာပတ္တိ။

## ဆတ္တပါဏိ သိက္ခာပုဒ်

ထီးကို ပခုံး၌ ချိတ်ထားသော သူအားရင်း သူ တပါးက ထီးဆောင်း ပေးသော သူတို့အား တရား

ဟောကောင်း မဟောကောင်း ဖြေဆို၍ ဆတ္တဘေဒကို
လည်း ရေးခဲ့ပါ။

ပခုံး၌ ထီးချိတ်ထားသူ, သူဘပါး ထီးဆောင်းပေး
သဖြင့် ထီးအောက်မှ နေသူတို့အား ဆတ္တပါဏိများ
မဟုတ်သောကြောင့် တရားဟောကောင်းပါသည်။**ဆတ္တ
ဘေဒကား**-သေတဆတ္တ,ကိလဉ္စဆတ္တ, ပဏ္ဏဆတ္တအား
ဖြင့် သုံးပါးဖြစ်ပါသည်။

> ယော တံဆတ္တံ ယဋ္ဌကဏ္ဌိ သရီရာဝယဝေ
> ထပေတွာပိ ယာဝ ဟတ္ထေန နမုဉ္စတိ တာဝဿ
> ဓမ္မံ ဒေသေတုံ နဝဋ္ဋတိ၊ သစေပနဿ အညော
> ဆတ္တံ ဓာရေတိ ပဿေဝါ ဌိတံ ဟတ္ထတော
> အပဂတမတ္တေ ဆတ္တပါဏိနာမ နဟောတိ
> တဿ ဒေသေတုံ ဝဋ္ဋတိ။

ယောပုဂ္ဂလော၊ သည်။ တံဆတ္တံ၊ ကို။ ယဋ္ဌကဏ္ဌိ၊ သော။
သရီရာဝယဝေ၊ ကိုယ်အစိတ်၌။ ထပေတွာပိ၊ လည်း။ ယာဝ၊
လောက်။ ဟတ္ထေနဟတ္ထတော၊ လက်မှ။ နမုဉ္စတိ၊ မလွှတ်သေး။
တာဝ၊ လောက်။ အဿပုဂ္ဂလဿ၊ အား။ ဓမ္မံ၊ ကို။ ဒေသေတုံ၊
ငှါ။ နဝဋ္ဋတိ၊ မအပ်။ သစေပန၊ ကား။ အဿပုဂ္ဂလဿ၊ အား။
အညော၊ သည်။ ဆတ္တံ၊ ကို။ ဓာရေတိ၊ အံ့။ ပဿေဝါ၊ နံပါး၌
မူလည်း။ ဌိတံ၊ သည်။ ဟောတိ၊ အံ့။ ဟတ္ထတော၊ အပဂတမတ္တေ၊
ပယ်ကာမျှ၌။ ဆတ္တပါဏိနာမ၊ သည်။ နဟောတိ၊ မဖြစ်။ တဿ၊
အား။ ဒေသေတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။

## ဒဏ္ဍပါဏျာဒိ သိက္ခာပုဒ်

ဒဏ္ဍအရ, သဏ္ဌာအရ, အာပုဓအရတို့ကိုကောက်ပြပြီးလျှင် ဒါးသံလျက်ကို ပခုံးလွယ်ထားသူအား သဏ္ဌာပါဏ်ဖြစ် မဖြစ် စိစစ်ဝေဘန်ခဲ့ပါ။

ဒဏ္ဍအရ လေးတောင်ရှိသော ဒုတ်ကိုသာ ယူရပါမည်၊ ထို့ထက် တိုရှည်ကို မယူရ၊ သဏ္ဌာအရ ဒါးသံလျက် လှံ စသော လက်နက်တွင် ပါဝင်သမျှကို ယူရပါမည်။ အာပုဓအရကား-ညှို့တင်ပြီးဖြစ်စေ, မတင်သေးသည်ဖြစ်စေ လေးဆိုင်ရာအားလုံး ကိုယူရပါမည်၊ ဒါးသန်လျက်ကို ပခုံးလွယ်ထားသူသည် သဏ္ဌာပါဏိမဖြစ်ပါ။

မှတ်ချက်။ ဒါး, လှံ, လေး, မြား သန်လျက်စသည် အအိမ်သို့သွင်း၍ လက်ကမကိုင်ခြင်း, ပခုံး၌ ချိတ်ထားခြင်းတို့မှာ အပြစ်မှ လွတ်နိုင်သည်။

> ဒဏ္ဍောနာမ မဇ္ဈိမဿ ပုရိသဿ စတုဟတ္ထံ ဒဏ္ဍကံ ... မာဏော အသန္တေပိ တွာ ဋ္ဌပေတွာ ပိ ဟိ သဏ္ဌာ ပါဏိသဉ်္ဈ နဂစ္ဆတိ၊ တသ္မာ သဒ္ဓိံ သရေနဓနုံ ဂဟေတွာ သုဒ္ဓဓနုံဝါ, သုဒ္ဓသရံဝါ, သဇိယဓနုံဝါ, နိဇ္ဇိယဓနုံဝါ, ဂဟေတွာ ဌိတဿဝါ, နိသိန္နဿဝါ, ဓမ္မံ ဒေသေတုံ နဝဋ္ဋတိ။

ဒဏ္ဍောနာမ၊ မည်သည်။ မဇ္ဈိမဿ ပုရိသဿ၊ ၏။ စတုဟတ္ထပ္ပမာဏော၊ လေးတောင်ရှိသောတောင်ဝှေးတည်း။ တသ္မာ၊ ကြောင့်။ သရေန၊ မြားနှင့်။ သဒ္ဓိံ၊ တကွ။ ဓနုံဝါ၊ လေးကိုဎင်း။ ဂဟေတွာ၊ ၍။ သုဒ္ဓဓနုံဝါ၊ သက်သက်သောလေးကိုဎင်း။ သုဒ္ဓသရံဝါ၊ ကိုဎင်း။ သဇိယဓနုံဝါ၊ ညှို့ရှိသောလေးကိုဎင်း။ နိဇ္ဇိယဓနုံဝါ၊ ဎင်း။ ဂဟေတွာ၊

၍။ ဌိတဿဝါ၊ရင်း။ နိသိန္နဿဝါ၊ အားရင်း။ ဓမ္မံ၊ ကို။ ဒေသေတုံ၊ ငှါ။ န ဝဋ္ဋတိ၊ မအပ်။

---

## ပါဒုကာရုဠှာဒိ သိက္ခာပုဒ်

ပါဒုကနှင့် ဥပါဟနတို့၏ အထူးကို ဖေါ်ပြ၍ ပါဒုကနှင့်ဥပါဟနကို မစီးဘဲ အပေါ်မှ ခြေဖြင့် နင်းရုံ သာနင်းထားသူအား တရား ဟောကောင်းပါမည်လော။

သဲကြိုးမပါဘဲ အဖျား၌ ကြေးမှုတပ်၍ ထိုကြေးမှုကို ခြေမ ခြေညှိုးဖြင့် ညှပ်ပြီးစီးရသော ဘိနပ်ကို ပါဒုကဟု ခေါ်၏။ (ဟိန္ဒူကုလားများ စီးကြသည်) သဲကြိုး အမျိုးမျိုးတပ်၍ ယခုခေတ် စီးကြသော ဘိနပ်များကို ဥပါဟနဟု ခေါ်ပါသည်။ ဘိနပ်ကိုမစီးဘဲ အပေါ်မှ နင်းထားသူအားလည်း တရားမဟောကောင်းပါ။

ပါဒုကာရုဠှဿာတိ ဆတ္တဒဏ္ဍကော အင်္ဂုလန္တ
ရိကံ အပ္ပဝေသေတွာ ကေဝလံ အက္ကမန္တဿ ဝါ
ပဝေသေတွာ ဌာနဝသေန ပဋိမုက္ကဿ ဝါ။

ပါဒုကာရုဠှဿာတိ၊ ဟူသည်။ ဆတ္တဒဏ္ဍကော၊ဖမိုးအသည်းတို့ကို၊ အင်္ဂုလန္တရိကံ၊ ခြေချောင်းကြားသို့၊ အပ္ပဝေသေတွာ၊ မသွင်းမူ၍။ ကေဝလံ၊ သက်သက်။ အက္ကမန္တဿဝါ၊ နင်းသော သူအားရင်း။ ပဝေသေတွာ၊ သွင်း၍မူလည်း။ ဌာနဝသေန၊ ရပ်သည်၏အစွမ်းဖြင့်။ ပဋိမုက္ကဿဝါ၊ စွပ်သောသူအားရင်း။

## ယာနဂတ သိက္ခာပုဒ်

ယာနဘေဒကိုထုတ်ပြ၍တယောက်နှင့်တယောက် လက်ချင်း ယှက်ထားသည့် အပေါ်၌ နေသူ အခတ် ပုခက်၌နေသူမျက်ထားသောလှည်းဘီး ရထားဘီးပေါ်၌ နေထိုင်သောသူအား ယာနဂတ ဖြစ်၍ မပြန်ဘောနဲ့ခွဲပါ။

ယာနဘေဒကား-ဝယှ, ရထ, သကဋ, သန္ဒမာနိက, သိဝိက, ပါဋင်္ကိ, ဟတ္ထသင်္ဃာတကတို့ ဖြစ်ပါသည်။ အထက်ပါ ပုဂ္ဂိုလ်တို့အား ယာနဂတဖြစ်၍တရားမဟော ကောင်းပါ။

> သစေပိ ဒွီဟိဇနေဟိ ဟတ္ထသင်္ဃာဋေန ဂဟိ
> တော သာဋကေဝါ ထပေတွာ ဝံသေန ဝယှတိ
> အယုတ္တကေဝါ ဝယှာဒိကေ ယာနေ ဝိသင်္ခရိတွာ
> ဝါ ထပိတေ စက္ကမတ္တေပိ နိသိန္နော ဟောတိ
> ယာနဂတောတွေဝ သင်္ချံ ဂစ္ဆတိ။

သစေ၊ လည်း၊ ဒွီဟိဇနေဟိ၊ တို့သည်။ ဟတ္ထသင်္ဃာဋေ၊ လက်ချင်းယှက်သဖြင့်။ ဂဟိတော၊ ဆောင်အပ်၏။ သာဋကေဝါ၊ ပုဆိုး၌လည်း။ ထပေတွာ၊ ၍။ ဝံသေန၊ ဝါးဖြင့်။ ဝယှတိ၊ ဆောင်အပ်၏။ အယုတ္တကေဝါ၊ နွားမြင်းမတပ်သော်လည်း။ ဝယှာဒိကေ၊ ရထားပေါင်း ချုပ်အစရှိသော။ ယာနေ၊ ယာဉ်၌။ ဝိသင်္ခရိတွာ၊ ဖျက်၍မူလည်း။ ထပိတေ၊ သော။ စက္ကမတ္တေပိ၊ လှည်းဘီးမျှ၌သော်လည်း။ နိသိန္နော၊ သည်။ ဟောတိ၊ အံ့။ ယာနဂတောတွေဝ၊ ယာဉ်ထက်၌ နေသောသူ ဟူ၍သာလျှင်။ သင်္ချံ၊ သို့။ ဂစ္ဆတိ၊ ၏။

ဝံတရေးဟောသူက ယာဉ်အမြင့်ကနေ၍ ကရေး နာသူက ယာဉ်အနိမ့်က နေခဲ့သော်ငြင်း၊ ဟောသူ နာသူ နှစ်ဦးတို့ တယာဉ်ထည်း နေခဲ့သော်ငြင်း၊ တရေး ဟော သူကနောက် နာသူကရှေ့ ဖြစ်ခဲ့သော်ငြင်း တရေး ဟော ကောင်း မဟောကောင်း ဗ်စစ် ဝေဘန်၍ ပြခဲ့ပါ။

ဟောသူက အမြင့်ကနေ၍ နာသူက နိမ့်သော်ငြင်း၊ တယာဉ်ထည်း နေသော်ငြင်း တရေးဟောကောင်းပါ သည်။ ဟောသူကနောက် နာသူက ရှေ့ကဖြစ်ခဲ့သော် တရေးမဟောကောင်းပါ။

ဝိသုံ နိသိန္နေသုပိ ဥစ္စေယာနေ နိသိန္နေန နီစေ နိသိန္နဿ ဒေသေတုံ ဝဋ္ဋတိ သမပ္ပမာဏေပိ ဝဋ္ဋတိ၊ တထာ ပုရိမေ နိသိန္နေန ပစ္ဆိမေ နိသိန္နဿ ပစ္ဆိမေ ပန ဥစ္စတရေပိ နိသိန္နေန ဒေသေတုံ နဝဋ္ဋတိ။

ဝိသုံ၊ အသီး။ နိသိန္နေသုပိ၊ နေသော်လည်း။ ဥစ္စေ၊ မြင့်သော။ ယာနေ၊ ၌။ နိသိန္နေန၊ ဖြင့်။ နီစေ၊ သော၊ ယာနေ၊ ၌၊ နိသိန္နဿ၊ အား။ ဒေသေတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။ သမပ္ပမာဏေပိ၊ မျှသောယာဉ်၌လည်း။ နိသိန္နဿ၊ အား။ ဝဋ္ဋတိ၊ ၏။ ပုရိမေ၊ ရှေ့ဖြစ်သောယာဉ်၌။ နိသိန္နေန၊ သည်။ ပစ္ဆိမေ၊ ၌။ နိသိန္နဿ၊ အား။ ဝဋ္ဋတိ၊ ၏။ ပစ္ဆိမေပန၊ ၌ကား။ ဥစ္စတရေပိ၊ မြင့်သောယာဉ်၌သော်လည်း။ နိသိန္နေန၊ သည်။ ဒေသေတုံ၊ ငှါ။ နဝဋ္ဋတိ၊ မအပ်။

## သယနဂတာ သိက္ခာပုဒ်

ဖျာ, သင်ဖြူးပေါ်ဖြစ်စေ, ပကတိ မြေကြီးပေါ်ဖြစ်စေ လျောင်းနေသူအား ညောင်စောင်း အင်းပျဉ်ပေါ်မှ ထိုင်၍သော်၎င်း, ရပ်၍သော်၎င်း တရား ဟောကောင်း မဟောကောင်းကို ရေးခဲ့ပါ။

အထက်ပါ ပုဂ္ဂိုလ်တို့အား တရားမဟောကောင်းပါ။

အန္တမသော ကန္ဒသာရကေပိ ပကတိဘူမိယံပိ
နိပ္ပန္နဿ ဥစ္စေပိ မဉ္စေ ပီဌေ ဘူမိပဒေသေ
ဝါ ဌိတေန နိသိန္နေန ဝါ ဒေသေတုံ နဝဋ္ဋတိ။

အန္တမသော၊ အယုတ်ဆုံးအားဖြင့်။ ကဋသာရကေပိ၊ သင်ဖြူးနှ၎င်း။ ပကတိဘူမိယံ၊ ပြကတေ့သောမြေနှ၎င်း။ နိပ္ပန္နဿ၊ အား။ ဥစ္စေပိ၊ သော။ မဉ္စေ ၊ နှ၎င်း။ ပီဌေ ၊ ၌၎င်း။ ဘူမိပဒေသေ၊ မြေအရပ်၌၎င်း။ ဌိတေန ၊ ရပ်သဖြင့်၎င်း၊ နိသိန္နေန ၊ ထိုင်သဖြင့်၎င်း။ ဒေသေတုံ၊ ငှါ၊ နဝဋ္ဋတိ၊ မအပ်။

---

အောက်ပါ ရဟန်းတို့အား မည်သည့် အပြစ်ရှိပါသနည်း။

(က) လျောင်းနေချင်းတူသူ၊ (ခ) လျောင်းနေသော တရားဟောသူက ထိုင်သူ ရပ်သူနှစ်ဦးအား (ဂ) ထိုင်နေသော တရားဟောပုဂ္ဂိုလ်က ထိုင်သူ ရပ်သူ နှစ်ဦးအား တရားဟောခဲ့သော်-

အထက်ပါပုဂ္ဂိုလ်တို့အားတရားဟောကောင်းပါသည် အပြစ်မရှိပါ။

အမှာ။ ဇူရိယာပုတ်လေးပါးတို့တွင် ထိုင်ခြင်းရပ်ခြင်းဇူရိယာပုတ်သည် လေးစားရာရောက်၏၊ ထိုဇူရိယာပုတ်ဖြင့် တရားနာသူနှင့် ညီမျှသော ဇူရိယာပုတ်ဖြင့် တရားနာသူကို ဟောကောင်း၏။

သယနဂတေန ပန သယနဂတဿ ဥစ္စာသနေဝါ သမပ္ပမာဏေဝါ နိပ္ပန္နေန ဒေသေတုံ ဝဋ္ဋတိ နိပ္ပန္နေန ပန ဌိတဿဝါ နိသိန္နဿဝါ နိသိန္နေနစ ဌိတဿဝါ နိသိန္နဿဝါ ဌိတေန ဌိတဿဝ ဝဋ္ဋတိ။

သယနဂတေနပန၊ အိပ်ရာ၌တည်သော ရဟန်းသည်ကား။ သယနဂတဿ၊ အား။ ဥစ္စာသနေဝါ၊ မြင့်သောအိပ်ရာ၌ရင်း။ သမပ္ပမာဏေဝါ၊ မျှသောအိပ်ရာ၌ရင်း၊ နိပ္ပန္နေန၊ လျောင်းသဖြင့်။ ဒေသေတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။ နိပ္ပန္နေနပန၊ သည်ကား။ ဌိတဿဝါ၊ အားရင်း။ နိသိန္နဿဝါ၊ အားရင်း။ ဒေသေတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။ နိသိန္နေနစ၊ သည်လည်း။ ဌိတဿဝါ၊ အားရင်း။ နိသိန္နဿဝါ၊ အားရင်း။ ဒေသေတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏၊ ဌိတေန၊ သည်။ ဌိတဿဝ၊ အားသာလျှင်။ ဒေသေတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။

---

## ဝေဒ္ဓိတသီသ သိက္ခာပုဒ်

အဘယ်သို့သော ပေါင်းခြင်းမျိုးကို ဝေဌိတ သီသ ခေါ်သည်ဟု ဖော်ပြပြီးလျှင်၊ ဦးရစ်ပေါင်းထားသူ အား တရားဟောလိုပါက မည်ကဲ့သို့ပြုလုပ်၍ ဟောရ မည်ကိုလည်း ရေးခဲ့ပါ။

ခေါင်းပေါင်း ပေါင်းသော ရစ်ပတ်ခြင်း, ဦးထုပ် ဆောင်းသော ရစ်ပတ်ခြင်း, မကိုဋ်ဆောင်းသောရစ်ပတ် ခြင်း, ပန်ချာပိကုလား ခေါင်းပေါင်းကဲ့သို့ ရစ်ပတ်ခြင်း

မျိုးကို ဝေဠိတသိသဟု ခေါ်ပါသည်။ (ဝေဠိတသိသအရ ကောက်ပြ္ပါ သိကလည်း သိနိုင်လောက်ပြီ)။ ထိုကဲ့သို့ ပေါင်းထားသူအား ဆံစကို ဖော်၍ တရားဟောနိုင်ပါသည်။

အမှာ။ ရစ်ပတ်ထားရာ၌ ပန်ချာဂီကုလားကဲ့သို့ ဆံစ မပေါ်အောင် ပေါင်းထားသူကိုသာ တရားမဟောရပါ၊ မြန်မာများ ခေါင်းပေါင်း ပေါင်းထားသလို ဆံစပေါ်နေလျှင် ဟောကောင်းသည်ဟု မှတ်။

ဒုဿ ဝေဌနပါ မောဠိအာဒိဟိဝါ ယထာ ကေသန္တော နဒိဿတိ ဇဝံ ဝေဌိတ သိသဿ တေနေဝဿ အနာပတ္တိယံ ကေသန္တံ ဝိဝရာ ပေတွာ ဒေသေတိတိ ဝုတ္တံ။

ဒုဿဝေဌနေဝါ၊ ပုဆိုးဦးရစ်ဖြင့်ရင်း။ မောဠိအာဒီဟိဝါ၊ မကိုဋ်ဆံကျင် စသည်တို့ဖြင့်ရင်း။ ယထာ၊ ဖြင့်။ ကေသန္တော၊ ဆံအဆုံးသည်။ နဒိဿတိ၊ မထင်။ ဇဝံ တထာ၊ ထိုအခြင်းဖြင့်။ ဝေဠိတသိသဿ၊ အား။ တေနေဝ၊ ထို့ကြောင့်လျှင်။ အဿ၊ ထိုသိက္ခာပုဒ်၏။ အနာပတ္တိယံ၊ ၌။ ကေသန္တံ၊ ဆံစကို။ ဝိဝရာပေတွာ၊ ဖွင့်စေ၍။ ဒေသေတိ၊ ဟောနိုင်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။

---

## ခာမာယ သိက္ခာပုဒ် စသည်

● အာသန အရကိုကောက်ပြပြီးလျှင် ဥစ္စေအာသန အရကိုလည်း ကောက်ပြခဲ့ပါ။

အာသနအရကား ပုဆိုးကိုသော်ရင်း၊ မြက်တို့ကိုရင်း ခင်း၍ထိုင်နေခြင်းကို ယူရပါမည်။ ဥစ္စေအာသန

အရကား မြေကြီးမြင့်သော နေရာတို့၌ ထိုင်နေခြင်းကို ယူရပါမည်။

**အမှာ**။ သြဂ္ဂဟိတသီသကို တရားဟောလိုက ဦးခေါင်းကိုဖွင့်၍ ဟောနိုင်သည်။ ပသိကုလားမများ ရှိတတ်၏။

အာသနေတိ အနဲ့မသော ဝဏ္ဏမှိ တိဏာနိပိ
သန္တရိတွာ နိသိန္နဿ၊ ဥစ္စေအာသနေတိ အနဲ့မ
သော ဘူမိပ္ပဒေသေပိ ဥန္နတပ္ပဒေသေ နိသိန္နဿ။

အာသနေတိ၊ဟူသည်။အနန္တမသော၊အားဖြင့်။ ဝဏ္ဏမှိ၊ပုဆိုးကိုရင်း။ တိဏာနိပိ၊မြက်တို့ကိုရင်း။ သန္တရိတွာ၊ ခင်း၍။ နိသိန္နဿ၊အား။ ဥစ္စေအာသနေတိ၊ ဟူသည်။ အနန္တမသော၊ အားဖြင့်။ ဘူမိပ္ပဒေသေပိ၊ မြေ၌သော်လည်း။ ဥန္နတပ္ပဒေသေ၊မြင့်သောအရပ်၌၊ နိသိန္နဿ၊အား။

---

## နဟာမိုဟာ သီကဿာပုဒ်

သစ်မြစ်ပေါ် သစ်ကိုင်းပေါ်တို့၌ ကျင်ကြီး, ကျင်ငယ်စွန့်သော ရဟန်း, ကျင်ကြီးစွန့်ရန် သွားစဉ် လမ်းခရီးတွင် မနေနိုင်လွန်း၍ ထွက်ကျသော ရဟန်းတို့အား သင့်ရောက်သောအာပတ်တို့ကို ဖေါ်ပြခဲ့ပါ။

သစ်မြစ်ပေါ် သစ်ကိုင်းပေါ်တို့၌ စွန့်သော ရဟန်းအား အပြစ်မှမလွတ်ပါ။ စွန့်ရန်သွားစဉ် ထွက်ကျသော ရဟန်းအား ဂိလာနအရာ၌ တည်သောကြောင့် အာပတ်မှ လွတ်ပါသည်။

ယမ္ပိ ဓိဝမာနရုက္ခဿ မူလံ ပထဝိယံ ဒိဿ
မာနံ ဂစ္ဆတိ သာခါဝါ ဘူမိလဂ္ဂါ ဟောတိ သဗ္ဗံ
ဟရိတသင်္ခါတမေဝ၊ သစေ အပ္ပဟရိတ ဌာနံ

ဩလောကေန္တဿေဝ သဟသာ နိက္ခမတိ ဂိလာနုဋ္ဌာနေ ဋ္ဌိတော ဟောတိ။

ဗီဇဂါမရုက္ခဿ၊ အသက်ရှင်သော သစ်ပင်၏။ ယမ္ပိမူလံ၊ အကြင် အမြစ်သည်။ ပထဝိယံ၊ မြေ၌။ ဩဿမာနံ၊ ပေါ်လျှက်။ ဂစ္ဆတိ၊ အံ့။ သဒေါ ဝါ၊ အခေါ်သည်မှုသည်၊ ဘူမိလဂ္ဂါ၊ မြေနှင့်ညီသည်။ ဟောတိ၊ ၏၊ သဗ္ဗ၊ သည်။ ဟန္ဒိတသန္ဓါတမေဝ၊ စိမ်းသည်ဟူသော အစေ့အတွက်သို့သာ လျှင်။ ဂစ္ဆတိ၊ ၏၊ အပ္ပဟရိတဋ္ဌာနံ၊ မစိမ်းရာအရပ်ကို။ ဩလော ကေန္တဿေဝ၊ ကြည့်၊ သဟသာ၊ အဆောတလျှင်။ နိက္ခမတိ၊ အံ့။ ဂိလာနုဋ္ဌာနေ၌။ ဌိတော၊ သည်။ ဟောတိ၊ ၏။

---

● အပ္ပဟရိတဋ္ဌာနမှ စွန့်လိုက်သော ကျင်ကြီး ကျင်ငယ်သည် ဟရိတဋ္ဌာနသို့ ရောက်ရှိပါက အပြစ် ရှိမရှိ ဝေဘန်၍ စွန့်လိုသော ရဟန်းသည် အပ္ပဟရိတ ဋ္ဌာနကို မရရှိခဲ့သော် မည်ကဲ့သို့ ပြုလုပ်ရမည်ကိုလည်း ညွှန်းခဲ့ပါ။

ဟရိတဋ္ဌာနသို့ ရောက်သွားသော်လည်း အာပတ် မသင့်ပါ။ အပ္ပဟရိတဋ္ဌာနကိုရှာ၍ မတွေ့ခဲ့သော် မြက် ကောက်ရိုး စသည် တို့ကို ကန့်လန့်ခွေ ပြုလုပ်ပြီးလျှင် တို့အပေါ်သို့ စွန့်ရပါမည်။

အပ္ပဟရိတေ ကရောတော ဟရိတံ ဩတ္ထရတိ
ဂုဒ္ဓမေဿ အနာပတ္တိယံ အဝိကံ တဿ သစေပိ
အပ္ပဟရိတံ အလဘန္တေန တိဏဏ္ဍုပကံ ဝါ
ပလာလဏ္ဍုပကံ ဝါ ဌပေတွာ ကာတဗ္ဗံ ပစ္ဆာ
ဟရိတံ ဩတ္ထရတိ ဝဋ္ဋတိယေဝ။

အပ္ပဟာရိတော၊ ၌။ ကတော၊ စွန့်လိုက်သော ကျင်ကြီးကျင်ငယ်သည်။ ဟရိတံ၊ ကို။ ဩဏ္ဏရာဘိ၊ လွှမ်းမိုး၏။ ဇုတိ-ဇုဒံ ပဒံ၊ သည်။ ဧတ္တ၊ ဤသိက္ခာပုဒ်၌။ အနာပတ္တိယံ၊ ၌။ အဓိကာံ၊ ၏။ တဏ္ဍုဝစနေ၊ ၌။ သစေ၊ ၍။ အပ္ပဟာရိတာံ၊ မစိမ်းသောအရပ်ကို။ အလဘန္တေန၊ မရသောရဟန်းသည်။ တိဏဏ္ဍု၊ ပကာံ၊ ၊ မြက်ခွေကိုရင်း၊ ပလာလဏ္ဍု၊ ပကာံဝ၊ ၊ ကောက်ရိုးခွေကိုရင်း။ ထပေတွာ၊ ၍။ ကတော၊ စွန့်သော ကျင်ကြီးစသည်သည်။ ပစ္ဆာ၊ မှ။ ဟရိတာံ၊ သို့။ ဩဏ္ဏရတိ၊ လွှမ်းမိလေအံ့။ ဝဋ္ဋတိယေဝ၊ တည်း။

---

ဤသိက္ခာပုဒ်၌ ဟရိတဒ္ဓါန ဝယ် ထံတွေးကို မစွန့်ရဟု ဆိုသဖြင့် နှပ်ကို စွန့်ကောင်းသည်ဟု မှတ်ရမည်လော။

ထံတွေးဖြင့် နှပ်ကိုပါ ယူအပ်သောကြောင့် နှပ်ကို ဟရိတဒ္ဓါန၌ မစွန့်ကောင်းပါ။

ခေဠေနာ စေတ္ထ သိင်္ဃာနိကာပိ သင်္ဂဟိတာ။

ဧတ္ထ၊ ဤသိက္ခာပုဒ်၌။ ခေဠေန၊ တံတွေးဖြင့်။ သင်္ဃာနိကာပိ၊ နှပ်ကိုလည်း။ သင်္ဂဟိတာ၊ ရေတွက်၍ ယူအပ်၏။

---

## နဋ္ဌဒက သိက္ခာပုဒ်

နဋ္ဌဒကေ အဂိလာနော၌ ဥဒကအရ အဘယ်သို့သောရေမျိုးကိုယူရမည်နည်းဟု ပေါ် ဖြစ်ပြီးလျှင်သရုဒ္ဓရာစသည့် မသုံးဆောင်ကောင်းသော ရေထဲသို့ ကျင်ကြီးစွန့်ပါက အပြစ်ရှိမရှိကိုလည်း ဆုံးဖြတ်ခဲ့ပါ။

ဥဒကအရ သုံးဆောင်ကောင်းသော ရေမျိုးကို ယူရပါမည်။ သမုဒ္ဒရာစသည့် မသုံးဆောင်ကောင်းသော ရေထဲ၌ ကျင်ကြီးစွန့်သော် အပြစ်မရှိပါ။

> နုဒကေတိ ဧတံ ပရိဘောဂဥဒကမေဝ သန္ဓာယ ဝုတ္တံ၊ ဝစ္စကုဋိသမုဒ္ဒါဒိ ဥဒကေသုပန အပရိဘောဂေသု အနာပတ္တိ။

နုဒကေကါဒိတံဝစနံ၊ စကားကို။ ပရိဘောဂဥဒကမေဝ၊ သုံးဆောင်ကောင်းသောရေကိုသာလျှင်။ သန္ဓာယ၊ ၍။ ဝုတ္တံ၊ ၏။ အပရိဘောဂေသု၊ မသုံးဆောင် ကောင်းကုန်သော။ ဝစ္စကုဋိသမုဒ္ဒါဒိ ဥဒကေသုပန၊ ကျင်ကြီးအိမ် သမုဒ္ဒရာစသော ရေတို့၌ကား။ အနာပတ္တိ၊ အာပတ်မသင့်။

---

မိုးရွာ၍ ခြောက်သွေ့သောအရပ်ကို ရှာမတွေ့ခဲ့သော် မည်ကဲ့သို့ ပြုလုပ်ရမည်နည်း ညွှန်းပြပြီးလျှင်၊ ကုန်းပေါ် မှပေါက်လိုက်သောကျင်ကြီးကျင်ငယ်သည် ရေထဲသို့စီးဆင်းသွားပါက အာပတ်သင့်ပါသေးသလော။

ခြောက်သွေ့သောအရပ်ကို ရှာမတွေ့ခဲ့သော် ရေထဲသို့ပေါက်ချနိုင်ပါသည်။ ကုန်းပေါ်မှပေါက်ချသောကျင်ကြီး ကျင်ငယ်သည် ရေထဲသို့ စီးဆင်းသွားသော်လည်း အာပတ်မသင့်ပါ။

> ဒေဝေ ဝဿန္တေ သမန္တတော ဥဒကောဃော ဇာတော အနုဒကဋ္ဌာနံ အလဘန္တေန ဥဒကေ ပါတေတုံ ဝဋ္ဋတိ၊ ထလေ ကတော ဥဒကံ ဩတ္ထရတိတိ ဧတ္ထ အနာပတ္တိယံ ဒဿိတံ။

ဒေဝေါ၊ မိုးသည်။ ဝဿန္တေ၊ ရွာသည်ရှိသော်။ အနုဒကင္ခာနံ၊ ရေမရှိသောအရပ်ကို။ အလဘန္တေန၊ ရဟန်းသည်။ ဥဒကော၊ ဒ္ဓ။ ပါ တောတုံ၊ ၄ှာ။ ဝဋ္ဋတိ၊ ၏။ ဣစ္စေ ပိ၊ ဤသိက္ခာပုဒ်ဒ္ဓလည်း။ ထလေ၊ ကုန်းပေါ်ဒ္ဓ။ ကတော၊ စွန့်လိုက်သော ကျင်ကြီးကျင်ငယ်စသည်သည်။ ဥဒကံ၊ သို့။ ပြတ္ထရတိ၊ လွှမ်း၏။ ဣတိဣဒံသိက္ခာပဒံ၊ သည်။ အနာ ပတ္တိယံ၊ ဒ္ဓ။ အမိကံ၊ ၏။

---

သေခိယခုနစ်ဆဲ့ငါးပါးကို သမုဋ္ဌာန်ခြောက်ပါး ဖြင့် ပိုင်းခြားဝေဘန်ခဲ့ပါ။

ဥဇ္ဇဂ္ဃိကသိက္ခာပုဒ် (၂) အပ္ပသဒ္ဒ (၂) သကာဗဇ္ဇေန မုခေနပျာပဟရဏာ,နဆမာယံ,နနိစေ,နဥ္စတော,နပစ္စတော နဥပ္ပထေန ဤသိက္ခာပုဒ် ( ၁၁ ) သည် ကာယဝါစာစိတ္တ သမုဋ္ဌာန်ဖြစ်ကြပါသည်။ သူပေါဒနဝိညတ္တိသိက္ခာပုဒ်ခွာ ကာယစိတ္တနှင့် ကာယဝါစာစိတ္တ သမုဋ္ဌာန်များဖြစ်ကြပါ သည်။ ဆတ္တပါဏိ, ဒဏ္ဍပါဏိ, သတ္ထပါဏိ, အာဝုဓ ပါဏိ, ပါဒုက, ဥပါဟန, ယာန,သယန,ပလ္လတ္ထိက, ဝေဋ္ဌိ တ,သြဂုဏ္ဌိတ ဤသိက္ခာပုဒ် (၁၁) သည် ဝါစာစိတ္တ သမုဋ္ဌာန်များဖြစ်ကြ၍ ကြွင်း ( ၅၃ ) ပါးကား ကာယ စိတ္တသမုဋ္ဌာန်များဖြစ်ကြပါသည်။

---

သေခိယ (၇၅)ပါးကို သာရုပ္ပသိက္ခာပုဒ်, ဘော ဇနပဋိသံယုတ္တသိက္ခာပုဒ်, ဓမ္မဒေသနာသိက္ခာပုဒ် တို့ကို ပိုင်းခြားပြခဲ့ပါ။

သာရုပ္ပသိက္ခာပုဒ်များကား- ပရိမဏ္ဍလဝဂ် (၁၀) ဥဇ္ဈဂ္ဃိကဝဂ် (၁၀) ခမ္ဘကတဝဂ်အစ (၆) ပုဒ်အားဖြင့် (၂၆) ပါးရှိပါသည်။ ဘောဇနပဋိသံယုတ္တ သိက္ခာပုဒ်များကား-ခမ္ဘကတဝဂ် သတ္တမသိက္ခာပုဒ်မှစ၍ သုရုသုရုဝဂ် ဆဋ္ဌမသိက္ခာပုဒ်အထိ (၃၀)ရှိပါသည်။ ဓမ္မဒေသနာ ပဋိသံယုတ္တ သိက္ခာပုဒ်များကား- သုရု သုရုဝဂ် နဝတ္တမှ အဆုံးတိုင်အောင် (၄) ပုဒ် ပါဒုကဝဂ် (၁၅) အားဖြင့် (၁၉) ပါးရှိပါသည်။ ထိုတွင် နဝတ္တမှ အဆုံးသုံးပုဒ်ကို ဥစ္စာစာရသိက္ခာပုဒ်ဟုလည်း သီးသန့်ခေါ်နိုင်သည်။

အထူးမှာထားချက်။ သမဏသာရုပ္ပ၊ ရဟန်းသာမဏေတို့အား ကြည်ညိုဘွယ်ကိုဆောင်သောသိက္ခာပုဒ် ဘောဇနပဋိသံယုတ္တ စားသောက်ဘွယ်နှင့်သက်ဆိုင်သော သိက္ခာပုဒ်၊ ဓမ္မဒေသနာ ပဋိသံယုတ္တ၊ တရားဟောမှုနှင့် သက်ဆိုင်သောသိက္ခာပုဒ်ဟု ပါဠိမြန်မာ နှစ်ဘာသာကိုသိထားပါ၊ သို့ပါမှ အောက်ပါမေးခွန်းကို သိမှန်းလည်ပေမည်။

---

သေခိယသိက္ခာပုဒ်တို့တွင် ရဟန်း သာမဏေတို့အား ကြည်ညိုဘွယ်ကိုဆောင်သောသိက္ခာပုဒ်၊ ဆွမ်းစားမှုနှင့် ဆိုင်သော သိက္ခာပုဒ်၊ တရားဟောမှုနှင့် ဆိုင်သော သိက္ခာပုဒ် ကျင်ကြီးကျင်ငယ် စွန့်မှုနှင့် ဆိုင်သောသိက္ခာပုဒ်တို့၏သရုပ်ကို အသီးသီးဖော်ပြခဲ့ပါ။

အမှာ။ သေခိယအားလုံး သစိတ္တက-လောကဝဇ္ဇချည်းတည်း။

သေခိယပြီး၏။

## အဓိကရဏ

အဓိကယ်ကြောင့် အဓိကရဏသမထ ဟု ခေါ် သည်ကို ဖြေဆိုပြီးလျှင် ယင်း အဓိကရဏ၏ အပြားကို လည်း ရေးခဲ့ပါ။

အဓိကရုဏ်းတို့ကို ငြိမ်းစေတတ်သောကြောင့် အဓိကရဏသမထဟု ခေါ်ပါသည်။ ယင်း အဓိကရဏ၏ အပြားကား-ဝိဝါဒါဓိကရုဏ်း, အနုဝါဒါဓိကရုဏ်း, အာပတ္တာဓိကရုဏ်း, ကိစ္စာဓိကရုဏ်း အားဖြင့် လေးပါး ရှိပါသည်။

> အဓိကရဏာနိ သမေန္တိ ဝူပသမေန္တီတိ အဓိကရဏသမထာ။

အဓိကရဏာနိ၊ တို့ကို။ သမေန္တိ ဝူပသမေန္တိ၊ ငြိမ်းစေတတ်ကုန်၏။ ဣတိ-တသ္မာ၊ ကြောင့်။ အဓိကရဏသမထာ၊ ကုန်၏။

---

အဓိကရုဏ်းလေးပါးတို့၏ အဓိပ္ပါယ်ကို ပေါ်လွင်အောင် ရေးခဲ့ပါ။

ဓမ္မ အဓမ္မစသော အဋ္ဌာရသဝတ္ထု တဆဲ့ရှစ်ပါးတို့ဖြင့် ရဟန်းအချင်းချင်း ငြင်းခုန်ခြင်းသည် ဝိဝါဒါဓိကရုဏ်းမည်၏၊ သီလဝိပတ္တိ, အာစာရဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိ, အာဇီဝဝိပတ္တိတို့ဖြင့် ရဟန်းအချင်းချင်း စွပ်စွဲခြင်းသည် အနုဝါဒါဓိကရုဏ်းမည်၏။ အာပတ်ခုနစ်ပုံသည် အာပတ္တာဓိကရုဏ်းမည်၏။ အပလောကနကံ, ဉတ္တိကံ, ဉတ္တိ

ဒုတိယကံ, ဉတ္တိစတုတ္ထကံ လေးပါးတို့တွင် တပါးပါးကို ပြုခြင်းသည် ကိစ္စာဓိကရုဏ်း မည်၏။

အဓိကရဏောသု တာဝ ဓမ္မောတိ အဓမ္မောတိဝါ အဋ္ဌာရသဟိ ဝတ္ထူဟိ ဝိဝဒန္တာနံ ဘိက္ခူနံ ယော ဝိဝါဒေါ ဣဒံ ဝိဝါဒါဓိကရဏံ နာမ၊ သီလဝိပတ္တိယာဝါ အာစာရ ဒိဋ္ဌိ အာဇီဝ ဝိပတ္တိယာဝါ အနုဝဒန္တာနံ ယော အနုဝါဒေါ ဥပဝဒနာစေဝ စောဒနာစ ဣဒံ အနုဝါဒါဓိကရဏံ နာမ၊ မာတိကာယ အာဂတာ ပဉ္စ ဝိဘင်္ဂေ ဒွေတိ သတ္တပိ အာပတ္တိက္ခန္ဓာ အာပတ္တာဓိကရဏံ နာမ၊ ယံ သံဃဿ အပလောကနာဒီနံ စတုန္နံ ကမ္မာနံ ကရဏံ ဣဒံ ကိစ္စာဓိကရဏံနာမ။

---

အဘယ် အဓိကရုဏ်းသည် အဘယ် သမထတို့ဖြင့် ငြိမ်းပါသနည်း။

ဝိဝါဒါဓိကရုဏ်းသည် သမ္မုခါဝိနယ, ယေဘုယျသိကာ နှစ်ခုကိုငြိမ်းပါသည်။ အနုဝါဒါဓိကရုဏ်းသည် သမ္မုခါဝိနယ, သတိဝိနယ, အမူဠှဝိနယ,တဿပါပိယသိကာတို့ကို ငြိမ်းပါသည်။ အာပတ္တာဓိကရုဏ်းသည် သမ္မုခါဝိနယ, ပဋိညာယ ကာရေတဗ္ဗ တိဏဝတ္ထာရကတို့ကို ငြိမ်းပါသည်။ ကိစ္စာဓိကရုဏ်းသည် သမ္မုခါဝိနယ သမထကို ငြိမ်းပါသည်။

● အဘာယ်သမထသည် အဘာယ် မျှလောက်သော အဓိကရုဏ်းတို့ကို ငြိမ်းစေနိုင်ပါသနည်း။

သမ္မုခါဝိနယ သမထမှာ လေးပါးသော အဓိကရုဏ်းကို ငြိမ်းစေနိုင်ပါသည်။ သတိဝိနယ, တဿပါပိယသိက, အမူဠ္ဟဝိနယတို့မှာ အနုဝါဒါဓိကရုဏ်းကို ငြိမ်းစေနိုင်ပါသည်၊ တိဏဝတ္ထာရက, ပဋိညာယကာရေတဗ္ဗနှစ်ခုသည် အာပတ္တာဓိကရုဏ်းကို ငြိမ်းစေနိုင်ပါသည်၊ ယေဘုယျသိကမှာ ဝိဝါဒါ ဓိကရုဏ်းကို ငြိမ်းစေနိုင်ပါသည်။

ပါဠိုဒ္ဒေသနိဋ္ဌိတော်။

---

## ပါစိတ်နောက်ဆက်တွဲ

**သုဒ္ဓပါစိတ်-** နိဿဂ္ဂိယသဘော မပါသောကြောင့် သုဒ္ဓပါစိတ်ဟု ဆိုသည်၊ ပါစိတ်ချည်း သက်သက်ဟူလို။

**ပါစိတ်-**ပိတ္တံ ပါတေတီတိ ပါစိတ္တိယံ- ပိတ္တံ၊ ကုသိုလ်စိတ်ကို။ ပါတေတိ၊ ကျစေတတ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ပါစိတ္တိယံ၊ မည်၏။

**အဓိပ္ပါယ်ကား-**စိတ် စေတနာနှင့် သင့်ရောက်သော ပါစိတ်အာပတ် သင့်ရောက်သည့်အခါ ကုသိုလ်စိတ်များ ကွယ်ပျောက်သောကြောင့် ယင်းပါစိတ် အာပတ်ကို ကုသိုလ်စိတ်ကို ကျစေတတ်သော အာပတ်ဟု ဆိုသည်။ ပါရာဇိက စသောအာပတ်များလည်း ကုသိုလ်စိတ်ကို ကျစေတတ်သည်ပင်၊ သို့သော် ပါရာဇိကစသော နာမည်

ထူးကို ရပြီးဖြစ်၍ ဤအာပတ်ကိုသာ ပါစိတ်ဟု ခေါ်ရ ပြန်သည်။

**သမ္ပဇာနသော မုသာဝါဒေ၊ သမ္ပဇာန မုသာဝါဒေ၊** မဟုတ်မမှန်သော စကားကို မုသာဟု ခေါ်သည်။ ဝါဒ သဒ္ဒါ ပြောခြင်းအနက်ရှိ၏။ ဝါဒ အရ ပြောခြင်းဟု ဆိုသော်လည်း လက်, ဦးခေါင်း စသော ကိုယ်အင်္ဂါဖြင့် ပြသည့်ခြင်းကိုပါ ဝါဒအရ, သွင်းယူရမည်။

**ဩမသဝါဒေ** - ဒါးကိုကိုင်ပြီး ခုတ်ရာ၌ ဒါးသည် အခုတ်ဝကြူဖြစ်သကဲ့သို့ ဆဲရေးရာ၌လည်း အမျိုးကိုကိုင်၍ အမည်ကိုကိုင်၍ ဆဲရေးကြသည်။ အဩမသ ဆဲရေး ကြောင်းဖြစ်သောစကားများကား ဇာတိစသည်တို့တည်း။ ထိုအဩမသဆယ်ပါးမှလွတ်သော ဟဲ့-သူခိုးစသည်ဖြင့် ဆဲရာ၌လည်း ဒုက္ကဋ်သင့်သည်။ အဩမသ စကားဖြင့်ပင် ရဟန်းကိုဖြစ်စေ, လူသာမဏေကိုဖြစ်စေ ပြောင်လှောင် လို၍ ပေ့ ခတ္တိယကြီး လာပြီကွ စသည်ဖြင့် ပြောရာ၌ ဒုဗ္ဘာသိတသင့်၏။

**ဘိက္ခုပေသုညေ**-ပိသတီတိ ပိသုဏော၊ ပိသုဏဿ ဘာ ဝေါ ပေသုညံ၊ ဘိက္ခုနော ပေသုညံ ဘိက္ခုပေသုညံ။

**ဥတ္တရိဒိရတ္တတိရတ္တံ**-ဒိရတ္တံ တိရတ္တံ ဥတ္တရိ ဥတ္တရိ ဒိရတ္တတိရတ္တံ၊ သေတိ ဧတ္ထာတိ သေယျာ၊ သယနံ သေယျာ၊ သေယျာ စ သေယျာ စ သေယျာ။

**ဘူတဂါမ**-ဘဝန္တိ ဗြူဟန္တိ ဘူတာ၊ ဘူတာနံ ဂါမော ဘူတာဂါမော၊ ပါတဗျဿ ဘာဝေါ ပါတဗျတာ။

**ဝိဟောသကာ-** ဝိဟောသတီတိ၊ ဝိဟောသကော၊ အညံ ဝဒတီတိ အညပါဒကော။

**ဥဏ္ဏာပမနက-** ဥဏ္ဏာပေတ္တိ ဓောတနာတိ ဥဏ္ဏာပနကံ၊ ဝိယတ္တိ ဓောတနာတိ ဝိယျနကံ။

**သေနာသန-** သေန္တိ ဧတ္ထာတိ သေနံ၊ အာသန္တိ ဥပဝိသန္တိ ဧတ္ထာတိ အာသနံ။ သေနဉ္စ အာသနဉ္စ သေနာသနံ။

**အာဟာရစ္ဆုပါဒက-** အာဟာညတေတိ အာဟာရစ္ဆော၊ အာဟာရစ္ဆော ပါဒေါယဿာတိ အာဟာရစ္ဆုပါဒေါ။ အာဟာရစ္ဆုပါဒေါယေဝ အာဟာရစ္ဆုပါဒကော။ အပေါင်ကို တွင်းပြီးလျှင် ထိုအပေါက်၌ ခြေချိတ်ပင်များကို သွင်းထားသော ညောင်စောင်း အင်ပျဉ်များတည်း။

**အာလောကသန္ဓိ-** အာလောကံ သန္ဓေတီတိ အာလောကသန္ဓိ၊ အပြင်မှ အရောင်များကို ပိတ်ကွယ်တတ်သော ပြူတင်း၏ တံခါးရွက်ကို ခေါ်သည်။

**သပ္ပါဏက သိက္ခာပုဒ်-** သပ္ပါဏကံ ဥဒကံ တိဏံဝါ မတ္တိကံဝါ ပုဒ်ကို နှစ်နည်း အနက်ပေးရာ၌ ပဌမနည်း အရ ရေကန်, ရေအိုင်, ရေတွင်းများမှ ပိုးရှိသောရေကို ပိုးရှိမှန်းသိလျက် သွန်လောင်းရ ဟူလို။ ဒုတိယနည်း အရ ပိုးရှိသော ရေပူရေဝယ် မြက်, သစ်ရွက်, သစ်မှိုက် တို့ကို ထည့်လိုက်လျှင် ရေနောက်သွားသဖြင့် ပိုးကောင် ကလေးများ သေဘွယ်ရှိ၍ နဲ့နဲ့ပါးပါး ရေကိုသာ

ဆိုလိုသည်။ မြစ်ချောင်းကြီးများဝယ် များစွာသောရေ၌ ကား မိုးမသေနိုင်။

**အာဓိသ-** အာမသိယတေတိ အာမိသံ၊ ငါ့ဟာဟု တဏှာဖြင့် သုံးသပ်အပ်သော ပစ္စည်းများကို အာမိသဟု ခေါ်သည်။

**ဧကဒ္ဓါန မဂ္ဂ-** ဧကသဒ္ဒါသည် တခု ထည်းသော အနက်ကို ဟော၏။ တခုတည်းသော ခရီးဟူရာဝယ် လမ်းကြောင်း တကြောင်းတည်း တလမ်းတည်းကိုဆိုလို သည်။ တနည်းအားဖြင့် ဧကသဒ္ဒါသည် တပေါင်းတည်း ဟူသော အနက်ကို ဟော၏၊ဘိက္ခုနှင့်ဘိက္ခုနီ တပေါင်း တည်း အခွန့်ရှည်သော ခရီးကို သွားသည်ဟူလို၊ အခွန့် ရှည်သောခရီးဟူသည် တယူဇနာခက်ရှိသျှင် အဒ္ဓါနဟု ခေါ်နိုင်သည်။

**သဋ္ဌဂမနီယာ-**သဋ္ဌေန ဂမနီယော သဋ္ဌဂမနီယော။

**ဘိက္ခုနီပဋိပါစိတ-**ဘိက္ခုနိယာ ပဋိပါစိတံ ဘိက္ခုနဲ့ ပဋိပါစိတံ၊ စီမံသည်ဟူရာ၌ ဟိုဟာထည့်လိုက် သည် ဟာထည့်လော့ စသဖြင့် ကောင်းအောင် စီမံခြင်းကို မဆိုလို အကျွမ်းဝင်သူများကို မည်သည့် ရဟန်းအား လှူကြဟု စသည်ဖြင့် စီမံကာတ နှိုးဆော်တတ်ကြ၏၊ ထို စီမံနှိုးဆော်မှုမျိုးကို ဘိက္ခုနီ ပဋိပါစိတဟု ခေါ်သည်။

**အာဂသသမ္ဗိဋ္ဌ-**အာဂစ္ဆာ ဝသန္တိ ဧတ္ထာတိ အာဝ သထော၊ ဤဝိဂ္ဂဟအရ ခရီးသွားသူတို့ လာရောက်တည်း ခိုရာ စရပ်စသည်ကို အာဝသထဟု ခေါ်သည်။ အာဝ

သထေ ပညတ္တော ပိဏ္ဍော အာဝသထပိဏ္ဍော၊ အာဝသထ၌ ထားအပ်သော ဆွမ်းကို အာဝသထပိဏ္ဍ ဟု ခေါ်သည်။

**ဂဏဘောဇန်**-ဂဏဿ သန္တကံ ဘောဇနံ ဂဏဘောဇနံ၊ နှစ်ပါး သုံးပါးကို ဂိုဏ်းမခေါ်၊ လေးပါးမှစ၍ အထက် ရာ, ထောင် တိုင်အောင် ရဟန်းများကို ဂိုဏ်း ဟု ခေါ်သည်။

**ပရမ္ပရ ဘောဇန်**- ပရေစ ပရေစ ပရမ္ပရော ပရမ္ပရဿ ဘောဇနံ ပရမ္ပရဘောဇနံ။

**ဒွတ္တိပတ္တပူရာ**-ပတ္တဿ ပူရာ ပတ္တပူရာ၊ ဒွေ ဝါ တယော ဝါ ပတ္တပူရာ ဒွတ္တိပတ္တပူရာ။

**အတိရိတ်ဝိနည်းကံပြုခြင်းအင်္ဂါ ၇**- (၁) အပ်အောင် ပြုပြီးဖြစ်ခြင်း၊ (၂)အကပ်ခံပြီးဖြစ်ခြင်း၊ (၃)ဝိနည်းဓိုရ်၏ အနီး၌ မြှောက်ချီထားခြင်း၊ (၄) ဝိနည်းဓိုရ်၏ ဟတ္ထပါသ်သို့ ရောက်ခြင်း၊ (၅) ဝိနည်းဓိုရ်က အနည်းငယ် ဖြစ်စေ စားပြီးခြင်း၊ (၆) ဝိနည်းဓိုရ် ကိုယ်တိုင်က ပဝါရိတ် သင့်ပြီးသူဖြစ်လျှင် ထိုပဝါရိတ်သင့်သော နေရာမှ မထသေးခြင်း၊ (၇) ဝိနည်းဓိုရ်က အလမေတံသဗ္ဗံ ဟု ရွတ်ဆိုခြင်းတို့သည် အတိရိတ်ဝိနည်းကံ ပြုခြင်း၏ အင်္ဂါ တို့ပင်ဖြစ်လေသည်၊ ဝိနည်းဓိုရ်ဆိုသည်မှာ အလမေတံ သဗ္ဗံဟု ဆို၍ အတိရိတ် ဝိနည်းကံပြုပေးမည့် ရဟန်းကို ဆိုသည်။

**အတိရိတ္တ၏အဓိပ္ပါယ်**- အတိရိတ္တသဒ္ဒါသည် အဓိက အပိုအလျှံ အကြွင်းအကျန်ဟူသော အနက်ကိုဟော၏။ အပိုအကျန်ဖြစ်အောင် ပြုခြင်းကို အတိရိတ် ဝိနည်းကံပြုခြင်းဟု ခေါ်၏။

**ကာလိကလေးမျိုး**-ဝိဂတော ကာလော ဝိကာလော၊ မွန်းတည့်ပြီးနောက် အရုဏ်တက်သည့် တိုင်အောင် အခါတည်း၊ ကာလေ ဘုဉ္ဇိတဗ္ဗာတိ ကာလိကာ၊ ယာဝကာလံ ဘုဉ္ဇိတဗ္ဗန္တိ ယာဝကာလိကံ- အရုဏ်တက်ပြီးသည်မှစ၍ မွန်းတည့်တိုင်အောင် စားသောက်ကောင်းသော ဘောဇဉ်များနှင့် ခဲဖွယ်ဟူသမျှတည်း။ ယာမကာလံ ဘုဉ္ဇိတဗ္ဗန္တိ ယာမကာလိကံ မွန်းတည့်ပြီးနောက် အရုဏ်မတက်မီ မိုးသောက်ယံ တိုင်အောင် သောက်ထိုက်သော အဖျော်ရည်များတည်း။ သတ္တာဟကာလံ ဘုဉ္ဇိတဗ္ဗန္တိ သတ္တာဟကာလိကံ၊ ခုနစ်ရက်လုံးလုံး စားသုံးထိုက်သော သပ္ပိ စသည်တို့တည်း။ သတ္တာဟံ ကာလော သတ္တာဟ ကာလော၊ သတ္တာဟ ကာလော အဿ အတ္ထီတိ သတ္တာဟ ကာလိကံ ဟု တနည်းပြုနိုင်သေးသည်။ ယတ္တကော ဇီဝေါ ယာဝဇီဝံ၊ ယာဝဇီဝံ ပရိဘုဉ္ဇိတဗ္ဗန္တိ ယာဝဇီဝိကံ- တသက်လုံး စားသောက်ကောင်းသော ချင်းစသည်တို့တည်း။

**သန္နိဓိကာရက**—သန္နိဓိ ကာရော ယဿာတိ သန္နိဓိ ကာရော၊ သန္နိဓိကာရောဝ သန္နိဓိကာရကော သတ္တာဟကာလိက ထောပတ် စသည်နှင့် ယာဝဇီဝိက ဆား

စသည်တို့ ရောနှောရာ၌ သဏ္ဌာဟကာလိက၏ သက် တမ်း ခုနစ်ရက်သာလျှင် ဆောင်းကလိုက်နိုင်သည်။ သဏ္ဌာဟကာလိက ဝတ္ထုက အကပ်ခံ၍ ခုနစ်ရက်လွန်မှ ရောသျှင် နောက်ထပ် ငါးရက်သာ အစ်၏။ ထိုကြောင့် ရက်တိုကာလိက သခေါ့ အတိုင်း ရက်ရှည်ကာလိကတို့က အမြဲလိုက်ရသည်။

**ပဏီတဘောဇနာ** ပဏီတဘောဇန သံသဋ္ဌာန် ဘောဇနာနိ ပဏီတဘောဇနာနိ၊ ထောပတ် စသော ကိုးပါးကို ပဏီတ, ထိုထောပတ် စသည်တို့နှင့် ရောနှောအပ်သော ဘောဇဉ်ကို **ပဏီတဘောဇဉ်**ဟု ခေါ်၏။ မီးဖြင့် ချက်၍ အလွန်ပျစ်သော မချဉ်သေးသည့် နို့ကိုဥင်း၊ တည်၍ လောက်ကြာသျှင် အနည်းငယ်ချဉ်နံ့ပေါက်သော နှစ်ည၌ သုံးည၌ကြာလျှင် အတော်ချဉ်သော နို့ပုစ်ကိုဥင်း၊ ဒဓိ ဟု ခေါ်သည်။ ထိုဒဓိကို မွှေတန်ဖြင့် မွှေလိုက်သည့်အခါ နဝနီတ ဖြစ်လာ၏။ထိုဦး (ဝါ) ထောပေး ဖြစ်လာ၏။

**ဒန္တပေါဏ** ဒန္တံ ပုနာတိ ဧတ္ထာတိ ဒန္တပေါဏော,မုခဓောဝန ဟေဋ္ဌာ ဒွါရံ မုခဒွါရံ။ ပါးစပ်ပေါက် မဟုတ် အောက် ပိုင်း အခါဖြစ်သော လည်ချောင်းပေါက် တည်း။ လည် ချောင်း မရောက်ခင် ပါးစပ်အတွင်း၌ ရုံရုံပြီး အရည် တစက်မျှ လည်ချောင်းတွင်းသို့ မဝင်စေဘဲ ထွေးပစ်နိုင် ခဲ့သော် အကပ်မခံခဲ့သော်လည်း အာပတ်မသင့်။ •

**အာဟာရ** ယာဝကာလိက စသော လေးပါးကို အာဟာရဟု ခေါ်သည်။ အကပ်ခံပြီးသော အာဟာရ၌

ရထရေဏုမြူကျလျှင် အကပ်ပျက်၏၊ လှည်းရထားတို့ သွားသောအခါ ကျသော မြူမှုန်ကို **ရထရေဏုမြူ**ဟု ခေါ်သည်။ တံမြက်စီးလှည်း၍သော်၎င်း လေတိုက်၍ သော်၎င်း ထသောမြူမှုန်တို့သည် ရထရေဏုမြူတို့ပင်။ နံရံပေါက်မှဝင်လာသော နေရောင်ဖြင့် မြင်ရသောမြူကို **တဇ္ဇာရီ**မြူဟု ခေါ်သည်။

**အစေလက** နတ္ထိ စေလံ ယဿာတိ အစေလကော စေလသဒ္ဒါ အဝတ်ဟောတည်း။အဝတ်မရှိသော ဘလာ ကိုယ်တည်း ကျင့်သူ တိတ္ထိကို အစေလကဟု ခေါ်သည်။ တက္ကတ္ထွန်းဟုလည်း ခေါ်သေးသည်။

**ပရိဗ္ဗာဇက** ပရိ စဇိတွာ ဝဇတီတိ ပရိဗ္ဗာဇကော။ ပရိပုဗ္ဗ-ဝဇ-ဓာတ်-ဏွု-ပစ္စည်း။ ပရိစဇိတွာ၊ လူမှုကိစ္စ ဟူသမျှကိုစွန့်ခွာ၍၊ ဝဇတိ၊သွားတတ်၏ပေး။ ဤဝိဂြိုဟ်အရ လူမှုကိစ္စကို စွန့်ခွါ၍ ကမ္မဋ္ဌာန်းသို့ သွားနေသော ရသေ့ ရဟန်းတို့ကို ရသော်လည်း ဤသိက္ခာပုဒ်၌ သာသနာမှ အပ ဖြစ်သော တိတ္ထိအားလုံးကိုသာယူ။

**ဖိုးသူတော်နှင့် သီလရှင်** ဖိုးသူတော်နှင့် သီလရှင် များသည် သာသနာ၏ အပြင်ပ အယူများကို ယူသူ မဟုတ်ကြ၍ ပရိဗ္ဗာဇက—ပရိဗ္ဗာဇိကာယ အထည်းတွင် မပါဝင်ဟုမှတ်။

**သဘောဇန** ဥဘောပိ ဇနေပိသဟ ယံ ဝတ္တတီတိ သဘောဇနံ။ (တနည်း)ဘောဇနေနသဟ ယံ ဝတ္တတီတိ သဘောဇနံ။

**ပုရေဘဗ္ဗ** ဘဗ္ဗသ ပုရေ ပုရေဘဗ္ဗံ၊ ဘဗ္ဗသ ပစ္ဆာ ပစ္ဆာဘဗ္ဗံ။

**ဥယျောဓိက** ဥဂ္ဂတ္တာ ဥဂ္ဂတ္တာ ယုဇ္ဈန္တိ ဧတ္ထာတိ ဥယျောဓိကံ။ ဥ ရှေးရှိသော ယုဇ္ဈ ခေါတ် တ-ပစ္စည်း။ ယုဇ္ဈ-ဂမနေ ဣဂိတ္တာ အရ စစ်ပွဲကို ဥယျောဓိက ခေါ်သည်။ ဗလသ အဂ္ဂံ ဗလဂ္ဂံ၊ ဗလဂ္ဂံ ဇာနန္တိ ဧတ္ထာတိ ဗလဂ္ဂံ၊ စစ်သည်များကို စု၍ ရေတွက်ရာ အရပ်ကို ဗလဂ္ဂ ဟု ခေါ်သည်။ သေနာယ ဗျူဟော သေနာဗျူဟော၊ စစ်တိုက်ရန် သူ့နေရာနှင့် သူ့နေရာ စုဝေး ချထားခြင်းကို သေနာဗျူဟဟု ခေါ်၏။ အနီကဿ ဒဿနံ၊ ဟတ္ထာနီက စသည် ခေါ်ပုံကို ဆိုင်ရာတွင် ပြန်ကြည့်။

**အနာဒရိယ** နတ္ထိ အာဒရော ယဿာတိ အနာဒရော၊ အနာဒရဿ ဘာဝေါ အနာဒရိယံ။ ထိုမရိုသေခြင်းသည် ပုဂ္ဂိုလ်ကို မရိုသေခြင်း ပါဠိအဋ္ဌကထာ ဓမ္မကို မရိုသေခြင်းအားဖြင့် နှစ်မျိုးရှိသည်။ မသင့်လျော်သောအမှုကို ပြုကျင့်သောရဟန်းအား အခြားရဟန်းက ဝိနည်းလမ်းကြောင်းဖြင့်ပြောလျှင် ဒင်း ပြောတာကို လိုက်နာရမှာတဲ့လား ဟူသောသဘောဖြင့်နားမထောင်ဘဲပြုမြဲတိုင်းပြု၏။ ထိုပုဂ္ဂိုလ်သည် ပုဂ္ဂိုလ်ကို မရိုသေခြင်းမည်၏။ ဝိနယဓမ္မဖြင့် ဆုံးမပြောဆိုလျှင် ထိုဝိနယဓမ္မကိုပင် ကွယ်ပျောက်စေလိုသော သဘောဖြင့် ပြုမြဲပြု၏။ ထိုပုဂ္ဂိုလ်သည် ပါဠိအဋ္ဌကထာဓမ္မကို မရိုသေသူ မည်၏။

ဇာဋ္ဌာသယ ၂၄၄-၃၁

**ပဥ္စမိန္ဒံ့ ရဟာမ်ိ** ဥပသမ္ပန္နပုဒ်ကိုလိုက်၍ ဥပသမ်းဟု ခေါ်သည်၊ တဆင့် ဥပစဉ်း,ဥပစင်း ဖြစ်လာဟန် ရှိ၏။ ကနည်းအားဖြင့် ရဟန်းဖြစ်တို့ရန် အင်္ဂါငါးတန် ပြည့်စုံမှ ဖြစ်သောကြောင့် ပဉ္စက်-ပုဒ်ကိုလိုက်၍ ပဉ္စင်းဟု ခေါ်ဟန်တူ၏။ ထို့ကြောင့် ပဉ္စအင်္ဂါနိ ယဿာတိ ပဉ္စင်္ဂေါ ဥဋ္ဌမော ပဉ္စင်္ဂေါ ဥ ပဉ္စင်္ဂေါ။ ပြု-။

**ထေယျသဂ္ဂ** ထေယျာယ ပန္နော သဂ္ဂော ထေယျ သဂ္ဂော။

**အကာတာနုဓမ္မ** အနုရူပေါ ဓမ္မော အနုဓမ္မော။ အကတော အနုဓမ္မော ယဿာတိ အကတာနုဓမ္မော။

**အပလောကန** သံဃာ စည်းဝေးပြီးနောက် ဆိုင်ရာ အကြောင်းကို ပြောပြ၍ ရုစ္စတိသံဃဿဟု ပါဠိဘာသာ ဖြင့်ပုဉ်း သံဃာတော်အား နှစ်သက်ပါ၏လောဟု မြန်မာ ဘာသာဖြင့် သုံးကြိမ်တိုင်တိုင် ပြုအပ်သောကံကို အပလောကနကံဟု ခေါ်သည်။

**ယထာသန္တုတံ** ယော ယော သန္တုတော ယထာ သန္တုတံ၊ ယော ယော၊ အကြင်သူသည်၊ သန္တုတော၊ မိတ်ဆွေဘည်း။ ယထာ သန္တုတံ၊ အကြင် အကြင် မိတ်ဆွေ။

**အဋ္ဌိမယ** အဋ္ဌိနာ ပကတံ အဋ္ဌိမယံ၊ ဘေဒနမေဝ ဘေဒနကံ၊ ဘေဒနကံ အဿ အတ္ထိတိ ဘေဒနကံ၊ ဒေသနာ့မပြောခင် အပ်ဘူးကို ခွဲပစ်ရဦးမည် ဖြစ်၍ ဘေဒနက အာပတ်ဟု ခေါ်သည်။

**တူလောနဒ္ဓ** တူလံ ဩနဒ္ဓံ ဧတ္ထာတိ တူလောနဒ္ဓံ-ညောင်စောင်း အင်းပျဉ်ပေါ်၌ အဝတ်တထည်ကို ခင်းပြီးလျှင် ထိုအဝတ်ပေါ်၌ လဲတိုက်ထည့်ပြီးနောက် အထက်က အဝတ်ဖြင့် ချုပ်ထားသည်ကို တူလောနဒ္ဓ ဟု ခေါ်သည်။

**နိသီဒိုင်သက်နိုး** အိပ်မက်၌ သုတ် လွှတ်သည့် အခါ သက်နိုးကောင်းနှင့် မတန်၊ ထိုနိသီဒိုင်သက်နိုးဖြင့် ဝတ်ဘို့ရန် ပညတ်တော်မူသောကြောင့် နိသီဒိုင်ကို သုက်နိုး သက်နိုးဟု ခေါ်သည်။

**ဝဿိကသာဋိက** ဝဿေ အဓိဋ္ဌာတဗ္ဗာ သာဋိကာ၊ မိုးအခါဝယ် ဝဿိကသာဋိကအမည်ဖြင့် အဓိဋ္ဌာန်တင်၍ အခြားအခါဝယ် ဝိကပ္ပနာပြု၍ ဖြစ်စေ၊ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ ဖြစ်စေ ဆောင်အပ်သော သင်္ကန်းကို ဝဿိကသာဋိကဟု ခေါ်ပါသည်။

**ရှဉ်ဓောတကထွာ ဆဲ့သုံးထွာ ဘိုးမှာခေါက်ချိုးတက်** ဘုရားရှင်၏ တထွာသည် ယခုလူတို့၏ တထွာဖြင့် သုံးဆတက်၍ လေးထွာခွဲရှိ၏။ ထိုကြောင့် ဘုရားရှင်၏သင်္ကန်းတော်ကို တွက်ကြည့်က ယခု လူတို့အထွာဖြင့် အလျား အတောင်နှစ်ဆယ်နှင့် လက်ရှစ်သစ်ရှိ၏။ အနံမှာ တဆဲ့သုံးတောင်ထွာရှိ၏။

**ပါဋိဒေသနီ** ပဋိဝိသံ ဒေသေတဗ္ဗာတိ ပါဋိဒေသနိယာ၊ ပါဋိဒေသနီ အာပတ် သင့်လျှင် အပယ်ဘေး စသည်ဖြင့် ထုံးစံအတိုင်း ဒေသနာမကြားရဘဲ ဂါရဝှ်

အာဂုသော စသည်ဖြင့် အသီးအခြား ဒေသနာကြားရသောကြောင့် ပါဠိဒေသနာမည်၏။

**သေခိယာ** သိက္ခိတဗ္ဗာတိ သေခိယာ၊ ပရိသမန္တတော မဏ္ဍလံ ပရိမဏ္ဍလံ။

**ခာဒိတ္တသ္မိံလေနှဒိ ဝါဒိတ္တသ္မိံလ** သူတော်ကောင်းများ ကျင့်သောကျင့်ဝတ်တည်း၊ ချဲ့ဦး ထိုကျင့်ဝတ်ကိုမသိ၍ မကျင့်လျှင် အပြစ်မရှိ၊ သိလျက်နှင့် မကျင့်လျှင်သာ မလေးစားသည့်အတွက် အပြစ်ရှိရ၏။ သို့သော် ကျင့်လျှင်လည်း အကျိုးရဖြန်သည်။ ထိုသည်ကို ခာဒိတ္တဟု ခေါ်၏။ ဝါဒိတ္တမှာ ဤကဲ့သို့မဟုတ် ဘုရားရှင်က တားမြစ်ထားသည်ဖြစ်၍ မကျင့်လျှင် အာပတ်သင့်သည်။

**သုပ္ပဋိစ္ဆန္နော** သုဋ္ဌု ပဋိစ္ဆန္နော သုပ္ပဋိစ္ဆန္နော။

**သုသံဝုတော** သံဝုတိယေန္တောတိ သံဝုတော၊ သုဋ္ဌု သံဝုတော ယသ္မာတိ သုသံဝုတော။

**ဩက္ခိတ္တစက္ခု** အဝခိတ္တံ စက္ခု ယဿာတိ ဩက္ခိတ္တစက္ခု။

**ဥဇ္ဇဂ္ဃိကာ** ဥဇ္ဇဂ္ဃံ ဟသနံ ဥဇ္ဇဂ္ဃိကာ။

**ဩဂုဏ္ဌိကာ** အဝဂုဏ္ဌိယတေတိ ဩဂုဏ္ဌိတံ၊ ဩဂုဏ္ဌိတံ ယဿာတိ ဩဂုဏ္ဌိတော။ အာခြုံရှိသော ဂုဏ္ဌခေါင်း ကံဖော တ,ပန်းသည်း။

**ဥက္ကုဋိ** ဥဒ္ဓံ ဣကာ ကောဋ္ဌိ ယဿာတိ ဥက္ကုဋိကာ၊ ဥက္ကောဋိကာ ဟု ဆိုသင့်သော်လည်း ဩကို ဝိပရိတ် ဥ-ပြု၍ ဥက္ကုဋိဖြစ်လာသည်။

**ပလ္လင်္ကိကာ** ပရိသမန္တတော အသနံ ဒိပနံ ပလ္လင်္ကံ၊ အသဓာတ် တိပစ္စည်း အတွက်ဟု ဖြိုးစေ၍ ရှိ၍ ကု-ကိုယ-ပြု၊ ရ-ကို လ-ပြု၊ ဒွေဘော်လာ ပလ္လင်္ကိက ဖြစ်၏။

**ပဏ္ဏသညီ** ပဏ္ဏေ သညာ ပဏ္ဏသညာ၊ ပဏ္ဏသညာ အဿ အတ္ထိတိ ပဏ္ဏသညီ။

**သမဘင်္ဂိကာ** တိဘင်္ဂံ ဝိယ တိဘင်္ဂံ၊ တိဘင်္ဂေန သမံ ယဿာတိ သမတိဘင်္ဂိကံ။

**သပဒါနံ** ဒါနတော အပေတံ အပဒါနံ- ဒါဓာတ် အဝခဏ္ဍနအနက်ဟော၏၊ သဟ အပဒါနေန ယံ ဝတ္တတီတိ သပဒါနံ။

**ထူပကတံ** ထူပသဏ္ဌာနံ ဖိုမောက်သော နေရာများကို ဟော၏။ ထူပံ ကတွာ ထူပကတံ၊ သုခေန ပါဘဗ္ဗတ္တိ သုပ်။

**ဥဇ္ဈာနသညီ** ဥဇ္ဈာနေ သညာ ဥဇ္ဈာနသညာ၊ ဥဇ္ဈာနသညာ အဿ အတ္ထိတိ ဥဇ္ဈာနသညီ။

**ပိဏ္ဍုက္ခေပကံ** ပိဏ္ဍံ ဥက္ခေပကံ ဥက္ခေပကံ ပိဏ္ဍုက္ခေပကံ၊ အဝဂဏ္ဍ ကာရကံ ကာရကံ အဝဂဏ္ဍကာရကံ။ ဟတ္ထံ နိဒ္ဓုနကံ နိဒ္ဓုနကံ ဟတ္ထနိဒ္ဓုနကံ။

**ပါဒုကာရုဠှော** ပါဒုကံ အာရုဠှော ယဿာတိ ပါဒုကာရုဠှော။ ဥပါဟနာရုဠှောလည်းနည်းတူ။

**ယာနဂတော** ယာနေ ဂတော ယာနဂတော၊ သယနေ ဂတော သယနဂတော။

**အဓိကရဏာ** အဓိကရိယန္တိ ဧတ္ထာတိ အဓိကရဏာနိ၊ အဓိကရဏာနိ သမေန္တီတိ အဓိကရဏသမထာ။

ဒေသနာကြားခြင်းအဟံ ဘန္တေသဗ္ဗာ အာပတ္တိယော စသည်ဖြင့် ပဌမပုဂ္ဂိုလ်က ပြောဆိုခြင်းကို ဒေသနာ ကြားသည်၊ ဒေသနာပြောသည်ဟု ဆိုသည်။ ဒုတိယ ပုဂ္ဂိုလ်က သာဓု သာဓု စသည်ဖြင့် လက်ခံခြင်းကို ဒေသနာခံဟု ခေါ်သည်။ ထိုသို့ဒေသနာကြားရာ၌ မိမိမှာ သင့်သော အာပတ်၏နာမည်ကို ထုတ်ဖော်၍ ပြောကြ၏။ ဥပမာ ပဌမသံဃာဒိသေသ် သင့်ရောက်သူသည် အဟံ ဘန္တေ သုက္ကဝိသဋ္ဌိ သံဃာဒိသေသံ အာပတ္တိ စသည်ဖြင့် အာပတ်၏အမည်ကို တပ်ခါ ဒေသနာကြားကြ၏။ ယခု အခါဝယ် ရောထွေး၍ သဗ္ဗအာပတ္တိယော ဟု ဆိုကြ သည်၊ စင်စစ်မှာ အာပတ်၏အမည်ကို ပြောင်းလွဲမဆို သူတို့အတွက် ပညာရှိများ စိစဉ်ပေးခဲ့ရာမှ တွင်ကျယ် လာဟန်တူ၏။ ပညာရှိ အားလုံးပင် လက်ခံကြပေသည်။

## ဒေသနာကြားနည်း

အငယ်က အကြီးထံ ပြောပုံ

| | |
|---|---|
| **ဒေသနာပြော** | အဟံ ဘန္တေ သမ္ဗာအာပတ္တိယော အာဝိကရောမိ၊ |
| **ဒေသနာခံ** | သာဓု သာဓု သာဓု၊ |
| **ပြော** | အဟံ ဘန္တေ သမ္ဗဟုလာ နာနာ ဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပန္နော တာ တုမှ မူလေ ပဋိ ဒေသေမိ၊ |

ခံ — ပဿသိ အာဝုသော တာ အာပတ္တိယော။

ပြော — အာမ ဘန္တေ ပဿာမိ၊

ခံ — အာယတိံ အာဝုသော သံဝရေယျာသိ၊

ပြော — သာဓုသုဋ္ဌု ဘန္တေ သံဝရိဿာမိ၊

ခံ — သာဓု သာဓု သာဓု။

အကြီးက အငယ်ထံ ကြားနည်း

ပြော — အဟံ အာဝုသော သဗ္ဗာ အာပတ္တိယော အာဝိကရောမိ၊

ခံ — သာဓု သာဓု သာဓု၊

ပြော — အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပန္နော တာ တုယှမူလေ ပဋိဒေသေမိ၊

ခံ — ပဿထ ဘန္တေ တာ အာပတ္တိယော။

ပြော — အာမ အာဝုသော ပဿာမိ၊

ခံ — အာယတိံ ဘန္တေ သံဝရေယျာထ၊

ပြော — သာဓု သုဋ္ဌု အာဝုသော သံဝရိဿာမိ၊

ခံ — သာဓု သာဓု သာဓု။

## အနုဂ္ဂဟနှင့်အစပ်ပါဠိ

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ သမ္ဗဟုလာ၊ သော။ အာပတ္တိယော၊ တို့ကို။ အာဝိကရောမိ၊ ထင်စွာပြုပါ၏ဟု ပေး....အာရောစယာမိ အာရောစေမိ ဟုလည်း ဆိုကြသည်။ ပြောကြားပါ၏ဟုပေး။

သာဓု,သာဓု,သာဓု၊ကောင်းပြီ ကောင်းပြီ ကောင်းပြီ။

ဘန္တေ၊ ရေး။ အဟံ၊ သည်။ သမ္ဗဟုလာ၊ ကုန်သော။ နာနာဝတ္ထုကာ၊ အမျိုးမျိုးဝတ္ထု ရှိကုန်သော။ သမ္ဗဟုလာ၊ ကုန်သော။ အာပတ္တိယော၊ တို့သို့။ အာပန္နော၊ ရောက်ပါပြီ။ တာ၊ ထိုအာပတ်တို့ကို။ တုမှံ၊ အရှင်ဘုရားတို့၏။ မူလေ၊ အထံ၌။ ပဋိဒေသေမိ၊ ပြောကြားပါ၏။

အာဝုသော၊ ငါ့ရှင်။ တာ အာပတ္တိယော၊ တို့ကို။ ပဿသိ၊ ရှုလော့-စသည်ပေး၊ အာဝုသော၊ ရှင်။ အာယတိံ၊ ၌။ သံဝရေယျာသိ၊ စောင့်စည်းလော့။

**အကြီးပြောရာ၌ကား**

တုယှမူလေသာ ထူး၏။ တုယှံ၊ တို့၏။ ပေး။

**သတိ၍ပြောရခြင်း**

အဘ်အန္တေ သမ္ဗဟုလာ ဖြစ်၍ ထပ်ဆိုရခြင်းမှာ သဘာဂအာပတ်ရှိသူခြင်း ဒေသနာကြားမိလျှင် ဒုက္ကဋ် အာပတ် ထပ်၍သင့်သောကြောင့် ယင်း ဒုက္ကဋ်အာပတ် ကို ပျောက်စေခြင်းငှာ ထပ်၍ဆိုရ၏။

နောက်ဆက်တွဲ ပြီး၏။

# ဘိက္ခုနီပါရာဇိက

## ပါရာဇိ ကဏ္ဍသ

### မေထုနဓမ္မသိက္ခာပုဒ်

◉ ဘိက္ခုနီပါရာဇိကာယ အဘာယ့်ကြောင့် ဘိက္ခုနီနံ သိက္ခာသာဇီဝသမာပန္နာ စသည်ဖြင့် မပါသည်ကို ဖြေဆိုပြီးလျှင် ဆန္ဒသောမေထုနံ ဓမ္မံ ပဋိသေဝေယျ၌ ဆန္ဒသောအရကိုလည်း ညွှန်းပြခဲ့ပါ။

ဘိက္ခုနီသည် ဘိက္ခုကဲ့သို့ ဗုဒ္ဓံ ပစ္စက္ခာမိ စသည်ဖြင့် သိက္ခာချဘွယ်မလိုသောကြောင့် ဘိက္ခုနီနံ သိက္ခာသာဇီဝ သမာပန္နာ စသည်ဖြင့် မဆိုပါ။ ဆန္ဒသောအရကား- ရာဂနှင့်ယှဉ်သော ဆန္ဒစေတသိက်ကို ဆန္ဒ, ရာဂနှင့်ယှဉ်သော စိတ်ကို ရုစိ, နှစ်မျိုးလုံးတည်း။

မှတ်ချက်။ ဘိက္ခုနီဝယ် သိက္ခံ အပစ္စက္ခာယ စသည် မပါသည်ကို တောက်သောအားဖြင့် သိက္ခာချဘွယ်မရှိဟု သိသာလှ၏၊ ယင်းအတွက် မေးခွန်းထုတ်နိုင်သည်။

ယသ္မာ ဘိက္ခုနီယာ သိက္ခာပစ္စက္ခာနံ နာမ နတ္ထိ၊ တသ္မာ ဘိက္ခုနီနံ သိက္ခာသာဇီဝ သမာပန္နာ သိက္ခံ အပစ္စက္ခာယ၊ ဒုဗ္ဗလျံ အနာဝိကတွာတိ အဝတွာ ယာပန ဘိက္ခုနီ ဆန္ဒသော မေထုနံ ဓမ္မံ ပဋိသေဝေယျာတိ ဝုတ္တံ၊ တတ္ထ ဆန္ဒသောတိ မေထုနရာဂပဋိသံယုတ္တေန ဆန္ဒေန စေဝ ရုစိယာ စ။

ယသ္မာစ၊ အကြင်ကြောင့်လည်း။ ဘိက္ခုနိယာ၊ အား။ သိက္ခာပစ္စက္ခာနံနာမ၊ မည်သည်၊ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ ဘိက္ခုနီနံ၊ လ။ အနာဝိကတ္တာတိ၊ ဟူ၍။ အဝတွာ၊ ၍။ ယာပနဘိက္ခုနီ။သ။ သေဝေယျာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ တတ္ထ၊ ထိုပါဠိ၌။ ဝိနိစ္ဆယော၊ ကို။ ဧဝံ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။ ဆန္ဒသောတိ၊ ဟူသည်။ မေထုနရာဂပဋိသံယုတ္တေန၊ မေထုနရာဂနှင့်ယှဉ်သော။ ဆန္ဒေနစေဝ၊ အားဖြင့်ရင်း။ ရုစိယာစ၊ အလိုအားဖြင့်ရင်း။ (ပဋိသေဝေယျ၊ မှီဝဲပြားအံ့။)

---

ရာဂစိတ်မရှိပါဘဲ ယောကျ်ားတဦး၏ အတင်း ဗလက္ကာရပြုမှုကို အပြုခံရသော ဘိက္ခုနီမအား ပါရာဇိက ကျ မကျ ဆုံးဖြတ်ခဲ့ပါ။

ရာဂစိတ် မရှိဘဲ အတင်း ကြံစည်မှုကို ခံရသော ဘိက္ခုနီမအား ပါရာဇိက မကျပါ။

ဆန္ဒေပန အသတိ ဗလက္ကာရေန ပဓံသိတာယ အနာပတ္တိ။

ဆန္ဒေပန၊ သည်။ အသတိ၊ သော်။ ဗလက္ကာရေန၊ အနိုင်ထက်အမှုပြုသဖြင့်။ ပဓံသိတာယ၊ ဖျက်ဆီးခံရသောဘိက္ခုနီမအား။ အနာပတ္တိ၊ မသင့်။

---

## ဗြဟ္မ ဗာဟာဂုမ္ဗလိက သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ အဝဿုတာ အဝဿုတဿ ပုဒ်တို့အရ မည်သည့် ရာဂသမင်္ဂီပုဂ္ဂိုလ်ကိုယူရမည်ဟု ဖြေဆိုပြီးလျှင်၊ ပုရိသပုဂ္ဂလဿအရကိုလည်း ညွှန်းခဲ့ပါ။

အဝဿုတာ အဝဿုတဿအရ-ကာယသံသဂ္ဂရာဂ သမင်္ဂီပုဂ္ဂိုလ်ကိုသာယူရပါမည်။ ပုရိသ ပုဂ္ဂလဿအရ ကား-ကာယသံသဂ္ဂအမှုကို ပြုလုပ်ဘို့ရန် နားလည်သော လူဇာတ်ဖြစ်သော ယောကျ်ားကိုသာယူရပါမည်။

> အဝဿုတာတိ ကာယသံသဂ္ဂရာဂေန တိန္တာ ကိလိန္နာတိ အဇ္ဈော၊ ပုရိသပုဂ္ဂလဿာတိ ကာယသံသဂ္ဂံ သမာပဇ္ဇိတုံ ဝိညုဿ မနုဿဇာတိကဿ ပုရိသသဒ္ဒိတဿ ပုဂ္ဂလဿ။

အဝဿုတာတိ၊ ဟူသည်။ ကာယသံသဂ္ဂရာဂေန၊ ဖြင့်။ တိန္တာ၊ စွတ်သည်ဖြစ်၍။ ကိလိန္နာ၊ ညစ်နွမ်းသည်ဖြစ်၍။ ဣတိအယံ၊ လျှင်။ အဇ္ဈော၊ တည်း။ ပုရိသပုဂ္ဂလဿာတိ၊ ဟူသည်။ ကာယသံသဂ္ဂံ၊ ကိုယ်ကိုသုံးသပ်ခြင်းသို့။ သမာပဇ္ဇိတုံ။ ငှာ။ ဝိညုဿ၊ သော။ မနုဿဇာတိကဿ၊ သော။ ပုရိသသဒ္ဒိတဿ၊ သော။ ပုဂ္ဂလဿ၊ ၏။

---

⊛ ဥဗ္ဘဇာဏု မဏ္ဍလမှ အလွတ် ဖြစ်သော တ တောင်ဆစ် အထက် လက်မောင်းကို သုံးသပ်မှုပြုသော အခါ ကာယသံသဂ္ဂရာဂဖြင့် သာယာသော ဘိက္ခုနီမ အား ပါရာဇိက ကျ မကျ ထောက်ချင့်ဝေဖန်ခဲ့ပါ။

တတောင်ဆစ် အထက် လက်မောင်းကိုလည်း ဥဗ္ဘ ဇာဏုမဏ္ဍလ၌ ထည့်သွင်းယူသင့်သောကြောင့် ပါရာဇိ က ကျပါသည်။

> ဥဒ္ဓံဇာဏုမဏ္ဍလသ္မိံ ဇာဏုမဏ္ဍလာနံ ဥပရိ၊ ဧတ္ထ ဥဒ္ဓံ ကပ္ပရမ္ပိ ဥဒ္ဓံဇာဏုမဏ္ဍလေနေဝ သင်္ဂဟိတံ။

ဥဒ္ဓံဇာဏုမဏ္ဍလသ္မိံ၊ ဟူသည်။ ဇာဏုမဏ္ဍလာနံ၊ ပုဆစ်ဒူးဝန်းတို့၏။ ဥပရိ၊ အထက်အရပ်ကို။ ဧတ္ထ၊ ဤသိက္ခာပုဒ်၌လည်း။ ဥဒ္ဓံ ကပ္ပရမ္ပိ။ တံတောင်ဆစ်အထက်ကိုလည်း။ ဥဒ္ဓံဇာဏုမဏ္ဍလေနေဝ၊ ဖြင့်လျှင်။ သင်္ဂဟိတံ၊ ရေတွက်အပ်၏။

---

● အာမသန-ပရာမသန-ဂဟဏ-ဆုပန-ပဋိပီဠန တို့၏ အဓိပ္ပါယ်ကို အသီးသီး ရေးခဲ့ပါ။

ကိုင်ထားရာအရပ်ကို မရွေ့မပြောင်းဘဲ ကိုင်တွယ်သုံးသပ်ခြင်းကို အာမသန, ရွေ့ပြောင်းကိုင်တွယ်သုံးသပ်ခြင်းကို ပရာမသန, ကိုင်ရုံမျှကိုင်ခြင်းကိုဂဟဏ, ထိရုံမျှကို ဆုပန, တင်းတင်းကြပ်ကြပ် ဆုပ်ကိုင် ထားခြင်းကို ပဋိပီဠနဟု ခေါ်ပါသည်။

> အာမသနန္တိ အာမဇ္ဇနံ ဖုဋ္ဌောကာသံ အနတိက္ကမိတွာ တတ္ထေဝ သဉ္စာလနံ၊ ပရာမသနန္တိ ဣတော စိတော စ သဉ္စာရဏံ၊ ဂဟဏန္တိ ဂဟိတမတ္တံ၊ ဆုပနန္တိ အသံယာရေတွာ ဖုဋ္ဌမတ္တံ၊ ပဋိပီဠနန္တိ အင်္ဂေ ဂဟေတွာ နိပ္ပီဠနံ။

အာမသနန္တိ၊ ဟူသည်။ အာမဇ္ဇနံ၊ သုံးသပ်ခြင်းတည်း။ ဖုဋ္ဌောကာသံ၊ တွေ့ထိရာအရပ်ကို။ အနတိက္ကမိတွာ၊ မကျော်လွန်မူ၍။ တတ္ထေဝ၊ ထိုအရပ်၌ပင်လျှင်။ သဉ္စာလနံ၊ လုံးလပြုခြင်းတည်း။ ပရာမသနန္တိ၊ ဟူသည်။ ဣတောစိတောစ၊ ထိုမှဤမှလည်း။ သဉ္စာရဏံ၊ ပြောင်းရွှေ့ သုံးသပ်

ခြင်းရာည်း။ ဂဟာဏန္တိ၊ ဟူသည်။ ဂဟိတမတ္တံ၊ ကိုင်ကာ မျှတည်း။ ဆုပနန္တိ၊ ဟူသည်။ အဆံဃဋ္ဋေတွာ၊ လုံးလမပြုမူ၍။ ဖုဋ္ဌမတ္တံ၊ တို့ကာ မျှဘည်း။ ပဋိပီဠနန္တိ၊ ဟူသည်။ အင်္ဂေ၊ တို့ကို။ ဂဟေတွာ၊ ၍၊ နိပိဋ္ဌနံ၊ နှိပ်ခြင်းတည်း။

---

ယောကျ်ားတဦးက ကိုင်တွယ် သုံးသပ်ရသည် မဟုတ်ဘဲ မိမိကိုယ်တိုင်က အက္ခက ဥဗ္ဘဇာဏုမဏ္ဍလ ဟူသောအရပ်ဖြင့် ယောကျ်ား ကိုယ်အင်္ဂါကို တို့မှုထိမှု အတွက် သင့်ရောက်သောအာပတ်ကို ပေါ်ပြခဲ့ပါ။

ဘိက္ခုနီကအဝဿုတဖြစ်၍ ယောကျ်ားကအဝဿုတ မဖြစ်ခဲ့သော် ထုလ္လစ္စည်းအာပတ်။ နှစ်ဦးလုံးအဝဿုတ ဖြစ်ခဲ့သော် ဘိက္ခုနီမှာ ပါရာဇိက အာပတ်တည်း။

---

နှစ်ဦးနှစ်ဝ ဥဘတော အဝဿုတ ဖြစ်ကြ၍ အက္ခက ဥဗ္ဘဇာဏုမဏ္ဍလ အရပ်အတွင်း၌ သုံးသပ်မှုအတွက် သင့်ရောက်ထိုက်သော အာပတ်တို့ကို စေ့စုံစွာ ပေါ်ပြခဲ့ပါ။

ကာယအချင်းချင်း အာမသနပြုမှုအတွက် ပါရာဇိက အာပတ်။ ကာယနှင့် ကာယပဋိဗဒ္ဓ ကာယပဋိဗဒ္ဓနှင့် ကာယတို့ကို အာမသန ပြုမှုအတွက်ထုလ္လစ္စည်းအာပတ်။ ကာယပဋိဗဒ္ဓအချင်းချင်း နိဿဂ္ဂိယနှင့်ကာယ၊ နိဿဂ္ဂိယ နှင့် ကာယပဋိဗဒ္ဓ၊ နိဿဂ္ဂိယအချင်းချင်း အာမသနပြုမှု အတွက် ဒုက္ကဋ်အာပတ် သင့်ပါသည်။

ဥဘတော အဝဿုတေပိ ကာယေန ကာယပ္ပဋိ
ဗဒ္ဓံ ယထာ ပရိတ္တိန္နေ ကာယပ္ပဋိဗဒ္ဓေနဝါ အဝ
ဿေသ ကာယေနဝါ တဿကာယံ အာမသန္တိ
ယာ ထုလ္လစ္စယံ။

ဥဘတော အဝဿုတေ၊ နှစ်ဦးလုံးကာယသံသဂ္ဂရာဂဖြင့် စွပ်သည်။ သတိပိ၊ သော်လည်း။ ကာယေန၊ ဘိက္ခုနီ၏ပါရာဇိကခေတ်ဖြစ်သော ကာယဖြင့်။ ကာယပ္ပဋိဗဒ္ဓံ၊ ယောက်ျား၏ကိုယ်နှင့်စပ်သည်ကို။ အာမသန္တိယာ၊ သုံးသပ်သော ဘိက္ခုနီမအား။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏။ ယထာပရိတ္တိန္နေကာယပ္ပဋိဗဒ္ဓေနဝါ၊ အကြင် အကြင်ပိုင်းခြားအပ်သော ကာယပ္ပဋိဗဒ္ဓဖြင့်ငင်း။ အဝသေသကာယေနဝါ၊ ကြွင်းသော ကာယဖြင့်ငင်း။ တဿပုရိသဿ၊ ၏။ ကာယံ၊ ကို။ အာမသန္တိယာ၊ အား။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏။

---

ဘိက္ခုနီမက ယက္ခ, ပေတ, ပဏ္ဍက, တိရစ္ဆာန ဂတ,မနုဿဝိဂ္ဂဟ ပုဂ္ဂိုလ်မျိုးအား အာမသနာဒိ အမှုကို ပြုရာ၌ သင့်ရောက်သော အာပတ်တို့ကို စေ့စုံစွာ ဖော်ပြ လှဲ့ပါ။

ဘိက္ခုနီမနှင့် ယက္ခာဒိပုဂ္ဂလတို့ ဥဘတောအဝဿု တ ဖြစ်ကြရာ၌ အဓက္ခက ဥဗ္ဘဇာဏုမဏ္ဍလ အရပ် အတွင်းမှာ ကာယအချင်းချင်း, အာမသန စသည်ပြုမှု အတွက် ထုလ္လစ္စည်းအာပတ်။ အခြားသော အမှုအမျိုးမျိုး အတွက် ဒုက္ကဋ်အာပတ် သင့်ပါသည်။

ယက္ခ ပေတ ပဇ္ဇာက တိရစ္ဆာနဂတာ မနုဿဝိဂ္ဂ
ဟာနံ ဥဘာတော အသဿုတာ ယထာပဂရိန္ဒ္ဒန္နေ
ကာယေန ကာယံ အာမသန္တိယာပိ ထုလ္လစ္စယံ။

ယက္ခပေတ ပဇ္ဇာက တိရစ္ဆာနဂတ မနုဿဝိဂ္ဂဟာနံ၊ ဘီလူး, ပြိတ္တာ, ပဏ္ဍုက် လူယောင်ဆောင်သောနဂါး စသော တိရစ္ဆာန်တို့၏။ ဥဘတောအဝဿုတေ၊ သည်။ သတိပိ၊ လည်း၊ ယထားရိန္ဒ္ဒ ကာယေန၊ ဖြင့်။ ကာယံ၊ ကို။ အာမသန္တိယာပိ၊ အားလည်း။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏။

---

## ဝစ္စဇ္ဇဒွိနိစ္ဆယဝိနိစ္ဆယ သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ ဂဏာဿ အရ မည်သည့်ဂဏာကို ယူရမည်ဟု ပေါ်ပြူပြီးလျှင် နာသိတာ အရကိုလည်း ညွှန်းခဲ့ပါ။

ဂဏာအရ အခြားသော ဘိက္ခုနီမအားလုံးကို ယူရပါမည်၊ နာသိတာ အရကား လိင်နာသနကိုသာ ယူရပါမည်။

ဂဏာဿာတိ အညာသံ ဘိက္ခုနီနံ၊ နာသိတာတိ
လိင်နာသနာယ သယံဝါ နဋ္ဌာ အဇ္ဈေဟိ ဝါ
နာသိတာ။

ဂဏာဿာတိ၊ ဟူသည်။ အညာသံ၊ ကုန်သော။ ဘိက္ခုနီနံ၊ တို့အား။ နာသိတာတိ၊ ဟူသည်။ လိင်နာသနာယ၊ အသွင်ကိုဖျက်ဆီးခြင်းဖြင့်။ သယံဝါ၊ မိမိအလိုလို မူလည်း။ နဋ္ဌာ၊ ပျက်သည်။ အဇ္ဈေဟိဝါ၊ တပါးသောသူတို့မူလည်း။ နာသိတာ၊ ဖျက်ဆီးအပ်သည်။

● ဘိက္ခုနီတဦး၏ ပါရာဇိကသို့ ကျရောက်သည်ကို မပြောကြားဘဲ ဖုံးလွှမ်းထားသူ ဘိက္ခုနီ၏ ပါရာဇိကသို့ ကျရောက်ရာ ခေတ်ကို ပိုင်းခြားပြ၍ သပ္ပါဏကဝဂ် ဒုဋ္ဌုလ္လာပတ္တိ ပဋိစ္ဆာဒန သိက္ခာပုဒ်နှင့် ဤသိက္ခာပုဒ်တို့သည် မည်ကဲ့သို့ ခြားနားခြင်း ရှိပါသေးသနည်း။

မည်သူ့ကိုမျှ ငါမပြောတော့ပြီဟု စိတ်ကို ပိုင်းဖြတ်လိုက်သော အခါမှစ၍ ပါရာဇိကသို့ ရောက်ပါတော့သည်။ သပ္ပါဏကဝဂ်ဒုဋ္ဌုလ္လာပတ္တိကား ပါစိတ်တည်း။ ဤသိက္ခာပုဒ်ကား ပါရာဇိကတည်း။ ဤကဲ့သို့ ခြားနားပါသည်။

မှတ်ချက်။ သာဝဇ္ဇတာ၊ ဝဇ္ဇသာအရ သူ့အပြစ်နှင့် သူပါရာဇိကကျရောက်နေသောသူတည်း၊ သာပဋိစ္ဆာဒေယျ၌ သာအရကား အပြစ်ကို ဖုံးလွှမ်းထားသောသူတည်း။

သာလိဂေ ဝဇ္ဇတာယပန ပါရာဇိကာဘာဝံ ဉတွာ ဣဒါနိ န ကဿစိ အာရောစေဿာမီတိ ဓုရေ နိက္ခိတ္တမတ္တေယေဝ အယံ ဝဇ္ဇပဋိစ္ဆာဒိကာနာမ ပါရာဇိကာ ဟောတီတိ၊ တတြာဟံ ပါစိတ္တိယံ ဣဓ ပါရာဇိကံ အယမေဝ ဝိသေသော။

သာလိဂေ၊ ရဟန်းမိန်းမအဆွင်၌။ ဝဇ္ဇတာယပန၊ တည်သောဘိက္ခုနီမသော်လည်း။ ပါရာဇိကာဘာဝံ၊ အဖြစ်ကို။ ဉတွာ၊ သိလျက်။ ဣဒါနိ၊ ဤယခုအခါ၌မှ စ၍။ ကဿစိ၊ အား။ န အာရောစေဿာမိ၊ မပြောကြားတော့အံ့။ ဣတိ၊ သို့။ ဓုရေ၊ ဝန်ကို။ နိက္ခိတ္တမတ္တေယေဝ၊ ချရုံမျှ၌။ အယံ၊ ဤဘိက္ခုနီမသည်။ ဝဇ္ဇပဋိစ္ဆာဒိကာနာမ၊ သော၊ ပါရာဇိကာ၊ သည်။ ဟောတိ၊ ၏။ ဣတိ ဣဒံ၊ ကား။ အဋ္ဌကထာ-

အဓိပ္ပါယ်သော်၊ တည်း။ ဟိ၊ သင့်စွာ။ တတြ၊ ထိုဒုဋ္ဌုလ္လာပတ္တိပဋိစ္ဆာဒန သိက္ခာပုဒ်၌။ ပါစိတ္တိယံ၊သည်။ ဟောတိ၊ ၏။ ဣဓ၊ ဤသိက္ခာပုဒ်၌၊ ပါရာဇိကံ၊ သည်။ ဟောတိ၊၏။ ဣတိအယမေဝ၊ လျှင်။ ဝိသေသော၊ ထူး၏။

## ဥက္ခိတ္တာနုဝတ္တိကာ သိက္ခာပုဒ်

◉ ဤသိက္ခာပုဒ်၌ ဥက္ခိတ္တကရဟန်း၏အဓိပ္ပါယ်ကို ဖော်ပြ၍၊ ဓမ္မ, ဝိနယ, သတ္ထုသာသနတို့၏ အဓိပ္ပါယ်ကိုလည်း ညွှန်းခဲ့ပါ။

ဝိဓိ၌ သင့်ရောက်နေသော အာပတ်တို့ကို မရှုခြင်း စသော အကြောင်းကြောင့် သမဂ္ဂသံဃာက နှင်ထုတ်ထားသော ရဟန်းမျိုးကို ဥက္ခိတ္တကဟု ခေါ်ပါသည်။ တကယ်နှင်ထုတ်လိုက်သည့် အကြောင်းဝတ္ထုကို ဓမ္မဟု ခေါ်၏။ အပြစ်တင်ခြင်း စောဒနာ, အောက်မေ့စေခြင်း သာရဏာ ဤနှစ်ခုကို ဝိနယဟုခေါ်သည်။ စောဒနာသာရဏာ အမှုကိုပြုပြီးမှ ဥက္ခိတ်ကမ္မဝါစာကို ရွတ်ဆိုခြင်းကို သတ္ထုသာသနဟု ခေါ်၏။

ဥက္ခိတ္တကန္တိ အာပတ္တိယာ အဒဿနာဒီသု ဥက္ခိတ္တံ၊
ဓမ္မေနာတိ ဘူတေန ဝတ္ထုနာ၊ ဝိနယေနာတိ
စောဒေတွာ သာရေတွာ၊ သတ္ထုသာသနေနာတိ
ဤဂါဝိ စောဒေတွာ သာရေတွာ ကာရကာမေဝ
သတ္ထုသာသနံ နာမ။

ဥက္ခိတ္တကန္တိ၊ ဟူသည်၊ အာပတ္တိယာ၊ကို။ အဒဿနာဒီသု၊ မရှုခြင်း စသည်တို့ကြောင့်။ ဥက္ခိတ္တံ၊ နှင်ထုတ်အပ်သော။ ဓမ္မေနာတိ၊ ဟူသည်။

ဘူတေန၊ ဟုတ်မှန်သော။ ဝတ္ထုနာ၊ ဖြင့်။ ဝိနယေနာတိ။ ဟူသည်။ စောဒေတွာ၊ ၍။ သာရေတွာ၊ အောက်မေ့စေ၍။ သတ္တုသာသနေ နာတိဋ္ဌာပေ၊ ပုဒ်၌လည်း။ စောဒေတွာ၊ ၍။ သာရေတွာ၊ ၍။ ကရဏ မေဝ၊ ပြု ြင်း သည်သာလျှင်။ သတ္တုသာသနံနာမ၊ မည်၏။

---

🌕 အနာဒရိယ၏ အဝိပ္ပါယ်ကို ရေးခဲ့ပါ၊

ဥက္ခိတ္တက ရဟန်းသည် ကံပြုသော သံဃာကိုရင်း၊ ထိုကံပြုရာတွင် ပါဝင်သော နှစ်ပါး သုံးပါး ဂိုဏ်းကို ရင်း၊ ပုဂ္ဂိုလ်တပါးပါးကိုရင်း၊ ပြုအပ်သော ကံကိုရင်း ရိုသေ လေးစားရိုး မှန်လျှင် ထိုကံမှ ကင်းလွတ်အောင် ထုံးစံအတိုင်းကျင့်ရမည်၊ သို့ကဲ့သို့ ကောင်းစွာမကျင့်လျှင် အနာဒရိယတည်း။

> အနာဒရိယန္တိ ယေန သံဃေန ဥက္ခေပနီယကမ္မံ ကတံ တသ္မိံ ဝါ တတ္ထ ပရိယာပန္နဂဏေ ဝါ ဧကပုဂ္ဂလေ ဝါ တသ္မိံ ဝါ ကမ္မေ အာဒရ ဝိရဟိတံ သမ္မာဝတ္တနာယ အဝတ္တမာနန္တိ အတ္ထော။

အနာဒရိယန္တိ၊ ဟူသည်။ ယေနသံဃေန၊ သည်။ ယံဥက္ခေပနီယကမ္မံ၊ ကို။ ကတံ၊ ၏။ တသ္မိံဝါ၊ ထိုသံဃာ၌ရင်း၊ တတ္ထ၊ ထိုသံဃာ၌။ ပရိယာပန္နဂဏေဝါ၊ အကျုံးဝင်သောဂိုဏ်း၌ရင်း။ ဧကပုဂ္ဂလေဝါ၊ ၌ရင်း။ တသ္မိံဝါကမ္မေ၊ ထိုဥက္ခေပနီယကံ၌ရင်း၊ အာဒရဝိရဟိတံ၊ ရိုသေခြင်းမှကင်းသော။ သမ္မာ၊ ကောင်းစွာ။ ဝတ္တနာယ၊ ကျင့်ခြင်းဖြင့်။ အဝတ္တမာနံ၊ မကျင့်သော။ ဉာတိအဇ္ဈာယံ၊ သည်ကား။ အတ္ထော၊ တည်း။

အပ္ပဋိကာရ အကတသဘာဂတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

သံဃာစသည်ကို ရိုသေလေးစား၍ ကောင်းစွာကျင့်လျှင် သံဃာတွင်းသို့ ပြန်၍ ဥတ္တမဝါစာဖြင့် သွင်းခြင်းသည် ပဋိကာရမည်၏။ ထိုသို့မသွင်း ရသေးသူကို အပ္ပဋိကာရဟု ခေါ်ပါသည်။ ထိုကဲ့သို့ သံဃာတွင်းသို့ မသွင်းရသေးလျှင် ကံကြီး ကံငယ် ကိစ္စ၌ ထိုဥက္ခိတ္တကရဟန်းနှင့်အတူမပြုရ အတော်မပြုရသည်ကို အကတသဘာဂဟု ခေါ်၏။

အပ္ပဋိကာရန္တိ ပဋိကာရရဟိတံ အနောသာရိ
တန္တိ အတ္ထော။ အကတ သဘာဂန္တိ ဝေါကမ္မ
ဒီဃက သံဝါသေ သဟ အယနဘာဝေန သမာန
သံဝါသကာ ဘိက္ခူ၊ သဘာဂါယနာမ ယသ္မာ ပန
သော သံဝါသော တေဟိ သဒ္ဓိံ နတ္ထိ တေန
တေ သဘာဂါ ကတာ ဟောန္တိ ဣတိ သော
အကတသဘာဂေါ နာမ။

အပ္ပဋိကာရန္တိ၊ ဟူသည်ကား၊ ပဋိကာရ-ရဟိတံ၊ ကုစားခြင်းမှ ကင်းသော၊ အနောသာရိတံ၊ မသွင်းအပ်။ဣတိအယံ။ ကား။ အတ္ထော၊ တည်း။အကတသဘာဂန္တိ၊ကား။ ဝေါကမ္မဒီဃကေ၊ ဝေကမ္မစသော။ သံဝါသော၊ ၌။ သဟ၊ တကွ၊ အယနဘာဝေန၊ ဖြစ်တတ်သောအဖြစ် ကြောင့်။ သမာနသံဝါသကာ၊ကုန်သော။ ဘိက္ခူ၊ တို့သည်။ သဘာဂါယနာမ၊ မည်ကုန်၏။ ယသ္မာပန၊ အကြင်ဥက္ခိတ္တက ရဟန်းအား ကား။ သောသံဝါသော၊ သည်။ တေဟိ၊ ထိုဟူသော သံဝါသရှိ ကုန်သော ရဟန်းတို့နှင့်။ သဒ္ဓိံ၊တကွ။ နတ္ထိ၊မရှိ။ တေန၊ ထိုဥက္ခိတ္တက

ရဟန်းနှင့်။ တော၊ ထိုသမာန သံဝါသကရဟန်းတို့သည်။ သဟာယာ၊ အပေါင်းအဖော်တို့ကို။ ကတာ၊ ပြုအပ်ကုန်သည်။ နဟောန္တိ၊ ကုန်။ ဣတိတသ္မာ၊ ကြောင့်။ သော၊ ထိုဥက္ခိတ္တက ရဟန်းသည်။ အကာတသဟာယော နာမ၊ မည်၏။

---

ဥက္ခိတ္တာနုဝတ္တက ဟူသည် ဘယ်လိုပါနည်း။

ဥက္ခိတ္တက ရဟန်း၏ အယူဝါဒကိုလိုက်၍ ယူခြင်းကိုသာ ဥက္ခိတ္တာနုဝတ္တက ဟုခေါ်ပါသည်။

> တမနုဝတ္တေယျာတိ တံ ဥက္ခိတ္တကံ ဥက္ခိတ္တက ဘာဝေ ဌိတံ ဘိက္ခုံ ယာ ဘိက္ခုနီ ယံ ဒိဋ္ဌိ ကော သော ဟောတိ၊ တာယ ဒိဋ္ဌိယာ ဂဟဏ ဘာဝေန အနုဝတ္တေယျ။

တမနုဝတ္တေယျာတိ၊ ဟူသည်ကား။ ဥက္ခိတ္တက ဘာဝေ ဌိတံ၊ ဥက္ခိတ္တက အဖြစ်၌တည်သော။ ဌိတံ၊ သော။ တံ ဥက္ခိတ္တကံ၊ သို့။ ဘိက္ခုနီ၊ သည်။ (အနုဝတ္တေယျနှင့်-စပ်) သော၊ ထိုဥက္ခိတ္တက ရဟန်းသည်။ ယံဒိဋ္ဌိကော၊ အကြင်အယူရှိသည်၊ ဟောတိ၊ ၏။ တာယဒိဋ္ဌိယာ၊ ထိုအယူကို။ ဂဟဏဘာဝေန၊ ယူသောအဖြစ်ဖြင့်။ အနုဝတ္တေယျ၊ လိုက်ငြားအံ့။

---

ဥက္ခိတ္တာနုဝတ္တက ရဟန်းကို ကမ္မဝါစာဖြင့် ဆိုဆုံးမရာ၌ အခိုက်အတန့် အားလျော်စွာ အာပတ်သင့်ပုံကို ထုတ်ဖော်ပြခဲ့ပါ။

ဉတ်ဆုံးလျှင် ဒုက္ကဋ်အာပတ်၊ ကမ္မဝါစာ နှစ်ကြိမ် ဆုံးလျှင် ထုလ္လစ္စည်းနှစ်ချက်။ တတိယကမ္မဝါစာဖြင့် သာ

ဘာသေယျ၌ ယျ အက္ခရာသို့ ရောက်သည့်တိုင်အောင် အသူကိုမစွန့်လျှင် ပါရာဇိက။

ဥတ္တိယာ ဒုက္ကဋံ ဒွီဟိကမ္မဝါစာဟိ ဒွေထုလ္လစ္စ
ယာ ယသာနုဗန္ဓမတ် သာဘာသေယျာတိ ဧဝံ
ယျ ကာရပတ္တာယ တတိယာ ကမ္မဝါစာယ
ပါရာဇိကံ။

ဥတ္တိယာ၊ဖြင့်၊ဒုက္ကဋံ၊သည်။ဟောတိ၊၏။ဒွီဟိကမ္မဝါစာဟိ၊တို့ဖြင့်။ ဒွေ၊ ကုန်သော။ ထုလ္လစ္စယာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ယသာနုဗန္ဓမတိ သာဘာသေယျာတိ၊ ယျဟူ၍။ ဧဝံ၊ သို့။ ယျကာရပတ္တာယ၊ ယျအက္ခရာသို့ရောက်သော။ တတိယကမ္မဝါစာယ၊ ဖြင့်။ ပါရာဇိကံ၊ သည်။ဟောတိ၊၏။

---

## အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်

● ဝတ္ထု ရှစ်မျိုးလုံး လွန်ကျူးမှ ပါရာဇိကသို့ ရောက်သော သိက္ခာပုဒ်ကို ညွှန်းပြခဲ့ပါ။ •

အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်ဖြစ်ပါသည်။

မှတ်ချက်။ ဤသိက္ခာပုဒ်သည် ရှစ်မျိုးလုံး ပြည့်စုံမှ ပါရာဇိကကျ၏။ တမျိုးနှစ်မျိုး စသည်ဖြင့် ခုနစ်မျိုးတိုင်အောင် မကျသေးပေ။ တမျိုးတည်းဖြင့် အကြိမ်တရာ ဖြစ်သွားစေကာမူ မကျဟုမှတ်၊ ဝတ္ထုရှစ်ပါးမှာ ပါဠိတော်လာသည့်အတိုင်း ဟတ္ထဂ္ဂဟံ ဝါ စသည်တည်း။

---

● ဤသိက္ခာပုဒ်၌ ဝတ္ထု ရှစ်ပါးရှိရာ ၎င်းတို့ကို အစဉ်အတိုင်း လွန်ကျူးမှ အာပတ် သင့်ပါသလော။

သို့မဟုတ် တခုကြား၊ သို့မဟုတ် ပြောင်းပြန် ပြန်၍ ရှစ်မျိုးပြည့်အောင် လွန်ကျူးမှ အာပတ်သင့်ပါသလော၊ ဖြေဆိုခဲ့ပါ။

အကြောင်းဝတ္ထုရှစ်ပါးကို အစဉ်အတိုင်းပင် ဖြစ်စေ၊ တခုကြားပင် ဖြစ်စေ၊ ပြောင်းပြန် ပြန်၍ဖြစ်စေ ဝတ္ထု ရှစ်ပါးပြည့်အောင် လွန်ကျူးလျှင် ပါရာဇိကသို့ ရောက် ပါတော့သည်။

> ဧတာနိ အဋ္ဌဝတ္ထူနိ ပဋိပါဋိယာဝါ ဥပ္ပဋိပါဋိယာဝါ ပူရေတွာ အဋ္ဌဝတ္ထုကာနာမ ပါရာဇိကာ ဟောတီတိ။

ဧတာနိအဋ္ဌဝတ္ထူနိ၊ ထိုကို။ ပဋိပါဋိယာဝါ၊ အစဉ်အားဖြင့်ရင်း၊ ဥပ္ပဋိပါဋိယာဝါ၊ ပြောင်းပြန်အားဖြင့်ရင်း။ ပူရေတွာ၊ ပြည့်စေသော ကြောင့်။ အဋ္ဌဝတ္ထုကာနာမ၊ မည်သော ပါရာဇိကာ၊ သည်။ ဟောတိ၊ ၏။ ဣတိအယံ၊ ကား။ အဖွင့်၊ တည်း။

---

ဟတ္ထဂ္ဂဟဏနှင့် သံဃာဋိကဏ္ဏဂ္ဂဟဏ တို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

တတောင်ဆစ်မှ လက်ဖျားတိုင်အောင်သော အရပ်နှင့် ဥဗ္ဘက္ခကအဓောဇာဏုမဏ္ဍလ ညှပ်ရိုး အထက် ပုဆစ် အောက်ကိုယ်အရပ်များကို ဆွဲကိုင်မှုကို ဟတ္ထဂ္ဂဟဏဟု ခေါ်၏၊ ရုံထားသောသင်္ကန်း၏ တစုံတခုသော အရပ်ကို ဆွဲကိုင်ခြင်းကို သံဃာဋိကဏ္ဏဂ္ဂဟဏ ဟု ခေါ်၏။

ဟတ္ထဂ္ဂဟာဏာနိ ဖြေတွ စ ယသာ ကာသဝ် အပါ
ရာဇိကာ ခေတ္တဘူတာသာ အင်္ဂါသ ဂဟဏံ
ဟတ္ထဂ္ဂဟဏံ၊ယသာ ကာသဝိနိတ္တဝသာဝါ ပါရု
တသာဝါ ဂဟဏံ သံဘာဒ္ဒိကဏ္ဍဂ္ဂဟဏံ။

ဟတ္ထဂ္ဂဟာဏာနိ၊ ဖြေတွစ၊ ပုဒ်ခွဲလည်း။ ယသာကာသဝ်၊ အမှတ်မရှိသော။ အပါရာဇိကခေတ္တဘူတာသ၊ ပါရာဇိကခေတ် မဟုတ်သော။ အင်္ဂါသ၊ကို။ ဂဟဏံ၊ သည်။ ဟတ္ထဂ္ဂဟဏံ၊ မည်၏။ ယသာကာသဝ်၊ သော။ နိဝတ္ထသာဝါ၊ ဝတ်သောသင်္ကန်းကိုရင်း။ ပါရုတသာဝါ၊ ရုံသော သင်္ကန်းကိုရင်း။ ဂဟဏံ၊သည်။ သဉ်ဘာဒ္ဒိကဏ္ဍဂဟဏံ၊မည်၏။

အဓ္ဌာသတြက ရှစ်ပါးတို့တွင် တပါးပါးကို လွန်ကျူးသောခဏ၌ မည်သည့်အာပတ်သင့်သည်ကို သင့်ရောက်ပုံနှင့်တကွ ဖော်ပြခဲ့ပါ။

သင်္ကေတ ဂမနနှင့် အဋ္ဌာဂမနသာဒိယနတို့မှ တပါးကျန်ခြောက်ပါးမှာ လွန်ကျူးခြင်း ခဏ၌ပင် ထုလ္လစ္စည်း သင့်ပါသည်။ ထိုကြောင့် သင်္ကေတဂမနမှာ ချိန်းဆိုရာသို့ သွားစဉ် ခြေလှမ်းတိုင်းလှမ်းတိုင်း ဒုက္ကဋ်၊ယောက်ျားမြင်၏ ဟတ္ထပါသ်အတွင်းသို့ ဝင်မိလျှင် ထုလ္လစ္စည်း သင့်ပါသည်။ အဋ္ဌာဂမနသာဒိယနမှာ ယောက်ျား လာမှုကို သာယာက ဒုက္ကဋ်၊မိမိ၏ဟတ္ထပါသ်အတွင်းသို့ ဝင်မိလျှင် ထုလ္လစ္စည်း အာပတ်သင့်ပါသည်။

သင်္ကေတဂမနေ ပဒေပဒေ ဒုက္ကဋံ၊ ပုရိသဿ ဟတ္ထပါသံ ဩက္ကန္တမတ္တေ ထုလ္လစ္စယံ၊ ပုရိသဿ

အဗ္ဘာဂမနံ သာဒိယမာနေပိ ဒုက္ကဋံ၊ ဟတ္ထပါ
သောက္ကမနေ ထုလ္လစ္စယံ။

သင်္ကေတဂမနေ၊ ချိန်းချက်ရာသို့ သွားရာ၌။ ပဒေပဒေ၊ တိုင်း။ ဒုက္ကဋံ၊သည်။ ဟောတိ၊၏။ ပုရိသဿ၊၏။ ဟတ္ထပါသံ၊သို့။ ဩက္ကန္တ မတ္တေ၊ ဝင်မိကာမျှ၌။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏။ ပုရိသဿ၊၏။ အဗ္ဘာဂမနံ၊ လာခြင်းကို။ သာဒိယမာနေပိ၊ သာယာခြင်း၌လည်း။ ဒုက္ကဋံ၊သည်။ ဟောတိ၊၏။ ဟတ္ထပါသောက္ကမနေ၊ မိမိ၏ဟတ္ထပါသ်သို့ ဝင်မိခြင်း၌။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊၏။

---

အဋ္ဌဝတ္ထုက ရှစ်ပါးတို့တွင် တပါးပါး ကို လွန်ကျူးမိက အကြိမ်တရာပင်ဖြစ်စေ ပါရာဇိက မကျဟု ဆိုရာ ရှစ်ပါးမပြည့်စုံခင် ပါရာဇိကမသင့်အောင် မည်ကဲ့သို့ ပြုလုပ်မည်နည်း။

လွန်ကျူးမိသော ဝတ္ထုတပါးပါးကို ဒေသနာကြား ထားခြင်းဖြင့် ပါရာဇိကသို့ မသင့်ရောက်နိုင်ပါ။

ဧကေကသ္မိံ ပန ဝတ္ထုသ္မိံ သတက္ခတ္တုမ္ပိ
ဝီတိက္ကန္တေ တာ အာပတ္တိယော ဒေသေတွာ
မုစ္စတိ။

ဧကေကသ္မိံ၊ သော။ ဝတ္ထုသ္မိံ၊ ၌။ သတက္ခတ္တုမ္ပိ၊ အကြိမ်တရာသော်လည်း။ ဝီတိက္ကန္တေ၊ လွန်ကျူးသည်ရှိသော်။ တာ အာပတ္တိယော၊ တို့ကို။ ဒေသေတွာ၊ ၍။ မုစ္စတိ၊ ၏။

---

ဂဏနူပိကာအာပတ်နှင့် အဂဏနူပိကာ အာပတ်တို့ကို ခွဲခြားပြခဲ့ပါ။

ဘယ်သောအခါမှ ငါမပြုတော့ပါဘူးဟုဆုံးဖြတ်ချက်ချပြီး ဒေသနာကြားအပ်သောအာပတ်သည် ဂဏနူပိကာ အာပတ်မည်၏။ နောင်သောအခါလည်း ငါလွန်ကျူးဦးမည်ဟူသော ယုံးလဥဿာဟဖြင့် ဒေသနာကြားအပ်သော အာပတ်သည် အဂဏနူပိကာ အာပတ်မည်၏။

> ဣဒါနိ နာပဇ္ဇိဿာမိတိ ဟိ ဓုရနိက္ခေပံ ကတွာ ဒေသိတာ ဂဏနူပိကာ၊ ယာပန အာပဇ္ဇိတွာ ပုနပိ အညံ ဝတ္ထုံ အာပဇ္ဇိဿာမိတိ သဥဿာဟာဝ ဒေသေတိ တဿာ သာ အာပတ္တိ အဂဏနူပိကာ။

ဣဒါနိ၊ ၌။ နာပဇ္ဇိဿာမိ၊မသင့်ပြန်စေအံ့။ ဣတိ၊သို့ ဓုရနိက္ခေပံ၊ ဝန်ချခြင်းကို။ကတွာ၊ ၍။ ဒေသိတာ၊ကြားအပ်သော အာပတ်သည်။ ဂဏနူပိကာ၊ မည်၏။ ယာပနတိက္ခုနီ၊သည်။ အာပဇ္ဇိတွာ၊အာပတ်သင့်၍။ ပုန၊ဘန်။ အညံဝတ္ထုံ၊ သို့။ အာပဇ္ဇိဿာမိတိ၊အံ့ဟု။ သဥဿာဟာဝ၊ အားထုတ်ခြင်းနှင့် တကွလျှင်။ ဒေသေတိ၊ ၏။ တဿာ ဘိက္ခုနိယာ၊ အား။ သာအာပတ္တိ၊ သည်။ အဂဏနူပိကာ၊မည်သည်။ ဟောတိ၊ ၏။

ပါဠေဇိက ပြီး၏။

## သံဃာဒိသေသဖွဲ့သ

## ဥဿယဝါဒိကာ သိက္ခာပုဒ်

ဥဿယနှင့် ဥဿယဝါဒိကအရေးတိုကိုခွဲခြားပြ၍ ဂဏပတိနာဝါ ဂါသည်ဖြင့် ယူသင့်သော အခရာတိုကို ကုန်စင်အောင် ဖော်ပြခဲ့ပါ။

မဟုတ်လျှင် မခံဘူး ဟူသော မာန ခက်ထန်သော ဒေါသကို ဥဿယယဟု ဆိုပါသည်။ ထိုမာနကောဖြင့် ငြင်းခုန်ခြင်း, တရားစွဲဆိုခြင်းကို ဥဿယ ဝါဒိကဟုဆို ပါသည်။ ဂဟပတိနာဝါ စသည်တို့၏အရကား သီတင်း သုံးတော် ငါးဦးမှတပါး အခြားရသေ့ပရိဗိုဇ်များတည်း။

မှတ်ချက်။ တရားတွေ့ဘက်တွင် သီတင်းသုံးတော် ငါးဦး မပါဝင်သဖြင့် ဟောန်းတပါးနှင့် တရားဆိုင်သော ဖယ်ဘိက္ခုနီအား သံဃာဒိသေသ်သင့် မသင့်မေးလျှင် ဖြေတတ်စေ။

ဥဿယဝါဒိကာတိ မာနုဿယနဝသေန ကောဓုဿယဝသေန အဍ္ဍကာရကာ။ ဝိနိစ္ဆယမဟာမတ္တာနံ သန္တိကေ ဝိဝဒမာနာ၊ ဂဟပတိနာဝါတိ အာဒီဟိ ထပေတွာ ပဉ္စသဟဓမ္မိကေ အဝသေသာ ဂဟဋ္ဌပဗ္ဗဇိတာ သင်္ဂဟိတာ။

ဥဿယဝါဒိကာတိ၊ ဟူသည်။ မာနုဿယကောဓုဿယဝသေန၊ မာန်ပြောခြင်း အမျက်ပြောခြင်း၏အစွမ်းဖြင့်။ အဍ္ဍကာရကာယ၊ တရားတွေ့အံ့သော။ ဝိနိစ္ဆယမဟာမတ္တာနံ၊ တရားဆုံးဖြတ်သော အမတ်ကြီးတို့၏။ သန္တိကေ၊ ၌။ ဝိဝဒမာနာ၊ ငြင်းခုန်ကုန်လျက်။ ဂဟပတိနာဝါတိအာဒီဟိ၊ ပါဠိတို့ဖြင့်။ ပဉ္စသဟဓမ္မိကေ၊ သီတင်း သုံးတော်ငါးဦးတို့ကို။ ထပေတွာ၊ ၍။ အဝသေသာ၊ ကြွင်းကုန် သော။ ဂဟဋ္ဌပဗ္ဗဇိတာ၊ လူပရိဗိုဇ်ရဟန်းတို့ကို။ သင်္ဂဟိတာ၊ ကုန်၏။

---

❁ တရားတွေ့သော ဘိက္ခုနီမသည် မည်သည့်အချိန်အခါ၌ သံဃာဒိသေသ်အာပတ်သို့ ရောက်ကြောင်းကို

ပေါ်ပြပြီးလျှင် ယင်း သံဃာဒိသေသ်ကိုနိဿာရဏီယဟု ခေါ်ဆိုရပုံကိုလည်း ရေးခဲ့ပါ။

တရားသူကြီးက ဆုံးဖြတ်လိုက်သဖြင့် တရားပြီးပြတ်သည့်အခါ တရားရှုံးသည်ဖြစ်စေ, နိုင်သည်ဖြစ်စေ သံဃာဒိသေသ်အာပတ်သို့ရောက်ပါသည်။ သံဃာဒိသေသ်အာပတ်သင့်သော ဘိက္ခုနီမကို ဘိက္ခုနီသံဃာမှ နှင်ထုတ်ရသောကြောင့် နိဿာရဏီယဟုခေါ်၏။

> တသ္မိံ အနုပ္ပဒိယောသာသနေ ဘိက္ခုနိယာ ဇယေ ပိ ပရာဇယေပိ သံဃာဒိသေသော၊ ဘိက္ခုနိသံဃ တော နိဿာရေတိတိ နိဿာရဏီယော၊ တံ နိဿာရဏီယံ။

တသ္မိံအနုပ္ပဒိယောသာသနေ၊ ထို တရားအဆုံး၌။ ဘိက္ခုနိယာ၊ သည်။ အဋ္ဋေ၊ တရားကို။ ဇယေပိ၊ နိုင်သော်ငြား၊ ပရာဇယေပိ၊ ရှုံးသော်ငြား၊ သံဃာဒိသေသော၊ သည်။ ဟောတိ၊ ၏။ဘိက္ခုနိသံဃတော၊ မှ။ နိဿာရေတိ၊ နှင်ထုတ်စေတတ်၏။ ဣတိ၊ တသ္မာ၊ ကြောင့်။ နိဿာရဏီယော၊ မည်၏။ တံနိဿာရဏီယံ၊ သို့။

---

(၅) တရားစွဲဆိုသော ဘိက္ခုနီမအား တရားပြီးဆုံးသည်တိုင်အောင် သင့်ရောက်လိုက်သော အာပတ်တို့ကို သင့်ပုံနှင့်တကွ ပေါ်ပြခဲ့ပါ။

တရားစွဲဆိုရန်အတွက် အဖော်ဖြစ်သူ,သက်သေခံမည့်သူ,များကိုရှာဖွေလျှင် ဒုက္ကဋ်။ တရားစွဲမည်ဟုစိတ်ဖြစ်ပေါ်လာသည်မှစ၍ ခြေလှမ်းတိုင်း လှမ်းတိုင်းဒုက္ကဋ်။ တရား

သူကြီးရှေ့မှောက်တွင် တဦးနှင့်တဦး ထုချေကြရာတွင် တဦးဦး ပထမစတင်ပြောလျှင် ဒုက္ကဋ်။ နောက်တဦး ထ ပြောလျှင်ထုလ္လစ္စည်း။ တရားပြီးပြတ်လျှင် သံဃာဒိသေသ် သင့်၏။

အဍ္ဍံကရိဿာမီတိ ယံကိဉ္စိ ဒုတိယကံဝါ သက္ခိံဝါ သဟာယံဝါ ပရိယေသန္တိယာ ပရိယေသနေ ဒုက္ကဋံ၊ ယဿ ဌိတာ အဍ္ဍံ ကာတုံ ဂစ္ဆာမီတိ စိတ္တံ ဥပ္ပဇ္ဇတိ တတော ပဋ္ဌာယ ဂစ္ဆန္တိယာ ပဒေပဒေ ဒုက္ကဋံ၊ ယဿ ကဿစိ အန္တမသော ဘိက္ခုနုပဿယံ အာဂတေပိ ဝေါဟာရိကေ ဒိသွာ အဍ္ဍနော ကထံ အာရောစေန္တိယာ ဒုက္ကဋံ၊ ဣတရေန အဍ္ဍနောကထာယ အာရောစိတာယ ဘိက္ခုနိယာ ထုလ္လစ္စယံ။

အဍ္ဍံ၊ တရားကို။ ကရိဿာမိတိ၊ ဟူ၍။ ယံကိဉ္စိ၊ သော။ ဒုတိယကံဝါ၊ အဖေါ်ဖြစ်သော။ သက္ခိံဝါ၊ အသင်းအပင်းကိုရင်း။ သဟာယံဝါ၊ အပေါင်းအဖေါ်ကိုရင်း။ ပရိယေသန္တိယာ၊ ရှာသောဘိက္ခုနီမအား။ ပရိယေသနေ၊ ၌။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ယဿ၊ အကြောင်းအရပ်၌။ ဌိတာ၊ လျက်။ ယံအဍ္ဍံ၊ ကို။ ကာတုံ၊ ငှာ။ ဂစ္ဆာမီတိ၊ ဟု။ စိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တတော၊ မှ။ ပဋ္ဌာယ၊ ၍။ ဂစ္ဆန္တိယာ၊ အား။ ပဒေပဒေ၊ တိုင်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ယဿကဿစိ၊ ၌။ အန္တမသော၊ အားဖြင့်။ ဘိက္ခုနုပဿယံ၊ သို့။ အာဂတေပိ၊ လာသော်လည်း၊ ဝေါဟာရိကေ၊ တရားသူကြီးကို။ ဒိသွာ၊ ၍၊ အဍ္ဍနော၊ ၏။ ကထံ၊ ကို။ အာရောစေန္တိယာ၊ အား။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဣတရေန၊ တရားဘက်ဖြစ်သောသူသည်။

အတ္တနော၊ ၏။ ကာသာယ၊ ကို။ အာချေစိတာယ၊ သော်။ ဘိက္ခုနိယာ၊ အား၊ လုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏။

---

မိမိကျောင်းတိုက်တွင်းဝယ် ခိုးယူသမျှကိုပင် တရားမတွေ့ကောင်းဟုဆိုရာ၌ ထိုခိုးသူဘေးမှ ကင်းဝေးအောင် မည်ကဲ့သို့ပြုလုပ်ရမည်ဟု ညွှန်းခဲ့ပါ။

ခိုးသူကို ဟိုက်ရိုက်မညွှန်ပြရဘဲ နောင်အခါခါနှောင့်ယှက်အောင်သာ စောင့်ရှောက်ပေးပါစသည်ဖြင့်ရင်း, ပစ္စည်းပျောက်ပါက မည်သည့် ပစ္စည်း ပျောက်သွားပါသည် ရအောင်လုပ်ပေးပါစသည်ဖြင့်ရင်း ပြောကြားရပါမည်။

မှတ်ချက်။ ခိုးသူကို ညွှန်ပြလိုက်သဖြင့် အရာရှိများက ဘမ်းဆီး ချုပ်နှောင်ကာ ဒဏ်ငွေဘပ်လျှင် ဘိက္ခုနီမှာ ဘဏ္ဍာစားထိုက်၏။ တစုံဘခု ခိုးယူနေသည်ကိုမြင်၍လည်း သူခိုး, သူခိုး ဟု ခိုးသူအား အကျိုးနဲ့ဖြစ်အောင် မအော်ကောင်းအော်၍ ဘမ်းမိပြီး ဒဏ်ငွေဘပ်လျှင် ဘဏ္ဍာစားပင်တည်း။ ခိုးသူကို မညွှန်ပြဘဲ စောင့်ရှောက်ပေးပါဟု တောင်းဆိုရာ၌ အရာရှိများက စိစစ်မေးမြန်း၍ ခိုးသူအား ဒဏ်ငွေတပ်ရာတွင် ဘဏ္ဍာစား မထိုက်ဟုမှတ်။

---

## စောဒိုဝုဋ္ဌာပိကာ သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ မည်မျှလောက် ခိုးယူမှ စောဒိ ဟုခေါ်သည်ကို ဖြေဆိုပြီးလျှင် ပုဂ္ဂ-ဂဏ-သောဏ် တို့၏ အရကိုလည်း ကောက်ပြခဲ့ပါ။

အနည်းဆုံး တမတ်တန်မျှကိုခိုးယူမှ စောရိဟုခေါ်ဆိုရပါမည်၊ ဝိသနိုးကို ဆည်းကပ် ကိုးကွယ်သော ဂိုဏ်း (မလ္လဂဏ) ကုမာရ နှတ်ကို ဆည်းကပ်သော ဂိုဏ်း (ဝဇ္ဇိဂဏ) စသည်ကို ဂဏအရယူ။ ပူဂ အရကား- သာသနာရေးနှင့် သက်ဆိုင်သော အသင်းမျိုးကို ယူ။ သေဏိအရကား- နံ့သာကုန်သည်, အထည် ကုန်သည် အပေါင်းကိုယူ။

> ယာယ ပဉ္စမာသကတော ပဋ္ဌာယ ယံကိဉ္စိ ပရသန္တကံ အာဒိန္နံ အယံ စောရိနာမ၊ တံ စောရိံ၊ ဂဏန္တိ မလ္လဂဏ ဝဇ္ဇိပုတ္တဂဏာဒိကံ၊ ပူဂန္တိ ဓမ္မဂဏံ၊ သေဏိန္တိ ဂန္ဓိက သေဏိ ဒုဿိကသေဏိ အာဒိကံ။

ယာယ၊ အကြင်မိန်းမသည်၊ ပဉ္စမာသကတော၊ ငါးပဲထိုက်သည်မှ။ ပဋ္ဌာယ၊ စ၍။ ယံကိဉ္စိ၊ သော၊ ပရသန္တကံ၊ သူတပါး၏ဥစ္စာကို။ အာဒိန္နံ၊ ယူအပ်၏။ အယံဣတ္ထီ၊ သည်။ စောရိနာမ၊ မည်၏။ ဂဏန္တိ၊ ဟူသည်။ မလ္လဂဏဝဇ္ဇိပုတ္တဂဏာဒိကံ၊ ဝိသနိုးကို ဆည်းကပ်သောသူအပေါင်း၊ ပရမိသွာ၊ မဟာဝိန္ဒုကို ဆည်းကပ်သော သူအပေါင်းစသည်ကို။ ပူဂန္တိ ဓမ္မဂဏံ၊ ကုသိုလ်ကောင်းမှုပြုသောသူအပေါင်းကို။ သေဏိန္တိ၊ ဟူသည်ကား။ ဂန္ဓိကသေဏိ ဒုဿိကသေဏိအာဒိကံ၊ နံ့သာသည်အပေါင်း,ယက်ကန်းသည်အပေါင်းစသည်ကို။

---

● အညတြကပ္ပါ၌ ကပ္ပ၏သရုပ်ကိုဖော်ပြ၍ စောရိမကို ပဉ္စင်းခံပေးရာ၌ သင့်ရောက်ထိုက်သော အာပတ်တို့ကို ဖော်ပြခဲ့ပါ။

(၁) တိတ္ထိတို့ထံ ရှင်ပြုဘူးသောမိန်းမ (၂) အခြားရဟန်းမများထံရှင်ပြုဘူးသောမိန်းမအားဖြင့် နှစ်မျိုးဖြစ်ပါသည်။ ဓောဒိမကျ ပဉ္စင်းခံပေးရာ၌ ကာရကသံဃာ ကမ္မဝါစာဆရာ သပိတ်သင်္ကန်း စသည်ကို ရှာမှီးခြင်းကြောင့် ဒုက္ကဋ်၊ ကမ္မဝါစာနှစ်ကြိမ်ဆုံးလျှင် ထုလ္လစ္စည်း, ကမ္မဝါစာသုံးကြိမ်ဆုံးလျှင် သံဃာဒိသေသ်သင့်၏။

> အညတြကပ္ပါတိ တိတ္ထိယေသု ဝါ အညဘိက္ခု-
> နီသု ဝါ ပဗ္ဗဇိတပုဗ္ဗာ၊ ကပ္ပါနာမ တံ ထပေတွာ
> အညံ ဥပသမ္ပာဒေန္တိယာ ဂဏ အာစရိယ ပတ္တ
> စီဝရပရိယေသနေသု သီမာသမ္မုတိယာ ဉတ္တိ
> ယာစ ဒုက္ကဋံ၊ ဒွီဟိ ကမ္မဝါစာဟိ ထုလ္လစ္စယံ၊
> ကမ္မဝါစာပရိယောသာနေ သံဃာဒိသေသော။

အညတြကပ္ပါတိ၊ ဟူသည်။ တိတ္ထိယေသု ဝါ၊ တို့၌ရင်း။ အညဘိက္ခုနီသု ဝါ၊ တို့၌ရင်း။ ပဗ္ဗဇိတပုဗ္ဗာ၊ ရဟန်းပြုဘူးသောမိန်းမသည်။ ကပ္ပါနာမ၊ မည်၏။ တံကပ္ပံ၊ ကို။ ထပေတွာ၊ ၍။ အညံ၊ သောမိန်းမကို။ ဥပသမ္ပာဒေန္တိယာ၊ အား။ ဂဏအာစရိယပတ္တစီဝရပရိယေသနေသု၊ ဂိုဏ်း, ဆရာ, သပိတ် သင်္ကန်းကို ရှာခြင်းတို့ကြောင့်လည်းကောင်း။ သီမာသမ္မုတိယာစ၊ ရင်း။ ဉတ္တိယာစ၊ ၌ရင်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဒွီဟိကမ္မဝါစာဟိ၊ တို့ဖြင့်။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏။ ကမ္မဝါစာပရိယောသာနေ၊ ၌။ သံဃာဒိသေသော၊ သည်။ ဟောတိ၊ ၏။

## ဧကဂါမန္တရဂမန သိက္ခာပုဒ်

ဤသိက္ခာပုဒ်ဝယ် ဂါမန္တရံ ဂစ္ဆေယျအရ ဂါမန္တရအတွက် ဖြစ်သင့်သောအာပတ်တို့ကို ခွဲခြားပြခဲ့ပါ။

မိမိရွာမှ အခြားတရွာသို့ သွားရာ၌ ခြေလှမ်းတိုင်း ဒုက္ကဋ်။ မိမိရွာမှထွက်ရုံမျှဖြင့် မသင့်သေး။ တပါးသော ရွာ၏ အရံရှိသောရွာဖြစ်မူ အရံကို အရံမရှိက ရွာ၏ ဥပစာကို ခြေလှမ်းကျော်မိလျှင်ထုလ္လစ္စည်း။ ဒုတိယခြေလှမ်း ကျော်မိလျှင် သံဃာဒိသေသ်သင့်၏။

> သကဂါမတော တာဝ နိက္ခမန္တိယာ အနာပတ္တိ၊
> နိက္ခမိတွာ ပန အညံ ဂါမံ ဂစ္ဆန္တိယာ ပဒေ ပဒေ
> ဒုက္ကဋံ၊ ဧကေန ပါဒေန ဣတရဿ ဂါမဿ ပရိက္ခေ
> ပေ ဝါ ဥပစာရေ ဝါ အတိက္ကန္တေ ထုလ္လစ္စယံ၊ ဒုတိ
> ယေန အတိက္ကန္တမတ္တေ သံဃာဒိသေသော။

သကဂါမတော။ မှ။ တာဝ၊ စွာ။ နိက္ခမန္တိယာ၊ ဘိက္ခုနီမအား။ အနာပတ္တိ၊ မသင့်။ နိက္ခမိတွာပန၊ ကား။ အညံ ဂါမံ၊ သို့။ ဂစ္ဆန္တိယာ၊ အား။ ပဒေပဒေ၊ တိုင်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဧကေန ပါဒေန၊ ဖြင့်။ ဣတရဿ၊ သော။ ဂါမဿ၊ ၏။ ပရိက္ခေပေဝါ၊ အရံကိုရင်း။ ဥပစာရေဝါ၊ ကိုရင်း။ အတိက္ကန္တေ၊ သော်။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏။ ဒုတိယေန၊ နှစ်ခုမြောက်သောခြေဖြင့်။ အတိက္ကန္တမတ္တေ၊ ၌။ သံဃာဒိသေသော၊ သည်။ ဟောတိ၊ ၏၊

---

အပေါ်ဖြစ်သော ဘိက္ခုနီမနှင့် အတူ မြစ်ဟ ဘက်သို့ကူးသွားကြရာ မြစ်လယ်တွင် တစုံတခုသော

ကိစ္စကြောင့် ဤဘက်ကမ်းသို့ တယောက်ထည်းပြန်လာပါက အာပတ်သင့်ပါသေးသလော။ နဒီပါရဂမနအတွက် အာပတ်သင့်ပုံကိုလည်း ရေးခဲ့ပါ။

တယောက်ထည်းပြန်ကူးလာ၍ ဤဘက်ကမ်းသို့ ပြန်ရောက်ပါက နဒီပါရဂမနဖြင့်ပင် သံဃာဒိသေသ်အာပတ်သင့်ပါသည်။ နဒီပါရဂမနအတွက် အာပတ်သင့်ရောက်ပုံကား - ဟိုမှာဘက်ကမ်းကို ခြေတလှမ်း နင်းမိလျှင် ထုလ္လစ္စည်း။ ဒုတိယခြေဘလှမ်းကြွမိလျှင် သံဃာဒိသေသ်သင့်ပါသည်။

> နဒိယာ ဒုတိယိကံ ဝိနာ ပရတီရံ ဂစ္ဆန္တိယာဝါ
> အန္တရာ နဒိယံ ဒုတိယိကာယ သဒ္ဓိံ ဘဏ္ဍိတွာ
> ပုန ဩရိမတီရမေဝ ပစ္စုတ္တရန္တိယာဝါပဌမပါဒံ
> ဥဒ္ဓရိတွာ တီရေ ထပိတက္ခဏေ ထုလ္လစ္စယံ၊ ဒုတိ
> ယ ပါဒုဒ္ဓါရေ သံဃာဒိသေသော။

နဒိယာ၊ ၏။ ဒုတိယိကံ၊ အဖေါ်ဖြစ်သော ဘိက္ခုနီမကို။ ဝိနာ၊ ၍။ ပရတီရံ၊ ထိုမှာဘက်ကမ်းသို့။ ဂစ္ဆန္တိယာ၊ အားရှင်း။ အန္တရာနဒိယံ၊ မြစ်လယ်၌။ ဒုတိယိကာယ၊ နှင့်။ သဒ္ဓိံ၊ တကွ။ ဘဏ္ဍိတွာ၊ ငြင်းခုံ၍။ ပုန၊ တဘန်။ ဩရိမတီရမေဝ၊ ဤမှာဘက်ကမ်းသို့လျှင်။ ပစ္စုတ္တရန္တိယာဝါ၊ ကူးသောဘိက္ခုနီမအားရှင်း။ ပဌမံပါဒံ၊ ပဌမခြေတလှမ်းကို။ ဥဒ္ဓရိတွာ၊ ကြွ၍၊ တီရေ၊ ကမ်းနား၌။ ထပိတက္ခဏေ၊ ထားသောခဏ၌။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏။ ဒုတိယပါဒုဒ္ဓါရေ၊ ဒုတိယခြေကိုလှမ်းခြင်းကြောင့်။ သံဃာဒိသေသော၊ သည်။ ဟောတိ၊ ၏။

ကောဝါရက္ခိ ဝိပ္ပဝါသေယျာ၌ ရက္ခိဝိပ္ပဝါသ မဖြစ်အောင် မည်ကဲ့သို့နေရမည်ကို ညွှန်ပြပြီးလျှင်၊ ဂါမာ ဗြဟိုေယယျာ၌ ဂါမ အရကိုလည်း ကောက်ပြခဲ့ပါ။

နှစ်တောင့်ထွာ ဟတ္ထပါသ်ကိုမလွန်စေဘဲနေရပါမည့် ဟတ္ထပါသ်မှကင်းပြီး အရှေ့ဘက်အောင် ဗိလ်ခြင်းဖြင့် မနေရ နေလျှင်အာပတ်။ ဂါမအရကား- ဘိက္ခုနီမ တ ယောက်ထည်းပင်ဖြစ်စေကာမူ ဂါမအရ ယူရပါမည်။

မှတ်ချက်။ ။ဿံဝါ ဂါမာ ဥပါသေဂါမနှင့် ဂါမာ ဗြဟိုေယယျ ဝယ်ပါသော ဂါမတို့၏ ဒးထူးကို ဖေးက သင်္ချိင်း၌ ကြည့် မှတ်စေလိုသည်။

ကောဝါ ဂါမှာတိ ဧတ္ထ ပန ကောဘိက္ခုနိပိ ဂဏောယော။

ကောဝါ ဂါမှာတိ ဧတ္ထပန၊ ဤ၌ကား၊ ကောဘိက္ခုနိပိ၊ သည်လည်း။ ဂဏောဧယာ၊ ဂါမမည်သည်သာလျှင်ဘည်း။

---

ဂါမာ ဗြဟိုေယယျ အရ အပေါ်ဖြစ် သော ဘိက္ခုနီမနှင့် မည်မျှလောက် ကျန်နေရစ်မှ ဗြဟိုယနဟု ဆိုပါသနည်း။ အနုပညတ်ကိုလည်း ထုတ် ပြခဲ့ပါ။

မြင်လောက် ကြားလောက်သော ဒဿနူပစာ, သဝ နူပစာကိုလွန်၍ ချန်နေရစ်ပါက ဗြဟိုယန ဖြစ်ပါသည်။ အနုပညတ်ကား ကောဝါနိဒ်ပါရုံ။လ။ ဂါမှာ ဗြဟိ ယေယျဖြစ်ပါသည်။

ဩဟိတေယျာတိ အ၀ဟိယေယျ၊ ဒသနူပစာရံ
ဝါ သဝနူပစာရံဝါ ဝိဇဟေယျာတိ အတ္ထော။

ဩဟိယေယျာတိ၊ ဟူသည်။ အဝဟိယေယျ၊ ကျန်ရစ်ငြားအံ့။ ဒဿနူပစာရံဝါ၊ ကိုရင်း၊ သဝနူပစာရံဝါ၊ ကိုရင်း။ ဝိဇဟေယျ၊ စွန့်ငြားအံ့။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။

---

အရက်မဘက်မိ တယောက်ထည်း မိမိနေရာ ရွာမှထွက်ခွါ၍ အရုဏ်တက်သည့်အခါ ဂါမန္တရတွင် ပါဝင်သော မြစ်တဘက်ကမ်းသို့ သွားရောက်ပါက သံဃာဒိသေသ် မည်မျှသင့်ပါသနည်း။

ဂါမန္တရာပတ္တိ, နဒီပါရာပတ္တိ, ရတ္တိဝိပ္ပဝါသ, ဂဏမှာ ဩဟိယန လေးချက်လုံးပင် ပါဝင်သောကြောင့် သံဃာဒိသေသ် အာပတ် လေးချက်လုံးပင် တပြိုင်နက် သင့်ပါသည်။

ပုရေ အရုဏေ သကဂါမတော နိက္ခမိတွာ
အရုဏုဂ္ဂမနကာလေ ဂါမန္တရ ပရိယာပန္နံ နဒီ
ပါရံ ဩက္ကမန္တိယာ ပန စတဿော် အာပတ္တိ
ယော ဧကက္ခဏေယေဝ ဟောန္တိ။

ပုရေအရုဏေ၊ အရုဏ်မတက်မီ။ သကဂါမတော၊ မိမိရွာမှ။ နိက္ခမိတွာ၊ ၍၊ အရုဏုဂ္ဂမနကာလေ၊ ၌။ ဂါမန္တရပရိယာပန္နံ၊ ရွာတပါးသို့အကျုံးဝင်သော။ နဒီပါရံ၊ မြစ်တဘက်သို့။ ဩက္ကမန္တိယာပန၊ သက်ဆင်းသော ဘိက္ခုနီမအားကား၊ စတဿော၊ ကုန်သော၊ အာပတ္တိယော၊ သံဃာဒိသေသ် အာပတ်တို့သည်။ ဧကက္ခဏေယေဝ၊ တပြိုင်နက်သောခဏ၌လျှင်။ ဟောန္တိ၊ ကုန်၏။

အပေါ်နှင့် အပျော်သွားပြီး တစုံ တခုသော အကြောင်းကြောင့် စိတ်ဆိုး၍ထွက်သွားခြင်း၊ လူထွက်သွားခြင်း၊ သေသွားခြင်း၊ တိတ္ထိဘက်သို့ဝင်သွားခြင်း၊ အန္တရာယ်ရှိခြင်းတို့ကြောင့် တယောက်ထည်းသွားပါက အာပတ်သင့်ပါသေးသလော။

အားလုံး အာပတ်မသင့်ပါ။

ဒုတိယိကာယပန ပက္ကန္တာယဝါ, ဝိဗ္ဘန္တာယဝါ, ကာလင်္ကတာယဝါ, ပက္ခသင်္ကန္တာယဝါ အာပဒါသုဝါ ဂါမန္တရ ဂမနာဒိ ကရောန္တိယာ ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။

ဒုတိယိကာယ၊ အပေါင်းမသည်။ ပက္ကန္တာယဝါ၊ အရပ်တပါးသို့ သွားခဲ့သော်ရင်း။ ဝိဗ္ဘန္တာယဝါ၊ လူထွက်ခဲ့သော်ရင်း။ ကာလင်္ကတာယဝါ၊ သေခဲ့သော်ရင်း။ ပက္ခသင်္ကန္တာယဝါ၊ တိတ္ထိတို့ကျောင်းသို့ ဝင်ခဲ့သော်ရင်း။ အာပဒါသုဝါ၊ ဘေးရန်ရှိခဲ့သော်ရင်း။ ဂါမန္တရ ဂမနာဒီနဉ္စ၊ ရွာတပါးသို့ သွားခြင်းစသည်တို့ကို။ ကရောန္တိယာစ၊ ပြုသောဘိက္ခုနီမအားရင်း။ ဥမ္မတ္တကာဒီနဉ္စ၊ တို့အားရင်း။ အနာပတ္တိ၊ မသင့်။

## ဥက္ခိတ္တ ဩသာရဏ သိက္ခာပုဒ်

အနုဉာယကဂဏသဆန္ဒဂဏအရကိုကောက် ဖြစ်ပြီးလျှင် ဥက္ခိတ္တဘိက္ခုနီမကို ဩသာရဏ ကံပြုပေးသူအား မည်သည့်အခါ၌ မည်သည့်အာပတ် သင့်သည်ကိုလည်း ရေးခဲ့ပါ။

ဂဟဋ္ဌအရ-ဥစ္စာပနိယကံ ပြုသောဘိက္ခုနီ ကာရက သံဃာကိုယူ၊ ဩသာရဏကံ ပြုပေးသောဘိက္ခုနီအား-သံဃာ ရှာခြင်း, သိမ်သမုတ်ခြင်း, ကမ္မဝါစာဘတ်ရွဲဉတ် ဆုံးရာတို့တွင် ဒုက္ကဋ် အာပတ်သင့်ပါ၏။ ကမ္မဝါစာ နှစ်ကြိမ်ဆုံးက ထုလ္လစ္စည်း အာပတ်။ ကမ္မဝါစာသုံးကြိမ် ဆုံးက သံဃာဒိသေသ် အာပတ်သင့်၏။

အမေး။ အခြားသိက္ခာပုဒ်လာ ဂဏနှင့် ဤသိက္ခာပုဒ်လာ ဂဏတို့မှာ မည်သို့ ခြားနားပါသနည်း မေးကလည်း ဖြေတတ်စေ။

အနညာယ ဂဏဿ ဆန္ဒန္တိ တဿာ ကာရက
သံဃဿ ဆန္ဒံ အဇာနိတွာ၊ ဩသာရေယျာတိ
ဩသာရဏာကမ္မံ ကရေယျ၊ တဿာဝ ကရောန္တိ
ယာ ဂဏပရိယေသနေ သီမာသမ္မုတိယာ ဉတ္တိ
ယာ စ ဒုက္ကဋံ ဒွီဟိ ကမ္မဝါစာဟိ ထုလ္လစ္စယံ
ကမ္မဝါစာ ပရိယောသာနေ သံဃာဒိသေသော။

အနညာယ ဂဏဿ ဆန္ဒန္တိ ၊ဟူသည်ကား တဿာ ကာရက သံဃဿ၊ ထိုဥစ္စာပနိယကံ ပြုသောဘိက္ခုနီသံဃာ၏။ ဆန္ဒံ၊ အလိုကို။ အဇာနိတွာ၊ မသိဘဲလျက်။ ဩသာရေယျာတိ ၊ဟူသည်၊ ဩသာရဏာကမ္မံ၊ ကို။ ကရေယျ၊ အံ့၊ စေ၊ သို့၊ ကရောန္တိယာ၊ ပြုသော၊ တဿာ၊ ထိုဘိက္ခုနီမအား။ ဂဏပရိယေသနေ၊ ဂိုဏ်းကို ရှာခြင်း၌ရင်း။ သီမာသမ္မုတိယာ စ၊ သိမ်သမုတ်ခြင်း၌ရင်း၊ ဉတ္တိယာ စ၊ ဉတ်၌ရင်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဒွီဟိ ကမ္မဝါစာဟိ၊ တို့ဖြင့်။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏၊ ကမ္မဝါစာ ပရိယောသာနေ၊ ၌။ သံဃာဒိသေသော၊ သည်။ ဟောတိ၊ ၏။

## ဘောဇနပဋိဂ္ဂဟဏ ပဉ္စမသိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ အဝဿုတအရကို ကောက်ပြု၍ ခဲဘွယ် ဘောဇဉ်ကို စားမှုအတွက် သင့်ရောက်ထိုက်သော အာပတ်တို့ကို ပုဂ္ဂိုလ်အလိုက် ကဒ်ါလာသည့်အတိုင်း ခွဲခြားပြခဲ့ပါ။

အဝဿုတ အရကား- ချစ်ကြိုက်ခြင်း ဆန္ဒရာဂရှိနေသူတည်း။ ဘိက္ခုနီနှင့် ပုရိသပုဂ္ဂိုလ်တို့နှစ်ဦးလုံး အဝဿုတဖြစ်ကြရာ၌ ခံယူမှုအတွက် ထုလ္လစ္စည်း၊ မျိုတိုင်းသံဃာဒိသေသ်၊ တဦးသာ အဝဿုတဖြစ်ကြရာ၌ ခံယူခြင်းကြောင့် ဒုက္ကဋ်၊ မျိုတိုင်း ထုလ္လစ္စည်း။ ယက္ခ, ပေတ, ပဏ္ဍက, တိရစ္ဆာနဂတ, မနုဿဝိဂ္ဂဟာတို့က ပေးသော ခဲဘွယ်ဘောဇဉ်၌ ဥဘတော အဝဿုတ, ဧကတော အဝဿုတ တို့အတွက် ဒုက္ကဋ်, စား သောက်ရာ၌ ဥဘတော အဝဿုတဖြစ်က ထုလ္လစ္စည်း၊ ဧကတော အဝဿုတဖြစ်က ဒုက္ကဋ်သင့်၏။

ပဋိဂ္ဂဟဏေ ထုလ္လစ္စယံ အဇ္ဈောဟာရေ အဇ္ဈောဟာရေ သံဃာဒိသေသော။ ဧကတော အဝဿုတေ ပဋိဂ္ဂဟဏေ ဒုက္ကဋံ အဇ္ဈောဟာရေ အဇ္ဈောဟာရေ ထုလ္လစ္စယံ၊ ယက္ခ ပေတ ပဏ္ဍက တိရစ္ဆာနဂတ မနုဿဝိဂ္ဂဟာနံ ဟတ္ထတော ဥဘတော အဝဿုတေ သတိ ဧသေဝနယော၊ တတ္ထ ပန ဧကတော အဝဿုတေ သတိ ဒုက္ကဋံ။

အဝဿုတာတိ၊ ဟူသည်၊ ဆန္ဒရာဂေန၊ အားကြီးသော ဆန္ဒရာဂဖြင့်။ တိန္တာ၊ စွတ်သည်ဖြစ်၍။ ပဋိဂ္ဂဟာဓကာ၊ ခံယူခြင်းကြောင့်။ ထုလ္လစ္စယံ၊သည်။ ဟောတိ၊ ၏၊ အဇ္ဈောဟာရေ အဇ္ဈောဟာရေ၊ တိုင်း။ သံဃာဒိသေသော၊ သည်။ ဟောတိ၊ ၏။ ဧကတော အဝဿုတေ၊ တယောက်သာ ရာဂဖြင့်စွတ်သည်။ သတိ၊ သော်။ ပဋိဂ္ဂဟဏေ၊ ကြောင့်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ အဇ္ဈောဟာရေ အဇ္ဈောဟာရေ၊ တိုင်း။ ထုလ္လစ္စယံ၊ သည်။ ဟောတိ၊ ၏။ ယက္ခပေတပဏ္ဍကတိရစ္ဆာနဂတမနုဿဝိဂ္ဂဟာနံ၊ ဘီးလူးပြိတ္တာ, ပဏ္ဍုက်, လူယောင်ဆောင်သော တိရစ္ဆာန်တို့၏။ ဟတ္ထတော၊ မှ။ ပဋိဂ္ဂဟဏအဇ္ဈောဟာရေသု၊ ခံခြင်းမျိုခြင်းတို့၌။ ဥဘတော အဝဿုတေ၊ သည်။ သတိပိ။ သော်လည်း၊ ဧသေဝနယော၊ ၏။ တတ္ထပန၊ ထိုဘီလူးစသည်တို့၌။ ဧကတော အဝဿုတေ၊ သည်။ သတိ၊ သော်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

---

## ဘောဇနပဋိဂ္ဂဟဏ ဒုတိယသိက္ခာပုဒ်

ဤ သိက္ခာပုဒ်၌ တိုက်တွန်းသူ ဘိက္ခုနီမအား သင့်ရောက်သော အာပတ်တို့ကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

တိုက်တွန်းသော စကားကြောင့်ရင်း တိုက်တွန်းသည့် အလျောက် ခံယူ၍ အလွတ်ကြိုး ဒုက္ကဋ်တည်း။ မျိုလျှင် မျိုသည့် အကြိမ်အားလျော်စွာ ထုလ္လ စ္စည်း အာပတ်သင့်၏။ စားပြီးလျှင် သံဃာဒိသေသ်တည်း။

သာ ဗိ ဥယျောဇနေနစ တေနဝစနေန ဣတာ ရိသးပဋိဂ္ဂဟဏေနစ ဒုက္ကဋ္ဌာနံ အဇ္ဈောဟာရ ဂဏနာယထုလ္လစ္စယာနိစ အာပဇ္ဇတွာ ဘောဇန ပရိယောသာနေ သံဃာဒိသေသံ အာပဇ္ဇတိ။

သာ၊ လိုသိက္ခ...သည်။ ဧဝံ၊ သို့။ ဥယျောဇနေနစ၊ တိုက်တွန်း သဖြင့်...၊ ဘောနေဝါ နနုဓေဝါ...၊ ဉာတရိသာ၊ တိုက်တွန်းအပ်သော ဘိက္ခု မဒါ၊ ပဋိဂ္ဂဟာပေဘာနစ၊ ခံသဖြင့်ရားဒုက္ကဋ္ဌာနိစ၊ တို့သည်ရင်း။ အနေ့...ရဝဟာနာသာ၊ မျိုး...အရေအတွက်အတိုင်း တုလ္လစ္စ ယာနိစ၊ လှို့သို့ရင်း အာပတ္တိတွာ၊ ၍။ ဘောဇနပရိယောသာနေ၊ ၌။ သံဃာဒိသေသံ၊ သို့၊ အာပဇ္ဇတိ၊ ၏။

---

## ပါပသမာစာရ ပဌမသိက္ခာပုဒ်

အောက်ပါ ပုဒ်တို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

သံသဋ္ဌ, ပါပါစာရ, ပါပသဒ္ဒ, ပါပသိလောက။

လူအချင်းချင်း ဆက်ဆံခြင်း မျိုးကဲ့သို့ ဆန်ဖွပ်ပေးခြင်း, ချက်ပြုတ်ပေးခြင်း, သနပ်ခါးသွေးပေးခြင်း, ပန်းပန်ပေးခြင်း,တစ်ခြမ်းမှစကားကိုတစ်ခြမ်းသို့ ပြောခြင်းစသည်ဖြင့်ဆက်ဆံရောနှောမှုကို သံသဋ္ဌဟုခေါ်ပါလည်း။လူများကဲ့သို့ မကောင်းသော ကိုယ်ကျင့်, နှုတ်ကျင့်ရှိခြင်းကို ပါပါစာရဟု ခေါ်၏။အကျင့်မကောင်းသည့်အားလျော်စွာ မကောင်းသတင်း ထွက်နေခြင်းကို ပါပသဒ္ဒဟု ခေါ်၏။ အသက်မွေး ချောင်တို့ရာ အလံရှုးလုပ်ခြင်း လံကြုတ်ဒိပနိဖွင့်ခြင်းများဖြင့် ကျော်ကြားအောင် လုပ်မှုကို ပါပသိလောကဟု ခေါ်၏။

သံသဋ္ဌာတိ ပဗ္ဗဇိတာနံ အနနုလောမေန ဂိဟိနံ
ကောဋ္ဋန ပစနသာသန ဟာရထာဒိနာ ကာယိက
ဝါစသိကေန မိဿီဘူတာ ပါပေါကာယိက

ဝါစသိကော အာစာရော တောသန္တိ ပါပါစာရော၊
ပါပေါ ကိတ္တိသဒ္ဒေါ တောသန္တိ ပါပသဒ္ဒေါ၊
ပါပေါ အာဇီဝ သင်္ခါတော သိလောကော
တောသန္တိ ပါပသိလောကာ။

သံသဋ္ဌာတိ၊ ဟူသည်။ ပဗ္ဗဇိတာနံ၊ ရဟန်းတို့အား၊ အနနု
လောမေန၊ မလျော်သော။ ဂိဟီနံ၊ တို့၏၊ ကောဋ္ဋနပစန သာသန
ဟုနုဏာဒိနာ၊ ဆန်ဖွပ်ပေးခြင်း, ထမင်းချက်ပေးခြင်း,သတင်းစကား
ဆောင်ခြင်းစသော။ ကာယိက ဝါစသိကေန၊ ကိုယ်မှု နှုတ်မှုဖြင့်။
မိဿီဘူတာ၊ ရောသည်ဖြစ်ကုန်လျက်။ တေသံ၊ တို့အား။ ပါပေါ၊
သော။ ကာယိကဝါစသိကော၊ ကိုယ်နှုတ်၌ဖြစ်သော။ အာစာရော၊
အကျင့်သည်။ အတ္ထိ၊၏။ ဣတိတသ္မာ၊ ကြောင့်။ တာဘိက္ခုနိယော၊
တို့သည်။ ပါပါစာရာ၊ မည်ကုန်၏။ တေသံ၊ တို့အား။ ပါပေါ၊
သော။ ကိတ္တိသဒ္ဒေါ၊ သည်။ အတ္ထိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။
တာဘိက္ခုနိယော၊ တို့သည်။ပါပသဒ္ဒါ၊မည်ကုန်၏၊တေသံ၊တို့အား။
ပါပေါ၊ သော။ အဇီဝသင်္ခါတော၊သော၊ သိလောကော၊အသက်
မွေးခြင်းသည်။ အတ္ထိ၊၏။ ဣတိတသ္မာ၊ ကြောင့်။ ပါပသိလောကာ၊
မည်ကုန်၏။

---

● ဝိဟေသိကာနှင့် ဝဇ္ဇပဋိစ္ဆာဒိကာတို့၏အဓိပ္ပါယ်
ကိုရေးခဲ့ပါ။

အပြစ်အား လျော်စွာ ဘိက္ခုနီတို့အား သံဃာက
နိဂ္ဂဟကံကိုပြုမည်ဟု စီစဉ်သည့်အခါကံကိုမပြုဖြစ်အောင်
တားမြစ်သော အားဖြင့် ဘိက္ခုနီသံဃာကို ညှဉ်းဆဲမှုကို
ဝိဟေသိကာဟု ခေါ်ပါသည်။ တဦး၏ ရုဒ္ဒါနုရုဒ္ဒက

အပြစ်ကို အခြားတဦးက ဖုံးထားမှုကို ဝဇ္ဇပဋိစ္ဆာဒိကာ ဟုခေါ်ပါသည်။

အမှာ။ ဝဇ္ဇအရ ခုဒ္ဒါနုခုဒ္ဒကအပြစ်များကိုယူ။

ဘိက္ခုနိ သံဃသ ဝိဟော သိကာတိ အည
မညိဿ ကမ္မေ ကရိယမာနေ ပဋိက္ကောသနေန
ဝိဟေသိကာ၊ ဝဇ္ဇပဋိစ္ဆာ ဒိကာတိ ခုဒ္ဒါနုခုဒ္ဒ
ကဿ ဝဇ္ဇဿ ပဋိစ္ဆာဒိကာ။

ဘိက္ခုနိ သံဃဿ ဝိဟေသိကာတိ၊ ဟူသည်။ အညမညိဿ၊ အချင်းချင်းအား။ ကမ္မေ၊ ကို။ ကရိယမာနေ၊ သော်။ နပဋိက္ကောသနေန၊ မမြစ်သဖြင့်။ ဝိဟေသိကာ၊ ညှဉ်းဆဲတတ်ကုန်သော။ ဝဇ္ဇပဋိစ္ဆာဒိကာတိ၊ ဟူသည်။ ခုဒ္ဒါနုခုဒ္ဒကဿ၊ သော။ ဝဇ္ဇဿ၊ ကို။ ပဋိစ္ဆာဒိကာ၊ ဖုံးလွှမ်းတတ်ကုန်သော။

---

## ပါဠိအနုသာသနီယနှင့် အဋ္ဌကထာမှတ်

ဝိဝိစ္စထ၏ အဓိပ္ပါယ်ကိုရေး၍ ဘိက္ခုနီမသည် သံဃာကို သင်းခွဲခြင်းကိုပြုနိုင် မပြုနိုင် ဆုံးဖြတ်ခဲ့ပါ။

ရဟန်းတို့အား မလျောက်ပတ်သော ကိုယ်နှုတ်အား ဖြင့် လူတို့နှင့်ရောနှောမှုကို စွန့်ခြင်းကို ဝိဝိစ္စထဟုဆိုပါ သည်။ ဘိက္ခုနီမသည် သံဃာသင်းခွဲခြင်းကို မပြုနိုင်ပါ၊ ကွဲပြားအောင် အားထုတ်ခြင်း နောက်လိုက်လုပ်ခြင်း မျှသာပြုနိုင်ပါသည်။

ဝိဝိစ္စထာတိ နာနာဟောထ အနနုလောမိကံ
ကာယိက ဝါစသိကသံသဂ္ဂံ ပဇဟထာတိ
အတ္ထော၊ ကေဝလညှိ ဘိက္ခုနိသံဃံ နဘိန္ဒတိ၊

ဘေဒါယ ပန ပရက္ကမတိ စေဝ အနုဝတ္တတိ စ။

ဝိဝိစ္စထာ ဧတိ၊ ဟူသည်။ နာနာ၊ အသီးသီး။ ဟောထ၊ ဖြစ်ကုန်လော။ အနနုလောမိကံ၊ ရဟန်းတို့နှင့်မလျော်သော။ ကာယိကဝါစသိကသံသဂ္ဂံ၊ ကိုယ်နှုတ်နှင့်ယှဉ်သော ရောနှောခြင်းကို။ ပဇဟထ၊ စွန့်ကုန်လော့။ ဇုတိအယံ၊ လျှင်။ အဇ္ဈော၊ တည်း။ ဟိ၊ အထူးကား။ ဧဝလံ၊ သက်သက်။ ဘိက္ခုနီ၊ သည်။ သံဃံ၊ ကို။ နဘိန္ဒတိ၊ မခွဲ၊ ဘေဒါယပန၊ ကွဲပြားစေခြင်းငှါ။ ပရက္ကမတိ စေဝ၊ လုံ့လလည်းပြု၏၊ အနုဝတ္တတိ စ၊ ကွဲပြားအောင်ပြုလုပ်သော ရဟန်းမ၏အယူသို့လည်းလိုက်၏။

---

● သံဃာဒိသေသ် တဆဲ့ခုနစ်ပါးတွင် သာဓာရဏ, အသာဓာရဏတို့ကိုခွဲခြားပြပြီးလျှင် ပဌမာပတ္တိက နှင့် ယာဝတတိယကကို ခွဲခြားပြခဲ့ပါ။

တဆဲ့ခုနစ်ပါးတွင် သာဓာရဏ (၇) ပါး အသာဓာရဏ (၁၀) ပါးတို့ဖြစ်ပါသည်။ သာဓာရဏ၌ ပဌမာပတ္တိက (၃) ပါး ယာဝတတိယက (၄) ပါးဖြစ်ကြ၍ အသာဓာရဏတွင် ပဌမာပတ္တိက (၆) ပါးနှင့် ယာဝတတိယက (၄) ပါးတို့ဖြစ်ကြပါသည်။

---

● ဘိက္ခုနီမတို့မှာ အဘယ်ကြောင့် ပက္ခမာနတ်ကျင့်ရသည်ကို ဖြေဆိုပြီးလျှင် မည်သည့်သံဃာထံ၌ မာနတ်ကို တောင်းရ, ချရပါမည်နည်း။ ဘိက္ခုနီမ တို့အား အာပတ်ကိုဖုံးလွှမ်းသော်လည်း ပရိဝါသ်နေခြင်း, ပဋိစ္ဆာဒနဒုက္ကဋ် အာပတ်လည်းမသင့်သောကြောင့် ပက္ခမာနတ်

မကျင့်ရပါ။ မာနတ်ကို ဘိက္ခုနီသံဃာ၌သာ တောင်းရ ပါမည်။ ကြားသောအခါ ရှေးဦးစွာ ဘိက္ခုနီသံဃာထံ၌ ကြား၍ နောက်မှ ဘိက္ခုသံဃာ့ထံ ကြားရသည်၊ ချသော အခါ ဘိက္ခုနီထံ၌ တပါးတည်းဖြစ်စေကာမူ ချနိုင်၏။

ဘိက္ခုနိယာ ဟိ အာပတ္တိံ ဆာဒေန္တိယာဝိ ပရိဝါသောနာမ နတ္ထိ၊ ဆာဒနပစ္စယာဝိ န ဒုက္ကဋံ အာပဇ္ဇတိ။ တသ္မာ ဆာဒေတွာပိ အဆာဒေတွာ ပိ ကော် ပက္ခမာနတ္တမေဝ စရိတဗ္ဗံ။

ဘိက္ခုနိယာ၊ အား။ အာပတ္တိံ၊ ကို။ ဆာဒေန္တိယာပိ၊ ဖုံးလွှမ်း ငြားသော်လည်း။ ပရိဝါသောနာမ၊ မည်သည်၊ ဟိယသ္မာ၊ ကြောင့်။ နတ္ထိ၊ မရှိ။ ဆာဒနပစ္စယာပိ၊ ဖုံးလွှမ်းခြင်းတည်းဟူသော အကြောင်း ကြောင့်လည်း။ ဒုက္ကဋံ၊ သို့၊ နအာပဇ္ဇတိ၊ မရောက်။ တသ္မာ၊ ကြောင့် ။ ကော်၊ သော။ ပက္ခမာနတ္တမေဝ၊ သာလျှင်။ စရိတဗ္ဗံ၊ ၏။

သံဃာဒိသေသ် ပြီး၏။

---

## ပိဋကရေနဒီသ
## နိဿဂ္ဂိယပါစိတ်
## ပတ္တဝဂ် ပတ္တသန္နိစယ သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ ပတ္တသန္နိစယ ၏ အဓိပ္ပါယ်ကို ပေါ်ပြ၍ ဘိက္ခုပတ္တနှင့် ဘိက္ခုနီပတ္တ သန္နိစယသိက္ခာပုဒ် တို့၏ အထူးကိုသည်း ရေးခဲ့ပါ။

သပိတ်ကို အဓိဋ္ဌာန် ဝိကပ္ပနာတခုခုမပြုဘဲ တရက်မျှ ထားခြင်းကို ပတ္တသန္နိစယဟု ခေါ်ပါသည်။ ဘိက္ခုပတ္တ

သိက္ခာပုဒ်ကား (၁၀) ရက်လွန်မှ အာပတ်သင့်၏၊ ဤ၌ တရက်လွန်လျှင် အာပတ်သင့်သည်။ ဤကား ဒသဓူးတည်း။

ပဏ္ဏသန္ထိစယံ ကရေယျာတိ ပဏ္ဏသန္ထိဝ° ကရေယျ၊ ဧကာယံ အနမိဋ္ဌဟိတွာဝ၊ အဝိကပ္ပေတွာဝါ အမိဋ္ဌာနုပဂံ ပဏ္ဏံ ထပေယျာကိ အတ္ထော။

ပဏ္ဏသန္ထိစယံကရေယျာတိ၊ ဟူသည်ကား။ ပဏ္ဏသန္ထိဝိ°၊ သဝိတ်ကို သိုမှီးခြင်းကို။ ကရေယျ၊ ပြုငြားအံ့။ အနမိဋ္ဌဟိတွာဝါ၊ အမိဋ္ဌာန် မတင်မူ၍ရင်း၊ အဝိကပ္ပေတွာဝါ၊ ဝိကပ္ပနာမပြုမူ၍ရင်း။ အမိဋ္ဌာနူပဂံ၊ အမိဋ္ဌာန်လောက်သော။ ပဏ္ဏံ၊ ကို။ ထပေယျ၊ အံ့။

---

## အကာလစီဝရ သိက္ခာပုဒ်

အကာလ စီဝရ၏ အမိပ္ပါယ်ကို ဖေါ်ပြပြီးလျှင် မိမိအတွက် ရရှိသည့် သင်္ကန်းကို နိဿဂ္ဂိ ဖြစ်သည့် အားလျော်စွာ စွန့်ပြီး၍ ပြန်ရပါက မိမိသုံးနိုင် မသုံးနိုင် ဆုံးဖြတ်ခဲ့ပါ။

အကာလ စီဝရ၏ အမိပ္ပါယ်ကား-ကထိန်ခင်းလျှင် ငါးလ၊မခင်းလျှင် သီတင်းကျွတ်လပြည့်မှတန်ဆောင်မုန်း လပြည့်ထိ ကာလမှ တပါးသောကာလ အတွင်း၌ရင်း၊ ကာလအခါ၌ တစုံတခုသော ဂဏ ပုဂ္ဂလကို ရည်ရူး၍ လှူအပ်သော အာဒိဿဒိန္န သင်္ကန်းမျိုးကိုရင်း အကာလ စီဝရဟု ဆိုပါသည်။ မသုံးဆောင်နိုင်ပါ။ဒါယကာ ရည်ရွယ်ထားသော သံဃာ ဂိုဏ်းပုဂ္ဂိုလ်သာ ပြန်ပေးရပါမည်။

အကာလစီဝရန္တိ အတ္ထတေ ကထိနေ ကထိန
မာသေဟိ အနတ္ထတေ စီဝရမာသတော အည
သ္မိံ ကာလေ ဥပ္ပန္နံ ယံ ဝါပန ကာလေပိ အာဒိဿ ဒိန္နံ။

အကာလ စီဝရန္တိ၊ ဟူသည်။ ကထိနေ၊ ကို။ အတ္ထတေ၊ သော်။ ကထိနမာသေဟိ၊ ကထိနမာသဟု ဆိုအပ်ကုန်သော ငါးလတို့မှ။ ကထိနေ၊ ကို။ အနတ္ထတေ၊ မခင်းသည်ရှိသော်။ စီဝရမာသတော၊ မှ၊ အညသ္မိံ၊ တပါးသော။ ကာလေ၊ ၌။ ဥပ္ပန္နံ၊ ဖြစ်သောသင်္ကန်း တည်း။ ကာလေပိ၊ ၌သည်း၊ ယံ ဝါ ပန စီဝရံ၊ အကြင်သင်္ကန်းသည်၊ အာဒိဿ၊ ၍၊ ဒိန္နံ နာမ၊ မည်သည်။ ဟောတိ၊ ရှိသည်ဖြစ်၏။ တံ စီဝရံ၊ ဤရည်စူး၍ လှူအပ်သောသင်္ကန်းသည်။ အကာလစီဝရံ နာမ၊ မည်၏။

---

## စီဝရ ပရိဏာမန သိက္ခာပုဒ်

သဘောတူ လဲသွားပြီးသော သင်္ကန်းကို ကိုယ်တိုင်လှူယူမှု အလှူ ခိုင်းမှုတို့ကြောင့် သင့်ရောက်သော အာပတ်တို့ကို ပြခဲ့ပါ။

ထုပ်ထားသော သင်္ကန်းကို လှူယူ-လှူယူစေမှုအတွက် အာပတ်တချက်သာ သင့်၏။ တထည်စီနေသောသင်္ကန်းကို လှူယူ-လှူယူစေပါက သင်္ကန်းအရေအတွက်နှင့် အမျှ အာပတ်သင့်၏။

မှတ်ချက်။ လှူယူရာ၌ မိမိပိုင်ပစ္စည်း သဘောမျိုးဖြင့် လှူယူလျှင်သာ နိဿဂ္ဂိယ, သူတပါးပိုင်မှန်းသိလျက် အတင်းလှူယူမှုအတွက် ပစ္စည်းတန်ဘိုးအလိုက် အာပတ်သင့်၏။

အစ္ဆိန္ဒေယျာတိ သယံ အစ္ဆိန္ဒန္တိယာ ဗန္ဓိတွာ
ထပိတေသု ဗဟူသုပိ ဧကာ အာပတ္တိ၊ ရုတာရေသု
ဝတ္ထုဂဏနာယ အာပတ္တိယော၊ အစ္ဆိန္ဒာပနေပန
ဧကာယ အာဏတ္တိယာ ဗဟူသု အစ္ဆိန္ဒေသု
ဧကာဝ အာပတ္တိ။

အစ္ဆိန္ဒေယျာတိ၊ဟူသည်။သယံ၊ ကိုယ်တိုင်။ အစ္ဆိန္ဒန္တိယာ၊လုသော ဘိက္ခုနီမအား။ ဗန္ဓိတွာ၊ ထုပ်၍။ ထပိတေ၊ ကုန်သော။ ဗဟူသုပိ၊ များစွာကုန်သော သင်္ကန်းတို့၌သော်လည်း။ ဧကာပတ္တိ၊တချက်သော ပါစိတ်အာပတ်သည်။ ဟောတိ၊ ၏။ ရုတရေသု၊ မထုပ်ဘဲထားကုန် သော သင်္ကန်းတို့၌။ ဝတ္ထုဂဏနာယ၊ ဝတ္ထုအရေအတွက် အတိုင်း။ အစ္ဆိန္ဒာပနေပန၊ သူတပါးကိုလုစေခြင်းကြောင့်ကား။ ဧကာယ အာဏတ္တိယာ၊ တကြိမ်စေခိုင်းသဖြင့်။ ဗဟူသု၊ များစွာကုန်သောသင်္ကန်း တို့ကို။ အစ္ဆိန္ဒေသုပိ၊ လုအပ်ကုန်သော်လည်း။ ဧကာဝ၊ သော။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။

---

သင်္ကန်းမှ တပါးသော ပရိက္ခရာကို လုယူမှု, သာမဏေမတို့၏ သင်္ကန်းကို လုယူမှုတို့အတွက် မည်သည့် အာပတ်သင့်ပါသနည်း။

ပရိက္ခရာကို လုမှု သာမဏေမတို့၏ သင်္ကန်းကို လုမှု တို့အတွက် ဒုက္ကဋ်အာပတ်သင့်ပါသည်။

အညသ္မိံ ပရိက္ခာရေ တိကဒုက္ကဋံ၊ အနုပသမ္ပန္နာယ
စီဝရေပိ တိကဒုက္ကဋမေဝ။

အညသ္မိံ၊ သော။ ပရိက္ခာရေ၊ ၌။ တိကဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ အနုပသမ္ပန္နာယ၊ သာမဏေမ၏။ စီဝရေပိ၊ ၌လည်း။ တိက ဒုက္ကဋ မေဝ၊ လျှင်။ ဟောတိ၊ ၏။

## အညံ့ဝိညာပန သိက္ခာပုဒ်

အညံ့ ဝိညာပေတွာ အညံ့ ဝိညာပေယျ၏ အဝိပ္ပါယ်ကို ဖော်ပြ၍ ယင်းအတွက် သင့်လိုက်သော အာပတ်ကို ဖော်ပြခဲ့ပါ။

ပဌမက ထောပတ်အလိုရှိသည်ဟုတောင်းပြီးမှ ထောပတ်လှူလာသည့်အခါ နှစ်မျိုးလုံး ရလိမ့်မည့်အထင်နှင့် ထောပတ်ကို မလိုချင်တော့ဘူး ဆီကို လိုချင်သည်ဟု ပြောင်းလွဲ တောင်းဆိုခြင်းတည်း။

ယင်းကဲ့သို့ ပြောင်းလွဲကောင်းဆိုမှုအတွက် ဒုက္ကဋ်သင့်၏။ ရလျှင်နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။

အညံ့ ဝိညာပေယျာတိ ယံ ပုဗ္ဗေ ကိံ တေ အယျေ
အဖါသု ကိံ အာဟာရိယတူတိ ဝုတ္တာယ ဝိညာပိတံ
တံ ပဋိက္ခိပိတွာ တဒေဝ အညဉ္စ ဂဟေတုကာမာ
တတော အညံ့ ဝိညာပေယျ၊ တဿာ ဝိညတ္တိယာ
ဒုက္ကဋံ၊ ပဋိလာဘေန နိဿဂ္ဂိယံ ဟောတိ။

အညံ့ဝိညာပေယျာတိ၊ ဟူသည်ကား။ ပုဗ္ဗေ၊ ဦ။ အယျေ၊ အရှင်မ။ တေ၊ အား။ ကိံ၊ အဘယ်ကြောင့်။ အဖါသု၊ မချမ်းသာသနည်း။ ကိံ၊ အဘယ်ဆေးကို။ အာဟာရိယတု၊ ဆောင်စေလိုပါသနည်း။ ဣတိ၊ သို့။ ဝုတ္တာယ၊ ဆိုသောဘိက္ခုနီမသည်။ ယံဘေသဇ္ဇံ၊ ကို။ ဝိညာပိတံ၊ သိစေအပ်၏။ တံဘေသဇ္ဇံ၊ ကို။ ပဋိက္ခိပိတွာ၊ ၍။ တဒေဝ၊ ထိုတောင်းစေအပ်သောဆေးကိုရင်း၊ အညဉ္စ၊ တပါးသောဆေးကိုရင်း၊ ဂဟေတုကာမာ၊ ယူလိုသည်ဖြစ်၍၊ တတော၊ ထိုပဌမ တောင်းအပ်သောဆေးမှ။ အညံ့၊ တပါးသောဆေးကို။ ဝိညာပေယျ၊ တောင်းငြားအံ့။

တဿာဘိက္ခုနိယာ၊ အား။ ဝိညတ္တိယာ၊ ကြောင့်။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ပဋိလာဘေန၊ ဖြင့်။ နိဿဂ္ဂိယံ၊ သည်။ ဟောတိ၊၏။

---

● အညံ့ ဝိညာပေတွာ အညံ့ဝိညာပန ဖြစ်သော်လည်း အာပတ်မှ လွတ်နိုင်သော တောင်းဆိုနည်းကို ညွှန်းခဲ့ပါ။

အမှန်လိုချင်လျှင် ထောပတ်အပြင်ဆီကိုလည်း လိုချင်သေးသည်ဟု တောင်းဆိုမှု့ ရှေးဦးစွာ ထောပတ်တောင်းပြီးမှ ထောပတ်ကဈေးကြီး၍ ဆီနှင့်ပင် ကိစ္စပြီးနိုင်သဖြင့် ထောပတ်ထက် နှစ်ဆရနိုင်သော ဆီကိုသာ လှူပါဟု အကျိုးအာနိသင်ကိုပြ၍ တောင်းဆိုမှုများမှာ အာပတ်မှ လွတ်ပါသည်။

အညေနပိ အတ္ထေ သတိ တေန သဒ္ဓိံ အညဉ္စ
ယံ ဝိညတ္တံ၊ တတော စေ အညံ သမဂ္ဃတရံ
ဟောတိ၊ ဣမံ အာနိသံသံ ဒဿေတွာ သုဒ္ဓံ အည
မေဝ ဝိညာပေန္တိယာ ဥမ္မတ္တကာဒိနဉ္စ အနာပတ္တိ။

အညေနပိ၊ တောင်းအပ်သောဆေးမှ တပါးသောဆေးဖြင့်လည်း။ အတ္ထေ၊ အလိုသည်။ သတိ၊ သော်၊ တေန၊ ထိုတောင်းထားသော ဆေးနှင့်။ သဒ္ဓိံ၊ တကွ။ အညဉ္စ၊ တပါးသောဆေးကိုလည်း။ ဝိညာပေန္တိယာစ၊ အားရင်း။ ယံ၊အကြင်ဆေးကို။ ဝိညတ္တံ၊၏။ တတော၊ ထိုတောင်းသောဆေးမှ။ အညံ၊တပါးသောဆေးသည်။ သမဂ္ဃတရံ၊ ညီမျှသောအဘိုးရှိ၏။ ဣမံ အာနိသံသံ၊ ကို။ ဒဿေတွာ၊ ၍။ သုဒ္ဓံ၊ သော။ အညမေဝစ၊ ကိုသာလျှင်။ဝိညာပေန္တိယာစ၊ အားရင်း။ ဥမ္မတ္တကာဒိနဉ္စ၊ တို့အားရင်း။ အနာပတ္တိ၊ မသင့်။

## အညံ့စေတာပေယျ သိက္ခာပုဒ်

အညံ့စေတာပေတွာ အညံ့ စေတာပေယျ ၏ အဓိပ္ပါယ်ကို ဖေါ်ပြခဲ့ပါ။

ငမိအလိုရှိရာ ထောပတ်, ဆီစသည်ကို အလဲခိုင်းရာ ရသောအခါ ပြန်လဲခိုင်းလျှင် သူဟာ ဝယ်လှူလိမ့်မည့် အထင်ဖြင့် ဒီဟာမလိုချင်တော့ဘူး တခြားဟာကိုလိုချင်သည်ဟု ပြန်လဲခိုင်းမှုကို အညံ့စေတာပေတွာ အညံ့စေတာပေယျဟု ခေါ်၏။

အညံ့ စေတာ ပေတွာတိ အညနော ကပ္ပိယ ဘဏ္ဍနံ ရူမံနာမ အာဟာရေတိ အညံ့ ပရိဝတ္တာ ပေတွာ၊ အညံ့ စေတာပေယျာတိ ဝေံ မေ ရုဒံ ဒတွာ "အညံ့ပိ အာဟာရိသတိတိ မညမာနာ န မေ ရုမိနာ အတ္ထော ရုဒံ နာမ မေ အာဟရာ တိ ဘဏတာ အညံ့ စေတာပေယျ။

အညံ့စေတာပေတွာတိ၊ ဟူသည်။ အညနော၊ ၏။ ကပ္ပိယဘဏ္ဍေန၊ ဖြင့်။ ရုဒံနာမ၊ ဤမည်သောဆေးကို၊ အာဟရ၊ ဆောင်ခဲ့လော့။ ဣတိဧဝံ၊ သို့။ အညံ့၊ တပါးသောဆေးကို။ ပရိဝတ္တာပေတွာ၊ ၍။ အညံ့စေတာပေယျာတိ၊ ဟူသည်။ ဧဝံ၊ ရှိသော်။ ရုဒံ၊ ဤရွေးဦးစွာ လဲသောဆေးကို။ ဒတွာ၊ ၍။ အညံ့ပိ၊ တပါးသော ဆေးကိုလည်း။ အာဟရိသတိ၊ ဆောင်ပြန်လတံ့။ ဣတိ၊ သို့။ မညမာနာစ၊ မှတ်ထင်သည်ဖြစ်၍။ မေ၊ အား။ ရုမိနာ၊ ဤဆေးဖြင့်။ နအတ္ထော၊ မရှိ။ ရုဒံ

နာဓိ၊ ဤမည်သောဆေးကို။ မေ၊ အား။ ဟာရ၊ ဆောင်ဆွေသော။ ဇာတိ၊ သို့၊ တဓော၊ ထိုပဌမဦးစွာလဲသောဓေ့မှ။ အညံ၊ ဆေးကို။ စောဘာပေယျ၊ အံ့။

အညံ့စေတာပေတွာ အညံစောကာပေယျ တို့အတွက် အာပတ်သင့်ရောက်ပုံကိုရေးခဲ့ပါ။

စေတာပန ပယောဂအတွက် ဒုက္ကဋ်။ မူလဝတ္ထုဖြင့် ၎င်း,အလွတ်သက်သက်ဖြင့် ဝယ်ယူသော်၎င်း အလဲနိုင်းသည့်ဝတ္ထုရလာချင် နိဿဂ္ဂိပါစိတ်သင့်တော့၏။

တဿ စေတာပနပ္ပယောဂေ ဒုက္ကဋံ၊ ပဋိလာဘေန ဘေန ဝါ အညေနဝါ မူလေန အာဘဋံ နိဿဂ္ဂိယံ ဟောတိ။

တဿဘိက္ခုနိယာ၊ အား။ စေတာပနပ္ပယောဂေ၊ ၌၊ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ပဋိလာဘေန၊ ဖြင့်။ တေနဝါ မူလေန၊ ထို အဘိုးဖြင့်၎င်း။ အညေနဝါမူလေန၊ ဖြင့်၎င်း။ အာဘဋံ၊ ဆောင်သော ဆေးသည်။ နိဿဂ္ဂိယံ၊ သည်။ ဟောတိ၊ ၏။

ဒိမံသိကစေတာပန ဒိက္ခဓမ္မ

အညဒတ္ထိကနှင့် အညုဒ္ဒိသိကတို့၏ သဘောသွားကို ရေးခဲ့ပါ။

အခြားပစ္စည်း အကျိုးငှာ လှူအပ်သော ဝတ္ထုပစ္စည်းသည် အညဒတ္ထိက။ အခြားပစ္စည်းကို ညွှန်ပြ၍ လှူအပ်သောဝတ္ထုပစ္စည်းသည် အညုဒ္ဒိသိက, ဖြစ်ပါသည်။

အညဒတ္ထိကေ နာတိ အညဿ ဒတ္ထာယ ဒိန္နေန၊
အညုဒ္ဒိသိကေနာတိ အညံ ဥဒ္ဒိသိတွာ ဒိန္နေန။

အညဒတ္ထိကေနာတိ၊ ဟူသည်။ အညဿ၊ တပါးသောပရိက္ခရာ၏။ အတ္ထာယ၊ ငှာ။ ဒိန္နေန၊ သော။ အညုဒ္ဒိသိကေနာတိ၊ ဟူသည်။ အညံ၊ တပါးသောပရိက္ခရာကို။ ဥဒ္ဒိသိတွာ၊ ၍။ ဒိန္နေန၊ သော။

---

အညဒတ္ထိကေန ပရိက္ခာရေန အညံ စေတာပေယျ အဓိပ္ပါယ်နှင့်တကွ သင့်ရောက်လိုက်သော အာပတ်တို့ကို ဖြေဆိုခဲ့ပါ။

အလှူဒါယကာ တဦးက သင်္ကန်းစသော ပစ္စည်း အတွက် လဲလှယ်ရန် တစုံတခုသော ကပ္ပိယ ပရိက္ခရာကို လှူထားသဖြင့် ဒါယကာ၏ စေတနာရင်းအတိုင်း မလဲဘဲ ဘိနပ်စသည်ဖြင့် လဲလှယ်မှုကို အညဒတ္ထိကေန ပရိက္ခာရေန အညံ စေတာပေယျဟု ဆိုပါသည်။ စေတာပန ပယောဂအတွက် ဒုက္ကဋ်၊ လဲလှယ်၍ ရလျှင် နိဿဂ္ဂိယ ပါစိတ်သင့်၏။

ပရိက္ခာရေနာတိ ကပ္ပိယဘဏ္ဍေန၊ အညံ စေတာပေယျာတိ ဣဒံနာမ ပရိဘုဉ္ဇေယျာထာတိ ယံ ဥဒ္ဒိသိတွာ နိယမေတွာ ယော ပရိက္ခာရော ဒိန္နော တတော အညံ ပရိဝတ္တာပေယျ တဿာ ပယောဂေ ဒုက္ကဋံ၊ ပဋိလာဘေ နိဿဂ္ဂိယံ။

ပရိက္ခာရေနာတိ၊ ဟူသည်။ ကပ္ပိယဘဏ္ဍေန၊ ဖြင့်။ အညံစေတာပေယျာတိ၊ ဟူသည်။ ဣဒံနာမပရိက္ခာရံ၊ ကို။ ပရိဘုဉ္ဇေယျာထ၊ သုံး

ဆောင်ကုန်လော့။ ဉာတိဝေ၊ သို့။ ယံပရိက္ခာရံ၊ ကို။ ဥဒ္ဒိဿကတွာ၊ ၍။ နိယမေတွာ၊ ၍။ ယောပရိက္ခာရော၊ ကို။ ပရိဝတ္တာပေယျ၊ အံ့။ တဿာဘိက္ခုနိယာ၊ အား။ ပယောဂေ၊ ၌။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ပဋိလာဘေန၊ ဖြင့်။ နိဿဂ္ဂိယံ၊ သည်။ ဟောတိ၊ ၏။

---

သက်နိုးအတွက် လှူထားသော ပရိက္ခရာ ဖြင့် ဘိနပ်စသော်ပစ္စည်းကို လဲလှယ်ကောင်းသော နည်း ရှိ ပါသေးက ညွှန်းပြခဲ့ပါ။

လဲလှယ်ပြီးသည့်မှ ပိုလျှံနေသော ပရိက္ခရာဖြင့် အခြား ပစ္စည်းကို လဲလှယ်သော်ရင်း,အလှူဒါယကာအား အကျိုး အကြောင်းပြောဆို၍ လဲလှယ်သော်ရင်း,ဘေးရန်ရှိ၍ လဲ လှယ်သော်ရင်း အပြစ်မှလွတ်၍လဲလှယ်ကောင်းပါသည်။

> သေသကံ ဥပနန္ဒိယာ တုမှေပိ တေဒဏ္ဍာယ
> ဒိန္နေသ အမှာကဉ္စ ဏုမိနာနာမ အစ္ဆောတိ သာ
> မိကော အပလောကေတွာ ဥပနေန္ဒိယာ၊ ယဒါ
> ဘိက္ခုနိယော ဝိဟာရမှိ ဆန္ဒေတွာ ပတ္တမန္တိ!
> ဝေရူပါသု အာပဒါသု ဥပနေန္တိနံ ဥမ္မတ္တကာ
> ဒိနည္စ အနာပတ္တိ။

သေသကံ၊ အကြွင်းကို။ အညသို့၊ တပါးသောပရိက္ခရာ၌။ ဥပ. နေန္တိယာစ၊ ဆောင်သောဘိက္ခုနီမအားရင်း။ တုမှေပိ၊ တို့သည်။ တေဒဏ္ဍာယ၊ ထိုပရိက္ခရာအကျိုးငှါ။ ဒိန္နေသ၊ အပ်၏။ အမှာကဉ္စ၊ အားရင်း။ ဉာမိနာနာမ၊ပရိက္ခရာဖြင့်။ အစ္ဆော၊၏။ဉာတိ၊သို့၊သာမိကေ၊ တို့ကို။ အပလောကေတွာ၊၍။ ဥပနေန္တိယာ၊ ဆောင်သော ဘိက္ခု

နိမအားရင်း။ ယဒါ၊ အကြင်အခါ၌။ ဘိက္ခုနိယော၊ တို့သည်။ ဝိဟာရံ၊ သို့။ ဆဋ္ဌေတွာ၊ ၍။ ပက္ကမန္တိ၊ ဘဲကုန်အံ့။ ဝေရူပသု၊ ကုန်သော။ အာပဒါသု၊ တို့ကြောင့်။ ဥပနေန္တီနဉ္စ၊ အားရင်း။ ဥမ္မတ္တကာဒီနဉ္စ၊ တို့အားရင်း။ အနာပတ္တိ၊ မသင့်။

ပဉ္စမဝဂ်ပြီး၏။

---

## ဂရုပါဝုရဏ လဟုပါဝုရဏ ပုဒ်စသည်

ဂရုပါဝုရဏ လဟုပါဝုရဏတို့၏ အသုံးပြုရမည့် အချိန်ကို ခွဲခြားပြ၍၊ တကံသလျှင် ကျပ် (ကဟာပဏ) မည်မျှရှိကြောင်းကိုလည်း ရေးခဲ့ပါ။

ဂရုပါဝုရဏကို ဆောင်း, မိုး ဟုဆိုအပ်သော သီတကာလများ၌ အသုံးပြုရပါသည်။ လဟု ပါဝုရဏကို နွေဟုဆိုအပ်သော ဥဏှကာလ၌ အသုံးပြုရပါသည်။ တကံသလျှင် လေးကျပ်ရှိပါသည်။

ဂရုပါပုရဏန္တိ သီတကာလေ ပါဝုရဏံ၊ လဟု
ပါဝုရဏန္တိ ဥဏှကာလေ ပါဝုရဏံ၊ စတုက္ကံသ
ပရမန္တိ ကံသော နာမ စတုက္ကဟာပဏိကော
ဟောတိ၊ တသ္မာ သောဠသကဟာပဏဂ္ဃနကံ။

ဂရုပါဝုရဏန္တိ၊ ဟူသည်၊ သီတကာလေ၊ ချမ်းသောအခါ၌။ ပါဝုရဏံ၊ ရုံစရာတည်း။ လဟုပါဝုရဏန္တိ၊ ဟူသည်။ ဥဏှကာလေ၊ ပူသောအခါ၌။ ပါဝုရဏံ၊ တည်း။ စတုက္ကံသပရမန္တိ၊ ဟူသည်။ ကံသော နာမ၊ မည်သည်။ စတုက္ကဟာပဏိကော၊ လေးသပြာရှိသည်။ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ သောဠသ

ဟာဟာဝလာဋ္ဌာနကံ၊ တသံ့ ခြောက်သပြောထိုက်သောအရုံးကို။ စက္ကုံ
သပရမန္တိ၊ဟူ၍။ ဝေဒိတဗ္ဗံ၊၏။

---

ဘိက္ခုနီ နိဿဂ္ဂိယပါစိတ်၌ သာဓာရဏအသာဓာရဏသိက္ခာပုဒ်ပေါင်း မည်မျှရှိသည်ကို ဖော်ပြခဲ့ပါ။

သာဓာရဏမှာ ဒုတိယဝဂ်၌ (၈)ပါး၊တတိယဝဂ်၌ (၁၀) ပါးပေါင်းတဆဲ့ရှစ်ပါးတည်း။ အသာဓာရဏမှာ ပဌမဝဂ်၌ (၁၀) ဒုတိယဝဂ်၌ (၂) ပေါင်း(၁၂)အားလုံး နိဿဂ္ဂိယ (၃၀)တည်း။

နိဿဂ္ဂိယပါစိတ်ပြီး၏။

---

## သုဒ္ဓပါစိတ်

## လသုဏဝဂ်

## လသုဏ သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ လသုဏအရ မည်သည့်တိုင်း၌ ဖြစ်၍ အမြွှာင့်မည်မျှရှိသော ကြက်သွန်ဖြူကို ဆိုလိုပါသနည်း။

လသုဏအရ မဂဓတိုင်း၌ ဖြစ်၍ လေးမြွှာင့်ရှိသော ကြက်သွန်ဖြူအစိမ်းကို ဆိုလိုပါသည်။

လသုဏန္တိမဂဓရဋ္ဌေ ဇာတံ အာမကံ ဘဏ္ဍိက
လသုဏမေဝ၊ နဧကဒွိတိမိဉ္ဇကံ။

လသုဏ ဟူသည်။ မဂဓရဋ္ဌေ၊ မဂဓတိုင်း၌။ ဇာတံ၊ ဖြစ်သော။ အဝ မကံ၊ အစိမ်းဖြစ်သော။ ဘဏ္ဍိကလသုဏမေဝ၊ ပြည့်စုံသောအမြှောင့် ရှိသော ကြက်သွန်ဖြူကို သာလျှင်။ ဝေဒိတဗ္ဗံ၊ ၏။ ဧကဒွိတိမိဉ္ဇကံ၊ တမြှောင့်နှစ်မြှောင့် သုံးမြှောင့်ရှိသော ကြက်သွန်ဖြူကို၊ နဝေဒိတဗ္ဗံ၊ အပ်။

---

● လသုဏ အမျိုး အစားကိုဖော်ပြ၍လေးမြှောင့်ရှိ သော ကြက်သွန်ဖြူ မိမ်းကို ဟင်းချိုတွင် ထည့် သုံးဆောင်ပါက အပြစ်ရှိမရှိကိုလည်း ဝေဘန်ခဲ့ပါ။

တမြှောင့်သာရှိသော ပလဏ္ဍုက ကြက်သွန် ဝါ၊ နှစ်မြှောင့်ရှိသော ဘဉ္ဇနက ကြက်သွန်နီ၊ သုံးမြှောင့်ရှိ သော စာပ ကြက်သွန်မိမ်းအားဖြင့် သုံးမျိုးရှိ၏။

မှတ်ချက်။ ပလဏ္ဍုက ကြက်သွန် များအတွက် စားသော်လည်း အဝပတ်မသင့် အထူးအားဖြင့် လသုဏအရလေးမြှောင့် ရှိသောကြက်သွန်ကို မစားရသည်မှာ အစိမ်းသာ မစား ကောင့်။ အခြောက်ဆိုလျှင် စားကောင်း၏၊ ရဟန်းများ အတွက်ပါ ဝိပ်မသင့်ဟုကြ၌သာ။

---

**သမ္ဗာဓေ ဒသမ သိက္ခာပုဒ်**

● မည်သည့်အရပ်ကို သမ္ဗာဓဟုခေါ်သည်ကိုဖြေဆို ၍မည်သည့်ပစ္စည်းဖြင့် မည်သို့ပြုလုပ်ခြင်းကို သံဟရာပန ခေါ်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

လက်က ဝေးကြားနှင့် ပေါင်ကြား အရပ်များကို သမ္ဗာဓဟု ခေါ်ပါသည်၊ သင်တုန်းဓါး, ကတ်ကြေး,

မွေးညှပ်စသည်တို့ဖြင့် ရိတ်နုတ်သုတ်သင်ခြင်းကို သံဟ ရာပနဟုခေါ်ပါသည်။

**မှတ်ချက်။** သုတ်သင်ရာ၌ ပယောဂ အရေအတွက် အားလျော်စွာ ပါဠိဘ်သင့်၏၊ အမွေးအရေအတွက်နှင့်မသင့်။

သမ္ဗာဓေတိ ပဋိက္ကန္တေ ဩကာသေ ဥပကစ္ဆကေသု စ မုတ္တကရဏေသု စာတိ အဇ္ဈော၊ သံဟာရာ ပေ ယျာတိဧတ္ထ ခုရသဏ္ဍာသ ကတ္တရိအာဒီသု ယေန ကေနစိ သံဟာရာပေန္တိယာ ပယောဂဂဏနာယ ပါစိတ္တိယံ န လောမဂဏနာယ။

သမ္ဗာဓေတိ၊ ဟူသည်။ ပဋိက္ကန္တေ ဩကာသေ၊ ဖုံးကွယ်ရာအရပ်၌။ ဥပ ကစ္ဆကေသု စ၊ လက်ကတီးကြားတို့၌ရင်း။ မုတ္တကရဏေသု စ၊ ကျင်ငယ် ကြောင်းတို့၌ရင်း။ ဇာတိအယံ၊ လျှင်။ အဇ္ဈော၊ တည်း။ သံဟာရာပေ ယျာတိဧတ္ထပဒေ၌။ အဇ္ဈော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ ခုရသဏ္ဍာသ ကတ္တရိအာဒီသု၊ သင်တုန်း,မွေးညှပ်,ကတ်ကျေးစသည်တို့တွင်။ ယေန ကေနစိ၊ တစုံတခုသောဝတ္ထုဖြင့်။ သံဟာရာပေန္တိယာ၊ အား။ ပယောဂ ဂဏနာယ၊ အတိုင်း။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။ လောမ ဂဏနာယ၊ အမွေးအရေအတွက်တိုင်း။ န ဟောတိ၊ အာပတ်မသင့်။

## တလဃာတက သိက္ခာပုဒ် ၃ သည်

အယုတ်ဆုံးအားဖြင့် မည်သို့ မည်ပုံ ရိုက်နှက် ပါလျှင် တလဃာတကခေါ်သည်၊ မည်သို့ သွင်းချင် ဇတုမဋ္ဌက ခေါ်သည့်တို့ကို ဖြေဆို၍ ဒွင်္ဂုလပဗ္ဗပရမံ အရ ယူပုံကိုလည်း ရေးခဲ့ပါ။

ကာမရာဂဖြင့် အစွန်းဖြင့် ကြာဝတ်ဆံကလေးဖြင့်ပင် ရိုက်နှက်စေကာမူ တလဃာတကဟု ခေါ်နိုင်သည်။ ကြာဝတ်ဆံကလေးမျှပင် သွင်းစေကာမူ ဇတုမဋ္ဌက ခေါ်နိုင်သည်။လက်နှစ်ချောင်း သွင်းရာ၌တချောင်းလျှင် တဆစ်ယူ၍ ပဌမ လက်ဆစ်အထိသာ သွင်းနိုင်သည်။ လက်တချောင်း သွင်းက ဒုတိယ လက်ဆစ်တိုင်အောင် သွင်းနိုင်သည် ဟူလို။

တလဃာတကေတိ အန္တိမသော ဥပ္ပလကေသ
ရေနာပိ မုတ္တကရဏဿ တလဃာတနေ မုတ္တ
ကရဏမှိ ပဟာရဒါနေ ပါစိတ္တိယန္တိ အတ္ထော၊
ဇတုမဋ္ဌကေတိ ဇတုနာ ကတေ မဋ္ဌဒဏ္ဍကေ
ဝဋ္ဋုပဝေသနေတံ ဝုတ္တံ၊ ကာမရာဂေနပန ဥပ္ပလ
ကေသရမ္ပိ ပဝေသေန္တိယာ အာပတ္တိ။

တလဃာတကေတိ၊ဟူသည်။ အန္တမသော၊ဖြင့်။ ဥပ္ပလကေသရေနာပိ၊ ကြာဝတ်ဆံဖြင့် သော်လည်း၊ မုတ္တကရဏဿ၊ ကျင်ငယ်ကြောင်း၏။ တလဃာတနေ၊ အပြင်ကိုခတ်ခြင်းကြောင့်။ မုတ္တကရဏမှိ၊ ကျင်ငယ်ကြောင်း၌။ ပဟာရဒါနေ၊ ပုတ်ခတ်ခြင်းကို ပေးခြင်းကြောင့်။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။ ဇတုမဋ္ဌကေတိ၊ ဟူသည်၊ ဇတုနာ၊ ဖြင့်။ ကတေ၊ သော။ မဋ္ဌဒဏ္ဍကေ၊ ပြေပြစ်သောအတံကို ကျင်ငယ်ကြောင်းသို့ သွင်းခြင်းကြောင့်။ တံ၊ ထိုစကားကို။ ဝဋ္ဋုပဝေသန၊ ဖြင့်။ ဝုတ္တံ၊ ၏။ ကာမရာဂေနပန၊ ဖြင့်ကား။ ဥပ္ပလကေသရံပိ၊ သော်လည်း။ ပဝေသေန္တိယာ၊ အား။ အာပတ္တိ၊ သင့်၏။

## ဥပတိဋ္ဌန သင်္ဂြိုဟ်ချက်

ဤသိက္ခာပုဒ်၌ ဘုဉ္ဇန္တဿအရ စားသောက်အပ်သော ဝတ္ထုများကို ထုတ်ပြ၍ ပါနီယအရ သောက်သင့်သော ရေနှင့် မည်မျှလောက် နီးကပ်စွာ နေခြင်းကို ဥပတိဋ္ဌန ဆိုသည်ကိုလည်း ရေးခဲ့ပါ။

စားသောက်အပ်သော ဝတ္ထုများကား- ဘောဇဉ် ငါးပါးဖြစ်ပါသည်၊ ပါနီယအရကား- ရေသက်သက်နှင့် ရက်တက်ရည်,နွားနို့ရည်စသော အရည် သောက်ဘွယ်များကိုယူ၊ ဥပတိဋ္ဌန ဆိုသည်မှာ ရဟန်း၏ဟတ္ထပါသ်အတွင်း၌ တည်နေခြင်းကို ဆိုလိုပါသည်။

> ဘုဉ္ဇန္တဿာတိ ပဉ္စန္နံ ဘောဇနာနံ အညတရံ ဘုဉ္ဇတော ပါနီယေနာတိ သုဒ္ဓေန ဝါ ဥဒကေန ဝါ တက္ကာဒိသု ဝါ အညတရေန၊ ဥပတိဋ္ဌေယျာတိ ယာ ဖေတေသု ဗ္ဗိသု အညတရံ ဂဟေတွာ ဟတ္ထပါသေ တိဋ္ဌတိ။

ဘုဉ္ဇန္တဿတိ၊ ဟူသည်။ ပဉ္စန္နံ ဘောဇနာနံ၊ ငါးပါးသော ဘောဇဉ်တို့တွင်။ အညတရံ၊ ကို။ ဘုဉ္ဇတော၊ သော။ ပါနီယေနာတိ၊ ဟူသည်။ သုဒ္ဓေန၊ သော။ ဥဒကေန ဝါ၊ ဖြင့်ရင်း။ တက္ကာဒိသု၊ ရက်တက် စသည်တို့တွင်၊ အညတရေန ဝါ၊ ဖြင့်ရင်း။ ဥပတိဋ္ဌေယျာတိ၊ ဟူသည်။ ယာဘက်ကွန်၊ သည်။ တေသုဗ္ဗိသု၊ တို့တွင်။ အညတရံ၊ ကို။ ဂဟေတွာ၊ ၍။ ဟတ္ထပါသေ၊ ၌။ တိဋ္ဌတိ၊ ရပ်အံ့၊

● ဥပတိဋ္ဌေယျ အရ ဟတ္ထပါသ် အပြင်မှ နေ၍ ခဲဘွယ်ဘောဇဉ်ကို စားသောရဟန်းအား ယပ်ခတ်ခြင်း စသည်ကို ပြုခဲ့သော် အပြစ်ရှိပါသေးသလော။

ဒုက္ကဋ် အာပတ်သာသင့်ပါသည်။

မှတ်ချက်။ ဤရေကို သောက်၍ ယပ်ဖြင့်ခပ်ပေး စသည်ဖြင့် အနုပသမ္ပန္န ပုဂ္ဂိုလ်ကို ရဟန်း၏အနီးအပါး ဟတ္ထပါသ်၌အနေ ခိုင်းခြင်းတို့အတွက် အာပတ်မသင့်။

ဟတ္ထပါသံ ဝိဇဟိတွာ ခါဒနီယံ ခါဒန္တဿ ဥပတိဋ္ဌန္တိယာ ဒုက္ကဋံ။

ဟတ္ထပါသံ၊ ကို။ ဝိဇဟိတွာ၊ ၍။ ခါဒနီယံ၊ ကို။ ခါဒန္တဿ၊ ၏။ ဥပတိဋ္ဌန္တိယာ၊ ရဟန်းမအား။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

---

## အာမကဓည သိက္ခာပုဒ်

● အာမကဓည ကို ဉာတိပဝါရိတ ထံ တောင်း ကောင်းပါသလော ဘဇ္ဇနစသော အမှုတို့ကိုပြု၍ စား သောက်သော ဘိက္ခုနီမအား သင့်ရောက်သော အာ ပတ်တို့ကိုလည်း ရေးခဲ့ပါ။

အာမကဓညကို ဉာတိပဝါရိတထံကို မဆိုထားနှင့် ဒိဘထံသော်မှ တောင်းခွင့်မရပါ။ ပယောဂ အားလုံးတို့ အတွက် ဒုက္ကဋ် မျိုချတိုင်း ပါစိတ်သင့်၏။

မှတ်ချက်။ အာမကဓညကို မိမိကိုယ်တိုင် တောင်း၍ ဘဇ္ဇနစသော အမှုတို့ကိုသူတပါးအားအပြုခိုင်း၍ စားခြင်း, သူတပါးအား

အဓောင်းနိုင်းပြီး ဘဇ္ဇနစသည်ကို မိမိ ကိုယ်တိုင်ပြုမှု စားမှုတို့အတွက်အာပတ်မှာ ထူးခြားချက်မရှိ။

ဝိညတ္တာတိ အန္တမသော မာတရမ္ပိ ယာစိတွာ တာဝ သပ္ပယောဂေသု ဒုက္ကဋာနိ အဇ္ဈော ဟာရေ အဇ္ဈောဟာရေ ပါစိတ္တိယံ။

ဝိညတ္တာတိ၊ ဟူသည်။ အန္တမသော၊ အားဖြင့်။ မာတရမ္ပိ၊ အမိကို သော်လည်း။ ယာစိတွာ၊ ၍။ တာဝ၊ လောက်။ သပ္ပယောဂေသု၊ တို့၌။ ဒုက္ကဋာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ အဇ္ဈောဟာရေအဇ္ဈော ဟာရေ၊ တိုင်း။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

## ပဉ္စမဥဒ္ဒါရဆဒ္ဒန သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ ဝိဿာသအရကို ဘော်ပြ၍ ဤသိက္ခာပုဒ်ဆိုင်ရာကို ဘိက္ခု လွန်ကျူးလျှင် မည်သည့် အာပတ်သင့်သည်ကိုလည်း ရေးခဲ့ပါ။

ဝိဿာသ အရ-ပါးလုပ် ဆေးရေ ဒန်ပူ, စားရိုး စားဖတ်စားအပ်ပြီးသည်မှအကြွင်းအကျန်များကို ဆိုလို ပါသည်၊ ဘိက္ခုတို့ လွန်ကျူးလျှင် ဒုက္ကဋ်အာပတ် သင့် ပါသည်။

ဝိဿာသန္တိ ယံကိဉ္စိ ပရိဘုဉ္ဇာဝသေသံ ဥဒ္ဒိဿ ဓောဝ ဒကမ္ပိ ဒန္တကဋ္ဌမ္ပိ အင္ဂုလကစလကောသုပန ဝဏ္ဏမ္ပိ မေဝ နတ္ထိ။ ဘိက္ခုဿ ဒုက္ကဋံ။

ဝိဃာသန္တိ၊ ဟူသည်။ ယံကိဉ္စိ၊ အလုံးစုံသော။ ပရိဘုတ္တာ၀ သေသံ၊ ကို။ ဥစ္ဆိဋ္ဌောဒကမ္ပိ၊ ပါးလုပ်ဆေးရေသည်ရင်း။ ဒန္တကဋ္ဌမ္ပိ၊ စားဖတ်ဒန်ပူသည် ၄င်း။ ဝိဃာသံနာမ၊ မည်၏။ အင္ဂါကစလကောသု၊ သားရိုး စားဖတ်ကိုဥ္စကား။ ၀တ္တဗ္ဗမေ၀၊ ဆိုဘွယ်သည်လျှင်။ နတ္ထိ၊ မရှိ။

---

## ဒုတိယဥစ္စာရဆန္ဒ သိက္ခာပုဒ်

ဟာရိတဌာနကို ဘော်ပြခဲ့ပါ။

မြက်ပင်တို့ဖြင့် ဖိမ်းဖိုသော အရပ်မျိုးကို မဆိုလို တမင်လာ စိုက်ပျိုးထားသော လယ်ခင်း, ယာခင်း, အုန်းတော, ထန်းတော, ငှက်ပျောတော စသည်တို့ပင် ဖြစ်ပါသည်။ အခြား ဟာရိတ အရနှင့် ထူးခြားသည်ကို သတိပြုပါ။

ဟာရိတေတိ ခေတ္တေ၀ါ နာဠိကေရာဒိအာရာမေ၀ါ
ယတ္ထကတ္ထစိ ရောပိတဟာရိတဌာနေ။

ဟာရိတေတိ၊ ဟူသည်။ ခေတ္တေ၀ါ၊ ၌ရင်း။ ဟောတု၊ စေ။ နာဠိကေရာဒိအာရာမေ၀ါ၊ အုန်းတောစသော ဥယျာဉ်ရင်း။ ဟောတု၊ စေ။ ယတ္ထကတ္ထစိ၊ သော။ ရောပိတဟာရိတဌာနေ၊ စိုက်ပျိုးရာဖြစ်သော စိမ်းသောကောက်ပဲရှိသော အရပ်၌။

---

## နစ္စဂီတ သိက္ခာပုဒ်

အဘယ်သို့ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း တို့ကို နစ္စ,ဂီတ, ဝါဒိတ ခေါ်သည်ဟု ပေါဠိမပရိဒ္ဒေသအားဖြင့် ပြဆိုခဲ့ပါ။

ဟေဋ္ဌိမ ပဒဒွယအားဖြင့် ဥဒေါင်းကခြင်း မောရနစ္စ, သီချင်းသံ ပေါက်နေသော တရားဟောခြင်း မေဃဘာဏကဂီတ, ရေစည်တီးခြင်းဘေရိဝါဒိတကို ဆိုပါသည်။

နစ္စန္တိ အန္တမသော မောရနစ္စမ္ပိ၊ ဂီတန္တိ အန္တမသော မေဃဘာဏကဂီတမ္ပိ၊ ဝါဒိတန္တိ အန္တမသော ဥဒကဘေရိဝါဒိတမ္ပိ။

နစ္စန္တိ၊ ဟူသည်။ အန္တမသော၊ အားဖြင့်။ မောရနစ္စမ္ပိ၊ ဥဒေါင်းကခြင်းကိုလည်း။ ဂီတန္တိ၊ ဟူသည်။ အန္တမသော၊ ဖြင့်။ မေဃဘာဏကဂီတမ္ပိ၊ သီချင်းသံပေါက်နေသောတရားကိုသော်လည်း။ ဝါဒိတန္တိ၊ ဟူသည်။ အန္တမသော၊ အားဖြင့်။ ဥဒကဘေရိဝါဒိတမ္ပိ၊ ရေကိုလက်ဖြင့် ခတ်၍တီးခြင်းကိုလည်း။

---

ဒဿနာယ ဂစ္ဆေယျ ပါစိတ္တိယံ၌ ထိုက်သည့် အားလျော်စွာ အာပတ်သင့်ပုံကိုဖေါ်ပြ၍ ပွဲလမ်းသဘင် ကြည့်ရှုသော ဘိက္ခုအတွက် မည်သည့် အာပတ်သင့် သည်ကိုလည်း ရေးခဲ့ပါ။

ကြည့်ရှုရန် သွားသော ခြေလှမ်းတိုင်း ဒုက္ကဋ်၊ မြင်လောက် ကြားလောက်မှ ကြည့်ရှု နားထောင်ပါက လုံ့လပယောဂအားလျော်စွာ ပါစိတ် အာပတ်သင့်၏၊ ဘိက္ခုအတွက် ဒုက္ကဋ်တည်း။

ဒဿနာယ ဂစ္ဆန္တိယာ ပဒေပဒေ ဒုက္ကဋံ၊ ယတ္ထ ဌတွာ ပဿတိ ဝါ သုဏာတိ ဝါ ဧကပယောဂေ ဧကာပတ္တိ၊ တံ တံ ဒိသံ ဩလောကေန္တိယာ ပယောဂေ ပယောဂေ အာပတ္တိ၊ ဘိက္ခုနော သဗ္ဗတ္ထ ဒုက္ကဋံ။

ဒဿနာယ၊ ငှာ။ ဂစ္ဆန္တိယာ၊ အား။ ပဒေပဒေ၊ တိုင်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ယတ္ထဌာနေ၊ ၌။ ဌတွာ၊ ၍။ ပဿတိ ဝါ၊ ကြည့်မူလည်း ကြည့်အံ့။ သုဏာတိ ဝါ၊ နာမူလည်းနာအံ့။ ဧကပ္ပယောဂေ၊ ၌။ ဧကာပတ္တိ၊ သည်။ ဟောတိ၊ ၏။ တံတံဒိသံ၊ ကို။ ဩလောကေန္တိယာ၊ ကြည့်သောဘိက္ခုနီမအား။ ပယောဂေပယောဂေ၊ တိုင်း။ အာပတ္တိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ဘိက္ခုနော၊ အား။ သဗ္ဗတ္ထ၊ ၌။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

---

ဘုရားပွဲ ဘုန်းကြီးပြန်ပွဲ များ၌ ပွဲလမ်းသဘင် ဖြင့် ပူဇော်ပါရစေဟု လျှောက်ထားပါက လက်ခံကောင်း မခံကောင်းကို ဆုံးဖြတ်၍ ပွဲကြည့်သော်လည်း အာပတ် မသင့်သော နည်းလမ်းများကိုလည်း ညွှန်းခဲ့ပါ။

ကောင်းပြီပူဇော်ကြဟု မပြောဆိုဘဲ ပူဇော်မှု မည် သည့် ကောင်းသော အမှုပင်တည်းဟု ပြောဆိုပါက လက်ခံကောင်း၍ အပြစ်မရှိပါ၊ ကျောင်းတိုက်တွင်းမှ ၎င်း, မိမိရှေ့မှောက်သို့ ကြိုသဖြင့်၎င်း, ဘေးရန်ကြောင့် ၎င်း, ရင်ဆိုင်၍ ကြည့်မိက အာပတ်မသင့်ပါ။

တုမှာကံ စေတိယဿ ဥပဋ္ဌာနံ ကရောမာတိ
ပုဗ္ဗေပန ဥပဋ္ဌာနကရဏံနာမ သုန္ဒရန္တိ ဤဒိသံ
ပရိယာယံ ဘဏန္တိယာ၊ အာရာမေ ဌတွာ
ပဿန္တိယာဝ သုဏန္တိယာဝ တထာ အတ္တနော
ဌိတောကာသံ အာဂန္တွာ ပယောဇိတံ ပဋိပထံ
ဂစ္ဆန္တိယာ သမ္မုခီဘူတံ သလာကဘတ္တာဒိကေ
သတိ ကရဏီယေ ဂန္တွာ အာပဒါသုဝါ သမ္မဋ္ဌ
ဋ္ဌာနံ ပဝိသိတွာ ပဿန္တိယာဝ သုဏန္တိယာဝါ
ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။

တုမှာကံ၊ တို့၏။ စေတိယဿ။ အား။ ဥပဋ္ဌာနံ၊ ခစားခြင်းကို။ ကရောမာတိ၊ ဟု။ ပုဗ္ဗေ၊ သော်၊ ဥပဋ္ဌာနကရဏံနာမ၊ မည်သည်။ သုန္ဒရန္တိ၊ ဟူ၍။ ဤဒိသေန၊သော။ ပရိယာယေန၊ ဖြင့်။ ဘဏန္တိယာစ၊ အားလည်း။ သုဏန္တိယာဝါ၊ အားလည်း။ တထာ၊ပါး။ အတ္တနော၊၏။ ဌိတောကာသံ၊ သို့။ အာဂန္တွာ၊ ၍။ ပယောဇိတံ၊ ယှဉ်အပ်သော ကခြင်းသီခြင်း တီးမှုတ်ခြင်းကို။ ပဋိပထံ၊ ခရီးရင်ဆိုင်။ ဂစ္ဆန္တိယာ၊ သည်။ သမ္မုခီဘူတံ၊ ရှေးရှုတည်ခြင်းကို။ ပဿတိ၊ အံ့၊ တဿာဝါ၊ အားလည်း၊ သလာကဘတ္တာဒိကေ၊ စာရေးတံဆွမ်းခံခြင်းစသော။ ကရဏီယေ၊ သည်၊ သတိ၊ သော်။ သမ္မဋ္ဌဋ္ဌာနံ၊ သဘင်အရပ်သို့။ ဂန္တွာ၊ ၍။ ပဿန္တိယာဝါ၊ အားလည်း။ အာပဒါသု၊ တို့ကြောင့်။ သမ္မဋ္ဌဋ္ဌာနံ၊ သို့။ ပဝိသိတွာ၊ ၍။ ပဿန္တိယာဝါ၊ အားလည်း၊ ဥမ္မတ္တကာဒီနဉ္စ၊ တို့အားလည်း။ အနာပတ္တိ၊ မသင့်။

လသုဏဝဂ်ပြီး၏။

## ရတနဝဂ်
## ရတနကာရ သိက္ခာပုဒ်

● အပ္ပဒိပေ ဟုဆိုခြင်းကြောင့် လ, ရောင် ခတ်မီးရောင်များ၌ သန္တိဋ္ဌာန, သလ္လပနအမှုကို ပြုလုပ်ပါက အပြစ်ရှိပါမည်လော၊ ပုရိသေနအရကိုလည်း ရေးခဲ့ပါ။

အပ္ပဒိပေအရ လ, ရောင် ခတ်မီးရောင် စသည့် အလင်းရောင်ဟူသမျှကို ယူသောကြောင့် အပြစ်ရှိပါသည်။ ပုရိသေနအရကား-သန္တိဋ္ဌာန,သလ္လပနအမှုမျိုးကိုနားလည်သော မနုဿဝိဂ္ဂဟကို ယူရပါမည်။

အပ္ပဒိပေတိ ပဇ္ဇောတာ စန္ဒသူရိယ အဂ္ဂိသု ကေနာပိ အနောဘာသိတေ၊ ပုရိသေနာတိ သန္တိဋ္ဌိတုံ သလ္လပိတုဉ္စ ဝိညုနာ မနုဿပုရိသေန သဒ္ဓိံ။

အပ္ပဒီပေတိ၊ ဟူသည်။ ပဇ္ဇောတစန္ဒသူရိယအဂ္ဂိသု၊ ဆီမီးရောင် လ, ရောင် နေရောင် မီးရောင်တို့တွင်။ ကေနာပိ၊ တပါးပါးဖြင့်လည်း။ အနောဘာသိတေ၊ အလင်းရောင်မရှိသော။ ပုရိသေနာတိ၊ ဟူသည်။ သန္တိဋ္ဌိတုံစ၊ ရပ်ခြင်းငှါလည်း။ သလ္လပိတုံစ၊ ပြောဟောခြင်းငှါလည်း။ ဝိညုနာ၊ သော။ မနုဿပုရိသေန၊ နှင့်။ သဒ္ဓိံ၊ တက္ကွ။

---

● သန္တိဋ္ဌေယျ, သလ္လပေယျ, အရ မည်မျှနီးကပ်စွာ နေ၍ ပြောဆိုမှုကို ဆိုပါသနည်း။ဘိလူးစသည်တို့၏ ဟတ္ထပါသ်ဝယ် သန္တိဋ္ဌ, သလ္လပအမှုပြုသော ဘိက္ခုနီမအားလည်း မည်သည့်အာပတ်သင့်ပါသနည်း၊ ဟတ္ထ

ပါသ် အတွင်း၌ တည်နေပြောဆိုခြင်းမျိုးကို ဆိုလိုပါသည်။ ဘီလူးစသည်တို့၏ ဟတ္ထပါသ်တွင်းဝယ် သန္တိဋ္ဌ, သလ္လပအမှုကိုပြုက ဒုက္ကဋ်အာပတ်သင့်၏။

သန္တိဋ္ဌေယျာတိ ဟတ္ထပါသေ ဌိတမတ္တာယ ပါစိတ္တိယံ၊ သလ္လပေယျာတိ တတ္ထ ဌတွာ ဂေဟသိတကထံ ကထေန္တိယာပိ ပါစိတ္တိယမေဝ၊ ပုရိသဿ ဟတ္ထပါသံ ဝိဇဟိတွာ ယက္ခာဒိနံ ဟတ္ထပါသံ အဝိဇဟိတွာပိ သန္တိဋ္ဌိယာ သလ္လပေန္တိယာဝါ ဒုက္ကဋံ။

သန္တိဋ္ဌေယျာတိ၊ ဟူသည်။ ပုရိသဿ၊ ၏။ ဟတ္ထပါသေ၊ ၌။ ဌိတမတ္တာယ၊ ရပ်ကာမျှ၌။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။ သလ္လပေယျာတိ၊ ဟူသည်။ တတ္ထ၊ ထိုဟတ္ထပါသ်၌။ ဌတွာ၊ ၍။ ဂေဟသိတကထံ၊ အဆွေခင်ပွန်းဖွဲ့သောအားဖြင့် ပြောဆိုသော စကားကို။ ကထေန္တိယာပိ၊ အားလည်း။ ပါစိတ္တိယမေဝ၊ လျှင်။ ဟောတိ၊ ၏။ ပုရိသဿ၊ ၏။ ဟတ္ထပါသံ၊ ကို။ ဝိဇဟိတွာ၊ ၍။ သန္တိဋ္ဌိယာဝါ၊ အားရင်း။ သလ္လပေန္တိယာဝါ၊ ရင်း။ ယက္ခာဒိနံ၊ တို့၏။ ဟတ္ထပါသံ၊ ကို။ အဝိဇဟိတွာပိ၊ သော်လည်း။ သန္တိဋ္ဌိယာဝါ၊ ရင်း။ သလ္လပေန္တိယာဝါ၊ ရင်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

---

## ဒုတိယာ ဥယျောဇန သိက္ခာပုဒ်

ဥယျောဇေယျ အရ မည်သို့သော ရည်ညွှန်းချက်မျိုးရှိမှ အာပတ်သင့်သည်၊ ယင်း ဥယျောဇေယျ အမှုအတွက် အာပတ်သင့်ပုံကိုလည်း စေ့စုံစွာ ဖော်ပြခဲ့ပါ။

အနာစာရအမှုကို ပြုလိုသောရည်ရွယ်ချက်ဖြင့် ပြန်လွှတ်ပါက အာပတ်သင့်ပါသည်။ ဥယျောဇေယျ အရေ ဖြန့်သွင်းရာ၌ ဖြန့်သွင်းခြင်းကြောင့်ချင်း ဟတ္ထပါသ်သို့ လွန်သွားကာမျှ၌ ဒုက္ကဋ်။ လွန်ပြီးသော် ပါစိတ်အာပတ်သင့်၏။

အမှာ။ဒုတိယ,တတိယသိက္ခာပုဒ်များ၌ ပါသော ပရိက္ခန္ဓနှင့်အရွှေ ကာသတို့မှာ နံရံ သစ်ပင် စသည့် တစုံတခု အကွယ်ရှိသော အရပ်ဖြင့်က ပရိက္ခန္ဓဟုမှတ်။ အမိုးအကာ တစုံတရာမရှိသော လွင်တီးခေါင်ကို အဇ္ဈောကာသမှတ်။

ဥယျောဇေယျာတိ အနာစာရံ စရိတုကာမတာ ယ ဂန္တွာ ဒုတိယိကံ ဥယျောဇေယျ၊ ဥယျော ဇေန္တိယာ ပန ဥယျောဇနေန ဟတ္ထပါသ ဝိဇ ဟနေန ဒုက္ကဋံ ဝိဇဟိတေ ပါစိတ္တိယံ။

ဥယျောဇေယျာတိ၊ ဟူသည်။အနာစာရံ၊ ကျင့်အပ်သောအကျင့်ကို။ စရိတုကာမတာယ၊ ကြောင့်။ တံ၊ သည်။ ဂန္တွာ၊ လေ၍။ ဒုတိယိကံ၊ အဖော်ဖြစ်သောဘိက္ခုနီမကို။ ဥယျောဇေယျ၊ ၏။ ဥယျောဇေန္တိယာ ပန၊ ကား။ ဥယျောဇနေန၊ ၌လည်း။ ဥယျောဇာတာ ယ၊ လွှတ်လိုက်အပ်သောဘိက္ခုနီမ၏။ ဟတ္ထပါသဝိဇဟနေန၊ မျှ၌ရင်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဝိဇဟိတေ၊ သော်။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

### အနာပုစ္ဆာ ပက္ကမနံ သိက္ခာပုဒ်

ပုရေဘတ္တ အရနှင့် အာသနအရတို့ကို ပေါ်ဖြစ်သာမိကေ အနာပုစ္ဆာ၌ ပန်ကြားထိုက်သောသူနှင့် ထိုက်

သည့်အားလျော်စွာ အာပတ်သင့်ပုံကိုလည်း ရေးခဲ့ပါ။

အရှုတ်ဘက်သည်၌ မွန်းဘည့်အထိသည် ပုရောဘတ္တ မည်၏။ အာသနအရကား-ဘင်ပည့်ခွေ၍ နေလောက် သော ထိုင်ခုံအခင်းများကိုယူ။ လိပ္ပာရေးခြားရှိသော နား လည်သူဘယောက်ကို ပန်ကြားထိုက်ပါသည်၊ အာပတ် သင့်မှုအတွက် အိမ်တွင်းနှာ ဖြစ်မူ တံစက်မြိတ် ခြေ တလှမ်းလွန်လျှင် ဒုက္ကဋ်။ ဒုတိယ ခြေလှမ်းလွန်လျှင် ပါစိတ်သင့်၏၊ ငွင်ဘီးခေါင်ဖြစ်မူ ဘသဲ့နှုပ်တောင်အရပ် ကို ပဌမခြေတလှမ်းလွန်လျှင် ပါစိတ်အာပတ်သင့်၏။

ပုရေဘတ္တန္တိ အရုဏုဂ္ဂမနံ ဥပါဒါယ ယာဝ မဇ္ဈန္တိကံ၊ အာသနေတိ ပလ္လင်္ကဿောကာသဘူ တေ၊ သာမိကေအနာပုစ္ဆာတိ ကာယ္ပိကုလေ ယံကိဉ္စိ ဝိညုံ မနုဿံ အနာပုစ္ဆာ၊ အဇ္ဈောကာ သေ ဥပစာရံ အတိက္ကာမေန္တိယာ ပဌမပါဒေ ဒုက္ကဋံ ဒုတိယေပါစိတ္တိယံ။

ပုရေဘတ္တ ိ၊ ဟူသည်၊ အရုဏုဂ္ဂမနံ၊ ကို၊ ဥပါဒါယ၊ ၍။ ယာဝ မဇ္ဈ ်ကံ၊ တိုင်အောင်ကာလကို၊ ဝုစ္စတိ၊ ဆို။ အာသနေတိ၊ ကား။ ပလ္လင်္ကဿ၊ ၏၊ ဩကာသဘူတေ၊ နေထိုင်လောက်သော နေရာ၌။ သာမိကေအနာပုစ္ဆာတိ။ ဟူသည်။ တသ္မိံကုလေ၊ ထိုအိမ်၌။ ယံကိဉ္စိ၊ အမှတ်မရှိသော။ဝိညုံ၊ သော။ မနုဿံ၊ ကို။အနာပုစ္ဆာ၊ ၍။ အဇ္ဈော ကာသေ၊ ၌၊ နိသီဒိတွာ၊ ၍။ ဥပစာရံ၊ ကို။ အတိက္ကာမေန္တိယာ၊ အား။ ပဌမပါဒေ၊ ၌၊ ဒုက္ကဋံ၊ သည်၊ ဟောတိ၊ ၏၊ ဒုတိယေ၊ ၌။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

## အနာပုစ္ဆာ အဘိနိသီဒန သိက္ခာပုဒ်

ပစ္ဆာ ဘတ္တ အရကို ပေါ်ပြ၍ ပယောဂအလိုက် အာပတ်သင့်ပုံကိုလည်း ရေးခဲ့ပါ။

မွန်းလွဲသည်မှစ၍ နေဝင်သည်တိုင်အောင် အချိန် အခါကို ပစ္ဆာဘတ္တ ဟု ခေါ်၏။ ပယောဂအလိုက် အာပတ်သင့်ပုံကား-ထိုင်ရုံသာ ထိုင်မှုအာပတ်တချက်။ အိပ်ရုံအိပ်မှု အာပတ်တချက်။ ထိုင် အိပ် နှစ်မျိုးလုံး ဖြစ်မှုအာပတ်နှစ်ချက်သင့်၏။

ပစ္ဆာ ဘတ္တန္တိ မဇ္ဈန္တိကေ ဝိတိဝတ္တေ ယာဝ
သူရိယဿ အတ္ထင်္ဂမနာ၊ အဘိနိသီဒေယျ ဝါတိ
အာဒိမှိ နိသီဒိတွာ ဂစ္ဆန္တိယာ ဧကာ အာပတ္တိ။
အနိသီဒိတွာ နိပဇ္ဇိတွာဝ ဂစ္ဆန္တိယာပိ ဧကာ
နိသီဒိတွာ နိပဇ္ဇန္တိယာ ဒွေ။

ပစ္ဆာဘတ္တန္တိ၊ ဟူသည်။ မဇ္ဈန္တိကေ၊ ကို။ ဝိတိဝတ္တေ၊ သော်။ သူရိယဿ၊ ၏၊ ယာဝအတ္ထင်္ဂမနံ၊ ကို။ ဝုစ္စတိ၊ ၏။ အဘိနိသီဒေယျ ဝါတိ အာဒိမှိ၊ စသည်၌။ နိသီဒိတွာ၊ နေ၍။ ဂစ္ဆန္တိယာ၊ အား။ ဧကာ၊ သော။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ အနိသီဒိတွာ၊ ၍။ နိပဇ္ဇိတွာ၊ လျောင်း။ ဂစ္ဆန္တိယာ၊ အား။ ဧကာ၊ သော။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ နိသီဒိတွာ၊ ၍၊ နိပဇ္ဇန္တိယာ၊ အား၊ ဒွေ၊ ကုန်သော။ အာပတ္တိယော၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

## အနာပုစ္ဆာ သန္ထရဏ သိက္ခာပုဒ်

ဝိကာလအရကိုဖော်ပြ၍ သေယျာအရကိုလည်း ရေးခဲ့ပါ။

နေဝင်သည်မှ အရုဏ်တက်သည်အထိ ဝိကာလဟုခေါ်သည်။ သေယျအရကား- ဒသုယုတ်အားဖြင့် မြတ်အခင်းမှစ၍ အိမ်ရာအခင်းများကို ယူရပါမည်။

သတူး။ ဘိက္ခုပါတိမောက်လာ ပုရေဘတ္တ, ပစ္ဆာဘတ္တ,ဝိကာလနှင့် ဤဘိက္ခုနီလာ ပုရေဘတ္တ,ပစ္ဆာဘတ္တ,ဝိကာလတို့မှာ မတူကြသည်ကိုသတိပြု၊

ဝိကာလေတိ အဏ္ဏဂ်တေ သူရိယေ၊ သေယျန္တိ
အတ္တမဒသော ပဏ္ဏာသန္တာရမ္ပိ။

ဝိကာလေတိ၊ ဟူသည်။ သူရိယေ၊ သည်။ အတ္တဂ်တေ၊အခါ၌။ သေယျ ေ္တြ၌။ အန္တမသော၊ ဖြင့်။ ပဏ္ဏာသန္တာရမ္ပိ၊ သစ်ရွက်အခင်းသည်လည်း။ သေယျံနာမမည်၏။

---

ပရိဥဇ္ဈာပနက သိက္ခာပုဒ်

ဒုဂ္ဂဟိတာ နူပဓာရိတတို့၏ အဓိပ္ပါယ်ကိုဘော်ပြ၍ ပရံ အရကိုလည်း ကောက်ပြခဲ့ပါ။

ပြောသူကချိုးမွမ်းစကားပြောပါလျက် မိမိကအကြားလွဲခြင်း အမှတ်လွဲခြင်းကို ဒုဂ္ဂဟိတာ နူပဓာရိတဟုခေါ်ပါသည်၊ ပရံအရကား-အခြားတပါးသော ရဟန်းမကိုယူရပါမည်။

ဒုဂ္ဂဟိတေန ဒုပ္ပဓာရိ တေနာဘ ယံ ဂုတ္တံ
တဒေတာ အညထာဂဟိတေနစဉ်ပဓာရိတေနစ၊
ပရတ္ထံ အဘံ ကိရဒေယျအဃျံ။

ဒုဂ္ဂဟိတေနဒုပ္ပဓာရိတေနာဘကိဿေ၊ ၌။ ယံဝစနံ၊ ကို၊ ဂုတ္တံ၊ ၏။ တဒေတာ၊ ထိုစကားမှ။အညထာ၊ တပါးသောအခြင်းအရာဖြင့်။

ဂဟိတေနစ၊ အယူချွတ်သဖြင့်ငင်း။ ဥပါဒါရိတေနစ၊ အမှတ်မှား သဖြင့်ငင်း။ ပရံ၊ ဟူသည်။ အယျေ၊ အရှင်မတို့။ အဟံ၊ သည်။ အယျံ၊ အရှင်ကောင်းမကို။

---

## ပရံအဘိသပန သိက္ခာပုဒ်

နိရယဖြင့် မိမိကိုယ်ကို ကျိန်ဆဲပုံ, သူတပါး ကျိန်ဆဲပုံ, ဗြဟ္မစရိယအားဖြင့် မိမိနှင့် သူတပါးတို့အား ကျိန်ဆဲပုံကို ပြဆိုခဲ့ပါ။

မိမိကိုယ်ကို ငရဲဖြင့်ကျိန်လျှင်- ငရဲကျရပါစေရဲ့ဟယ်, သူတပါးအား ကျိန်လျှင်- ငရဲကျပါစေဟယ်ဟု ကျိန်ဆဲသည်။ မိမိကိုယ်ကို ဗြဟ္မစရိယဖြင့် ကျိန်လျှင်-လူဖြစ်ရပါစေရဲ့ဟယ်, သူတပါးအား ကျိန်လျှင်- လူဖြစ်ပါစေဟယ်ဟု ကျိန်ဆဲပါသည်။

> တတ္ထ နိရယေ ဥပပဇ္ဇာမိ နိရယေ ဥပပဇ္ဇတူတိ ဧဝမာဒီနိ ဝဒမာနာ နိရယေန အဘိသပတိ နာမ အက္ကောသတီတိ အက္ကော၊ ဂိဟိနီ ဟောမိ ဂိဟိနီ ဟောတူတိ ဧဝမာဒီနိ ဝဒမာနာ ဗြဟ္မစရိယေန။

တတ္ထ၊ ထိုသို့ကျိန်ဆဲရာ၌။ နိရယေ၊ ၌၊ ဥပပဇ္ဇာမိ၊ ဖြစ်ရပါစေရဲ့။ နိရယေ၊ ၌။ ဥပပဇ္ဇတု၊ ဖြစ်ပါစေ။ ဣတိဧဝ မာဒီနိ၊ တို့ကို။ ဝဒမာနာ၊ သည်။ နိရယေန၊ ဖြင့်၊ အဘိသပတိနာမ၊ မည်၏။ အက္ကော သတိ၊ ၏။ ဣတိအယံ၊ လျှင်။ အက္ကော၊ တည်း။ ဂိဟိနီ၊ လူမိန်းမ သည်။ ဟောမိ၊ ဖြစ်ရပါစေရဲ့။ ဂိဟိနီ၊ သည်။ ဟောတု၊ ဖြစ်ရပါ

စေ။ ဗှုကိဒေ၀မာဒိနိ၊ တို့ကို။ ၀ဒမာနာ၊ သည်။ ဗြဟ္မစရိယေန၊ မြတ်သောအကျင့်ဖြင့်။ အဘိသပတိနာမ၊ မည်၏။

## ရောဒန သိက္ခာပုဒ်

ထုရုံသားထု၍ မငိုသော ရဟန်းမိန်းမ, ငိုရုံသာ ငို၍ မထုသောရဟန်းမိန်းမ, ထုလည်းမထု ငိုလည်း မငို သော ရဟန်းမိန်းမတို့အား မည်သည့်အာပတ်များ သင့် ကြပါသနည်း။

ထုရုံသာထု၍ မငိုသော ရဟန်းမိန်းမ, ငိုရုံသာငို၍ မထုသော ရဟန်းမိန်းမတို့အား ဒုက္ကဋ်အာပတ်သင့်၏။ ထုလည်းထု ငိုလည်းငိုသော ရဟန်းမိန်းမအား ပါစိတ် အာပတ်သင့်၏။

> ၀ဓိတွာတိ ဟဏ္ဍာဒိဟိ ပဟရိတွာ ဥဘယံ ကရောန္တိယာ၀ ပါစိတ္တိယံ။

၀ဓိတွာ၊ ဟူသည်။ ဟဏ္ဍာဒိဟိ၊ တို့ဖြင့်။ ပဟရိတွာ၊ ၍။ ဥဘယံ၊ ထုလည်းထု ငိုလည်းငိုခြင်း တည်းဟူသော နှစ်ပါးစုံကို။ ကရောန္တိယာ၀၊ ပြုသော်သာလျှင်။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

အကြောင်းမဲ့ သက်သက် ရင်ကိုထု၍ ငိုသော ရဟန်းမိန်းမ, ဆွေမျိုးသားချင်း သေဆုံး၍ ရင်ထုငိုကြွေး သော ရဟန်း မိန်းမတို့အား အာပတ် သင့်ပါသေး သလော။

အကြောင်းမဲ့သက်သက် ရင်ရှုံ့ကြွေးလျှင် ဒုက္ကဋ်အာပတ် သင့်ပါသည်။ ဆွေမျိုး သားချင်း သေဆုံး၍ ငိုကြွေးခြင်းကား-အာပတ် မသင့်ပါ။

ကေဝလံ ဝေဇ္ဇိယာဝါ, ရောဒန္တိယာဝါ, ဒုက္ကဋမေဝ၊ ဉာတိရောဂ ဘောဂဗျသနေဟိ ဖုဋ္ဌာယ ကေဝလံ ရောဒန္တိယာဝေ နှ ဝဇေန္တိယာ ဥမ္မတ္တိကာဒီနဉ္စ အနာပတ္တိ။

ကေဝလံ၊ သက်သက်။ ဝေဇ္ဇိယာဝါ၊ အားရင်း။ ရောဒန္တိယာဝါ၊ အားရင်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဉာတိရောဂ ဘောဂဗျသနေဟိ၊ ဆွေမျိုးတို့၏ ပျက်စီးခြင်း, အနာတည်းဟူသော ပျက်စီးခြင်း, ဥစ္စာ၏ ပျက်စီးခြင်းတို့ဖြင့်။ ဖုဋ္ဌာယ၊ တွေ့သဖြင့်။ ကေဝလံ၊ သက်သက်။ ရောဒန္တိယာဝေ၊ ငိုရှိုက်၍။ နဝဇေန္တိယာစ၊ မဟုသော ဘိက္ခုနီမအားရင်း။ ဥမ္မတ္တိကာဒီနဉ္စ၊ တို့အားရင်း။ အနာပတ္တိ၊ မသင့်။

ရတ္တန္ဓကာရဝဂ် ပြီး၏။

---

## နဂ္ဂဝဂ်
## နဂ္ဂ သိက္ခာပုဒ်

မည်ကဲ့သို့သော ဘိက္ခုနီမျိုးကို နဂ္ဂါဟု ခေါ်ပါသနည်း။ ရေချိုးခြင်းကြောင့် သင့်ရောက်ထိုက်သော အာပတ်တို့ကို ပြခဲ့ပါ။

ခါးပတ်ဖြစ်စေ, အပေါ်ရုံဖြစ်စေ, တခုခုမျှမပါသူကို နဂ္ဂါဟု ခေါ်ပါသည်။ ရေချိုးရန် လုံ့လပြုတိုင်း ဒုက္ကဋ်၊ ရေချိုးပြီးစီးပါက ပါစိတ်တည်း။

နဂ္ဂါတိ အနိဝဏ္ဏာဝါ, အပါရုတာဝါ, ဝေဒြိ
န္ဟာယန္တိယာ သဗ္ဗပ္ပဒေယာဂေသု ဒုက္ကဋံ။ န္ဟာန
ပရိယောသာနေ ပါစိတ္တိယံ။

နဂ္ဂါတိစသောပဒေ၊ ၌။ အနိဝတ္ထာဝါ၊ ခါးဝတ်မရှိသော ဘိက္ခုနီမ
ကိုရင်း။ အပါရုတာဝါ၊ အပေါ်ရုံမရှိသောဘိက္ခုနီမကိုရင်း၊ နဂ္ဂါတိ၊
ဟူ၍။ ဝုတ္တတိ၊ ၏။ ဟိ၊ သင့်စွာ။ ဧဝံ၊ ဤသို့ အဝတ်အရုံမရှိဘဲ၊ နှာ
ယန္တိယာ၊ ရေချိုးသော ဘိက္ခုနီမအား။ သဗ္ဗပ္ပယောဂေသု၊ တို့၌။
ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ နှာနပရိယောသာနေ၊ ရေချိုးပြီးအဆုံး၌။
ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

● ဤ သိက္ခာပုဒ် အရ အာပတ်မှ လွတ်နိုင်ခွင့်
ရှိသော ပုဂ္ဂိုလ်တို့ကို ညွှန်းပြခဲ့ပါ။

ခိုးသူလုယက်သဖြင့် သင်္ကန်းမရှိသော်၎င်း၊ ရေသနုပ်
က အဘိုးတန်သဖြင့် သူခိုးရန် ကြောက်ရ သော်၎င်း
အဝတ်မရှိသော်လည်း အပြစ်မှ လွတ်ကြပါသည်။

ဥဒကသာဋိကစီဝရေ အစ္ဆိန္နေဝါ နဋ္ဌေဝါ မဟဂ္ဃံ
ဒုဒံ စောရာပိ ဟရေယျုန္တိ ဝေရူပါသု အာပ
ဒါသုဝါ န္ဟာယန္တိယာ ဥမ္မတ္တိကာဒိနဉ္စ အနာပတ္တိ။

ဥဒကသာဋိကစီဝရေ၊ ရေသနုပ်သင်္ကန်းကို။ အစ္ဆိန္နေဝါ၊ ခိုးသူ
လုယက်ခဲ့သော်၎င်း။ နဋ္ဌေဝါ၊ ပျောက်ခဲ့သော်၎င်း။ မဟဂ္ဃံ၊ အဘိုး
ထိုက်သော။ ဒုဒ်စီဝရံ၊ ဤရေသနုပ်သင်္ကန်းကို။ ဒိသွာ၊ ၍။ စောရာပိ၊
တို့သည်လည်း။ ဟရေယျုံ၊ ဆောင်ကုန်ငြားအံ့လည်းမသိ။ ဣတိဧဝံ
ရူပါသု၊ သော။ အာပဒါသု၊ တို့ကြောင့်။ နဂ္ဂါ၊ ၍။ နှာယန္တိယာစ၊
အားရင်း။ ဥမ္မတ္တကာနဉ္စ၊ တို့အားရင်း။ အနာပတ္တိ၊ မသင့်။

## စီဝရသိဗ္ဗန သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ အန္တရာယိကနိအရ အန္တရာယ်ကို ဖော်ပြ၍ ဤသိက္ခာပုဒ်အရ အာပတ်သင့်ရာအခါကိုလည်း ဝေဘန်ခဲ့ပါ။

ဥပုသ်အန္တရာယ် ဆယ်ပါးတည်း။ ငါးရက်လွန်လျှင် မချုပ်ခဲ့တော့ပြီဟု ဆုံးဖြတ်ချက် ချလိုက်လျှင် အာပတ် သင့်ပါတော့သည်။

အန္တရာယိကနိ ဒသသု အန္တရာယေသု ကေက
သ္မိံ အသတိ အညတြ စတူဟပဉ္စာဟာတိ
ဝိသိဗ္ဗိတ ဒိဝသတော ပဉ္စမဒိဝသေ အတိက္ကာ
မေတွာ နေဝသိဗ္ဗိဿာမိ နသိဗ္ဗာပနာယ ဥဿုက္ကံ
ကရိဿာမိတိ ဓုရံ နိက္ခိတ္တမတ္တေ ပါစိတ္တိယံ။

အန္တရာယိကနိဘိ၊ ဟူသည်။ ဒသသု အန္တရာယေသု၊ တို့တွင်။ ကေကသ္မိံ၊ လည်း။ အသတိ၊ လျက်။ အညတြစတူဟပဉ္စာဟာတိ၊ ဟူသည်။ ဝိသိဗ္ဗိတဒိဝသတော၊ ဖြေသောနေ့မှ။ ပဉ္စာယ၊၍။ ပဉ္စမဒိဝသေ၊ ငါးရက်တို့ကို။ အတိက္ကာမိတွာ၊ ၍။ နေဝသိဗ္ဗိဿာမိ၊ ငါ မချုပ်ပြီ၊ သိဗ္ဗာပနာယ၊ ငှါ။ ဥဿုက္ကံ၊ ကြောင့်ကြကို။ နကရိဿာမိ၊ မပြုပြီ၊ ဣတိ။ သို့။ ဓုရံ-ဓုရေ၊ ဝန်ကို။ နိက္ခိတ္တမတ္တေ၊ ၌။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

## သင်္ဃာဋိစာရ သိက္ခာပုဒ်

ပဉ္စာဟိကံ သင်္ဃာဋိစာရံ၌ သင်္ဃာဋိ အရကို ဖော်ပြ၍သံဃာဋိစာရ အဓိပ္ပါယ်နှင့် သိက္ခာပုဒ် အရ အာပတ် သင့်ပုံကိုလည်း ရေးခဲ့ပါ။

သိမ်းဆည်းထားသည့်အရ တိစီဝရိက် သုံးထည်, ရေသနုပ်, ရင်လွှမ်းတဘက် ပေါင်း ငါးထည်ဖြစ်ပါသည်။ ဤသင်္ကန်းငါးထည်ကိုလဲ လှယ်ဝတ်ခြင်းကိုသိမ်းဆည်းစာရဟုခေါ်ပါသည်။ဆဋ္ဌမနေ့အရုဏ်တက်သင်္ကန်းတထည်လျှင်အာပတ်တချက်စီ သင့်၏။ ငါးထည်အတွက် အာပတ်ငါးချက်။

အတိက္ကာမေယျ ပါစိတ္တိယန္တိ ဆဋ္ဌေ အရုဏုဂ္ဂမနေ ဧကဿ စီဝရေ ဝုတ္တနယေန အပရိဝတ္တိတေ ဧကာ အာပတ္တိ၊ ပဉ္စသု ပဉ္စ။

အတိက္ကာမေယျ ပါစိတ္တိယ ၊ ဟူသည်။ ဆဋ္ဌေအရုဏုဂ္ဂမနေ၊ ခြောက်ခုမြောက် အရုဏ်တက်သောနေ့၌။ ဧကဿ စီဝရေ၊ ၌။ ဝုတ္တနယေန၊ ဖြင့်။ အပရိဝတ္တေ၊ သော်။ ဧကာ၊ သော။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ ပဉ္စသု စီဝရေသု၊ တို့ကို။ အပရိဝတ္တန္တေသု၊ သော်။ ပဉ္စ။ ကုန်သော။ အာပတ္တိယော၊ တို့သည်။ ဟော ိ ၊ ကုန်၏။

---

## စီဝရသက်မနိယ သိက္ခာပုဒ်

စီဝရသက်မနိယ ၏ အဓိပ္ပါယ် ကို ဖေါ်ပြ၍ ယင်း စီဝရသက်မနိယကိုလည်း ဝတ်နိုင်သောအခါရှိက ဖေါ်ပြခဲ့ပါ။

စီဝရသက်မနိယဟူသည်သင်္ကန်းရှင်ထံမပန်ကြားဘဲယူဝတ်ပြီးနောက် ပြန်ပေးရမည့်သင်္ကန်း ငါးထည်တွင် တထည်ထည်ကို စီဝရသက်မနိယဟုခေါ်ပါသည်။ ခိုးသူ

သုယက်, ပျောက်ပျက်သောအခါ သက်နိုးကအဘိုးတန်၍ သူခိုးကြောက်ရသည့်အခါမျိုးတို့၌ ဝတ်နိုင်ပါသည်။

စီဝရ သက် မနိယန္တိ သက်မေတဗ္ဗစီဝရံ
အညိဿာ သန္တကံ အနာပုစ္ဆာ ဂဟိတံ ပုန
ပဋိဒါတဗ္ဗံ၊ ပဋ္ဌန္နံ အညတရံ စီဝရန္တိ အဓေဇ္ဇာ၊
အစ္ဆိန္နနဋ္ဌစီဝရိကာဝါ ဟုတွာ ရှုဒံ မေ စီဝရံ
မဟာဂ္ဃံ ဤဒိသေ စောရဘယေ နသက္ကာ ဓာရေ
တုန္တိ။

စီဝရသက်မနိယန္တိ၊ ယူသည်။ သက်မေတဗ္ဗ စီဝရံ၊ လဲ၍ပြန်ပေးအပ်သောသက်နိုးကို။ အညိဿာ၊ တပါးသောဘိက္ခုနီမ၏။ သန္တကံ၊ ဥစ္စာဖြစ်သောသက်နိုးကို။ အနာပုစ္ဆာ၊ ဘဲ။ ဂဟိတံ၊ သော။ ပုန၊ ဘန်။ ပဋိဒါတဗ္ဗံ၊ လဲ၍ပြန်ပေးအပ်သော။ ပဋ္ဌန္နံစီဝရာနံ၊ တို့တွင်။ အညတရစီဝရံ၊ တည်း။ ဓာတိအဃံ၊ လျှင်။ အဓေဇ္ဇာ၊ တည်း။ အစ္ဆိန္နနဋ္ဌစီဝရိကာဝါ၊ ခိုးသူလုယက်ခြင်း သက်နိုးပျောက်ခြင်းစသော သက်နိုးရှိသည်မှုသည်း။ ဟုတွာ။ ၍။ ဓါရေတိ၊ ၏။ ဣဒံစီဝရံ၊ သည်။ မဟာဂ္ဃံ၊ အဘိုးထိုက်၏။ ဤဒိသေ၊ သော။ စောရဘယေ၊ ကြောင့်။ ဓာရေတုံ၊ ငှာ။ နသက္ကာ၊ ကောင်း။ ဣတိဝေရှုပါသု၊ ကုန်သော။ အာပဒါသုစ၊ တို့ကြောင့်ရင်း။ (အနာပတ္တိ၊ မသင့်။)

---

## ဂဏာစီဝရ သိက္ခာပုဒ်

ဂဏာအရ-စီဝရအရကိုကို ပေါ်ပြ၍ အနက်ရာယ်ကာရေယျ၌ အနက်ရာယ်ပြုပုံ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

ဂဏာဒ်ဓရ-ဘိက္ခုနီသံဃာကို ယူရပါမည်။ စီဝရအရကား- ဝိကပ္ပနာလောက်သော ခေါမ စသည့် သက်နိုး

ခြောက်ထည်တွင် တထည်ထည်တည်း။ ဘိက္ခုနီသံဃာအား မည်သည့်ဒါယကာက သင်္ကန်း လှူလိမ့်မည်ဟု ကြားလျှင် မလှူဖြစ်အောင် အားထုတ်ခြင်းကို အန္တရာယ်ပြုသည် ဟုဆိုပါသည်။

ဂဏသာတိ ဘိက္ခုနီသံဃဿ၊ စီဝရလာဘန္တို
ဝိကပ္ပနူပဂမ္ပိ ပစ္ဆိမံ လဘိတဗ္ဗံစီဝရံ၊အန္တရာယံ
ကရေယျာတိ ယထာတေ ဒါတုကာမာ န
ဒေန္တိ၊ ဧဝံ ပရက္ကမေယျ။

ဂဏဿာတိ၊ ဟူသည်။ ဘိက္ခုနီသံဃဿ၊ ၏။ စီဝရလာဘန္တိ၊ ဟူသည်။ ဝိကပ္ပနူပဂမ္ပိ ဝိကပ္ပနူပဂဿာပိ၊ သော။ လဘိတဗ္ဗစီဝရံ-လဘိတဗ္ဗစီဝရဿ၊ ၏။ အန္တရာယံကရေယျာတိ၊ ဟူသည်။ ယထာ၊ အကြင်အခြင်းဖြင့်။ ဒါတုကာမာ၊ ကုန်သော။ တေ၊ ထိုဒါယကာတို့သည်။ နဒေန္တိ၊ ကုန်။ ဧဝံတထာ၊ ဖြင့်။ ပရက္ကမေယျ၊ အံ့။

---

## ပဋိမာဟာန သိက္ခာပုဒ်စသည်

စီဝရ ဝိဘင်း၏ အဓိပ္ပါယ်ကိုရေးပြီးလျှင်သမဏ စီဝရံ၌ သမဏစီဝရ အရကိုလည်း ရေးခဲ့ပါ၏။

ဘိက္ခုနီ သံဃာများ ညီညွတ်စွာ စည်းဝေး ပြုအပ်သောသင်္ကန်းဝေဘန်မှုကို ဓမ္မိကစီဝရ ဝိဘင်ဟု ခေါ်ပါသည်။ သမဏစီဝရံအရကား-ဝတ်ရုံလောက်၍ ကပ္ပဗိန္ဒုထိုးပြီးသောသင်္ကန်းဖြစ်ပါသည်။

ဓမ္မိကံ စီဝရ ဝိဘင်္ဂန္တိ သမဂ္ဂေန သံဃေန သန္နိပတိတွာ ကရိယမာနံ စီဝရဝိဘင်္ဂံ၊ သမဏ
စီဝရန္တိ ကပ္ပကတံ နိဝါသနပါရုပနူပဂံ။

ဓမ္မိကံ စီဝရဝိဘင်္ဂန္တိ၊ ဟူသည်။ သမဂ္ဂေန၊ ဖြစ်သော။ သံဃေန၊ သည်။ သန္နိပတိတွာ၊ ၍။ ကရိယမာနံ၊ ပြုအပ်သော။ စီဝရဝိဘင်္ဂံ၊ သင်္ကန်းခွဲဝေခြင်းကို။ သမဂ္ဂါစီဝရန္တိ၊ ဟူသည်။ ကပ္ပကတံ၊ ကပ္ပဗိန္ဒု ထိုးပြီးသော။ နိဝါသနပါရုပနုပဂံ၊ ဝတ်ရုံလောက်သောသင်္ကန်းကို။

---

## ကာလအတိက္ကမန သိက္ခာပုဒ်

ဒုဗ္ဗလစီဝရ ပစ္စာသာ ဟူသည် အဘယ်နည်း။ ဤသိက္ခာပုဒ် အရ အာပတ် သင့်ရာ ခေတ်ကိုလည်း ပိုင်းခြားပြခဲ့ပါ။

တပည့်တော် တတ်နိုင်လျှင် သင်္ကန်း လှူပါမည်ဟု မသေမချာ စကားမျိုးကို အားထားပြုကာ ဖြစ်ပေါ်လာ သည့် မျှော်လင့်ချက်မျိုးကို ဒုဗ္ဗလစီဝရ ပစ္စာသာဟု ခေါ်ပါသည်။ ကထိန်မခင်းလျှင် တန်ဆောင်မုန်းလပြည့် နေ့ ကထိန်ခင်းလျှင် ကထိန်နုတ်ရာ နေ့ကို လွန်က အာပတ်သင့်၏။

ဒုဗ္ဗလစီဝရ ပစ္စာသာတိ ဒုဗ္ဗလာယ စီဝရပစ္စာ သာယ သစေ သင်္ဃော ဒဿာမာတိ ဧတ္တက မတ္တံ သုတွာ ဥပ္ပါဒိတာယ အာသာယာတိ အတ္ထော၊ တဿာ အနတ္ထတေ ကထိနေ ဝဿာ နဿ ပစ္ဆိမမာသံ အတ္ထတေ ကထိနေ ကထိ နုဒ္ဓါရ ဒိဝသံ အတိက္ကာမေန္တဿ ပါစိတ္တိယံ။

ဒုဗ္ဗလစီဝရ ပစ္စာသာယာတိ၊ ဟူသည်။ ဒုဗ္ဗလာယ၊ အားနည်းသော။ စီဝရပစ္စာသာယ၊ သင်္ကန်းရနိုးခြင်းဖြင့်။ သစေပန သင်္ဃော၊ အံ့။ ဒဿာမ၊ အံ့။ ဣတိ ဧတ္တကမတ္တံ၊ ကို။ သုတွာ၊ ၍။ ဥပ္ပါဒိတာယ၊

သော။ အာသာယ၊ ဖြင့်။ ဇာတိအယံ၊ လျှင်။ အဇ္ဈော၊ တည်း။ တဿာ ဘိက္ခုနိယာ၊ အား။ အနုတ္တတော၊ သော်။ ဝဿာနဿ၊ ၏။ ပစ္ဆိမ မာသံ၊ ကို။ ကထိနေ၊ ကို။ အတ္တဘော၊ သော်။ ကထိနုဗ္ဘာရဒိဝသံ၊ ကို။ အတိက္ကာမေန္တိယာ၊ အား။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

## ကထိနုဒ္ဓါရ သိက္ခာပုဒ်

ဓမ္မိကံ ကထိနုဒ္ဓါရံ၌ မည်ကဲ့သို့ ကထိန် နုတ် ခြင်းကို ဓမ္မိက ကထိနုဒ္ဓါရ ခေါ်သည်ကို ဖြေဆိုခဲ့ပါ။

ကထိန်နုတ်ခြင်းကြောင့် ရရှိမည့်လာဘ်က ကထိန် ခင်းခြင်းကြောင့် ရရှိမည့် လာဘ်ထက် ပိုလွန်ခြင်း, သို့မဟုတ် ညီမျှခြင်း, သမဂ္ဂ သံဃာက ဉတ္တိဒုတိယ ကမ္မဝါစာဖြင့်နုတ်ခြင်း,ဤအင်္ဂါနှစ်ပါးနှင့် ညီညွတ်သော ကထိန်နုတ်ခြင်းကို ဓမ္မိက ကထိနုဒ္ဓါရ ဟုခေါ်ပါသည်။

ဓမ္မိကံ ကထိနုဒ္ဓါရန္တိ သစေ သံ ဘိက္ခုနီနံ
ကာလစီဝရံ ဒါတုကာမေန ဥပါသကေန ယတ္တ
ကော အက္ခာရမ္မုလကော အာနိသံသော၊ တတော
အတိရေကံ ဝါ သမကံ ဝါ ဒတွာ ယာစိတော နံ သမဂ္ဂေန
ဘိက္ခုနိသံဃေန ယံ ကထိနံ ဉတ္တိဒုတိယကမ္မေန
အနုဗ္ဘရာ ဥဒ္ဓရိယတိ တာသ သော ဥဒ္ဓါရော ဓမ္မိ
ကောတိ ဝုစ္စတိ၊ ဧဝရူပံ ကထိနုဒ္ဓါရန္တိ အတ္ထော။

ဓမ္မိကံကထိနုဒ္ဓါရ၊ ။ သည်။ သစေ၊ ဘိက္ခုနီနံ၊ တို့အား၊ အကာလစီဝရံ၊ ဒါတုကာမေန၊ သော။ ဥပါ

သဒ္ဒကန၊ ဒါယကာသည်။ ယတ္တကော၊ သော။ အတ္တာရမူလိကော၊ ကထိန်ခင်းခြင်းလျှင် အရင်းရှိသော၊ အာနိသံသော၊ သည်။ အတ္တိ၊ ၏။ တတော၊ ထက်။ အမိကေဝါ၊ လွန်သောသက်နီးတိုက်ပုဂ္ဂိုလ်ရင်း။ သမက်ံဝါ၊ ရင်း၊ ဒဗ္ဗာ၊ ၍။ သာစိတေန၊ သော။ သမဂ္ဂေန၊ သော၊ ဘိက္ခုနီသံဃေန၊ သည်။ ယံကထိနံ၊ ကို။ ဥတ္တိဒုတိယကမ္မေန၊ ဖြင့်။ ဥဒ္ဓရိယတိ၊ နုတ်အပ်၏။ တဿကထိနဿ၊ ၏။ သောဥဒ္ဓရော၊ ကို။ မမ္ဗိကောတိ၊ ဟူ၍၊ ဝုစ္စတိ၊ ၏။ ဝေရူပံ၊ သော။ ကထိနုဒ္ဓါရံ၊ ကို၊ ဇာတိအယံ၊ လျှင်။ အတ္တော၊ တည်း။

နဂ္ဂဝဂ်ပြီး၏။

---

**တုဝဋ္ဋဝဂ်**

**ကောဇဝတုဝဋ္ဋန သိက္ခာပုဒ်**

ဤသိက္ခာပုဒ်အရ နှစ်ယောက် ပြိုင်တူမအိပ်ဘဲ (က) တယောက်အိပ်ပြီးမှ တယောက်အိပ် သော်ရင်း၊ (ခ) တယောက်က အိပ်၍ တယောက် ထိုင်နေသော်ရင်း အာပတ်သင့်ပါမည်လော။

(က) အာပတ်သင့်ပါသည်။ (ခ) အာပတ်မှလွတ်ပါသည်။

သစေပန ဧကောယ နိပ္ပန္နာယ ဧကာ နိသီဒတိ ဥဘောဝါ နိသီဒန္တိ တာသံ ဥမ္မတ္တိကာဒိနဉ္စ အနာပတ္တိ။

သစေပန၊ အကယ်၍ကား။ ဧကာယ၊ တယောက်သောဘိက္ခုနီမသည်။ နိပ္ပန္နာယ၊ အိပ်သည်ရှိသော်။ ဧကာ၊ သည်။ နိသီဒတု၊

ထိုင်၍နေအံ့။ ဥဘောပိဝါ၊ နှစ်ယောက်လုံးကိုသည်မူလည်း။ နိသီဒန္တိ၊ နေကုန်အံ့။ တသံဃ၊ တို့အားရှင်း ဥမ္မတ္တကာဒီနဉ္စ၊ တို့အားရှင်း။ အနာပတ္တိ၊ မသင့်။

---

## ကေဋ္ဌရကာဗန္ဓန သိက္ခာပုဒ်

ကေဋ္ဌရကာ ပါဒရကာ၏ အဓိပ္ပါယ်ကို ဖော်ပြ၍ ကော်ဇော, သင်ဖြူးစသည့်အပေါ်၌ နှစ်ယောက် ဒဲတူတူ အိပ်ရာ ထိုနှစ်ဦးကြားမှ သက်နိုး,တောင်ဝှေး စသည်ကို ထားပြီးအိပ်က အပြစ်ရှိမရှိကိုလည်းရေးခဲ့ပါ။

ကော်ဇောကိုဖြစ်စေ,စောင်စသည်ကိုဖြစ်စေ တပိုင်းကိုခင်းပြီးတပိုင်းကိုခြုံအိပ်ခြင်းကို ကေဋ္ဌရကာပါဒရကာ ဟုခေါ်ပါသည်။ နှစ်ဦး ကြား၌တစုံတခုသားပြီးအိပ်လျှင် အပြစ်မရှိပါ။

> သံဟာရိမာနံ ပါဝါရတ္ထရကာ ကဋသာရကာဒီနံ
> ကေနံ့ အတ္ထရိတွာ ကေနံ ပါရုပိတွာ တုဝဋ္ဋေန္တိ
> နမေတံ အဝိဝစနံ၊ဝဝတ္တာနံ ဒသေဟတွာ နိပဇ္ဇန္တိ
> ယာ ဥမ္မတ္တကာဒီနဉ္စ အနာပတ္တိ။

တော်၊ ထိုကေဋ္ဌရကာပါဒရကာအမည်သည်။ သံဟာရိမာနံ၊ ခေါက်ကောင်းကုန်သော။ ပါဝါရအတ္ထရကာကဋသာရကာဒီနံ၊ ဘုန်းပုတီး အခင်းသင်ဖြူးစသည်တို့၏။ ကေနံအန္တံ၊ တစွန်းကို။ အတ္ထရိတွာ၊ ၍။ ကေနံအန္တံ၊ တစွန်းကို။ ပါရုပိတွာ၊ ၍။ တုဝဋ္ဋေန္တိနံ၊ တို့၏။ အဓိဝစနံ၊တည်း။

## အဖါသုကရဏ သိက္ခာပုဒ်

◉ အဘယ်သို့ပြုခြင်းကို အဖါသုကရဏဟုခေါ်၍ ယင်းအတွက် အာပတ်သင့်ပုံကိုလည်း စုံလင်စွာဖော်ပြခဲ့ပါ။

ဘိက္ခုနီက်သားစိတ်မချမ်းသာအောင် အန္တရာယ်ရောက်လျက် စင်္ကြံလျှောက်ခြင်း, ရပ်ခြင်း,ထိုင်ခြင်း, စာတက်,စာချ, စာအံခြင်းစသည်ဖြင့် မလေးမစားပြုခြင်းကို အဖါသုကရဏဟုခေါ်ပါသည်။ ယင်းအမှုတို့အတွက်စင်္ကြံလျှောက်ရာ၌ အခေါက် အရေအတွက်နှင့် အမျှအာပတ်သင့်၏။ ရပ်ထိုင်စသည်၌ လုံ့လပယောဂ အရေအတွက်နှင့် အမျှအာပတ်သင့်၏။ စာချ စာအံရာ၌ ပဒ အရေအတွက်နှင့် အမျှအာပတ်သင့်ပါသည်။

> အဖါသုန္တိ ဇုမိနာ ဇုမိဿာ အဖါသုကံ ဘာဝိဿ
> တံတိဒ္ဓံနာပုဏ္ဏာ ပုရတော စက်မနုဋ္ဌာနမှိသဏ္ဌာ
> ဒယောဝါ ဥဒ္ဒိသ ဥဒ္ဒိသာပန ပရိပုဏ္ဏံ သဏ္ဌာ
> ယံဝါ ကရောန္တိယာ စက်မနေ နိဝတ္တနံ ဂဏနာယ
> ဋ္ဌာနာဒိသု ပယောဂဂဏနာယ ဥဒ္ဒေသာဒိသု
> ပဒဂဏနာယ ပါစိတ္တိယံ။

အဖါသု န္တိ၊ ဟူသည်။ ဇုမိနာ၊ ဤသို့သော အမူအရာအားဖြင့်။ ဇုမိဿာဘိက္ခုနိယာ၊ အား။ အဖါသုကံ၊ မချမ်းသာသည်။ ဘာဝိဿကိ၊ လတ္တံ။ ဇုတိဇုမိနာသာမိပ္ပါယေန၊ ဖြင့်၊ ဒနာပုဏ္ဏာ၊ မှ၍ ပုရတော၊ မှ၊ စင်္ကမနဋ္ဌာနနိသဇ္ဇာဒယော ဝါ၊ ထိုင်ခြင်းစသည်တို့ကိုရင်း။ ဥဒ္ဒိ

သန္နဋ္ဌိတာပနသဇ္ဈာယော၊ ပါဠိ သင်းခြင်း, ပါဠိ သင်စေခြင်း, သရဇ္ဈာယ်ခြင်းတို့ကိုရင်း။ ကရောန္တိယာ၊ အားရင်း။ စက်မနေ၊ ၌။ နိဝတ္တနဂဏနာယ၊အတိုင်း။ ဌာနာဒီသု၊ရပ်ခြင်းစသည်တို့၌။ ပယောဂ ဂဏနာယ၊တိုင်း။ ဥဒ္ဒေသာဒီသု၊ ပါဠိသင်ခြင်းစသည်တို့၌။ ပဒဂဏ နာယ၊ အတိုင်း။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

## ဝုဋ္ဌာပန သိက္ခာပုဒ်

မည်ကဲ့သို့သောသူကို ဒုက္ခိတ, သဟဇီဝိနီဟု ဆိုသည်ကိုဖြေပြီးလျှင်၊ ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံ ကိုလည်းရေးခဲ့ပါ။

မကျန်းမာသူကို ဒုက္ခိတ, သဒ္ဓိဝိဟာရိနီတပည့်မကို သဟဇီဝိနီဟု ခေါ်ပါသည်။ ဤ ဒုက္ခိတတပည့်မကို ငါကိုယ်တိုင်လည်း မပြုစုတော့ဘဲ သူတပါးကိုလည်းအပြု မခိုင်းတော့ပြီဟု ဆုံးဖြတ်သည်နှင့် တပြိုင်နက် အာပတ် သင့်တော့၏။

> ဒုက္ခိတန္တိ ဂိလာနံ သဟ ဇီဝိနိန္တိ သဒ္ဓိဝိဟာ ရိနိံ၊ နေဝဥပဋ္ဌဟေယျာတိ တဿာ ဥပဋ္ဌာနံ သယံဝါ အကာရောန္တိယာ ပရေဟိဝါ အကာ ရေန္တိယာ ဓုရံ နိက္ခိတ္တမတ္တေ ပါစိတ္တိယံ။

ဒုက္ခိတံ၊ ဟူသည်။ ဂိလာနံ၊ သော။ သဟဇီဝိနိံ၊ ဟူသည်။ သဒ္ဓိဝိဟာရိနိံ၊ အတူနေတပည့်မကို။ နေဝဥပဋ္ဌဟေယျာတိ၊ ဟူသည်။ တဿာသဒ္ဓိဝိဟာရိနိယာ၊ ထိုနာသောအတူနေတပည့်မအား။ ဥပ ဋ္ဌာနံ၊ကို။ သယံဝါ၊ ရင်း။ အကာရောန္တိယာစ၊ ရင်း။ ပရေဟိဝါ၊

မှုလည်း။ အကာရေနွေ့ယာ၊ အားရင်း။ ရေ၊ဝန်ကို။နိက္ခိတ္တမစ္စော၊ ၌။ ပါဠိတွဲ၊ သည်။ ဟောတိ၊၏။

---

## နိက္ခမန သင်္ကာပုဒ်

ဥပဿယံအရ ယူရမည့်ကျောင်းမျိုးကိုဘော်ပြ၍၊ နှင်ထုတ်ရာ၌ သင့်ရောက်နိုင်သော အာပတ်တို့ကိုလည်းဘော်ပြခဲ့ပါ။

ဥပဿယံအရ-တခါးရှက်ရှိသော မိမိပိုင် ပုဂ္ဂလိက ကျောင်းမျိုးကိုယူရပါမည်။ ကျောင်း၏ တံခါးကိုလွန်အောင်တကြိမ်တည်းဆွဲထုတ်ရာ၌ အာပတ်တချက်သာ၊ အကြိမ်ကြိမ်ဆွဲထုတ်လျှင် ပယောဂ အရေအတွက်နှင့် အမျှအာပတ်သင့်၏။

အမှာ။ စေခိုင်းရာ၌ ဤနည်းပင်၊ သို့သော် ဤတံခါးကို လွန်အောင်ဆွဲထုတ်လိုက် ဟူသော ခိုင်းနည်းမျိုးအတွက် တံခါးပေါက်အရေအတွက်နှင့်အမျှ အာပတ်သင့်၏။

ဥပဿယံ ဒွါရတိ သကဝါဠဗန္ဓံ အဏ္ဏနော ပုဂ္ဂလိကဝိဟာရံ ဒွါ၊ နိက္ကဍ္ဍေယျာတိ ဗဟူနိပိ ဒွါရာနိ ဧကပ္ပယောဂေန နိက္ကဍ္ဍန္တဿ ဧကာ အာပတ္တိ၊ နာနာပယောဂေ ပန ပယောဂဂဏာနာယ အာပတ္တိယော။

ဥပဿယံဒွါရတိ၊ဟူသည်။ သကဝါဠဗန္ဓံ၊ တပ်အင်သောတံခါးရှက်ရှိသော။ အဏ္ဏနော၊ ၏။ ပုဂ္ဂလိကံ၊ သော။ ဝိဟာရံ၊ ကို။ ဒွါ၊ ၍။ နိက္ကဍ္ဍေယျာတိ။ ဟူသည်။ ဗဟူနိပိဒွါရာနိ၊ တို့ကိုလည်း။ ဧကပ္ပ

ယောဝေနာ၊ ဖြင့်၊ အတိက္ကာမေန္တိယာ၊ အား။ ဓော၊ သော။ အာ
ပတ္တိ၊ သည်။ ဟောတိ၊ ၏၊ နာနာပယောဂေဟိ၊ တို့ဖြင့်။ အတိက္ကာ
မေန္တိယာ၊ အား၊ ပယောဂ ဂဏနာယ၊ တိုင်း။ အာပတ္တိယော၊ တို့
သည်။ ဟော ၊ ကုန်၏။

---

## အန္တောရဋ္ဌ သိက္ခာပုဒ် စသည်

အန္တောရဋ္ဌ, တိရောရဋ္ဌ တို့ကို ခွဲခြား၍ အပေါ်မပါဘဲ ခရီးသွားရာ၌ သင့်ရောက်သိုက်သော အာပတ်တို့ကို ပြခဲ့ပါ။

မိမိနေထိုင်ရာနိုင်ငံကို အန္တောရဋ္ဌဟု ခေါ်၏၊ မိမိနိုင်ငံမှ တပါး အခြား နိုင်ငံကို တိရောရဋ္ဌဟု ခေါ်သည်။ လမ်းခရီးတွင်ရွာရှိက ရွာအရေအတွက်နှင့် အမျှအာပတ်သင့်၏။ ရွာမရှိသော လမ်းခရီးဖြစ်က ယူဇနာဝက် ခရီး အရေအတွက်နှင့်အမျှ အာပတ်သင့်၏။

> အန္တောရဋ္ဌေတိ ယဿ ဝိဇိတေ ဝိဟရတိ တဿ ရဋ္ဌေ၊ တိရောရဋ္ဌေတိ ယဿ ဝိဇိတေ ဝိဟရတိ ဌပေတွာ အညဿ ရဋ္ဌေ ဂါမန္တရ ဂဏနာယ အဒ္ဓယောဇန ဂဏနာယ ပါစိတ္တိယံ။

အန္တောရဋ္ဌေတိ၊ ဟူသည်။ ယဿရညော၊ ၏၊ ဝိဇိတေ၊ ၌။ ဝိဟရတိ၊ ၏၊ တဿရညော၊ ၏၊ ရဋ္ဌေ၊ တိုင်းနိုင်ငံ၌။ တိရောရဋ္ဌေတိ၊ ဟူသည်။ ယဿရညော၊ ၏၊ ဝိဇိတေ၊ ၌။ ဝိဟရတိ၊ ၏၊ တံ၊ ထိုနိုင်ငံ

ကို။ ထပေတွာ၊ ၍။ အညသံရညော၊ ၏။ ရဇ္ဇေ၊ တိုင်းနိုင်ငံ၌။ ဂါမန္တရဂဏနာယ၊ တိုင်း။ အဂါမကေ၊ သော။ အရညေ၊ ၌။ အဍ္ဎယောဇနဂဏနာယ၊ ယူဇနာခွဲ အရေအတွက်အတိုင်း။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

## အခေဋ္ဌာဝသ သိက္ခာပုဒ်

ဝါတွင်းပင်ဖြစ်သော်လည်း ညဉ့်အိပ်သွားလာနိုင်သော အကြောင်းများကို ဖော်ပြခဲ့ပါ။

ခုနစ်ရက်မျှသော ဆောင်ရွက်ခြင်းဖြင့် ပြီးစီးနိုင်သော အမိ,အဘ စသည်တို့၏ အမှုကိစ္စရှိခဲ့သော်ရင်း, ဘေးရန်ရှိခဲ့သော်ရင်း ခုနစ်ရက်အတွင်း ဝါပန်၍သွားကောင်းပါသည်။

ဣမ သတ္တာဟကရဏီယေနဝါ ကေနစိ ဥဗ္ဗဋ္ဌာယဝါ အာပဒါသုဝါ ဂန္တုံနိယာ ဥမ္မတ္တိကာဒီနဥ္စ အနာပတ္တိ။

ဣမ၊ ဤသိက္ခာပုဒ်၌။ သတ္တာဟကရဏီယေနဝါ၊ ဖြင့်ရင်း။ ကေနစိ၊ တစုံတယောက်သောသူသည်။ ဥဗ္ဗဋ္ဌာယဝါ၊ နှိပ်စက်သဖြင့်ရင်း။ အာပဒါသုဝါ၊ ဘေးရန်တို့ကြောင့်ရင်း။ ဂန္တုံနိယာစ၊ သွားသောဘိက္ခုနီမအားရင်း။ ဥမ္မတ္တိကာဒီနဥ္စ၊ တို့အားရင်း။ အနာပတ္တိ၊ မသင့်။

---

## စာရိကံ နပက္ကမ သိက္ခာပုဒ်

၊ ဤသိက္ခာပုဒ်၌ ဆ ပဉ္စယောဇနာနိ အရ သုံးသူဇနာသွားပြီး လာလမ်းအတိုင်းပြန်လျှင် အပြစ်မှ လွတ်

မလွတ် သုံးဖြတ်ပြီးလျှင် ဤသိက္ခာပုဒ်၏ အာပတ်သင့်ရာ အခါကိုလည်း ရေးခဲ့ပါ။

သုံးယူဇနာကို သွားပြီး လာလမ်းအတိုင်း ပြန်လျှင် အပြစ်မှမလွတ်ပါ၊ အလာတလမ်း အသွားတလမ်းဖြစ်မူကား အပြစ်မှလွတ်ပါသည်။ ငါးယူဇနာ ခြောက်ယူဇနာ ဒေသစာရီအမှုကို ငါမပြုတော့ပြီဟု သုံးဖြတ်သည်နှင့် တပြိုင်နက် အာပတ်သင့်ပါတော့သည်။

> သစေပန တီဏိ ဂန္တွာ တေနေဝ မဂ္ဂေန ပစ္စာ
> ဂစ္ဆတိ န ဝဋ္ဋတိ အနေန အာဂန္တုံ ဝဋ္ဋတိ
> ဥက္ကဋ္ဌမာသကံ အဍ္ဎနံ နဂစ္ဆိသာမီတိ ဝဒေ
> နိက္ခိတ္တမတ္တေ ပါစိတ္တိယံ။

သစေပန၊ ကား။ တီဏိ၊ သုံးယူဇနာတို့ပင်တိုင်။ ဂန္တွာ၊ ၍။ တေနေဝမဂ္ဂေန၊ ထိုသွားသောခရီးဖြင့်လျှင်။ ပစ္စာဂစ္ဆတိ၊ တဖန်ပြန်လာခဲ့အံ့၊ နဝဋ္ဋတိ၊ အပ်။ အနေန၊ တပါးသောခရီးဖြင့်။ ဝဋ္ဋတိ၊ ၏။ ဥက္ကဋ္ဌမာသကံ၊ သော။ အဍ္ဎနံ၊ အဝွန်ရှည်သောခရီးကို။ နဂစ္ဆိသာမီတိ၊ မသွားပြီဟု။ ဝဒေ၊ ဝန်ကို။ နိက္ခိတ္တမတ္တေ၊ ၌။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

တုဝဋ္ဋဝဂ်ပြီး၏။

---

## စိတ္တာဂါရဝဂ်

### ရာဇာဂါရ သိက္ခာပုဒ်

ရာဇာဂါရ, စိတ္တာဂါရ, အာရာမ, ဥယျာန, ပေါက္ခရဏီတို့၏ အဓိပ္ပါယ်ကို အသီးသီးရေးခဲ့ပါ။

ရှင်ဘုရင်၏ ပျော်ပါးကစားရာ ဗိမ်တော်မင်းကွန်းကို ရာဇာဂါရဟု ခေါ်၏။ လူအများ ပျော်ပါးဘို့ရန် ဆန်းကြယ်စွာ ဆောက်လုပ်အပ်သော ဗိမ်ကို စိတ္တာဂါရဟုခေါ်၏။ လူအများပျော်ရွှင်ဘို့ရန် ပြုလုပ်ထားသော အာရာမ်ခြံကို အာရာမဟုခေါ်၏။လူအများပျော်ပါးဘို့ရန် ပြုလုပ်ထားသောသစ်သီးဥယျာဉ်ပန်းဥယျာဉ်ကိုဥယျာနဟုခေါ်၏။ လူအများပျော်ရွှင်ဘို့ရန် ဖြစ်သောကန်ကို ပေါက္ခရဏီဟုခေါ်၏။(ကန်တော်ကြီး အင်းယားတို့ကဲ့သို့ မှတ်)။

ရာဇာဂါရစသည်ကိုကြည့်ရန် ခြေလှမ်းတိုင်း ဒုက္ကဋ်၊ တမျိုးကြည့်ကအာပတ်တချက်၊ငါးမျိုးကြည့်ကငါးချက် သင့်၏။

> ရာဇာဂါရန္တိ ရညော ကီဠနဃရံ၊စိတ္တာဂါရန္တိ ကီဠနစိတ္တသာလံ၊ အာရာမန္တိ ကီဠနဥပဝနံ၊ ဥယျာနန္တိ ကီဠနုယျာနံ၊ ပေါက္ခရဏိန္တိ ကီဠနပေါက္ခရဏိံ။

ရာဇာဂါရန္တိ၊ ဟူသည်။ ရညော၊ ၏။ ကီဠနာဂါရံ၊ ကစားမြူးထူးရာဖြစ်သော ဝေယ်သို့။ စိတ္တာဂါရန္တိ၊ ဟူသည်။ ကီဠနစိတ္တသာလံ၊ ကစားမြူးထူးဘို့ရန် ပြုလုပ်သော ဆန်းကြယ်သောဇရပ်သို့၊ အာရာမန္တိ၊ ဟူသည်။ ကီဠနဥပဝနံ၊ ကစားမြူးထူးရန် ပြုလုပ်ထားသော အရပ်သို့၊ ဥယျာနန္တိ၊ ကား၊ ကီဠနုယျာနံ၊ ကစားမြူးထူးရန် ပြုလုပ်သောဥယျာဉ်သို့၊ ပေါက္ခရဏိန္တိ၊ ဟူသည်။ ကီဠနပေါက္ခရဏိံ၊ ကစားမြူးထူးရန်ပြုလုပ်ထားသောရေကန်သို့။

## အာသန္ဒိပရိဘုဉ္ဇန သိက္ခာပုဒ်

❁ အာသန္ဒိနှင့် ပလ္လင်တို့၏ သဘောကိုရေးခဲ့ပါ။

လက်ရှစ်သစ်ထက် အခြေရှည်သော ညောင်စောင်း အင်းပျဉ်ကို အာသန္ဒိဟုခေါ်ပါသည်။ ခြင်္သေ့ရုပ်, ကျား ရုပ်စသော သားရဲရုပ်များ ယုတ်ထွင်းထားသော ညောင် စောင်းခုနှင်ကို ပလ္လင်ဟုခေါ်ပါသည်။

**မှတ်ချက်**။ ဤသိက္ခာပုဒ်အရ အာသန္ဒိနှင့် ပလ္လင်ကိုအသုံးပြုရာ၌ ထိုင် သည့် အိပ်သည့် အကြိမ်အရေအတွက်နှင့် အမျှ အာပတ် သင့်၏။

**အာသန္ဒီနာမအတိက္ကန္တပ္ပမာဏာ ဝုစ္စတိ၊ ပလ္လင်္ကော နာမ အသံဟရိမေန ဝါဠေန ကတော ဝုစ္စတိ။**

အာသန္ဒီနာမ၊ မည်သည်။ အတိက္ကန္တပ္ပမာဏာ၊ ပမာဏထက် လွန်သောအခြေရှိသောညောင်စောင်းကို။ ဝုစ္စတိ၊ ၏။ ပလ္လင်္ကောနာ မ၊ မည်သည်။ အသံဟရိမေန၊ အခြေ၌တပ်သော။ ဝါဠေန၊ သားရဲ ဖြင့်။ ကတော၊ ပြုအပ်သောညောင်စောင်းကို။ ဝုစ္စတိ၊ ၏။

---

❁ အာသန္ဒိ ပလ္လင်တို့ကို သုံးစွဲကောင်းအောင် မည်သို့ပြုလုပ်ရပါမည်နည်း ဖြေဆိုခဲ့ပါ။

အာသန္ဒိကို လက်ရှစ်သစ် ပမာဏထက် ပိုသမျှကို ဖြတ်၍ ပလ္လင်ကို သားရဲရုပ်များကို ဖျက်ဆီး၍ အသုံးပြု ကောင်းပါသည်။

**အမှာ**။ ထိုင်သည့် အရေအတွက်နှင့် အာပတ်သင့်သည်။

အာသန္ဒိယာ ပါဒေ ဘိန္ဒိတွာ ပလ္လင်္ကဿ ဝါဠေ ဘိန္ဒိတွာ ပရိဘုဉ္ဇန္တိယာ ဥမ္မတ္တိကာဒိနန္တ အနာ ပတ္တိ။

အာသန္ဒိယာ၊ အာသန္ဒီမည်သောညောင်စောင်း၏။ ပါဒေ၊ တိုကို။ ဘိန္ဒိတွာ၊ ဖြတ်၍။ ပလ္လင်္ကဿ၊ သားရဲရုပ်တပ်သော ညောင်စောင်း၏။ ဝါဠေ၊ သားရဲရုပ်တို့ကို။ ဘိန္ဒိတွာ၊ ဖျက်၍။ ပရိဘုဉ္ဇန္တိယာစ၊ အသုံး ဆောင်ငြား။ အနာပတ္တိ၊ မသင့်။

---

## သုတ္တကန္တနာဒိ သိက္ခာပုဒ်

သုတ္တံကန္တေယျ ပါစိတ္တိယံအရ အာပတ်သင့်ပုံ ကိုပြဆို၍ မိဘတို့၏ ဝေယျာဝစ္စကို ပြုလုပ်ပေးမှုအတွက် ဂိဟိဝေယျာဝစ္စပါစိတ်မှလွတ်မလွတ်ကိုလည်းဝေဘန်ပါ။

ဝင်ရိုးတွင် ချည်မြှင်အသစ်သွင်း၍ရစ်တိုင်း အာပတ် တချက်စီသင့်၏။ ဝါကိုရွေးချယ်သည်မှစ၍ ပယောဂပြု မှု၌ လက်လှုပ်ရှားသည့် အကြိမ် အရေအတွက် အတိုင်း ဒုက္ကဋ်အာပတ်တချက်စီသင့်၏။ မိမိ၏ အမှုကိစ္စတမျိုးမျိုး ကို အပြုလုပ်ခိုင်းပြီး၍ ဝေယျာဝစ္စကရပုဂ္ဂိုလ် အဖြစ်သို့ ရောက်လျှင် ပြုလုပ်ပေးကောင်းပါသည်။ သက်သက်မပြု လုပ်ပေးကောင်းပါ။

တသ္မိံ အာကပ္ပဒ္ဒ ပေဋ္ဌတေ ကော အာပတ္တိ ကန္တ နေတာ ပုဗ္ဗေ ကပ္ပါသ ဝိပိနံ အာဒိံ ကတွာ သဗ္ဗပယောဂေသု ဟတ္ထဝါရဂဏနာယ ဒုက္ကဋံ၊

သစေပိ ဟိ မာတာပိတရော အတ္တနော ကိဉ္စိကမ္မံ အကာရာပေတွာ တေသံ ယာဂုပစနာဒီနိ ကရောတိ ပုဗ္ဗပ္ပယောဂေသု ပယောဂ ဂဏနာယ ဒုက္ကဋာနိ အာပဇ္ဇိတွာ ယာဂုအာဒီနိ ဘာဇနဂဏနာယ ခါဒနီယာဒီသု ပူပဂဏနာယ ပါစိတ္တိယံ အာပဇ္ဇတိ။

တသ္မိံ၊ ထိုင်သောချည်ကို။ အက္ခမှိ၊ ဝင်ရိုး၌။ ဝေဌိတေ၊ သွင်းအပ်သည်ရှိသော်။ ဓာဝ၊ သော။ အာပတ္တိ၊ ပါစိတ်အာပတ်သည်။ ဟောတိ၊ ၏။ ကန္တနတော၊ ငင်သည်မှ။ ပုဗ္ဗေ၊ ၌။ ကပ္ပါသဝိစိနနံ၊ ဝါရွေးချယ်ခြင်းကို။ အာဒိံ ကတွာ၊ ၍။ သဗ္ဗပ္ပယောဂေသု၊ တို့၌။ ဟတ္ထဝလနဂဏနာယ၊ တိုင်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ သစေပိ၊ လည်း။ မာတာပိတရော၊ တို့ကို။ အတ္တနော၊ ၏။ ကိဉ္စိကမ္မံ၊ တစုံတခုသောအမှုကို။ အကာရာပေတွာ၊ မူ၍။ တေသံ၊ ထိုအမိအဘတို့၏။ ယာဂုပစနာဒီနိ၊ တို့ကို။ ကရောန္တိယာ၊ အား။ ပုဗ္ဗပ္ပယောဂ ဂဏနာယ၊ တိုင်း။ ဒုက္ကဋာနိ၊ တို့သို့။ အာပဇ္ဇိတွာ၊ ၍။ ယာဂုအာဒီသု၊ တို့၌။ ဘာဇနဂဏနာယ၊ တိုင်း။ ခါဒနီယာဒီသု၊ တို့၌။ ပူဝဂဏနာယ၊ တိုင်း။ ပါစိတ္တိယံ၊ သို့။ အာပဇ္ဇတိ၊ ၏၊

---

သံဃာ 'စေတီ စသည်တို့အတွက် ဝေယျာဝစ္စများကို ပြုလုပ်ကောင်းပါမည်လော ဖြေဆို၍၊ ဘောဇနဒါနသိက္ခာပုဒ်၌ ခါဒနီယံဝါ ဘောဇနီယံဝါဟု ဆိုသောကြောင့် ရေ၊ ဒန်ပူကို ပေးကောင်းသည်ဟု မှတ်ရမည်လော။

သံဃာ့စေတီအတွက် ဝေယျာဝစ္စအမှုကို ပြုကောင်း ပါသည်။ ရေဒန်ပူကို မပေးကောင်းပါ ပေးလျှင် ဒုက္ကဋ် အာပတ်သင့်ပါသည်။

> မနုဿဿပိ သံဃဿ ယာဂုပါနေဝ ဘတ္တေဝါ
> စေတိယပူဇာယဝါ ကာရိယမာနာယ တေသံ
> သဟာယ ဘာဝေန ယာဂုပစနာဒိနိ အတ္တနော
> ဝေယျာဝစ္စ ကရဿ တာနိယေဝ ကရောန္တဿ
> ဥမ္မုတ္တိကာဒိနဉ္စ အနာပတ္တိ၊ ဥဒကာဒန္တ ပေါဏော
> ဒုက္ကဋံ။

မနုဿဿပိ၊ တို့သည်။ သံဃဿ၊ ၏။ ယာဂုပါနေဝါ၊ ကိုရင်း။ ဘတ္တေဝါ၊ ဆွမ်းကိုရင်း။ ကာရိယမာနေ၊ သော်။ စေတိယဿ၊ အား။ ပူဇာယ၊ ကို။ ကာရိယမာနာယဝါ၊ သော်ရင်း။ တေသံ၊ ထိုလူတို့၏။ သဟာယဘာဝေန၊ ဖြင့်။ ယာဂုပစနာဒိနိ၊ တို့ကို။ ကရောန္တဿ၊ အားရင်း။ အတ္တနော၊ ၏။ ဝေယျာဝစ္စကရဿ၊ သူ၏။ တာနိယေဝ၊ ထိုယာဂုချက်ခြင်း စသည်တို့ကိုလျှင်။ ကရောန္တဿ၊ အားရင်း။ ဥမ္မုတ္တိကာဒိနဉ္စ၊ တို့အားရင်း။ အနာပတ္တိ၊ မသင့်။ ဥဒကာဒန္တပေါဏော၊ ရေဒန်ပူ၌။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

---

## အာဝသထစီဝရ သိက္ခာပုဒ်

အာဝသထစီဝရ၏ အဓိပ္ပါယ်ကိုဖော်ပြ၍၊ ယင်းကို မည်သူတို့အား ခွင့်ရမည် မည်သည့်အကြောင်းမျိုး ရှိက ဆက်လက်ဝတ်ကောင်းသည်ကိုလည်း ရေးခဲ့ပါ။

ဥတုလာသူ ဘိက္ခုနီမ တို့ ဝတ်ရန် လှူထားသော သင်္ကန်းမျိုးကို အာဝသထစီဝရဟုခေါ်ပါသည်။ ယင်း သင်္ကန်းကို လေးရက်မြောက်သောနေ့၌ စင်ကြယ်စွာဖွပ်လျှော်၍ အခြားဥတုသာသူ ဘိက္ခုနီမနှင့် သာမဏေ တို့အား ပေးစွန့်ရပါမည်။ ဥတုလာသူ ဘိက္ခုနီမ မရှိသေးသော်ငြား၊ သင်္ကန်းပျောက်သော်ငြား၊ ဘေးရန်ရှိသော်ငြား ဆက်သက်ဝတ်ကောင်းပါသည်။

အာဝသထစီဝရန္တိ ဥတုနိယော ဘိက္ခုနိယော
ပရိဘုဉ္ဇန္တုတိ ဒိန္နစီဝရံ၊ အနိဿဇ္ဇိတွာ တိ
စတုတ္ထေဒိဝသေ ဓောဝိတွာ အညိဿာ အန္တ
မသော သာမဏေရိယာပိ ဥတုနိယာ အဒတွာ၊
အညာသံ ဥတုနီနံ အဘာဝေန ဝါ အစ္ဆိန္နနဋ္ဌ
စီဝရိကာယ ဝါ အာပဒါသု ဝါ ပရိဘုဉ္ဇန္တိယာ
ဥမ္မတ္တိကာဒီနဉ္စ အနာပတ္တိ။

အာဝသထစီဝရန္တိ၊ ဟူသည်။ ဥတုနိယော၊ ဥတု လာကုန်သော။ ဘိက္ခုနိယော၊ တို့သည်။ ပရိဘုဉ္ဇန္တု၊ စေသတည်း။ ဣတိဧဝံ၊ သို့၊ ဒိန္နံ၊ သော။ စီဝရံ၊ ကို၊ အနိဿဇ္ဇိတွာတိ၊ ဟူသည်။ စတုတ္ထေ ဒိဝသေ၊ ၌၊ ဓောဝိတွာ၊ ၍။ အညာယ၊ သော။ အန္တမသော၊ ဖြင့်။ ဥတုနိယာ၊ သော၊ သာမဏေရိယာပိ၊ အားလည်း။ အဒတွာ၊ ၍။ အညာသံ၊ ကုန်သော။ ဥတုနီနံ၊ တို့၏။ အဘာဝေန ဝါ၊ ဖြင့်မူလည်း၊ ပရိဘုဉ္ဇန္တိယာစ၊ အားငြား။ အစ္ဆိန္နနဋ္ဌစီဝရိကာယ ဝါ၊ ခိုးသူလုယက်ခြင်း, ပျောက်ခြင်း, သင်္ကန်းရှိသဖြင့်မူလည်း။ ပရိဘုဉ္ဇန္တိယာစ၊ အားငြား။ အာပဒါသု ဝါ၊ တို့ကြောင့်ငြား။ ဥမ္မတ္တိကာဒီနဉ္စ၊ တို့အားငြား။ အနာပတ္တိ။ မသင့်။

## အာဝသထ ဝိဟာရ

● အာဝသထ ဝိဟာရ၏ အဓိပ္ပါယ်ကို ဖော်ပြ၍ အနိသဇ္ဇိတွာအရ ပေးစွန့်ခြင်း ဟူသည် အဘယ်နည်း ဖြေဆိုခဲ့ပါ။

ဖွင့် ပိတ်ဘို့ရာ တံခါးရွက်ပါသည့် ကျောင်းမျိုးကို အာဝသထဟုခေါ်ပါသည်။ တပည့်တော်၏ ကျောင်းကို ကြည့်ရှုစောင့်ရှောက်လိုက်ပါဟု စောင့်ရှောက်ရန် အပ်နှံမှုကို ပေးစွန့်ခြင်းဟု ဆိုပါသည်။

> အာဝသထဉ္စ ကဝါဋဗဒ္ဓံ ဝိဟာရံ၊ အနိသဇ္ဇိတွာ
> တိ ရက္ခဏတ္ထာယ အဒတွာ ဓုရံ ဇဂ္ဂယျာ
> သီတိ ဧဝံ အနာပုစ္ဆိတွာတိ အဇ္ဈော။

အာဝသထဉ္စ၊ ဟူသည်။ ကဝါဋဗဒ္ဓံ၊ တပ်အပ်သော တခါးရွက်ရှိသော။ ဝိဟာရံ၊ ကို။ အနိသဇ္ဇိတွာတိ၊ ဟူသည်။ ရက္ခဏတ္ထာယ၊ ငှါ။ အဒတွာ၊ ၍။ ဇဂ္ဂယျာသီတိ၊ စောင့်ရှောက်လော့ဟု။ ဧတိဧဝံ၊ သို့၊ အနာပုစ္ဆိတွာ၊ ၍။ ဧတိအဇ္ဈံ၊ လျှင်။ အဇ္ဈော၊ တည်း။

---

● ဘာရိကံပဏ္ဏမေယျပါစိတ္တိယံအရ-အာပတ်သင့်ပုံ အခြင်းအရာကို ပြည့်စုံစွာရေးခဲ့ပါ။

အရံရှိသော ကျောင်းဖြစ်က ကျောင်း၏ အရံ, အရံမရှိသောကျောင်းဖြစ်က ကျောင်း၏ ဥပစာကို ပဌမ ခြေလှမ်းလွန်လျှင် ဒုက္ကဋ်အာပတ်သင့်၏။ ဒုတိယခြေလှမ်း လွန်လျှင် ပါစိတ်သင့်၏။

ပရိက္ခိတ္တသ္မိ အာဝသထသ္မိ ပရိက္ခေပံ အ
ပရိက္ခိတသ္မိ ဥပစာရံ ပဌမပါဒေန အတိက္ကန္တ
မတ္တေ ဒုက္ကဋံ၊ ဒုတိယေန ပါစိတ္တိယံ။

ပရိက္ခိတ္တသ္မိ၊ ရှိသော။ အာဝသထသ္မိ၊ ၏။ ပရိက္ခေပံ၊ ကို။ အပရိက္ခိတ္တသ္မိ၊ သော။ အာဝသထသ္မိ၊ ၏။ ဥပစာရံ၊ ကို။ ပဌမပါဒေန၊ ဖြင့်။ အတိက္ကန္တမတ္တေ၊ ၌။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဒုတိယေန၊ ဖြင့်။ အတိက္ကန္တေ၊ သော်။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

## တိရစ္ဆာနဝိဇ္ဇာဒိ သိက္ခာပုဒ်

တိရစ္ဆာနဝိဇ္ဇာ အတတ်ဟူသည် မည်ကဲ့သို့သောအတတ်မျိုးပါနည်း ဖြေဆိုရ၍ တိရစ္ဆာန ဝိဇ္ဇာသရုပ်ကိုလည်း ရေးခဲ့ပါ။

သူတပါးကို သတ်ဖြတ်ညှဉ်းဆဲကြောင်းဖြစ်၍ သုဂတိသို့ရောက်ရန် ကောင်းကျိုးများနှင့် မစပ်ဆိုင်ဘဲ အကျိုးယုတ်သော အတတ်များကို တိရစ္ဆာနဝိဇ္ဇာဟု ခေါ်ပါသည်။ တိရိစ္ဆာနဝိဇ္ဇာများကား-ဟတ္ထိသိပ္ပ, အဿသိပ္ပ, ရထသိပ္ပ, ဓနုသိပ္ပ, ထရုသိပ္ပ, အာထဗ္ဗနမန္တ, ခိလနမန္တ, ဝသီကရဏမန္တ, သောသာပနမန္တ, ဂဒ္ဒပယောဂစသည်တို့တည်း။

**ဆောင်။** ဟတ္ထိ အဿ၊ ရထ ဓနု၊ ထရု အာထ၊ ခိလဝသိ၊
တလိသောသာ၊ ဂဒ္ဒါပယောဂ၊ စသည်အပြား၊
ဤသည်ကား၊ မှတ်သားတိရစ္ဆာနဝိဇ္ဇာတည်း။

ဇာဋ္ဌာသယ ၂၄၄-၃၇

အမှာ။ ထို အတတ် များကို သင်ယူ ပို့ချက ပဒအရေအတွက်နှင့်အမျှ ပါစိတ် အာပတ် သင့်၏။

တိရစ္ဆာနပိဠန္တိ ယံကိဉ္စိ ဗာဟိရကံ အနတ္ထ
သံဟိတံ ဟတ္ထိ အဿ ရထ ဓနု ထရုသိပ္ပ
အထဗ္ဗဏ ခိလန ဝသီကရဏ သောသာပန
မန္တ ဇပ္ပနမ္ပဝုယောဂါဒိဘေဒံ ပရူပဃာတကရံ
ဝိဇ္ဇံ။

တိရစ္ဆာနပိဇ္ဇန္တိ၊ ဟူသည်။ ယံကိဉ္စိ၊ သော။ အနတ္ထသံဟိတံ၊ အကျိုးစီးပွါးနှင့်မယှဉ်သော။ ဟတ္ထိအဿရထ ဓနုသိပ္ပအထဗ္ဗနခိလနဝသီကရဏသောသာနမန္တဇပ္ပနပယောဂါဒိဘေဒံ၊ ဆင်အတတ်, မြင်းအတတ်, ရထားစီးအတတ်, လေးအတတ် , အထဗ္ဗနမန္တန် , ခိလနမန္တန် , ဝသီကရဏမန္တန် , သောသာနမန္တန် စိပ်ခြင်း ယှဉ်ခြင်း စသည်အပြားရှိသော၊ ပရူပဃာတကရံ၊ သူတပါးအား ညှဉ်းဆဲခြင်းကို ပြုတတ်သောအတတ်ကို။

ဝိဇ္ဇာဂါရဝဂ်ပြီး၏။

---

## အာရာမဝဂ်

## အာရာမပဝိသန သိက္ခာပုဒ်

ဤသိက္ခာပုဒ်၌ သဘိက္ခုကံ အာရာမံ အရကို ဖော်ပြ၍ ပန်ကြားအပ်သော ပုဂ္ဂိုလ်များနှင့် ဤသိက္ခာပုဒ်၏ အာပတ်သင့်ပုံကိုလည်း စုံလင်စွာဖော်ပြခဲ့ပါ။

သဘိက္ခုကံ အာရာမံအရ သစ်ပင်ရင်း၌ပင် ဖြစ်စေ ရဟန်းရှိက ထိုအရပ်သည် ရဟန်းရှိသောအာရာမ်မည်၍

တို့အရပ်ကိုယူရပါမည်၊ ပန်ကြားအပ်သော ပုဂ္ဂိုလ်များကား-ရဟန်း , သာမဏေ, အာစရိယတို့ ဖြစ်ပါသည်။ အာကာသာနဉ္စာယတန အာကာသအရံကို အာကာသအရံမရှိမှု ကျောင်းတိုက်ဥပစာကို ပဌမခြေလှမ်းလွန်က ဒုက္ကဋ် ဒုတိယ ခြေလှမ်းလွန်က ပါစိတ်အာပတ်သင့်၏။

သာမိကျွန်ုပ်ံ အာရာမန္တိ ယတ္တ ဘိက္ခူ ရုက္ခမူလေပိ ဝသန္တိ တံ ပဒေသံ၊ အနာပုစ္ဆာတိ ဇွေ ဘိက္ခုသာမဏေရ အာရာမိကေသု ယံကိဉ္စိ အနာပုစ္ဆာ ပရိက္ခိတ္တဿ အာရာမဿ ပရိက္ခေပံ အတိက္ကမန္တိယာ အပရိက္ခိတ္တဿ ဥပစာရံ ဩက္ကမန္တိယာ ပဌမပါဒေ ဒုက္ကဋံ၊ ဒုတိယပါဒေ ပါစိတ္တိယံ။

သဘိက္ခုကံအာရာမန္တိ၊ ဟူသည်။ ယတ္ထ၊ အကြင်အရပ်၌။ဘိက္ခူ၊ တို့သည်။ ရုက္ခမူလေပိ၊ ၌လည်း။ ဝသန္တိ၊ ကုန်၏။ တံပဒေသံ၊ သို့။ အနာပုစ္ဆာတိဇွေ၊ ၌! အဇွော၊ ကို။ ဇဝံ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။ ဘိက္ခုသာမဏေရအာရာမိကေသု၊ တို့တွင်။ ယံကိဉ္စိ၊ သူကို။ အနာပုစ္ဆာ၊ မူ၍။ ပရိက္ခိတ္တဿ၊ သော။ အာရာမဿ၊ ၏။ ပရိက္ခေပံ၊ ကို။ အတိက္ကာမေန္တိယာ၊ အား။ အပရိက္ခိတ္တဿ၊ သော။ အာရာမဿ၊ ၏။ ဥပစာရံ၊ ကို။ ဩက္ကမေန္တိယာ၊ အား။ ပဌမပါဒေ၊ ၌။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဒုတိယေ၊ ၌။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

သဘိက္ခုက အာရာမသို့ ပန်ကြား၍မဝင်တိုင်း အာပတ်သင့်ပါသလော မပန်ကြားဘဲ ဝင်နိုင်သောနည်း လမ်းရှိက ညွှန်ပြခဲ့ပါ။

အာရာမ်တွင်းသို့ ပဌမဦးစွာ ရောက်နှင့်ပြီးသောဘိက္ခုနီမများထံသို့ သွားမည်ဟူသော စိတ်ဖြင့်သွားသူ, အရံတွင်း၌ရှိသောလမ်းဖြင့် မိမိ သွားလိုရာ အရပ်သို့သွားသူ, ဘေးရန်ရှိ၍ အတင်းပြေးဝင်သူတို့မှာကား မပန်ကြားဘဲ ဝင်နိုင်ပါသည်။

ပဌမ ပဝိဋ္ဌာနံဝါ ဘိက္ခုနီနံ သီသာ နုလောကိ
ကာယ ယဏ္ဏွါ ဘိက္ခုနိယော သန္နိပတိတာ
တတ္ထ တာသံ သန္တိကံ ဂစ္ဆာမိတိ သညာယ
အာရာမေနဝါ မဂ္ဂေါ ဟောတိ တေန ဂစ္ဆန္တိ
ယာ အာပဒါသု ဥမ္မတ္တိကာဒီနဉ္စ အနာပတ္တိ။

ပဌမ ပဝိဋ္ဌာနံ၊ ရှေးဦးစွာဝင်ကုန်သော။ ဘိက္ခုနီနံဝါ၊ တို့၏ရင်း။ သီသာနုလောကိကာယ၊ ဦးခေါင်းကိုကြည့်သဖြင့်။ ပဝိသန္တိယာစ၊ အားရင်း။ ယတ္တွဝါ၊ သွား၍လည်း။ ဘိက္ခုနိယော၊ တို့သည်။ သန္နိပတိတာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တတ္ထ၊ ၌။ တာသံ၊ တို့၏။ သန္တိကံ၊ သို့။ ဂစ္ဆာမိ၊ အံ့။ ဣတိသညာယဝါ၊ ဖြင့်လည်း။ ပဝိသန္တိယာစ၊ အားရင်း။ အာရာမေနဝါ၊ ဖြင့်မူလည်း။ မဂ္ဂေါ၊ သည်။ ဟောတိ၊ အံ့။ တေန၊ ဖြင့်။ ဂစ္ဆန္တိယာစ၊ အားရင်း။ အာပဒါသု၊ ဘေးရန်တို့ကြောင့်။ ပဝိသန္တိယာစ၊ အားရင်း။ ဥမ္မတ္တိကာဒီနဉ္စ၊ တို့အားရင်း။ အနာပတ္တိ၊ မသင့်။

## ဘိက္ခုအက္ကောသန သိက္ခာပုဒ်

ဘိက္ခုအက္ကောသေယျ ပရိဘာသေယျ၌ မျက်မှောက် မျက်ကွယ် ဤနှစ်သွယ်တွင် အဘယ် ဆဲရေးခြင်းမျိုးကိုဆိုပါသနည်းဖြေဆို၍၊ ပရိဘာသေယျ၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

ဆဲရေးခြင်း ဆယ်မျိုးတို့တွင် တပါးပါးဖြင့် မျက်မှောက်မျက်ကွယ် နှစ်သွယ်လုံး ဆဲရေးခြင်းကို ဆိုပါသည်။ ခြိမ်းချောက်ကြိမ်းမောင်းခြင်းကို ပရိဘာသေယျဟု ဆိုပါသည်။

**မှတ်ချက်**။ ဆဲရေးခြင်းဆယ်မျိုးတွင် တပါးပါးဖြင့် ဆဲရေးမှု အက္ကောသ။ ခြိမ်းချောက်ပြစ်တင်မှု ပရိဘာသေယျဟု သဘောသွားကိုမှတ်၊

အက္ကောသေယျာတိ ဒသန္နံ အက္ကောသဝတ္ထူနံ အညတရေန သမ္မုခါ ဝါ ပရမ္မုခါ ဝါ အက္ကောသေယျ၊ ပရိဘာသေယျာတိ ဘယမဿ ဥပဒသေယျ။

အက္ကောသေယျာတိ၊ဟူသည်။ ဒသန္နံ အက္ကောသဝတ္ထူနံ၊တို့တွင်။ အညတရေန၊ဖြင့်။ သမ္မုခါ ဝါ၊ ၎င်း။ ပရမ္မုခါ ဝါ၊၎င်း။အက္ကောသေယျ၊ အံ့။ ပရိဘာသေယျာတိ၊ဟူသည်။ အဿဘိက္ခုဿ၊အား။ ဘယံ၊ကို။ ဥပဒသေယျ၊ အနိုင်ပြောအံ့။

---

## ဂဏပရိဘာသန သိက္ခာပုဒ်

စဏ္ဍိက္ကတာ ဂဏံ ပရိဘာသေယျ၌ စဏ္ဍိက္ကတာ အရ ဂဏအရ ဆဲရေးပုံ ပရိဘာသနာကာရတို့ကို

ပြုဆို၍ အနုပသမ္ပန္နနှင့် သမ္ဘဟုလတ်ကြိုက်နှင့် တဦးတည်း သော ဘိက္ခုနီတို့အား ပရိဘာသန အမှုကို ပြုလျှင် မည်သည့်အာပတ်သင့်သည်ကိုလည်း ရေးခဲ့ပါ။

ဒေါသလွှမ်းမိုး၍ စိတ်ဆိုးနေသောသူကို စဏ္ဍိကတာ အရယူ၊ ဂဏာအရ ဘိက္ခုနီသံဃာကိုယူ၊ ပရိဘာသနာ ကာရကား ဒိကောင်မတွေ့ဟာ ကံကိုလည်း နားမလည် ဒေါသကိုလည်း နားမလည်၊ ကမ္မဝိပတ္တိကိုလည်း နား မလည်ကြ၊ ဗာလအဗျတ္တ အလကား ကောင်မတွေစသည် ဖြင့် ပြစ်တင်ခြင်းတည်း။ ဘိက္ခုနီအများနှင့် တဦးတည်း သော ဘိက္ခုနီအနုပသမ္ပန္န ပုဂ္ဂိုလ်တို့အား ပရိဘာသန ပြုက ဒုက္ကဋ်အာပတ်သင့်ပါသည်။

> စဏ္ဍိကတာတိ ကုဒ္ဓါ၊ ဂဏာန္တိ ဘိက္ခုနီသံဃံ၊ ပရိ ဘာသေယျာတိ ဧတ္တ ဗာလာ ဧတာ အဗျတ္တာ ဧတာ နေတာ ဇာနန္တိ ကမ္မံဝါ ကမ္မဒေါသံဝါ ကမ္မသမ္ပတ္တိံဝါ ကမ္မဝိပတ္တိံဝါ တိ ဧဝံ ယတ္ထ ကတ္ထစိပရိဘာသန္တိယာ ပါစိတ္တိယံ၊ သမ္ဗဟုလာ ဝါ ဧကံဝါ အနုပသမ္ပန္နံဝါ ပရိဘာ သန္တိယာ ဒုက္ကဋံ။

စဏ္ဍိကတာ တိ၊ ဟူသည်။ ကုဒ္ဓါ၊ အမျက်ထွက်သည်ဖြစ်၍။ ဂဏာန္တိ၊ ဟူသည်။ ဘိက္ခုနီသံဃံ၊ ကို။ ပရိဘာသေယျာတိ ဧတ္တ၊ ဟူသည် ၌။ ဧတာ ဘိက္ခုနီယော၊ တို့သည်။ ဗာလာ အဗျတ္တာ၊ မလိမ္မာကုန်။ ဧတာ ဘိက္ခုနီယော၊ တို့သည်။ ကမ္မံဝါ၊ ကိုငင်း။ ကမ္မဒေါသံဝါ၊ ကိုငင်း။

ကမ္မသမ္ပတ္တိံ ဝါ၊ ကိုရင်း။ ကမ္မဝိပတ္တိံ ဝါ၊ ကိုရင်း။ နဇာနန္တိ၊ ကုန်။ ဉတ္တိစေ၊ သို့။ ယတ္ထကတ္ထစိ၊၌။ ပရိဘာသန္တိယာ၊ အား။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။ သမ္ဗဟုလာ ဝါ၊ တို့ကိုရင်း။ ဧကံ ဝါ၊ တဦးတည်းသော ဘိက္ခုနီမကိုရင်း။ အနုပသမ္ပန္နံ ဝါ၊ ကိုရင်း။ ပရိဘာသန္တိယာ၊ ရေရွတ်သော ဘိက္ခုနီမအား။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။

---

## ပဝါရိတာ သိက္ခာပုဒ်

● နိမန္တိတာ ဝါ ပဝါရိတာ ဝါ၌ မည်ကဲ့သို့သော ဘိက္ခုနီမကို နိမန္တိတပဝါရိတာဟု ခေါ်ပါသနည်း။

ဂဏ ဘောဇန သိက္ခာပုဒ်လာ မအပ်သော ပင့်ဖိတ်နည်းဖြင့် ပင့်ဖိတ်ခြင်းကို နိမန္တိတာပဝါရဏာသိက္ခာပုဒ် အတိုင်း ပဝါရိတ် သင့်နေသူကို ပဝါရိတာဟု ခေါ်ပါ သည်။

ဂဏဘောဇနေ ဝုတ္တနယေ နိမန္တိတာ၊ ပဝါရဏာ
သိက္ခာပဒေ ဝုတ္တနယေန ပဝါရိတာ ဝေဒိတဗ္ဗာ။

ဂဏဘောဇနေ၊ သိက္ခာပုဒ်၌။ ဝုတ္တနယေန၊ ဖြင့်။ နိမန္တိတာ၊ ကို။ ဝေဒိတဗ္ဗာ၊ ၏။ ပဝါရဏာသိက္ခာပဒေ၊ ၌။ ဝုတ္တနယေန၊ ဖြင့်၊ ပဝါရိတာ၊ မြစ်ခြင်းကို။ ဝေဒိတဗ္ဗာ၊ ၏။

---

## ကုလမစ္ဆရိနီ သိက္ခာပုဒ်

● မည်ကဲ့သို့ ဝန်တိုမှ ကုလမစ္ဆရိနီအရ ပါစိတ် အာပတ်သင့်ပါသနည်း။

လှူမည့်အိမ်သို့ ဘိက္ခုနီမများ မသွားချင်အောင် လှူမည့်ဒါယကာ၏ ကျေးဇူးမဲ့ကိုပြောခြင်း လှူမည့်သူကို မလှူချင်အောင် ဘိက္ခုနီမတို့၏ကျေးဇူးမဲ့ကို ပြောဆိုခြင်းသာ ကုလမစ္ဆရိန္ဒြိဖြစ်ကာပါစိတ်အာပတ်သင့်ပါသည်။

> တဿာယံ ကုလံ ဘိက္ခုနီနံ ပစ္စယ ဒါယကာမံ ကထံနာမ တတ္ထ ဘိက္ခုနီယော နဂစ္ဆေယျုန္တိ ဘိက္ခုနီနံဝါ သန္တိကေ ကုလဿ ကထံနာမ ဣမေ တာသံ ကိဉ္စိ နဒဒေယျုန္တိ ကုလဿာဝါ၊ သန္တိကေ ဘိက္ခုနီနံ အဝဏ္ဏံ ဘာသန္တိယာ ပါစိတ္တိယံ။

ယံကုလံ၊အကြင်အမျိုးသည်၊ဘိက္ခုနီနံ၊တို့အား။ ပစ္စယေ၊ပစ္စည်းတို့ကို။ ဒါတုကာမာ၊သည်။ ဟောတိ၊ ၏။ တတ္ထကုလေ၊၌။ ဘိက္ခုနီယော၊တို့သည်။ ကထံနာမ၊ အဘယ်သို့သော အကြောင်းကြောင့်လျှင်။ နဂစ္ဆေယျုံ၊အံ့နည်း။ဣတိမနသိကတွာ၊၍။ ဘိက္ခုနီနံ၊တို့၏။သ ကေ၊ ၌။ ကုလဿ၊၏။ ဣမေကုလာ၊တို့သည်။ တာသံဘိက္ခုနီနံ၊ တို့အား။ ယံကိဉ္စိ၊ကို။ ကထံနာမ၊လျှင်။ နဒဒေယျုံ၊နည်း။ ဣတိမနသိကတွာ၊ ၍။ ကုလဿဝါ၊၏မူလည်း။ သ ကေ၊ ၌။ ဘိက္ခုနီနံ၊တို့၏။ အဝဏ္ဏံ၊ ကို။ ဘာသ ယာ၊သော။ တဿာ၊အား။ပါစိတ္တိယံ၊သည်။ဟောတိ၊၏။

---

## အာဝါသကာဝါသ သိက္ခာပုဒ်

မည်ကဲ့သို့သော အာဝါသမျိုးကို အာဝါသကာဝါသဟု ခေါ်ပါသနည်း၊ ဤသိက္ခာပုဒ်၏ အာပတ်သင့်ပုံကိုလည်း စုံလင်စွာ ဖော်ပြခဲ့ပါ။

ဘိက္ခုနီမကျောင်းမှ ယူဇနာဝက်အတွင်း ဩဝါဒကို ပေးစွမ်းခြင်းငှါ စွမ်းနိုင်သောရဟန်း မရှိ၊ ရှိသော်လည်း ဘေးရန်ကင်းသော လမ်းခရီးမဟုတ်သဖြင့် မသွားနိုင်သောကျောင်းမျိုးကို အဘိက္ခုကာဝါသ ဟု ခေါ်၏။ ထိုအဘိက္ခုကာဝါသကျောင်းမျိုး၌ ဝါဆိုတော့မည်ဟု ပြုဘွယ်ကိစ္စများကို ပြင်ဆင်ပြုလုပ်လျှင် ဒုက္ကဋ်အာပတ် သင့်၏။ အရုဏ်တက်သည်နှင့် တပြိုင်နက် ပါစိတ် အာပတ်သင့်၏။

သစေ ဘိက္ခုနုပဿယတော အဍ္ဎယောဇနဗ္ဘန္တရေ ဩဝါဒဒါယကာ ဘိက္ခူ နဝသန္တိ၊ မဂ္ဂေါ ဝါ အခေမော ဟောတိ . နသက္ကာ အန္တရာ ယေန ဂန္တုံ အယံ အဘိက္ခုကောနာမ၊ အာဝါ သော တတ္ထ ဝဿံ ဝသိဿာမိတိ သေနာသန ပညာပန ပါနီယာဥပဋ္ဌာပနာဒိနိ ကရောန္တိယာ ဒုက္ကဋံ၊ သဟ အရုဏုဂ္ဂမနာ ပါစိတ္တိယံ။

ဘိက္ခုနုပဿယတော၊ မှ။ အဍ္ဎယောဇနဗ္ဘန္တရေ၊ ယူဇနာခွဲ အတွင်း၌။ ဩဝါဒဒါယကာ၊ သော။ ဘိက္ခူ၊ တို့သည်။ သစေနဝသန္တိ၊ အံ့။ မဂ္ဂေါဝါ၊ လည်း။ အခေမော၊ သည်။ သစေဟောတိ၊ အံ့။ အန္တရာယေန၊ ဖြင့်။ ဂန္တုံ၊ ငှါ၊ သံစေနသက္ကာ၊ အံ့။ အယံအာဝါသော၊ သည်။ အဘိက္ခုကောနာမအာဝါသော၊ မည်၏။ တတ္ထ၊ ထိုကျောင်း၌။ ဝဿံဝသိဿာမိတိ၊ ဝါဆိုအံ့ ဟု။ သေနာသနပညာပန ပါနီယဥပဋ္ဌာပနာဒိနိ၊ နေရာခင်းခြင်း သောက်ရေ တည်ခြင်း စသည်တို့ကို။ ကရောန္တိယာ၊ အား။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ သဟအရုဏုဂ္ဂမနာ၊ နက်။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

## အပဝါရဏာ သင်္ခေပနိ

● တိဋ္ဌာနေ့ဟင်၌ တိဋ္ဌာနအရကို ဖော်ပြ၍ ပဝါရဏာပြုခြင်း၏အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

တိဋ္ဌာနအရကား ဒိဋ္ဌ, သုတ, ပရိသင်္ကိတပင် ဖြစ်ပါသည်။ ပဝါရဏာပြုခြင်းဟူသည် ဒိဋ္ဌ,သုတ,ပရိသင်္ကိတ ရှိခဲ့ပါလျှင် ဆုံးမပါဟု တဦး နှင့် တဦး ဖိတ်မန္တက ပြုခြင်းတည်း။

---

● ပဝါရဏာဉတ်အမျိုးအစားကို ဖော်ပြ၍ ၎င်းတို့၏ ဉတ်ပါဠိကိုလည်း အသီးသီး ရေးခဲ့ပါ။

သဗ္ဗသင်္ဂါဟိကဉတ်, တေဝါစိကဉတ်, ဒွေဝါစိကဉတ်, ဧကဝါစိကဉတ်, သမာနဝဿိက ဉတ် ဟု ငါးမျိုးရှိပါသည်။ ဉတ်ပါဠိကား—

သဗ္ဗ သင်္ဂါဟိက ဉတ်ပါဠိအတွက် သုဏာတုမေ အယျေ သံဃော အဇ္ဇ ပဝါရဏာ စာတုဒ္ဒသီ ယဒိ သံဃဿ ပတ္တကလ္လံ သံဃော ပဝါရေယျ၊ တေဝါစိကာဒိ ဉတ်အတွက်ကား- သံဃော တေဝါစိကံ ပဝါရေယျ၊ ဒွေဝါစိကံပဝါရေယျ၊ ဧကဝါစိကံ ပဝါရေယျ၊ သမာနဝဿိကံ ပဝါရေယျတို့ဖြစ်ပါသည်။

---

● မည်သည့်အခါ၌မည်သည့် ဉတ်ကိုထားရမည်နည်း။ မည်သည့်ဉတ်ကိုထားလျှင် မည်သည့်ပဝါရဏာ ပြုရမည်ဟု သတ်မှတ်ချက်ရှိပါသလော။

အန္တရာယ်မရှိက သဗ္ဗသင်္ဂါဟိက ဉတ်ကိုရင်း တေဝါစိက ဉတ်ကိုရင်း ထားရပါမည်။ အန္တရာယ်ရှိက ဒွေဝါစိက, ဧကဝါစိက, သမာနဝဿိက ဉတ်အား လျော်စွာထားရပါမည်။ သဗ္ဗသင်္ဂါဟိကဉတ်ကိုထားလျှင် တေ ဒွေ ဧက သမာနဝဿိက ပဝါရဏာ လေးမျိုးတို့တွင် ကြိုက်နှစ်သက်ရာကို ပြုနိုင်ပါသည်။ တေဝါစိက ဉတ်ကိုထားလျှင် တေဝါစိကသာ ပြုကောင်း၏။ အခြား မပြုကောင်း။ ဒွေဝါစိကဉတ်ထားလျှင်တေဝါစိက, ဒွေဝါစိကပြုကောင်း၏၊ ဧကဝါစိကမပြုကောင်း။ ဧကဝါစိက သမာနဝဿိက ဉတ်ထားလျှင် တေဝါစိက ဒွေဝါစိက စသည့်အားလျော်စွာ ပြုလိုရာကိုပြုနိုင်၏။

---

● ဘိက္ခုတို့၏ ပဝါရဏာပြုပုံကို စုံလင်စွာဖေါ်ပြခဲ့ပါ။

ပဝါရဏာပြုပုံကား သံဃံဘန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ။ ဒုတိယမ္ပိ ဘန္တေ ပဝါရေမိ။ လ။ ပဋိကရိဿာမိ။ တတိယမ္ပိ ဘန္တေ။ လ။ ပဋိကရိဿာမိ ဖြစ်ပါသည်။

---

● ဘိက္ခုနီ သံဃာက ဘိက္ခုသံဃာ့ထံ ပဝါရဏာပြုပုံ ပါဠိကိုရေး၍၊ မည်မျှလောက်သော ဘိက္ခုနီ

သည် မည်ကဲ့သို့ ပဝါရဏာ ပြုခွင့်ရသည် ကိုလည်း ရေးခဲ့ပါ။

ဘိက္ခုနီ သံဃော အယျာ ဘိက္ခု သံဃံ ပဝါရေတိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တာ ယျာ ဘိက္ခုသံဃော ဘိက္ခုနီသံဃံ အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿတိ ဖြစ်ပါသည်၊ ငါးပါးရှိက သံဃာ့ပဝါရဏာပြု သုံးပါးရှိက ဉတ်ထား၍ နှစ်ပါးရှိက ဉတ်မထားဘဲ ဂဏပဝါရဏာပြု၊ ၁ -ပါးတည်းရှိက အဇ္ဇ မေ ပဝါရဏာ ဟူ၍ ပုဂ္ဂလပဝါရဏာ ပြုရမည်။

---

ဩဝါဒါယ ဝါ သံဝါသာယ ဝါ နဂန္တဗ္ဗန္တိ ဩဝါဒ, သံဝါသတို့၏အရကိုပေါ်ပြ၍ အာပတ်သင့်ရာ အခါကိုလည်းရေးခဲ့ပါ။

ဂရုဓမ်ရှစ်ပါးကို ဩဝါဒ၊ ပြုလတ္တံ့သော ဥပုသ်ကို စာတုဒ္ဒသီပါလား ပန္နရသီပါလားဟု လျှောက်ထားမှုနှင့် ပဝါရဏာပြုမှုကို သံဝါသဟုဆိုပါသည်။ ဂရုဓမ္မဩဝါဒ အကျိုးငှါရင်း, သံဝါသအကျိုးငှါရင်း မသွားတော့ပြီဟု ဆုံးဖြတ်လိုက်သည်နှင့်တပြိုင်နက် ပါစိတ်အာပတ်သင့်ပါသည်။

---

ဩဝါဒ သံဝါသကိစ္စဖြင့် မသွားဘဲ နေစေကာမူ အာပတ် မသင့်နိုင်သော အကြောင်းများကို ပေါ်ပြခဲ့ပါ။

ဘေးအန္တရာယ်ရှိသော ကြောင့်ဖြစ်စေ အပေါ် ရှာမရသောကြောင့် ဖြစ်စေ မကျန်းမာ သောကြောင့် ဖြစ်စေ မသွားပါက အပြစ်မှလွတ်ပါသည်။

---

ဥပေါသထ ပုစ္ဆနာကာရနှင့် ဩဝါဒူပ သင်္ကမန၏အဓိပ္ပါယ်ကိုရေး၍၊ မည်ကဲ့သို့သော ဘိက္ခုနီမ မျိုးကို အတိက္ကာမေန္တီ ခေါ် ကြောင်းကိုလည်းရေးခဲ့ပါ။

ဥပေါသထ ပုစ္ဆနာကာရကား- လဆန်းလဆုတ်ပက္ခ တို့၏တဆဲ့သုံးရက်နေ့၌ဖြစ်စေ တဆဲ့လေးရက်နေ့၌ဖြစ်စေ ရဟန်းများနေရာကျောင်းသို့သွားပြီး ယခုပြုရမည့် ဥပုသ် မှာစာတုဒ္ဒသီပါလား, ပန္နရသီပါလားဟု လျှောက်ထား မေးမြန်းခြင်းတည်း။ အဆုံးအမခံရန် တောင်းပန်ခြင်းကို ဩဝါဒူပ သင်္ကမန ဟု ဆိုပါသည်။ အနွဍ္ဎမာသ၌ ဥပေါသထပုစ္ဆနနှင့် ဩဝါဒူပသင်္ကမနအမှုကို မပြုလုပ် ဘဲနေသူကို အတိက္ကာမေန္တီဟု ဆိုပါသည်။

ဘိက္ခုနီဟိ တေရသေဝါ စာတုဒ္ဒသေဝါ အရာမံ ဂတွာ အယံ ဥပေါသထော စာတုဒ္ဒသော ပန္နရသောတိ ပုစ္ဆိတဗ္ဗံ ဥပေါသထဒိဝသေ နိဒါန ဝဏ္ဏနာယံ ဝုတ္တနယေန ဩဝါဒူပ သင်္ကမနံ ယာစိတဗ္ဗံ၊ ယာဘိက္ခုနီ ဝုတ္တပ္ပကာရေကာလေ တဒုဘယံ နကရောတိ၊ သာ တံ အတိက္ကာမေန္တီ နာမ။

ဘိက္ခုနီဟိ၊ တို့သည်။ ဓော်ရသမေဝ၊ တဆဲ့သုံးရက်မြောက် သောနေ့၌ပင်း၊ စာတုဒ္ဒသေဝါ၊ ၌ပင်း။ အာရာမံ၊ သို့။ ဂန္တွာ၊ ၍။ အယံဥဒေပါသထော၊ ကား၊ စာတုဒ္ဒသိကော၊ လော။ ပန္နရသိကော၊ လော။ ဣတိဧဝံ၊ သို့။ ပုစ္ဆိတဗ္ဗံ၊ ၏။ ဥပေါသထဒိဝသော၊ ၌။ နိဒါန ဝဏ္ဏနာယံ၊ ၌။ ဝုတ္တနယေန၊ ဖြင့်။ ဩဝါဒူပသင်္ကမနံ၊ ကို။ ယာစိ တဗ္ဗံ၊ ၏။ ယာဘိက္ခုနီ၊ သည်။ ဝုတ္တပ္ပကာရေ၊ သော။ ကာလေ၊ ၌။ တဒုဘယံ၊ ကို။ နကရောတိ၊ အံ့။ သာ၊ သည်။ တံ၊ ထိုလခွဲတိုင်း မေးခြင်း တောင်းပန်ခြင်းကို။ အတိက္ကာမေန္တီနာမ၊ မည်၏။

---

**ပသာခဇာတာ သိက္ခာပုဒ်**

ပသာခေဇာတံ ဂဏ္ဍံဝါ ရုဓိတံဝါ၌ ပသာခ-ဂဏ္ဍ-ရုဓိတ တို့၏ အရကို အသီးအသီး ဖော်ပြခဲ့ပါ။

ချက်မှအောက်, ဒူးဆစ်နှစ်ဘက်မှ အထက်ဖြစ်သော ကိုယ်အရပ်ကို ပသာခ ဟု ခေါ်ပါသည်။ မြင်းဖု စသော အလုံးအကြိတ် အနာမျိုးကို ဂဏ္ဍ၊ သွေးပြည် ယိုထွက်နေသော အခြားအနာမျိုးကို ရုဓိတ ဟု ခေါ်၏။

ပသာခေတိ နာဘိယာဟေဋ္ဌာ ဇာဏုမဏ္ဍလာနံ
ဥပရိပဒေသေ တတော ဟိ ယသ္မာ ရုက္ခသာ
သာခါဝိယ ဥဘော ဦရု ပဘိဇ္ဇိတွာ ဂတာ တသ္မာ
ပသာခေါတိ ဝုစ္စတိ၊ တသ္မိံ ပသာခေ ဂဏ္ဍန္တိ
ယံကိဉ္စိ ဂဏ္ဍံ။ ရုဓိတန္တိ ဝဏံ။

ပသာခေတိ၊ ဟူသည်။ နာဘိယာ၊ ၏။ ဟေဋ္ဌာ၊ သော။ ဇာဏု မဏ္ဍလာနံ၊ ပုဆစ်ဒူးဝန်းတို့၏။ ဥပရိ၊ သော။ ပဒေသေ၊ ၌။ ဟိ၊ စ။ ထတောပဒေသတော၊ မှ။ ရုက္ခဿ၊ ၏။ သာခါဝိယ၊ အခက်ကဲ့သို့။ ဥဘောဦရူ၊ ပေါင်နှစ်ဘက်တို့သည်။ ပဘိဇ္ဇိတွာ၊ ၍။ ဝါ၊ ဖြာ၍။

ယုဿ။ ကြောင့်။ ဂတာ၊ ဖြစ်ကုန်၏။ တဿ၊ ကြောင့်။ သောပဒေသော၊ ကို။ ပဿာဝေါတိ၊ ဟူ၍။ ဝုတ္တေ၊ ၏။ တဿံ ပဿာဝေ၊ ၌။ ဂဏ္ဍုန္တိ၊ ဟူသည်။ ယံကိဉ္စိဂဏ္ဍုံ၊ တစုံတခုသော ထွက်အိုင်းနာကို။ ရုဓိတန္တိ၊ ဟူသည်။ ယံကိဉ္စိဝဏံ၊ တစုံတခုသောအနာကို။

---

ဤသိက္ခာပုဒ်အရ အာပတ်သင့်ပုံကိုရေး၍၊ မည်ကဲ့သို့ပြုလုပ်ပါလျှင် ခွဲခွင့်ရပါသနည်း။

ဘေဒနစသော ခြောက်မျိုးလုံး လုပ်ရန် စေခိုင်းမှု, တခွန်းတည်းသောစကားဖြင့် လုပ်သင့်သမျှပြုလုပ်ပါဟု စေခိုင်းမှုတို့အတွက် ခြောက်မျိုးလုံး ပြုလုပ်က ဒုက္ကဋ် ခြောက်ချက်သင့်၍ ပါစိတ်အာပတ် ခြောက်ချက် သင့်သည်။ တခုသာခိုင်းက တချက်သာသင့်၏၊ ဤသိက္ခာပုဒ်၌ ခိုင်းမှုအတွက် ဒုက္ကဋ်၊ ခွဲမှုစသည်ကို့အတွက် ပါစိတ်သင့်၏။ သံဃဂဏ ပုဂ္ဂလတို့ကို မပန်ကြားစေကာမူ လိမ္မာရေးခြား သိနားလည်သူ ဘိက္ခုနီ အပေါ်တဦးကို ခေါ်က ခွဲခွင့်ရ၏။

အာရာမဝဂ်ပြီး၏

---

## ဂဗ္ဘိနီဝဂ်

## ဂဗ္ဘိနီ သိက္ခာပုဒ်

အဘယ်ကို ဂဗ္ဘိနီ, ပါယန္တီဟု ခေါ်သည်ကို ဖြေဆို၍၊ ၎င်းတို့ကို ပဉ္စင်းခံပေးသော ဘိက္ခုနီမအား သင့်ရောက်ထိုက်သော အာပတ်တို့ကိုလည်းရေးခဲ့ပါ။

ကိုယ်ဝန်ရှိသူကို ဂဗ္ဘိနီ၊ အမေရင်းသော်၎င်း နို့ထိန်းသူကို၎င်းနို့ဖိုးကလေးရှိသူကို၎င်းပါယန္တီဟုခေါ်ပါသည်။ ပဉ္စင်းခံပေးသူသည် ကာရကသံဃာကိုရှာမှီးခြင်းစသောကိစ္စအတွက်၎င်း ဉတ်နှင့်ကမ္မဝါစာ နှစ်ကြိမ်တို့ဖြင့်၎င်း ဒုက္ကဋ်အာပတ်သင့်၏။ ကမ္မဝါစာ သုံးကြိမ် ဆုံးလျှင် ပါစိတ်အာပတ်သင့်၏။

ပါယန္တီတိ ထညံ့ ပါယမာနံ ယံ ပါယေတိ
တဿ မာတာဝါ ဓာတိဝါ၊ ဂဗ္ဘိနီတိ ဇာနိတွာ
ဥပဇ္ဈာယာယ ဝုဋ္ဌာပေန္တိယာ ဂဏပရိယေသနာ
ဒီသုစ ဉတ္တိကမ္မဝါစာသုယေဝ ဒုက္ကဋံ၊ ကမ္မဝါစာ
ပရိယောသာနေ ပါစိတ္တိယံ။

ပါယန္တီတိ၊ ဟူသည်။ ယာဣတ္ထီ၊ သည်။ ထညံ့၊ နို့ကို။ ပါယမာနံ၊ စို့သော။ ယံဒါရကံ၊ ကို။ ပါယေတိ၊ နို့တိုက်၏။ သာဣတ္ထီ၊ သည်။ တဿဒါရကဿ၊ ၏။ မာတာဝါ၊ သည်လည်း။ ဟောတု၊ စေ။ ဓါတိဝါ။ နို့ထိန်းသည်လည်း။ ဟောတု၊ စေ။ ပါယန္တီနာမ၊ မည်၏။ ဂဗ္ဘိနီတိ၊ ဟူသည်။ သဉ္ဇာနိတွာ၊ လျက်။ ဝုဋ္ဌာပေန္တိယာ၊ ပဉ္စင်းခံသော။ ဥပဇ္ဈာယာယ။ အား။ ဂဏပရိယေသနာဒီသု၊ တို့၌၎င်း။ ဉတ္တိကမ္မဝါစာသုယေဝနစ၊ အားဖြင့်၎င်း။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ကမ္မဝါစာပရိယောသာနေ၊ ၌။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

## သိက္ခမာန သိက္ခာပုဒ်

ဆသုဓမ္မေသု၌ ဆဓမ္မအရကို ပေါ်ပြ၍၊ အသိက္ခိတ သိက္ခာနှင့် သိက္ခမာနတို့၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

သဝေမ္မအရကား ...ပါဏာတိပါတာ ဝေရမဏိ အစ ဝိကာလဘောဇနာ ဝေရမဏိ အဆုံးရှိသော ခြောက်ပါး တည်း။ သိက္ခာပုဒ်ကို လုံးဝ မဆောက်တည်ရသေးသူ, ဆောက်တည်ပြီးမှ ပျက်သွားသူကို အသိက္ခိတသိက္ခာ ဟု ခေါ်သည်။ ဆိုင်ရာ ကျင့်ဝတ်တရားများကို ကျင့်တတ် မြတ်နိုးဘတ်သောကြောင့် သိက္ခမာနဟု ခေါ်ပါသည်။

ဆသု ဓမ္မေသူတိ ပါဏာတိပါတာ ဝေရမဏိ အာဒိသု ဝိကာလဘောဇနာဝေရမဏိ ပရိယောသာနေသု ဆသု သိက္ခာပဒေသု၊ အသိက္ခိတသိက္ခံ့ ပဒဘာဇနေ ဝုတ္တနယေနေဝ အဒိန္နသိက္ခံဝါ ကုပိတသိက္ခံဝါ၊ သိက္ခမာနံ ဝုဋ္ဌာပေယျာတိ တေသု ဆသုဓမ္မေသု သိက္ခနတော တေဝါ သိက္ခာသမ္မိတေ ဓမ္မေ မာနနတော။

ဆသုဓမ္မေသူတိ၊ ဟူသည်။ ပါဏာတိပါတာဝေရမဏိ အာဒိသု၊ ကုန်သော။ ဝိကာလဘောဇနာ ဝေရမဏိပရိယောသာနေသု။ ကုန်သော။ ဆသုသိက္ခာပဒေသု၊ တို့၌။ အသိက္ခိတသိက္ခံ့၊ ဟူသည်။ ပဒဘာဇနေ၊ ၌။ ဝုတ္တနယေန၊ ဖြင့်။ အဒိန္နသိက္ခံဝါ၊ ဖြစ်သော။ ကုပိတသိက္ခံဝါ၊ ပျက်သော သိက္ခာ ရှိသည်လည်းဖြစ်သော။ သိက္ခမာနံ ဝုဋ္ဌာပေယျာတိ၊ ဟူသည်။ တေသုဓမ္မေသု၊ တို့၌။ သိက္ခနတော၊ ကျင့်တတ်သောကြောင့်။ သိက္ခာသမ္မိတေ၊ ကုန်သော။ တေဓမ္မေ၊ တို့ကို။ မာနနတော၊ မြတ်နိုးတတ်သောကြောင့်။

---

နှစ်နှစ်တိုင် ဆိုင်ရာကျင့်ဝတ်များကို ကျင့်ပြီး သော သိက္ခမာန်ကို ပဥ္စင်းခံပေးလိုပါက မည်သို့ ပြုလုပ်

ဇုဆ္ဆာသယ ၂၄၄–၃၀

ရသေးပါသနည်း။ မဟာသိက္ခမာန် အမည် ရသူကိုကို လည်း ညွှန်းခဲ့ပါ။

ဥပသမ္ပဒသမ္မုတိပေးမှုကို ပြုရပါသေးသည်။ တတိယ, စတုတ္ထလာ သိက္ခာပုဒ်အရ သိက္ခမာန်တို့ကား အသက် (၂၀) ကျော်ပြီဖြစ်၍ မဟာသိက္ခမာန်ဟု ခေါ်ရပါမည်။

ဣမာ ဒွေပိ မဟာသိက္ခမာနာနာမ။

ဣမာဒွေပိ၊ဤနှစ်ယောက်ကုန်သောသိက္ခမာန်တို့သည်လည်း။မဟာသိက္ခမာနာ နာမ၊ မည်ကုန်၏။

---

ဂိဟိဂတနှင့် ကုမာရိဘူတ တို့၏ အဓိပ္ပါယ် ကို ရေး၍၊ မာတုဂါမတို့မှာ အဘယ့်ကြောင့်နှစ်နှစ်တိုင်တိုင် သိက္ခမာန်ကျင့်ရသည့်ကိုလည်း ရေးခဲ့ပါ။

ဂိဟိဂတဟူသည် ယောကျ်ားသွားလာဘူးသော သူတည်း။ ကုမာရိဘူတဟူသည် ယောကျ်ားနှင့်မဆက်ဆံ မသွားလာဘူးသော အပျိုစစ်စစ်တည်း။ မာတုဂါမတို့မှာ စိတ်ထားတည်ကြည်မှုနည်းသောကြောင့် နှစ်နှစ်တိုင်တိုင် သိက္ခမာန်ကျင့်ရပါသည်။

---

## သဟာဇိဝိနီ သိက္ခာပုဒ် စသည်

မည်သို့မျိုးမြွက်သည်ကို နေဝအနုဂ္ဂဏေယျဟု ခေါ်၍ ပဝတ္တိနီ, နာနုဗန္ဓေယျ, နေဝဝူပကာသေယျ တို့၏အဓိပ္ပါယ်ကိုလည်း စုံလင်စွာရေးခဲ့ပါ။

စာပေကျမ်းဂန် သင်ကြားပေးခြင်း စသည်ဖြင့် မချီးမြှောက်ခြင်းကို နေဝအနုဂ္ဂဏှာယျဟုခေါ်ပါသည်။ ပဋ္ဌင်းခံပေးသူ ဥပဇ္ဈာယ်ဆရာမကို ပဝတ္တိနီ ဟုခေါ်ပါသည်။ ဥပဇ္ဈာယ်ဆရာမအား မျက်နှာသစ်ရေ, ဒန်ပူ, ကဝ်ခြင်းစသော ဝတ်ကြီး ဝတ်ငယ် အသွယ်သွယ်ကို မပြုဘဲနေခြင်းကို နာနုဗန္ဓေယျဟု ခေါ်၏။ ရည်းစားဟောင်း, လင်ဟောင်းတို့၏ အနှောက်အယှက်မှကင်းလွတ်ရန် အနည်းဆုံး ငါးယူဇနာ, ခြောက်ယူဇနာ ဝေးသော အရပ်သို့ ခေါ်ဆောင်မသွားခြင်းကို နေဝဂူပကာသေယျဟု ခေါ်ပါသည်။

အ၂၁။ စိတ်ကိုဆုံးဖြတ်လိုက်သည်နှင့် တပြိုင်နက် ပါစိတ်သင့်ကြဲသော သိက္ခာပုဒ်များတည်း။

နေဝ အနုဂ္ဂဏှေယျာတိ သယံ ဥဒ္ဒေသာဒီဟိ နာနုဂ္ဂဏှေယျ၊ ဝုဋ္ဌာပိတံ ပဝတ္တိနိန္တိ ဝုဋ္ဌာပိတံ ပဝတ္တိနိံ ယာယ ဥပသမ္ပါဒိတာ တံ ဥပဇ္ဈာယိနိန္တိ အတ္ထော၊ နာနုဗန္ဓေယျာတိ စုဏ္ဏေန မတ္တိကာယ ဒန္တကဋ္ဌေန မုခေါဒကေနာတိ ဧဝံ တေန တေန ကရဏီယေန နုပဋ္ဌာပေယျ နေဝဂူပကာသေယျာတိ န ဂေါပေတွာ ဂစ္ဆေယျ။

နေဝအနုဂ္ဂဏှေယျာတိ၊ ဟူသည်။ သယံ၊ တိုင်။ ဥဒ္ဒေသာဒီဟိ၊ ပါဠိသင်ခြင်း စသည်တို့ဖြင့်။ နာနုဂ္ဂဏှေယျ၊ အံ့။ ဝုဋ္ဌာပိတံပဝတ္တိနိန္တိ၊ ဟူသည်။ ဝုဋ္ဌာပိတံ၊ ပဋ္ဌင်းခံပေးသော။ ပဝတ္တိနိံ၊ ဥပဇ္ဈာယ်ဖြစ်သော ဘိက္ခုနီမကို။ ယာယဘိက္ခုနိယာ၊ သည်။ ဥပသမ္ပါဒိတာ

၏။ တံဥပဇ္ဈာယံ၊ ကို။ ဉတ္တိအယံ၊ လျှင်။ အဇ္ဈော၊ တည်း။ နာဉနု ဗန္ဓေယျာတိ၊ ဟူသည်။ စုဏ္ဏေနစ၊ ရေချိုးကသယ်မှုန့်ဖြင့်ရင်း။ မတ္တိကာယစ၊ မြေမှုန့်ဖြင့်ရင်း။ ဒန္တကဋ္ဌေနစ၊ ဖြင့်ရင်း၊ မုခေါဒကေနစ၊ ဖြင့်ရင်း။ ဉတ္တိဧဝံ၊ သို့သော။ တေနတေန ကရဏီယေန၊ ဖြင့်။ နဉပဋ္ဌာပေယျ၊ အံ့။ နေဝဂူပကာသေယျာတိ၊ ဟူသည်။ ဂဟေတွာ၊ ၍။ နဂန္ဓေယျ၊ အံ့။

---

ဂိဟိဂတသိက္ခမာန်၏ ပဥ္စင်းခံ ပေးထိုက်သော အင်္ဂါများကို ဖော်ပြခဲ့ပါ။

(၁) တသဲ့နှစ်နှစ် ပြည့်ခြင်း၊ (၂) သိက္ခာပုဒ်ခြောက်ပါးကို နှစ်နှစ်တိုင်တိုင် ကျင့်ပြီးခြင်း၊ (၃) သံဃာ့ထံမှ ဝုဋ္ဌာနသမ္မုတိကို ရခြင်းအားဖြင့် သုံးပါးရှိပါသည်။

ဂရုဓမ်နိဒါန်း ပြီး၏။

---

## ကုမာရီဘူတဝဂ်

## ပဌမ ကုမာရီဘူတ သိက္ခာပုဒ်စသည်

ကုမာရီဘူတ သိက္ခာမာန်၏ ပဥ္စင်းခံ ပေးထိုက်သော အင်္ဂါတို့ကို ဖော် ပြ၍ ဂိဟိဂတ, ကုမာရီဘူတ, မဟာသိက္ခမာန်တို့ကို အသက်အားဖြင့် ခွဲခြားပြခဲ့ပါ။

ကုမာရီဘူတ သိက္ခမာန်၏ ပဥ္စင်းခံပေးထိုက်သော အင်္ဂါများကား- (၁) အသက်နှစ်ဆယ် ပြည့်ခြင်း။ (၂) သိက္ခာပုဒ် ခြောက်ပါးကို နှစ်နှစ်တိုင်ကျင့်ပြီးခြင်း။ (၃) သံဃာ့ထံမှ ဝုဋ္ဌာန သမ္မုတိကို ရခြင်း အားဖြင့်

သုံးပါးတည်း။ ဆယ်နှစ်မှတဆဲ့ရှစ်နှစ်အထိကို ဂိဟိဂတ၊ တဆဲ့ရှစ်နှစ်မှ နှစ်ဆယ်အထိကို ကုမာရိဘူတာ။ အသက်နှစ်ဆယ်ကျော်လျှင် မဟာသိက္ခမာန်ဟု ခေါ်ပါသည်။

အမှာ။ သိက္ခမာန် သုံးမျိုးအတူးကို ရေးခဲ့ပါဆိုကလည်း အထက်ပါ အတိုင်းပင် ရေးလေ။

---

ဂိဟိဂတမှာ တဆဲ့နှစ်နှစ်ဖြင့် ရဟန်းခံခွင့် ရပါလျက် ကုမာရိဘူတာမှာ အဘယ့်ကြောင့် အသက်နှစ်ဆယ်ပြည့်မှ ရဟန်းခံခွင့်ကို ရပါသနည်း။

ကုမာရိဘူဘာမှာ စိတ်ရောကိုယ်ပါ နုံနယ်ကြသောကြောင့် အသက်နှစ်ဆယ်ပြည့်မှ ပဉ္စင်းခံရပါသည်။

---

သိက္ခမာန်တို့ကို သိက္ခာသမ္မုတိပေးရာ ဝုဋ္ဌာနသမ္မုတိပေးရာ ဉတ်ကမ္မဝါစာတို့၌ သိက္ခမာန် အလိုက်မည့်ကဲ့သို့ ရွတ်ဘတ် ခေါ်ဆိုလိုက်သည်ကို ရေးခဲ့ပါ။

ဂိဟိဂတ သိက္ခမာန်ကို အသက် တဆဲ့ရှစ်နှစ်မပြည့်သေးလျှင်ဂိဟိဂတာဟူ၍သာ ခေါ်ရသည်၊ တဆဲ့ရှစ်နှစ်မှ နှစ်ဆယ်အတွင်း ဖြစ်မူ ဂိဟိဂတာဟူ၍၎င်း, ကုမာရိဘူတာဟူ၍၎င်း ခေါ်နိုင်ပါသည်။ ကုမာရိဘူတာ.သိက္ခမာန်ကို ကုမာရိဘူတာဟူ၍သာ ခေါ်ရပါသည်။ မဟာသိက္ခမာန်ကိုကား- ဂိဟိဂတာဖြစ်ဖြစ် ကုမာရိဘူတာဖြစ်

ဖြစ် သိက္ခမာနာဟူ၍သာ ခေါ်ရပါသည်။ ဂိဟိဂတာ ကုမာရိဘူတာဟူ၍ မခေါ်ရပါ။

---

● ဘိက္ခုနီမ၏ ဥပသမ္ပဒာယ်ဆရာပြုထိုက်သောအင်္ဂါ တို့ကို ရေးခဲ့ပါ။

တဆဲ့နှစ်ဝါရှိခြင်း၊ သံဃာ့ထံမှ ဝုဋ္ဌာပနသမ္မုတိ ရရှိခြင်းအားဖြင့် နှစ်ပါးဖြစ်ပါသည်။

---

## ဒိယျနဝဂ္ဂဒီ သိက္ခာပုဒ်

---

● ဒိယျနဝဂ္ဂ အာပတ္တေယျာ၌ ဂိဟိချပုံကို ပြဆို၍ ပုရိသနှင့် ကုမာရကတို့၏ အထူးကိုလည်း ရေးခဲ့ပါ။

ဂိဟိချပုံကား- ငါတယောက်ထည်းသာ ဗာလအဗျတ္တ အလကားကောင်မဖြစ်သလောစသည်ဖြင့် ဂိဟိချပါသည်။ ပုရိသနှင့်ကုမာရကတို့၏ အထူးကား-အသက် နှစ်ဆယ် ပြည့်သောယောကျ်ားကို ပုရိသဟု ခေါ်၏၊အသက်နှစ် ဆယ် မပြည့်သေးသူကို ကုမာရကဟုခေါ်ပါသည်။

> ပဏ္ဍာ အညာသံ ဗျတ္တာနံ လဇ္ဇိနီနံ ဝုဋ္ဌာပန သမ္မုတိ၊ ဒိယျမာနံ ဒိသွာ အဟာမေဝ နူနဗာ လာတိ အာဒိနိ ဘဏာမာနာ ယဏ္ဍ ကဏ္ဍဝိ ဒိယေယျ။

ပဿာ၊ နောက်ကာလ၌။ အညာသိံ၊ ကုန်သော။ ဗျတ္တာနံ၊ ကုန်သော။ လဇ္ဇီနီနံ၊တို့အား။ ဥပဇ္ဈာပနသမ္မုတိံ၊ကို။ ဒိယျမာနံ၊ ကို။ ဒိသွာ၊၍။ အဟမေဝ၊လျှင်။ ဗာလာနုနာ၊လော့။ ဉာတိအာဒိနိ၊ တို့ကို။ ဘဏာမာနာ၊လျက်။ ယတ္ထကတ္ထစိ၊၌။ ခိဓေယျ၊အံ့။

---

● သောကာဝါသ၏ အဓိပ္ပါယ်ကိုဖော်ပြ၍ မာတာပိတုပဟိ၌ မာတာပိတုအရ မိဘရင်းနှင့် မွေးစားသူတွင် မည်သည့်ကို ယူရပါမည်နည်း။

ယောကျ်ားတို့အား ပူဆွေးစိတ်ညစ် သောကကို ဖြစ်စေတတ်သောသူ၊ သို့မဟုတ် ယောကျ်ားတို့ အတွက် သောကမီးတောက်၍ ဒုက္ခရောက်နေသူကို သောကာဝါသဟု ခေါ်ပါသည်။ မာတာပိတုအရ မွေးစားသော မိဘကို မယူရပါ၊ မိဘရင်းကိုသာ ယူရပါမည်။

> ပုရိသာနံ အန္တော သောကံ ပဝေသေတီတိ သောကာဝါသာ၊ တံ သောကာဝါသံ၊ အထဝါ ဃရံဝိယ ဃရသာမိကာ အယမ္ပိ ပုရိသသမာဂမံ အလဘမာနာ သောကံ အာဝိသတိ ဉာတိ ယံ အာဝိသတိ၊ မာတာပိတူဟီတိ ဝိဇာတကမာတာပိတုဟိ ဇနကပိတာရောစ။

ပုရိသာနံ၊တို့၏။ အန္တော၊၌။ သောကံ၊စိုးရိမ်ခြင်းကို။ ပဝေသေတိ၊ ၏။ ဉာတိတသ္မာ၊ကြောင့်။ သာ၊သည်။ သောကာဝါသာ၊ မည်၏။ တံ သောကာဝါသံ၊ ထိုယောကျ်ားတို့၏ အတွင်း၌ သောကပင်စေတတ်သော သိက္ခမာန်ကို။ အထဝါ၊ ကား။ ဃရံ၊သို့၊ ဃရသာမိကာ၊

တို့သည်။ အာဝိသန္တိဝိယ၊ ကုန်၏သို့။ အယမ္ပိ၊ ဤသိက္ခာပုဒ်သည်လည်း။ပုရိသသမာဂမံ၊ယောက်ျားနှင့်ပေါင်းဖော်ခြင်းကို။ အလဘမာနာ၊ဖြစ်၍။ သောကံ၊သို့။ အာဝိသတိ၊၏။ ဣတ္ထိဝေ၊သို့။ ယံ သောကံ၊သို့။ သာ၊သည်။ အာဝိသတိ၊၏။ မာတာပိတုဟိတိ၊ ဟူသည်။ ဝိဇာတမာတာရာစ၊ မွေးပေးသော အမိရင်းသည်၎င်း။ ဇနကပိတရာစ၊ ဖြစ်စေတတ်သော အဘရင်းသည်၎င်း။

---

● ရှင်ပြုခွင့် ရသူ မိန်းကလေးကို ပဉ္စင်းခံပေးလိုသောအခါ သက်ဆိုင်ရာမိဘနှင့်လင်သားများ အပေါ် ထပ်မံ၍ ပန်ကြားရဦးမည်လော ဖြေဆို၍ ရဟန်းများ အတွက် ပန်ကြားခြင်း မပြုကမည်သည့် အာပတ်သင့်သည်ကိုလည်း ရေးခဲ့ပါ။

မိန်းမများ အတွက် ရှင်ပြုရန်တကြိမ် ရဟန်းပြုရန် တကြိမ်အားဖြင့် နှစ်ကြိမ် ခွင့်ပန်ရမည် ဖြစ်၍ ထပ်မံ ပန်ကြားရပါဦးမည်၊ ရဟန်းတော်များအတွက်ရှင်ပြုခွင့်ရလျှင် ရဟန်းပြုရန်မှာ ထပ်မံ၍ ခွင့်ပန်ရန် မလိုတော့ပါ၊ အကယ်၍ ခွင့်မရက ဘိက္ခုနီမှာ ပါစိတ်သင့်၍ ဘိက္ခုမှာ ဒုက္ကဋ် အာပတ် သင့်ပါသည်။

ဒွိက္ခတ္တုံ့ဗြ ဘိက္ခုနီပဟ် အာပုစ္ဆိတဗ္ဗံ ပဗ္ဗဇနကာလေစ ဥပသမ္ပဒါကာလေစ ဘိက္ခုနံ့ ပန သကိံ အာပုစ္ဆိတေပိ ဝဋ္ဋတိ။

ဒွိက္ခတ္တုံ့နှစ်ကြိမ်။ ဟိ-ယသ္မာ၊ကြောင့်။ ဘိက္ခုနိယာ၊ တို့သည်၊ ပဗ္ဗဇနကာလေစ၊ဦရင်း။ ဥပသမ္ပဒါကာလေစ၊ရင်း။ အာပုစ္ဆိတဗ္ဗံ၊၏။

ဘိက္ခုနိုပန်၊ တို့အားကား။ သက်ိ၊ တကြိမ်။ အာပုစ္ဆိတော်ပါ၊ ပန်
သေ်ာ်လည်း။ ဝ ဋ္ဌတိ၊ ၏။

---

## ပါရိဝါသိယ သိက္ခာပုဒ်

ပါရိဝါသိယ အပြားကိုရေး၍ ဤ၌လိုအပ်သော ပါရိဝါသိယများကိုလည်း ရေးခဲ့ပါ။

ပရိသပါရိဝါသိယ, ရတ္တိပါရိဝါသိယ, ဆန္ဒပါရိဝါသိယ, အဇ္ဈာသယ ပါရိဝါသိယအားဖြင့် လေးမျိုး ရှိပါသည်။ ဤ၌ ဆန္ဒနှင့် အဇ္ဈာသယပါရိဝါသိယတို့ကို အလိုရှိပါသည်။

> တတ္ထ စတုဗ္ဗိဓံ ပါရိဝါသိယံ ပရိသပါရိဝါသိယံ ရတ္တိပါရိဝါသိယံ ဆန္ဒပါရိဝါသိယံ အဇ္ဈာသယ ပါရိဝါသိယန္တိ။

တတ္ထဝစနေ၌။ ပါရိဝါသိယံ၊သည်။ ပရိသပါရိဝါသိယဥ္၊ ၎င်း။ လ။ ဉတ္တိ၊သို့။ စတုဗ္ဗိဓံ၊လေးပါးအပြားရှိ၏။

---

ဆန္ဒပါရိဝါသိက ဆန္ဒသိုးခြင်းဟူသည်အဘယ်ပါသနည်း။

ဆန္ဒပေးမှုသည် သုံးအပ်ပြီဖြစ်သည် နောက်ထပ်သုံး၍ မရတော့ပြီ ဆန္ဒပေးမှု ကင်းလေပြီ ဖြစ်ခြင်းကို ဆန္ဒသိုးခြင်းဟု ခေါ်ပါသည်။

ကုမာရိဘူတဝဂ် ပြီး၏။

## ဆတ္တုပါဟနဝဂ်

## ဆတ္တုပါဟန သိက္ခာပုဒ်

● ဂိလာနမဟုတ်ဘဲ ထီးဖိနပ်ကိုဆောင်ရာ၌ သင့်ရောက်ထိုက်သော အာပတ်တို့ကိုပေါ်ပြ၍၊ ထီးဖိနပ် နှစ်မျိုးတွင် တမျိုးသာဆောင်ရာ၌ မည်သည့်အာပတ် သင့်ပါသနည်း။

မနာဖျားဘဲ ထီးကိုဆောင်းခြင်း, ဖိနပ်ကိုစီးခြင်းဖြင့် ခရီးသွားအံ့-တချက်သော ပယောဂအတွက် ပါစိတ် တချက်သာ၊ ထီးကို ဆောင်းလိုက် ဝိတ်လိုက် ဖိနပ်ကို လည်း ချွတ်လိုက်စွပ်လိုက်လုပ်ပါက ထိုပယောဂအလိုက် ပါစိတ်အာပတ်သင့်ပါသည်။ ထီးဖိနပ် နှစ်မျိုးလုံးဆောင် ပါမှ ပါစိတ်အာပတ် သင့်ရကား တမျိုးသာဆောင်က ဒုက္ကဋ်အာပတ်သာသင့်ပါသည်။

ပရိဘောဂဝသေန မဂ္ဂဂမနေ ဧကပယောဂေ
န ဒိဝသမ္ပိ ဓာရေန္တိယာ ဧကာ အာပတ္တိ၊
သစေပန တာဒိသံ ဌာနံ ပတွာ ဆတ္တဉ္စ အပနာ
မေတွာ ဥပါဟနာပိ ဩမုဉ္စိတွာ ပုနပ္ပုနံ ဓာ
ရေတိ ပယောဂ ဂဏနာယ ပါစိတ္တိယံ။

ပရိဘောဂဝသေန၊ ဖြင့်။ မဂ္ဂဂမနေ ၌။ ဧကပယောဂေန၊ ဖြင့်။ ဒိဝသမ္ပိ၊ လည်း။ ဓာရေန္တိယာ၊ အား။ ဧကာအာပတ္တိ၊ သည်။ ဟောတိ၊ ၏။ သစေပန၊ ကား။ တာဒိသံ၊ ယော။ ဌာနံ၊ သို့။ ပတွာ၊ ၍။

ဆတ္တမ္ပိ၊ ကိုလည်း။ အပနေတွာ၊ ၍။ ဥပဟနံပိ၊ ကိုလည်း။ ဩမုဉ္စိတွာ၊ ၍။ ပုနပ္ပုနံ။ လဲ။ ဓာရေသိ၊ အံ့။ ပယောဂ ဂဏနာယ၊ တိုင်း။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

● ကျန်းမာသန့်ရှင်း ရောဂါကင်းသူဖြစ်ပြီး ထီးနှင့် ဖိနပ်ကိုဆောင်သော်လည်း အာပတ်မသင့်သောဌာနရှိ က လျှော်ပေါ်ပြ၍၊ ယာနသိက္ခာပုဒ်၌ ယာဉ်များကို အာရာမ အာရာမူပစာရတွင် စီးခွင့်ရမရကိုလည်း ရေးခဲ့ပါ။

ကျန်းမာသန့်ရှင်းလျက် ထီး ဖိနပ်ကို ဆောင်သော်လည်း အာပတ်မသင့်သောဌာနကား–အာရာမနှင့် အာရာမူပစာရတို့ဖြစ်ပါသည်။ ယာနသိက္ခာပုဒ်၌ကား– အနာပတ္တိဝါရဝယ် အာရာမ အာရာမူပစာရဟု မလာသောကြောင့် စီးခွင့်မရဘဲ အာပတ်သင့်ပါသည်။

> အာရာမေ အာရာမူပစာရေ ဓာရေန္တိယာ (အနာပတ္တိ)အနာပတ္တိယံ အာရာမေ အာရာမူပစာရေတိ နတ္ထိ။

အာရာမေဝါ၊ ၌ရင်း၊ အာရာမူပစာရေဝါ၊ ၌ရင်း။ ဓာရေန္တိယာစ၊ အားရင်း။ အနာပတ္တိ၊ မသင့်။ အနာပတ္တိယံ၊ ၌။ အာရာမေ အာရာမူပစာရေတိ၊ ဟူ၍။ နတ္ထိ၊ မရှိ။

---

## ဂန္ဓဝဏ္ဏကာဒိ သိက္ခာပုဒ်

● ဂန္ဓ, ဝဏ္ဏ, ပိညာကတို့၏အရကို ဖော်ပြ၍ ယင်း သိက္ခာပုဒ်တို့၏ အာပတ်သင့်ပုံကိုလည်း ရေးခဲ့ပါ။

အငွေ့အကြိုင်အနံ့ကိုဂန္ဓ၊ သနပ်ခါးစသောနံ့သာရည်ကို ဝဏ္ဏ၊ အမွှေးနံ့သာတို့ဖြင့်ထုံအပ်သော နှမ်းမှုန့်ညက်ကို ပိဋ္ဌကဟု ခေါ်ပါသည်။ ရေချိုးရန် ပြုလုပ်သည်မှစ၍ လိုလပယောဂတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ ရေချိုးပြီးလျှင် ပါစိတ်အာပတ်သင့်၏။

ဂန္ဓဝဏ္ဏကေနာတိ ယေန ကေနစိ ဂန္ဓေန စ ဝဏ္ဏကေန၊ ပိဋ္ဌကေနာတိ တိလပိဋ္ဌေန ရာဝ ဂန္ဓာဒိယောဇနတော ပဋ္ဌာယ ပုဗ္ဗပယောဂေ ဒုက္ကဋံ နှာနပရိယောသာနေ ပါစိတ္တိယံ။

ဂန္ဓဝဏ္ဏကေနာတိ၊ ဟူသည်။ ယေနကေနစိ၊ သော။ ဂန္ဓေနစ၊ ဖြင့်၎င်း။ ဝဏ္ဏကေနစ၊ နံ့သာပေါင်းဖြင့်၎င်း၊ ပိဋ္ဌကေနာတိ၊ ဟူသည်။ တိလပိဋ္ဌေန၊ နှမ်းမှုန့်ဖြင့်။ ရာဝ၊ ဤသိက္ခာပုဒ်၌၊ ဂန္ဓာဒိယောဇနတော၊ နံ့သာစီရင်သည်မှ။ ပဋ္ဌာယ၊ ၍ ပုဗ္ဗပယောဂေ၊ ၌။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏၊ နှာနပရိယောသာနေ၊ ၌။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

အနာပုစ္ဆာ သိက္ခာပုဒ်

ဘိက္ခုသပုရတောအရ ရှေတည့်တည့်ကိုသာ ယူရမည်လော ဖြေဆို၍၊ မည်ကဲ့သို့ ပန်ကြားရမည်ကိုလည်း ရေးခဲ့ပါ။

ရှေ့တည့်တည့်ကိုသာ မဟုတ် ရဟန်းပတ်ပတ်လည် တဆဲ့နှစ်တောင်အရပ်ကိုပါ ယူရပါမည်။ နိသိဒါမိအယျ ထိုင်ပါရစေ အရှင်ဘုရားဟု ပန်ကြားရပါမည်။

ဘိက္ခုသ္သ ပုရဘောဇတိ န အဘိမုခမေ၀ါတိ
အဗ္ဘော၊ ဇုဒ်ပန ဥပစာရံ သန္တာယ ကာယ်တန္တိ
ဝေဒိတဗ္ဗံ။

ဘိက္ခုဿပုရတောဇတိ ပဒဿ၊ ၏။ အဘိမုခမေ၀ါတိ အဗ္ဗော၊ ကို။ နဒဋ္ဌဗ္ဗော၊ အပ်၊ ဇုဒ်ပနဝစနံ၊ ကို။ ဥပစာရံ၊ ကို။ သန္တာယ၊ ၍။ ကထိတံ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

---

## အသံကစ္ဆိက သိက္ခာပုဒ်

မည်ကဲ့သို့သော အဝတ်ကို အသံကစ္ဆိကာဟု ခေါ်ပါသနည်း၊ ယင်းအသံကစ္ဆိကာကို မည်သည့်ကိုယ် အရပ်၌အသုံးချသည်ကိုလည်း ရေးခဲ့ပါ။

သားမြတ်နှင့် ဝမ်းဗိုက်ကို စီးသော အဝတ်ကို အသံ ကစ္ဆိကာဟု ခေါ်ပါသည်။ ယင်းအသံကစ္ဆိကာကို ညှပ်ရိုး နှစ်ဘက်၏အောက်, ချက်၏ အထက်ဖြစ်သော ကိုယ် အရပ်၌ သုံးရပါမည်။

အသံကစ္ဆိကာတိ အဓက္ခက ဥဗ္ဘနာဘိမဏ္ဍလ
သင်္ခါတဿ သရီရဿ ပဋိစ္ဆာဒနတ္ထံ အနုညာတ
သံကစ္စိက ဝိရဟိတာ။

အသံကစ္စိကာတိ၊ ဟူသည်။ အဓက္ခကဥဗ္ဘနာဘိမဏ္ဍလသင်္ခါတဿ၊ ညှပ်ရိုးအောက်ချက်၏အထက်ဟုဆိုအပ်သော။ သရီရဿ၊ ကိုယ်ကို၊ ပဋိစ္ဆာဒနတ္ထံ၊ ငှါ။ အနုညာတ သံကစ္စိက ဝိရဟိတာ၊ ခွင့်ပြုအပ်သော ရင်လွှမ်းသင်္ကန်းမှ ကင်း၍။

● ရင်လွှမ်းမပါဘဲ ရွာတွင်းကိုသို့ ဝင်သောဘိက္ခုနီမအား မည်သည့် အခါ၌ မည်သည့် အာပတ်သင့်သည်ကိုလည်း ရေးခဲ့ပါ။

အမှဲ့ရှိသောရွာဖြစ်က အရံ၏ အတွင်း အရံမရှိက ရွာ၏ ဥပစာအတွင်းကို ပဌမခြေလှမ်း နင်းမိက ဒုက္ကဋ် အာပတ်သင့်၏၊ ဒုတိယ ခြေလှမ်းနင်းမိလျှင် ပါစိတ် အာပတ်သင့်၏။

ပရိက္ခိတ္တဿ ဂါမဿ ပရိက္ခေပံ အပရိက္ခိတ္တဿ
ဥပစာရံ အတိက္ကမန္တိယာဝါ ဩက္ကမန္တိယာဝါ
ပဌမပါဒေ ဒုက္ကဋံ၊ ဒုတိယေ ပါစိတ္တိယံ။

ပရိက္ခိတ္တဿ၊ သော။ ဂါမဿ၊ ၏။ ပရိက္ခေပံ၊ ကို။ အပရိက္ခိတ္တဿ၊ သော။ ဂါမဿ၊ ၏။ ဥပစာရံ၊ ကို။ အတိက္ကာမေန္တိယာဝါ၊ လွန်သောဘိက္ခုနီမအားရင်း။ ဩက္ကမန္တိယာဝါ၊ သက်သောဘိက္ခုနီမအားရင်း။ ပဌမပါဒေ၊ ၌။ ဒုက္ကဋံ၊ သည်။ ဟောတိ၊ ၏။ ဒုတိယေ၊ ၌။ ပါစိတ္တိယံ၊ သည်။ ဟောတိ၊ ၏။

---

● အသာဓာရဏကိုးဆဲ့ခြောက်ပါးတို့တွင် အစိတ္တကလောကဝဇ္ဇ အစိတ္တကပဏ္ဏတ္တိဝဇ္ဇတို့ကို ခွဲခြားပြခဲ့ပါ။

အစိတ္တက လောကဝဇ္ဇများကား-ဂိရဂ္ဂသမဇ္ဇ, စိတ္တာဂါရ, သံဃာနီ, ဣတ္ထာလင်္ကာရ, ဂန္ဓဝဏ္ဏက, ဝါသိတပိညာက, ဥမ္မဒ္ဒနပရိမဒ္ဒန သိက္ခာပုဒ်ပေါင်း စတုက္က အားဖြင့် ဆယ်ပါးဖြစ်ပါသည်။ ကြွင်း သစိတ္တက ပဏ္ဏတ္တိဝဇ္ဇ တည်း။ အစိတ္တက ပဏ္ဏတ္တိဝဇ္ဇကား-စောရီ, ဝုဋ္ဌာပန,

ဂါမန္တရ, အာရာမ, ဂဗ္ဘိနီစသော ခုနစ်ပါး ကုမာရိဘူတာ စသော သိက္ခာပုဒ် ငါးပါး, ပုရိသသံသဋ္ဌ, ပါရိဝါသိယဆန္ဒဒါန, အနုဝဿဝုဋ္ဌာပန, ဧကန္တရိကဝုဋ္ဌာပနအားဖြင့် တဆဲ့ကိုးပါးဖြစ်ပါသည်။ (ကြွင်း ခုနစ်ဆဲ့ခုနစ်ပါးသည် သစိတ္တကလောကဝဇ္ဇတည်း။)

**အမှာ။** ပါဋိဒေသနီ သေခိယ အဓိကရဏတို့မှာ ဘိက္ခုပါတိမောက် အတိုင်းဖြစ်၍ သိသာလောက်သဖြင့် ရေးဘွယ်မရှိပြီ၊
ဘိက္ခုနီပါတိမောက်ပြီး၏။

---

## နောက်ဆက်တွဲ

**သိက္ခာချဘွယ်မရှိ**-ဘိက္ခုနီများဝယ် ရဟန်းတော်များ ကဲ့သို့ လူထွက်လိုလျှင် သိက္ခာချခြင်းမရှိ လူဝတ်လဲသည် နှင့်တပြိုင်နက် ဘိက္ခုနီအဖြစ်မှကင်းတော့၏၊ ထို့ကြောင့် ပင် ပါဠိတော်ဝယ် သိက္ခာသာဇီဝ သမာပန္နာ သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ မပါတော့သည်။

**ကာယသံသဂ္ဂရာဂ**-ကိုယ်အင်္ဂါချင်း နှီးနှောလို ကိုင် လို ထိလိုသောရာဂကို ကာယသံသဂ္ဂရာဂဟုခေါ်သည်။

**ဥဗ္ဘဇာဏုမဏ္ဍလံ** - ဇာဏုမဏ္ဍလဿ ဥဗ္ဘံ, ဥဗ္ဘ ဇာဏုမဏ္ဍလံ,ဥဗ္ဘဇာဏုမဏ္ဍလေ သာဒိယတီတိ ဥဗ္ဘ ဇာဏုမဏ္ဍလိကာ။

**ဥဿယဝါဒိကာ**-ဥဿယေနဝဒတီတိ ဥဿယဝါဒိ ကာ ဥဿယ၌ ဥ ရှေးရှိသော သိဓာတ် အပစ္စည်း။

**နိဿာရဏီယ**-သံဃာတော နိဿာရေတိတိ နိဿရဏီယံ-နှင်ထုတ်ဟူရာ၌ ဥက္ခိတ္တက ရဟန်းကို အပေါင်း အသင်းမပြုဘဲ ကြဉ်ဖဲ ထားခြင်းမျိုး မဟုတ်၊ သံဃာဒိသေသ်အာပတ် ထုံးစံအတိုင်း မာနတ်ဆောက်တည်ခိုက်၌ မာနတ်နှင့်သက်ဆိုင်သော ကျင့်ဝတ်များကိုကျင့်နေရသဖြင့် သံဃာမှနှင်ထုတ်ရာရောက်သူကို ခေါ်သည်။

**သကျဓိတာ**-ရဟန်းယောကျ်ားများကို သကျပုတ္တခေါ် သကဲ့သို့ ရဟန်းမဟူသမျှကို သာကီဝင် မင်းသမီး ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ သကျဓိတုဟု ခေါ်၏။ ကုက္ကုစ္စိကာ၌ ကုက္ကုစ္စဟူသည် အပ်မှ အပ်ပါ့မလားဟု စဉ်းစားခြင်းတည်း၊ အကုသိုလ် ကုက္ကုစ္စ စေတသိက် မဟုတ်။

**စွန့်ခြင်းဝိနည်းကံရှိသောပါစိတ်**-နိဿဂ္ဂိယံ ပါစိတ္တိယံ၌ ရှေးဦးစွာစွန့်ခြင်း ဝိနည်းကံ ပြုပြီးမှ အာပတ်သင့်ရသည်ဟု အဓိပ္ပါယ်ရ၏၊ သို့သော် ဒေသနာမကြားခင် စွန့်ခြင်း ဝိနည်းကံပြုရသောပါစိတ်ဟု ရှင်းရှင်းမှတ်သား အပ်၏။

**အညဒတ္တိက**- အညဿအဇ္ဇော အညဒဇ္ဇော အညဒတ္တာယဒိန္နော အညဒတ္တိကော။အခြားပစ္စည်း လိုချင်သည့် အတွက် စွန့်လှူအပ်သော ပရိက္ခရာသည် အညဒတ္တိက တည်း။

**အဇ္ဈုဏှိသိက**-အဇ္ဈုဏှိသိတ္တာဒိနမှာ အဇ္ဈုဏှိသိကော။ မည်သည့်ပစ္စည်းကို လဲစေ၍ သုံးဆောင်ပါဟု ပစ္စည်းတခုခုကိုတိုက်ရိုက် ညွှန်ပြ၍ လှူအပ်သော ပစ္စည်းများသည် အဇ္ဈုဏှသိက မည်၏။

---

**ဥဒကသန္တိက**-ဥဒကေန သန္တိယာ ကရဏံ ဥဒကသန္တိကံ။ ရေဖြင့် စင်ကြယ်အောင် အင်္ဂါဇာတ်ကို ရေဆေးခြင်းတည်း။

**အဒေါဓကဓည**- စပါးစိမ်းဟူရာ၌ ဟကယ့်ကို စိမ်းရို နေသော စပါးကိုသာ မဟုတ် ဆန်အဖြစ်သို့ မရောက်သေးသမျှ စပါးခုနစ်မျိုးလုံး ခြောက်သည်ဖြစ်စေ စိုသည် ဖြစ်စေ စပါးစိမ်းဟု ဆိုလိုသည်။

**ရတ္တန္ဓကာရ**-ရတ္တန္ဓကာရဇ္ဇရ နှိုင်းခင်းကြောင်တောင် ပင် ဖြစ်လင့်ကစား တစုံတခုသော အကြောင်းကြောင့် မှောင်ကျနေလျှင် ရတ္တန္ဓကာရပင် ခေါ်ရမည်။

**နိကဋ္ဋိက**- ကဏ္ဋသသသမီပံ နိကဋ္ဋံ၊ နိကဋ္ဋမေဝ နိကဋ္ဋိကံ ပြု။

**ဖုံးကွယ်ခြင်းသုံးမျိုး**- ဧရုံးအိမ်ဖြင့် ဖုံးကွယ်ခြင်း, ရေဖြင့်ဖုံးကွယ်ခြင်း, အဝတ်ရေသနုပ်ဖြင့် ဖုံးကွယ်ခြင်း အားဖြင့် သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် တမျိုးမျိုးဖြင့် ဖုံးကွယ်၍ ရေချိုးရမည်။

ဇ္ဈာသယ ၂၄၄-၃၉

**သံဃာဋိစာရ**-သံဃာဋိအရ တိစီဝရိတ် သုံးထည် ရေသနုပ်နှင့် ရင်စည်းတဘက်အားဖြင့် ငါးထည်ကိုယူ၊ စာရ အရ လှည့်လည်ခြင်းဟူသည် လဲလှယ်ခြင်း, ဝတ်ခြင်း, နေလှမ်းခြင်းပင်တည်း။

**သာမဏေစီဝရ**- ဝတ်ရုံလောက်သည့် ကပ္ပဗိန္ဒု ထိုးပြီးသော သင်္ကန်းကိုယူ၊ အင်္ဂါရိကအရ လူဟု သာမည ဆိုသော်လည်း မိဘမှတပါး အခြားသူများကိုယူ။

**ကေဒ္ဒုရဏပါဒုရဏ**-ဇော်အဍ္ဍရဏဋ္ဌေဝပါဒုရဏဋ္ဌ တောသန္တိ ကေဍ္ဍရဏပါဒုရဏာ-ဤဝိဂြဟ်အရ စောင်တထည်ကို တပိုင်းကခင်း၍ အခင်းပေါ်၌ နှစ်ပါးအတူအိပ်ပြီး တပိုင်းကို ခြုံထားခြင်းကို ကေဍ္ဍရဏပါဒုရဏ ဟုခေါ်၏။ တခင်းထည်း၌ မခြုံဘဲ အတူအိပ်သော်ရင်း, အခင်းမှာ အသီးသီးခင်း၍ အတူတူခြုံသော်ရင်း, ဒိက္ကုဋ, ဒိက္ကုဋနိတို့မှာ ဒုက္ကဋ်အာပတ်သင့်၏။

**စိတ္တာဂါရစသည်**-စိတ္တာဂါရ စသော ငါးမျိုးတွင် တမျိုးမျိုးကို အကြည့်သွားလျှင် ခြေလှမ်းတိုင်း ဒုက္ကဋ်၊ မြင်လောက်ရာ၌ရပ်၍ တမျိုးတည်းသာကြည့်က ပါစိတ် တချက်သာ ငါးမျိုးလုံးကြည့်က ပါစိတ်အာပတ် ငါးချက်သင့်၏။ ဒိက္ကုဋတို့မှာ ဒုက္ကဋ်သင့်၏။

**အာဝသထအထူး**- အာသဝထစီဝရံပါ အာဝသထကား–ဥတုလာသည့်အခါ သုံးစွဲရန် လှူဒါန်းထားသော

သင်္ချိုင်းကို အာဝသထဟု ခေါ်၏။ အာဝသထ ဝိဟာရ ပါ အာဝသထကား–တံခါးချက်တတ်သော ကျောင်းကို အာဝသထဟု ခေါ်၏။ ဤကားအသုံးတည်း။

တိရစ္ဆာနဝိဇ္ဇာများကား-ဟတ္ထိသိပ္ပ-ဆင်စီးအတတ်၊ အဿသိပ္ပ-မြင်းစီးအတတ်၊ ရထသိပ္ပ-ရထားစီးအတတ်၊ ဓနုသိပ္ပ-လေးပစ်အတတ်၊ ထရုသိပ္ပ-ဒါးရိုး စသည့်တို့၏ ကိုင်နည်းအတတ် ဤပြဆိုခဲ့ပြီးသော အတတ်များကား- သူတပါးကို သတ်ဖြတ်ညှဉ်းဆဲရာ စစ်တိုက်သည့်အခါ, ရန်ဖြစ်သည့်အခါတို့၌ အသုံးပြုသော အတတ်များတည်း။ ထို့ပြင် ဝေဒင်ကျမ်း အဆိုအတိုင်း စီရင်အပ်သော သူ တပါးကိုသတ်ကြောင်း မန္တန်ကို အထဗ္ဗန မန္တန်ဟု ခေါ်၏။ ရန်သူကို သေအောင် သစ်သားနှစ်တံစို့ကို မန်း မှုတ်၍ မြေ၌စိုက်ရသော မန္တန်မျိုးကို ခိလနမန္တန်ဟု ခေါ်ရ၏။မိမိအလိုသို့လိုက်ပါအောင်ပြုတတ်သောလက်ဖွဲ့ ဗိယဆေးစသည်ကို စီရင်သောမန္တန်သည်ဝသီကရဏ မန္တာန်မည်၏။ ရန်သူ၏ အသွေးအသား ခန်းခြောက် သွားအောင်, သေအောင်ပြုသော မန္တန်သည် သော သာပန မန္တန်မည်၏။ ဤအတတ်များနှင့် ဂဒ္ဒပ္ပဟောဂ သူတပါးကို အဆိပ်ခပ်၍ သတ်ရန်စီရင်သော အတတ် များကို တိရစ္ဆာနဝိဇ္ဇာဟု ခေါ်၏။ သူတပါးကို နှိပ်စက် ကြောင်း မဟုတ်သော အကျိုးရှိသည့် အတတ်မှန်လျှင် ပါဠိ, မြန်မာ, အင်္ဂလိပ်, ဟိန္ဒီ, သက္ကတ စသည်တို့တွင်

မည်သည့် ဘာသာမဆို သင်ကောင်း တတ်ကောင်း သည်သာ။

**စဋ္ဌဉ္ဂိကဘာဝ**- အစတ္တာပိဒေါသေန စတ္တာကရိယ တေတိ စတ္တိကတာ ဒေါသကကြမ်းတမ်းအောင်ပြုအပ်၏ ဟူလို၊ ဒေါသဖြစ်နေခြင်း, စိတ်ဆိုးခြင်းပင်တည်း။

**ကုလမဏ္ဍနိဒ္ဒိ**-ကုလေ မဏ္ဍရော ကုလမဏ္ဍရော၊ ကုလ မဏ္ဍရောဝေါသာ အဘ္ဓိတိ ကုလမဏ္ဍရော၊ကုလံမဏ္ဍရာ ယတိတိ ကုလမဏ္ဍရိန္ဒ် ဝန်တိုစိတ် ရှိရုံမျှဖြင့် အာပတ် မသင့်သေး၊ ဘိက္ခုနီမတို့ မသွားခြင်အောင် သို့မဟုတ် ဘိက္ခုနီမတို့အား မလှူချင်အောင် ပြောဆိုမှသာ အာပတ် သင့်သည်။

**ဘိက္ခုနီပဝါရဏာ**- ပဝါရဏာပြုရာ၌ ဘိက္ခုမှာ ဘိက္ခုအချင်းချင်းသာပြုခြင်းဖြင့်ပြီး၏။ဘိက္ခုနီမှာဘိက္ခုနီ သံဃာထံ၌ တကြိမ် ဘိက္ခုသံဃာထံ၌ တကြိမ် အား ဖြင့် နှစ်ကြိမ် ပဝါရဏာပြုရ၏။

**ယာန**-ယခုခေတ်မီးရထား,မော်တော်ကားများကား- ဆိုင်ရာ စ ဂ တို့ဖြင့် သွားလာနေရကား- မည်သည့် လူ, နွား, မြင်းကိုမျှ နှိပ်စက်ညှဉ်းပန်းရာ မရောက်သဖြင့် စီးကောင်းသည်ဟု ဆိုရပေမည်။ မြင်းလှည်း, ဆိုက်

ကွာ်း, ထမ်းစင်များကို ယာနအရ ယူရမည်ဖြစ်၍ မစီး ကောင်း။

ဇာဋ္ဌလက်ခရ- မိန်းမတို့ ဝတ်ဆင်သော လက်ကောက်, လက်စွပ်,ခြေကျင်း, လက်ပတ်နာရီ စသည်တို့ကို ဇာဋ္ဌလက်ခရဟုခေါ်၏။

နောက်ဆက်တွဲ ပြီး၏။

ဝိနယညာဏ်ရောင် ပြီး၏။

# နိဂုံးဗဏ္ဏနာ

သိဒ္ဓိတ္ထု ဘော ဝိနယဿ,
ဉာဏာလောကော မနောမယ၊
မဏိ သန္နိ ဘော သောတူဟိ,
ဇယေသီဟိ သု ပဏ္ဍိ တော။

ဘော=စာပွဲသဘင် အမြဲယင်၍ ပြုသွင့်နေပျော် အဓိ-အဆွေတော်တို့....။မနောမယ မဏိသန္နိ ဘောဘဝင် သွေး၌ အတွေးကြည်သမို ဇေးရည်လျှံစီး ကြံတိုင်းပြီးဟု အံ့ချီး နှစ်နော စဉ်သဘောဖြင့် မနောမယ တောက်ပ ရောင်ကြွား ပဒ္မာမြားမျက်ရှင်သဖွယ် ဖြစ်သော။ ဇယေ သီဟိ=စာသဘင် အောင်ပန်း ခေါင်တန်းက , ကို-ဆင်မြန်း လိုက်နှံ့သော။ သောတူဟိ=စာပေ ချစ်ခင် စာသစ်မင်သည့် စာသင်ဆွေတို့သည်။ သုပဏ္ဍိတော= မျှော်ဒါ ကြာပေါ့ ပေါ်လာ ပါတော့ သွာငွေ ကြော့ဖြင့် တမော့မော့မှန်း တနော့နော့ စမ်းသျှက် ကမ်းလှမ်း မပြောင့်ကြွ တောင့်တ၍ နေသော။ ဝိနယဿ ဉာဏာ လောကော=သောတုတွေမှာ သိဉာဏ် ဖြာတို့ စံကွာ သျှောင်ပန်း ဝိနယ ဥဒါန်းချောင်းကျမ်း သည်။ သိဒ္ဓိတ္ထု= ဝန်းကျင်ပတ်ကုံး ကမွတ် ဖုံးလို့ နိဂုံး သတ်လိုက်ပါပြီ တကား။

ကေ-သေ ယုဝါ ယုဝတိ-ခ
သ -ဉ်ရိ ယ ဇယေ သ - မ္ဘာ
ရ- မံ သ- လင်္ဂ ္ဂ - စရိ
မောဇ္ဇာ - ထမ္ဘ န မာ ဒိ-ယ

ဣရုခ—ဂုဏ်ရည်ဘမ်းပြ အဆန်းကြွသော ဤလောက ကြီး၌။ ယုဝါ ယုဝတိ-သားရေလွန်းပို မောင်လုပျိုနှင့် နကိုယ်ယည်နု ပျိုမေ ဘာစုတို့သည်။ ကေသေ—ပဒုန်း ရောင်သွင် ဥသျှောင်မင်တို့ကို။ မောဇ္ဇာ—မှုချင့် စဘွယ် မှုသင့်ခြယ်သမှု နုတင့်တယ်လောက်လှပသောအမောက် ကို။ သန်ဒိယ—ဗုဒ္ဓလွင်လွင် နုနှယည်ယည်ဖြင့် ပြုပြင် ကြကုန်ပြီးကာ။ရမံ-ရမနေ္တာ- ဝေလဲ့ဘာသာမွှေတာဖြင့် သဘာပွဲတော် နှဲ့ပျော်ကြကုန်၍။အစရိ—အစရိ သုရာ- အကြောင်းညီတုံ လှည့်လည်ကုန်သကဲ့သို့။ဒံ-ဤအတူ။ ဇယေ—အောင်သင့် အောင်ထိုက် အောင်တံခွန်ဒိုက်၍ အောင်မကိုင်ရ အောင်အလံ အောင်မောင်းသံတွေ ညံပြီး အောင်စည်ကိုတီးသို့ အောင်ထီးတွေရံ အော င်ပလ္လင်ပျံ ဝယ် အောင်မြင်ရန် ဆင်နွဲ့ အောင်သဘင်ပွဲ၌။ ယုဝါ ယုဝတိ—စာ့ပေနှစ်လို ရပ်ဟန်းပျိုနှင့် နကိုယ်ယည်နု ~~သိုး~~ ရှင် ပျိုတစုတို့သည်။ အဿ - ဝိနယ ဉာဏ် ရောင်, မြန်ဘောင်ကွန်းလစ် ဤကျမ်းသစ်၏။, သမ္မုနှံ့-မေးပုံ ဖြေပုံ အစုံစုံဖြင့် တဂုဏ်မြောက်ကြောင်းအထောက်အပံ့ ကောင်းကို။ သမ္ဘာအဒေိယ - ကြည့်တလှည့် ရှုတခ

လှေ့လာနမှု ကောင်းစွာယူ၍။ လည်ဆွဲ့ မောင်ကြိုး-ခြေတို့ ရည်မှန်း အထက်တန်းမှ အောင်ပန်း ဒိုက်ဆောက် ပွဲတံဆိပ် ဟူသော အားမောက်ကို။ သန်ဒီယ-ငယ်ကျော် လယ်ကျော် ကြီးတန်းကျော် ဟု အကျော် သုံးရပ်ဖြင့် ဦးတပ်ဆင်ပြင်၍။ ရမံ-ရမနေ္တာ - မင်းပွဲ-ဒိုးပွဲ-ရပ်ရွာ ပွဲဟု ပြင်ပွဲကုန်စင် ပွဲသဘင်၌ ဂုဏ်ထင် သရှိနော် မွေ့ပျော်ကြကုန်သျက်။ ဓမ္မရနည်း-မျက်နှာသား ပွင့်ပွင့် ဖက်သား မြင့်မြင့်နှင့် ဝင့်ကာဝင့်ကာ လှည့်လည်နိုင်ကြ ပါစေသော်။

ဆုတောင်းစာဆပ်

ကျမ်းဆွေစာ ပြုရလို့၊ ကုသလတိုးတန်၊ လူ့ဘဝ ကျိုးလျော်တယ်၊ တန်ခိုးဉာဏ်သိမ်ဖွံ့။

ဇာတ်မြင့်လို့ ရုပ်ပါထယ်တယ်၊ ဉာဏ်ရွှန်းယ် ငွေးကြွယ် လိုည့်နှံ့။

အသံကြည်းလျှံသနားစေ၊ မျက်ဟန်နေ မွန်မွန်း။

စက်သံသေနိုင်အနှိုးမို့၊ လှန့်အလှုန့် သုဘန်။

မြတ်ဉာဏ်ရှင် ရောင်တ်ထားရယ်နှံ့၊ ဗျာဒိတ်ခြွား အောင်ဘိသိက်ခံ။

ရှင်သုမေ့ နှမိတ်သံလို၊ မိဋ္ဌာန်တော် ရည်ရုံးမို့၊ ကြည်နူးလို့ ဘပျော်ပျော်၊ မျိုးသင်္ကေမော်။

သုံးလောကအလိုက်လျော်တယ်၊ မင်္ဂုတော်ထွန်းဖူး ဖျာလေး....။

အရှင်ကောသလမောဦး

# ဉာဏ်ရောင်အရှင်၏ ကျမ်းစာများ

## မကြာမီ ထွက်ပေါ်လာတော့မည်

---

| | |
|---|---|
| အဘိဓမ္မာ ဉာဏ်ရောင်ကျမ်း | ရိုက်ပြီး |
| သဒ္ဒါ ဉာဏ်ရောင်ကျမ်း | ။ |
| ဝိနယ ဉာဏ်ရောင်ကျမ်း | ။ |
| ပုစ္ဆာအဖြေပေါင်းချုပ် | ။ |
| ယမက ဉာဏ်ရောင်ကျမ်း | ရိုက်ဆဲ |
| မာတိကာ ဓာတုကထာဉာဏ်ရောင်ကျမ်း | ။ |
| ပဋ္ဌာန ဉာဏ်ရောင်ကျမ်း | ။ |
| ဆန်းအလင်္ကာ ဉာဏ်ရောင်ကျမ်း | ။ |


အောက်ပါဆိုင်များတွင် စုံစမ်းပါ

**ပြည်ကြီးမဏ္ဍိုင် ကိုယ်စားလည်**

ဆရာထွန်း-ဒေါ်နှင်းဘူး-သမီး၊မခင်ပု

အမှတ်–၆၅၊ ရွှေတိဂုံဘုရားကြီးဈေးတော်ရုံ၊ ရန်ကုန်မြို့။

---

ဆဋ္ဌ-သံဂါယနာမှု

**ပိဋကတ်တော်များ ကိုယ်စားလည်**

**ပညာရောင်ခြည် စာပေဌာန**

မခင်ပု-မခင်နု

ကိုးထပ်ကြီးဘုရား၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။